# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန



# မြန်မာနိုင်ငံ

# အဆောက်အအုံဆိုင်ရာ

# စံချိန်စံညွှန်း

# လမ်းညွှန်ချက်များ

၂၀၂၅

## အပိုင်း ၂ - ဗိသုကာနှင့် မြို့ပြပုံစံထုတ်ခြင်း

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ဆောက်လုပ်ရေးဝန်ကြီးဌာန

# မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ

# စံချိန်စံညွှန်းလမ်းညွှန်ချက်များ

# ၂၀၂၅

## အပိုင်း ၂ - ဗိသုကာနှင့် မြို့ပြပုံစံထုတ်ခြင်း

၂၀၂၅ ခုနှစ် ၊ ဇွန်လ

# ဆောက်လုပ်ရေးဝန်ကြီးဌာန

## အမှာစာ

၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုအများအပြားဖြစ်ပေါ်ခဲ့သဖြင့် ခိုင်ခန့်သော အဆောက်အအုံများတည်ဆောက်နိုင်ရေး Building Code လိုအပ်လာသည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် UN-Habitat ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံဗိသုကာအသင်း၊ ဆက်နွယ်သည့်ဝန်ကြီးဌာနများ၊ နည်းပညာတက္ကသိုလ်များနှင့် အစိုးရအဖွဲ့အစည်းများ ပူးပေါင်းပါဝင်သည့် Technical Working Groups များဖွဲ့စည်း၍ Myanmar National Building Code – 2012 (Provisional) (English Version) ကို ပြုစုခဲ့ပြီး အစိုးရဌာနများ၊ အဖွဲ့အစည်းများသို့ ဖြန့်ဝေခဲ့ပါသည်။

၂၀၁၆ ခုနှစ်တွင် အစိုးရဌာန၊ အဖွဲ့အစည်းများမှ ပေးပို့လာသည့် အကြံပြုချက်များ ထပ်မံပေါင်းစပ်ထည့်သွင်းပြုစုပြီး Myanmar National Building Code – 2016 (English Version) ကို တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်တွင် Technical Working Groups များမှ တိုးတက်ပြောင်းလဲလာသည့် နိုင်ငံတကာစံနှုန်းများနှင့်အညီ လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်ပြုစုခဲ့ရာ Myanmar National Building Code – 2020 (English Version) နှင့် မြန်မာဘာသာပြန် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ - ၂၀၂၀ တို့ကို ရည်ညွှန်းကိုးကားလိုက်နာရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်သည့်အဖွဲ့အစည်းများသို့ ပေးပို့ဖြန့်ဝေခဲ့ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ အထပ်မြင့်နှင့်အများပြည်သူသုံးအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့တို့သို့ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့မှစတင်၍ လိုက်နာဆောင်ရွက်စေရေး ထပ်ဆင့်ညွှန်ကြားပေးရန် အကြောင်းကြားခဲ့ပါသည်။

၂၀၂၄ ခုနှစ်တွင် ထပ်မံတိုးတက်လာသော နိုင်ငံတကာစံနှုန်းများနှင့်အညီ Myanmar National Building Code (Update Version) အဖြစ် ဖြည့်စွက်ထုတ်ပြန်နိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ အကောင်အထည်ဖော်ရေး ဦးစီးကော်မတီ၊ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊

ရေးဆွဲပြုစုရေးဆပ်ကော်မတီနှင့် Technical Working Groups (TWGs) အဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ကြပါသည်။ Myanmar National Building Code - 2025 အား ထုတ်ဝေနိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အခြားဆက်စပ်ဝန်ကြီးဌာန အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ အထပ်မြင့် နှင့် အများပြည်သူသုံး အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်နှင့် အသင်းချုပ်၏ခက်ဖြာအသင်းများ ဖြစ်ကြသည့် မြန်မာနိုင်ငံလျှင်ကော်မတီ၊ မြန်မာနိုင်ငံမြို့ပြအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ စက်မှုအင်ဂျင်နီယာအသင်း၊မြန်မာနိုင်ငံ ဂဟေအင်ဂျင်နီယာအသင်း၊ မြန်မာစိမ်းလန်းမှုဆိုင်ရာ အဆောက်အအုံအသင်း၊ မြန်မာအပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အတိုင်ပင်ခံအင်ဂျင်နီယာအသင်းတို့မှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက် ပေးခဲ့ကြပါသည်။

Myanmar National Building Code - 2025 ထုတ်ဝေရန် ပြင်ဆင်ဆဲကာလ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့သဖြင့် ငလျင်ဒဏ်ခံနိုင်သည့်အဆောက် အဦများ တည်ဆောက်နိုင်ရေး လိုအပ်သည့် ဖြည့်စွက်ပြင်ဆင်မှုများကို မြန်မာနိုင်ငံငလျင် ကော်မတီနှင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းများမှ ဆောင်ရွက်ခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ ယခုထုတ်ပြန်လိုက်သည့် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ - ၂၀၂၅ (Myanmar National Building Code – 2025) အား ပြည့်စုံ ကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့် ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံငလျင်ကော်မတီနှင့် ခက်ဖြာအသင်းများ၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းနှင့် အခြားကဏ္ဍပေါင်းစုံမှ အကြံပြု ကူညီဆောင်ရွက်ပေးခဲ့ကြသူများအား မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန

# မြန်မာနိုင်ငံ

# အဆောက်အအုံဆိုင်ရာ

# စံချိန်စံညွှန်း

# လမ်းညွှန်ချက်များ

# ၂၀၂၅

အပိုင်း ၂

ဗိသုကာနှင့် မြို့ပြပုံစံထုတ်ခြင်း

## အပိုင်း ၂

## ဗိသုကာနှင့် မြို့ပြပုံစံထုတ်ခြင်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| **၂.၁** | **အသုံးပြုမှုနှင့် အသုံးချနေရာအမျိုးအစားများ** | **၁-၁၇** |
| ၂.၁.၁ | အထွေထွေ | ၁ |
| ၂.၁.၂ | အသုံးပြုမှုနှင့်အသုံးချနေရာအမျိုးအစားဖြင့် အသုံးပြုခြင်းနှင့် အဆောက်အအုံများ အားလုံး၏ အမျိုးအစား ခွဲခြားခြင်း | ၂ |
| ၂.၁.၃ | လူအများစုဝေးခြင်းဆိုင်ရာ (အုပ်စု က) | ၃ |
| ၂.၁.၄ | လုပ်ငန်းများဆိုင်ရာ (အုပ်စု ခ) | ၅ |
| ၂.၁.၅ | ပညာရေးဆိုင်ရာ (အုပ်စု င) | ၅ |
| ၂.၁.၆ | စက်ရုံနှင့် စက်မှုလုပ်ငန်းများဆိုင်ရာ (အုပ်စု စ) (F) | ၆ |
| ၂.၁.၇ | အန္တရာယ်ရှိနိုင်သောလုပ်ငန်းများဆိုင်ရာ (အုပ်စု ဇ) (H) | ၈ |
| ၂.၁.၈ | အဖွဲ့အစည်းများဆိုင်ရာ (အုပ်စု ဈ) | ၈ |
| ၂.၁.၉ | ကုန်သွယ်မှုဆိုင်ရာ (အုပ်စု ဍ) | ၁၂ |
| ၂.၁.၁၀ | နေထိုင်မှုဆိုင်ရာ (အုပ်စု ဒ) | ၁၂ |
| ၂.၁.၁၁ | သိုလှောင်ခြင်းဆိုင်ရာ (အုပ်စု ဓ) (Group – S) | ၁၅ |
| ၂.၁.၁၂ | ဘက်စုံသုံးနှင့် အထွေထွေ (အုပ်စု ပ) (Group – U) | ၁၇ |
| **၂.၂** | **ဗိသုကာဆိုင်ရာလိုအပ်ချက်များနှင့် အသုံးချနေထိုင်မှုအပေါ် မူတည်၍ အသေးစိတ်အထူးလိုအပ်ချက်များ** | **၁၈-၃၇** |
| ၂.၂.၁ | ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာအဆောက်အအုံများ | ၁၈ |
| ၂.၂.၂ | နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာအဆောက်အအုံများ | ၂၀ |
| ၂.၂.၃ | ပညာရေးဆိုင်ရာအဆောက်အအုံများ | ၂၁ |
| ၂.၂.၄ | အမိုးမိုးထားသောဈေးဆိုင်တန်းနှင့် လဟာပြင်ဈေးဆိုင်တန်း အဆောက်အအုံများ | ၂၅ |
| ၂.၂.၅ | အထပ်မြင့်အဆောက်အအုံများ | ၃၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂.၂.၆ | မိုးလုံလေလုံဗဟိုဟင်းလင်းအဆောက်အအုံများ (Atriums) | ၃၅ |
| ၂.၂.၇ | အထူးဖျော်ဖြေမှုဆိုင်ရာအဆောက်အအုံများ | ၃၇ |
| **၂.၃** | **ဧရိယာနှင့်အမြင့်သတ်မှတ်ချက်** | **၃၉-၅၁** |
| ၂.၃.၁ | အဓိပ္ပါယ်ဖွင့်ဆိုချက်များ | ၃၉ |
| ၂.၃.၂ | ဧရိယာနှင့်အမြင့်ကန့်သတ်ချက်များ | ၄၀ |
| ၂.၃.၃ | ခွင့်ပြုနိုင်သောကြမ်းခင်းဧရိယာ | ၄၃ |
| ၂.၃.၄ | အဆောက်အအုံ၏အများဆုံးအမြင့်သတ်မှတ်ချက် | ၄၃ |
| ၂.၃.၅ | ရောနှောအသုံးချမှုနှင့် နေထိုင်မှု | ၅၀ |
| ၂.၃.၆ | ကုန်တင်ကုန်ချနေရာများ | ၅၀ |
| ၂.၃.၇ | အထပ်မြင့်အဆောက်အအုံများရှိ ဟင်းလင်းဖွင့်ကပြင် (Sky Terrace) အမြင့် သတ်မှတ်ချက် | ၅၁ |
| **၂.၄** | **အထူးအဆောက်အအုံနှင့် တည်ဆောက်ပုံ** | **၅၅-၈၉** |
| ၂.၄.၁ | အထွေထွေ | ၅၅ |
| ၂.၄.၂ | အလွှာပါးတည်ဆောက်မှုများ | ၅၅ |
| ၂.၄.၃ | ယာယီအဆောက်အအုံများ | ၅၉ |
| ၂.၄.၄ | လူသွားလမ်းများ (သို့မဟုတ်) ဥမင်လှိုဏ်ခေါင်းများ | ၆၀ |
| ၂.၄.၅ | နေကာများနှင့် ပေါင်းမိုးများ | ၆၃ |
| ၂.၄.၆ | အမိုးပါသည့် ဝင်ပေါက်များ | ၆၅ |
| ၂.၄.၇ | ဆိုင်းဘုတ်များ | ၆၆ |
| ၂.၄.၈ | ဆက်သွယ်ရေးနှင့် အသံလွှင့်တာဝါတိုင်များ | ၈၆ |
| ၂.၄.၉ | ရေကူးကန်အဝန်းအဝိုင်းများ | ၈၆ |
| ၂.၄.၁၀ | အလိုအလျောက်ရွှေ့လျားသည့်ဂိတ်တံခါးများ | ၈၉ |
| **၂.၅** | **အတွင်းပိုင်းပတ်ဝန်းကျင်** | **၉၀-၁၀၃** |
| ၂.၅.၁ | နယ်ပယ် | ၉၀ |
| ၂.၅.၂ | အထွေထွေ | ၉၀ |
| ၂.၅.၃ | လေဝင်လေထွက် | ၉၁ |
| ၂.၅.၄ | အလင်းရောင် | ၉၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂.၅.၅ | အဆောက်အအုံအတွင်းရှိ အမိုးမပါသောနေရာလပ် | ၉၄ |
| ၂.၅.၆ | အတွင်းပိုင်းနေရာများ | ၉၅ |
| ၂.၅.၇ | လှေကားများ၊ လှေကားထစ်များ၊ ဆင်ခြေလျှောလမ်းများ၊ ခါတ်လှေကားများ | ၉၈ |
| ၂.၅.၈ | အဆောက်အဦအတွင်းရှိ စက်မှုနည်းပညာဖြင့် ပြုလုပ်ထားသည့် အထက်နှင့် အောက်သယ်ယူပို့ဆောင်ရေး | ၁၀၂ |
| ၂.၅.၉ | လူအများအသုံးချနေထိုင်ခြင်းမရှိသည့် နေရာများသို့ ဝင်ထွက်နိုင်သည့်ဝင်လမ်း | ၁၀၃ |
| ၂.၅.၁၀ | ပတ်ဝန်းကျင်ရှိ အရာဝတ္ထုပစ္စည်းများ | ၁၀၃ |
| **၂.၆** | **လွတ်မြောက်ရာလမ်းကြောင်း (ထွက်ပေါက်)** | **၁၀၄-၁၃၁** |
| ၂.၆.၁ | လွတ်မြောက်ရာလမ်းကြောင်းစနစ် (ထွက်ပေါက်စနစ်) | ၁၀၄ |
| ၂.၆.၂ | လွတ်မြောက်ရာလမ်းကြောင်း (ထွက်ပေါက်)အတွက် အထွေထွေလိုအပ်ချက်များ | ၁၀၅ |
| ၂.၆.၃ | နေထိုင်/အသုံးပြုသူဦးရေ | ၁၀၆ |
| ၂.၆.၄ | ထွက်ပေါက်လမ်း | ၁၁၀ |
| ၂.၆.၅ | ထွက်ပေါက်နှင့် ထွက်ပေါက်လမ်းကြောင်းတံခါးများ | ၁၁၀ |
| ၂.၆.၆ | အထပ်အလိုက် ထွက်ပေါက်လှေကား (သို့မဟုတ်) ထွက်ပေါက် အရေအတွက် | ၁၁၂ |
| ၂.၆.၇ | ထွက်ပေါက်လမ်း ခရီးအကွာအဝေး | ၁၁၄ |
| ၂.၆.၈ | လွတ်မြောက်ရာလမ်းကြောင်း (ထွက်ပေါက်) အကျယ် | ၁၁၇ |
| ၂.၆.၉ | ထွက်ပေါက်လှေကားများ | ၁၁၉ |
| ၂.၆.၁၀ | နောက်ဆုံးလွတ်မြောက်ရာထွက်ပေါက် | ၁၂၄ |
| ၂.၆.၁၁ | ထွက်ပေါက်လမ်းကြောင်း | ၁၂၅ |
| ၂.၆.၁၂ | ထွက်ပေါက်တံခါးများ | ၁၂၇ |
| ၂.၆.၁၃ | လွတ်မြောက်ရာလမ်းကြောင်း (ထွက်ပေါက်) မီးအလင်းပေးမှု | ၁၂၈ |
| ၂.၆.၁၄ | မသန်စွမ်းများအတွက် လွတ်မြောက်ရာလမ်းကြောင်း | ၁၂၉ |
| ၂.၆.၁၅ | ထွက်ပေါက်လှေကားတစ်လျှောက် မီးခိုးလွတ်ချဉ်းကပ်လမ်း | ၁၂၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂.၆.၁၆ | ထွက်ပေါက်သင်္ကေတ | ၁၃၀ |
| ၂.၆.၁၇ | အရေးပေါ်လွတ်မြောက်/ ခိုလှုံဧရိယာ | ၁၃၀ |
| ၂.၆.၁၈ | အထူးလိုအပ်ချက်များ | ၁၃၀ |
| **၂.၇** | **မသန်စွမ်းများအတွက် ချဉ်းကပ်နည်းလမ်းများ** | **၁၃၁-၁၄၉** |
| ၂.၇.၁ | နယ်ပယ် | ၁၃၁ |
| ၂.၇.၂ | အသုံးအနှုန်းများအတွက်အဓိပ္ပါယ်ဖွင့်ဆိုချက်များ | ၁၃၁ |
| ၂.၇.၃ | နယ်ပယ်ဆိုင်ရာလိုအပ်ချက်များ | ၁၃၄ |
| ၂.၇.၄ | အနည်းဆုံးလိုအပ်ချက်များ | ၁၃၇ |
| **၂.၈** | **အပြင်နံရံများ** | **၁၅၀-၁၅၇** |
| ၂.၈.၁ | နယ်ပယ် | ၁၅၀ |
| ၂.၈.၂ | အဓိပ္ပာယ်ဖွင့်ဆိုချက်များ | ၁၅၀ |
| ၂.၈.၃ | လုပ်ငန်းဆောင်ရွက်မှုလိုအပ်ချက်များ | ၁၅၂ |
| ၂.၈.၄ | လုပ်ငန်းသုံးပစ္စည်းများ | ၁၅၃ |
| ၂.၈.၅ | အုတ်ဖြင့် ဆောက်လုပ်ထားသည့် အစွန်းများ | ၁၅၅ |
| ၂.၈.၆ | နံရံတစ်နေရာတွင် ချိုင့်ဝင်၍ပြုလုပ်ထားသည့် တစ်ဖက်ပွင့်နေရာ | ၁၅၅ |
| ၂.၈.၇ | နံရံအကာများတပ်ဆင်ခြင်း | ၁၅၆ |
| ၂.၈.၈ | အပြင်တံခါးများနှင့် ပြတင်းပေါက်များ | ၁၅၆ |
| ၂.၈.၉ | လသာဆောင်များ၊ အလားတူအစွန်းများနှင့် ဆောင်ထုတ်ပြတင်းများ | ၁၅၇ |
| ၂.၈.၁၀ | သတ္တုဓါတ်ပေါင်းပစ္စည်းများ (MCM) | ၁၅၇ |
| **၂.၉** | **အမိုးဆောက်လုပ်ခြင်း၊ အမိုးမိုးခြင်းနှင့် အမိုးနှင့်ဆက်စပ်နေသည့် အဆောက်အအုံများ** | **၁၅၈-၁၇၀** |
| ၂.၉.၁ | အထွေထွေ | ၁၅၈ |
| ၂.၉.၂ | အမိုးမိုးခြင်း | ၁၆၁ |
| ၂.၉.၃ | အမိုးဒိုင်းများ | ၁၆၁ |
| ၂.၉.၄ | အမိုးနှင့်ဆက်စပ်သည့် ရေဆင်းမြောင်းစနစ် | ၁၆၃ |
| ၂.၉.၅ | အိမ်မိုးနှင့် နံရံအဆက်ကို လုံအောင်ဖုံးထားသည့် သတ္တုပြား | ၁၆၃ |
| ၂.၉.၆ | ခေါင်မိုးရှိ အလင်းဝင်ပေါက်များ | ၁၆၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂.၉.၇ | အမိုးပေါ်ရှိလူအသုံးမပြုသောနေရာနှင့် အမိုးနှင့်ဆက်စပ်သည့် အဆောက်အအုံများ | ၁၆၅ |
| ၂.၉.၈ | မီးခိုးခေါင်းတိုင်များ | ၁၆၆ |
| **၂.၁၀** | **ရှေးဟောင်းသမိုင်းဝင်အမွေအနှစ် အဆောက်အအုံများအတွက် လမ်းညွှန်ချက်များ** | **၁၇၁-၂၀၈** |
| ၂.၁၀.၁ | စီမံအုပ်ချုပ်ခြင်း | ၁၇၁ |
| ၂.၁၀.၂ | အဓိပ္ပါယ်ဖွင့်ဆိုချက်များ | ၁၇၇ |
| ၂.၁၀.၃ | အသုံးချနေထိုင်မှု | ၁၈၄ |
| ၂.၁၀.၄ | မီးဘေးကာကွယ်ခြင်း | ၁၈၅ |
| ၂.၁၀.၅ | တည်ဆောက်မှုဆိုင်ရာစည်းမျဉ်းများ | ၁၈၈ |
| ၂.၁၀.၆ | ရှေးဟောင်းလုပ်ငန်းသုံး ပစ္စည်းများနှင့် တည်ဆောက်ပုံနည်းလမ်းများ | ၁၉၄ |
| ၂.၁၀.၇ | စက်မှုဆိုင်ရာ၊ ရေမိလ္လာဆိုင်ရာနှင့် လျှပ်စစ်ဆိုင်ရာ လိုအပ်ချက်များ | ၂၀၅ |
| ၂.၁၀.၈ | သတ်မှတ်အရည်အချင်းပြည့်မီသည့် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ် ဒေသများ၊ နေရာများနှင့် အများပြည်သူသုံး ဟင်းလင်းပြင်မြေကွက်လပ်များ | ၂၀၅ |
| ၂.၁၀.၉ | ထိန်းသိမ်းစောင့်ရှောက်မှုစီမံခန့်ခွဲရေးအစီအစဉ်နှင့်ရှေးဟောင်း သမိုင်းဝင်အမွေအနှစ်ထိခိုက်မှု အကဲဖြတ်ချက် | ၂၀၇ |
| **၂.၁၁** | **မြို့ပြဒီဇိုင်းနှင့်ပတ်ဝန်းကျင်** | **၂၀၉-၂၄၀** |
| ၂.၁၁.၁ | မြို့ပြဒီဇိုင်းနှင့်အပြင်ဘက်နေရာများ | ၂၀၉ |
| ၂.၁၁.၂ | ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ | ၂၁၉ |
| ၂.၁၁.၃ | မြို့ပြသိပ်သည်းမှုများ | ၂၂၀ |
| ၂.၁၁.၄ | ဟင်းလင်းပြင်နေရာများ (Open Spaces) | ၂၂၁ |
| ၂.၁၁.၅ | အဆောက်အအုံတစ်ခုနှင့်တစ်ခုကြားအကွာအဝေး | ၂၂၃ |
| ၂.၁၁.၆ | လမ်းမများနှင့် ယာဉ်ရပ်နားရန်နေရာများ | ၂၂၇ |
| ၂.၁၁.၇ | အပန်းဖြေနားနေရန်ဧရိယာ | ၂၄၀ |
| **၂.၁၂** | **စိမ်းလန်းမှုဆိုင်ရာ အဆောက်အအုံ** | **၂၄၀-၂၆၂** |
| ၂.၁၂.၁ | နိဒါန်း | ၂၄၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂.၁၂.၂ | မြန်မာနိုင်ငံစိမ်းလန်းမှုဆိုင်ရာအဆောက်အအုံများအတွက် စံသတ်မှတ်ချက်များ | ၂၄၂ |
| ၂.၁၂.၃ | ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ရေး စံချိန်စံညွှန်း | ၂၅၂ |
| ၂.၁၂.၄ | စိမ်းလန်းမှုဆိုင်ရာအဆောက်အအုံများအတွက် အဆင့်သတ်မှတ်မှုစနစ် | ၂၅၉ |
| ၂.၁၂.၅ | အကဲဖြတ်ပုံနည်းလမ်း | ၂၆၀ |
| ၂.၁၂.၆ | အကောင်အထည်ဖော်ရန်သီးခြားဖော်ပြချက် (Clauses of implementation) | ၂၆၁ |

# အပိုင်း ၂

# ဗိသုကာနှင့် မြို့ပြပုံစံထုတ်ခြင်း

## ၂.၁ အသုံးပြုမှုနှင့် အသုံးချနေရာအမျိုးအစားများ

### ၂.၁.၁ အထွေထွေ

#### ၂.၁.၁.၁ နယ်ပယ်

ဤအခန်း၏ ပြဋ္ဌာန်းချက်နယ်ပယ်များသည် အသုံးပြုမှုနှင့် အသုံးချနေရာ အမျိုးအစားများ၊ အသုံးပြုမှုတို့နှင့်စပ်လျဉ်း၍ အဆောက်အအုံများနှင့် တည်ဆောက်ပုံ အမျိုးအစားတို့ကို ထိန်းချုပ်ရမည်။ ထို့ပြင် ဤအခန်းသည် ဗိသုကာပုံစံနှင့်ဆက်နွယ်သော စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များပါဝင်သည်။

#### ၂.၁.၁.၂ အခြားစည်းကမ်းချက်များနှင့်အညီ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

##### ၂.၁.၁.၂.၁ ယေဘုယျကျသော ဗိသုကာပုံစံလုပ်ငန်းစဉ်

အဆောက်အအုံပုံစံများအားလုံးသည် ပုံစံထုတ်လုပ်သည့်လုပ်ငန်းစဉ်တွင် ပါရှိပြီးဖြစ်သော အဆောက်အအုံလုံခြုံရေး၊ တည်ဆောက်မည့် အင်ဂျင်နီယာလုပ်ငန်း၊ အဆောက်အအုံ ဆိုင်ရာအထောက်အကူပြုစနစ်များ စသောလိုအပ်ချက်များနှင့် အမြင်သဘောအပေါ် အခြေတည်သော ဒီဇိုင်းပုံစံအဆင့်ဆင့်တွင် သက်ဆိုင်သည့် အမျိုးမျိုးသော စည်းကမ်းချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားရမည်။

##### ၂.၁.၁.၂.၂ အထပ်မြင့်အဆောက်အအုံများ၏ပုံစံ

ကနဦးဗိသုကာပုံစံထုတ်သည့် လုပ်ငန်းစဉ်တွင် သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ခွဲဝေသတ်မှတ်ပြီး ပူးပေါင်းဆောင်ရွက်သင့်သော စက်မှုနှင့်လျှပ်စစ်ဆိုင်ရာ အစိတ်အပိုင်းများဖြစ်သည့် မီးအားမြှင့်စက်ခန်းများ၊ လျှပ်စစ်မီတာဘောက်စ်များ၊ မြေအောက်ကန်များ၊ စွန့်ပစ်ပစ္စည်းများအားအလိုရှိသလို အသုံးပြုနိုင်သောစနစ်များ၊ ဒေါင်လိုက်နှင့် ရေပြင်ညီ အခန်းငယ် (Shafts) စသည်တို့အတွက် နေရာများထားပေးရမည်။ ဤဖော်ပြချက်အားလုံးသည် ဤလမ်းညွှန်ချက်၏ သက်ဆိုင်ရာအခန်းတိုင်းနှင့် ကိုက်ညီရမည်။ ဥပမာအားဖြင့် လိုအပ်သော ဖော်ပြချက်များသည် အပိုင်း ၅ အဆောက်အအုံဝန်ဆောင်မှုများနှင့် ကိုက်ညီရမည်။

## ၂.၁.၂ အသုံးပြုမှုနှင့် အသုံးချနေရာအမျိုးအစားဖြင့် အသုံးပြုခြင်းနှင့် အဆောက်အအုံများအားလုံး၏ အမျိုးအစားခွဲခြားခြင်း

### ၂.၁.၂.၁ အထွေထွေ

ဤအပိုင်းသည် တည်ဆောက်ပုံများနှင့် အဆောက်အအုံများအားလုံး၏ အမျိုးအစားခွဲခြားခြင်းအား ထိန်းချုပ်ရန် ပြဋ္ဌာန်းချက်များဖြစ်သော ဤအခန်း၏ နယ်ပယ်နှင့် အသုံးပြုမှုနှင့် အသုံးချနေရာအမျိုးအစားများဟု အဓိပ္ပါယ်ဖွင့်ဆိုနိုင်သည်။ တည်ဆောက်မှုအပိုင်းများနှင့် တည်ဆောက်ပုံတို့ကို အောက်ဖော်ပြပါအုပ်စုတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အုပ်စုများတွင် အသုံးပြုမှုနှင့်စပ်လျဉ်း၍ အမျိုးအစားခွဲခြားနိုင်သည်။ ရည်ရွယ်ချက် ကွဲပြားခြားနားမှုအတွက် မတူညီသောအချိန်၌ လုပ်ကိုင်ရန် ရည်ရွယ်သောနေရာ သို့မဟုတ် အခန်းသည် အသုံးပြုမည့်အခန်းနှင့် နေရာအတွက် ရည်ရွယ်ချက်တစ်ရပ်စီနှင့် သက်ဆိုင်သော လိုအပ်ချက်များအားလုံးကို လိုက်နာရမည်။ နေထိုင်မှု သို့မဟုတ် အသုံးပြုမှုအဆင့်ဆင့် အလျောက်တည်ဆောက်ပုံများသည် အခန်း ၂.၃ အဆောက်အအုံ၏ ဧရိယာနှင့် အမြင့်သတ်မှတ်ချက်တို့နှင့် ကိုက်ညီရမည်။ ဤလမ်းညွှန်ချက်တွင် သီးသန့်ဖော်ပြထားခြင်းမရှိသော ရည်ရွယ်ချက်တစ်ရပ်အတွက် တည်ဆောက်မှုတစ်ခုကို အဆိုပြုလာသည့်အခါ ထိုတည်ဆောက်မှုကို မီးဘေးအန္တရာယ်လုံခြုံရေးနှင့် ပါဝင်ပတ်သက်သော ဘေးအန္တရာယ်အလို့ငှါ ဖြစ်နိုင်ခြေအများဆုံး နေထိုင်မှုဖြစ်သည့်အုပ်စုတွင် ထည့်သွင်းဖော်ပြရမည်။

တည်ဆောက်မှု၏အပိုင်းနှင့် တည်ဆောက်ပုံများကို အမျိုးအစားခွဲခြားသည့်အုပ်စု ၁၀ အုပ်စုမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) အုပ်စု က - လူအများစုဝေးခြင်းဆိုင်ရာ

(ခ) အုပ်စု ခ - လုပ်ငန်းများဆိုင်ရာ

(ဂ) အုပ်စု င - ပညာရေးဆိုင်ရာ

(ဃ) အုပ်စု စ - စက်ရုံနှင့်စက်မှုလုပ်ငန်းများဆိုင်ရာ

(င) အုပ်စု ဇ - အန္တရာယ်ရှိနိုင်သောလုပ်ငန်းများဆိုင်ရာ

(စ) အုပ်စု ဈ - အဖွဲ့အစည်းများဆိုင်ရာ

(ဆ) အုပ်စု ဥ - ကုန်သွယ်မှုဆိုင်ရာ

(ဇ) အုပ်စု ဒ - နေထိုင်မှုဆိုင်ရာ

(ဈ) အုပ်စု ဓ - သိုလှောင်ခြင်းဆိုင်ရာ

(ည) အုပ်စု ပ - ဘက်စုံသုံးနှင့် အထွေထွေ

မှတ်ချက်။ လိုအပ်ပါက မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ (၂၀၂၀)၊ အခန်း ၁၊ ဇယား ၁.၄ မှ ကိုးကား ရယူရမည်ဖြစ်ပါသည်။

## ၂.၁.၃ လူအများစုဝေးခြင်းဆိုင်ရာ (အုပ်စု က)

### ၂.၁.၃.၁ အထွေထွေ

လူအများစုဝေးနေထိုင်မှုတွင် သယ်ယူပို့ဆောင်ရေးအတွက် စောင့်ဆိုင်းခြင်း၊ အစားအစာ သို့မဟုတ် သောက်သုံးရေ၊ ပညာရေး သို့မဟုတ် သင်ကြားပို့ချမှု၊ ဖျော်ဖြေမှု၊ အပန်းဖြေမှု၊ လူမှုရေး သို့မဟုတ် ဘာသာရေးလုပ်ငန်းများ၊ ပြည်သူများစုဝေးခြင်းအတွက် အဆောက်အအုံ သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံအပိုင်းများ သို့မဟုတ် အဆောက်အအုံ အသုံးပြုမှုများ စသည်တို့ပါဝင်သည်။ လူအများစုဝေးနေထိုင်မှုများသည် အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏အစိတ်အပိုင်း သို့မဟုတ် စုဝေးရန်အတွက် ရည်ရွယ်၍ ၅၀၀ စတုရန်းပေထက်ပိုပြီးနှင့်/သို့မဟုတ် လူ ၅၀ ထက်ပိုမိုနေထိုင်ရန် ဝင်ဆံ့သော သို့မဟုတ် ငှါးရမ်းထားသော (Tenant space) နေရာလည်းပါဝင်သည်။ ထိုသို့မဟုတ်ပါက အုပ်စု(ခ) (B) ၏ အသုံးပြုမှု သို့မဟုတ် အခြားအသုံးပြုမှု၏ တစိတ်တပိုင်းကဲ့သို့ပင် အမျိုးအစားခွဲခြားဖော်ပြနိုင်သည်။

ခြွင်းချက်များအနေဖြင့် -

(က) အုပ်စု င (E) ၏ နေထိုင်မှုများကို တွဲဖက်ထားသော စုဝေးရာနေရာ အကျယ်အဝန်းကို အခန်း ၂.၇ (မသန်စွမ်းများအတွက် ချဉ်းကပ်နည်းလမ်းများ)၏ စုဝေးနေထိုင်သော သတ်မှတ်ချက်များ ကျင့်သုံးသည့်အခါမှတစ်ပါး သီးခြားအသုံးချနေရာများဟု မမှတ်ယူရ။

(ခ) စတုရန်းပေ ၅၀၀ ထက်မကျယ်သော သို့မဟုတ် ဘာသာရေးနှင့်ဆိုင်သောနှင့်/သို့မဟုတ် ပရိတ်သတ် ၅၀ ထက်မပိုသည့် ထိုင်ခုံနေရာများနှင့် ဘာသာရေးနှင့်ဆိုင်သော ပညာပေးအခန်းများကို သီး ခြားအသုံးချနေရာများဟု မမှတ်ယူရ။

လူအများစုဝေးခြင်းဆိုင်ရာ အသုံးချနေရာအမျိုးအစားတွင် အောက်ပါတို့ကို ထည့်သွင်းရမည် -

က-၁ ထုတ်လုပ်ခြင်းနှင့် အနုပညာလက်ရာများတင်ဆက်ခြင်း သို့မဟုတ် ရုပ်ရှင်ကြည့်ရှုခြင်းတို့အတွက်ရည်ရွယ်၍ ပုံသေသတ်မှတ်ထားသော ထိုင်စရာများဖြင့် စုဝေးအသုံးပြုခြင်းများပါဝင်ပြီး ရုပ်ရှင်ရုံများ၊ သံစုံတီးဝိုင်းနှင့် တေးဂီတဖျော်ဖြေရာခန်းမများ၊ ပရိတ်သတ်များဆန့်သော ရေဒီယို၊ ရုပ်မြင်သံကြား၊ စတူဒီယို၊ ပြဇာတ်ရုံ စသည်တို့ ပါဝင်နိုင်ပြီး ယင်းတို့ကို ကန့်သတ်မထားပါ။

က-၂ အစားအစာနှင့် အဖျော်ယမကာတို့အတွက် ရည်ရွယ်၍ လူအများစုဝေးအသုံးပြုခြင်းများပါဝင်ပြီး ဂုဏ်ပြုစားပွဲများကျင်းပရာ ခန်းမများ၊ ကလပ်များ၊ စားသောက်ဆိုင်များ၊ စားရိပ်သာများ၊ အဖျော်ယမကာကောင်တာများ ပါဝင်နိုင်ပြီး ယင်းတို့ကို ကန့်သတ်မထားပါ။

က-၃ ဝတ်ပြုဆုတောင်းမှု၊ အပန်းဖြေမှု သို့မဟုတ် ဖျော်ဖြေမှုအတွက် ရည်ရွယ်၍ လူအများစုဝေးအသုံးပြုပြီး အခြားစုဝေးအသုံးပြုခြင်းများမှာ ဖော်ပြထားခြင်းမရှိသော လူအများစုဝေးအသုံးပြုခြင်း အုပ်စုက(A)များတွင် ပါဝင်သည့် အပန်းဖြေစခန်း၊ ပန်းချီပြခန်း၊ ဘိုးလင်းကစားရုံ (Bowling)၊ လူမှုအဖွဲ့အစည်းဆိုင်ရာခန်းမများ (Community Hall)၊ ကပွဲရုံ၊ အရောင်းပြခန်း၊ သုသာန်ဇရပ်နေရာများ (Funeral Parlours)၊ အားကစားရုံများ၊ အဆောက်အအုံအတွင်းရှိ ရေကူးကန်များ (Indoor Swimming Pool)၊ တင်းနစ်ကစားကွင်းများ (Indoor Tennis Courts)၊ စာသင်ခန်းမများ၊ စာကြည့်တိုက်များ၊ ပြဇာတ်ရုံများ၊ ဘာသာရေးဆိုင်ရာ ဝတ်ပြုဆုတောင်းရာ နေရာများဖြစ်သော ဘုရားစေတီ၊ ဘုရားကျောင်းများ၊ ခရစ်ယာန်ဘုရားကျောင်းများ၊ ဗလီများစသည့်၊ ရေကူးကန်နှင့် ဘိလိယက်ခန်းမ (Pool and Billiart Parloor)၊ ယာဉ်ရပ်နားသောဂိတ်ရှိ နားနေဆောင်များ စသည်တို့ပါဝင်နိုင်ပြီး ယင်းတို့ကို ကန့်သတ်မထားပါ။

က-၄ လူအများစုဝေးအသုံးပြုခြင်းများသည် ပွဲကြည့်ပရိတ်သတ် ထိုင်စရာများ ပါဝင်သော အဆောက်အအုံအတွင်း၌ ကျင်းပနိုင်သည့် အားကစားလှုပ်ရှားမှုများ အပါအဝင်၊ အားကစားပြိုင်ပွဲများကို ကြည့်ရှုရန်အတွက် ရည်ရွယ်သော်လည်း အားကစားကွင်းများ၊ မြေပြင်စကိတ်ကွင်းများ၊ ရေကူးကန်များ၊ တင်းနစ်ကွင်းများစသည်တို့ ပါဝင်နိုင်ပြီး ယင်းတို့ကို ကန့်သတ်မထားပါ။

က-၅ လူအများစုဝေးအသုံးပြုခြင်းများသည် အဆောက်အအုံပြင်ပ၌ ဆောင်ရွက်သော လှုပ်ရှားမှုများကိုကြည့်ရှုခြင်း သို့မဟုတ် ပါဝင်ဆောင်ရွက်ခြင်းတို့ အတွက် ရည်ရွယ်သော်လည်း အပန်းဖြေဥယျာဉ်တည်ဆောက်ပုံများ၊ အထူးတန်းပွဲကြည့်စင်များ (Grand Stands)၊ ပွဲကြည့်စင်ပါ အားကစားကွင်းများ (Stadium) ပါဝင်နိုင်ပြီး ယင်းတို့ကို ကန့်သတ်မထားပါ။

## ၂.၁.၄ လုပ်ငန်းများဆိုင်ရာ (အုပ်စု ခ)

### ၂.၁.၄.၁ အထွေထွေ

လုပ်ငန်းများအတွက် အသုံးပြုမှုတွင် စာရင်းဇယားများနှင့် မှတ်တမ်းများသိုလှောင်ခြင်းအပါအဝင် ရုံးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်း သို့မဟုတ် ဝန်ဆောင်မှုအမျိုးအစားလုပ်ငန်းများအတွက် အဆောက်အအုံ သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံအပိုင်းများ သို့မဟုတ် အဆောက်အအုံအသုံးပြုမှုများ စသည်တို့ ပါဝင်သည်။ စီးပွားရေးလုပ်ငန်းများအတွက် အသုံးပြုမှုတွင် လေဆိပ်(လေကြောင်းထိန်းသိမ်းရေး) မျှော်စင်များ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာအဆောက်အအုံများ၊ တိရိစ္ဆာန်ဆေးကုသမှုဆိုင်ရာ အဆောက်အအုံများ၊ ဘဏ်များ၊ ဆံပင်ညှပ်ဆိုင်နှင့် အလှပြင်ဆိုင်များ၊ ကားရေဆေးရုံ၊ ဆေးခန်း(ပြင်ပလူနာ)၊ အိမ်တိုင်ရာရောက် ပင်မင်းဝန်ဆောင်မှုလုပ်ငန်းနှင့် ကိုယ်တိုင်သုံး ပင်မင်းဝန်ဆောင်မှုလုပ်ငန်းများ၊ အများပြည်သူဆိုင်ရာ အင်တာနက်အသုံးပြုနိုင်သောနေရာဖြစ်သည့် အီလက်ထရောနစ်အချက်အလက် လုပ်ငန်းစဉ်များ၊ သုတေသနနှင့် စမ်းသပ်မှုပြုလုပ်ရာ ဓါတ်ခွဲခန်းများ၊ စက်တပ်ယာဉ်အရောင်းပြခန်းများ၊ စာတိုက်များ၊ ပုံနှိပ်တိုက်များ၊ ကျွမ်းကျင်မှုဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ (ဗိသုကာများ၊ ရှေ့နေများ၊ သွားဆရာဝန်များ၊ သမားတော်များနှင့် အင်ဂျင်နီယာများစသည့်)၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာန၊ တယ်လီဖုန်းရုံးများ၊ ကျောင်းပညာရပ်တွင်မပါသော သင်တန်းများနှင့် ကျွမ်းကျင်မှုတိုးတက်ရေးလုပ်ငန်းများ ပါဝင်နိုင်ပြီး ယင်းတို့ကို ကန့်သတ်မထားပါ။

### ၂.၁.၄.၁ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

ဤလမ်းညွှန်ချက်ထဲ၌ အခြားတစ်နေရာရာတွင် သုံးထားသကဲ့သို့ ဤအခန်း၏ရည်ရွယ်ချက်အလို့ငှါ အောက်ဖော်ပြပါစကားရပ်များနှင့် စကားလုံးများသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။ ဆေးခန်း(ပြင်ပလူနာ)ဆိုသည်မှာ ကိုယ်တိုင်စွမ်းဆောင်နိုင်မှုမရှိသောလူနာများကို ဝန်ဆောင်မှုပေးခြင်းဖြင့် ၂၄ နာရီနှင့်အောက် ကျန်းမာရေးစောင့်ရှောက်မှုများပေးရန် အသုံးပြုသည့်နေရာများ သို့မဟုတ် အဆောက်အအုံများဖြစ်သည်။

## ၂.၁.၅ ပညာရေးဆိုင်ရာ (အုပ်စု င)

ပညာရေးဆိုင်ရာအသုံးပြုမှုတွင် အဆင့်မြင့်ပညာရေး (အုပ်စု င-၂) (E-2) နှင့် အခြေခံပညာ(အုပ်စု င-၁)(E-1)၏ ပညာရေးရည်ရွယ်ချက်များအတွက် မည်သည့်အချိန်မဆို ၆ ယောက် သို့မဟုတ် ၆ ယောက်ထက် ပိုနေနိုင်သောနေရာ သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံ သို့မဟုတ် အဆောက်အအုံအဖြစ် အသုံးပြုခြင်းများလည်းပါဝင်သည်။ လူ ၅၀ ထက်မနည်း ဝင်ဆံ့သည့်

အုပ်စု င (E) အတွက် လူအများစုဝေး အသုံးချနေရာ၏ ဧရိယာကို အုပ်စု က-၃ (A-3) အသုံးချနေရာကဲ့သို့ပင် ဖြစ်ရမည်။ လူ ၅၀ ထက်ပို၍ဝင်ဆံ့ပြီး စုဝေးကျင်းပသည့် ကဏ္ဍနှင့်အညီ ဘာသာရေးဆိုင်ရာ ကိုးကွယ်မှု၏ နေရာများအလိုက် အပြင်အဆင်များရှိသော ဘာသာရေးဆိုင်ရာ ပညာပေးရေးအခန်းများနှင့် ဘာသာရေးဆိုင်ရာ ပရိတ်သတ်ထိုင်စရာနေရာများကို အုပ်စု က-၃ အသုံးချနေရာများကဲ့သို့ အမျိုးအစားခွဲခြားရမည်။ ပညာရေးဆိုင်ရာ အသုံးချနေရာများတွင် အုပ်စု င-၁(E-1)တွင် အခြေခံပညာကျောင်းများ၊ နေ့ကလေးထိန်းကျောင်းနှင့် အသက်မွေးမှုသင်တန်းကျောင်းများ၊ အုပ်စု င-၂ (E-2)တွင် အထက်တန်းအောင်ပြီး ကျောင်းသားများအတွက် ပညာရေးဆိုင်ရာအသုံးချနေရာများ ပါဝင်ရမည်ဖြစ်ပြီး ၎င်းတို့ကို ကန့်သတ်ထားခြင်းမရှိပါ။

### ၂.၁.၅.၁ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

ဤလမ်းညွှန်ချက်ထဲ၌ အခြားတစ်နေရာရာတွင် သုံးထားသကဲ့သို့ ဤအခန်း၏ ရည်ရွယ်ချက်အလို့ငှါ အောက်ဖော်ပြပါစကားရပ်များနှင့် စကားလုံးများသည် အောက်ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။ နေ့ကလေးထိန်းကျောင်းဆိုသည်မှာ အသက်နှစ်နှစ်ခွဲအထက် ငါးနှစ်ထက်မကြီးသော ကလေးများအတွက် ပညာရေး၊ ကြီးကြပ်ရေးနှင့် လူမှုရေးတို့အရ ကြည့်ရှုစောင့်ရှောက်ရန် ရည်ရွယ်သည့်နေရာများ သို့မဟုတ် တည်ဆောက်ပုံ သို့မဟုတ် အဆောက်အအုံကို အသုံးပြုရာတွင် အုပ်စု င (E) အသုံးချနေရာများကဲ့သို့ အမျိုးအစားခွဲခြားရမည်။

## ၂.၁.၆ စက်ရုံနှင့် စက်မှုလုပ်ငန်းများဆိုင်ရာ (အုပ်စု စ) (F)

### ၂.၁.၆.၁ အထွေထွေ

စက်ရုံနှင့် စက်မှုလုပ်ငန်းများဆိုင်ရာအသုံးချမှုတွင် အုပ်စု ဓ(S) သိုလှောင်ရန် အသုံးချမှုနှင့် အုပ်စု ဇ (H) အန္တရာယ်ရှိနိုင်သော အသုံးချမှုများကဲ့သို့ ထုတ်လုပ်မှုနည်းစဉ် (Processing) သို့မဟုတ် ထုပ်ပိုးခြင်း၊ ထုတ်လုပ်ခြင်းများ၊ အချောသတ်ခြင်း၊ ပြုပြင်ခြင်း (Repair)၊ တပ်ဆင်ခြင်း၊ ဖြုတ်ခြင်းတို့အတွက်နေရာ သို့မဟုတ် တည်ဆောက်ပုံ သို့မဟုတ် အဆောက်အအုံတွင် အသုံးပြုခြင်းများကို အုပ်စု ဇ (H) နှင့် အုပ်စု ဓ (S)တွင် အမျိုးအစားခွဲခြားသတ်မှတ်ထားခြင်း မရှိပါ။

### ၂.၁.၆.၂ စက်ရုံနှင့်စက်မှုလုပ်ငန်းဆိုင်ရာ အန္တရာယ်နည်းသည့် အုပ်စု စ-၁ (F-1) အသုံးချမှု

ထူးခြားသော မီးဘေးသတိပေးချက်မပါသော ပြုပြင်ခြင်း သို့မဟုတ် ထုပ်ပိုးခြင်း၊ အချောသတ်ခြင်းပြုလုပ်စဉ်အတွင်း မီးလောင်လွယ်သောပစ္စည်းများမပါသော ထုတ်လုပ်ခြင်း

သို့မဟုတ် ထုတ်လုပ်မှုနည်းစဉ်တို့ ပါဝင်သည့် စက်ရုံနှင့်စက်မှုလုပ်ငန်း အသုံးပြုမှုများကို အုပ်စု စ-၁ (F-1) အသုံးချမှုအတွက် (၁၉၉၀ ပြည့်နှစ် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဥပဒေအရ စက်မှုလုပ်ငန်း ကြီးငယ်မရွေး ပါဝင်နိုင်သည်။) အမျိုးအစားခွဲခြားဖော်ပြရမည်ဖြစ်ပြီး သတ္တု ထုတ်ကုန်များ (အပိုင်းလိုက်ထုတ်လုပ်ခြင်းနှင့် တပ်ဆင်ခြင်း)၊ ရေခဲ (Ice)၊ ဂျင်ပဆမ် (Gypsum)၊ ဖန်ထည်ထုတ်ကုန်များ(Glass Productsa)၊ သတ္တုအရည်ကြိုရုံများ(Foundries)၊ အိမ်တွင်း လက်မှုလုပ်ငန်း (Cottage)၊ ကြွေထည် မြေထည်ထုတ်ကုန်များ၊ အုတ်နှင့် အင်္ဂတေ (Masonary)၊ အရက် (Alcohol) ၁၆ ရာခိုင်နှုန်း အထိပါဝင်သော အဖျော်ယမကာ (Ceramic Porducts) လုပ်ငန်းများပါဝင်နိုင်ပြီး ယင်းတို့ကို ကန့်သတ်မထားပါ။

## ၂.၁.၆.၃ စက်ရုံနှင့်စက်မှုလုပ်ငန်းဆိုင်ရာ အန္တရာယ်အသင့်အတင့် ဖြစ်နိုင်သည့် အုပ်စု စ-၂ (F-2) အသုံးချမှု

အန္တရာယ်နည်းသောစက်မှုလုပ်ငန်းအုပ်စု စ-၁ (F-1)အဖြစ် အမျိုးအစားဖော်ပြခြင်း မရှိသော စက်မှုလုပ်ငန်းများအသုံးပြုခြင်းကို အန္တရာယ်အသင့်အတင့်ဖြစ်နိုင်သည့် အုပ်စု စ-၂ (F-2) စက်မှုလုပ်ငန်းအဖြစ်ဖော်ပြရမည်။ သို့သော် လေယာဉ် (ပြင်ဆင်ခြင်းမဟုတ်သော ထုတ်လုပ်ခြင်း)၊ ကိရိယာတန်ဆာပလာ၊ ပြေးခုန်ပစ်အားကစားကိရိယာများ၊ မော်တော်ကား နှင့် အခြားမော်တော်ယာဉ်များ၊ ပေါင်မုန့်ဖိုများ၊ အရက်ပါဝင်မှု ၁၆ ရာခိုင်နှုန်းအထက် အဖျော် ယမကာများ၊ စက်ဘီးများ၊ လှေများ၊ တံမြက်စည်းများနှင့် ဝက်မှင်ဘီးများ၊ စီးပွားရေး လုပ်ငန်းများ၊ ကင်မရာနှင့် ဓါတ်ပုံပစ္စည်းများ၊ ရွက်ဖျင် သို့မဟုတ် အလားတူ အထည်၊ ကော်ဇော သို့မဟုတ် ခြေသုတ်ခုံများ၊ အဝတ်အထည်များ၊ ဆောက်လုပ်ရေးနှင့် စိုက်ပျိုးရေး ဆိုင်ရာ စက်ပစ္စည်းများ၊ ပိုးသတ်ဆေးများ၊ အခြောက်လျှော်ခြင်း၊ သန့်ရှင်းရေးနှင့် ဆေးသုတ် ခြင်း၊ လျှပ်စစ်ဓါတ်အားပေးစက်ရုံများ၊ လျှပ်စစ်ပစ္စည်းများ၊ (ပြန်လည်တပ်ဆင်ထားသော) အင်ဂျင်များ၊ အစားအစာပြင်ဆင်ခြင်း၊ ပရိဘောဂ၊ အမျှင်ဖြင့်ပြုလုပ်ထားသောထုတ်ကုန်များ၊ မီးရှို့ဖျက်ဆီးသည့်စက် (Incirenation Plants)၊ ဂုန်လျှော်ထုတ်ကုန်များ၊ ပင်မင်းဆိုင်များ၊ သားရေထုတ်ကုန်များ၊ အမှိုက်မှဓါတ်ငွေ့ထုတ်စက်ရုံ၊ စက်ယန္တရား၊ သတ္တု၊ ပြတင်းတံခါးနှင့် တံခါးလုပ်သည့်စက်ရုံ၊ ရုပ်ရှင်နှင့်ရုပ်မြင်သံကြားထုတ်လုပ်မှုများ၊ တူရိယာပစ္စည်းများ၊ မြင်ကွင်းနှင့်ဆိုင်သောကုန်ပစ္စည်းများ၊ စက္ကူစက်ရုံနှင့် ထုတ်ကုန်များ၊ ဓါတ်ပုံဖလင်များ၊ ပလပ်စတစ်ထုတ်ကုန်များ၊ ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်း၊ အပန်းဖြေရေးဆိုင်ရာယာဉ် များ၊ အမှိုက်များ မီးရှို့ဖျက်ဆီးခြင်း၊ ရှူးဖိနပ်များ၊ ဆပ်ပြာနှင့်ချေးချွတ်ခြင်း၊ အထည်အလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်း၊ နောက်ဆက်တွဲယာဉ်များ၊ ဆိုဖာချုပ်လုပ်ငန်း၊ အိမ်ထောင်

ပရိဘောဂစသည့် သစ်အချောထည်လုပ်ငန်းများ၊ ပေါင်းတင်၍ သန့်စင်ထားသောသစ်များ စသည်တို့ပါဝင်ပြီး ယင်းတို့ကို ကန့်သတ်မထားပါ။

### ၂.၁.၇ အန္တရာယ်ရှိနိုင်သော လုပ်ငန်းများဆိုင်ရာ (အုပ်စု ဇ) (H)

အုပ်စု ဇ- ၁ (H-1) လျှင်မြန်စွာမီးလောင်လွယ်ပြီး အန္တရာယ်များသောပစ္စည်းကို ကိုင်တွယ်မှုနှင့် သိုလှောင်မှု၊

အုပ်စု ဇ-၂(H-2) အိမ်သုတ်ဆေးဆိုင်များနှင့် ဆေးသုတ်ထားသောအခန်းများ၊ လက်ကားဖြန့်ချီသော အိမ်သုတ်ဆေးသိုလှောင်ထားသည့် အခန်းများ၊ မီးလောင်လွယ်သော အရည်များအသုံးပြုသည့် အခြောက်သန့်စင်စက်များ၊ မီးလောင်လွယ်သောပစ္စည်းများ ကိုင်တွယ်မှုနှင့် သိုလှောင်မှု၊

အုပ်စု ဇ-၃(H-3) မီးလောင်လွယ်မှု မြင့်မားသောပစ္စည်းများကို သိုလှောင်ထားသော သိုလှောင်ရုံများ၊ မီးလောင်လွယ်သော အမွှေးအမှျင်များနှင့် ဖုန်များကို ထုတ်လုပ်ထားသော စက်ရုံများ၊ စျေးဆိုင်များ၊ ဘူးခွံစက်ရုံများ၊ အိမ်သုတ်ဆေးစက်ရုံများ၊ သစ်သားဖြင့်ပြုလုပ်ဖွဲ့စည်း ထားသော အဆောက်အအုံနေရာထိုင်ခင်းများ၊

အုပ်စု ဇ-၄(H-4) ကားနှင့်စက်ပစ္စည်းများ ပြင်ဆင်ခြင်းဆိုင်ရာဂိုထောင်

အုပ်စု ဇ-၅(H-5) လေယာဉ်များပြင်ဆင်သည့်ရုံ (Aircraft Repair Hangar)

### ၂.၁.၈ အဖွဲ့အစည်းများဆိုင်ရာ (အုပ်စု ဈ)

#### ၂.၁.၈.၁ အထွေထွေ

အဖွဲ့အစည်းဆိုင်ရာ အုပ်စု ဈ (I) အသုံးချနေရာများတွင် နေထိုင်သူများကို ကန့်သတ်ထားသော လွတ်လပ်မှု သို့မဟုတ် ပြစ်မှု/ မှန်ကန်သော ရည်ရွယ်ချက်များအတွက် ချုပ်နှောင်ခံထားရသူများ၊ ဆေးကုသမှုနှင့် အခြားသောပြုစုစောင့်ရှောက်မှုများအတွက် ခိုလှုံခွင့်ပေးထားသောနေရာများ အသက် သို့မဟုတ် ကျန်းမာရေးကြောင့် ရုပ်ပိုင်းဆိုင်ရာ ကန့်သတ်ထားမှုများရှိပြီး ကြီးကြပ်ထားသော ပတ်ဝန်းကျင်တွင်နေထိုင်မှု သို့မဟုတ် စောင့်ရှောက်မှုပေးထားသော နေရာများ၊ ပြည်သူများ၏ဝန်ဆောင်မှုဆိုင်ရာ အထောက်အပံ့များအတွက် ဖြည့်ဆည်းပေးထားခြင်းခံရသောသူများ နေထိုင်သည့် အစိတ်အပိုင်း သို့မဟုတ် တည်ဆောက်ပုံ သို့မဟုတ် အဆောက်အဦ အသုံးပြုမှုပါဝင်သည်။ အဖွဲ့အစည်းဆိုင်ရာ နေထိုင်မှုကို အုပ်စု ဈ-၁ (I-1)၊ ဈ-၂ (I-2)၊ ဈ-၃ (I-3) သို့မဟုတ်ဈ-၄ (I-4) ဟူ၍ အမျိုးအစား ခွဲခြားနိုင်သည်။

**၂.၁.၈.၂ အုပ်စု ဈ-၁ (I-1)**

ဤအသုံးချနေရာများတွင် ပြည်သူများအားစောင့်ရှောက်ပေးသည့် ဝန်ဆောင်မှု လုပ်ငန်းကို ဖြည့်ဆည်းပေးသော ကြီးကြပ်နေထိုင်စရာ ပတ်ဝန်းကျင်တစ်ခုတွင် အသုံးချနေထိုင်မှု၊ အသက်အရွယ်၊ စိတ်ကျန်းမာရေးမကောင်းသူ သို့မဟုတ် အခြားသောအကြောင်းများကြောင့် ၂၄ နာရီ အချိန်ပြည့် စောင့်ရှောက်ရန် လိုအပ်သူများ၊ လူ ၁၆ ယောက်ထက်ပို၍ နေရာထိုင်ခင်းချထားရမည်ဖြစ်သော အစိတ်အပိုင်း သို့မဟုတ် တည်ဆောက်ပုံ သို့မဟုတ် အဆောက်အဦ အသုံးပြုမှုများပါဝင်သည်။ ဤအုပ်စုတွင် အရက်နှင့်မူးယစ်ဆေးဝါးဖြတ်သည့် ဌာနများ၊ မသန်စွမ်းသူများအတွက် ကုသရေးဌာနများ၊ ကုသရေးအဖွဲ့နှင့် ကုသစောင့်ရှောက်မည့် အဆောက်အအုံ၊ လူမှုရေးဆိုင်ရာ ပြန်လည်ထူထောင်ရေးအတွက် အဆောက်အအုံ၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးစခန်းများ စသည်တို့ပါဝင်နိုင်ပြီး ယင်းတို့ကိုကန့်သတ်ထားခြင်းမရှိပါ။

**၂.၁.၈.၃ အုပ်စု ဈ-၂ (I-2)**

ဤအသုံးချနေထိုင်မှုတွင် မိမိကိုယ်တိုင်ကာကွယ်စောင့်ရှောက်ရန် မဖြစ်နိုင်သောသူများအတွက် အုပ်ထိန်းသူဖြင့် သို့မဟုတ် သူနာပြုဖြင့်စောင့်ရှောက်မှု၊ စိတ်ကျန်းမာရေးဆိုင်ရာ၊ ခွဲစိတ်ကုသရေးဆိုင်ရာနှင့် ဆေးကုသမှုဆိုင်ရာများအတွက် အသုံးပြုသောတည်ဆောက်ပုံများနှင့် အဆောက်အအုံများပါဝင်သည်။ ဤအုပ်စုတွင် ကလေးသူငယ်စောင့်ရှောက်ရေး အဆောက်အအုံများ၊ ဆေးဖြတ်ကုသရန် အဆောက်အအုံများ၊ ဆေးရုံများ၊ စိတ်ကျန်းမာရေးဆေးရုံများ၊ သူနာပြုသင်တန်းကျောင်းများ (ပြုစုစောင့်ရှောက်ရန် လိုအပ်သည့် အဆောက်အအုံများနှင့် ကျွမ်းကျင်သင်တန်းများအပါအဝင်) စသည်တို့ ပါဝင်နိုင်ပြီး ယင်းတို့ကို ကန့်သတ်ထားခြင်း မရှိပါ။

**၂.၁.၈.၃.၁ အဓိပ္ပာယ် ဖွင့်ဆိုချက်များ**

ဤလမ်းညွှန်ချက်ထဲ၌ အခြားတစ်နေရာရာတွင် သုံးထားသကဲ့သို့ ဤအခန်း၏ ရည်ရွယ်ချက်အလို့ငှာ အောက်ဖော်ပြပါစကားရပ်များနှင့် စကားလုံးများသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ကလေးသူငယ်စောင့်ရှောက်ရေး အဆောက်အအုံများဆိုသည်မှာ အသက် ၂ နှစ်ခွဲ သို့မဟုတ် ယင်းအောက်ငယ်သော ကလေး (၅)ဦးထက်ပို၍ ၂၄ နာရီ အချိန်ပြည့် ကြည့်ရှုစောင့်ရှောက်ပေးသော အဆောက်အအုံများဖြစ်သည်။

ဆေးဖြတ်ကုသရန် အဆောက်အအုံများဆိုသည်မှာ ၂၄ နာရီ အချိန်ပြည့် ကုသမှုပေးရန်လိုသော လူနာများ၊ မိမိရှင်သန်မှုအတွက် မစွမ်းဆောင်နိုင်သောလူနာများ၊ ၎င်းတို့

အချင်းချင်းသော်လည်းကောင်း၊ အခြားသူကိုသော်လည်းကောင်း ထိခိုက်နစ်နာစေနိုင်သော လူနာများကို ပြုစုစောင့်ရှောက်နိုင်သော အဆောက်အအုံများဖြစ်သည်။ ဆေးရုံများနှင့် စိတ်ကျန်းမာရေးဆေးရုံများ ဆိုသည်မှာ မိမိရှင်သန်မှုအတွက် မစွမ်းဆောင်နိုင်သောအတွင်း လူနာများကို ဆေးကုသမှု၊ စိတ်ရောဂါ၊ ခွဲစိတ်ကုသမှု စသည်တို့နှင့်ဆိုင်သော ကုသမှုများ ဆောင်ရွက်ပေးရန် ၂၄ နာရီ အချိန်ပြည့် အသုံးပြုနိုင်သည့်နေရာ သို့မဟုတ် အဆောက်အအုံ များဖြစ်သည်။ ဘိုးဘွားရိပ်သာများဆိုသည်မှာ မိမိရှင်သန်မှုအတွက် မစွမ်းဆောင်သူများ ထားရှိသောနေရာနှင့် လူ (၅)ဦးထက်ပို၍ ပြုစုစောင့်ရှောက်မည့် ကျွမ်းကျင်သည့် သူနာပြု အထောက်အပံ့များနှင့် အလယ်အလတ်စောင့်ရှောက်မည့် အထောက်အပံ့များ အပါအဝင် ၂၄ နာရီ အချိန်ပြည့်ကာလရှည် ကြည့်ရှုစောင့်ရှောက်နိုင်သည့် အဆောက်အအုံများ ဖြစ်သည်။

## ၂.၁.၈.၄ အုပ်စု ၈ျ - ၃ (I-3)

ဤအသုံးချနေရာများတွင် လုံခြုံရေး သို့မဟုတ် ထိန်းသိမ်းမှုဖြင့် နေရသူ (၅)ဦးထက် ပို၍ နေထိုင်နိုင်သော တည်ဆောက်ပုံများနှင့် အဆောက်အအုံများပါဝင်ရမည်။ နေထိုင်သူများ ၏ ထိန်းချုပ်မှုမရှိသော လုံခြုံရေးအစီအစဉ်များကြောင့် သာမန်အားဖြင့် ကိုယ်တိုင်ကာကွယ် စောင့်ရှောက်ရန် မဖြစ်နိုင်သောသူများက အုပ်စု ၈ျ-၃ (I-3) ၏ အသုံးချနေရာများ ဖြစ်သည်။ ဤအုပ်စုတွင် ပြုပြင်ရေးစခန်းများ၊ ထိန်းသိမ်းရေးစခန်းများ၊ အကျဉ်းထောင်များနှင့် ထောင် များ စသည်တို့ပါဝင်ရမည်။ အုပ်စု ၈ျ - ၃ (I-3) ၏ အသုံးချနေရာများကို သုံးစွဲနေထိုင်သည့် အခြေအနေတစ်ခုကဲ့သို့ ညွှန်ပြပြီး အောက်ပါအတိုင်း အမျိုးအစားခွဲခြားနိုင်သည်။

### ၂.၁.၈.၄.၁ စည်းကမ်းချက် ၁

ဤအသုံးချနေရာအခြေအနေတွင် အတားအဆီးမရှိဘဲ ပြင်ပသို့ထွက်ရန် ခွင့်ပြု ထားသောနေထိုင်မှု သို့မဟုတ် ဝင်လမ်းနေရာဖြစ်သော အခြားနေရာများနှင့် အိပ်ရန်နေရာ များမှခွင့်ပြုသည့် လွတ်လပ်စွာရွေ့လျားနိုင်မှုများ ပါဝင်ရမည်။ စည်းကမ်းချက် ၁ အဆောက် အအုံကို အုပ်စု ဒ (R) ကဲ့သို့ တည်ဆောက်ရန် ခွင့်ပြုရမည်။

### ၂.၁.၈.၄.၂ စည်းကမ်းချက် ၂

ဤအသုံးချမှုနေရာ အခြေအနေတွင် ဆေးလိပ်သောက်ရန် အသုံးပြုထားသော အခန်းတစ်ခန်း သို့မဟုတ် အခြားအခန်းများနှင့် အိပ်ရန်နေရာများမှ ခွင့်ပြုသည့်လွတ်လပ် စွာ ရွေ့လျားနိုင်မှုများပါဝင်ရမည်။ ပြင်ပသို့ထွက်သော အရေးပေါ်ထွက်ပေါက် ပြင်ပမှဝင် ရောက်နိုင်မှု မရှိစေရန် စီစဉ်ထားသော တံခါးများဖြင့် ဟန့်တားထားသည်။

### ၂.၁.၈.၄.၃ စည်းကမ်းချက် ၃

ဤအသုံးချနေရာအခြေအနေတွင် သီးခြားဆေးလိပ်သောက်ရန် နေရာများအတွင်း လွတ်လပ်စွာရွှေ့လျားနိုင်မှုများ ပါဝင်ရမည်။ သီးခြားဆေးလိပ်သောက်ရန်နေရာဆိုသည်မှာ နေထိုင်စရာယူနစ်အတွင်း ဆေးလိပ်သောက်ရန်အသုံးပြုထားသော အခန်းတစ်ခန်းမှ အခြား အခန်းသို့ ဝင်လမ်းကို အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်ထားသော အုပ်စုလိုက်ဆောင်ရွက်မှု နေရာများနှင့် သီးခြားအိပ်စရာနေရာများ ပါဝင်ဖွဲ့စည်းထားပါသည်။

### ၂.၁.၈.၄.၄ စည်းကမ်းချက် ၄

ဤအသုံးချနေရာအခြေအနေတွင် အသုံးပြုထားသော နေရာတစ်ခုမှ ကန့်သတ်ထားသည့် လွတ်လပ်စွာ ရွှေ့လျားနိုင်မှုများပါဝင်ရမည်။ အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်ထားခြင်းကို ဆေးလိပ်သောက်ရန် ခွင့်ပြုထားသောနေရာမှ အခြားနေရာများအတွင်းနှင့် ဆောင်ရွက်မှုနေရာများ၊ အိပ်စရာနေရာများမှ လှုပ်ရှားမှုကို ခွင့်ပြုပေးရမည်။

### ၂.၁.၈.၄.၅ စည်းကမ်းချက် ၅

ဤအသုံးချနေရာအခြေအနေတွင် နေထိုင်ရန်နေရာမှ ကန့်သတ်ထားသည့် လွတ်လပ်စွာ ရွှေ့လျားနိုင်မှုများပါဝင်ရမည်။ ဆေးလိပ်သောက်ခွင့်ပြုထားသောနေရာမှ အခြားနေရာများအတွင်းနှင့် ဆောင်ရွက်မှုနေရာများ၊ အိပ်စရာနေရာများမှ လှုပ်ရှားမှုကို ခွင့်ပြု၍ ဝန်ထမ်းများဖြင့် ထိန်းချုပ်သောစနစ်ကို ခွင့်ပြုပေးရမည်။

## ၂.၁.၈.၅ အုပ်စု ဈ-၄ (I-4) နေ့ပိုင်းစောင့်ရှောက်မှုပေးသော အဆောက်အအုံများ

ဤအုပ်စုတွင် ပြင်ပမှစောင့်ရှောက်မှုပေးသောနေရာနှင့် မွေးစားခြင်း သို့မဟုတ် ထိမ်းမြားလက်ထပ်ခြင်း၊ သွေးသားတော်စပ်ခြင်းအားဖြင့် ဆွေမျိုးတော်စပ်သူများ၊ အုပ်ထိန်းသူများနှင့် မိဘများမှတပါး တစ်ဦးချင်းစီကို ၂၄ နာရီထက်မပိုသော အသက်အရွယ်မရွေး ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သူများနေထိုင်ရန် အဆောက်အအုံများနှင့် တည်ဆောက်ပုံများပါဝင်သည်။

### ၂.၁.၈.၅.၁ အရွယ်ရောက်ပြီးသူများအား စောင့်ရှောက်သည့် အဆောက်အအုံများ

ဆွေမျိုးတော်စပ်ခြင်းမရှိသော အရွယ်ရောက်ပြီးသူ လူ ၅ ဦးထက်ပို၍ ၂၄ နာရီထက် မကျော်ဘဲ နေစရာများထောက်ပံ့ပေးသည့် အဆောက်အအုံကို ကိုယ်တိုင်စောင့်ရှောက်ရန်နှင့် ကြီးကြပ်စောင့်ရှောက်ရန် အုပ်စု ဈ-၄ (I-4) ကဲ့သို့ အမျိုးအစား ခွဲခြားထားရမည်။

**ခြွင်းချက်**။ ဝန်ထမ်းများထံမှ ကျန်းမာရေးစောင့်ရှောက်မှုပေးသော ဝန်ထမ်းများ၏ အကူအညီမလိုဘဲ အရေးပေါ်အခြေအနေတစ်ရပ်ကို ကိုယ်တိုင်ဖြေရှင်းနိုင်သော နေထိုင်သူများရှိရာ အဆောက်အအုံကို အုပ်စု ဒ-၃ (R-3) ကဲ့သို့ အမျိုးအစား ခွဲခြားထားရမည်။

### ၂.၁.၈.၅.၂ ကလေးသူငယ်များအား စောင့်ရှောက်သည့် အဆောက်အအုံများ

အသက် ၂ နှစ်ခွဲ သို့မဟုတ် ယင်းထက်ငယ်သော ကလေး ၅ ဦး ထက်ပို၍ ၂၄ နာရီထက် မပိုသော ပြုစုစောင့်ရှောက်ရန် ထောက်ပံ့ပေးသော အဆောက်အအုံကို အုပ်စု ဈ-၄ (I-4) ကဲ့သို့ အမျိုးအစား ခွဲခြားထားရမည်။

**ခြွင်းချက်။** အသက် ၂ နှစ်ခွဲ သို့မဟုတ် ယင်းထက်ငယ်သော ကလေး ၅ ယောက်ထက် ပိုပြီး အယောက် ၁၀၀ ထက်မပိုဘဲ စောင့်ရှောက်ထောက်ပံ့ပေးသည့် နေ့ကလေးထိန်းကျောင်း တစ်ကျောင်းသည် အရေးပေါ်ထွက်ပေါက်ရှိသည့် အထပ်တွင် သော်လည်းကောင်း၊ ထိုအခန်းများတွင် အပြင်သို့ တိုက်ရိုက်ထွက်နိုင်သော တံခါးမကြီးတစ်ခုရှိလျှင်သော်လည်းကောင်း ယင်းကို အုပ်စု-င ကဲ့သို့ အမျိုးအစားခွဲခြားရမည်။

### ၂.၁.၈.၆ အုပ်စု ဈ-၅ (I-5)

ဤအသုံးချနေရာတွင် ပြည်သူ့ဝန်ဆောင်မှုအတွက် ထောက်ပံ့ပေးသော အဆောက်အအုံများ၊ တည်ဆောက်ပုံများနှင့် အပိုင်းများပါဝင်သည်။ ယင်းအုပ်စုတွင် မြို့ပြဆိုင်ရာ စီမံအုပ်ချုပ်ခြင်း၊ မီးသတ်ဦးစီးဌာန၊ ရဲစခန်း စသည်တို့ပါဝင်သည်။

## ၂.၁.၉ ကုန်သွယ်မှုဆိုင်ရာ (အုပ်စု ဍ)

### ၂.၁.၉.၁ အထွေထွေ

ကုန်သွယ်မှုဆိုင်ရာအုပ်စု -ဍ (M) နေထိုင်မှုတွင် အဆောက်အအုံ အသုံးပြုမှုတစ်ခု သို့မဟုတ် တည်ဆောက်ပုံ သို့မဟုတ် အပိုင်းတစ်ပိုင်းတို့ပါဝင်ပြီး ကုန်စည်များခင်းကျင်းရောင်းချရန်အတွက် ရောင်းချရန် သိုလှောင်ထားသောကုန်များ၊ လူသုံးကုန်ပစ္စည်းများ သို့မဟုတ် အသေးအဖွဲ့ကုန်စည်များနှင့် ပြည်သူများထံသို့ဝင်နိုင်သော အရာများဖြစ်သည့် ကုန်သွယ်မှုဆိုင်ရာနေထိုင်မှုတွင် ကုန်စုံဆိုင်ကြီးများ၊ ဆိုင်သေးများ၊ ဆေးဆိုင်များ၊ လောင်စာဆီအရောင်းဆိုင်များ၊ ဈေးများ၊ စက်ဖြင့်လောင်စာဖြည့်ပေးသောဆိုင်များ၊ လက်လီ သို့မဟုတ် လက်ကားအရောင်းဆိုင်များ၊ အရောင်းပြခန်းများပါဝင်ပြီး ၎င်းတို့ကို ကန့်သတ်မထားပါ။

## ၂.၁.၁၀ နေထိုင်မှုဆိုင်ရာ (အုပ်စု ဒ)

ဒ-၁ အသုံးပြုသူများမှာ သဘာဝအားဖြင့် အမြဲနေထိုင်ရာဖြစ်သည့် နေထိုင်သူများဆိုင်ရာ အသုံးပြုမှုတွင် နေအိမ် ၂ အိမ်ထက်ပိုသော အဆောက်အအုံများမပါဝင်ပါ။ (ဥပမာ - လုံးချင်းအိမ်များနှင့် နှစ်ခန်းတွဲအိမ်ရာများ၊ လူ (၁၆) ယောက်ထက် မပိုသော စုပေါင်းနေထိုင်သည့် နေရာများပါဝင်သည်။)

၁-၂ အသုံးပြုသူများမှာ အမြဲနေထိုင်သူများဆိုင်ရာ အသုံးပြုမှုတွင် နေအိမ် ၂ အိမ်ထက် ပို၍ ပါဝင်သော အဆောက်အအုံများဖြစ်သည့် တိုက်ခန်းတွဲအိမ်ယာများ၊ ကွန်ဒိုမီနီယံ တိုက်ခန်းများ၊ အထူးသီးသန့်ဂေဟာများ (Executive Residences) ပါဝင်သည်။

၁-၃ အသုံးပြုသူများမှာ အမြဲနေထိုင်ရာဖြစ်သည့် အိပ်ဆောင်များပါဝင်သော နေထိုင်သူများ ဆိုင်ရာအသုံးပြုမှုတွင် ဘာသာရေးဆိုင်ရာ ကျောင်းဆောင်များ၊ အိပ်ဆောင်များ၊ ဘော်ဒါဆောင်များ၊ ဘုန်းကြီးကျောင်းများ ပါဝင်သည်။

၁-၄ နေထိုင်မှုဆိုင်ရာ အသုံးပြုမှုတွင် ဝန်ထမ်းများမပါဘဲ အသုံးပြုသူ ၁၆ ယောက်ထက် မပိုသော နေထိုင်သူများကို ပြုစုစောင့်ရှောက်ပေးနိုင်သော အဆောက်အအုံများကဲ့သို့ အသုံးပြုမှုအတွက် စီစဉ်ပေးမည့် အဆောက်အအုံများ ပါဝင်ရမည်။

၁-၅ အသုံးပြုသူများမှာ အမြဲနေထိုင်ရာဖြစ်သည့် အိပ်ဆောင်များ သို့မဟုတ် နေအိမ် ၂ အိမ် ထက်ပို၍ ပါဝင်သော အဆောက်အအုံများ သို့မဟုတ် နေထိုင်သူများကို ပြုစု စောင့်ရှောက်ပေးနိုင်သော အဆောက်အအုံများပါဝင်သည့် နေထိုင်မှုဆိုင်ရာအသုံးပြုမှု တွင် သက်ကြီးရွယ်အိုများအတွက် နေအိမ်၊ ဘိုးဘွားရိပ်သာ၊ အငြိမ်းစားနေအိမ်၊ မိဘမဲ့ ကလေးဂေဟာတို့ ပါဝင်သည်။

၁-၆ အသုံးပြုသူများမှာ အမြဲနေထိုင်ရာဖြစ်သည့် အိပ်ဆောင်များပါဝင်သော နေထိုင်မှုဆိုင် ရာ အသုံးပြုမှုတွင် စားသောက်ဆိုင်များ၊ ဧည့်ရိပ်သာများ၊ ဟိုတယ်များ၊ မိုတယ်များ၊ ဝန်ဆောင်မှုပေးသည့် ယာယီတိုက်ခန်းများ(Service Apartments (Transient)) ပါဝင်သည်။

### ၂.၁.၁၀.၆ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

ဤလမ်းညွှန်ချက်ထဲ၌ အခြားတစ်နေရာရာတွင် သုံးထားသကဲ့သို့ ဤအခန်း၏ ရည်ရွယ်ချက်အလို့ငှာ အောက်ဖော်ပြပါစကားရပ်များနှင့် စကားလုံးများသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

**တိုက်ခန်းတွဲအိမ်ရာများ** ဆိုသည်မှာ အဆောက်အအုံတစ်ခု၏ အခန်းယူနစ်တစ်ခုကို သာ ကိုယ်ပိုင်အိမ်ရာတစ်ခုအဖြစ်အသုံးပြုသောနေရာ(နေထိုင်ရန်ဖြစ်သော အိမ်ရာအမျိုး အစား) ဖြစ်သည်။ ၎င်းသည် ကိုယ်ပိုင်ဝင်ပေါက်ရှိပြီး မီးဖိုချောင်၊ အိပ်ခန်းနှင့် ရေချိုးခန်း စသည်တို့ ပါဝင်သော အမျိုးအစားတစ်ခုဖြစ်သည်။

စတူဒီယိုတိုက်ခန်းဆိုသည်မှာ-သီးသန့်ရေချိုးခန်း၊ အိမ်သာပါရှိ၍ ကျယ်ဝန်းသည့် ဧရိယာတစ်ခုတည်းတွင် ဧည့်ခန်းနေရာ အဖြစ်လည်းကောင်း၊ အိပ်ရန်နေရာနှင့် လုပ်ငန်းခွင် နေရာအဖြစ်လည်းကောင်း အသုံးပြုနိုင်သည့် အမျိုးအစားဖြစ်သည်။

**လူငှားလက်ခံသည့်အိမ်** ဆိုသည်မှာ အစားအစာမပါဘဲဖြစ်စေ၊ ပါသည်ဖြစ်စေ ငှားရမ်းရန်အတွက် စီစဉ်အသုံးပြုသော အဆောက်အဦဖြစ်ပြီး မိသားစုတစ်ဦးတည်း နေထိုင် သော အဆောက်အဦအဖြစ် အသုံးပြုခြင်းမရှိပါ။

**ကွန်ဒိုမီနီယံတိုက်ခန်းများ** ဆိုသည်မှာ အိမ်ရာလုပ်ပိုင်ခွင့်ပုံစံနှင့် အိမ်ရာတစ်ခု၏ အရေးကြီးအစိတ်အပိုင်းဖြစ်သော (တိုက်ခန်းအိမ်ယာ) တစ်ဦးချင်းပိုင်ဆိုင်ခွင့်ရှိသည့် အခြား ပစ္စည်းများ၊ တစ်ဦးတည်းပိုင်ဆိုင်ခွင့်နှင့်အတူ ဖွဲ့စည်းတည်ထားသော ဥပဒေရေးရာ အခွင့်အရေးများအရ ပြင်ပဧရိယာများကို စီမံဆောင်ရွက်ပြီးစကြံ၊ အပူပေးခြင်းစနစ်၊ ဓာတ် လှေကားများ စသည်တို့ကို အဆောက်အအုံတစ်ခုမှ အများသုံးအဆောက်အအုံများသို့ ဝင်ရန် အသုံးပြုသည်။ အစိတ်အပိုင်းတစ်ခုလုံး၏ ပူးတွဲကိုယ်စားပြုပိုင်ဆိုင်မှုဖြစ်သည့် ပိုင်ဆိုင်သူ များအဖွဲ့က စီမံခန့်ခွဲထားပါသည်။

**စုရုံးနေထိုင်သော အဆောက်အအုံများ** ဆိုသည်မှာ မီးဖိုခန်းနှင့် ရေချိုးခန်းတို့ကို နေထိုင်သူများက ဝေမျှအသုံးပြုရသည့် အိပ်ခန်းများပါဝင်သော အဆောက်အအုံ သို့မဟုတ် နေရာဖြစ်သည်။

**အိပ်ဆောင်** ဆိုသည်မှာ တူညီသောမိသားစုဝင်များ မဟုတ်သည့်သူများအတွက် တစ်ဦးချင်းသော်လည်းကောင်း၊ ပူးတွဲသော်လည်းကောင်း အခန်းတစ်ခန်း သို့မဟုတ် အခန်းတွဲများဖြင့် အုပ်စုလိုက် အိပ်စရာနေရာများပါရှိသော ကောလိပ်အိပ်ဆောင်များနှင့် လူမှုရေးအသင်းအိမ်များကဲ့သို့ အဆောက်အဦမျိုးဖြစ်သည်။

**အထူးသီးသန့်ဂေဟာ** ဆိုသည်မှာ နေ့စဉ်အသုံးပြုရန်အတွက် အဆင်ပြေအောင် ဖြည့်ဆည်းပေးထားသည့် ကာလရှည်နေရန် ပရိဘောဂများခင်းကျင်းထားသော တိုက်ခန်းမျိုး ဖြစ်သည်။

**မိမိကိုယ်တိုင် စောင့်ရှောက်မှုပေးနိုင်သည့် ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ နာတာရှည်များ၊ နာလန်ထများကို ဆေးဝါးကုသမှုနှင့် သူနာပြုဖြင့် စောင့်ရှောက်မှုပေးရန် မလိုသောနေထိုင်သူများကို စောင့်ရှောက်ခြင်းဖြစ်သည်။ စောင့်ရှောက်မှုပေးသည်တွင် အဆောက်အအုံအတွင်း နေထိုင်စဉ်နေထိုင်သူများကို လုံခြုံမှုပေးရန်တာဝန်လည်း ပါဝင် သည်။

**ပြန်လည်ထူထောင်ရေးဆိုင်ရာ စောင့်ရှောက်ကူညီပေးသည့် အဆောက်အအုံ** ဆိုသည်မှာ ပြည်သူများအား စောင့်ရှောက်မှုပေးသည့် ဝန်ဆောင်မှုများပေးသည့် အသက်အရွယ်ကြီးသူ၊ စိတ်မကျန်းမာသူ သို့မဟုတ် အခြားအကြောင်းကြောင့် ကြီးကြပ်သူဖြင့်နေထိုင်စေသော ပတ်ဝန်းကျင်တွင် ၂၄ နာရီ အခြေခံစောင့်ရှောက်ရမည့်သူများ နေထိုင်ရန် အဆောက်အဦ သို့မဟုတ် နေရာဖြစ်သည်။ နေထိုင်သူများသည် ဝန်ထမ်းများထံမှ ရုပ်ပိုင်းဆိုင်ရာ အကူအညီမပါဘဲ အရေးပေါ်အခြေအနေကို တုံ့ပြန်နိုင်မှုရှိရမည်။ ဤအုပ်စုတွင် နေအိမ်နှင့်ဆိုင်သော ဘုတ်အဖွဲ့နှင့် စောင့်ရှောက်ရေးအဆောက်အဦများ၊ အကူအညီပေးသော နေစရာအဆောက်အဦများ၊ ထောင်ထွက်၊ စိတ္တဇဆေးရုံဆင်းများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ၊ စုပေါင်းလုပ်နိုင်သော အဆောက်အဦများ၊ လူမှုရေးဆိုင်ရာ ပြန်လည်ထူထောင်ရေး အဆောက်အဦများ၊ အရက်နှင့်မူးယစ်ဆေးဝါးဖြတ်သည့် ဌာနများနှင့် နာလန်ထများအနားယူရာ အဆောင်များ ပါဝင်ပြီး ၎င်းတို့ကို ကန့်သတ်မထားပါ။

**ဝန်ဆောင်မှုပေးသည့်တိုက်ခန်း** ဆိုသည်မှာ နေ့စဉ်အသုံးပြုရန်အတွက် အဆင်ပြေအောင် ဖြည့်ဆည်းပေးထားသည့် ကာလတို သို့မဟုတ် ကာလရှည်နေရန် ပရိဘောဂများ ခင်းကျင်းထားသော တိုက်ခန်းမျိုးဖြစ်သည်။ (နေ့စဉ်သုံးဝန်ဆောင်မှုများပါဝင်သည်။)

**ယာယီ (ဧည့်)** (Transient) ဆိုသည်မှာ ရက်ပေါင်း (၃၀) ထက်မပိုဘဲ အိပ်စရာ၊ နေစရာအဖြစ် အသုံးပြုခြင်းဖြစ်သည်။

## ၂.၁.၁၁ သိုလှောင်ခြင်းဆိုင်ရာ (အုပ်စုစ) (Group-S)

### ၂.၁.၁၁.၁ အထွေထွေ

သိုလှောင်ခြင်း (အုပ်စု ဓ) (Group-S) အသုံးပြုမှုတွင် အန္တရာယ်များသော အသုံးပြုမှုအဖြစ် အမျိုးအစားမခွဲနိုင်သော သိုလှောင်မှုအတွက် ယင်းနှင့်ဆက်စပ်သည့် အဆောက်အအုံ သို့မဟုတ် တည်ဆောက်ပုံ သို့မဟုတ် အပိုင်း၏ အသုံးပြုမှုပါဝင်သည်။

### ၂.၁.၁၁.၂ အန္တရာယ်အသင့်အတင့်ရှိသော သိုလှောင်မှု (အုပ်စု ဓ-၁) (Group S-1)

အုပ်စု ဓ-၂ (S-2) အဖြစ် အမျိုးအစားမခွဲထားဘဲ သိုလှောင်ရန်အတွက် အသုံးပြုသော အဆောက်အဦများမှာ - လေဖိအားဖြင့် မှုတ်ပေးနိုင်ရန် စီမံထားသောဖူး၊ အဆင့် ၂ နှင့် ၃၊ လေယာဉ်ပြင်ဆင်သည့်ရုံ (သိုလှောင်ရန်နှင့် ပြုပြင်ရန်)၊ ဖျင်၊ မိုးကာနှင့် စက္ကူအိတ်များ၊ ဝါးနှင့်ကြိမ်၊ ဆွဲခြင်းများ၊ ရွက်ဖျင်နှင့် သားရေဖြင့်ပြုလုပ်ထားသောခါးပတ်၊ စာအုပ်ထုတ်များနှင့် စက္ကူလိပ်များ၊ ဘွတ်ဖိနပ်နှင့် ရှူးဖိနပ်များ၊ ဖျင်ဖြင့်ဖုံးထားသောအရိုး သို့မဟုတ် ပုလဲကြယ်သီးများ၊ ကတ္တူပုံးများ ကတ္တူစက္ကူများ၊ သိုးမွေးဖြင့် ဆင်ယင်ထားသော အဝတ်အစား

နှင့် အဝတ်အထည်များ၊ ချည်ကတ္တီပါ၊ လေ့ထားသောရုံ၊ ပရိဘောဂ၊ သားမွေး၊ ကော်၊ သစ်ဆေး (Mucilage) ၊ ဂျုံကော်နှင့်တင်ကော်၊ အစေ့အဆန်များ၊ ဦးချိုနှင့် ကြက်ဖအမောက်၊ ရုပ်ရှင်ဖလင်၊ သားရေ၊ ကြမ်းခင်းဖယောင်းပုဆိုး၊ အသုံးမလိုသော ပရိဘောဂအဟောင်းများ၊ မော်တော်ယာဉ်ပြင်သည့် ကားဂိုဒေါင်၊ ခါတ်ပုံအတိုင်းထုထားသည့်ပုံ၊ ဒဏ်ခံနိုင်သော ကြမ်းခင်း၊ ပိုးထည်၊ ဆပ်ပြာ၊ သကြား၊ အမျှားအပြား သိုလှောင်ထားသောတာယာများ၊ ဆေးရွက်ကြီး၊ ဆေးပြင်းလိပ်၊ စီးကရက်နှင့် ***နှာ***(Snuff)၊ ဆိုဖာချုပ်လုပ်ငန်းနှင့် အိပ်ယာများ၊ ဖယောင်းတိုင်များ

## ၂.၁.၁၁.၃ အန္တရာယ်နည်းသော သိုလှောင်မှု (အုပ်စု ဓ-၂) (Group S-2)

အုပ်စု ဓ-၂ (S-2) တွင် ထုတ်ပိုးစက္ကူ သို့မဟုတ် ထူထဲသော အကန့်ပါ၍သော် လည်းကောင်း၊ မပါဘဲသော်လည်းကောင်း ကတ္တူစက္ကူပုံး သို့မဟုတ် သစ်သားကွပ်ပျစ်ပေါ်ရှိ ထုတ်ကုန်များကဲ့သို့သော မီးလောင်မလွယ်သောပစ္စည်းများ သိုလှောင်ရန်အတွက် အသုံး ပြုသော အဆောက်အအုံများပါဝင်သည်။ ထိုထုတ်ကုန်များကို ထုတ်ပိုးဖလင် သို့မဟုတ် လက်ကိုင်ဘုတုံးကဲ့သို့သော ပလပ်စတစ်အကွပ်၏ အနည်းငယ်သော ပမာဏရှိရန်ခွင့်ပြု ထားသည်။

ကျောက်ဝွမ်း၊ ကြွေထည်၊ မြေထည်၊ သတ္တုခွက်ထဲတွင် အရက် ၁၆ ရာခိုင်နှုန်းအထိ ပါဝင်သော အဖျော်ယမကာ၊ ဘိလပ်မြေအိတ်၊ မြေဖြူနှင့်ရောင်စုံခဲတံ၊ ဖယောင်းမဖောက် ထားသောစက္ကူဘူးဖြင့် ထည့်ထားသော နို့ထွက်ပစ္စည်းများ၊ ခါတ်ခဲခြောက်များ၊ လျှပ်စစ်မီး ခွေများ၊ လျှပ်စစ်မော်တာများ၊ သံဘူးခွံများ၊ စားသောက်ကုန်များ၊ မီးလောင်မလွယ်သော ဗူးအတွင်းရှိ အစားအစာများ၊ ပလပ်စတစ်မဟုတ်သည့်ခွက် သို့မဟုတ် လင်ပန်းအတွင်းရှိ လတ်ဆတ်သော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ၊ အေးခဲထားသော အစားအစာများ၊ ဖန်ခွက်၊ မီးလောင်မလွယ်သော အရည်များဖြည့်ထားသော သို့မဟုတ် မရှိသောဖန်ပုလင်းများ၊ ဂျစ်ပဆမ်အပြား၊ ဒြပ်မပြုသောအရောင်များ၊ ဆင်စွယ်၊ အသား၊ သတ္တုဗီရို၊ ပလပ်စတစ် ထိပ်ဖူးနှင့် အမြိတ်တပ်ထားသော သတ္တုစာရေးစားပွဲများ၊ သတ္တု၊ သတ္တုအစိတ်အပိုင်း၊ မှန်၊ ဆီဖြည့်ထားသော ခါတ်အားခွဲစက်အခြားအမျိုးအစားများ၊ ကားထားရန် ဖွင့်ထားသော သို့မဟုတ် ပိတ်ထားသော ကားဂိုဒေါင်၊ ကြွေထည်နှင့် မြေထည်၊ မီးဖို၊ ပေါင်ဒါနှင့် ဆပ်ပြာ၊ လျှော်စက်နှင့် အခြောက်ခံစက်များ စသည်တို့ပါဝင်ပြီး ၎င်းတို့ကို ကန့်သတ်မထားပါ။

## ၂.၁.၁၂ ဘက်စုံသုံးနှင့် အထွေထွေ (အုပ်စု ပ) (Group-U)

### ၂.၁.၁၂.၁အထွေထွေ

မည်သည့်သီးခြားအသုံးပြုမှုတွင်မဆို အမျိုးအစားခွဲခြားမထားသော တွဲဖက်သွင်ပြင် တစ်ရပ်၏ တည်ဆောက်ပုံနှင့် အဆောက်အအုံများ၊ အထွေထွေတည်ဆောက်ပုံများကို ဤလမ်းညွှန်ချက်၏ လိုအပ်ချက်များကို ကိုက်ညီမှုရှိရန် ၎င်းတို့၏ အသုံးပြုမှုများကို မတော်တဆအသက်အန္တရာယ်နှင့် မီးဘေးအန္တရာယ်များ အချိုးမျှအောင်တည်ဆောက်ခြင်း၊ တပ်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းတို့ ပြုလုပ်ရမည်။ အုပ်စု ပ(U) တွင် အောက်ပါတို့ပါဝင်ပြီး ၎င်းတို့ကို ကန့်သတ်မထားပါ။

### ၂.၁.၁၂.၂ စိုက်ပျိုးရေးနှင့်ဆိုင်သော အဆောက်အအုံများ (အုပ်စု ပ-၁) (Group U-1)

စိုက်ပျိုးရေးနှင့်ဆိုင်သော အသုံးပြုမှုအုပ်စု ပ-၁ (U-1) တွင် အောက်ပါတို့ပါဝင်ပြီး ၎င်းတို့ကို ကန့်သတ်မထားပါ။

နို့ညှစ်ရုံနှင့် အရိပ်ရအောင်တည်ဆောက်ထားသည့် နွား၊ ဝက်စသည့် ခြံမွေး တိရစ္ဆာန်ထားသောအဆောက်အအုံများ၊ ကြက်၊ ငှက်မွေးမြူထားသော အဆောက်အအုံများ၊ စပါးကျီများ စိုက်ပျိုးရေးသုံးစက်ကိရိယာများ သိုလှောင်ရုံ၊ ကောက်ပဲသီးနှံများ အပါအဝင် ဥယျာဉ်ခြံမြေစိုက်ပျိုးရန် အကာအကွယ်ပေးသည့် အဆောက်အအုံများ၊ ပစ္စည်းပစ္စယ၊ ကျွဲ၊ နွား၊ ယာဉ် စသည်တို့ထားသည့်ရုံ၊ ကောက်ပဲသီးနှံများထားသည့်ရုံ၊ မြင်းဇောင်းများ၊ ပန်းပင် များစိုက်ထားသော မှန်မိုးမှန်ကာ (Green House) အဆောက်အအုံ

### ၂.၁.၁၂.၃ အုပ်စု ပ-၂ (Group U-2)

အုပ်စု ပ-၂ (U-2) တွင် အမြင့် ၆ပေ (၁၈၂၉ မီလီမီတာ) အထက်ရှိသော ခြံစည်းရိုး များ၊ အထိန်းနံရံများပါဝင်ပြီး ၎င်းတို့ကို ကန့်သတ်မထားပါ။

### ၂.၁.၁၂.၄ အုပ်စု ပ-၃ (Group U-3)

အုပ်စု ပ-၃ (U-3) တွင် လေယာဉ်များပြင်ဆင်သည့်ရုံ၊ အိမ်ဘေး၌ ကားထားသည့် အဖီ၊ ကိုယ်ပိုင်ကားဂိုထောင်များ၊ မီးအားပေးစက်ရုံ၊ အဖီများ၊ တယ်လီဖုန်းရုံ၊ ဆိုင်ခန်းငယ်၊ မီဒီယာကော်နာ၊ မြင်းဇောင်းများ၊ သိုလှောင်ကန်များနှင့် မျှော်စင်များ၊ အများသုံးရေချိုးခန်း၊ အမှိုက်ပစ်ရန်ဝန်းခြံတို့ပါဝင်ပြီး ၎င်းတို့ကို ကန့်သတ်မထားပါ။

## ၂.၂ ဗိသုကာဆိုင်ရာလိုအပ်ချက်များနှင့် အသုံးချနေထိုင်မှုအပေါ်မူတည်၍ အသေးစိတ် အထူး လိုအပ်ချက်များ

ဤအခန်းသည် ဗိသုကာဆိုင်ရာလိုအပ်ချက်များ၊ အထူးအသုံးပြုမှုနှင့် အသုံးချဆိုင်ရာ လိုအပ်ချက်များနှင့် ဆောက်လုပ်ရေးဆိုင်ရာလိုအပ်ချက်များနှင့်အတူ အဆောက်အအုံများ သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံများတွင် ကျင့်သုံးရန်ရည်ရွယ်သည်။ ၎င်းတွင် ဗိသုကာဆိုင်ရာ လိုအပ်ချက်များအရ ဆက်စပ်စည်းမျဉ်းများအတိုင်း လုပ်ဆောင်ပေးရန် ကျန်းမာရေးစောင့်ရှောက်မှု အဆောက်အအုံများ၊ ပညာရေးဆိုင်ရာအဆောက်အအုံများ၊ အမိုးပါသောအဆောက်အအုံ၊ ဈေးဆိုင်တန်းအဆောက်အအုံနှင့် အထပ်မြင့်အဆောက်အအုံများအတွက် ဗိသုကာဆိုင်ရာ လိုအပ်ချက်များနှင့် အထူးအသေးစိတ်လိုအပ်ချက်များ ပါဝင်သည်။

၎င်းသည် သက်ဆိုင်ရာမြို့ကြီးများနှင့် ဒေသများရှိ စည်ပင်သာယာရေးကော်မတီ၊ အထပ်မြင့်အဆောက်အအုံစီမံကိန်းများအတွက် အထပ်မြင့်နှင့် အများပြည်သူသုံးအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ (HPBC)၊ မီးသတ်ဦးစီးဌာန၊ ကျန်းမာရေး၊ ပညာရေး၊ ဟိုတယ်၊ ယဉ်ကျေးမှုအစရှိသည့် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများက ထုတ်ပြန်သော သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းမျဉ်းများ၊ လမ်းညွှန်ချက်များ၊ စံများနှင့် ကိုက်ညီသင့်သည်။

### ၂.၂.၁ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာအဆောက်အအုံများ

#### ၂.၂.၁.၁ အထွေထွေ

ယေဘုယျအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အဆောက်အအုံများအားလုံးကို ဆေးရုံနှင့် ဆေးခန်းများအဖြစ် ခွဲခြားထားသည်။

“ဆေးရုံအမျိုးအစား” တွင် ပါဝင်သောအဆောက်အအုံများကို လူနာစောင့်ရှောက်မှု ၂၄ နာရီ ထက်ပို၍ လိုအပ်သော အဆောက်အအုံများအဖြစ် သတ်မှတ်ထားပြီး “ဆေးခန်းများ” သည် ကျန်းမာရေးစောင့်ရှောက်မှု အမှုထမ်းများကို ၂၄ နာရီအောက်သာ ပေးထားသည့် အဆောက် အအုံများအားလုံးကိုဆိုသည်။

ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဆောက်အအုံအားလုံးသည် စနစ်တကျ အမှိုက်စွန့်ပစ်သည့် စနစ်ရှိရမည်ဖြစ်ပြီး အမှိုက်စွန့်ပစ်မှုနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် ညီညွတ်စေနိုင်သည့် အစီအမံများရှိရမည်။

ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဆောက်အအုံများအားလုံးကို ဤလမ်းညွှန်ချက်၏ အခန်း ၂.၇ နှင့်အညီ မသန်စွမ်းသူများအတွက် ချဉ်းကပ်စနစ်များ စီစဉ်ပေးရမည်။

### ၂.၂.၁.၂ ဆေးရုံများအတွက် အထွေထွေလိုအပ်ချက်

ပြန်လည်ထူထောင်ရေး ဆေးရုံများဖြစ်စေ၊ ကုသမှုပေးသည့် ဆေးရုံများဖြစ်စေ ဆေးရုံများအားလုံးသည် အောက်ပါလမ်းညွှန်ချက်များကို လိုက်နာရမည်။

(က) ဆေးရုံအဆောက်အအုံများအားလုံးအတွက် အများဆုံးအမြင့်ပေသည် ဆေးရုံများ၏ လုပ်ငန်းများနှင့် ကိုက်ညီမှုရှိစေရန်ဖြစ်စေ၊ ဒေသဆိုင်ရာအစိုးရများ၊ သက်ဆိုင်ရာစည်ပင်သာယာရေးအာဏာပိုင်များနှင့် ကျန်းမာရေးဌာနတို့၏ ခွင့်ပြုချက်နှင့်အညီ ဖြစ်ရမည်။

(ခ) ဆေးရုံတစ်ခုခုရှိ လူနာခန်းယူနစ်တစ်ခုတွင် အများဆုံး ကုတင်အရေအတွက်သည် (၁၀) ကုတင် ဖြစ်ရမည်။

(ဂ) လူနာခန်းယူနစ်များတွင် လေအေးပေးစနစ်များ တပ်ဆင်ပေးထားခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ လူနာခန်းယူနစ်များအားလုံးတွင် ပြင်ပနေရာနှင့် ဆက်စပ်သည့် ပြတင်းပေါက်များပါရှိရမည်ဖြစ်ပြီး အောက်ပါလမ်းညွှန်ချက်များနှင့်ကိုက်ညီရမည် -

(၁) ပြတင်းပေါက်၏ အကျယ်အဝန်းပမာဏသည် ကြမ်းခင်းဧရိယာ၏အနည်းဆုံး ၁၀ ရာခိုင်နှုန်းဖြစ်ရမည်။

(၂) မည်သို့ပင်ဆိုစေ ထိုပြတင်းပေါက်အနီးရှိ အဆောက်အအုံ၏ အကွာအဝေးသည် အနည်းဆုံး ၅ ပေ ဖြစ်ရမည်။

(ဃ) လူနာခန်းတစ်ခု၏ ကြမ်းခင်းဧရိယာသည် ကုတင်တစ်ခုအတွက် အနည်းဆုံး ၆၀ စတုရန်းပေ ဖြစ်ရမည်။

(င) ထွက်ပေါက်နှင့် အရေးပေါ်ထွက်ပေါက်လမ်းကြောင်းများသည် ဤလမ်းညွှန်ချက်၏ အခန်း၂.၆ နှင့်အညီ ဖြစ်ရမည်။

(စ) ကုတင် (၈) ခုအတွက် အနည်းဆုံးအိမ်သာ (၁) ခု ရှိရမည်ဖြစ်ပြီး ကုတင် (၁၆) ခု အတွက် ရေချိုးခန်း (၁) ခု ရှိရမည်။

(ဆ) ကုတင် (၂) ခုထက်ပိုသော လူနာခန်းများဖြစ်ပါက လူနာစောင့်များ၊ တစ်ဦးချင်း သို့မဟုတ် သူနာပြုများအတွက် သီးသန့်ခန်းကို သီးသန့်နေရာအဖြစ် စီစဉ်ပေးရမည်။ လူနာခန်းများတွင် လူနာစောင့်များ နေထိုင်ခြင်းကို ခွင့်မပြုရ။

(ဇ) ခုတင် (၂၀) ထက်ပိုသော ဆေးရုံများအားလုံးတွင် စနစ်တကျအအေးပေးသည့်စနစ်ဖြင့် ရင်ခွဲရုံရှိရမည်။

### ၂.၂.၁.၃ ဆေးခန်းများအတွက် အထွေထွေလိုအပ်ချက်

ပြင်ပလူနာဆေးခန်းများဖြစ်စေ၊ ခွဲစိတ်မှုနှင့်အခြားကုသမှုပုံစံများနှင့် ပေါင်းစပ်ထားသည့် ဆေးခန်းများဖြစ်စေ ဆေးခန်းများအားလုံးသည် အောက်ဖော်ပြပါ လမ်းညွှန်ချက်များကို လိုက်နာရမည်။

(က) ပူးပေါင်းဆွေးနွေးခန်းတစ်ခုတွင် ဆရာဝန် (၁၀) ဦး ထက်မပိုရ။

(ခ) ကလေးအထူးကုဆေးခန်းများနှင့် အထွေထွေရောဂါကုဆေးခန်းများအကြား သီသီသာသာ ခွဲခြားထားရမည်။

(ဂ) မီးယပ်၊ သားဖွားဆေးခန်းများနှင့် အထွေထွေရောဂါကုဆေးခန်းများအကြား ရုပ်ပိုင်းဆိုင်ရာ ခွဲခြားခြင်းရှိရမည်။ သို့သော် ကလေးအထူးကုဆေးခန်းများနှင့် မီးယပ်၊ သားဖွားဆေးခန်းများကို ပေါင်း၍ထားနိုင်သည်။

(ဃ) တိုင်ပင်ဆွေးနွေးမှုအခန်းတစ်ခန်းတွင် ဆရာဝန်နှင့်တွေ့ရန် စောင့်ဆိုင်းခန်း၏ ကြမ်းခင်းဧရိယာကို အတိုင်ပင်ခံဆရာဝန် အရေအတွက်ပေါ်မူတည်၍ တွက်ချက်ရမည်။ ၎င်းသည် အတိုင်ပင်ခံဆရာဝန်တစ်ဦးအတွက် အနည်းဆုံး ၂၀၀ စတုရန်းပေ ရှိရမည်။

(င) ထွက်ပေါက်နှင့် အရေးပေါ်ထွက်ပေါက်လမ်းကြောင်းများသည် ဤလမ်းညွှန်ချက်၏ အခန်း ၂.၆ နှင့် အညီ ဖြစ်ရမည်။

(စ) ဆရာဝန်နှင့်တွေ့ရန် စောင့်ဆိုင်းသည့်လူနာအတွက် စီစဉ်ပေးထားသည့် ထိုင်ခုံ (၁၅) ခုအတွက် အနည်းဆုံး အိမ်သာတစ်လုံး ပါရှိရမည်။

## ၂.၂.၂ နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာအဆောက်အအုံများ

### ၂.၂.၂.၁ အထွေထွေ

နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဆောက်အအုံများ အုပ်စု (ခ) (Group-B) အဖြစ် အမျိုးအစားသတ်မှတ်ထားသည့် အသုံးချမှုနေရာများသည် အပိုဒ် ၂.၂.၁၅.၁ မှ ၂.၂.၁၅.၆ ပါ ပြဋ္ဌာန်းချက်များသည် ဤလမ်းညွှန်ချက်၏ သက်ဆိုင်ရာအခြားပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်ရမည်။

### ၂.၂.၂.၂ မီးခိုးကာအစီအမံများ (Smoke Barriers)

မီးခိုးကာအစီအမံများကို ၁၀၀၀၀ စတုရန်းပေ(၉၂၉ စတုရန်းမီတာ) ထက်ကြီးသော နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဆောက်အအုံအားလုံးအတွက် တစ်ထပ်လျှင် အနည်းဆုံး မီးခိုးငွေ့လုံခန်း (၂) ခန်း ထားပေးရမည်။ မီးခိုးငွေ့လုံခန်းရှိ မီးခိုးကာတံခါး အကွာအဝေးသည် ပေ ၂၀၀ (၆၀၉၆၀ မီလီမီတာ) ထက်မကျော်လွန်ရ။ မီးခိုးကာများကို မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များ (၂၀၂၀) လုပ်ထုံးလုပ်နည်းများနှင့်အညီ တပ်ဆင်ရမည်။

### ၂.၂.၂.၃ ခိုနားရန်နေရာ

နယ်လှည့်ကျန်းမာရေးစောင့်ရှောက်ခံ လူနာမဟုတ်သူတစ်ဦးအတွက် မီးခိုးကာ ထားရှိသည့် နေရာဘေးရှိ စင်္ကြံလမ်း၊ လူနာခန်းများ၊ ကုသဆောင်များ၊ နားနေခန်းများ သို့မဟုတ် ထမင်းစားရန်နေရာများနှင့် အခြားအန္တရာယ်နည်းပါးသော နေရာများစုပေါင်းရာ နေရာအတွင်း အနည်းဆုံး ၃၀ စတုရန်းပေ (၂.၈ စတုရန်း မီတာ) စီစဉ်ပေးထားရမည်။

### ၂.၂.၂.၄ သီးခြားထွက်ပေါက်

မီးခိုးကာအစီအမံများဖြင့် ပြုလုပ်ထားသော မီးခိုးလုံခန်းများမှ ထွက်ပေါက်စနစ် ပေးထားပြီး အရေးပေါ်ထွက်ပြေးလွတ်မြောက်နိုင်ရန် ဆောင်ရွက်ထားရှိရမည်။

### ၂.၂.၂.၅ အလိုအလျောက်ရေဖျန်းသတ်သည့်စနစ်များ

အလိုအလျောက် ရေဖျန်းသတ်သည့်စနစ်များကို မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထား သော မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များ (၂၀၂၀)နှင့်အညီ နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဆောက်အအုံများအတွက် စီစဉ်ပေးရမည်။

### ၂.၂.၂.၆ မီးလှန့်အချက်ပေးစနစ်များ

မီးလှန့်အချက်ပေးစနစ်ကို မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာစံချိန်စံညွှန်းသတ်မှတ်ချက်များ (၂၀၂၀)နှင့်အညီ စီစဉ်ပေးရမည်။

## ၂.၂.၃ ပညာရေးဆိုင်ရာအဆောက်အအုံများ

### ၂.၂.၃.၁ အသက်အရွယ်အဆင့်အလိုက် အုပ်စုခွဲခြားမှုများနှင့်စာသင်ခန်းများ

သက်ဆိုင်ရာပညာရေးဆိုင်ရာ အာဏာပိုင်အဖွဲ့များတွင် အခြားနည်းသတ်မှတ် မထားပါက သက်ဆိုင်ရာအသက်နှင့် အဆင့်အလိုက် အဖွဲ့အသီးသီးရှိ ကလေးအရေအတွက် နှင့် လိုအပ်သော အနည်းဆုံးကြမ်းခင်းဧရိယာသည် အောက်ပါစံနှုန်းများနှင့် ကိုက်ညီရမည်။

**ဇယား ၂.၂.၃ အဆင့်အသီးသီးအလိုက် စာသင်ခန်းများတွင် အသက်အရွယ် အဆင့်အလိုက် အုပ်စုဖွဲ့မှုများနှင့် ကြမ်းခင်းဧရိယာ လိုအပ်ချက်များ**

| အဆင့်များ | အခန်းတစ်ခန်းရှိ ကလေးအရေအတွက် | စာသင်ခန်းဧရိယာ (ကလေးတစ်ဦးအတွက် စတုရန်းပေ) |
|---|---|---|
| ၄နှစ်အောက် နေ့ကလေးထိန်းဌာန | ကလေး (၁၀) ဦး | ကလေးတစ်ဦးလျှင် ၃၀ စတုရန်းပေ |
| ၆နှစ်အောက် သူငယ်တန်းကျောင်း | ကလေး (၁၅) ဦး | ကလေးတစ်ဦးလျှင် ၃၀ စတုရန်းပေ |
| ပထမတန်းမှ စတုတ္ထတန်း၊ မူလတန်းအဆင့်များ | ကလေး (၂၅) ဦး | ကလေးတစ်ဦးလျှင် ၂၅ စတုရန်းပေ |
| ပဉ္စမတန်းမှ အဋ္ဌမတန်း၊ အလယ်တန်းအဆင့်များ | ကလေး (၄၀) ဦး | ကလေးတစ်ဦးလျှင် ၂၀ စတုရန်းပေ |
| အထက်တန်းအဆင့်များ | ကလေး (၄၀) ဦး | ကလေးတစ်ဦးလျှင် ၂၀ စတုရန်းပေ |

စာသင်ခန်းများအားလုံးတွင် အတန်းနှင့်စပ်လျဉ်း၍ အများနှင့်ဆိုင်သောပစ္စည်းများ ထားရှိရန် သိုလှောင်ရာနေရာရှိရမည်။ နေ့ကလေးထိန်းကျောင်းများနှင့် သူငယ်တန်းများအတွက် ကစားရန် နေရာများနှင့် အနားယူရန်/ အိပ်စက်ရန်နေရာများ သီးခြားရှိရမည်။ အတန်းအားလုံး အတွက် စာသင်ခန်းအားလုံး၏အနံသည် အများဆုံး ၃၅ ပေထက် မကျော်လွန်ရ။ စာသင်ခန်းများ တွင် ကြမ်းခင်းဧရိယာ၏ ၁၅ ရာခိုင်နှုန်းထက် မလျော့သော ပြတင်းပေါက်နေရာများရှိရမည် ဖြစ်ပြီး ပြတင်းပေါက်အောက်ခြေဘောင်၏ အမြင့်သည် ၃ ပေ ထက်မလျော့ရ။ ထို့ပြင် လက်ရန်း အမြင့်သည် အပိုဒ် ၂.၅.၇.၃ နှင့် ညီရမည်။ စာသင်ခန်းများ၏ အမြင့်သည် အနည်းဆုံး ၉ ပေ ဖြစ်ရ မည်။ စာသင်ခန်းအားလုံးကို အမိုးမိုးထားသော စင်္ကြံလမ်းများ သို့မဟုတ် စင်္ကြံနှင့် တစ်ဆက် စပ်တည်း ဖြစ်ရမည်။

### ၂.၂.၃.၂ အထွေထွေလိုအပ်ချက်များ

ပညာရေးဆိုင်ရာ အဆောက်အအုံအားလုံးတွင် ကျောင်းသားတစ်ယောက်လျှင် အနည်းဆုံးကြမ်းခင်းဧရိယာ (၇) စတုရန်းပေနှင့် ကျောင်းသားအားလုံး၏ အနည်းဆုံး ၅၀ ရာခိုင်နှုန်း တက်ရောက်နိုင်သည့် ဆရာနှင့်ကျောင်းသားများ စုဝေးရာနေရာများရှိရမည်။ မြို့ပေါ်ကျောင်းများအတွက် လုံလောက်သောယာဉ်ရပ်နားရန်နေရာနှင့် ကျောင်းသားများအား လိုက်လံပို့ဆောင်မှုကို ထည့်သွင်းစဉ်းစားရမည်။ အခန်းတစ်ခန်းတွင်အများဆုံး ဆရာ၊ ဆရာမ

(၈)ယောက်ဆံ့ နားနေခန်းများရှိသင့်ပြီး ဆရာ၊ ဆရာမတစ်ဦးအတွက် အနည်းဆုံး (၈၀) စတုရန်းပေရှိသင့်သည်။ ဆရာ၊ ဆရာမများနှင့် ကျောင်းသားများအတွက် အိမ်သာအဆောက်အအုံများ သီးသန့်ရှိရမည်ဖြစ်ပြီး ကျောင်းသားများအတွက် အိမ်သာများကို မူးယစ်ဆေးဝါးများအလွဲသုံးစွဲမှုနှင့် အခြားဥပဒေနှင့်မညီသည့် လုပ်ဆောင်မှုများကို စစ်ဆေးနိုင်သည့် အခြေအနေရှိရမည်။ ကျောင်းအားလုံးတွင် ကျောင်းစာကြည့်တိုက်နှင့် ကွန်ပျူတာအထောက်အပံ့ပစ္စည်းများရှိရမည်။ ကျောင်းအားလုံးတွင် ကျောင်းသားများအတွက် ကာယပညာ၊ လက်မှုပညာနှင့် အိမ်တွင်းမှုသိပ္ပံပညာနှင့်စပ်လျဉ်းသည့် အဆောက်အအုံများအတွက် နေရာရှိရမည်။ ဤအခန်း၏ မြေကွက်လပ်နေရာ လိုအပ်ချက်များအပြင် ကျောင်းသား ၅၀၀ အထက်ရှိကျောင်းအားလုံးအတွက် ၂၀၀၀၀ စတုရန်းပေနီးပါးရှိသော ကစားကွင်းရှိသင့်သည်။

**၂.၂.၃.၃ ဟင်းလင်းပြင်နေရာများအတွက်လိုအပ်ချက်များ**

သက်ဆိုင်ရာစံနှုန်းနှင့် စပ်လျဉ်း၍ ဟင်းလင်းပြင်နေရာ လိုအပ်ချက်များသည် အောက်ဖော်ပြပါ ဇယား ၂.၂.၃.၂ အတိုင်းဖြစ်ရမည်။

**ဇယား ၂.၂.၃.၂ သက်ဆိုင်ရာအဆင့်များအတွက် ဟင်းလင်းပြင်နေရာလိုအပ်ချက်များ**

| အဆင့်များ | အမိုးမိုးထားသော ဟင်းလင်းပြင်နေရာ (အနည်းဆုံး) | ဟင်းလင်းပြင်နေရာများ (အနည်းဆုံး) | လဟာပြင်ဇရပ် (အနည်းဆုံး) |
|---|---|---|---|
| ၄ နှစ်အောက် နေ့ကလေးထိန်းဌာန | ကလေးတစ်ဦးလျှင် ၁၀ စတုရန်းပေ | ကလေးတစ်ဦးလျှင် ၁၀ စတုရန်းပေ | |
| ၆ နှစ်အောက် သူငယ်တန်းကျောင်း | ကလေးတစ်ဦးလျှင် ၁၀ စတုရန်းပေ | ကလေးတစ်ဦးလျှင် ၁၀ စတုရန်းပေ | |
| ပထမတန်းမှ စတုတ္ထတန်း၊ မူလတန်းအဆင့် | | ကလေးတစ်ဦးလျှင် ၁၅ စတုရန်းပေ | ကလေးတစ်ဦးလျှင် ၁၀ စတုရန်းပေ |
| ပဥ္စမတန်းမှ အဋ္ဌမတန်း၊ အလယ်တန်းအဆင့် | | ကလေးတစ်ဦးလျှင် ၂၀ စတုရန်းပေ | ကလေးတစ်ဦးလျှင် ၁၀ စတုရန်းပေ |
| အထက်တန်း အဆင့်များ | | ကလေးတစ်ဦးလျှင် ၂၀ စတုရန်းပေ | ကလေးတစ်ဦးလျှင် ၁၀ စတုရန်းပေ |

## ၂.၂.၃.၄ အဆင့်မြင့်ပညာရေး အဖွဲ့အစည်းအတွက် အထွေထွေလိုအပ်ချက်များ

အဆင့်မြင့်ပညာရေးအဖွဲ့အစည်းအတွက် အထွေထွေလိုအပ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အဆင့်မြင့်ပညာရေးအဖွဲ့အစည်းတွင် ပညာရေးနှင့် အပန်းဖြေစရာအဆောက်အအုံများ စီစဉ်ပေးရန် လုံလောက်သော မြေနေရာနှင့်အတူ သီးခြားခြံဝင်းရှိရမည်၊

(ခ) အဆင့်မြင့်ပညာရေးအဖွဲ့အစည်းသည် စာကြည့်တိုက်များ၊ ရုပ်/သံတင်ဆက်မှုများ အစရှိသည့် လုပ်ငန်းများနှင့် ပံ့ပိုးမှုအစီအမံများ စီစဉ်ပေးထားရမည်၊

(ဂ) အဆင့်မြင့်ပညာရေးအဖွဲ့အစည်းတွင် ကျောင်းသားများအတွက် အားကစားနှင့်ဆိုင်သော အထောက်အပံ့ပစ္စည်းများ ရှိရမည်။

(ဃ) အဆင့်မြင့်ပညာရေးအဖွဲ့အစည်းတွင် ကျောင်းသားများနှင့် ဝန်ထမ်းများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အထောက်အပံ့ပစ္စည်းများရှိရမည်။

## ၂.၂.၃.၅ ကျောင်းအသစ်ဒီဇိုင်းအတွက်လိုအပ်ချက်များ

အောက်ဖော်ပြပါလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရမည်-

(က) အဆောက်အအုံတွင် ကျန်းမာရေး၊ ဘေးကင်းမှုနှင့်လုံခြုံမှုအတွက် စီစဉ်ပေးသင့်သည်၊

(ခ) သင်ယူမှုပတ်ဝန်းကျင်တွင် သင်ကြားခြင်းနှင့် သင်ယူခြင်းကို မြှင့်တင်သင့်ပြီး သင်ယူသူအားလုံး၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားသင့်သည်၊

(ဂ) သင်ယူမှုပတ်ဝန်းကျင်သည် လူမှုအဖွဲ့အစည်းများအတွက် အဓိကနေရာအဖြစ် အသုံးဝင်အကျိုးပြုသင့်သည်။

(ဃ) သင်ယူမှုပတ်ဝန်းကျင်သည် အကျိုးသက်ဆိုင်သူအားလုံးပါဝင်သည့် စီမံကိန်း၊ ဒီဇိုင်းလုပ်ငန်းစဉ်မှ အကျိုးရလဒ်အဖြစ် တည်ရှိသင့်သည်။

(င) သင်ယူမှုပတ်ဝန်းကျင်သည် လိုအပ်သည့် ပြောင်းလဲမှုများအတွက် လိုက်လျောညီထွေရှိပြီး ပြုလွယ်ပြင်လွယ်ရှိသင့်သည်။

(စ) သင်ယူမှုပတ်ဝန်းကျင်သည် ရရှိနိုင်သော အရင်းအမြစ်အားလုံးကို ထိရောက်စွာ အသုံးပြုသင့်သည်။

### ၂.၂.၃.၆ လက်ရှိဒီဇိုင်းပုံစံထုတ်ခြင်းဆိုင်ရာလမ်းညွှန်ချက်များ

လက်ရှိဒီဇိုင်းပုံစံထုတ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များတွင် အောက်ပါအချက်များ ပါဝင်သည်။

၁။ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် ဒီဇိုင်းပုံစံထုတ်ခြင်း၊

၂။ နေထိုင်သူများလုံခြုံရေးအတွက် အဓိကရည်ရွယ်သည့် ဒီဇိုင်းပုံစံထုတ်ခြင်း

၃။ နေ့အလင်းရောင် ပိုမိုရရှိစေရန်နှင့် သက်တောင့်သက်သာဖြစ်စေရန် (comfort control) ပုံစံထုတ်ခြင်း၊

၄။ ရေရှည်အသုံးပြုနိုင်သည့် ပုံစံထုတ်ခြင်း။

## ၂.၂.၄ အမိုးမိုးထားသောဈေးဆိုင်တန်းနှင့် လဟာပြင်ဈေးဆိုင်တန်း အဆောက်အအုံများ

### ၂.၂.၄.၁ နယ်ပယ်

ဤအပိုဒ်ပါပြဋ္ဌာန်းချက်များကို အမိုးမိုးထားသည့် ဈေးဆိုင်တန်းများအဖြစ် ဤတွင် သတ်မှတ်ထားသည့် ၃ ထပ် ထက်မပိုသော သို့မဟုတ် သတ်မှတ်ပြင်ညီအဆင့် အထက် ၃ ထပ် ထက်မပိုသော အဆောက်အအုံများတွင် သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံများတွင် လိုက်နာကျင့်သုံးရမည်။ ဤအပိုဒ်အရ အထူးလိုအပ်သည့် အခါမှတစ်ပါး အမိုးမိုးထားသော ဈေးဆိုင်တန်းအဆောက်အအုံများသည် ဤလမ်းညွှန်ချက်ပါ သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

ခြွင်းချက် -

(က) စီးပွားရေးလုပ်ငန်းအုပ်စုများ ခ Group-B နှင့် အမြဲတမ်းနေထိုင်သော အုပ်စုများ ဒ Group-R တို့၏ အဝင်ခန်းမများ (foyers)နှင့် ဧည့်ကြိုခန်းများ (lobbies)သည် ဤအပိုဒ်နှင့် ကိုက်ညီရန် မလိုအပ်ပါ။

(ခ) အဆောက်အအုံများသည် ဤလမ်းညွှန်ချက်ပါ အခြားသက်ဆိုင်ရာ ပြဋ္ဌာန်းချက်များ နှင့် အပြည့်အဝကိုက်ညီပါက ဤအပိုဒ်ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရန်မလိုအပ်ပါ။

### ၂.၂.၄.၂ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

ဤအခန်းနှင့် ဤလမ်းညွှန်ချက်ပါအခြားအခန်းတွင် အသုံးပြုထားသည့်အတိုင်း အောက်ဖော်ပြပါစကားလုံးများနှင့် ဝေါဟာရများသည် ဤအပိုဒ်တွင် ဖော်ပြထားသည့်အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။

**ပင်မကုန်တိုက်အဆောက်အအုံ (Anchor Building)** – အမိုးမိုးထားသော ဈေးဆိုင်တန်း အဆောက်အအုံနှင့် တိုက်ရိုက်ဝင်ထွက်မှုရှိသော၊ သို့သော် အမိုးမိုးထားသောဈေးဆိုင်တန်းနှင့် သက်ဆိုင်သောလိုအပ်သည့် ဝင်ထွက်ရန် ချဉ်းကပ်လမ်းများရှိသော အုပ်စု ဧ H မှအပ အုပ်စု တစ်ခု၏ နယ်နမိတ်သတ်မှတ်လိုင်းပါရှိသည့် အဆောက်အအုံကို ဆိုလိုသည်။

**အမိုးမိုးထားသော ဈေးဆိုင်တန်းအဆောက်အအုံ** (Covered Mall Building) – အိမ်ငှားများ နှင့် နေထိုင်သူများပူးပေါင်းထားသည့် တစ်ခုတည်းသောအဆောက်အအုံ၊ (ဥပမာ - ၂ ဦး သို့မဟုတ် ၂ ဦးထက်ပိုသော အိမ်ငှားများတွင် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အမိုးမိုး ထားသည့် ဈေးဆိုင်တန်းအဆောက်အအုံသို့ ဝင်သည့် အဓိကဝင်ပေါက်ရှိသည့်နေရာ၌ လက်လီရောင်းသည့်ဆိုင်များ၊ စားသောက်ခန်း၊ ဖျော်ဖြေတင်ဆက်မှုနှင့် အပန်းဖြေအဆောက် အအုံများ၊ ခရီးသည်သယ်ယူပို့ဆောင်ရေးဂိတ်များ၊ ရုံးများနှင့်အခြားအလားတူအသုံးပြုမှုများ) ပါဝင်သည်။ ဤအခန်းတွင် အုတ်မြစ်ခိုင်မြဲအောင် ဆောက်လုပ်ထားသည့် အဆောက်အအုံကို အမိုးမိုးထားသော ဈေးဆိုင်တန်းအဆောက်အအုံ၏ အစိတ်အပိုင်းတစ်ခုအဖြစ် မမှတ်ယူသင့် ပါ။ "အမိုးမိုးထားသော ဈေးဆိုင်တန်းအဆောက်အအုံ" ဆိုသည့် ဝေါဟာရအောက်တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် လဟာပြင်ဈေးဆိုင်တန်း အဆောက်အအုံများ ပါဝင်ရမည်။

**ဈေးဆိုင်တန်း** – ၂ ဦး သို့မဟုတ် ၂ ဦး ထက်ပိုသော အိမ်ငှားများအတွက် ဝင်ပေါက်အဖြစ် အသုံးဝင်သောနှင့် အထပ်အချင်းချင်းကို ဆက်သွယ်ပြီး ၃ထပ် ထက်မပိုသော အမိုးမိုးထား သည့် ဈေးဆိုင်တန်း အဆောက်အအုံအတွင်းရှိ အမိုးမိုးထားသော သို့မဟုတ် ကာထားသော အများပြည်သူလျှောက်လမ်းများအတွက် နေရာကိုဆိုလိုသည်။ "ဈေးဆိုင်တန်း" ဆိုသည့် စကားရပ်တွင် အောက်တွင်အဓိပ္ပါယ်ဖွင့်ဆိုထားသည့် လဟာပြင်ဈေးဆိုင်တန်းများ ပါဝင်ရမည်။

**လဟာပြင်ဈေးဆိုင်တန်း** – ၃ထပ်ထက်မပိုဘဲ အိမ်ငှားများအတွက် အသုံးဝင်သော အမိုးမိုး မထားသည့် အများပြည်သူလျှောက်လမ်းပါဝင်ပြီး ပြင်ညီအဆင့်အထက်ရှိ အထပ်များတွင် လှည့်ပတ်သွားလာမှုကို ပြင်ညီအဆင့်တွင် ပြင်ပလသာဆောင်များမှတဆင့် ထွက်ပေါက်သို့ ထွက်ရောက်နိုင်ရမည်။

**လဟာပြင်ဈေးဆိုင်တန်း အဆောက်အအုံ** – အိမ်ငှားများအတွက် နေရာထိုင်ခင်းပေး ထားသော ဖွဲ့စည်းတည်ဆောက်ပုံများ ဥပမာ ၂ ဦး သို့မဟုတ် ၂ ဦးထက်ပိုသော အိမ်ငှားများ တွင် ၁ ခု သို့မဟုတ် ၁ ခုထက်ပိုသော လဟာပြင်ဈေးဆိုင်တန်းသို့ဝင်ရန် အဓိကဝင်ပေါက် ရှိသည့် နေရာ၌ လက်လီရောင်းသည့်ဆိုင်များ၊ စားသောက်ခန်းများ၊ ဖျော်ဖြေတင်ဆက်မှုနှင့် အပန်း ဖြေအဆောက်အအုံများ၊ ရုံးများနှင့် အခြားအလားတူအသုံးပြုမှုများ၊ မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာစံချိန်စံညွှန်းလမ်းညွှန်ချက်များ၏ အပိုင်း(၄)တွင် ဖော်ပြထားသော

အုတ်မြစ်ခိုင်မြဲစေရန် ဆောက်လုပ်ထားသည့် အဆောက်အအုံများကို လဟာပြင်ဈေးဆိုင်တန်းအဆောက်အအုံ၏ အစိတ်အပိုင်းတစ်ခုအဖြစ် မမှတ်ယူရ။

**စားသောက်ခန်း** – အစားအသောက်ပြင်ဆင်ရန်အတွက် အငှားနေရာနှင့် ကပ်လျက်ရှိသော ဈေးဆိုင်တန်းရှိ အများပြည်သူအသုံးပြုရန်နေရာများ ပါဝင်သည်။

**စုစုပေါင်းငှားရမ်းနိုင်သောဧရိယာ** - အငှားနေထိုင်မှုနှင့် သီးသန့်အသုံးပြုမှုအတွက် ဒီဇိုင်းရေးဆွဲထားသည့် စုစုပေါင်းကြမ်းခင်းဧရိယာများနှင့် အငှားနေထိုင်မှုဧရိယာကို ပူးတွဲကာရံထားသည့်နံရံ၏ အလယ်မျဉ်းမှ အပြင်နံရံများအထိ တိုင်းတာနိုင်သည်။ သို့လှောင်မှုအတွက် အသုံးပြုရာနေရာအပါအဝင် အငှားဧရိယာအားလုံးကို စုစုပေါင်းငှားရမ်းနိုင်သော ဧရိယာတွက်ချက်ရာတွင် ထည့်သွင်းတွက်ချက်ရမည်။

## ၂.၂.၄.၃ အငှားစီမံချက်

အမိုးမိုးထားသော ဈေးဆိုင်တန်းအဆောက်အအုံပိုင်ရှင်အသီးသီးသည် နေထိုင်မှုလက်မှတ်ထုတ်ပေးပြီးနောက် အဆောက်အအုံနှင့် မီးသတ်ဦးစီးဌာနများမှ စီစဉ်ပေးသော အသုံးချနေရာနှင့် ထွက်ပေါက်များကိုဖော်ပြသည့် အငှားစီမံချက်နှင့် အတူစီစဉ်ပေးရမည်။ နေထိုင်မှုပြုစဉ် သို့မဟုတ် အသုံးပြုနေစဉ် ပြုပြင်မွမ်းမံခြင်းများ သို့မဟုတ် ပြောင်းလဲခြင်းများကို အဆောက်အအုံဆိုင်ရာအရာရှိ၏ ကြိုတင်သဘောတူညီချက်မပါဘဲ မပြုလုပ်ရ။

## ၂.၂.၄.၄ အရေးပေါ်ထွက်ပေါက် နည်းစနစ်များ

အငှားနေရာနှင့် အမိုးမိုးထားသော ဈေးဆိုင်တန်းအဆောက်အအုံအသီးသီးကို အခန်း ၂.၆ လွတ်မြောက်ရာလမ်းကြောင်း (ထွက်ပေါက်)အရ လိုအပ်သည့်အတိုင်း စီစဉ်ဆောင်ရွက်ပေးရမည်။

## ၂.၂.၄.၅ ဈေးဆိုင်တန်း၏အကျယ်

လိုအပ်သော ထွက်ပြေးလွတ်မြောက်နိုင်မှုစီစဉ်ပေးရန်အလို့ငှာ ဈေးဆိုင်တန်း၏ အကျယ်သည် ဤအပိုဒ်တွင် သတ်မှတ်ထားသည့်အတိုင်း ဈေးဆိုင်တန်းများကို လူသွားစင်္ကြံများအဖြစ် သတ်မှတ်ရန်ခွင့်ပြုမည်။ သို့သော် ဤလမ်းညွှန်ချက်၏ အခန်း ၂.၆ လွတ်မြောက်ရာလမ်းကြောင်း (ထွက်ပေါက်)ပါ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် မလိုအပ်ပါ။

### ၂.၂.၄.၅.၁ အနည်းဆုံးအကျယ်

ဈေးဆိုင်တန်း၏ အနည်းဆုံးအကျယ်သည် ပေ ၂၀ (၆၀၉၆ မီလီမီတာ) ဖြစ်ရမည်။ ဈေးဆိုင်တန်း၏အကျယ်သည် အသုံးပြုသူများအတွက် လုံလောက်မှုရှိရမည်။ ဈေးဆိုင်

တန်းနှင့် ကပ်လျက်ရှိသော အငှားနေရာအစွန်းနှင့် အနီးဆုံးမုန့်ဆိုင်၊ အလိုအလျောက် အရောင်းစက်၊ ခုံရှည်၊ ကုန်စည်ပြသခြင်း၊ စားသောက်ခန်း သို့မဟုတ် အရေးပေါ်ထွက် ပေါက်နည်းစနစ်ကို အခြားနည်းပိတ်ပင်ခြင်းအကြား တောက်လျှောက်ထွက်ပေါက် အသားတင်အကျယ်သည် အနည်းဆုံး ၁၀ပေ (၃၀၄၈ မီလီမီတာ)နှင့် အသားတင်အမြင့်ပေ ၈ပေ (၂၄၃၈ မီလီမီတာ) ရှိရမည်။

### ၂.၂.၄.၅.၂ လဟာပြင်ဈေးဆိုင်တန်းအနည်းဆုံးအကျယ်

လဟာပြင်ဈေးဆိုင်တန်းတွင် ပြင်ညီအဆင့်အထက်ရှိ ကြမ်းပြင်နှင့်ခေါင်မိုးအကြား အနည်းဆုံးအကျယ်သည် ပေ ၂၀ (၆၀၉၆ မီလီမီတာ) ရှိရမည်။

### ၂.၂.၄.၆ မီးဘေးဒဏ်ခံနိုင်မှု ပိုင်းခြားသတ်မှတ်ခြင်း

အငှားနေရာများနှင့် ဈေးဆိုင်တန်းအကြား မီးဘေးဒဏ်ခံနိုင်မှု ပိုင်းခြားသတ်မှတ်ခြင်း မလိုအပ်ပါ။ စားသောက်ဆိုင်နှင့်ကပ်လျက်ရှိ အငှားနေရာ သို့မဟုတ် ဈေးဆိုင်တန်း အကြား မီးဘေးဒဏ်ခံနိုင်မှု ပိုင်းခြားသတ်မှတ်ခြင်း မလိုအပ်ပါ။

### ၂.၂.၄.၆.၁ ပူးတွဲထားသောကားဂိုဒေါင်

၉ ယောက် ထက်မပိုသည့် ခရီးသည်တင်ယာဉ်များထားရန် ပူးတွဲထားသော ကားဂိုဒေါင်နှင့်မြေကွက်လပ်ရှိ ကားဂိုဒေါင်များကို မီးသတ်ဦးစီးဌာနမှသတ်မှတ်ထားသော မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ (၂၀၂၀)နှင့်အညီ ဆောက်လုပ်ထားသော ၂ နာရီထက်မနည်း မီးဘေးဒဏ်ခံနိုင်သည့် အမိုးမိုးထားသော ဈေးဆိုင်တန်းအဆောက်အအုံနှင့် ခွဲထားသည့် သီးခြားအဆောက်အအုံအဖြစ် မှတ်ယူရမည်။

**ခြွင်းချက်** - မြေကွက်လပ်ရှိ ကားရပ်နားရန်နေရာ သို့မဟုတ် ပူးတွဲထားသည့် ကားဂိုဒေါင်ကို အမိုးမိုးထားသည့် ဈေးဆိုင်တန်းအဆောက်အအုံ သို့မဟုတ် foundation ခိုင်မြဲအောင် ဆောက်လုပ်ထားသည့် အဆောက်အအုံနှင့် ၁၀ ပေ (၃၀၄၈ မီလီမီတာ) အကွာ ခွဲထားပါက မီးဘေးဒဏ်ခံနိုင်မှု သတ်မှတ်လိုအပ်ချက်များပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

မြေကွက်လပ်ရှိ ကားရပ်နားရန်နေရာ သို့မဟုတ် ပူးတွဲထားသော ကားဂိုဒေါင်နှင့် အမိုးမိုးထားသော ဈေးဆိုင်တန်းအဆောက်အအုံ သို့မဟုတ် foundation မြဲအောင် ဆောက်လုပ်ထားသည့် အဆောက်အအုံကို ပူးတွဲထားသည့် လူသွားစင်္ကြံနှင့် ဥမင်လိုဏ် ခေါင်းများကို အခန်း ၂.၄၊ အထူးအဆောက်အအုံနှင့် တည်ဆောက်ပုံပါ လူသွားစင်္ကြံနှင့် ဥမင် လိုဏ်ခေါင်းများနှင့်အညီ ဆောက်လုပ်ရမည်။

### ၂.၂.၄.၆.၂ အငှားနေရာခွဲခြားထားခြင်း

မီးသတ်ဦးစီးဌာနမှသတ်မှတ်ထားသော မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ(၂၀၂၀)နှင့်အညီ မီးဘေးဒဏ်ခံနိုင်သောနံရံအကာဖြင့် အငှားနေရာအသီးသီးကို အခြားအငှားနေရာများနှင့် ခွဲခြားထားရမည်။

အငှားနေရာခွဲခြားထားသည့်နံရံသည် အငှားနေရာနှင့် ဈေးဆိုင်တန်းအကြား မလိုအပ်ပါ။

### ၂.၂.၄.၆.၃ ပင်မကုန်တိုက် အဆောက်အအုံကို ခွဲခြားခြင်း

မီးသတ်ဦးစီးဌာနမှသတ်မှတ်ထားသော မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာစံချိန်စံညွှန်းသတ်မှတ်ချက်များ (၂၀၂၀)နှင့်အညီ မီးဒဏ်ခံနိုင်သောနံရံများဖြင့် ပင်မကုန်တိုက်အဆောက်အအုံကို အမိုးမိုးထားသော ဈေးဆိုင်တန်းအဆောက်အအုံများနှင့် ခွဲခြားထားရမည်။

**ခြွင်းချက်**။ အမိုးမိုးထားသောဈေးဆိုင်တန်း အဆောက်အအုံငှားရမ်းသူများကို ခွင့်ပြုထားသည့် အတိုင်းအသုံးချနေရာ အမျိုးအစားခွဲခြားခြင်းရှိသည့် သတ်မှတ်ပြင်ညီအဆင့်အထက် ၃ ထပ် ထက်မပိုသော အုတ်မြစ်ခိုင်မြဲအောင်ဆောက်လုပ်ထားသည့် အဆောက်အအုံများကို မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာစံချိန်စံညွှန်းသတ်မှတ်ချက်များ(၂၀၂၀)နှင့်အညီ ၂ နာရီကြာ မီးဒဏ်ခံနိုင်သော အကာအကွယ်များဖြင့် ပိုင်းခြားထားရမည်။

### ၂.၂.၄.၇ အတွင်းပိုင်းအချောသပ်ခြင်း

ဈေးဆိုင်တန်းနှင့် ထွက်ပေါက်များအတွင်း အတွင်းပိုင်းနံရံနှင့် မျက်နှာကြက် အချောသပ်ခြင်းများတွင် မီးမလောင်လွယ်သော ပစ္စည်းများရှိရမည်ဖြစ်ပြီး ကြမ်းပြင်များကို ချော်မလဲနိုင်စေရန် ပြုလုပ်ရမည်။

### ၂.၂.၄.၈ အလိုအလျောက် ရေဖျန်းသတ်သည့်စနစ်

အမိုးမိုးထားသော ဈေးဆိုင်တန်းအဆောက်အအုံနှင့် ဆက်စပ်အဆောက်အအုံများကို မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ(၂၀၂၀)နှင့်အညီ အလိုအလျောက်ရေဖျန်းစနစ် တပ်ဆင်ရမည်ဖြစ်ပြီး အောက်ဖော်ပြပါ အချက်များနှင့်အညီ ဖြစ်ရမည်။

(က) အမိုးမိုးထားသော ဈေးဆိုင်တန်းအဆောက်အအုံရှိ အလိုအလျောက် ရေဖျန်းသတ်သည့်စနစ်သည် အငှားနေရာများတွင် နေထိုင်အသုံးမပြုမီ သုံးစွဲနေသောနေရာအားလုံးတွင် ပြီးပြည့်စုံ၍ အသုံးပြုနိုင်ရန် အဆင်သင့်ဖြစ်အောင် လုပ်ဆောင်ရမည်

ဖြစ်သည်။ အသုံးပြုမှုမရှိသေးသော အငှားနေရာလွတ်များကို ခွင့်ပြုထားသော အခြားကာကွယ်ရေးစနစ်မရှိပါက အလားတူကာကွယ်ပေးရမည်။

(ခ) ဈေးဆိုင်တန်းရှိ အလိုအလျောက် ရေဖျန်းပေးသည့်စနစ်သည် အငှားနေရာများသို့မဟုတ် ပင်မကုန်တိုက်အတွက် သတ်မှတ်ထားသည့် အလိုအလျောက် ရေဖြန်းပေးသည့်စနစ်နှင့် သီးခြားဖြစ်ရမည်။ အငှားနေရာများကို အလားတူစနစ်ဖြင့် ထောက်ပံ့ပေးပါက ၎င်းတို့ကို သီးခြားထိန်းချုပ်ရမည်။

### ၂.၂.၄.၈.၁ မီးသတ်ပိုက်စနစ်

အမိုးမိုးထားသော ဈေးဆိုင်တန်းအဆောက်အအုံကို မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ (၂၀၂၀)အရ လိုအပ်သည့်အတိုင်း မီးသတ်ပိုက်စနစ် တပ်ဆင်ရမည်ဖြစ်သည်။

### ၂.၂.၄.၉ မီးခိုးထိန်းချုပ်မှု

အမိုးမိုးထားသော ဈေးဆိုင်တန်းအဆောက်အအုံတွင် မိုးလုံလေလုံဗဟိုဟင်းလင်းခွင်နေရာ (atrium) ပါပါက မီးခိုးထိန်းချုပ်မှုစနစ် တပ်ဆင်ရမည်။

**ခြွင်းချက်**။ မိုးလုံလေလုံ ဗဟိုဟင်းလင်းခွင်နေရာ (atrium) သည် ၂ ထပ်သာလျှင် ဆက်စပ်နေပါက အမိုးမိုးထားသော ဆိုင်တန်းအဆောက်အအုံများတွင် မီးခိုးထိန်းချုပ်မှုစနစ် မလိုအပ်ပါ။

### ၂.၂.၄.၁၀ ဆိုင်ခန်းငယ်များ

ဆိုင်ခန်းငယ်များနှင့်အလားတူ ဖွဲ့စည်းတည်ဆောက်မှုများ (ယာယီ သို့မဟုတ် အမြဲတမ်း) သည် အောက်ဖော်ပြပါ လိုအပ်ချက်များနှင့် ကိုက်ညီရမည်။

(က) မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာစံချိန်စံညွှန်းသတ်မှတ်ချက်များ(၂၀၂၀)အရ ခွင့်ပြုမထားပါက မီးလောင်လွယ်သော ဆိုင်ခန်းငယ်များနှင့် အခြားဖွဲ့စည်းတည်ဆောက်မှုများ ဈေးဆိုင်တန်းအတွင်း မရှိစေရ။

(ခ) ဈေးဆိုင်တန်းအတွင်းရှိ ဆိုင်ခန်းငယ်များ သို့မဟုတ် အလားတူ ဖွဲ့စည်းတည်ဆောက်မှုများကို ခွင့်ပြုထားသော မီးဘေးနှိမ်နင်းရေးနှင့် ထောက်လှမ်းရေးပစ္စည်းများ ပံ့ပိုးပေးရမည်။

(ဂ) ဈေးဆိုင်တန်းအတွင်းရှိ ဆိုင်ခန်းငယ် သို့မဟုတ် ယင်းအုပ်စုဝင်များနှင့် အခြားဖွဲ့စည်းတည်ဆောက်ပုံများအကြား အနည်းဆုံးအလျားလိုက် ပိုင်းခြားထားမှုသည် ပေ ၂၀ (၆၀၉၆ မီလီမီတာ) ဖြစ်ရမည်။

(ဃ) ဆိုင်ခန်းငယ်သီးသီး သို့မဟုတ် အလားတူ ဖွဲ့စည်းတည်ဆောက်မှု သို့မဟုတ် ယင်း၏ အုပ်စုဝင်များတွင် အများဆုံးဧရိယာ ၃၀၀ စတုရန်းပေ (၂၈ စတုရန်းမီတာ) ရှိရမည်။

(င) ဆိုင်ခန်းငယ်များတွင် မီးတောက်မြင်နေရသော လုပ်ငန်းမရှိစေရ။

**၂.၂.၄.၁၁ ကလေးကစားကွင်းတည်ဆောက်ပုံများ**

အမြင့် ၁၀ ပေ (၃၀၄၈ မီလီမီတာ) နှင့် ဧရိယာ ၁၅၀ စတုရန်းပေ (၁၄ စတုရန်းမီတာ) ထက်ပိုသည့် ကလေးကစားကွင်းများအဖြစ် ရည်ရွယ်သည့် တည်ဆောက်ပုံများသည် အမိုးမိုးထားသည့် ဈေးဆိုင်တန်းနှင့် လဟာပြင်ဈေးဆိုင်တန်း အဆောက်အအုံများအခန်းနှင့် ကိုက်ညီရမည်။

**၂.၂.၄.၁၁.၁ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ**

ကလေးကစားကွင်း တည်ဆောက်ပုံများကို မီးလောင်မလွယ်သော ပစ္စည်းများဖြင့် ဆောက်လုပ်ရမည်။

**၂.၂.၄.၁၁.၂ မီးဘေးကာကွယ်ခြင်း**

ဈေးဆိုင်တန်းအတွင်းရှိ ကလေးကစားကွင်း တည်ဆောက်ပုံများကို ဆိုင်ခန်းငယ်များနှင့် အလားတူ တည်ဆောက်မှုအတွက် လိုအပ်သည့် ခွင့်ပြုထားသော မီးဘေးနှိမ်နင်းရေးနှင့် မီးအန္တရာယ်အာရုံခံပစ္စည်းများ၏ အဆင့်နှင့်အညီ စီစဉ်ပေးရမည်။

**၂.၂.၄.၁၁.၃ ခွဲခြားသတ်မှတ်ခြင်း**

ကလေးကစားကွင်း တည်ဆောက်မှုများတွင် အခြားတည်ဆောက်ပုံများမှ ဈေးဆိုင်တန်းအတွင်း ပေ ၂၀ (၆၀၉၆ မီလီမီတာ) အနည်းဆုံးအလျားလိုက် ခွဲခြားသတ်မှတ်ထားခြင်း ရှိရမည်။

**၂.၂.၄.၁၁.၄ ဧရိယာကန့်သတ်ချက်များ**

အထူးစုံစမ်းစစ်ဆေးမှုအနေဖြင့် လုံလောက်သော မီးဘေးလုံခြုံရေးကို သရုပ်ပြမှု မလုပ်ပါက ကလေးကစားကွင်းတည်ဆောက်ပုံများသည် ဧရိယာ ၃၀၀ စတုရန်းပေ (၂၈ စတုရန်းမီတာ)ထက် မကျော်လွန်ရ။

**၂.၂.၄.၁၂ လုံခြုံရေးသံပန်းများနှင့်တံခါးများ**

လိုအပ်သော ထွက်ပေါက်ပြေးလွတ်မြောက်နိုင်မှုအပိုင်းဖြစ်သည့် အလျား သို့မဟုတ် ဒေါင်လိုက်လုံခြုံရေးသံပန်း သို့မဟုတ် တံခါးများသည် အောက်ဖော်ပြပါအချက်များနှင့် ကိုက်ညီရမည်။

(က) ၎င်းတို့သည် အများပြည်သူအနေဖြင့် နေထိုင်မှုကာလအတွင်း အပြည့်အဝ ဖွင့်လျက်အနေအထားရှိရမည်။

(ခ) ထွက်ပေါက်တစ်ခုတည်း အသုံးပြုသော ၁၀ယောက် သို့မဟုတ် ၁၀ ယောက်ထက် ပို၍ သုံးစွဲနေသောနေရာများ သို့မဟုတ် ထွက်ပေါက်တစ်ခုထက်ပို၍ အသုံးပြုသော အယောက် ၅၀ သို့မဟုတ် ယင်းထက်ပို၍ သုံးစွဲနေသောနေရာများတွင် တံခါးများ သို့မဟုတ် သံပန်းများသည် ပိတ်နေသော အနေအထားမဖြစ်စေရ။

(ဂ) တံခါးများ သို့မဟုတ် သံပန်းများသည် အထူးပညာရပ်သုံးခြင်း သို့မဟုတ် ကြိုးပမ်းအားထုတ်မှုမရှိဘဲ သုံးစွဲနေသောနေရာအတွင်း ဖွင့်နိုင်ရမည်။

(ဃ) ထွက်ပေါက် ၂ ခု သို့မဟုတ် ၂ ခု ထက်ပို၍ လိုအပ်သောနေရာများတွင် ထက်ဝက် (one-half) ထက်မပိုသော ထွက်ပေါက်များကို အလျားလိုက်ဆွဲသော သို့မဟုတ် ဒေါင်လိုက်ခေါက်သော သံပန်း သို့မဟုတ် တံခါးပါရှိရန် ခွင့်ပြုရမည်။

### ၂.၂.၄.၁၃ အရေးပေါ်သုံးစွမ်းအင်

စတုရန်းပေ ၅၀၀၀၀ (၄၆၄၅ စတုရန်းမီတာ) ထက်ပိုသော အမိုးမိုးထားသည့် ဈေးဆိုင်တန်းအဆောက်အအုံများကို အရေးပေါ်အသံ/ အချက်ပေးဆက်သွယ်သည့်စနစ်နှင့် မီးရောင်ရရှိနိုင်သော အရေးပေါ်သုံးစွမ်းအင်ဖြင့် စီစဉ်ပေးရမည်။

### ၂.၂.၄.၁၄ အရေးပေါ်အသံ/ အချက်ပေးဆက်သွယ်သည့်စနစ်

စုစုပေါင်းကြမ်းခင်းဧရိယာ ၅၀၀၀၀ စတုရန်းပေ (၄၆၄၅ စတုရန်းမီတာ)နှင့် အထက်ကျော်သော အမိုးမိုးထားသော ဈေးဆိုင်တန်းအဆောက်အအုံများကို အရေးပေါ်အသံ/ အချက်ပေးဆက်သွယ်သည့်စနစ် စီစဉ်ပေးရမည်။ ဈေးဆိုင်တန်းတွင် လိုအပ်သော သို့မဟုတ် အခြားအကြောင်းကြောင့်ဖြစ်စေ စီစဉ်ပေးထားသော အရေးပေါ်အသံ/ အချက်ပေးဆက်သွယ်ရေးစနစ်များသည် သက်ဆိုင်ရာအာဏာပိုင်ထံမှ သုံးခွင့်ရရှိရမည်။

### ၂.၂.၄.၁၅ ဆိုင်းဘုတ်များ၏အမြင့်နှင့်အကျယ်

ပလပ်စတစ်ဆိုင်းဘုတ်များသည် အမြင့် ၃၆ လက်မ (၉၁၄ မီလီမီတာ) ထက်မကျော်စေရ။ အကယ်၍ ဆိုင်းဘုတ်သည် ဒေါင်လိုက်ဖြစ်ပါက အမြင့်သည် ၉၆ လက်မ (၂၄၃၈ မီလီမီတာ) ထက် မကျော်ရ၊ အကျယ်သည် ၃၆ လက်မ (၉၁၄ မီလီမီတာ)ထက် မကျော်စေရ။

### ၂.၂.၄.၁၆ မီးငြိမ်းသတ်ရန်ထိန်းချုပ်သည့်နေရာ/ အခန်း

လေအေးပေးစနစ်များ၊ အလိုအလျောက် မီးငြိမ်းသတ်သည့်စနစ်များ သို့မဟုတ် မီးအန္တရာယ်အာရုံခံစနစ်၊ ဓါတ်ငွေ့သုံးမီးငြိမ်းစနစ် သို့မဟုတ် ထိန်းချုပ်ပစ္စည်းများအတွက်

ထိန်းချုပ်မှုများပါသည့်အခန်းများ သို့မဟုတ် နယ်ပယ်များကို မီးသတ်ဦးစီးဌာနက အသုံးပြုမှု အတွက် ခွဲခြားသတ်မှတ်ရမည်။

### ၂.၂.၄.၁၇ ဈေးဆိုင်တန်းအတွက်နေ့အလင်းရောင်ပေးခြင်း

စွမ်းအင်ပြတ်တောက်နေသည့်အချိန်တွင် နေ့အလင်းရောင်ပေးရန်အလို့ငှာ ပြတင်းပေါက်များပါရှိရမည်။ ပြတင်းပေါက်ဧရိယာသည် ကြမ်းခင်းဧရိယာ၏ ၁၀ ရာခိုင်နှုန်း အနည်းဆုံး ပါရှိရမည်။ ဈေးဆိုင်တန်းအတွင်း၏ မည်သည့်နေရာမှမဆို ပြတင်းပေါက်မှ ပေ ၈၀ ထက် ပိုမိုကွာဝေးခြင်း မရှိစေရ။

## ၂.၂.၅ အထပ်မြင့်အဆောက်အအုံများ

### ၂.၂.၅.၁ ပြဋ္ဌာန်းချက်

အထပ်မြင့်အဆောက်အအုံများသည် အပိုဒ် - ၂.၂.၅.၂ မှ ၂.၂.၅.၆ ပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီရမည်။

ခြွင်းချက်။ အပိုဒ် - ၂.၂.၅.၂ မှ ၂.၂.၅.၆ ပါ ပြဋ္ဌာန်းချက်များသည် အောက်ဖော်ပြပါ အဆောက်အအုံများ၊ တည်ဆောက်မှုများနှင့် မသက်ဆိုင်စေရ။

(က) ဒေသဆိုင်ရာဇုန်သတ်မှတ်ခြင်းစီမံချက်နှင့် စည်းမျဉ်းများအရ သို့မဟုတ် ဒေသဆိုင်ရာ အစိုးရများနှင့် သက်ဆိုင်ရာမြို့နယ်၊ ဒေသများရှိ စည်ပင်သာယာရေးအာဏာပိုင်က သတ်မှတ်ထားသည့်အတိုင်း ရှေးဟောင်းအဆောက်အအုံများ အနီးဝန်းကျင်တွင် အထပ်မြင့်အဆောက်အအုံများကို ဒီဇိုင်းပြုလုပ်မည်ဆိုပါက တည်နေရာနှင့်ဆက်စပ်၍ ထည့်သွင်းစဉ်းစားရန် လိုအပ်မည်။

(ခ) အပိုဒ် ၂.၂.၁၁ အရ လေကြောင်းအသွားအလာ ထိန်းချုပ်ရေးတာဝါများ

(ဂ) အပိုဒ် ၂.၂.၇.၃ အရ ယာဉ်ရပ်နားရန် မြေကွက်လပ်များ

(ဃ) ဤအပိုင်းပါ အခန်း ၂.၁ အသုံးပြုမှုနှင့် အသုံးချနေရာ အမျိုးအစားများ အုပ်စု က (A) အရ ကိုက်ညီသော အုပ်စု က-၅ (A-5) ပါ အဆောက်အအုံများ

(င) ဤအပိုင်းပါ အခန်း ၂.၃ ဧရိယာနှင့် အမြင့်သတ်မှတ်ချက်နှင့်အညီ စက်မှုဆိုင်ရာ အထူး အသုံးချနေရာများ

### ၂.၂.၅.၂ အလိုအလျောက်ရေဖျန်း၍ မီးငြိမ်းသတ်သည့်စနစ်

အဆောက်အအုံများနှင့် တည်ဆောက်မှုများကို အလိုအလျောက်ရေဖျန်း၍ မီးငြိမ်းသတ်သည့်စနစ်နှင့် မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာစံချိန်စံညွှန်းသတ်မှတ်ချက်များ (၂၀၂၀)နှင့် ကိုက်ညီရမည်။

ခြွင်းချက်။ အောက်ပါနေရာများ သို့မဟုတ် ဧရိယာများတွင် အလိုအလျောက်ရေဖျန်း၍ မီးငြိမ်းသတ်သည့်စနစ် မလိုအပ်ပါ။

(က) အပိုဒ်၂.၂.၇.၃ နှင့်အညီ ယာဉ်ရပ်နားရန် မြေကွက်လပ်များ

(ခ) ဆက်သွယ်ရေးကိရိယာ၊ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးကိရိယာ၊ ဘက်ထရီနှင့် အရေးပေါ်သုံးစက်ပစ္စည်းများအတွက် သီးခြားအသုံးပြုသော ဆက်သွယ်ရေးတာဝါတိုင်များရှိသော မြေကွက်လပ် သို့မဟုတ် ဧရိယာများကို အလိုအလျောက် မီးအန္တရာယ်အာရုံခံစနစ် တပ်ဆင်ထားရမည်။

#### ၂.၂.၅.၂.၁ အလိုအလျောက်ရေဖျန်း၍ မီးငြိမ်းသတ်သည့်စနစ်အား ပံ့ပိုးသည့် ရေပိုက်အရေအတွက်နှင့် စနစ်ပုံစံ

အမြင့်ပေ ၄၂၀ (၁၂၈ မီတာ) ထက်ကျော်သော အဆောက်အအုံများတွင် အလိုအလျောက်ရေဖျန်း၍ မီးငြိမ်းသတ်သည့်စနစ်အတွက် အနည်းဆုံး ရေပိုက် ၂ ခု ထားရှိရမည်။ ရေပိုက်အသီးသီးသည် အလိုအလျောက်ရေဖျန်း၍ မီးငြိမ်းသတ်သည့်စနစ်များကို တစ်ထပ်ခြား အထောက်အကူပြုရမည်။ အဆောက်အအုံတွင် အလိုအလျောက်ရေဖျန်း၍ မီးငြိမ်းသတ်သည့်စနစ်အတွက် ရေပိုက် ၂ ခုထက် ပိုပါရှိပါက ကပ်လျက်အထက်ရှိ အလိုအလျောက်ရေဖျန်း၍ မီးငြိမ်းသတ်သည့်စနစ်ကို အထောက်အပံ့မပြုရ။

##### ၂.၂.၅.၂.၁.၁ မီးငြိမ်းသတ်သည့်စနစ်အတွက် ပံ့ပိုးသည့် ရေပိုက်တည်နေရာ (Riser location)

အခန်း၂.၆ လွတ်မြောက်ရာလမ်းကြောင်း (ထွက်ပေါက်)ပါ ထွက်ပေါက်နှင့် ထွက်ပေါက်လမ်းကြောင်းတံခါးများ အပိုင်းအရ ထွက်ပေါက်များသည် ဝေးလံစွာတည်ရှိနေပါက အလိုအလျောက်ရေဖျန်း၍ မီးငြိမ်းသတ်သည့်ရေပိုက်များကို ထားရှိရမည်။

##### ၂.၂.၅.၂.၁.၂ လိုအပ်သော မီးသတ်ပိုက်များ ရေထောက်ပံ့ပေးခြင်း

မတူညီသည့်လမ်းများတွင် တည်ရှိနေသော အနည်းဆုံးပင်မရေပိုက် ၂ ခုဖြင့် ချိတ်ဆက်၍ လိုအပ်သော မီးသတ်ပိုက်များကို ဆက်သွယ်ပေးရမည်။

ပင်မရေပိုက်လိုင်းနှင့် ရေစုပ်စက်များအကြားချိတ်ဆက်ထားသော ဆက်သွယ်မှု အသီးသီးတွင် သီးသန့်ထောက်ပံ့သည့် ရေပိုက်လိုင်းများ တပ်ဆင်ထားရှိရမည်။ ချိတ်ဆက်မှု အသီးသီးနှင့် ရေစုပ်စက်များအကြားရှိ ထောက်ပံ့သည့် ရေပိုက်လိုင်းများအပါအဝင် ချိတ်ဆက်မှုများတွင် တည်ရှိနေသောရေပိုက်များကို လည်ပတ်စီးဆင်းမှုနှင့် လိုအပ်သော ဖိအား ထောက်ပံ့ပေးရန်အတွက် ပိုက်အရွယ်အစား သတ်မှတ်ပေးရမည်။

ခြွင်းချက်။ ။တပ်ဆင်ထားသော ပင်မရေဖြန်းဖြူးသည့်နေရာမှ တပ်ဆင်ထားသော ချိတ်ဆက်မှုသည် အနည်းဆုံး ချိတ်ဆက်မှုတစ်ခုအား နှောင့်ယှက်မှုမရှိဘဲ ရေဖြန်းဖြူးမှုပြုလုပ်နိုင်မည်ဆိုပါက တူညီသောပင်မရေဖြန်းဖြူးသည့်နေရာမှ ဆက်သွယ်မှုနှစ်ခုကို ခွင့်ပြုနိုင်သည်။

### ၂.၂.၅.၃ အရေးပေါ်စနစ်များ

အထပ်မြင့်အဆောက်အအုံများ၏ မီးအန္တရာယ်အာရုံခံစနစ်၊ သတိပေးခြင်းနှင့် အရေးပေါ်စနစ်များသည် မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ (၂၀၂၀) နှင့် ကိုက်ညီရမည်။

#### ၂.၂.၅.၃.၁ အရေးပေါ်စွမ်းအင်

အရေးပေါ်စွမ်းအင်စနစ်သည် အပိုင်း ၅ ပါ အဆောက်အအုံဝန်ဆောင်မှုများနှင့် ကိုက်ညီရမည်။

### ၂.၂.၅.၄ ထွက်ပြေးလွတ်မြောက်နိုင်မှုနည်းစနစ်များ

အထပ်မြင့်အဆောက်အအုံများရှိ ထွက်ပြေးလွတ်မြောက်နိုင်မှုနည်းစနစ်များသည် အခန်း ၂.၆ ပါ လွတ်မြောက်ရာလမ်းကြောင်းစနစ် (ထွက်ပေါက်စနစ်)များနှင့် ကိုက်ညီရမည်။

### ၂.၂.၅.၅ ဓါတ်လှေကားများ

အထပ်မြင့်အဆောက်အအုံများတွင် ဓါတ်လှေကားတပ်ဆင်ခြင်းနှင့် လည်ပတ်ခြင်းသည် အပိုင်း ၅ ပါ အဆောက်အအုံဝန်ဆောင်မှုများနှင့် ကိုက်ညီရမည်။

## ၂.၂.၆ မိုးလုံလေလုံဗဟိုဟင်းလင်းအဆောက်အအုံများ (Atriums)

### ၂.၂.၆.၁ အထွေထွေ

ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် မိုးလုံလေလုံဗဟိုဟင်းလင်း အဆောက်အအုံများ (Atriums) အဖြစ် အောက်တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသော အထက်အောက်ကြမ်းခင်းများ ဖွင့်ထားသော ဟင်းလင်းခွင်ပါဝင်သော အဆောက်အအုံများ သို့မဟုတ် တည်ဆောက်ပုံများနှင့် သက်ဆိုင်ရမည်။

### ၂.၂.၆.၁.၁ အဓိပ္ပါယ်ဖွင့်ဆိုချက်

ဤအခန်းနှင့် ဤလမ်းညွှန်ချက်ပါ အခြားအခန်းတွင် အသုံးပြုထားသည့် အောက်ဖော်ပြပါ စကားလုံးများနှင့် ဝေါဟာရများသည် ဤအပိုဒ်တွင် ဖော်ပြထားသည့် အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

ကာရံထားသောလှေကား၊ ဓါတ်လှေကား၊ hoist ways၊ စက်လှေကား၊ ရေပိုက်ဆက်သွယ်မှုစနစ်၊ လေအေးပေးခြင်း သို့မဟုတ် အခြားကိရိယာများမှအပ အထပ် ၂ ထပ် သို့မဟုတ် ၂ ထပ် ထပ်ပို၍ ဆက်နွယ်နေသောအပေါက်။ ယင်းသည်ထိပ်ပိုင်းတွင် ပိတ်၍ ဈေးဆိုင်တန်းအဖြစ် မသတ်မှတ်နိုင်ပါ။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်တွင် အသုံးပြုထားသည့် အတိုင်း အထပ်များတွင် “အခန်း ၂.၃ ဧရိယာနှင့် အမြင့်သတ်မှတ်ချက်၊ ထပ်ခိုးအပိုင်း”နှင့် ကိုက်ညီသည့် အုပ်စုများ သို့မဟုတ် ထပ်ခိုးများအတွင်းရှိ လသာဆောင်များ မပါဝင်ပါ။

### ၂.၂.၆.၂ အသုံးပြုမှု

မိုးလုံလေလုံ ဗဟိုဟင်းလင်းအဆောက်အအုံများ (Atriums) ၏ ကြမ်းခင်းကို မီးဘေးအန္တရာယ်နည်းပါးသော အသုံးပြုမှုများမှအပ အသုံးမပြုရ။ မိုးလုံလေလုံဗဟိုဟင်းလင်းအဆောက်အအုံများ (Atriums) နေရာတွင် အသုံးပြုရမည့် မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသောမြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာစံချိန်စံညွှန်းသတ်မှတ်ချက်များ(၂၀၂၀)နှင့်အညီ ခွင့်ပြုထားသည့် ပစ္စည်းများနှင့် မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းများသာလျှင် အသုံးပြုရမည်။

ခြွင်းချက်။ သီးသန့်နေရာကို မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော မြန်မာနိုင်ငံမီးဘေးလုံခြုံရေး ဆိုင်ရာစံချိန်စံညွှန်းသတ်မှတ်ချက်များ(၂၀၂၀)နှင့်အညီ အလိုအလျောက် ရေဖျန်းသတ်သည့်စနစ် စီစဉ်ပေးပါက မိုးလုံလေလုံဗဟိုဟင်းလင်း အဆောက်အအုံများ (Atriums) ၏ ကြမ်းခင်းဧရိယာကို ခွင့်ပြုထားသည့် အသုံးပြုမှုအတွက် အသုံးပြုရန် ခွင့်ပြုရမည်။

### ၂.၂.၆.၃ အလိုအလျောက်ရေဖျန်းသတ်သည့်စနစ်ဖြင့် အကာအကွယ်ပေးခြင်း

ခွင့်ပြုထားသည့် အလိုအလျောက်ရေဖျန်းစနစ်ကို အဆောက်အုံတစ်ခုလုံး တပ်ဆင်ရမည်။

### ၂.၂.၆.၄ မီးသတိပေးတပ်ဆင်သည့်စနစ်

မီးသတိပေးစနစ်ကို မီးသတ်ဦးစီးဌာနမှသတ်မှတ်ထားသော မြန်မာနိုင်ငံမီးဘေး လုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ (၂၀၂၀) နှင့်အညီ စီစဉ်ရမည်။

### ၂.၂.၆.၅ မီးခိုးထိန်းချုပ်မှု

မီးခိုးထိန်းချုပ်မှုစနစ်ကို မီးသတ်ဦးစီးဌာနမှ မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ (၂၀၂၀)နှင့်အညီ တပ်ဆင်ရမည်။

ခြွင်းချက်။ မီးခိုးထိန်းချုပ်မှုသည် အထပ် ၂ ထပ်သာလျှင် ဆက်သွယ်ထားသည့် မိုးလုံလေလုံ ဗဟိုဟင်းလင်းအဆောက်အအုံများ (atriums) အတွက် မလိုအပ်ပါ။

### ၂.၂.၆.၆ မိုးလုံလေလုံ ဗဟိုဟင်းလင်း အဆောက်အအုံများ (atriums) အတွင်း နေရာများ ပိုင်းခြားခြင်း

မိုးလုံလေလုံဗဟို ဟင်းလင်းအဆောက်အအုံများ (Atriums) နေရာများကို မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များ (၂၀၂၀)နှင့်အညီ ဆောက်လုပ်ထားသည့် တစ်နာရီကြာ မီးဘေးဒဏ်ခံနိုင်သော အကာအကွယ်ဖြင့် ပိုင်းခြားထားရမည်။

### ၂.၂.၆.၇ အရန်သင့်စွမ်းအင်

မီးခိုးထိန်းချုပ်မှုပေးရန် လိုအပ်သောကိရိယာကို မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာစံချိန်စံညွှန်းသတ်မှတ်ချက်များ (၂၀၂၀)နှင့်အညီ အရန်သင့် လျှပ်စစ်စွမ်းအင်နှင့် ချိတ်ဆက်ထားရမည်။

## ၂.၂.၇ အထူးဖျော်ဖြေမှုဆိုင်ရာအဆောက်အအုံများ

### ၂.၂.၇.၁ အထွေထွေ

လူဦးရေ ၅၀ ဆံ့ သို့မဟုတ် ပိုသောအထူးဖျော်ဖြေရေးဆိုင်ရာ အဆောက်အအုံများသည် သင့်လျော်သည့် အုပ်စု A (က) အသုံးချနေရာ အမျိုးအစားနှင့် အပိုဒ် ၂.၂.၁၀.၁ မှ ၂.၂.၁၀.၈ ပါ လိုအပ်ချက်များနှင့် ကိုက်ညီရမည်။ အသုံးချသူဦးရေ ၅၀ အောက်ရှိသော ဖျော်ဖြေရေးဆိုင်ရာ အဆောက်အအုံများသည် အုပ်စု B (ခ) အသုံးချနေရာအမျိုးအစားနှင့် အပိုဒ် ၂.၂.၁၀.၁ မှ ၂.၂.၁၀.၈ ပါ လိုအပ်ချက်များနှင့် ကိုက်ညီရမည်။

ခြွင်းချက်။ ဖျော်ဖြေရေးဆိုင်ရာအဆောက်အအုံများ သို့မဟုတ် ယင်း၏ အပိုင်းများကို နံရံနှင့် အမိုးပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မီးခိုးများစုဝင်လာခြင်းကို ကာကွယ်ရန် ဆောက်လုပ်ရမည်။

### ၂.၂.၇.၂ အဓိပ္ပါယ်ဖွင့်ဆိုချက်

ဤအခန်းနှင့် ဤလမ်းညွှန်ချက်များပါ အခြားနေရာများတွင် အသုံးပြုထားသည့် အတိုင်း အောက်ပါစကားလုံးနှင့် ဝေါဟာရသည် အောက်တွင်ဖော်ပြထားသည့်အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။

**အထူးဖျော်ဖြေရေးဆိုင်ရာအဆောက်အအုံ** အထူးဖျော်ဖြေရေးဆိုင်ရာ အဆောက်အအုံသည် ဖျော်ဖြေမှု၊ ဖျော်ဖြေတင်ဆက်မှု သို့မဟုတ် ပညာရေးဆိုင်ရာများအတွက် ရည်ရွယ်သည့် ယာယီ သို့မဟုတ် အမြဲတမ်းအဆောက်အအုံ သို့မဟုတ် ယင်း၏အပိုင်းကို ဆိုလိုသည်။ ထွက်ပြေးလွတ်မြောက်နိုင်မှု လမ်းကြောင်းသည် အမြင် သို့မဟုတ် အကြားအာရုံ အပြောင်းအလဲကြောင့် အလွယ်တကူမထင်ရှားခြင်း၊ တမင်တကာဝေခွဲမရခြင်း ကင်းရှင်းသည့် အဆောက်အအုံ သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံတစ်လျှောက် ထွက်ပြေးလွတ်မြောက် နိုင်မှုဆိုင်ရာကိရိယာ သို့မဟုတ် စနစ်ပါသည့် လွယ်ကူရှင်းလင်းသည့်လမ်းကြောင်း ဖြစ်ရမည်။

### ၂.၂.၇.၃ အလိုအလျောက်မီးအန္တရာယ်အာရုံခံခြင်း

အထူးဖျော်ဖြေရေးဆိုင်ရာ အဆောက်အအုံများကို မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာစံချိန်စံညွှန်းသတ်မှတ်ချက်များ (၂၀၂၀) မီးသတိပေး နှင့် အာရုံခံစနစ်အပိုင်းနှင့်အညီ အလိုအလျောက် မီးဘေးအာရုံခံစနစ် တပ်ဆင်ရမည်။

### ၂.၂.၇.၄ အလိုအလျောက်ရေဖျန်းသတ်သည့်စနစ်

အထူးဖျော်ဖြေရေးဆိုင်ရာ အဆောက်အအုံများကို မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ (၂၀၂၀)နှင့် အညီ အလိုအလျောက်ရေဖျန်းစနစ်ဖြင့် ယင်းအဆောက်အအုံတစ်ခုလုံး တပ်ဆင်ရမည်။

အထူးဖျော်ဖြေရေးဆိုင်ရာ အဆောက်အအုံသည် ယာယီအဆောက်အအုံဖြစ်ပါက အလိုအလျောက် ရေဖျန်းသတ်ရန် ရေပေးဝေမှုသည် ခွင့်ပြုထားသည့် ယာယီနည်းလမ်းနှင့် အညီ ဖြစ်ရမည်။

### ၂.၂.၇.၅ အသံဖြင့်မီးသတိပေးစနစ်

မီးခိုးအာရုံခံကိရိယာ၊ အလိုအလျောက်ရေဖျန်းသတ်သည့်စနစ် သို့မဟုတ် အခြား မီးဘေးအာရုံခံသည့်ကိရိယာသည် မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ (၂၀၂၀)ပါ လိုအပ်ချက်များနှင့်အညီ စပ်လျဉ်း၍ လူကိုယ်တိုင်နှင့် အလိုအလျောက်စနစ်ပါဝင်သော အရေးပေါ်အခြေအနေ စတင်

သည့်နေရာမှ အဆောက်အအုံတစ်ခုလုံးရှိ အသံဖြင့်မီးသတိပေးစနစ်သည် ချက်ချင်းစွမ်းဆောင်မှုအပြည့် ရှိရမည်။

## ၂.၃ ဧရိယာနှင့်အမြင့်သတ်မှတ်ချက်

### ၂.၃.၁ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

ဤအခန်းနှင့်သက်ဆိုင်သော၊ ဤလမ်းညွှန်ချက်ပါ အခြားနေရာများတွင် အသုံးပြုသော အောက်ပါစကားလုံးများနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် အောက်တွင်ဖော်ပြထားသည့် အတိုင်း အနက်အဓိပ္ပာယ်သက်ရောက်သည်။

**အဆောက်အအုံ၏ဧရိယာ** - အထက်အောက်လေဝင်လေထွက်နေရာများနှင့် အတွင်းကွက်လပ်မပါသော အပြင်နံရံများဖြင့် သို့မဟုတ် အပြင်နံရံများနှင့် မီးခံနံရံများ ဝန်းရံထားသောဧရိယာ။ ယင်းဧရိယာများသည် နံရံများဝန်းရံထားခြင်းမရှိသော အဆောက်အအုံဧရိယာကို အစွန်းထွက်နေသောခေါင်မိုး သို့မဟုတ် အပေါ်ထပ်ကြမ်းခင်းရှိပါက ယင်းအဆောက်အအုံ၏ ဧရိယာတွင် ထည့်သွင်းရမည်။

**မြေအောက်ခန်း** - မြေပြင်ညီအောက်တစ်စိတ်တစ်ပိုင်း သို့မဟုတ် အလုံးစုံအားဖြင့် ရောက်ရှိနေသော အဆောက်အအုံ၏အပိုင်းများကို မြေအောက်ခန်းအဖြစ် မှတ်ယူရမည်။

**ကုန်တင်ကုန်ချနေရာ** - ထိုနေရာသို့ ဝင်ထွက်ရန်လိုအပ်ပါက ဆက်သွယ်ထားသည့် မိုးပျံစကြံလမ်း၊ လှေကားထစ်များနှင့် လှေကားရှင်များအပါအဝင် စက်နှင့်ဆိုင်သောစနစ်များ သို့မဟုတ် စက်မှုဆိုင်ရာလုပ်ငန်းသုံးပစ္စည်းများအတွက် လူနေထိုင်ခြင်းမရှိသောနေရာ၊ မြှင့်တင်ထားသော လျှောက်လမ်းနေရာ။

**မြေပြင်ညီ** - အပြင်နံရံများတွင် အဆောက်အအုံနှင့် ကပ်လျက် အချောသတ်အောက်ခြေမြေပြင်အဆင့်ကို ကိုယ်စားပြုသော ရည်ညွှန်းပြင်ညီကို ဆိုလိုသည်။ အချောသတ်အောက်ခြေအဆင့် ဆင်ခြေလျှောသည် အပြင်နံရံနှင့်ဝေးကွာပါက ရည်ညွှန်းပြင်ညီကို အဆောက်အအုံနှင့် ဥပစာနယ်နမိတ် (lot line) အကြား ဧရိယာအတွင်း အနိမ့်ဆုံးအမှတ်များဖြင့် တည်ဆောက်ရမည် သို့မဟုတ် ဥပစာနယ်နမိတ် (lot line) သည် အဆောက်အအုံမှ ၆ ပေ ထက်ပိုပါက အဆောက်အအုံနှင့် အဆောက်အအုံမှ ၆ ပေ အမှတ်အကြား တည်ဆောက်ရမည်။

**အမြင့်၊ အဆောက်အအုံ** - မြေပြင်ညီမှ အမြင့်ဆုံးခေါင်မိုးမျက်နှာပြင်၏ ပျမ်းမျှအမြင့်အထိ ဒေါင်လိုက်အကွာအဝေး။

**အမြင့်၊ အထပ်** - အချောသတ်ကြမ်းခင်း မျက်နှာပြင်တစ်ခု၏ ထိပ်ဖျားမှတစ်ခု၏ ထိပ်ဖျားအထိ ဒေါင်လိုက်အကွာအဝေးနှင့် ထိပ်ဆုံးအထပ်တွင် အချောသတ်ကြမ်းခင်းထိပ်မှ မျက်နှာကြက် ဆင်ထိပ်ဖျားအထိ သို့မဟုတ် မျက်နှာကျက်မရှိပါက ခေါင်မိုးဒိုင်းထိပ်ဖျားအထိ ဒေါင်လိုက် အကွာအဝေး။

**ထပ်ခိုး** - ဤအခန်းနှင့်အညီ အထပ်တစ်ခုခု၏ကြမ်းခင်းနှင့် မျက်နှာကြက်အကြားရှိ ကြား အထပ်များ သို့မဟုတ် အခြားအထပ်များကြားရှိ ကြားအထပ်။

## ၂.၃.၂ ဧရိယာနှင့် အမြင့်ကန့်သတ်ချက်များ

အမျိုးမျိုးသော အဆောက်အအုံများအတွက် ဧရိယာနှင့်အမြင့်ကို အဆောက်အအုံ ဆိုင်ရာ ရည်ရွယ်အသုံးပြုထားသည့်အတိုင်း သတ်မှတ်မည်ဖြစ်သည်။ ဤလမ်းညွှန်ချက်တွင် ပြင်ဆင်ထားသည့်အတိုင်း လိုက်နာရမည်။ ကာကွယ်ရေးနှင့် ထိန်းသိမ်းရေးဇုန်၊ ယဉ်ကျေးမှု အမွေအနှစ်ဒေသများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးဇုန်များတွင် အဆောက်အအုံအမြင့်နှင့် အဆောက်အအုံအသစ်များ၏ တည်နေရာများကို ရှေးဟောင်းအဆောက်အအုံများ ပြုပြင် ထိန်းသိမ်းရေးဥပဒေ (၁၉၉၈ ဥပဒေ၊ အခန်း ၄)အရ စာရင်းပြုစုထားသော အဆောက်အအုံများ နှင့် သမိုင်းဝင်နေရာများတွင် ဖော်ပြပါဥပဒေအတိုင်း လိုက်နာရမည်။ အဆောက်အအုံသစ်သည် အမွေအနှစ်ပစ္စည်းများကို ထိခိုက်နိုင်ပါက ရင်းနှီးတည်ဆောက်သူသည် ယင်းအမွေအနှစ်ပစ္စည်း များအပေါ် အသစ်တည်ဆောက်ပြုပြင်မှုကြောင့် ဖြစ်နိုင်ချေအကျိုးသက်ရောက်မှုကို ရှင်းရှင်း လင်းလင်း တင်ပြရမည်။ အကယ်၍ အန္တရာယ်ရှိသော တည်ဆောက်မှုဖြစ်ပါက ယင်းတည် ဆောက်ပြုပြင်မှုကို ခွင့်မပြုရ။ အတွင်း၊ အပြင်နံရံနှင့် မီးခံနံရံများအတွင်းရှိ အဆောက်အအုံ အစိတ်အပိုင်းရှိပါက ယင်းကို သီးခြားအဆောက်အအုံအဖြစ် ခွင့်ပြုမည်။ ကရိန်းများ သို့မဟုတ် အထူးစက်ပစ္စည်းနှင့် ကိရိယာတန်ဆာပလာများပါဝင်ရန် ကြီးမားသည့်ဧရိယာများနှင့် ထူးခြား သည့်အမြင့်များ လိုအပ်သော အထူးစက်မှုလုပ်ငန်းစဉ်များ ထည့်သွင်းစဉ်စားရန် သတ်မှတ်ထား သည့် အဆောက်အအုံနှင့် တည်ဆောက်ပုံများသည် အောက်ပါအမြင့် ကန့်သတ်ချက်များမှ ကင်းလွတ်သည်။ ဥပမာအားဖြင့်

- ကြိတ်ခွဲစက်ရုံများ
- ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ သတ္တုပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းဌာနနှင့် သတ္တုပုံ လောင်းစက်ရုံများ
- လျှပ်စစ်စွမ်းအား ထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးခြင်း
- သဘာဝဓါတ်ငွေ့ သို့မဟုတ် ရေနွေးငွေ့အားထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးခြင်း

အဆောက်အအုံမြေနေရာ တစ်ခုတည်းပေါ်တွင် အဆောက်အအုံ ၂ ခု သို့မဟုတ် ၂ ခု ထက်ပို၍ ရှိသည့်အခြေအနေများရှိနိုင်သည်။ ယင်းကဲ့သို့အခြေအနေများရှိပါက ၎င်းတို့ကို သီးခြားအဆောက်အအုံများအဖြစ် သတ်မှတ်ရမည်ဖြစ်သည်။ သို့မဟုတ် အဆောက်အအုံ တစ်ခုစီ၏ အမြင့်နှင့် အဆောက်အအုံများ၏ စုစုပေါင်းဧရိယာသည် ဤလမ်းညွှန်ချက်တွင် ဖော်ပြထားသည့် ဇယား(၂.၃.၄.၁)ပါအတိုင်း ကန့်သတ်ချက်များအတွင်းရှိပါက အဆောက်အအုံ တစ်ခု၏ အပိုင်းများအဖြစ် မှတ်ယူရမည်။ အဆောက်အအုံတစ်ခုလုံးနှင့် ကိုက်ညီသော ဤလမ်းညွှန်ချက်ပါ လိုအပ်ချက်များသည် အဆောက်အအုံအသီးသီးနှင့် သင့်လျော်ရမည်။ ဤအခန်းတွင် ပါဝင်သော အခြားတည်ဆောက်မှု အမျိုးအစားများအတွက် အမြင့် ၊ ဧရိယာ အကျယ်အဝန်း ကန့်သတ်ချက်မရှိသော အဆောက်အဦများ သို့မဟုတ် အမြင့်၊ ဧရိယာ အကျယ်အဝန်း တိုးမြှင့်ခြင်းကို ခွင့်ပြုထားသည့် အထူးလိုအပ်ချက်အား လိုက်နာရန် မလိုအပ်သော တည်ဆောက်မှုအမျိုးအစား အဆောက်အအုံများတွင် အမြင့်နှင့်ဧရိယာများကို သီးခြား ကန့်သတ်ထားခြင်းမရှိပါ။

### ၂.၃.၂.၁ အသုံးချနေထိုင်မှုပုံစံအမျိုးမျိုး၏ဧရိယာနှင့် အမြင့်ကန့်သတ်ချက်

အသုံးပြုမှုနှင့် အသုံးချနေရာအမျိုးအစားများ အခန်း ၂.၁ နှင့် တည်ဆောက်မှု အမျိုးအစားများ (အပိုင်း ၃၊ ၇) ကို ကြမ်းခင်းဧရိယာအချိုး (FAR)အရ ၎င်းကို သတ်မှတ်ခြင်း ဖြင့် ဆောင်ရွက်ရမည်။ (FAR)သည် သက်ဆိုင်ရာဇုန်သတ်မှတ်ခြင်းစီမံချက်နှင့် စည်ပင် သာယာရေး အာဏာပိုင်က(FAR) သတ်မှတ်ခြင်းဖြင့် အသုံးပြုသော နယ်ပယ်အသီးသီးကို ထည့်သွင်းစဉ်းစားရမည်။

#### ၂.၃.၂.၁.၁ အမြင့်

ဤလမ်းညွှန်ချက်အရ ခွင့်ပြုထားသောအမြင့်ကို ဤလမ်းညွှန်ချက်နှင့်အညီ လိုက်နာ ရမည်ဖြစ်ပြီး တစ်ထပ်အမြင့်ရှိသော လေယာဉ်ရုံ (aircraft hangars) ၊ လေယာဉ် ဆေးသုတ်ရုံ (aircraft paint hangers) ၊ လေယာဉ်ထုတ်လုပ်သည့်ရုံ အဆောက်အအုံများတွင် အလိုအလျောက်မီးငြိမ်းသတ်သည့်စနစ်ပါရှိပြီး အဆောက်အအုံ၏ အမြင့် ၁ ဆ နှင့် ၁ ၁/၂ဆ ထက်မနည်းသော အကျယ်ရှိအများသုံးလမ်းများ သို့မဟုတ် ကွက်လပ်များဖြင့် ဝန်းရံထား ပါက လေယာဉ်ထုတ်လုပ်ရာတွင်အသုံးပြုသော အဆောက်အအုံများကို ကန့်သတ်မထားပါ။

#### ၂.၃.၂.၁.၂ ထပ်ခိုး

ဤအခန်းနှင့်ကိုက်ညီသော ထပ်ခိုးများကို အထပ်၏အပိုင်းအဖြစ် မှတ်ယူနိုင်သည်။ ထပ်ခိုး၏စုစုပေါင်းဧရိယာကို ထပ်ခိုးရှိရာကြမ်းခင်းဧရိယာနှင့် အမျိုးအစား ၄ သို့မဟုတ် ၅

အဆောက်အအုံများနှင့် ဖွဲ့စည်းတည်ဆောက်ပုံများရှိ ထပ်ခိုး၏ စုစုပေါင်းဧရိယာကို သတ်မှတ်ရန် အခန်း၏ပူးတွဲအပိုင်းတွင်ရှိပြီး ၎င်းအပိုင်း မပါဝင်နိုင်သော စုစုပေါင်းကြမ်းခင်း ဧရိယာ၏ ၆၀ ရာခိုင်နှုန်းအထက် ခွင့်မပြုပါ။ သို့ရာတွင် ထပ်ခိုး၏ ကင်းလွတ်အသားတင် အမြင့်သည် ၈ ပေ ထက် မနည်းရ။

အခန်းတစ်ခုအတွင်းရှိ စုစုပေါင်းထပ်ခိုးဧရိယာသည် ၎င်းပါဝင်သည့် နေရာလွတ် သို့မဟုတ် အခန်းဧရိယာ၏ စုစုပေါင်းဧရိယာ ၅၀ ရာခိုင်နှုန်း အထက်ကို ခွင့်မပြုပါ။ ထပ်ခိုး ဧရိယာကို တွက်ချက်ရာတွင် အခန်းဖွဲ့ထားသောဧရိယာကို ထည့်သွင်းတွက်ချက်ခြင်းပြုရန် မလိုပါ။ ထပ်ခိုးဧရိယာအား မီးဘေးအခြေအနေအတွက်ပါ ထည့်သွင်းစဉ်းစားရမည်။ ထပ်ခိုး ၏ ကြမ်းခင်းအမြင့်သည် အနည်းဆုံး ၇ ပေ ရှိရမည်။ ခွင့်ပြုနိုင်သော ကြမ်းခင်းဧရိယာ သတ်မှတ်သောအခါ ထပ်ခိုးဧရိယာသည် အောက်ပါတို့မှလွဲ၍ ကြမ်းခင်းဧရိယာတွင် မပါဝင်နိုင်ပါ။

(က) ဤအခန်းနှင့်အညီ အထူးစက်မှုလုပ်ငန်းဆိုင်ရာ နေထိုင်မှုများအတွက် အမျိုးအစား ၁ သို့မဟုတ် ၂ အဆောက်အအုံများနှင့် ဖွဲ့စည်းတည်ဆောက်ပုံများရှိ ထပ်ခိုး၏ စုစုပေါင်းဧရိယာသည် အခန်းဧရိယာ၏ ၃ ပုံ ၂ ပုံ ထက် မပိုနိုင်ပါ။

(ခ) အမျိုးအစား ၁ သို့မဟုတ် ၂ အဆောက်အအုံများနှင့် ဖွဲ့စည်းတည်ဆောက်ပုံများရှိ ထပ်ခိုး၏စုစုပေါင်းဧရိယာသည် ခွင့်ပြုထားသော အလိုအလျောက်ရေဖျန်းသတ်သည့် စနစ်ရှိသော အဆောက်အအုံများနှင့် ဖွဲ့စည်းတည်ဆောက်ပုံများရှိ အခန်းဧရိယာ၏ ထက်ဝက်ထက် မပိုနိုင်ပါ။ အလိုအလျောက် ရေဖျန်းသတ်သည့်စနစ်သည် လမ်းညွှန် ချက်ပါလိုအပ်ချက်များနှင့်အညီ ဖြစ်ရမည်ဖြစ်ပြီး ခွင့်ပြုထားသော အရေးပေါ်အသံ/ အချက်ပေးဆက်သွယ်မှုစနစ်ရှိရမည်။

(ဂ) ထွက်ပေါက်များနှင့် ထွက်ပေါက်လမ်းကြောင်းများအကြောင်း ဆွေးနွေးသောအခါ ထပ်ခိုးသည် ကွဲပြားမှုမရှိပါ။ အများသုံးထွက်ပေါက်လမ်းကြောင်းသည် အခန်း ၂.၆ ပါ ကန့်သတ်ချက်ထက် ကျော်လွန်ပါက ထပ်ခိုး၌ အသုံးချသူအသီးသီးတွင် အနည်း ဆုံး ထွက်ပေါက် ၂ ခု ရှိရမည်။ ထပ်ခိုးမှထွက်ပေါက်သည် လှေကားခွင်ဖြစ်ပါက အဝေးဆုံးပြေးလမ်းကြောင်း အရှည်တိုင်းတာရာတွင် ခြေနင်းပြားပြင်ညီအစွန်းမှ စတင်တိုင်းတာရမည်။

(ဃ) ထွက်ပေါက်များတွင် မသန်စွမ်းများအတွက် ဝင်ထွက်သွားလာရ လွယ်ကူသော ထွက်ပေါက်များ စီစဉ်ပေးရမည်ဖြစ်ပြီး အနည်းဆုံးထွက်ပေါက် တစ်ခုရှိရမည်။ အဆောက်အအုံတွင် ထပ်ခိုးရှိပါက ၎င်းကိုဖွင့်ထားရမည်ဖြစ်ပြီး ထပ်ခိုးရှိရာအခန်း

တွင် ၄၂ လက်မ အမြင့်ထက် မပိုသောနံရံများ၊ တိုင်များ (columns) and (posts) မှအပ မည်သည့်တားဆီးပိတ်ဆို့မှုကိုမျှ ခွင့်မပြုပါ။

ဤလမ်းညွှန်ချက်တွင် ခြွင်းချက်(၅)ခုရှိသည်။ ၎င်းတို့မှာအောက်ပါအတိုင်းဖြစ်သည်-

(၁) စီးပွားရေးလုပ်ငန်းများ၏ထပ်ခိုးများ သို့မဟုတ် အပိုင်းများကို ဖွင့်ထားရန် မလိုအပ်ပါ။ သို့ရာတွင် အသုံးချနေထိုင်သူ ၁၀ ဦး ထက်မပိုရ။

(၂) ထွက်ပေါက်များအနက် အနည်းဆုံးတစ်ခုတွင် ထပ်ခိုးအထပ်မှ တိုက်ရိုက်ဝင်ထွက်သွားလာနိုင်သော ထွက်ပေါက်ရှိပါက အခန်းကို ဖွင့်ထားရန် မလိုအပ်ပါ။

(၃) ထပ်ခိုးများတွင် အခန်းဖွင့်ထားရန် မလိုအပ်ပါ။ ထပ်ခိုးများတွင်ရှိသော အခန်းနေရာသည် စုစုပေါင်းကြမ်းခင်းဧရိယာ၏ ၁၀ ရာခိုင်နှုန်းထက် မကျော်လွန်လျှင် ဖွင့်ထားရန် မလိုအပ်ပါ။

(၄) စက်မှုလုပ်ငန်း အဆောက်အအုံများတွင် ထိန်းချုပ်ကိရိယာများအတွက် အသုံးပြုသော ထပ်ခိုးများကို ဘက်ပေါင်းစုံတွင် မှန်တပ်ရန် ခွင့်ပြုရမည်။

(၅) မြေပြင်ညီအထက် အမြင့်နှစ်ထပ် ထက်မပိုသော၊ အလိုအလျောက် ရေဖျန်းစနစ် တပ်ဆင်ထားသော အုပ်စု H (၈) နှင့် (၅၂ ) အသုံးချနေထိုင်မှုပုံစံများရှိ ဝင်ပေါက် ၂ ခု သို့မဟုတ် ၂ ခု အထက်ရှိ ထပ်ခိုးတွင် ထပ်ခိုးရှိရာ အခန်းကို ဖွင့်ထားရန် မလိုအပ်ပါ။ ဤလမ်းညွှန်ချက်ပါ အခန်း ၂.၆ အရ ပြေးလမ်းကြောင်းအရှည်အကွာအဝေးနှင့် ကိုက်ညီရမည်။

## ၂.၃.၃ ခွင့်ပြုနိုင်သောကြမ်းခင်းဧရိယာ

အဆိုပြုထားသော အဆောက်အအုံ/ ဖွဲ့စည်းတည်ဆောက်ပုံတစ်ခုခု၏ ခွင့်ပြုနိုင်သော ကြမ်းခင်းဧရိယာကို သက်ဆိုင်ရာ ဇုန်သတ်မှတ်ခြင်းစီမံချက်နှင့် စည်ပင်သာယာရေးကော်မတီက သတ်မှတ်ထားသည့်အတိုင်း မြေကွက်ဧရိယာအချိုး (BCR)နှင့် ကြမ်းခင်းဧရိယာအချိုး(FAR) ၏ ခွင့်ပြုထားသောရာခိုင်နှုန်းအပေါ် မူတည်၍သာလျှင် ခွင့်ပြုရမည်။

## ၂.၃.၄ အဆောက်အအုံ၏အများဆုံးအမြင့်သတ်မှတ်ချက်

လက်ရှိသုံးမည့် လူဦးရေသိပ်သည်းမှု၊ အလင်းရောင်နှင့် လေဝင်လေထွက်၊ လမ်းအကျယ် အထူးသဖြင့် ယာဉ်လမ်းကြော/ယာဉ်သွားလမ်းကြောအပိုင်း၏ အကျယ်၊ လမ်းမပေါ်တွင်မဟုတ်ဘဲ လမ်းသွယ်၌သာရပ်နားနေရာ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်းနှင့် ဒေသတွင်းမြေအသုံးပြုမှုစီမံချက်/ ဇုန်သတ်မှတ်ခြင်းစည်းမျဉ်းများနှင့် အခြားပတ်ဝန်းကျင်

ဆိုင်ရာ ထည့်သွင်းစဉ်းစားခြင်းများနှင့်စပ်လျဉ်း၍ အဆိုပြုအဆောက်အအုံ၏ အများဆုံးအမြင့်နှင့် အထပ်အရေအတွက်သည် အသုံးပြုမှု သို့မဟုတ် အသုံးချမှုလက္ခဏာနှင့် ဆောက်လုပ်မှုပုံစံ (မှတ်ချက်တွင်ကြည့်) အပေါ်မှီတည်ရမည်။ အမြင့်ကို လူသွားစင်္ကြံ သို့မဟုတ် မြေပြင်နှင့် ကပ်လျက်ရှိ အမြင့်မှ တိုင်းတာရမည်။ သို့ရာတွင် အဆောက်အအုံ၏ အပိုင်းအဖြစ် ဆောက်ထားသောနေထိုင်ရာ အဆောက်အအုံ သို့မဟုတ် ဂိုဒေါင်အတွက် အသုံးမပြုသော တာဝါတိုင်များ၊ ဘုရားရှိခိုးကျောင်း၏ ခေါင်ချွန်းများနှင့် မျှော်စင်များကို မီးလောင်လွယ်သော ပစ္စည်းများဖြင့် တည်ဆောက်ပုံဒီဇိုင်းထုတ်ခြင်းဖြင့် အမြင့်ကိုသတ်မှတ်ခြင်းမှအပ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများဖြင့် ဖွဲ့စည်းတည်ဆောက်ပုံဒီဇိုင်းထုတ်ခြင်းဖြစ်ပါက နေထိုင်မှုအုပ်စုအသီးသီးအတွက် အမြင့်ကန့်သတ်ချက် ၆.၁၀ မီတာ သို့မဟုတ် ၂၀ ပေထက် မကျော်လွန်ဘဲ တိုးမြှင့်နိုင်ခြင်းမှအပ မြေပြင်နှင့်ကပ်လျက်ရှိ အနိမ့်ဆုံးမျက်နှာပြင်မှ တိုင်းတာသောအမြင့်သည် ၃.၀၀ မီတာ သို့မဟုတ် ၉.၈၄ ပေ ထက်ကျော်သည့် အများဆုံးအမြင့်ထက် မကျော်လွန်ရ။

**အဆောက်အအုံအမြင့် သတ်မှတ်ခြင်း**

**အဆောက်အအုံအမြင့် ကန့်သတ်ချက် (BHL)** - အဆိုပြုအသုံးချမှု သို့မဟုတ် နေထိုင်မှုကို အခြေခံသောအဆောက်အအုံ/ ဖွဲ့စည်းတည်ဆောက်ပုံများအတွက် ခွင့်ပြုရမည့် အများဆုံး အမြင့်၊ ယေဘုယျအားဖြင့် BHL ကို အခြားဖွံ့ဖြိုးမှုဆိုင်ရာ ထိန်းချုပ်မှုအပေါ်မူတည်၍ တင်သွင်းပြီးနောက် သတ်မှတ်ရမည်ဖြစ်သည်။ ထို့ပြင်အခြားသော ကန့်သတ်ချက်ဘောင်များ၊ ဥပမာ နေရာသတ်မှတ်ချက်များ၊ မြင်ကွင်း(ဇယား၂.၃.၄.၁) နှင့်ဆိုင်သော ထည့်သွင်းစဉ်းစားချက်များ စသည်တို့ဖြစ်သည်။ ယေဘုယျအားဖြင့် BHLကို သတ်မှတ်ထားသည့် ပြင်ညီမျဉ်းမှ အဆိုပြု အဆောက်အအုံ / ဖွဲ့စည်းတည်ဆောက်ပုံ၏ ထိပ်ဆုံးအပိုင်းအထိ တိုင်းတာရမည်။ လိုအပ်ပါက BHL သည် လေကြောင်းသယ်ယူပို့ဆောင်ရေးရုံး (ATO) သို့မဟုတ် သက်ဆိုင်ရာစစ်ဘက်/ လုံခြုံရေးအာဏာပိုင်အဖွဲ့၏ခွင့်ပြုမိန့် လိုအပ်ချက်များနှင့်အညီ ဖြစ်နိုင်သည်။ BHL တွင် ဆိုင်းဘုတ် (signage) ၊ အလံတိုင်၊ ရေဒီယာတိုင် (antenna)၊ ဆက်သွယ်ရေးတာဝါတိုင်၊ ရေကြောင်း၊ လေကြောင်းထိန်းသိမ်းရေးရေဒီယိုအချက်ပြတိုင်ကဲ့သို့သော အဆောက်အအုံ၏ ခေါင်မိုးအထက်ရှိ ခွင့်ပြုထားသော အစွန်းများ၏အမြင့်ကို ထည့်မတွက်ဘဲ ချန်ထားရမည် ဖြစ်သည်။

အဆိုပြုအဆောက်အအုံ/ ဖွဲ့စည်းတည်ဆောက်ပုံ၏ အဆောက်အအုံအမြင့် ကန့်သတ်ချက် (BHL) ကို ဤလမ်းညွှန်ချက် (အောက်ဖော်ပြပါဇယား) အရ သို့မဟုတ် မှန်မှန်ကန်ကန် ခွင့်ပြုထားသော မြို့တော်/ စည်ပင်သာယာရေး(ဒေသဆိုင်ရာ)ဇုန်သတ်မှတ်ခြင်းတို့အနက် ပို၍ တိကျခိုင်မာသောစည်းမျဉ်းများကို လိုက်နာရမည်။

**ဇယား ၂.၃.၄.၁ အသုံးချမှု သို့မဟုတ် နေထိုင်မှုပုံစံအရ အဆောက်အအုံ အမြင့် ကန့်သတ်ချက် (BHL)**

| အသုံးချမှု သို့မဟုတ် နေထိုင်မှုပုံစံ | အဆောက်အအုံ/ ဖွဲ့စည်းတည်ဆောက်ပုံ အမျိုးအစား | အဆောက်အအုံအမြင့် ကန့်သတ်ချက် (BHL) | |
|---|---|---|---|
| | | သတ်မှတ်ထားသည့်ပြင်ညီ အထက်ရှိ ခွင့်ပြုနိုင်သော အထပ်များ အရေအတွက် | အမြင့်ဆုံးပြင်ညီအထက်ရှိ ပေ/မီတာ |
| လူနေထိုင်မှု ဆိုင်ရာ | လူနေထိုင်မှုဆိုင်ရာ $R_1$ ဒ-၁ လုံးချင်းနှင့် နှစ်လုံးတွဲ အိမ်များ | သက်ဆိုင်ရာဇုန်သတ်မှတ် ခြင်းစီမံချက်နှင့် စည်ပင် သာယာရေးကော်မတီ | သက်ဆိုင်ရာဇုန်သတ်မှတ် ခြင်းစီမံချက်နှင့် စည်ပင် သာယာရေး ကော်မတီ |
| | လူနေထိုင်မှုဆိုင်ရာ $R_2$ ဒ-၂ တိုက်ခန်းများ စုပေါင်းပိုင် အဆောက်အအုံများ အဆင့်မြင့်နေအိမ်များ | သက်ဆိုင်ရာဇုန်သတ်မှတ် ခြင်းစီမံချက်နှင့် စည်ပင် သာယာရေးကော်မတီ | သက်ဆိုင်ရာဇုန်သတ်မှတ် ခြင်းစီမံချက်နှင့် စည်ပင် သာယာရေး ကော်မတီ |
| လူနေထိုင်မှု ဆိုင်ရာ | လူနေထိုင်မှုဆိုင်ရာ $R_3$ ဒ-၃ ဘာသာရေးဆိုင်ရာ ကျောင်း ဆောင်များ၊ တက္ကသိုလ်၊ ကောလိပ် အဆောင်များ၊ ဘော်ဒါဆောင်များ၊ ဘုန်းကြီးကျောင်းများ | သက်ဆိုင်ရာဇုန် သတ်မှတ်ခြင်းစီမံချက်နှင့် စည်ပင် သာယာရေး ကော်မတီ | သက်ဆိုင်ရာဇုန်သတ်မှတ် ခြင်းစီမံချက်နှင့် စည်ပင် သာယာရေးကော်မတီ |
| | လူနေထိုင်မှုဆိုင်ရာ $R_4$ ဒ-၄ နေထိုင်မှုဆိုင်ရာ အသုံးပြုမှုတွင် ဝန်ထမ်းများ မပါဘဲ အသုံးပြုသူ ၁၆ ယောက်ထက်မပိုသော နေထိုင်သူများကို ပြုစုစောင့်ရှောက်ပေးသော အဆောက်အအုံများ | သက်ဆိုင်ရာဇုန် သတ်မှတ်ခြင်းစီမံချက်နှင့် စည်ပင်သာယာရေး ကော်မတီ | သက်ဆိုင်ရာဇုန်သတ်မှတ် ခြင်းစီမံချက်နှင့် စည်ပင် သာယာရေး ကော်မတီ |

| အသုံးချမှု သို့မဟုတ် နေထိုင်မှုပုံစံ | အဆောက်အအုံ/ ဖွဲ့စည်းတည်ဆောက်ပုံ အမျိုးအစား | အဆောက်အအုံအမြင့် ကန့်သတ်ချက် (BHL) | |
|---|---|---|---|
| | | သတ်မှတ်ထားသည့်ပြင်ညီ အထက်ရှိ ခွင့်ပြုနိုင်သော အထပ်များ အရေအတွက် | အမြင့်ဆုံးပြင်ညီအထက်ရှိ ပေ/မီတာ |
| | လူနေထိုင်မှုဆိုင်ရာ $R_5$ ၁-၅ သက်ကြီးရွယ်အိုများ အတွက် အိမ်၊ ဘိုးဘွား ရိပ်သာ၊ အငြိမ်းစားများ အတွက် အိမ်ယာများ၊ မိဘမဲ့ဂေဟာ | သက်ဆိုင်ရာဇုန် သတ်မှတ်ခြင်းစီမံချက်နှင့် စည်ပင် သာယာရေး ကော်မတီ | သက်ဆိုင်ရာဇုန်သတ်မှတ် ခြင်းစီမံချက်နှင့် စည်ပင် သာယာရေး ကော်မတီ |
| | လူနေထိုင်မှုဆိုင်ရာ $R_6$ ၁-၆ အသေးစား ဟိုတယ်များ၊ တည်းခိုခန်းများ၊ ဟိုတယ် များ၊ မိုတယ်များ ဝန်ဆောင်မှုပေးနိုင်သော တိုက်ခန်းများ(ယာယီ) | သက်ဆိုင်ရာဇုန် သတ်မှတ် ခြင်းစီမံချက်နှင့်စည်ပင် သာယာရေးကော်မတီ | သက်ဆိုင်ရာဇုန် သတ်မှတ်ခြင်းစီမံချက်နှင့် စည်ပင် သာယာရေးကော်မတီ |
| စီးပွားရေး လုပ်ငန်းများ ဆိုင်ရာ | စီးပွားရေးလုပ်ငန်း(B) (၁) | သက်ဆိုင်ရာဇုန်သတ်မှတ် ခြင်းစီမံချက်နှင့်စည်ပင် သာယာရေးကော်မတီ | သက်ဆိုင်ရာဇုန်သတ်မှတ် ခြင်းစီမံချက်နှင့်စည်ပင် သာယာရေးကော်မတီ |
| | ကုန်သွယ်မှုဆိုင်ရာ(M) (၃) | သက်ဆိုင်ရာဇုန်သတ်မှတ် ခြင်းစီမံချက်နှင့်စည်ပင် သာယာရေးကော်မတီ | သက်ဆိုင်ရာဇုန်သတ်မှတ် ခြင်းစီမံချက်နှင့်စည်ပင် သာယာ ရေးကော်မတီ |
| ပညာရေး ဆိုင်ရာ | ကျောင်းများ (E-1) | သက်ဆိုင်ရာဇုန်သတ်မှတ် ခြင်းစီမံချက်နှင့်စည်ပင် သာယာရေးကော်မတီ | သက်ဆိုင်ရာဇုန်သတ်မှတ် ခြင်းစီမံချက်နှင့်စည်ပင် သာယာရေးကော်မတီ |

| **အသုံးချမှု သို့မဟုတ် နေထိုင်မှုပုံစံ** | **အဆောက်အအုံ/ ဖွဲ့စည်းတည်ဆောက်ပုံ အမျိုးအစား** | **အဆောက်အအုံအမြင့် ကန့်သတ်ချက် (BHL)** | |
|---|---|---|---|
| | | **သတ်မှတ်ထားသည့်ပြင်ညီ အထက်ရှိ ခွင့်ပြုနိုင်သော အထပ်များ အရေအတွက်** | **အမြင့်ဆုံးပြင်ညီအထက်ရှိ ပေ/မီတာ** |
| | ကျောင်းများ (E-2) | သက်ဆိုင်ရာဇုန်သတ်မှတ်ခြင်းစီမံချက်နှင့်စည်ပင်သာယာရေးကော်မတီ | သက်ဆိုင်ရာဇုန်သတ်မှတ်ခြင်းစီမံချက်နှင့်စည်ပင်သာယာရေးကော်မတီ |
| စက်ရုံနှင့် စက်မှု လုပ်ငန်းများ ဆိုင်ရာ | စက်မှုလုပ်ငန်း 1(F-1) (စ-၁) | သက်ဆိုင်ရာဇုန်သတ်မှတ်ခြင်းစီမံချက်နှင့် စည်ပင်သာယာရေး ကော်မတီ | |
| | စက်မှုလုပ်ငန်း 2(F-2) (စ-၂) | သက်ဆိုင်ရာဇုန်သတ်မှတ်ခြင်းစီမံချက်နှင့် စည်ပင်သာယာရေး ကော်မတီ | |
| | စက်မှုလုပ်ငန်း 3(F-3) (စ-၃) | သက်ဆိုင်ရာဇုန်သတ်မှတ်ခြင်းစီမံချက်နှင့် စည်ပင်သာယာရေးကော်မတီ | |
| အဖွဲ့အစည်း ဆိုင်ရာ | အဖွဲ့အစည်းဆိုင်ရာ (I-1 to 5) (ဈ-၁ မှ ဈ-၅) | သက်ဆိုင်ရာဇုန်သတ်မှတ်ခြင်းစီမံချက်နှင့် စည်ပင်သာယာရေး ကော်မတီ | |
| ပန်းခြံများ၊ အပန်းဖြေ နှင့် ဖျော်ဖြေ ရေးဆိုင်ရာ ဟင်းလင်း ပြင် နေရာများ | | သက်ဆိုင်ရာဇုန်သတ်မှတ်ခြင်းစီမံချက်နှင့် စည်ပင်သာယာရေး ကော်မတီ | |
| စိုက်ပျိုးရေး၊ စက်မှုစိုက် ပျိုးရေး ဆိုင် ရာ၊ ခရီးသွား လုပ်ငန်း | | သက်ဆိုင်ရာဇုန်သတ်မှတ်ခြင်းစီမံချက်နှင့် စည်ပင်သာယာရေး ကော်မတီ | |

| **အသုံးချမှု သို့မဟုတ် နေထိုင်မှုပုံစံ** | **အဆောက်အအုံ/ ဖွဲ့စည်းတည်ဆောက်ပုံ အမျိုးအစား** | **အဆောက်အအုံအမြင့် ကန့်သတ်ချက် (BHL)** | |
|---|---|---|---|
| | | **သတ်မှတ်ထားသည့်ပြင်ညီ အထက်ရှိ ခွင့်ပြုနိုင်သော အထပ်များ အရေအတွက်** | **အမြင့်ဆုံးပြင်ညီအထက်ရှိ ပေ/မီတာ** |
| ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ (PUD) | လုပ်ငန်းလည်ပတ်နေသော လေဆိပ်အနီးမြေယာ ဖော်ယူရေး ဧရိယာရှိ PUD | သက်ဆိုင်ရာဇုန်သတ်မှတ်ခြင်းစီမံချက်နှင့်စည်ပင်သာယာရေးကော်မတီ | သက်ဆိုင်ရာဇုန်သတ်မှတ်ခြင်းစီမံချက်နှင့်စည်ပင်သာယာရေးကော်မတီ |
| | မြေယာဖော်ယူရေးဧရိယာရှိ PUD | သက်ဆိုင်ရာဇုန်သတ်မှတ်ခြင်းစီမံချက်နှင့်စည်ပင်သာယာရေးကော်မတီ | သက်ဆိုင်ရာဇုန်သတ်မှတ်ခြင်းစီမံချက်နှင့်စည်ပင်သာယာရေးကော်မတီ |
| | ကမ်းရိုးတန်းဒေသရှိ PUD | သက်ဆိုင်ရာဇုန်သတ်မှတ်ခြင်းစီမံချက်နှင့်စည်ပင်သာယာရေးကော်မတီ | သက်ဆိုင်ရာဇုန်သတ်မှတ်ခြင်းစီမံချက်နှင့်စည်ပင်သာယာရေးကော်မတီ |
| | ကုန်းတွင်းဒေသရှိ PUD | သက်ဆိုင်ရာဇုန်သတ်မှတ်ခြင်းစီမံချက်နှင့်စည်ပင်သာယာရေးကော်မတီ | သက်ဆိုင်ရာဇုန်သတ်မှတ်ခြင်းစီမံချက်နှင့်စည်ပင်သာယာရေးကော်မတီ |

**မှတ်ချက် - ၁**

**အဆိုပြုထားသော ဆောက်လုပ်ရေးအမျိုးအစား**

ဤလမ်းညွှန်ချက်အလို့ငှာ ဆောက်လုပ်ရေးအတွက် အဆိုပြုထားသော အဆောက်အအုံများအားလုံးကို အောက်ဖော်ပြပါအမျိုးအစားများအရ ခွဲခြားရမည်ဖြစ်ပြီး အပိုင်း ၃ ဖွဲ့စည်းပုံဒီဇိုင်းဖြင့်လည်း ချိတ်ဆက်ရမည်။

အမျိုးအစား (၁) - သစ်သားအဆောက်အအုံ ဖြစ်ရမည်။ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အစိတ်အပိုင်းများသည် စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသောကော်မတီက ခွင့်ပြုထားသော လုပ်ငန်းသုံးပစ္စည်းများ ဖြစ်နိုင်သည်။

အမျိုးအစား (၂) - ခိုင်ခံ့စွာတပ်ဆင်ထားသော ဝန်မထမ်းနိုင်သည့် ခန်းဆီးနံရံများသည် တစ်နာရီကြာ မီးဒဏ်ခံနိုင်သောဘောင်များ တပ်ဆင်ထားသည့်သစ်သားများ အသုံးပြုနိုင်သည်

မှအပ မီးဒဏ်ခံနိုင်သည့်ပစ္စည်းများနှင့် တစ်နာရီကြာ မီးဒဏ်ခံနိုင်သော သစ်သားအဆောက်အအုံ ဖြစ်ရမည်။

အမျိုးအစား (၃) - အင်္ဂတေနှင့် သစ်သားအဆောက်အအုံဖြစ်ရမည်။ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အစိတ်အပိုင်းများသည် စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသောကော်မတီက ခွင့်ပြုထားသော လုပ်ငန်းသုံးပစ္စည်းများ၏ အစိတ်အပိုင်းများဖြစ်နိုင်သည်။ သို့ရာတွင် အဆောက်အအုံသည် တစ်နာရီကြာ မီးခံနိုင်မှုရှိရမည်။ အပြင်နံရံများသည် မီးမလောင်လွယ်သော မီးဘေးဒဏ် ခံနိုင်သည့် ဆောက်လုပ်မှုဖြစ်ရမည်။

အမျိုးအစား (၄) - သံမဏိ၊ သံ၊ ကွန်ကရစ် သို့မဟုတ် အင်္ဂတေ အဆောက်အအုံနှင့်နံရံများ၊ မျက်နှာကြက်နှင့် ခိုင်ခံ့စွာတပ်ဆင်ထားသောခန်းဆီးနံရံများဖြစ်ရမည်။ တစ်နာရီကြာ မီးဒဏ် ခံနိုင်သည့်အဆောက်အအုံများ၏ ခိုင်ခံ့စွာတပ်ဆင်ထားသော ဝန်မထမ်းနိုင်သည့် ခန်းဆီးနံရံများမှအပ မီးမလောင်လွယ်သော မီးဒဏ်ခံနိုင်သည့် အဆောက်အအုံများဖြစ်ရမည်။ မီးဒဏ်ခံနိုင်သော ဘောင်များတပ်ဆင်ထားသည့် သစ်သားများ အသုံးပြုနိုင်သည်။

အမျိုးအစား (၅) - မီးဒဏ်ခံနိုင်ရမည်။ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အစိတ်အပိုင်းများသည် သံမဏိ၊ သံ၊ ကွန်ကရစ် သို့မဟုတ် အင်္ဂတေအဆောက်အအုံများဖြစ်ရမည်။ နံရံများ၊ မျက်နှာကြက်များနှင့် ခိုင်ခံ့စွာတပ်ဆင်ထားသော ခန်းဆီးနံရံများသည် မီးမလောင်လွယ်သော မီးဒဏ် ခံနိုင်သည့် အဆောက်အအုံ၏ အစိတ်အပိုင်းများဖြစ်ရမည်။

## မှတ်ချက် - ၂

### ပြင်ညီသတ်မှတ်ခြင်း

(က) ဆင်ခြေလျောပြင်ညီဖြစ်ပါက ဦးစားပေးလမ်း (RROW)တွင် ထောင့်မှန်အနေအထား ဖော်ပြပါရှိသည့် အဆောက်အအုံခြေရာသည် ၃ မီတာထက် လျော့နည်းသည့် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်တွင်ကွဲပြားမှုရှိလျှင် မူလပြင်ညီ (မြေပြင်)နှင့် ကပ်လျက်ရှိသော အမြင့်ဆုံးပြင်ညီ သို့မဟုတ် အချောသတ်ပြင်ညီ (စကြံမျက်နှာပြင်)ကို သတ်မှတ်ပြီး ပြင်ညီအမြင့်အဖြစ် မှတ်ယူရမည်။

(ခ) ဆင်ခြေချောပြင်ညီဖြစ်ပါက ဦးစားပေးလမ်း (RROW)တွင် ထောင့်မှန်အနေအထား အားကိုးအားထားပြုထားသည့် အဆောက်အအုံခြေရာ အစွန်းများသည် ၃ မီတာထက် ပိုသည့် ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်တွင် ကွဲပြားမှုရှိလျှင် အဆောက်အအုံ ခြေရာ၏ ပျမ်းမျှပြင်ညီအဆင့်ကို သတ်မှတ်ထားပြီး ပြင်ညီအမြင့်အဖြစ် မှတ်ယူရမည်။

## ၂.၃.၅ ရောနှောအသုံးချမှုနှင့် နေထိုင်မှု

နေထိုင်မှု သို့မဟုတ် အသုံးပြုမှုနှစ်ခု သို့မဟုတ် နှစ်ခုထက်ပို၍ပါဝင်သော အဆောက်အအုံများ သို့မဟုတ် အဆောက်အအုံများ၏ အစိတ်အပိုင်းများကို ရောနှောအသုံးချမှုအဖြစ် အမျိုးအစားခွဲခြားရမည်။ ဤလမ်းညွှန်ချက်သည် ရောနှောအသုံးချမှု၊ နေထိုင်မှုနှင့် သက်ဆိုင်ပြီး ၎င်းတို့ပိုင်ဆိုင်သော အဆောက်အအုံများနှင့်လည်း သက်ဆိုင်သည်။ တစ်စိတ်တစ်ပိုင်း အသုံးချမှုဧရိယာကို အဆောက်အအုံတည်ရှိရာအပိုင်း၏ နေထိုင်မှုနှင့်အညီ အမျိုးအစားခွဲခြားရမည် သို့မဟုတ် ယင်းအဆောက်အအုံကို ရောထွေးနေထိုင်မှုအဖြစ် အမျိုးအစားခွဲခြားရမည်ဖြစ်ပြီး ဤလမ်းညွှန်ချက်နှင့်အညီ ဖြစ်ရမည်။

ဤလမ်းညွှန်ချက်သည် မီးဘေးအကာအကွယ်မပါဘဲ အလိုအလျောက် မီးငြိမ်းသတ်သည့်စနစ်ကို ခွင့်ပြုပါက အဆောက်အအုံကို ဖြတ်သွားသည့်မီးခိုးကို ကာကွယ်နိုင်သည့် တည်ဆောက်ခြင်းဖြင့် တည်ဆောက်ထားသည့် အသေးအဖွဲ့အသုံးပြုမှုဧရိယာကို အဆောက်အအုံ၏ ကျန်ရှိနေသောအပိုင်းနှင့် ခွဲခြားရမည်။ ခန်းဆီးနံရံများကို ကြမ်းခင်းမှ မီးဒဏ်ခံနိုင်သည့် ကြမ်းခင်း အောက်ခြေ/ မျက်နှာကြက်အပိုင်း သို့မဟုတ် မီးဒဏ်ခံနိုင်သည့် ခေါင်မိုး/မျက်နှာကြက်အပိုင်းအထက်အထိ ကျယ်ပြန့်ရမည် သို့မဟုတ် ကြမ်းခင်းအောက်ခြေ သို့မဟုတ် ခေါင်းမိုးအုပ် သို့မဟုတ် အောက်ခံကြမ်းခင်းအထက်အထိ ကျယ်ပြန့်ရမည်။ မီးခိုးနံ့အာရုံခံ ရရှိပါက တံခါးများသည် ပင်ကိုယ်ပိတ်ထားခြင်း သို့မဟုတ် အလိုအလျောက်ပိတ်ခြင်း ရှိရမည်။ တံခါးများတွင် လေထွက်ပေါက်များမရှိစေရနှင့် မီးသတ်ဦးစီးဌာန၏ ခွင့်ပြုထားသော အတိုင်းအတာထက်ကျော်လွန်၍ ၎င်းလေထွက်ပေါက်များကို မလျှော့ချနိုင်ပါ။ ခြွင်းချက်များအနေဖြင့် အရန်အသုံးချနေရာများနှင့် အဓိကအသုံးချနေရာအကြား ခွဲခြားမှုမလိုအပ်ပါ။ အလိုအလျောက် မီးငြိမ်းသတ်သည့်စနစ် သို့မဟုတ် အလိုအလျောက်ရေဖျန်းသတ်သည့်စနစ် ထောက်ပံ့ပေးထားပါက တစ်စိတ်တစ်ပိုင်း အသုံးချမှုနေရာသာလျှင် ဤစနစ်နှင့် ကိုက်ညီရန် လိုအပ်သည်။

## ၂.၃.၆ ကုန်တင်ကုန်ချနေရာများ

အဆောက်အအုံများအတွင်းရှိ ကုန်တင်ကုန်ချနေရာများကို ကြမ်းခင်းဧရိယာများ အဖြစ် မမှတ်ယူနိုင်ပါ။ ၎င်းနေရာများတွင် ဤအခန်းအရသတ်မှတ်ထားသည့် အဆောက်အအုံဧရိယာ သို့မဟုတ် အထပ်ရေတွက်ရာတွင်မပါဝင်ရ နှင့် မီးဘေးဧရိယာသတ်မှတ်ရန် ကုန်တင်ကုန်ချနေရာဧရိယာကို အသုံးမပြုနိုင်ပါ။ ကုန်တင်ကုန်ချနေရာများသည် ထပ်ခိုး၏အပိုင်း မဖြစ်နိုင်ပါ။ ယင်းကုန်တင်ကုန်ချနေရာများနှင့် ကုန်တင်ကုန်ချနေရာကိုဝင်ထွက်နိုင်သည့် လူသွားစင်္ကြံ၊ လှေကားခွင်နှင့် လှေကားရှင်များကို အဆောက်အအုံတစ်ခုခု၏ ထွက်ပေါက်အဖြစ် အသုံးမပြုနိုင်ပါ။ ဂရုပြုရမည့်ဧရိယာ ကန့်သတ်ချက်ရှိသည်။

အခန်းတစ်ခန်းအတွင်းရှိ ကုန်တင်ကုန်ချနေရာ၏ စုစုပေါင်းဧရိယာသည် ၎င်းတည်ရှိရာ အခန်းဧရိယာ၏ သုံးပုံနှစ်ပုံထက်မကြီးနိုင်ပါ။ ကုန်တင်ကုန်ချနေရာသည် ထပ်ခိုးအဖြစ် တစ်ခန်းတည်းတွင် တည်ရှိခဲ့လျှင် ထပ်ခိုး၏ဧရိယာကို ဤအခန်း၏ သတ်မှတ်ချက်အရ သတ်မှတ်ရမည်နှင့် ၎င်းတည်ရှိရာအခန်း၏ စုစုပေါင်းပေါင်းစပ်ဧရိယာအဖြစ် သတ်မှတ်ရမည်။ ထပ်ခိုးသည် အလိုအလျောက် ရေဖျန်းသတ်သည့်စနစ်ရှိရန် လိုအပ်သည့် အဆောက်အအုံတွင် ရှိပါက ကုန်တင်ကုန်ချနေရာများ အထက်နှင့်အောက်တွင် အလိုအလျောက်ရေဖျန်းသတ်သည့် စနစ်များဖြင့် အပြည့်အဝအကာအကွယ်ပေးရမည်။ အကျယ်သည်အနည်းဆုံး ပေ ၂၀ ဖြစ်ရမည်။

(က) အလိုအလျောက်ရေဖျန်းသတ်သည့်စနစ်တိုးလာသည့် ပမာဏသည်အုပ်စု H-1 (ဇ-၁) တွင် အသုံးချနေရာပါရှိသည့် အဆောက်အအုံနှင့် မသက်ဆိုင်နိုင်ပါ။

(ခ) အလိုအလျောက်ရေဖျန်းသတ်သည့်စနစ်တိုးလာသည့် ပမာဏသည်အုပ်စု H-2 (ဇ-၂) သို့မဟုတ် H-3 (ဇ-၃) ပါ အသုံးချနေရာ၏ ကြမ်းခင်းဧရိယာနှင့် မသက်ဆိုင်စေရ။ အသုံးချနေရာများပါဝင်သော ရောထွေးအသုံးပြုသည့် အဆောက်အအုံများအတွက် ခွင့်ပြုနိုင်သောဧရိယာကို ဤအခန်းနှင့်အညီနှင့် အုပ်စု H-2 (ဇ-၂) သို့မဟုတ်H-3 (ဇ-၃) အဖြစ်သတ်မှတ်ထားခြင်းမရှိသည့် အဆောက်အအုံများ၏အပိုင်းများနှင့်သာလျှင် သက်ဆိုင်သော အလိုအလျောက်ရေဖျန်းသတ်သည့်စနစ်များ တိုးလာမှုဖြင့် တွက်ချက်ရမည်။

## ၂.၃.၇ အထပ်မြင့်အဆောက်အအုံများရှိ ဟင်းလင်းဖွင့်ကပြင် (Sky Terrace) အမြင့်သတ်မှတ်ချက်

အထပ်မြင့်အဆောက်အအုံများရှိ ဟင်းလင်းဖွင့်ကပြင် (Sky Terrace) များပါဝင်သည့် ဖွံ့ဖြိုးမှုများအတွက် ၎င်းနှင့်စပ်လျဉ်းသည့် စုစုပေါင်းအဆိုပြု အထပ်အမြင့်ထိန်းချုပ်မှုကို အခြေခံ၍ စုစုပေါင်းအမြင့်ကန့်သတ်မှုကို လျှော့ပေးလိမ့်မည်။ တည်ဆောက်ပြုပြင်မှုအတွက် စုစုပေါင်းအမြင့်အပြင် နောက်ထပ်ခွင့်ပြုနိုင်သောအမြင့်ကို ဇယားဖြင့် ဖော်ပြထားသည်။

| **ဖွံ့ဖြိုးမှုများနှင့်စပ်လျဉ်းသည့် အဆိုပြုအထပ်အမြင့်** | **အထပ်မြင့်အဆောက်အအုံများရှိ ဟင်းလင်းဖွင့်ကပြင် (Sky Terrace) အထပ်များ ဖွံ့ဖြိုးမှုအတွက် စုစုပေါင်းအမြင့်အထက် ခွင့်ပြုနိုင်သော နောက်ထပ်အမြင့်** |
|---|---|
| ၇-၂၀ | ၁၀.၀ မီတာ သို့မဟုတ် ၃၂.၈ ပေ |
| ၂၁-၃၀ | ၁၅.၀ မီတာ သို့မဟုတ် ၄၉.၂ ပေ |

| | |
|---|---|
| ၃၁-၄၀ | ၂၀.၀ မီတာ သို့မဟုတ် ၆၅.၆ ပေ |
| ၄၁-၅၀ | ၂၅.၀ မီတာ သို့မဟုတ် ၈၂ ပေ |
| ၅၀ အထက် | ၃၀ မီတာ သို့မဟုတ် ၉၈.၄ ပေ |

မှတ်ချက်။

(က) အထပ်မြင့်အဆောက်အအုံများရှိ ဟင်းလင်းဖွင့်ကပြင် (sky terrace) အထပ်သည် အနည်းဆုံး ၆၀% ကြမ်းခင်းနေရာယူထားသည့် ၄၅ ဒီဂရီမျဉ်းအတွင်းရှိ အထပ်မြင့်အဆောက်အအုံများရှိ ဟင်းလင်းဖွင့်ကပြင် (sky terrace) ဧရိယာရှိအထပ်ကို ရည်ညွှန်းပြီး ၎င်းကို အထပ်မြင့်အဆောက်အအုံများရှိ ဟင်းလင်းဖွင့်ကပြင် (sky terrace) နှင့် အခြားအများပိုင်အတွက် အသုံးပြုသည်။

(ခ) ထပ်တိုးအမြင့်ကို ဉာဖွံ့ဖြိုးတိုးတက်မှုဧရိယာအတွင်း အထပ်မြင့်အဆောက်အအုံများရှိ ဟင်းလင်းဖွင့်ကပြင် (sky terrace) အထပ်များအတွက်သာ အကျုံးဝင်သည်။

(ဂ) အထပ်မြင့်အဆောက်အအုံများရှိ ဟင်းလင်းဖွင့်ကပြင် (sky terrace) အထပ်အောက်ခြေရှိ M & E လုပ်ငန်းများအတွက်နေရာများကို ထပ်တိုးအမြင့်အရ ထည့်သွင်းနိုင်သည်။ ရည်ရွယ်ချက်သည် ကန့်သတ်မထားသော အများပိုင်နေရာများကို အမြင့်ထုထည် သတ်မှတ်မှုကို ထိခိုက်နိုင်သည့် မည်သည့်ဘုတ်ပြားများကို အထပ်မြင့်အဆောက်အအုံများရှိ ဟင်းလင်းဖွင့်ကပြင် (sky terrace) အထပ်များ၏ ပတ်လည်အနားတစ်လျှောက် အောက်ပြင်တွင် တပ်ဆင်ခွင့်မပြုရ။

| စုစုပေါင်းအမြင့်ကန့်သတ်ချက်နှင့် လက်ရှိလမ်းညွှန်ချက်အရခွင့်ပြုသော အထပ်မြင့်အဆောက်အအုံများရှိ ဟင်းလင်းဖွင့်ကပြင် (Sky Terrace) | စုစုပေါင်းအမြင့်ကန့်သတ်ချက်နှင့် လမ်းညွှန်ချက်အသစ်အရခွင့်ပြုသော အထပ်မြင့်အဆောက်အအုံများရှိ ဟင်းလင်းဖွင့်ကပြင် (Sky Terrace) |
|---|---|
| စုစုပေါင်း = ၆၀.၀ မီတာ | စုစုပေါင်း = ၇၀.၀ မီတာ |

စုစုပေါင်းအမြင့်ကန့်သတ်ချက် = ၅.၀ မီတာ × ၁၂ = ၆၀.၀ မီတာ

အသစ်ထပ်တိုးအမြင့်= ၁၀.၀ မီတာ

စုစုပေါင်းအမြင့်ကန့်သတ်အသစ် = ၇၀.၀ မီတာ

**မှတ်ချက်**

၁၂ ထပ် စီးပွားရေးဆိုင်ရာ တည်ဆောက်မှုအတွက် လက်ရှိခွင့်ပြုနိုင်သော စုစုပေါင်းအမြင့်သည် ၆၀.၀၀ မီတာဖြစ်ပြီး ယင်းသည် အထပ်အသီးသီးအတွက် တစ်ထပ်ချင်းစီ၏ အများဆုံးအမြင့် ၅.၀ မီတာကို အခြေခံထားခြင်းဖြစ်သည်။ ၅.၀ မီတာထက်ပို၍ အထပ်မြင့် အဆောက်အအုံများရှိ ဟင်းလင်းဖွင့်ကပြင် (sky terrace) အထပ်များအတွက် နေရာထုထည်ကို ပို၍ပေးလိုပါက ရင်းနှီးတည်ဆောက်သူသည် အခြားအထပ်များအတွက် တစ်ထပ်ချင်းစီ၏အမြင့်ကို ပို၍မြင့်သောအမြင့်နှင့် ထေမိစေရန် လျှော့ချရမည်။

အထပ်မြင့်အဆောက်အအုံများရှိ ဟင်းလင်းဖွင့်ကပြင် (sky terrace) အထပ်များအတွက် ခွင့်ပြုထားသော ထပ်တိုး ၁၀.၀ မီတာကို အထပ်မြင့်အဆောက်အအုံများရှိ ဟင်းလင်းဖွင့်ကပြင် (sky terrace) အထပ်များအတွက်ဖြစ်စေ၊ အထပ်မြင့်အဆောက်အအုံများရှိ ဟင်းလင်းဖွင့်ကပြင် (sky terrace) အထပ်အောက်ခြေတွင်တည်ရှိသော ထပ်တိုး M&E လုပ်ငန်းအတွက်ဖြစ်စေ အသုံးပြုနိုင်သည်။ ရင်းနှီးတည်ဆောက်သူသည် ၅.၀ မီတာထက်ပိုသော အထပ်မြင့်အဆောက်အအုံများရှိ ဟင်းလင်းဖွင့်ကပြင်(sky terrace) အထပ်များအတွက် နေရာထုထည်ကို ပို၍ထောက်ပံ့ပေးရန်အလို့ငှာ အခြားအထပ်များ၏အမြင့် လျှော့ချရန်မလိုအပ်ပါ။




ပုံ ၂.၃.၇.၁ - အထပ်မြင့်အဆောက်အအုံများရှိ ဟင်းလင်းဖွင့်ကပြင် (Sky Terrace) အထပ်များဖြင့် တည်ဆောက်ပြုပြင်မှုအတွက် စုစုပေါင်းအမြင့် လျှော့ပေါ့ပေးမှု သရုပ်ဖော်ပြချက်

သရုပ်ဖော်ပြချက်ကို ၁၂ ထပ် စီးပွားရေးဆိုင်ရာ တည်ဆောက်ပြုပြင်မှု၏ လမ်းညွှန်ချက်အဖြစ် ဖော်ပြထားသည်။ ၎င်းတွင်တစ်ထပ်ချင်းစီအတွက် တစ်ထပ်နှင့်တစ်ထပ် အမြင့် ၅ မီတာကို အခြေခံ၍ စုစုပေါင်းအမြင့် ၆၀ မီတာရှိသည်။ တည်ဆောက်ပြုပြင်မှုတွင် အနည်းဆုံး အထပ်မြင့် အဆောက်အအုံများရှိ ဟင်းလင်းဖွင့်ကပြင် (sky terrace) အထပ်တစ်ခု ပါဝင်ပါက ထပ်တိုးအမြင့် ၁၀ မီတာတိုးနိုင်သည်။

## ၂.၄ အထူးအဆောက်အအုံနှင့် တည်ဆောက်ပုံ

### ၂.၄.၁ အထွေထွေ

#### ၂.၄.၁.၁ နယ်ပယ်

ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် အလွှာပါးတည်ဆောက်မှုများ၊ ယာယီတည်ဆောက်မှုများ၊ လူသွားလမ်းများနှင့် ဥမင်လှိုဏ်ခေါင်းများ၊ ယာဉ်အဝင်အထွက် အလိုအလျောက် ရွှေ့လျားဂိတ်များ၊ နေကာများနှင့် ပေါင်းမိုးများ၊ အမိုးပါသည့်ဝင်ပေါက်များ၊ ဆိုင်းဘုတ်များ၊ မျှော်စင်များနှင့် ဧရိယာတိုင်များအပါအဝင် အထူးအဆောက်အအုံဆောက်လုပ်ခြင်းနှင့် သက်ဆိုင်ပါသည်။

### ၂.၄.၂ အလွှာပါးတည်ဆောက်မှုများ

#### ၂.၄.၂.၁ အထွေထွေ

ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် ရက်ပေါင်း ၁၈၀ သို့မဟုတ် ယင်းထက်ပိုရှည်လျားသောကာလတစ်ခုအတွက် တည်ဆောက်သော အလွှာပါးတည်ဆောက်မှုဟုခေါ်ထားသည့် လေအားဖြင့် ထောက်ပံ့ထားသော(air supported) ၊ လေဖြည့်ထားသော (air inflated) ၊ ကြိုးဖြင့်ဆိုင်းထားသော အလွှာပါးတည်ဆောက်မှုနှင့် သက်ဆိုင်သည်။ တိုတောင်းသောကာလအတွက် တည်ဆောက်သော ထိုအဆောက်အဦများသည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေနှင့် မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာစံချိန်စံညွှန်းသတ်မှတ်ချက်များ (၂၀၂၀) ကို လိုက်နာရမည်။ ရေသိုလှောင်ကန်များ၊ ရေစစ်ကန်များ၊ ရေသန့်စက်များ၊ အညစ်အကြေးသန့်စင်စက်များ၊ ဖန်လုံအိမ်များနှင့် လူနေထိုင်ခြင်းအတွက်မဟုတ်သော အလားတူအဆောက်အဦများနှင့် အကျုံးဝင်သည့် အလွှာပါးတည်ဆောက်မှုများသည် အပိုင်း ၃၊ ဖွဲ့စည်းပုံဒီဇိုင်းပုံစံပါ လိုအပ်ချက်များသာ ပြည့်စုံရန်လိုအပ်သည်။ အဆောက်အအုံ၊ လသာဆောင်၊ သင်္ဘောကုန်းပတ်ပေါ်တွင် တည်ဆောက်ထားသည့် အဆောက်အဦများ သို့မဟုတ် အချိန်ကာလတစ်ခုခုအတွက် ဆောက်လုပ်သည့် အခြားသောအဆောက်အအုံသည် ဤအခန်းကို လိုက်နာရမည်။

#### ၂.၄.၂.၂ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

ဤအခန်းနှင့် သက်ဆိုင်သော၊ ဤလမ်းညွှန်ချက်ပါ အခြားနေရာများတွင် အသုံးပြုသော အောက်ပါစကားလုံးများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် အောက်တွင်ဖော်ပြထားသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်သည်။

လေဖြည့်အဆောက်အအုံ **(air inflated)** ဆိုသည်မှာ မြေနေရာကို ပတ်ရံ၍ လေဖိအားပေးထားသော အလွှာပါးရက်မများ၊ အခုံးများ သို့မဟုတ် အခြားအရာများကို အသုံးပြုသော အဆောက်အအုံဖြစ်သည်။ ထိုအဆောက်အအုံရှိ နေထိုင်သူများသည် အဆောက်အအုံကို ထောက်ပံ့ရန် အသုံးပြုသော လေဖိအားပေးထားသောဧရိယာတွင် လူနေထိုင်အသုံးပြုမှုမရှိစေရ။

လေအားဖြင့်ထောက်ပံ့ထားသော အဆောက်အအုံ **(air supported)** ဆိုသည်မှာ အဆောက်အအုံအတွင်း အဆောက်အအုံ၏ ပုံသဏ္ဍာန်ကို လေဖိအားဖြင့် ရယူထားခြင်းဖြစ်သည်။ ဖိအားဖြင့် မြှင့်တင်ထားသော ဧရိယာအတွင်း နေထိုင်အသုံးပြုနိုင်သည်။ လေထောက်ပံ့ အဆောက်အအုံ၏ အခြေခံပုံစံ ၂ မျိုး ရှိသည်။

ကိုယ်ထည်အခွံနှစ်ထပ်ပုံစံသည် အခွံတစ်ခုတည်းနှင့်ဆင်သော်လည်း ကာကွယ်ပေးမှု၊ အသံပိုင်း၊ အဆင်းလှပမှုအတွက် လုပ်ဆောင်ပေးသော လေဟာနယ်ကို စီစဉ်ထားပြီး အပြင်အခွံနှင့် ခွဲခြားထားသော တွဲဖက်ထားသည့် အနားကွပ်(လိုင်နာ)နှင့် ဖြစ်သည်။

ကိုယ်ထည်အခွံ တစ်ထပ်ရှိပုံစံသည် အပြင်ဘက်အခွံ တစ်ထပ်တည်းသာရှိပြီး လေဖိအားသည် ယင်းအခွံကို တိုက်ရိုက်ဆန့်ကျင်လျက်ရှိသည်။

ကြိုးဖြင့်ဆိုင်းထားသော လေထောက်ပံ့တည်ဆောက်မှုဆိုသည်မှာ အခြေခံအုတ်မြစ်များ သို့မဟုတ် မြေအောက်တွင်မြှုပ်နှံထားသည့် အရာဝတ္ထုနှင့် မှီတွယ်ကျောက်ချထားသည့် ကြိုးများ သို့မဟုတ် ပတ္တာူစများဖြင့် မြှင့်တင်ချိတ်တွယ်ပေးထားသော တည်ဆောက်မှုဖြစ်သည်။ အားဖြည့်သံမဏိကြိုး သို့မဟုတ် ပတ္တာူစကိုအလွှာပါးနှင့် နည်းလမ်းအသွယ်သွယ်ဖြင့် ပူးတွဲထားသည် သို့မဟုတ် ယင်းသည် အလွှာပါး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ယင်းသည် ကြိုးဆိုင်းတည်ဆောက်မှုမဟုတ်ပါ။

အလွှာပါးဖုံးအုပ်ထားသော ကြိုးဆိုင်းတည်ဆောက်မှုဆိုသည်မှာ လေထုဖိအားအသုံးပြုခြင်းမရှိသော တည်ဆောက်မှုဖြစ်ပြီး ရွက်တိုင်နှင့်ကြိုးစနစ်တို့က အလွှာပါးရာသီဥတုဒဏ်ကို ကာကွယ်မှုနှင့် တောင့်တင်းခိုင်မာသော တည်ဆောက်မှုအတွက် ဖွဲ့စည်းထားသော အဆောက်အအုံဖြစ်သည်။

အလွှာပါးဖုံးအုပ်ထားသော ဘောင်သတ်တည်ဆောက်မှုဆိုသည်မှာ လေထုဖိအားအသုံးပြုခြင်းမရှိသော တည်ဆောက်မှုဖြစ်ပြီး ရာသီဥတုဒဏ်ခံနိုင်သော တောင့်တင်းခိုင်မာသော အလွှာပါးတည်ဆောက်မှုကို ဘောင်သတ်ဖွဲ့စည်းမှုဖြင့် တည်ဆောက်ထားသော အဆောက်အအုံဖြစ်သည်။ မီးလောင်မလွယ်သော အလွှာပါးတည်ဆောက်မှုဆိုသည်မှာ

အလွှာပါးနှင့် အဆောက်အအုံတွင် ပါဝင်သောအစိတ်အပိုင်းအားလုံးသည် မီးလောင်မလွယ်သည့်ပစ္စည်းများဖြစ်သည့် အလွှာပါးတည်ဆောက်မှုဖြစ်သည်။

**၂.၄.၂.၃ ခွင့်ပြုနိုင်သည့်ကြမ်းခင်းဧရိယာ**

အလွှာပါးဖြင့် တည်ဆောက်ထားသော အဆောက်အအုံဧရိယာသည် အခန်း ၂.၃၊ အထွေထွေအဆောက်အအုံအမြင့်များနှင့် ဧရိယာများတွင် သတ်မှတ်ထားချက်များထက် မကျော်လွန်စေရ။

**၂.၄.၂.၄ အများဆုံးအမြင့်**

အလွှာပါးဖြင့် တည်ဆောက်ထားသော အဆောက်အအုံဧရိယာသည် တစ်ထပ်ထက် မကျော်လွန်ရသည့်အပြင် အခန်း ၂.၃၊ အထွေထွေ အဆောက်အအုံအမြင့်များနှင့် ဧရိယာများတွင် သတ်မှတ်ထားသော အမြင့်ပေထက် မကျော်လွန်စေရပါ။

ခြွင်းချက်။ ခေါင်မိုးသက်သက်ဖြစ်သော မီးလောင်မလွယ်သည့်အလွှာပါးဖြင့် တည်ဆောက်ထားသော အဆောက်အအုံဧရိယာ။

**၂.၄.၂.၅ အင်ဂျင်နီယာဆိုင်ရာဒီဇိုင်း**

လေ၊ မိုး သို့မဟုတ် ရေလွှမ်းမိုးမှုနှင့် ငလျင်ဒဏ်အပါအဝင် ဝန်သေ၊ ဝန်ရှင်ဒဏ်ခံနိုင်ရန် အပိုင်း ၃၊ ဖွဲ့စည်းပုံဒီဇိုင်းနှင့်အညီ အဆောက်အအုံကို ဒီဇိုင်း/ပုံစံထုတ်၍ တည်ဆောက်ရမည်။

**၂.၄.၂.၆ လေဖြည့်စနစ်**

အောက်ပါအနည်းဆုံး လိုအပ်ချက်များနှင့် ပြည့်စုံစေရန်အတွက် လေထောက်ပံ့သော သို့မဟုတ် လေဖြည့်အဆောက်အအုံများသည် အခြေခံနှင့် အရံလေဖြည့်စနစ်များ စီစဉ်ထားရှိရမည်။

**၂.၄.၂.၆.၁ ပစ္စည်းကိရိယာလိုအပ်ချက်များ**

ဤလေဖြည့်စနစ်သည် လေမှုတ်ကရိယာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ပါရှိရမည်ဖြစ်ပြီး လိုအပ်သော လေဖြည့်ဖိအားကိုထိန်းသိမ်းရန် အလိုအလျောက်ထိန်းချုပ်ခြင်းအတွက် စီမံထားရှိခြင်းများပါရှိရမည်။ လေဖြည့်စနစ်ကို လေထုဖိအားထက်ကျော်လွန်ခြင်းမှ ကာကွယ်ရန် ပုံစံထုတ်၍ ဒီဇိုင်းရေးဆွဲရမည်။

### ၂.၄.၂.၆.၁.၁ အရံလေဖြည့်စနစ်

အခြေခံလေဖြည့်စနစ်အပြင် ဧရိယာစတုရန်းပေ ၁၅၀၀ (၁၄၀ စတုရန်း မီတာ) ထက်ကျော်လွန်သော အဆောက်အအုံများတွင် အခြေခံလေဖြည့်စနစ် ချို့ယွင်းပါက ယင်းအဆောက်အအုံ၏ လေဖောင်းပွခြင်းကိုထိန်းသိမ်းရန် လုံလောက်သောပမာဏ ရှိသည့် အရံလေဖြည့်စနစ်ကို စီစဉ်ထားရှိရမည်။ အတွင်းဖိအားကုန်ဆုံးလျှင်နှင့် အခြေခံလေမှုတ်ကိရိယာစနစ် မလည်ပတ်လျှင် အရံလေဖြည့်စနစ်သည် အလိုအလျောက် လည်ပတ်နိုင်ရမည်။

### ၂.၄.၂.၆.၁.၂ လေမှုတ်ကိရိယာ

လေမှုတ်ကိရိယာသည် အောက်ပါလိုအပ်ချက်များနှင့် ပြည့်စုံရမည် –

(က) လေမှုတ်ကိရိယာများသည် တည်ဆောက်ပုံဆိုင်ရာ ဒီဇိုင်းအတွက် လိုအပ်သော လေစီးဆင်းမှုအခြေအနေအတွက် လိုအပ်သော အမြင့်ဆုံးစွမ်းအားဖြင့် အဆက်မပြတ် သတ်မှတ်သည့်မော်တာများ (continuous-rated motors) ဖြင့် လည်ပတ်မောင်းနှင်ရမည်။

(ခ) လေမှုတ်ကိရိယာများကို ထိခိုက်မှုကာကွယ်ရန် သက်ဆိုင်ရာအာဏာပိုင်က ညွှန်ကြားသော လေဝင်ပေါက်အကာများ၊ beltguard နှင့် အခြားကိရိယာ တန်ဆာပလာများဖြင့် စီစဉ်ထားရှိရမည်။

(ဂ) လေမှုတ်ကိရိယာများကို ရာသီဥတုဒဏ်ကာကွယ်သော အဆောက်အဦအတွင်း ထားရှိရမည်။

(ဃ) လေမှုတ်ကိရိယာများကို မလည်ပတ်သည့်အခါ လေဆုံးရှုံးမှုလျော့နည်းစေရန် လိုအပ်သောကိရိယာများ (back draft check dampers) လေစုပ်ပိုက်၊ လေဝင်ပေါက်ကို ထိန်းပေးသော သတ္တုပြားအရှင်များ တပ်ဆင်ထားရမည်။

(င) လေထုညစ်ညမ်းမှုမှကာကွယ်ရန် လေမှုတ်ကိရိယာ လေဝင်ပေါက်များရှိရမည်။ လေဝင်ပေါက်များ၏ တည်နေရာကို သတ်မှတ်အတည်ပြုရမည်။

### ၂.၄.၂.၆.၂ အရံသင့်ထားရှိသော စွမ်းအင်

အရံလေဖြည့်စနစ် လိုအပ်သည့်အခါတိုင်း သတ်မှတ်အတည်ပြုထားသော စွမ်းအင် လည်ပတ်မှုစနစ်ကို စီစဉ်ထားရှိရမည်။ ဤစနစ်ကို ပုံမှန်လျှပ်စစ်ဝန်ဆောင်မှု ပျက်သွားသည့်အခါ အလိုအလျောက်စတင်လည်ပတ်ရေး၊ အလိုအလျောက်လွှဲပြောင်းပေးရေးနှင့်

ယင်းဝန်ဆောင်မှုများ ချို့ယွင်းသွားပြီး စက္ကန့် ၆၀ အတွင်း လိုအပ်သော လျှပ်စစ်ဝန်ဆောင်မှုများအားလုံး စွမ်းအားပြည့်ဖြင့် လည်ပတ်နိုင်ရေးတို့အတွက် သင့်လျော်သည့် နည်းလမ်းဖြင့် တပ်ဆင်ထားရှိရမည်။

အရန်သင့်ထားရှိသော စွမ်းအင်သည် အနည်းဆုံး ၄ နာရီ သီးသန့်လည်ပတ်နိုင်စွမ်း ရှိရမည်။

### ၂.၄.၂.၆.၃ ကြိုတင်ထောက်ပံ့ထားရှိမှုများ

နေထိုင်သူ ၅၀ သို့မဟုတ် ၅၀ အထက်ရှိသော သို့မဟုတ် နေထိုင်သူကို ထည့်သွင်းမစဉ်းစားဘဲ ရေကူးကန်ပေါ်ရှိ အုပ်မိုးထားသော လေအားဖြင့် အထောက်အကူပြုသည့် အဆောက်အအုံနှင့် လေဖြည့်အဆောက်အအုံတို့တွင် လေလျော့နည်းသည့်အခါ အလွှာပါးကို ထောက်ပံ့ပေးသောစနစ်ကို စီစဉ်ထားရှိရမည်။ အထောက်အပံ့စနစ်သည် ကြမ်းပြင် သို့မဟုတ် ထိုင်စရာဧရိယာအထက် ပေ ၂၀ (၆၀၉၆ မီလီမီတာ) ထက် မနိမ့်သောအမိုးအဖြစ် အသုံးပြုထားသော အလွှာပါးဖြင့်တည်ဆောက်ထားသော အဆောက်အအုံများကို ထိန်းသိမ်းနိုင်စွမ်းရှိရမည်။ အထောက်အပံ့စနစ်သည် ကြမ်းပြင်၊ ထိုင်စရာဧရိယာ သို့မဟုတ် ရေမျက်နှာပြင်ထက် အနည်းဆုံး ၇ ပေ (၂၁၃၄ မီလီမီတာ) အထက်ရှိသော အခြား အလွှာပါးများကို ထိန်းသိမ်းနိုင်စွမ်းရှိရမည်။

## ၂.၄.၃ ယာယီအဆောက်အအုံများ

### ၂.၄.၃.၁ အထွေထွေ

ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် ရက်ပေါင်း ၁၈၀ အောက်နည်းသော ကာလအတွက် တည်ဆောက်သော ယာယီအဆောက်အအုံများနှင့် သက်ဆိုင်စေရမည်။ ရက်ပေါင်း ၁၈၀ အောက်နည်းသော ကာလအတွက်တည်ဆောက်သော ရွက်ဖျင်တဲများနှင့် အခြား အလွှာပါးဖြင့် တည်ဆောက်ထားသော အဆောက်အအုံများသည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဥပဒေနှင့် မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။ ထိုထက်ပိုသောကာလအတွက် ဆောက်လုပ်သော အဆောက်အဦများသည် ဤလမ်းညွှန်ချက်ပါ သက်ဆိုင်သောအပိုင်းများကို လိုက်နာရမည်။

#### ၂.၄.၃.၁.၁ ခွင့်ပြုချက်လိုအပ်ခြင်း

လူ ၁၀ ဦး သို့မဟုတ် ၁၀ ဦး ထက်ပိုသောသူများ အတူတကွစုဝေးရန်အတွက် အသုံးပြုရန် ရည်ရွယ်ထားသော သို့မဟုတ် အသုံးပြုသော အမျိုးထွက်ပေါက်၊ ဝင်ပေါက်

နှင့် ဆက်စပ်သည့်ဧရိယာ သို့မဟုတ် နေရာအပါအဝင် စတုရန်းပေ ၁၂၀ (၁၁.၁၆ စတုရန်းမီတာ) ထက်ပိုသောဧရိယာရှိသည့် ယာယီအဆောက်အအုံကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့၏ ခွင့်ပြုချက်မရဘဲ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း သို့မဟုတ် ရည်ရွယ်ချက်တစ်ခုခုအတွက် ထိန်းသိမ်းထားခြင်းမပြုရ။

### ၂.၄.၃.၂ တည်ဆောက်ရေးဆိုင်ရာ စာရွက်စာတမ်းများ

ယာယီအဆောက်အအုံများ တပ်ဆင်နေရာချထားခြင်းအတွက် ခွင့်ပြုချက် လျှောက်ထားခြင်းနှင့် တည်ဆောက်ရေးဆိုင်ရာ စာရွက်စာတမ်းများကို တင်ပြရမည်။ တည်ဆောက်ရေးဆိုင်ရာ စာရွက်စာတမ်းများတွင် ယာယီအဆောက်အအုံ၏ တည်နေရာကို ဖော်ပြသော လုပ်ငန်းခွင်စီမံကိန်းနှင့် နေထိုင်မည့်လူနှင့် ထွက်ပေါက်တို့ကို အသေးစိတ်ဖော်ပြ ထားသော သတင်းအချက်အလက်များ ပါရှိရမည်။

### ၂.၄.၃.၃ ထွက်ပေါက် (mean of egress)

ယာယီအဆောက်အဦများသည် အခန်း ၂.၆ ပါ ထွက်ပေါက်လိုအပ်ချက်များနှင့် ကိုက်ညီရမည်ဖြစ်ပြီး အများဆုံး ပေ ၁၀၀ (၃၀၄၈၀ မီလီမီတာ) အကွာအဝေးသို့ သွားရောက်နိုင်မည့် ထွက်ပေါက်ပါရှိရမည်။

### ၂.၄.၃.၄ ဒီဇိုင်းနှင့် တည်ဆောက်ခြင်း

အဆောက်အဦကို လေ၊ မိုး သို့မဟုတ် ရေလွှမ်းမိုးခြင်းနှင့် မြေငလျင်ဒဏ် အပါအဝင် ဝန်သေ၊ ဝန်ရှင်များကို ခံနိုင်ရန်နှင့် အပိုင်း ၃ ပါ ဖွဲ့စည်းပုံဒီဇိုင်းနှင့်အညီ ပုံစံထုတ်ရေးဆွဲပြီး တည်ဆောက်ရမည်။ ပို၍တိုတောင်းသောကာလအတွက် တည်ဆောက်သော အဆောက်အဦ များသည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေနှင့် မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များ (၂၀၂၀)ကို လိုက်နာရမည်။

## ၂.၄.၄ လူသွားလမ်းများ သို့မဟုတ်ဥမင်လှိုဏ်ခေါင်းများ

### ၂.၄.၄.၁ အထွေထွေ

ဤအပိုင်းသည် လူသွားလမ်းများကဲ့သို့သော အဆောက်အအုံ နှင့် သို့မဟုတ် လူများ သွားလာရန်အတွက် အသုံးပြုသော ပြင်ညီဆင့် (grade level) အထက် သို့မဟုတ် အောက်တွင်ရှိသော ဥမင်လှိုဏ်ခေါင်းများအကြား ဆက်သွယ်ခြင်းများနှင့် သက်ဆိုင်စေရမည်။ လူသွားလမ်းသည် အဆောက်အအုံဧရိယာ သို့မဟုတ် အထပ်အရေအတွက် သို့မဟုတ် ဆက်စပ်အဆောက်အအုံများ၏ အမြင့်တွင် ပါဝင်ခြင်းမရှိစေရ။

### ၂.၄.၄.၂ သီးခြားအဆောက်အဦများ

ဆက်စပ်အဆောက်အအုံများကို သီးခြားအဆောက်အဦများအဖြစ် မှတ်ယူရမည် –

ခြွင်းချက်များ –

(က) မြေတစ်ကွက်တည်းပေါ်ရှိ အဆောက်အအုံများ– မြေတစ်ကွက်တည်းပေါ်ရှိ နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော အဆောက်အအုံများကို သီးခြားအဆောက်အအုံများ အဖြစ်သတ်မှတ်ရမည် သို့မဟုတ် အဆောက်အအုံတစ်ခုစီ၏အမြင့်နှင့် အဆောက် အအုံများ၏ဧရိယာသည် အခန်း ၂.၃ ပါ အထွေထွေ အဆောက်အအုံအမြင့်များနှင့် ဧရိယာများ၊ ကန့်သတ်ချက်များအတွင်းဖြစ်ပါက အဆောက်အအုံတစ်ခု၏ အစိတ် အပိုင်းများအဖြစ် မှတ်ယူရမည်။ စုပေါင်းပါဝင်သော အဆောက်အအုံနှင့် သက်ဆိုင် သော ဤလမ်းညွှန်ချက်ပါပြဋ္ဌာန်းချက်များသည် အဆောက်အအုံတစ်ခုချင်းစီနှင့်လည်း သက်ဆိုင်သည်။

(ခ) တည်ဆောက်ပုံအရ ဆက်စပ်နေသော အဆောက်အအုံများနှင့် ပင်မဆောင်မှ ဘေးထုတ်ထားသောအဆောင်များစွာရှိသည့် အဆောက်အအုံများကို အဆောက်အဦ တစ်ခုအဖြစ် မှတ်ယူရမည်။

**၂.၄.၄.၃ တည်ဆောက်ပုံ (Construction)**

လူသွားလမ်းသည် မီးလောင်မလွယ်သော တည်ဆောက်ပုံဖြစ်ရမည်။

**ခြွင်းချက်များ -** ဆက်စပ်နေသော အဆောက်အအုံသည် မီးလောင်လွယ်သော တည်ဆောက်ပုံ ဖြစ်လျှင် မီးလောင်လွယ်သော တည်ဆောက်ပုံကို ခွင့်ပြုရမည်။

**၂.၄.၄.၄ ပါဝင်သည့်အရာများ**

လူသွားလမ်းတွင် သက်ဆိုင်ရာအဖွဲ့အစည်းက လက်ခံအတည်ပြုသည့် ပစ္စည်းများ နှင့် မွမ်းမံမှုများသာပါရှိရမည်။

**၂.၄.၄.၅ လူသွားလမ်းများနှင့် အဆောက်အအုံများကြားတွင် မီးတားများတည်ရှိမှု**

လူသွားလမ်းများကို အဆောက်အအုံ၏ အတွင်းပိုင်းနေရာများမှ အနည်းဆုံး ၂ နာရီ ထက်မနည်း ခံသောမီးတားများ (2 hour fire barriers) ဖြင့် ခွဲခြားတည်ဆောက်ထားရမည်။ ဤအကာအကွယ်ကို လူသွားလမ်းအမိုးမျက်နှာပြင် သို့မဟုတ် ဆက်စပ်နေသော အဆောက် အအုံ၏ အမိုးလိုင်းမျဉ်း၊ ယင်းနှစ်ခုအနက် ပို၍နိမ့်ရာမှ အထက်ဒေါင်လိုက် ၁၀ ပေ (၃၀၄၈ မီလီမီတာ) နေရာမှ လူသွားလမ်းအောက် ၁၀ ပေ (၃၀၄၈ မီလီမီတာ) နှင့် လူသွားလမ်း တစ်ဘက်စီမှ အလျားလိုက် ၁၀ ပေ (၃၀၄၈ မီလီမီတာ) ရှည်စေရမည်။ လူသွားလမ်း အလွန် ၁၀ ပေ (၃၀၄၈ မီလီမီတာ) အလျားလိုက် တိုးချဲ့အကာအကွယ် တံတိုင်းအတွင်းရှိ အပေါက် များကို ၃/၄ (၄၅ မိနစ်) နာရီခံ မီးအကာအကွယ်ပေးသော ကိရိယာများ တပ်ဆင်ထားရှိ ရမည်။

ခြွင်းချက် – ဆက်စပ်နေသော အဆောက်အအုံမှ လူသွားလမ်းကို ခွဲခြားထားသော တံတိုင်းများနှင့် လူသွားလမ်းအလွန် ၁၀ ပေ (၃၀၄၈ မီလီမီတာ) အလျားလိုက်တိုးချဲ့ အကာအကွယ် တံတိုင်းအတွင်းရှိ အပေါက်များသည် အောက်ပါအခြေအနေတစ်ခုခုရှိလျှင် မီးဒဏ်ခံ သတ်မှတ်ချက် (fire-resistance rating) ရှိရန် မလိုအပ်ပါ –

(က) ဆက်စပ်နေသော အဆောက်အဦများအကြား အကွာအဝေးသည် ၁၀ ပေ (၃၀၄၈ မီလီမီတာ)အထက်ရှိရမည်။ ဟင်းလင်းပွင့်သော ကားဂိုဒေါင်မှလွဲ၍ လူသွားလမ်းနှင့် ဆက်စပ်အဆောက်အအုံများ တလျောက်လုံးတွင် အလိုအလျောက်ရေဖျန်း၍ မီးငြိမ်းသတ်သည့်စနစ် တပ်ဆင်ထားသည်။ နံရံသည် မီးခိုးဖြတ်သန်းမှုကို ခံနိုင်ရည်ရှိပြီး သို့မဟုတ် နံရံကို ခံနိုင်ရည်မြှင့်ထားသောမှန် (tempered)၊ ဝါယာမြှပ်ထားသောမှန် (wired)၊ အလွှာပါးထပ်ထားသောမှန်များ (laminated glass wall) ဖြင့် တည်ဆောက်ထားပြီး အောက်ပါတို့နှင့် ကိုက်ညီသည်–

(၁)လူသွားလမ်းမှအဆောက်အအုံ၏ အတွင်းပိုင်းကို ခွဲခြားထားသော နံရံ သို့မဟုတ် မှန်ထည်ကို အလိုအလျောက်ရေဖျန်း၍ မီးငြိမ်းသတ်သည့်စနစ်ဖြင့် ကာကွယ်ထားရမည်ဖြစ်ပြီး အလိုအလျောက်ရေဖျန်း၍ မီးငြိမ်းသတ်သည့်စနစ်သည် စတင်အသက်ဝင်သောအခါ နံရံ သို့မဟုတ် မှန်၏အတွင်းဘက် မျက်နှာပြင်တစ်ခုလုံးကို လုံးဝစိုစေရမည်။

(၂)မှန်သည်ဂတ်စကက်ဘောင်အတွင်း ရှိရမည်ဖြစ်ပြီး ရေဘောင်ခတ်ခြင်းစနစ်သည် ရေဖျန်းသတ်စနစ်မလည်ပတ်မီ မှန်များမကွဲစေသည့်နည်းလမ်းဖြင့် တပ်ဆင်ထားရမည်။

(၃)ရေဖျန်းသတ်ပေးသည့် ပိုက်ခေါင်းနှင့်နံရံ သို့မဟုတ် မှန်အကြား တားဆီးပိတ်ဆို့သည့်အရာများ မတပ်ဆင်ရ။

(ခ) ဆက်စပ်အဆောက်အအုံများအကြား အကာအဝေးသည် ၁၀ ပေ (၁၀၄၈ မီလီမီတာ) ထက်ပိုပြီး လူသွားလမ်း၏ ဘေးတံတိုင်းနှစ်ဘက်လုံးသည် မီးခိုးနှင့်အဆိပ်ငွေ့များ စုပုံလာခြင်းမှ ကာကွယ်ရန်အတွက် တညီတညာတည်း ဖွင့်ထားသောဧရိယာနှင့် အနည်းဆုံး ၅၀ ရာခိုင်နှုန်းထားရှိသည်။

(ဂ) အဆောက်အအုံများသည် မြေတစ်ကွက်တည်းပေါ်တွင်ရှိသည်။

(ဃ) ဆက်စပ်အဆောက်အအုံ၏ အပြင်ဘက်တံတိုင်းသည် နှစ်နာရီထက်ပိုသော မီးဒဏ်ခံ rating ရှိရန်လိုအပ်ပါက လူသွားလမ်းတစ်လျှောက်လုံးကို အလိုအလျောက်ရေဖြန်း၍ မီးငြိမ်းသတ်သည့်စနစ် တပ်ဆင်ထားရှိရမည်။

(င) ရေဖြန်း၍မီးငြိမ်းသတ်သည့်စနစ် ပါရှိလျှင် အများဆုံး သုံးထပ်အဆင့်ထက် အမြင့် သို့မဟုတ် ၄၀ ပေ (၁၂၁၉၂ မီလီမီတာ) သို့မဟုတ် ငါးထပ်အမြင့် သို့မဟုတ်၅၅ ပေ (၁၆၇၆၄ မီလီမီတာ) ရှိသော လူသွားလမ်းသည် အထက်ပါခြွင်းချက်နှင့် သက်ဆိုင်သည်။

## ၂.၄.၄.၆ အများပြည်သူလမ်း

အများပြည်သူ ဖြတ်သန်းသွားလာခွင့်ရှိသော လမ်းအပေါ်တွင် လူသွားလမ်း တည်ဆောက်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်း၏ အတည်ပြုချက်ရှိရမည်။ အများပြည်သူ ဖြတ်သန်းသွားလာခွင့်ရှိသောလမ်းမှ လူသွားလမ်း၏ အနိမ့်ဆုံးအပိုင်းထိ ဒေါင်လိုက်ကြား လွတ်နယ်သည် အနည်းဆုံး ၁၅ ပေ (၄၅၇၂ မီလီမီတာ) ရှိရမည်။

## ၂.၄.၄.၇ ထွက်ပေါက်

လူသွားလမ်းသို့ အချိန်မရွေးသွားနိုင်သည့် ထွက်ပေါက်အဖြစ် အသုံးပြုသော ဝင်လမ်း စီစဉ်ထားရှိရမည်။

## ၂.၄.၄.၈ အကျယ်

လူသွားလမ်း၏ အဟန့်အတားအပိတ်အဆို့မရှိသည့် အကျယ်သည် ၃၆ လက်မ (၉၁၄ မီလီမီတာ)ထက် မနည်းစေရ။ စုစုပေါင်းအကျယ်သည် ၃၀ ပေ (၉၁၄၄ မီလီမီတာ) ထက်မပိုရ။

## ၂.၄.၄.၉ ဥမင်လှိုဏ်ခေါင်းဖောက်ထားသော လူသွားလမ်း

အဆောက်အအုံနှင့် ယင်းနှင့်ဆက်သွယ်ထားသော ဥမင်လှိုဏ်ခေါင်းဖောက်ထား သော လူသွားလမ်းသည် ၂ နာရီကြာ မီးဒဏ်ခံနိုင်ရန် တည်ဆောက်ရမည်ဖြစ်ပြီး ယင်းရှိ အပေါက်များကို ကာကွယ်ထားရမည်။

# ၂.၄.၅ နေကာများနှင့် ပေါင်းမိုးများ

## ၂.၄.၅.၁ အထွေထွေ

နေကာများနှင့် ပေါင်းမိုးများသည် ဤအပိုင်းနှင့် ဤလမ်းညွှန်ချက်ပါ အခြား သက်ဆိုင်သည့် အပိုင်းများ၏ လိုအပ်ချက်အတိုင်း လိုက်နာရမည်။

## ၂.၄.၅.၂ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

ဤအပိုင်းအလို့ငှာနှင့် ဤလမ်းညွှန်ချက်တွင် တစ်နေရာရာ၌ အသုံးပြုထားသည့် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

**နေကာများ** – ဗိသုကာဆိုင်ရာ အစွန်းထွက်နေသည့် အစိတ်အပိုင်းသည် ယင်းနှင့်တွဲနေသည့် အဆောက်အအုံက လုံးဝထောက်ပင့်ပေးထားသော ရာသီဥတုကိုကာကွယ်ခြင်း၊ ထင်ရှားသော လက္ခဏာနှင့် မွမ်းမံမှုများကိုဖော်ပြသည်။ နေကာသည် အပေါ်လွှာပါရှိသည့် ပေါ့ပါးသော ဘောင်ဖွဲ့စည်းမှုဖြစ်သည်။

**ပေါင်းမိုး** – အပေါ်တွင်ရာသီဥတုကိုကာကွယ်ခြင်း၊ ထင်ရှားသောလက္ခဏာနှင့် မွမ်းမံမှုဖြစ်စေသည့် အထပ်လွှာတွဲပါရှိပြီး တောင့်တင်းခိုင်မာသော အဆောက်အအုံ၏ အမြဲတမ်းအဆောက်အဦ သို့မဟုတ် ဗိသုကာဆိုင်ရာအစွန်းထွက်နေသည့် အစိတ်အပိုင်းဖြစ်သည်။ ယင်းသည် တည်ဆောက်ပုံအရ လွတ်လွတ်လပ်လပ်ရှိရမည် သို့မဟုတ် အစွန်းတစ်ဘက်တွင် အဆောက်အအုံနှင့် ဆက်စပ်ထားပြီး အပြင်ဘက်အစွန်းတွင် တစ်ခုထက်မနည်းသော ဒေါက်ဖြင့် ထောက်ပင့်ထားရမည်။

**ပြန်လည်ခေါက်သိမ်းနိုင်သောနေကာ** – ပြန်လည်ခေါက်သိမ်းနိုင်သော နေကာသည် အဆောက်အအုံ သို့မဟုတ် ယင်းကလုံးဝထောက်ပင့်ပေးသော အခြားသောအဆောက်အဦမှ ပြန်လည်ခေါက်သိမ်းနိုင်သည့် ဘောင်ပါသော အမိုးအကာတစ်ခုဖြစ်သည်။

## ၂.၄.၅.၃ ဒီဇိုင်းနှင့် တည်ဆောက်ပုံ

နေကာများနှင့်ပေါင်းမိုးများ လေဒဏ်ခံနိုင်ရန် သို့မဟုတ် အပိုင်း ၃ ဖွဲ့စည်းပုံဒီဇိုင်းတွင် သတ်မှတ်ထားသော ဘေးတိုက်ဝန်နှင့် ဝန်ရှင်ကိုခံနိုင်ရန် ခွင့်ပြုသောပုံသဏ္ဍာန်၊ ဟင်းလင်းပွင့်တည်ဆောက်ပုံနှင့် ဖိအား သို့မဟုတ် ဝန်ကို လျော့ပါးစေမည့် အလားတူပုံသဏ္ဍာန်ဖြင့် ဒီဇိုင်းရေးဆွဲတည်ဆောက်ရမည်။ ပျက်စီးယိုယွင်းခြင်းမှ တားဆီးရန် ဝန်ဒဏ်ခံအစိတ်အပိုင်းများကို ကာကွယ်ထားရှိရမည်။ နေကာတွင် မီးလောင်မလွယ်သည့်ပစ္စည်းများ၊ မီးလောင်နှေးစေရန်ပြုပြင်ထားသည့် သစ်သား သို့မဟုတ် မီးလောင်မလွယ်သည့် အဖုံးအကာများနှင့် ဘောင်ပါရှိရမည်ဖြစ်ပြီး ခိုင်မြဲရမည်။ ပြန်လည်ရုပ်သိမ်းနိုင်ရမည် သို့မဟုတ် ခေါက်သိမ်းနိုင်ရမည်။

## ၂.၄.၅.၄ အများပြည်သူလမ်း

အများပြည်သူသွားလမ်းကို အစွန်းထွက်နေသော ယာယီနေကာများရှိသင့်သည်။ သက်ဆိုင်ရာအာဏာပိုင်ကခွင့်ပြုလျှင် နဖူးစည်းအပါအဝင် အများပြည်သူသွားလမ်းမှ နေကာ

အနိမ့်ဆုံးအစိတ်အပိုင်းထိ ဒေါင်လိုက်ကြားလွတ်နယ်သည် အနည်းဆုံး ၇ ပေ (၂၁၃၄ မီလီမီတာ) ဖြစ်ရမည်ဖြစ်ပြီး အများပြည်သူလမ်းသို့ ထွက်နေသည့် အစွန်းသည် ၃ ပေ ထက်မပိုရ။

## ၂.၄.၆ အမိုးပါသည့် ဝင်ပေါက်များ (Marquees)

### ၂.၄.၆.၁ အထွေထွေ

အမိုးပါသောဝင်ပေါက်များသည် ဤအပိုင်းနှင့် ဤလမ်းညွှန်ချက်ပါ အခြားသက်ဆိုင်သော အပိုင်းများကို လိုက်နာရမည်။

### ၂.၄.၆.၂ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

ဤလမ်းညွှန်ချက်အလို့ငှာနှင့် ဤလမ်းညွှန်ချက်တွင် အခြားတစ်နေရာရာ၌ အသုံးပြုထားသော အောက်ပါစကားရပ်သည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

“အမိုးပါသည့် ဝင်ပေါက်အဆောက်အအုံနှင့်တွဲနေပြီး ပင်မအဆောက်အအုံက အထောက်အကူပြုပေးထားသော အမြဲတမ်းအမိုးမိုးထားသော အဆောက်အဦအစိတ်အပိုင်းဖြစ်သည်။”

### ၂.၄.၆.၃ အထု

အမိုးပါသည့်ဝင်ပေါက်သည် အဆောက်အအုံမျဉ်းလိုင်းမှ လမ်းမဘေးမြင့်ထားသော လမ်းအစွန်းမျဉ်းလိုင်းထိ အကွာအဝေးသုံးပုံနှစ်ပုံထက် ထိုးထွက်နေလျှင် အမိုးပါသည့် ဝင်ပေါက်၏ အများဆုံးအမြင့် သို့မဟုတ် အထုသည် ဒေါက်လိုက်တိုင်းလျှင် ယင်းအနိမ့်ဆုံး အစွန်းမှ အမြင့်ဆုံးအစွန်းထိ ၃ ပေ (၉၁၄ မီလီမီတာ) ထက်မပိုရ။ အမိုးပါဝင်သည့် ဝင်ပေါက်သည် အဆောက်အအုံမျဉ်းလိုင်းမှ လမ်းမဘေးမြင့်ထားသော လမ်းအစွန်းမျဉ်းလိုင်းထိ အကွာအဝေး သုံးပုံနှစ်ပုံအောက် ထိုးထွက်နေလျှင် ၉ ပေ (၂၇၄၃ မီလီမီတာ) ထက်မပိုရ။

### ၂.၄.၆.၄ အမိုးတည်ဆောက်ပုံ

ခေါင်မိုး သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ခုခုသည် အလင်းဝင်ပေါက်ဖြစ်လျှင် အလင်းဝင်ပေါက်သည် အပိုင်း ၃ ဖွဲ့စည်းပုံဒီဇိုင်းပါ လိုအပ်ချက်များကို လိုက်နာရမည်။ အမိုးပါသည့်ဝင်ပေါက်များ၏ အမိုးနှင့် အလင်းဝင်ပေါက်များသည် လူသွားလမ်းသို့ ရေမလျှံစေရန်အတွက် အမိုးပါသည့်ဝင်ပေါက်မှ ရေထုတ်ခြင်းကို လုပ်ဆောင်ပေးသော ရေနုတ်ပြွန်များသို့ သွန်ကျစေရန် အမိုးကို စောင်းပေးထားရမည်။

### ၂.၄.၆.၅ တားမြစ်ထားသောနေရာ

အမိုးပါသည့်ဝင်ပေါက်များသည် အပြင်ဘက်ရှိ မတ်တပ်ရေဘုံဘိုင်အသုံးပြုခြင်းကို အနှောင့်အယှက်မဖြစ်စေသည့်၊ လှေခါးခွင်သို့သွားရာလမ်း သို့မဟုတ် အဆောက်အအုံမှ

ထွက်ပေါက် သို့မဟုတ် လမ်းမီးတပ်ဆင်ခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းကို နှောင့်ယှက်ဟန့်တားခြင်း မဖြစ်စေသည့်နေရာတွင် တည်ရှိရမည်။

### ၂.၄.၆.၆ တည်ဆောက်ပုံ

အမိုးပါသည့်ဝင်ပေါက်ကို အဆောက်အအုံမှ လုံးဝထောက်မပေးထားရမည်ဖြစ်ပြီး မီးမလောင်လွယ်သည့်ပစ္စည်းများဖြင့် တည်ဆောက်ရမည်။ အမိုးပါသည့် ဝင်ပေါက်များကို အပိုင်း ၃ ဖွဲ့စည်းပုံဒီဇိုင်းတွင် ညွှန်ကြားထားသည့်အတိုင်း ပုံစံထုတ်ဒီဇိုင်းရေးဆွဲရမည်။ ပျက်စီးယိုယွင်းခြင်းမှ တားဆီးရန် ဝန်ဒဏ်ခံအစိတ်အပိုင်းများကို ကာကွယ်ထားရှိရမည်။

### ၂.၄.၆.၇ အများပြည်သူလမ်း

အများပြည်သူသွားလမ်းတွင် တည်ဆောက်ရန် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ခွင့်ပြုလျှင် လူသွားလမ်းအထက် ကြားလွတ်အမြင့် ၁၅ ပေ (၄၅၇၂ မီလီမီတာ) အောက်နည်းသောအမိုးပါသည့် ဝင်ပေါက်များသည် အဆောက်အအုံမှတိုင်းတာလျှင် လူသွားလမ်းအကျယ်၏ သုံးပုံနှစ်ပုံထက်မကျော်လွန်ရ။ နေကာများ၊ ပေါင်းမိုးများ၊ အမိုးပါသည့် ဝင်ပေါက်များနှင့် ဆိုင်းဘုတ်များကို ထောက်မပေးသည့်တိုင်များသည် လမ်းမဘေးမြှင့်ထားသော လမ်းအစွန်မျဉ်းလိုင်းမှ ၂ ပေ (၆၁၀ မီလီမီတာ) အောက်မနည်းသော အကွာအဝေးတွင် တည်ရှိရမည်။

## ၂.၄.၇ ဆိုင်းဘုတ်များ

### ၂.၄.၇.၁ အထွေထွေ

ထွက်ပေါက်အတွက် လိုအပ်သော ထွက်ပေါက်အမှတ်အသားများ၊ တရားဝင်ယာဉ်သွားယာဉ်လာ အမှတ်အသားများ၊ အချက်ပြခြင်းများ သို့မဟုတ် ပစ္စည်းကိရိယာများ၏ မြင်ကွင်းကို ရောထွေးပိတ်ဆို့မှုပြုနိုင်သည့် သို့မဟုတ် အနှောင့်အယှက်ပြုနိုင်သည့်နည်းလမ်းဖြင့် ဆိုင်းဘုတ်ကို စိုက်ထူခြင်းမပြုရ။ ထိန်းသိမ်းစောင့်ရှောက်ထားသည့်ဇုန်၊ သတ်မှတ်ထားသော ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်ဧရိယာအတွင်း အမှတ်အသားနှင့် ပစ္စည်းကိရိယာများသည် တည်ရှိဆဲပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်နှင့် ပိုမိုကောင်းမွန်စေရန် ရည်ရွယ်သည့် ဒေသဆိုင်ရာ စီမံကိန်းလမ်းညွှန်မှုကို လိုက်နာရမည်။ စီးပွားရေးဆိုင်ရာ ဆိုင်းဘုတ်ကြီးများနှင့် ကြော်ငြာဆိုင်းဘုတ်ကြီးများကို ထိန်းသိမ်းစောင့်ရှောက်ထားသည့် ဇုန်၊ သတ်မှတ်ထားသော ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်ဧရိယာနှင့် မြေယာရှုခင်း သို့မဟုတ် ပတ်ဝန်းကျင်မြင်ကွင်းများ ထိခိုက်မှုရှိမည်ဆိုပါက စိုက်ထူခွင့်ပြုမည်မဟုတ်ပါ။ ဆိုင်းဘုတ်များကို မီးအရေးပေါ် လှေကား သို့မဟုတ် ပြတင်းပေါက် သို့မဟုတ် တံခါးပေါက် သို့မဟုတ် ထွက်ပေါက်အဖြစ်

သုံးသောအပေါက် သို့မဟုတ် အမိုးအောက်တစ်နေရာမှ ယင်း၏ တစ်ခြားနေရာသို့ သွားသော လမ်းကြောင်းကို တားဆီးရန်စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ထားရှိခြင်းမပြုရ။ ဆိုင်းဘုတ်ကို မီးအရေးပေါ်လှေကားနှင့် မည်သည့်ပုံစံ၊ မည်သည့်ပုံသဏ္ဍာန်၊ မည်သည့်နည်းဖြင့်မဆို တွဲဆက်ထားခြင်းမရှိရမည့်အပြင် လေဝင်လေထွက်ကောင်းစေရန်အတွက် လိုအပ်သော အပေါက်များကို အနှောင့်အယှက်ဖြစ်နိုင်သည့် နည်းလမ်းဖြင့် ထားရှိခြင်းမပြုရ။ ဆိုင်းဘုတ်များနှင့် ယင်းကို စိုက်ထူထားသည့် အထောက်အကူအစိတ်အပိုင်းများ၊ ဆိုင်းကြိုးများနှင့် မြေစိုက်အမာခံများကို ပြုပြင်ထားရှိပြီး သင့်လျော်သောအခြေအနေတွင် ထိန်းသိမ်းထားရှိရမည်။ ဆိုင်းဘုတ်များ၏ မျက်နှာပြင်အလှဘက်ကို သပ်ရပ်စွာ ဆေးခြယ်ထားရှိခြင်း သို့မဟုတ် အမြဲတမ်းတပ်ဆင်ထားရမည်။

နိုင်ငံခြားဘာသာဖြင့် ရေးသားထားသည့် ဆိုင်းဘုတ်များကို အင်္ဂလိပ်ဘာသာ သို့မဟုတ် မြန်မာဘာသာဖြင့် လိုက်လျောညီထွေသော ဘာသာပြန်ဆိုမှုပါရှိရမည်။ ရေမြေတောတောင်ရှုခင်း၏ သဘာဝရှုခင်းကို လွှန်လွန်ကဲကဲ အဟန့်အတားဖြစ်စေရန်၊ အများပြည်သူမြင်ကွင်းကို အနှောင့်အယှက်ပြုခြင်းကြောင့် ယာဉ်အန္တရာယ်ဖြစ်စေနိုင်ခြင်း သို့မဟုတ် အလှအပ၊ ယဉ်ကျေးမှုဆိုင်ရာတန်ဖိုးနှင့် ရိုးရာဓလေ့များကို တစ်နည်းနည်းဖြင့် ဖျက်ဆီးရန်၊ တန်ဖိုးလျော့စေရန် သို့မဟုတ် စော်ကားရန် မည်သည့်အမှတ်အသား သို့မဟုတ် ဆိုင်းဘုတ်များကို တည်ဆောက်ခြင်းမပြုရ။ ဆိုင်းဘုတ်အမျိုးအစားအားလုံးကို စိုက်ထူတပ်ဆင်ခြင်းသည် ယင်းတွင်ပါရှိသော အစိတ်အပိုင်းအားလုံးနှင့် သဟဇာတဖြစ်ပြီး လုပတင့်တယ်မှုရှိရမည်။

### ၂.၄.၇.၂ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

ဤအပိုင်းအလို့ငှာ အောက်ပါအဓိပ္ပာယ်ဖွင့်ဆိုချက်များကို အသုံးပြုရမည် –

**ကြော်ငြာဆိုင်းဘုတ်** – ကြော်ငြာရန်အလို့ငှာ သို့မဟုတ် သက်ဆိုင်ရာ သတင်းအချက်အလက်များပေးရန် သို့မဟုတ် နေရာတစ်ခုခု၊ လူပုဂ္ဂိုလ်တစ်ဦးဦး၊ ပြည်သူ့ဖျော်ဖြေရေး၊ ပစ္စည်း သို့မဟုတ် ရောင်းကုန်တစ်ခုခုကို ပြည်သူများအားဆွဲဆောင်ရန် အပြင်ဘက်လဟာပြင်တွင် ပြထားသည့် အက္ခရာစာလုံးများ၊ စာများနှင့်သရုပ်ဖော်ပုံများ ရေးဆွဲထားသည့်မျက်နှာပြင် သို့မဟုတ် အဆောက်အအုံဖြစ်ပြီး ယင်းမျက်နှာပြင် သို့မဟုတ် အဆောက်အအုံသည် အဆောက်အအုံတစ်ခုခုနှင့် တွဲလျက်ရှိသည်၊ အဆောက်အအုံ၏အစိတ်အပိုင်းတစ်ခု ဖြစ်သည် သို့မဟုတ် အဆောက်အအုံနှင့် ဆက်စပ်နေသည် သို့မဟုတ် သစ်ပင်၊ မြေပြင် သို့မဟုတ် တိုင်၊ ပိတ်ကားဖန်သားပြင်၊ အကာအရံ၊ ကြော်ငြာဆိုင်းဘုတ်ကြီးတွင် တပ်ဆင်ထားသည် သို့မဟုတ် ကွက်လပ်နေရာတွင် ပြသထားသည်။

**အလံတံခွန်ဆိုင်းဘုတ်** – ကြော်ငြာမျက်နှာပြင်အဖြစ် အလံတံခွန်ကို အသုံးပြုထားသော ဆိုင်းဘုတ်။

**ပေါင်းမိုးဆိုင်းဘုတ်** – တွဲဘက်ထားသော သို့မဟုတ် လွတ်လွတ်လပ်လပ် ရပ်တည်နေသော ပေါင်းမိုး၏ မြင်နိုင်သောမျက်နှာပြင်တွင် တပ်ဆင်ထားသည့်ဆိုင်းဘုတ်။

**အတွင်းဆိုင်းဘုတ်** – ဧရိယာ၏အနည်းဆုံး ငါးဆယ်ရာခိုင်နှုန်းကျော်သည် ခိုင်မာတောင့်တင်းသည့် သို့မဟုတ် မြဲမြံစွာကာရံထားသည့် သို့မဟုတ် ဖုံးအုပ်ထားသည့်ကြော်ငြာဆိုင်းဘုတ်။

**ရောနှောပေါင်းစပ်ထားသည့် ဆိုင်းဘုတ်** – တစ်စိတ်တစ်ဒေသကို တိုင်ဖြင့်လည်းကောင်း၊ အဆောက်အအုံဖြင့်လည်းကောင်း ထောက်ပင့်ထားသည့်ဆိုင်းဘုတ်။

**လမ်းညွှန်ဆိုင်းဘုတ်** – ပုံမှန်အားဖြင့် လမ်းကြောင်းပြောင်းလဲမှုကို ဖော်ပြရန်အတွက် အသုံးပြုသောမြှားပုံရှိသည့် သို့မဟုတ် မှန်ကန်သောလမ်းကြောင်းကို အတည်ပြုပေးသော ဆိုင်းဘုတ်။

**လျှပ်စစ်ဆိုင်းဘုတ်** – ဆိုင်းဘုတ်တွင် သီးခြားခွဲထုတ်မရသော အစိတ်အပိုင်းဖြစ်သည့် လျှပ်စစ်အသုံးအဆောင်ပစ္စည်းများကို အသုံးပြုထားသည့် ကြော်ငြာဆိုင်းဘုတ်။

**လွတ်လွတ်လပ်လပ် တည်ရှိသောဆိုင်းဘုတ်** – မြေပြင်တွင် သို့မဟုတ် မြေပြင်ပေါ်တွင် ရှိသည့်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသောဒေါက်တိုင် သို့မဟုတ် အထောက်များဖြင့် ထောက်ပင့်ထားသော ဆိုင်းဘုတ်များအပါအဝင် အဆောက်အအုံက ထောက်ပင့်မထားဘဲ မြေပြင်တွင်စိုက်ထူ၍ စွဲကပ်ထားသည့် အဆောက်အအုံနှင့်သာ အဓိကထောက်ပင့်ထားသည့် ဆိုင်းဘုတ်။

**မြေပြင်ဆိုင်းဘုတ်** – မြေပြင် သို့မဟုတ် တိုင်၊ ပိတ်ကားဖန်သားပြင်၊ အကာအရံ သို့မဟုတ် ကြော်ငြာဆိုင်းဘုတ်ကြီးတွင် စိုက်ထူထားသည့် သို့မဟုတ် ဆေးခြယ်ထားသည့် အများပြည်သူမြင်နိုင်ပြီး အဆောက်အအုံမှ ခွဲထွက်နေသည့် ကြော်ငြာဆိုင်းဘုတ်။

**ခွဲခြားဖော်ပြသောဆိုင်းဘုတ်** – တိကျသောတည်နေရာ သတင်းအချက်အလက်ပေးသည့် ဆိုင်းဘုတ်၊ တိကျသောအရာကိုဖော်ပြသည့်ဆိုင်းဘုတ်။ ဥပမာ–ပါကင်အကွက် B၊ အဆောက်အအုံ နံပါတ် ၅၊ ရှေးဦးသူနာပြုနေရာစသဖြင့်

**မီးပဒေသာ ထွန်းလင်းနေသောဆိုင်းဘုတ်** – လျှပ်စစ်အမှတ်အသားဆိုင်းဘုတ်မှတစ်ပါး အလင်းတိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပျံ့နှံ့ဖြန့်ကျဲခြင်း (direct or indirect light) ဖြင့် အမြဲဖြစ်စေ၊ အမြဲမဟုတ်သည်ဖြစ်စေ မီးပဒေသာထွန်းလင်းခြင်းဖြစ်စေသည့် ကြော်ငြာဆိုင်းဘုတ်။

**သတင်းအချက်အလက်ဆိုင်းဘုတ်** – တက္ကသိုလ်ပရိဝုဏ်ပုံစံ၊ ဘတ်စ်လမ်းကြောင်း၊အဆောက်အအုံဖွဲ့စည်းပုံ၊ ဈေးရုံဖွဲ့စည်းပုံစသည်တို့ကဲ့သို့သော အရာများစွာပါဝင်သည့် အထွေထွေဖွဲ့စည်းထားရှိမှုအတွက် ယေဘုယျသတင်းအချက်အလက်ပေးရန် အသုံးပြုသောဆိုင်းဘုတ်။

**အမိုးပါသည့် ဝင်ပေါက်ဆိုင်းဘုတ်** – အမိုးပါသည့်ဝင်ပေါက်၊ ပေါင်းမိုး သို့မဟုတ်အဆောက်အအုံက ထောက်ပင့်ပေးထားပြီး အဆောက်အအုံမှထွက်နေသော၊ အဆောက်အအုံနံရံ၊ အဆောက်အအုံမျဉ်းလိုင်းမှ ကျော်လွန်တိုးချဲ့ထားသော အခြားကာထားသည့် အဆောက်အဦ (covered structure)တွင် တွဲထားသည့် သို့မဟုတ် ချိတ်ဆွဲထားသည့် ကြော်ငြာဆိုင်းဘုတ်။

**အပြင်ဆိုင်းဘုတ်** – ကာထားသောဧရိယာ၏ အနည်းဆုံး ငါးဆယ်ရာခိုင်နှုန်းကို ဖုံးအုပ်မထားဘဲ လေတိုက်ခံရနိုင်သော ကြော်ငြာဆိုင်းဘုတ်။

**ရွှေ့ပြောင်းနိုင်သောဆိုင်းဘုတ်** – မြေပြင် သို့မဟုတ် အဆောက်အအုံ သို့မဟုတ် အဆောက်အအုံမျက်နှာပြင်တွင် အမြဲတစေ တွဲကပ်ထားခြင်း မဟုတ်သည့် ဆိုင်းဘုတ်တစ်ခုခု။

**ထိုးထွက်နေသောဆိုင်းဘုတ်** – အဆောက်အအုံ၏ အစိတ်အပိုင်းတစ်ခုခုနှင့် တွဲကပ်ထားပြီး ယင်းမှ ၃၀၀ မီလီမီတာထက် ပို၍ထိုးထွက်နေသော ကြော်ငြာဆိုင်းဘုတ်။

**စည်းကမ်းထိန်းသိမ်းရေးဆိုင်းဘုတ်** – “ရပ်”၊ “ယာဉ်မရပ်ရ”၊ “တစ်လမ်းမောင်း” စသည်တို့ကဲ့သို့သော ယာဉ်အသွားအလာ အသေးစိတ်ပြခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းတွင် အသုံးပြုလေ့ရှိသော လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လိုအပ်ချက်များ၊ ကန့်သတ်ချက်များကိုပေးသော သို့မဟုတ် သတိပေးသော ဆိုင်းဘုတ်။

**ခေါင်မိုးဆိုင်းဘုတ်** – အဆောက်အအုံ၏အမိုးပေါ်တွင် ဆေးသုတ်ထားသော ဆိုင်းဘုတ်များအပါအဝင် အဆောက်အအုံအမိုး၏ အစိတ်အပိုင်းတစ်ခုခု သို့မဟုတ် အမိုးအစွန်းပေါ်တွင် သို့မဟုတ် အထက်တွင် စိုက်ထူထားသော သို့မဟုတ် နေရာချထားပေးသော ကြော်ငြာဆိုင်းဘုတ်။

**ကောင်းကင်ဆိုင်းဘုတ်** – ဟင်းလင်းပြင်တွင် ပြသထားသော အောက်ပါကဲ့သို့သော ကြော်ငြာဆိုင်းဘုတ် –

(က) မြေပြင်တစ်နေရာတွင် အခြေပြုထိန်းမတ်ပေးထားသော ဓာတ်ငွေ့ဖြည့်ထားပြီး တံခွန်၊ ကုက္ကားစပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ လေတွင် ပေါလောပေါ်နေသော ဘောလုံးစသည်။

(ခ) ကောင်းကင်စာရေးခြင်း ဆိုလိုသည်မှာ လေယာဉ်ပျံမှထွက်ရှိသော မီးခိုးဖြင့်လေထုတွင် ကောက်ကြောင်းလိုက်ရေးသော အမှတ်အသား သို့မဟုတ် စာလုံး။

**ဆိုင်းဘုတ်အမှတ်အသား** – ဗျည်းအက္ခရာ သို့မဟုတ် ရုပ်ပုံသင်္ကေတများ သို့မဟုတ် ကိုယ်စားပြုခြင်းများဖြင့် ပုံရေးဆွဲတင်ပြခြင်းနည်းလမ်းနှင့် စီးပွားရေးဆိုင်ရာ သို့မဟုတ် စီးပွားရေးဆိုင်ရာမဟုတ်သော သတင်းအချက်အလက်ကိုဖော်ပြသည့် အများပြည်သူဆိုင်ရာနေရာမှမြင်နိုင်သည့် ပစ္စည်းကိရိယာ/အရာ။ စီးပွားရေးနှင့်မဆိုင်သောအလံ သို့မဟုတ် ဒေါက်တိုင်/ အလံတိုင်တွင် စိုက်ထူထားသော အခြားမည်သည့်အလံကိုမဆို ဆိုင်းဘုတ်အမှတ်အသားဟု မသတ်မှတ်ပါ။

**ယာယီဆိုင်းဘုတ်** – ရုံးပိတ်ရက်များ သို့မဟုတ် လူထုဆန္ဒပွဲများအတွက် အလှဆင်ထားသော ခင်းကျင်းပြသခြင်းများအပါအဝင် ကာလအပိုင်းအခြားတစ်ခု ခင်းကျင်းပြသခြင်းအတွက် ရည်ရွယ်သောဘောင်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ပိတ်စ၊ ပတ္တူစ၊ ရက်ထည် သို့မဟုတ် အခြားပေါ့ပါးသောပစ္စည်းဖြင့် ဖွဲ့စည်းထားသည့်ကြော်ငြာဆိုင်းဘုတ်၊ တံခွန် သို့မဟုတ် အခြားကြော်ငြာပစ္စည်းကိရိယာ။

**ဝရန်တာဆိုင်းဘုတ်** – ဝရန်တာနှင့် တွဲဖက်ထားသည့် သို့မဟုတ် ဝရန်တာတွင် စိုက်ထားသည့် သို့မဟုတ် ချိတ်ဆွဲထားသည့် ကြော်ငြာဆိုင်းဘုတ်။

**နံရံဆိုင်းဘုတ်** – ထိုးထွက်နေသော ဆိုင်းဘုတ်မှတစ်ပါး အဆောက်အအုံ၏ အပြင်မျက်နှာပြင် သို့မဟုတ် တည်ဆောက်မှုဆိုင်ရာ အစိတ်အပိုင်းတွင် တိုက်ရိုက်တွဲဖက်ထားသော သို့မဟုတ် ဆေးခြယ်ထားသော သို့မဟုတ် ကပ်ထားသော ကြော်ငြာဆိုင်းဘုတ်။

**ပြတင်းပေါက်ဆိုင်းဘုတ်** – သတင်းအချက်အလက်ကို အများပြည်သူလမ်းမှ သို့မဟုတ် ဆက်စပ်နေသော မြေနှင့်အိမ်ရာ အဆောက်အအုံမှ မြင်နိုင်၊ ဖတ်နိုင်ရန်ရည်ရွယ်သော ပြတင်းပေါက်မျက်နှာပြင်တွင် တွဲကပ်ထားသည့် ဆိုင်းဘုတ်။

## ၂.၄.၇.၃ ခွင့်ပြုချက်များ

သက်ဆိုင်ရာအာဏာပိုင်ထံမှ ခွင့်ပြုချက် ဦးစွာရယူခြင်းမပြုဘဲ မည်သည့်ဆိုင်းဘုတ်တို့မျှ စိုက်ထူထားခြင်း၊ ပြောင်းလဲခြင်း၊ ထားရှိခြင်းမပြုရ။

## ၂.၄.၇.၄ ထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်း

ခွင့်ပြုချက်လိုအပ်သော ဆိုင်းဘုတ်များအားလုံးသည် ယင်းတို့၏ အထောက်အပင့်များ၊ ထိန်းချုပ်ကိရိယာများ၊ ဆိုင်းကြိုးများ၊ တွဲချိတ်စရာများကို တည်ဆောက်ပုံအရနှင့်

အမြင်အရ လုပတင့်တယ်မှုရှိစေရန် ကောင်းမွန်စွာ ပြုပြင်ထားရှိရမည်ဖြစ်ပြီး သံချေးမတက်အောင် သွပ်ရည်စိမ်ထားခြင်း သို့မဟုတ် သံချေးတက်ခြင်းကိုခံနိုင်ကြောင်း အတည်ပြုထားသော မီးမလောင်လွယ်သော ပစ္စည်းများဖြင့် တည်ဆောက်ထားခြင်းမရှိသည့်အခါ သံချေးတက်ခြင်းမှ ကာကွယ်ရန်လိုအပ်သည့်အချိန်တွင် ဆေးသုတ်ထားရှိရမည်။ ဆိုင်းဘုတ်နေရာယူထားသော အနီးဆုံးရှိ အဆောက်အအုံနှင့် ယင်းဥပစာကို သန့်ရှင်းသော၊ ကျန်းမာရေးနှင့်ညီညွတ်သော၊ ကောင်းမွန်သောအနေအထားတွင် ထိန်းသိမ်းထားရှိရန်မှာ ဆိုင်းဘုတ်ပိုင်ရှင်၏ တာဝန်ဝတ္တရားဖြစ်သည်။ ခွင့်ပြုချက်ထုတ်ပေးထားသော ဆိုင်းဘုတ်များနှင့် ခွင့်ပြုချက်လိုအပ်သော တည်ဆဲဆိုင်းဘုတ်များကို သက်ဆိုင်ရာအဖွဲ့အစည်းက ပြက္ခဒိန်တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် စစ်ဆေးရမည်။

### ၂.၄.၇.၅ ဆိုင်းဘုတ်အားလုံးအတွက် အထွေထွေလိုအပ်ချက်များ

#### ၂.၄.၇.၅.၁ ခံနိုင်ဝန်

ကြော်ငြာဆိုင်းဘုတ်များအားလုံးကို အပိုင်း ၃ ဖွဲ့စည်းပုံဒီဇိုင်းတွင် ဖော်ပြသတ်မှတ်ထားသည့် လေဒဏ်၊ ဝန်သေဒဏ်၊ ငလျင်ဒဏ်နှင့် အခြားဒဏ်များခံနိုင်ရန် ဒီဇိုင်းရေးဆွဲရမည်။

#### ၂.၄.၇.၅.၂ မီးပဒေသာ ထွန်းညှိခြင်း

လျှပ်စစ်ဆိုင်ရာ သတ်မှတ်ချက်မှတစ်ပါး မည်သည့်ဆိုင်းဘုတ်ကိုမျှ မီးပဒေသာ ထွန်းညှိခြင်းမပြုရမည့်အပြင် အပိုင်း ၅ အဆောက်အအုံဝန်ဆောင်မှုများ (လျှပ်စစ်နှင့်ဆက်စပ်ပစ္စည်းများတပ်ဆင်ခြင်း) ပါ လိုအပ်ချက်များနှင့်အညီ လျှပ်စစ်ပစ္စည်းများနှင့် လျှပ်စစ်ကြိုးသွယ်တန်းတပ်ဆင်မှုကို တပ်ဆင်ထားရှိရမည်။

#### ၂.၄.၇.၅.၃ ကြော်ငြာဆိုင်းဘုတ်များ၏ ဒီဇိုင်းနှင့် တည်နေရာ

(က) ဆိုင်းဘုတ်များသည် လူအများသွားလာနိုင်မှု၊ မီးအရေးပေါ်ထွက်ပေါက်လှေကား၊ တံခါး သို့မဟုတ် ပြတင်းပေါက်၊ ထွက်ပေါက်အဖြစ် သို့မဟုတ် မီးသတ်ရန် အသုံးပြုထားသောအပေါက်တို့ကို ပိတ်ဆို့ဟန့်တားခြင်း မဖြစ်သင့်ပါ။

(ခ) မည်သည့်ဆိုင်းဘုတ်မျှ အလင်းရောင်နှင့် လေဝင်လေထွက်အတွက် လိုအပ်သောအပေါက်များကို အနှောင့်အယှက်ဖြစ်စေမည့်ပုံစံ၊ အနေအထားမဖြစ်စေရ။

(ဂ) ဖြစ်နိုင်လျှင် ဆိုင်းဘုတ်များကို တစ်စုတစ်စည်းတည်းပုံစံဖြင့် စုစည်းထားရှိသင့်သည်။ မြေယာရှုခင်းတွင် ဆိုင်းဘုတ်များ ဖရိုဖရဲဖြစ်ခြင်းကို ရှောင်ကြဉ်သင့်သည်။

(ဃ) ဆိုင်းဘုတ်ကို မလိုအပ်သောတိုင်များကို လျှော့ချရန်နှင့် ဆိုင်းဘုတ်များကို မီးပဒေသာထွန်းညှိခြင်း လွယ်ကူစေရန် မီးလင်းစေသော အသုံးအဆောင်ပစ္စည်းများဖြင့် ပေါင်းစပ်ထားရှိသင့်သည်။

(င) သတင်းအချက်အလက် ဆိုင်းဘုတ်များကို သဘာဝအတိုင်း စုစည်းနေသော အကွက်အကွင်းများတွင် ထားရှိသင့်ပြီး အမြင်ဆိုင်ရာတပ်ဆင်မှု (sight furniture) ဒီဇိုင်းတွင် ရှိသင့်သည်။

(စ) လမ်းသွားလမ်းလာများ အနှောင့်အယှက်ဖြစ်နိုင်သည့် နေရာများတွင် ဆိုင်းဘုတ်ထားရှိခြင်းကို ရှောင်ရမည်။

(ဆ) ဆိုင်းဘုတ်ကို လူသွားစင်္ကြံတွင် ဘေးကင်းစွာသွားနိုင်ရန်အတွက် ဒေါင်လိုက်ကြားလွတ်အမြင့်နှင့် နောက်ပိုင်းကျကျ ထားရှိသင့်သည်။

(ဇ) မျက်မမြင်လမ်းကြောင်းများကို ဆိုင်းဘုတ်၏အစွန်းများတလျှောက်တွင် ထားရှိနိုင်သည့် သို့မဟုတ် မျက်မမြင်နှင့် အမြင်ချို့ယွင်းသူများ အလွယ်တကူဖတ်ရှုနိုင်သည့် ဖောင်းကြွစာလုံးများကို အသုံးပြုနိုင်သည်။

(ဈ) မည်သည့်ဆိုင်းဘုတ်ကိုမျှ သစ်ပင် သို့မဟုတ် ချုံတောနှင့် မည်သည့်နည်းလမ်းနှင့်မျှတွဲချည်ထားခြင်းမပြုရ။

(ည) အဆောက်အအုံနှင့် ဆက်စပ်နေခြင်းမှတပါး ဆိုင်းဘုတ်များကိုဆေးရုံများ၊ ပညာရေးဆိုင်ရာအဆောက်အအုံများ၊ ရုံးများ၊ ပြတိုက်များ၊ ဘာသာရေးဆိုင်ရာ ဝတ်ပြုကိုးကွယ်ခြင်းအတွက် အဆောက်အအုံများနှင့် အမျိုးသားရေးဆိုင်ရာ အရေးကြီးသော အဆောက်အအုံများရှေ့တွင် ထားရှိရန်ခွင့်မပြုရ။

## ၂.၄.၇.၅.၄ ပစ္စည်းများ

ဆိုင်းဘုတ်များ သို့မဟုတ် ဆိုင်းဘုတ် အဆောက်အအုံတည်ဆောက်ခြင်းအတွက် ပစ္စည်းများသည် အပိုင်း ၆ အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများတွင် သတ်မှတ်ထားသောအရည်အသွေးနှင့် အဆင့်ရှိရမည်။ သဘာဝဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ထားသော ဇုန်အတွင်းရှိ ဆိုင်းဘုတ်များနှင့်စပ်လျဉ်း၍ ယင်းတို့သည် အဆိုပါဇုန်တစ်ခုစီ၏ စီမံကိန်းလမ်းညွှန်ချက်နှင့် ညီညွတ်လျှင် ခွင့်ချက်ပြုပေးနိုင်သည်။

### ၂.၄.၇.၅.၄.၁ မီးလောင်လွယ်သော ပစ္စည်းများကို အသုံးပြုခြင်း

ဆိုင်းဘုတ်အလှဆင်ရန်အတွက်သာ အသုံးပြုမည်ဆိုပါက ခွင့်ပြုလျှင် ဖောင်းရစ်၊ ထိပ်အုပ်များ (cap pings)၊ သံရိုက်ရန်ဘလောက်တုံးများ(nailing blocks)၊ စာလုံးများနှင့် မှန်ကူကွက်များအတွက် သစ်သား သို့မဟုတ် ပလပ်စတစ် သို့မဟုတ် သစ်သားကဲ့သို့သော မီးလောင်လွယ်သောပစ္စည်းများကို အသုံးပြုနိုင်သည်။ ၁၀၈ စတုရန်း ပေ (၁၀ စတုရန်း မီတာ) ထက်ပိုသော မျက်နှာပြင်ရှိမှသာလျှင် မီးလောင်လွယ်သည့် ပစ္စည်းများဖြင့် ပြုလုပ်ခြင်းကို ခွင့်ပြုနိုင်ပြီး လျှပ်စစ်အလင်းအတွက် မီးကြိုးသွယ်တန်းမှုတစ်ခုလုံးကို သတ္တုဖြင့် ပြုလုပ်ထားသည့် မီးကြိုးသွယ်တန်းသည့်ပိုက်အတွင်း ထားရမည်ဖြစ်ပြီး အပေါ်ယံလွှာ ပစ္စည်းမှ ၂ လက်မ (၅ စင်တီမီ တာ)ထက်မနည်း ကြားလွတ်နယ်ဖြင့် တပ်ဆင်ထားရမည်။

### ၂.၄.၇.၅.၄.၂ ဖန်သားဆိုင်းဘုတ်များ

ဓါတ်ငွေ့ထည့်ထားသောဖန်မီးချောင်း (glass tubing) သို့မဟုတ် အလားတူ ဆိုင်းဘုတ်များမှတပါး ဖန်သားကြော်ငြာဆိုင်းဘုတ်အားလုံးသည် လက်ခံအတည်ပြုထားသော စံချိန်စံညွှန်းများနှင့်ကိုက်ညီသော အနည်းဆုံးအထူ ၃ မီလီမီတာရှိသည့် ဘေးကင်းသော ဖန်သားဖြစ်ရမည်ဖြစ်ပြီး ဖန်သားမှန်ပုံကွက်သည် ၆၄.၅၈ စတုရန်းပေ (၆ စတုရန်းမီတာ) ဧရိယာထက်မပိုစေရ။ မှန်ပုံကွက်တစ်ခုစီသည် ဆိုင်းဘုတ်ကိုယ်ထည်တွင် ခိုင်မြဲစွာတပ်ဆင်ထားရမည်ဖြစ်ပြီး အခြားမှန်ပုံကွက်များမှ လွတ်လွတ်လပ်လပ်ရှိရမည်။ ပြုတ်ကျလာသော ဝတ္ထုပစ္စည်းများကြောင့် ထိခိုက်ပျက်စီးခြင်းမှ ကာကွယ်ရန် ဖန်သားဆိုင်းဘုတ်များကို သင့်လျော်သော အကာအကွယ်ပေးသည့် သတ္တုအဖုံးအကာ ပေါင်းမိုးဖြင့်လည်းကောင်း၊ အခြားခွင့်ပြုထားသောနည်းလမ်းဖြင့်လည်းကောင်း သင့်တင့်လျောက်ပတ်စွာ ကာကွယ်ထားရှိရမည်။ ဦးခေါင်းအထက်ပိုင်းတွင်ထားရှိသော ဆိုင်းဘုတ်များအတွက်ဖြစ်နိုင်လျှင် ဖန်အသုံးပြုခြင်း အားမပေးပါ သို့မဟုတ် ရှောင်ကြဉ်ရမည်။

### ၂.၄.၇.၅.၅ ယာဉ်သွားယာဉ်လာ ထိန်းချုပ်ခြင်းကို အနှောင့်အယှက်ဖြစ်ခြင်း

ယာဉ်သွားယာဉ်လာကို ထိန်းချုပ်သည့်ဆိုင်းဘုတ် သို့မဟုတ် အချက်ပြကိရိယာကို အနှောင့်အယှက်ဖြစ်စေသည့် သို့မဟုတ် အနှောင့်အယှက်ဖြစ်ရန် အလားအလာရှိသည့် မည်သည့်ဆိုင်းဘုတ်ကိုမျှ စိုက်ထူခြင်း သို့မဟုတ် ထားရှိခြင်းမပြုရ။ လမ်းဆုံရှိ ယာဉ်အသွားအလာမြင်ကွင်းကို ပိတ်ဆို့တားဆီးစေရန် အထူးသဖြင့် အကွေ့များ၊ အကောက်များတွင် မည်သည့်ကြော်ငြာဆိုင်းဘုတ်ကိုမျှ ထားရှိခြင်းမရှိစေရ။

### ၂.၄.၇.၅.၆ ဆိုင်းဘုတ်များကို ရေနုတ်ခြင်း (Draining of Signs)

ရေငွေ့အစိုဓာတ်စုစည်းလာမှုရှိနိုင်လျှင် ကြော်ငြာဆိုင်းဘုတ်တိုင်းတွင် ရေနုတ်ခြင်း အတွက် လုံလောက်သော စီမံထားရှိခြင်း ပြုလုပ်ထားရမည်။

### ၂.၄.၇.၅.၇ သက်ဝင်လှုပ်ရှားဟန် သွင်းထားသည့် ပစ္စည်းကိရိယာများ

၁၈ လက်မ (၄၅၀ မီလီမီတာ) ထက်ပိုသော ရွေ့လျားနေသောအပိုင်းကဏ္ဍ သို့မဟုတ် အဆင်တန်ဆာပါရှိသော ဆိုင်းဘုတ်များသည် ကမ္ဘာမြေဆွဲအားကြောင့် လွတ်ထွက်ခြင်း၊ ပြုတ်ကျခြင်းများမှကာကွယ်ရန် ဘေးကင်းစေသော စီမံထားခြင်းများရှိရမည်။ တစ်စုံတစ်ခုချွတ်ယွင်းသည့်တိုင် ဘေးကင်းစေရန် စီမံထားရှိရမည့်အပြင် ရွေ့လျားနေသော အပိုင်းကဏ္ဍ သို့မဟုတ် အဆင်တန်ဆာကို လည်ပတ်စေရမည်။ တစ်စုံတစ်ရာချွတ်ယွင်းသည့်တိုင် ဘေးကင်းစေရန် စီမံထားရှိမည့် ပစ္စည်းကိရိယာသည်အပိုင်းကဏ္ဍ သို့မဟုတ် အဆင်တန်ဆာ၏ အလွန်လေးလံသော ဝန်ချိန်ပြည့်ကို ထောက်မပေးနိုင်ရမည်။

### ၂.၄.၇.၆ လျှပ်စစ်ဆိုင်းဘုတ်များနှင့် မီးပဒေသာ ထွန်းညှိထားသော ဆိုင်းဘုတ်များ

### ၂.၄.၇.၆.၁ လျှပ်စစ်ဆိုင်းဘုတ်အတွက် ပစ္စည်းများ

မီးမောင်းဆိုင်းဘုတ် (Flood-lit sign) မှလွဲ၍ လျှပ်စစ်ဆိုင်းဘုတ်ကို မီးလောင်မလွယ်သောပစ္စည်းများဖြင့် တည်ဆောက်ရမည်။

### ၂.၄.၇.၆.၂ လျှပ်စစ်ဆိုင်းဘုတ်များနှင့် မီးပဒေသာထွန်းညှိထားသော ဆိုင်းဘုတ်များ တပ်ဆင်ခြင်း

လျှပ်စစ်ဆိုင်းဘုတ်နှင့် မီးပဒေသာထွန်းညှိထားသော ဆိုင်းဘုတ်တိုင်းကို အပိုင်း ၅ အဆောက်အအုံဝန်ဆောင်မှုများ (လျှပ်စစ်နှင့်ဆက်စပ်ပစ္စည်းများတပ်ဆင်ခြင်း) နှင့်အညီ တပ်ဆင်ရမည်။

### ၂.၄.၇.၆.၃ အရောင်

ယာဉ်အချက်ပြမီးပွိုင့်၏ မြေပြင်ညီ ၃၂.၈ ပေ (၁၀ မီတာ) အကွာအဝေးအတွင်း၌ အနီရောင်၊ ပယင်းရောင် သို့မဟုတ် အစိမ်းရောင်ရှိသော မီးပဒေသာထွန်းညှိထားသည့် မည်သည့်ဆိုင်းဘုတ်ကိုမျှ စိုက်ထူခြင်း သို့မဟုတ် ထားရှိခြင်းမပြုရ။

### ၂.၄.၇.၆.၄ အမြင့်

ယာဉ်အချက်ပြမီးပွိုင့်တွင် အနှောင့်အယှက်မဖြစ်စေရန် အထပ်နှစ်ထပ်အောက် နိမ့်သော သို့မဟုတ် လူသွားလမ်းအထက်ပေ ၂၀ (၆ မီတာ) အထက်ရှိသော ယင်းတို့အနက်

ပို၍မြင့်ရာနေရာတွင် အဖြူရောင်မီးအလင်းရောင်မှတပါး အခြားမီးအလင်းရောင်ဖြင့် မီးပဒေသာထွန်းညှိထားသော ကြော်ငြာဆိုင်းဘုတ်အားလုံးကို သင့်လျော်စွာ ဖုံးကွယ်ထားရမည်။

### ၂.၄.၇.၆.၅ အလွန်အမင်းထွန်းလင်းသည့် ရောင်စုံမီးပဒေသာ

အနီးရှိလူနေထိုင်ရာ အဆောက်အအုံကို အနှောက်အယှက်ဖြစ်စေနိုင်သည့် ရောင်စုံမီးပဒေသာထွန်းလင်းသည့် ဆိုင်းဘုတ်စိုက်ထူခြင်းမပြုရ။ ယင်းသို့သော စိုက်ထူထားခြင်းအတွက် ခွင့်ပြုစေကာမူ ထိုသို့စိုက်ထူပြီးနောက် သက်ဆိုင်ရာအာဏာပိုင်က ထိုထွန်းလင်းတောက်ပသော ရောင်စုံမီးပဒေသာသည် ကပ်လျက်ရှိနေထိုင်သူများ သို့မဟုတ် အနီးရှိ အဆောက်အအုံကို နှောက်ယှက်သည်ဟု ထင်မြင်ယူဆလျှင် အာဏာပိုင်၏အမိန့်ဖြင့် သတ်မှတ်သော ထိုက်သင့်သည့် အချိန်ကာလအတွင်း ပိုင်ရှင်ကပြောင်းလဲခြင်း သို့မဟုတ် ဖယ်ရှားခြင်းပြုရမည်။

### ၂.၄.၇.၆.၆ လည်ပတ်သည့်အချိန်နာရီ

အများပြည်သူ အဆင်ပြေချောမွေ့မှု၊ ကျန်းမာရေးနှင့် လုံခြုံရေးအတွက် လိုအပ်သည်ဟု အာဏာပိုင်က ထင်မြင်ယူဆလျှင်မှတပါး မည်သည့်လျှပ်စစ်ဆိုင်းဘုတ်မျှ ညဉ့်သန်းခေါင်နှင့် နေထွက်ချိန်ကြား အသုံးပြုခြင်းမပြုရ။

### ၂.၄.၇.၆.၇ လျှပ်တပြတ်မီး၊ အလင်းအမှောင်တလှည့်စီဖြစ်သော မီး သို့မဟုတ် သက်ဝင်လှုပ်ရှားဟန်ရှိခြင်း

တဒင်္ဂတွင် လျှပ်တပြက်မီးလင်းခြင်း ၃၀ ထက် မကျော်သော periodicity ရှိသည့် လျှပ်တပြက်မီးလင်းသော၊ မီးအလင်းအမှောင်တလှည့်စီဖြစ်သော သို့မဟုတ် သက်ဝင်လှုပ်ရှားဟန်ရှိသော မည်သည့်ကြော်ငြာဆိုင်းဘုတ်ကိုမျှ ဆိုင်းဘုတ်၏အနိမ့်ဆုံးအပိုင်းသည် မြေပြင်ညီအထက် ပေ ၃၀ (၉ မီတာ) အောက်ရှိစေရန် စိုက်ထူခြင်းမပြုရ။

## ၂.၄.၇.၇ မြေပြင်ဆိုင်းဘုတ်များ

### ၂.၄.၇.၇.၁ ပစ္စည်းကိရိယာတန်ဆာပလာများ

၂.၄.၇.၅.၄.၁ မှတပါးဘောင်များ၊ အထောက်အပင့်များနှင့် အထိန်းများနှင့် အမြင့်ပေ ၂၀ (၆ မီတာ) ထက်ပိုသော မြေပြင်ဆိုင်ရာဆိုင်းဘုတ်များကို မီးလောင်မလွယ်သော ပစ္စည်းကိရိယာများဖြင့် တည်ဆောက်ရမည်။

### ၂.၄.၇.၇.၂ အတိုင်းအတာများ

မည်သည့် မြေပြင်ဆိုင်းဘုတ်များကိုမျှ မြေပြင်အထက် ပေ ၃၀ ထက်ပို၍ ဆောက်လုပ်ခြင်းမပြုရ။ အလင်းရောင်ပြန်များကို ဆိုင်းဘုတ်၏ထိပ် သို့မဟုတ် မျက်နှာပြင် အလွန်ထိ ချဲ့ဆန့်နိုင်သည်။

### ၂.၄.၇.၇.၃ အထောက်အပင့်များနှင့် တွဲချိတ်စရာနေရာ

မြေပြင်ဆိုင်းဘုတ်ကို မြေပြင်တွင်ခိုင်မြဲစွာ ထောက်ကန်ထားရမည်ဖြစ်ပြီး ချိတ်ဆက်ထားရမည်။ အထောက်အပင့်များနှင့် တွဲချိတ်စရာများသည် ကြာရှည်ခံရန် ပြုပြင်ထားသောသစ် သို့မဟုတ် သံချေးတက်ခြင်းကိုခံနိုင်ရန် ပြုပြင်ထားသောသတ္တု သို့မဟုတ် အင်္ဂတေ သို့မဟုတ် ကွန်ကရစ် စသည်တို့ကို အလေ့အကျင့်ကောင်း (good practice) နှင့်အညီ ဆောင်ရွက်ရမည်။

### ၂.၄.၇.၇.၄ တည်နေရာရှင်းလင်းခြင်း

မြေပြင်ဆိုင်းဘုတ် စိုက်ထူထားသော တည်နေရာပိုင်ရှင်သည် ယင်းနေရာကို လမ်းမှ မြင်နိုင်သောကြောင့် အာဏာပိုင်၏သဘောတူညီချက်ဖြင့် ရေဆိုးနုတ်ပယ်ရေးနှင့် စက်ဆုပ်ရွံရှာဖွယ် အရာဝတ္ထုများ မြင်မကောင်း၊ ရှုမကောင်းဖြစ်သောအခြေအနေများမှ လွတ်ကင်းရေးတို့အတွက် တာဝန်ရှိသည်။

### ၂.၄.၇.၇.၅ ယာဉ်အသွားအလာကို ပိတ်ဆို့ဟန့်တားခြင်း

အဆောက်အအုံသို့ လွတ်လပ်စွာ ဝင်လမ်း၊ ထွက်လမ်းကို ပိတ်ဆို့တားဆီးစေရန် မည်သည့်မြေပြင်ဆိုင်းဘုတ်မျှ စိုက်ထူခြင်းမပြုရ။

### ၂.၄.၇.၇.၆ လမ်းမျဉ်းလိုင်းမှ နောက်ဆုတ်ခြင်း (Set Back)

တည်ဆောက်ထားသော အဆောက်အအုံမျဉ်းလိုင်းထက် လမ်းမျဉ်းလိုင်းနှင့် ပို၍ နီးကပ်စွာ မည်သည့်မြေပြင်ဆိုင်းဘုတ်ကိုမျှ ထားရှိခြင်းမပြုရ။

### ၂.၄.၇.၇.၇ အောက်ခြေကြားလွတ်နယ်

မြေပြင်ဆိုင်းဘုတ်များအားလုံး၏ အောက်ခြေမျဉ်းသည် မြေပြင်အထက် အနည်းဆုံး ၂ ပေ ရှိရမည်။ သို့သော် ကြားလွတ်ကွက်လပ်နေရာလပ်ကို ရာဇမတ်ကွက် သို့မဟုတ် စကြဲအလှဆင်သော မွမ်းမံဆင်ယင်မှုဖြင့် ဖြည့်ထားနိုင်သည်။

### ၂.၄.၇.၈ ခေါင်မိုးဆိုင်းဘုတ်များ

#### ၂.၄.၇.၈.၁ ပစ္စည်းများ

၂.၄.၇.၅.၄.၁ တွင်မှတပါး ခေါင်မိုးဆိုင်းဘုတ်နှင့်အတူ ယင်း၏ဘောင်များ၊ အထောက်အပင့်များနှင့် အထိန်းများကို မီးလောင်မလွယ်သော ပစ္စည်းကိရိယာများဖြင့်တည်ဆောက်ရမည်။ လျှပ်စစ်မြေစိုက်ကြိုးများအတွက် အထောက်အပင့်ပြုထားရမည်။ စာလုံးများ သို့မဟုတ် အဆင်တန်ဆာအင်္ဂါရပ်များအတွက် မီးလောင်လွယ်သော ပစ္စည်းကိရိယာများကို ခွင့်ပြုလျှင် လျှပ်စစ်ကြိုးနှင့် သွယ်တန်းတပ်ဆင်ထားသော ပိုက်လိုင်းများကို လွတ်လွတ်ကင်းကင်းထားရှိရမည်ဖြစ်ပြီး ယင်းတို့ကို လျှပ်ကာပစ္စည်းဖြင့် ကာကွယ်ထားရမည်။

#### ၂.၄.၇.၈.၂ အတိုင်းအတာများ

မည်သည့်ခေါင်မိုးဆိုင်းဘုတ်မျှ အောက်ပါအမြင့်များပေါ်ရှိ အဆောက်အအုံပေါ်တွင် အောက်ပါအမြင့်ထက် ကျော်လွန်ခြင်းမရှိစေရ။

**ဇယား ၂.၄.၁ ခေါင်မိုးဆိုင်းဘုတ် အတိုင်းအတာများ**

| စဉ် | အဆောက်အအုံအမြင့် | ဆိုင်းဘုတ်အမြင့် (အများဆုံး) |
|---|---|---|
| ၁ | လေးထပ် သို့မဟုတ် ၅၉ ပေ (၁၈ မီတာ) ထက်မပိုလျှင် | ၆.၅၆ပေ(၂မီတာ) |
| ၂ | ငါးထပ်မှရှစ်ထပ် သို့မဟုတ်၅၉ ပေ (၁၈ မီတာ) ထက်ပိုပြီး ၁၁၈ ပေ (၃၆ မီတာ) ထက်မပိုလျှင် | ၉.၈၄ပေ(၃မီတာ) |
| ၃ | ရှစ်ထပ် သို့မဟုတ်၁၁၈ ပေ (၃၆ မီတာ) ထက်ပိုလျှင် သို့ရာတွင် ယင်းဆိုင်းဘုတ်များ၏ အမြင့်ကိုရေတွက်ရာ၌ ဆိုင်းဘုတ်တစ်ခု၏ အထက်တွင်ထားရှိသောဆိုင်းဘုတ်များ သို့မဟုတ်တူညီသည့် အဆောက်အအုံ၏ မတူညီသောအထပ်ရှိ ပြင်ညီတွင်ထားရှိသော ဆိုင်း ဘုတ်များကို ပိုင်ရှင်တူညီသည်ဖြစ်စေ၊ မတူညီသည်ဖြစ်စေ ဆိုင်းဘုတ် တစ်ခုတည်းအဖြစ်မှတ်ယူရမည်။ | ၁၆.၄ပေ(၅မီတာ) |

### ၂.၄.၇.၈.၃ တည်နေရာ

(က) ခေါင်မိုးအစိတ်အပိုင်းတစ်ခုမှ အခြားတစ်ခုသို့ လွတ်လွတ်ကင်းကင်းသွားနိုင်သော ဖြတ်သန်းသွားလာမှုကို အနှောင့်အယှက်ဖြစ်ပါက အဆောက်အအုံခေါင်မိုးပေါ်တွင် မည်သည့်ဆိုင်းဘုတ်ကိုမျှ ထားရှိခြင်းမပြုရ။

(ခ) ခေါင်မိုးအဆောက်အအုံတစ်ခုလုံးသည် မီးလောင်မလွယ်သော ပစ္စည်းကိရိယာများ မဟုတ်လျှင် အဆောက်အအုံခေါင်မိုးပေါ်တွင် သို့မဟုတ် ခေါင်မိုးကိုကျော်၍ မည်သည့်ဆိုင်းဘုတ်မျှ ထားရှိခြင်းမပြုရ။

### ၂.၄.၇.၈.၄ အစွန်းထွက်ခြင်း

မည်သည့်ခေါင်မိုးဆိုင်းဘုတ်မျှ ယင်းကိုစိုက်ထူထားသော အဆောက်အအုံ မျဉ်းလိုင်းထက်ကျော်လွန် အစွန်းထွက်ခြင်းမရှိစေရ သို့မဟုတ် အမိုး၏မည်သည့်လားရာဘက်ကိုမျှ ကျော်လွန်ခြင်း မရှိစေရ။

### ၂.၄.၇.၈.၅ အထောက်အပင့်များနှင့် တွဲချိတ်စရာနေရာ

ခေါင်မိုးဆိုင်းဘုတ်တိုင်းကို အဆောက်အအုံပေါ်တွင် သို့မဟုတ် ကျော်ဖြတ်စိုက်ထူထားသည့် အဆောက်အအုံတွင် သေချာစွာနှောင်တည်းထားရမည်ဖြစ်ပြီး ခိုင်မြဲစွာထားရမည်။ ဝန်များအားလုံးကို အဆောက်အအုံ၏ တည်ဆောက်ပုံဆိုင်ရာ အစိတ်အပိုင်းများတွင် ဘေးကင်းစွာ ဖြန့်ကျက်ထားရမည်။

### ၂.၄.၇.၈.၆ ကြားလွတ်နယ်

ခေါင်မိုးမျက်နှာပြင် (ပြင်ညီအဆင့်) နှင့် ဆိုင်းဘုတ်၏ အနိမ့်ဆုံးအပိုင်းကြားတွင် ၆ ပေ (၁၈၂၉ မီလီမီတာ) အောက်မနည်းသော လွတ်လွတ်ကင်းကင်းနယ်ပယ် ကျန်ရှိရန် ခေါင်မိုးဆိုင်းဘုတ်ကို တည်ဆောက်ရမည်။ ယင်း၏ ဒေါင်လိုက်အထောက်အပင့်များ အကြားတွင် အနည်းဆုံး ၅ ပေ (၁၅၂၄ မီလီမီတာ) လွတ်ကင်းနယ်မြေရှိရမည်။

### ၂.၄.၇.၉ ဝရန်တာဆိုင်းဘုတ်

### ၂.၄.၇.၉.၁ ပစ္စည်းများ

၂.၄.၇.၅.၄.၁ တွင်မှတပါး ဝရန်တာဆိုင်းဘုတ်တစ်ခုလုံးကို မီးမလောင်လွယ်သော ပစ္စည်းများဖြင့် တည်ဆောက်ရမည်။

### ၂.၄.၇.၉.၂ အတိုင်းအတာများ

မည်သည့်ဝရန်တာဆိုင်းဘုတ်မျှ အမြင့် ၃.၂၈ ပေ (၁ မီတာ) ထက်မပိုရ။ ဝရန်တာမှ ချိတ်ဆွဲထားသော မည်သည့်ဝရန်တာဆိုင်းဘုတ်ကိုမျှ အလျား ၈.၂ ပေ (၂.၅ မီတာ) နှင့် အထူ ၅၀ မီလီမီတာထက်မပိုရ။ သို့ရာတွင် ဆိုင်းဘုတ်၏ အဓိကမျက်နှာပြင်များအကြား အထူ ၂၀၀ မီလီမီတာ ထက်မပိုသော၊ တစ်ခုလုံးကို သတ္တုနန်းကြိုးတပ်မှန်သားဖြင့် တည်ဆောက်ထားသော ဆိုင်းဘုတ်များကို စိုက်ထူနိုင်မည်။

### ၂.၄.၇.၉.၃ ဖြောင့်တန်းမှု ချိန်ညှိခြင်း

ဝရန်တာမှချိတ်ဆွဲထားသော ဝရန်တာဆိုင်းဘုတ်ကို အဆောက်အအုံမျဉ်းလိုင်းနှင့် ၉၀ဒီဂရီထောင့်ချိုးထားရှိသော ဆိုင်းဘုတ်မှလွဲ၍ ဝရန်တာဆိုင်းဘုတ်တိုင်းကို အဆောက် အအုံမျဉ်းလိုင်းနှင့် မျဉ်းပြိုင်ထားရှိရမည်။

### ၂.၄.၇.၉.၄ တည်နေရာ

ချိတ်ဆွဲထားသော ဆိုင်းဘုတ်မှတပါး ဝရန်တာဆိုင်းဘုတ်တိုင်းကို အောက်ပါနေရာ များတွင် ထားရှိရမည် –

(က) ခေါင်မိုးရေတံလျှောက်အနောက်ကို ကျော်လွန်အစွန်းထွက်ခြင်း မရှိစေသော နည်းဖြင့် ဝရန်တာအမိုးတံစက်မြိတ်များအထက် ကပ်လျက်ထားရှိခြင်း၊

(ခ) ဝရန်တာရင်တား သို့မဟုတ် ယင်းရင်တားကို ပံ့ပိုးပေးသော လက်ရန်းအထက် သို့မဟုတ် အောက်မဟုတ်ဘဲမှီကပ်လျက် သို့မဟုတ် လက်ရန်းသည် ခိုင်မာ တောင့်တင်းပြီး ယင်းရင်တား သို့မဟုတ် လက်ရန်းမျက်နှာပြင် အပြင်ဘက် ၂၀ စင်တီမီတာထက် ပို၍ အစွန်းထွက်မနေခြင်း၊

(ဂ) ဆေးခြယ်ထားသော ဆိုင်းဘုတ်ဖြစ်လျှင် ဝရန်တာရက်မ သို့မဟုတ် ရင်တား ပေါ်တွင်ထားရှိခြင်း၊

### ၂.၄.၇.၉.၅ ချိတ်ဆွဲထားသည့် ဝရန်တာဆိုင်းဘုတ်၏အမြင့်

ဝရန်တာမှ ချိတ်ဆွဲထားသော ဝရန်တာဆိုင်းဘုတ်များကို ယင်း၏အနိမ့်ဆုံး အပိုင်းသည် လူသွားစင်္ကြံပလက်ဖောင်းအထက် ၈.၂ ပေ (၂.၅ မီတာ) အောက်မနည်းရှိသည့် အနေအထားဖြင့် တပ်ဆင်ထားရမည်။

### ၂.၄.၇.၉.၆ အစွန်းထွက်ခြင်း

၂.၄.၇.၉.၄ တွင် ပြဋ္ဌာန်းထားချက်မှတပါး မည်သည့်ဝရန်တာဆိုင်းဘုတ်မျှ ယင်းကို တွဲထားသည့် ဝရန်တာမျဉ်းလိုင်း အပြင်ဘက်သို့ အစွန်းထွက်ခြင်းမရှိစေရ။

### ၂.၄.၇.၁၀ နံရံဆိုင်းဘုတ်များ

### ၂.၄.၇.၁၀.၁ ပစ္စည်းများ

၂.၄.၇.၅.၄.၁ မှတပါး ဧရိယာ ၄၃ စတုရန်းပေ (၄ စတုရန်းမီတာ) ထက်ပိုသော နံရံဆိုင်းဘုတ်တိုင်းကို မီးမလောင်လွယ်သောပစ္စည်းများဖြင့် တည်ဆောက်ရမည်။

### ၂.၄.၇.၁၀.၂ အတိုင်းအတာများ

(က) နံရံဆိုင်းဘုတ်၏ စုစုပေါင်းဧရိယာသည် ယင်းဆိုင်းဘုတ်မျက်နှာချင်းဆိုင်နေသည့် လမ်းဘက် ၄၉ ပေ (၁၅ မီတာ) ရှိသော အဆောက်အအုံ မျက်နှာစာအတွက် ၂၁၅ စတုရန်းပေ (၂၀ စတုရန်းမီတာ) ထက်မပိုရ။ ပြဇာတ်ရုံ သို့မဟုတ် ရုပ်ရှင်ရုံအမည် သာပါဝင်သော နံရံဆိုင်းဘုတ်ဖြစ်ပါက ယင်းဆိုင်းဘုတ်၏ဧရိယာသည် ၂၁၅၃ စတုရန်းပေ (၂၀၀ စတုရန်းမီတာ) ထက်မပိုရ။

(ခ) လမ်းမဘက်သို့ တိုက်ရိုက်မျက်နှာမူမနေသည့် နံရံပေါ်တွင် ဧရိယာ ၃၂၃ စတုရန်းပေ (၃၀ စတုရန်းမီတာ) ထက်ပိုသော မည်သည့်နံရံဆိုင်းဘုတ်ကိုမျှမရှိစေရ။ သို့ရာတွင် ယင်းသို့သောဆိုင်းဘုတ် သို့မဟုတ် နံရံဆိုင်းဘုတ်များသည် လမ်းမှမြင်နိုင်သောဘက် နံရံဧရိယာ၏ ၂၅ ရာခိုင်နှုန်း ထက်မပိုရ။

### ၂.၄.၇.၁၀.၃ အစွန်းထွက်ခြင်း

မည်သည့်နံရံဆိုင်းဘုတ်ကိုမျှ ယင်းကိုတွဲထားသော နံရံဆိုင်းဘုတ်အထက် သို့မဟုတ် နံရံအစွန်အဖျားထက် ကျော်လွန်ခြင်းမရှိစေရ။ နံရံတလျှောက်လမ်းသွားလမ်းလာများ ဖြတ်လျှောက်နိုင်သည့် မည်သည့်နေရာတွင်မဆို ယင်းနံရံနှင့် တွဲလျက်ရှိသော နံရံဆိုင်းဘုတ်သည် (ယင်းနေရာ၏ မြေပြင်ညီအဆင့်မှ ၈.၂ ပေ (၂.၅ မီတာ) အမြင့်အတွင်းမှ) ၇.၅ စင်တီမီတာထက်ပို၍ အစွန်းထွက်ခြင်းမရှိစေရ။

### ၂.၄.၇.၁၀.၄ အထောက်အပင့်များနှင့် တွဲဖက်ထားရှိမှု

သစ်သားနံရံတွင် တွဲဖက်ထားသော နံရံဆိုင်းဘုတ်များမှတပါး နံရံဆိုင်းဘုတ်များကို ခိုင်ခိုင်မြဲမြဲ တွဲဖက်ထားရှိရမည်။ ဝက်အူများ၊ မျှော့ကုပ်များ (staples) သို့မဟုတ် သံများနှင့်

ဆက်စပ်အသုံးပြုသော သစ်သားဘလောက်တုံးများ သို့မဟုတ် သစ်သားအထိုင်များကို သင့်လျော်သည့် ခိုင်မြဲသောနေရာအဖြစ် မမှတ်ယူရ။

### ၂.၄.၇.၁၁ ထိုးထွက်နေသောဆိုင်းဘုတ်

#### ၂.၄.၇.၁၁.၁ ပစ္စည်းများ

အစွန်းထွက်နေသော ဆိုင်းဘုတ်၊ ယင်း၏အထောက်အပင့်များနှင့် ဘောင်များ အားလုံးကို မီးမလောင်လွယ်သော ပစ္စည်းကိရိယာများဖြင့် တည်ဆောက်ရမည်။

#### ၂.၄.၇.၁၁.၂ အစွန်းထွက်ခြင်းနှင့် အမြင့်

မည်သည့်အစွန်းထွက်နေသော ဆိုင်းဘုတ် သို့မဟုတ် ယင်း၏အထောက်အပင့် အစိတ်အပိုင်း သို့မဟုတ် ဘောင်မှ အဆောက်အအုံထက် ၆.၅၆ ပေ (၂ မီတာ) ထက် ကျော်လွန်၍ အစွန်းထွက်ခြင်း မရှိစေရ။ သို့ရာတွင် လမ်းကို မျက်နှာမူသော မြေကွက် မျဉ်းလိုင်းကို ကျော်ထွက်ခြင်း မရှိစေရ။ လမ်းဘက်သို့ အစွန်းထွက်နေလျှင် လမ်းမကြီးမှ လွတ်ကင်းအမြင့် ၈.၂ ပေ (၂. ၅ မီတာ)တွင် ရှိရမည်။

(က) အစွန်းထွက်နေသော ဆိုင်းဘုတ်အားလုံး၏ ဝင်ရိုးများ (axes) သည် အဆောက်အအုံ ၏ပင်မမျက်နှာပြင်နှင့် ၉၀ ဒီဂရီထောင့်ချိုး အနေအထားတွင်ရှိရမည်။ မျက်နှာပြင် များအတွက် ဗွီပုံသဏ္ဍာန်တည်ဆောက်ပုံကို အသုံးပြုထားလျှင် အဆောက်အအုံကို မှီကပ်လျက်ရှိသောဆိုင်းဘုတ်၏အခြေသည် စုစုပေါင်းအစွန်းထွက်နေသော ပမာဏ ထက် ကျော်လွန်ခြင်းမရှိစေရ။

(ခ) မည်သည့်အစွန်းထွက်နေသည့် ဆိုင်းဘုတ်မှ ယင်းကိုတွဲဖက်ထားသည့် အဆောက် အအုံ၏အမိုးတံစက်မြိတ်အထက် သို့မဟုတ် အစိတ်အပိုင်းအထက်ကို ကျော်လွန် ခြင်းမရှိစေရ။

(ဂ) အစွန်းထွက်နေသည့်ဆိုင်းဘုတ်၏ အများဆုံးအမြင့်သည် ယင်းကိုတွဲဖက်ထားသည့် အဆောက်အအုံ၏အမြင့်နှင့်အောက်ပါနည်းလမ်းများအတိုင်းဆက်စပ်လျက်ရှိသည်။

**ဇယား ၂.၄.၂ အစွန်းထွက်နေသည့် ဆိုင်းဘုတ်၏ အတိုင်းအတာ**

**(အလျား၊ အနံ၊ ထု၊ အမြင့် စသည်)**

| **အမှတ်စဉ်** | **အဆောက်အအုံအမြင့်** | **ဆိုင်းဘုတ်အမြင့် (အများဆုံး)** |
|---|---|---|
| ၁ | လေးထပ်ထက်မပို သို့မဟုတ် ၅၉ ပေ (၁၈ မီတာ) | ၃၀ ပေ (၉ မီတာ) |
| ၂ | ငါးထပ်မှ ရှစ်ထပ် သို့မဟုတ် ၅၉ ပေ (၁၈ မီတာ) ထက်ပိုပြီး ၁၁၈ ပေ (၃၆ မီတာ) ထက်မပိုလျှင် | ၃၉ ပေ (၁၂ မီတာ) |
| ၃ | ရှစ်ထပ် သို့မဟုတ် ၁၁၈ ပေ (၃၆ မီတာ) ထက်ပိုလျှင် | ၄၉ ပေ (၁၅မီတာ) |

**၂.၄.၇.၁၁.၃ အထောက်အပင့်များနှင့် တွဲဖက်ထားရှိမှု**

တပ်ဆင်အသုံးပြုသော ကိရိယာတန်ဆာပလာများ၏ တစ်ဝက်သည် အခြေအနေမျိုးစုံအောက်တွင် ဆိုင်းဘုတ်ကိုဘေးကင်းစွာ ထောက်ပင့်နိုင်ရန် ရည်ရွယ်စီစဉ်ထားသည့် သံချေးတက်ခြင်းခံနိုင်သည့် သတ္တုဒေါက်များ၊ တန်းများ၊ ကျောက်ဆူးများ၊ အထောက်အပင့်များ၊ သံကြိုးများ သို့မဟုတ် ဝါယာကြိုးများဖြင့် မည်သည့်လားရာဘက်သို့မဆို ရွေ့လျားမှုမှကာကွယ်ရန် ထိုးထွက်နေသည့် ဆိုင်းဘုတ်များကို အဆောက်အအုံနှင့် သေသေချာချာ တွဲဖက်ထားရှိရမည်။ အဆောက်အအုံတွင် အစွန်းထွက်နေသော ဆိုင်းဘုတ်သေချာမြဲမြံစေရန် မျှောကုပ်များ သို့မဟုတ်သံချောင်းများကို အသုံးမပြုရ။

**၂.၄.၇.၁၂ အမိုးပါသည့်ဝင်ပေါက်ဆိုင်းဘုတ်**

**၂.၄.၇.၁၂.၁ ပစ္စည်းများ**

အမိုးပါသည့် ဝင်ပေါက်ဆိုင်းဘုတ်များကို သတ္တု သို့မဟုတ် အခြားခွင့်ပြုထားသော မီးမလောင်လွယ်သည့် ပစ္စည်းကရိယာများဖြင့်သာ တည်ဆောက်ရမည်။

**၂.၄.၇.၁၂.၂ အမြင့်**

ယင်းသို့သော ဆိုင်းဘုတ်များသည် အမြင့် ၆.၅၆ပေ (၂ မီတာ) ထက်မပိုရ။ အမိုးပါသည့် ဝင်ပေါက်ဘောင်အောက် အစွန်းထွက်ခြင်း မရှိစေရ။ လူသွားစင်္ကြံလမ်းအထက် ၈.၂ ပေ (၂.၅ မီတာ) အောက် နိမ့်ခြင်းမရှိစေရ။

#### ၂.၄.၇.၁၂.၃ အလျား

အမိုးပါသည့် ဝင်ပေါက်ဆိုင်းဘုတ်ကို အလျားအပြည့် တိုးချဲ့နိုင်သော်လည်း ယင်းတို့သည် အမိုးပါသည့် ဝင်ပေါက်၏အစွန်းကို ကျော်လွန်အစွန်းထွက်ခြင်း မရှိစေရ။

### ၂.၄.၇.၁၃ ကောင်းကင်ဆိုင်းဘုတ်များ

ကောင်းကင်ဆိုင်းဘုတ်ဖြစ်လျှင် သက်ဆိုင်ရာအာဏာပိုင်က ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။

### ၂.၄.၇.၁၄ ယာယီကြော်ငြာဆိုင်းဘုတ်များ၊ ခရီးသွားလမ်းဆုံ ဆိုင်းဘုတ်များ၊ ကစားပွဲဆိုင်း ဘုတ်များနှင့် အများပြည်သူ ပျော်ပွဲများအတွင်း အလှတန်ဆာဆင်ခြင်းများ

#### ၂.၄.၇.၁၄.၁ အမျိုးအစားများ

၂.၄.၇.၁၄.၂ နှင့်အညီ စိုက်ထူထားသော ယာယီဆိုင်းဘုတ်များမှတပါး အောက်ပါ မည်သည့် ကြော်ငြာဆိုင်းဘုတ်ကိုမျှ စိုက်ထူခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းမပြုရ။

(က) ဝရန်တာတိုင်များပေါ်တွင် ဆေးခြယ်ထားသော သို့မဟုတ် ဝရန်တာတိုင်ပေါ်တွင် သို့မဟုတ် ဝရန်တာတိုင်များအကြား တပ်ဆင်ထားသော ကြော်ငြာဆိုင်းဘုတ်။

(ခ) ဝရန်တာ သို့မဟုတ် လသာဆောင်၏ဘောင်၊ အခံ၊ ရက်မ သို့မဟုတ် လက်ရန်း အထက် သို့မဟုတ် အောက်သို့ အစွန်းထွက်နေသော ကြော်ငြာဆိုင်းဘုတ်။

(ဂ) တောက်ပသည့် သို့မဟုတ် မီးပဒေသာ ထွန်းလင်းနေသည့် အပြင်ဝရန်တာ သို့မဟုတ် လသာဆောင်၏ ကားထွက်နေသော သို့မဟုတ် လုံးဝန်းနေသော ထောင့်ရှိ ဘောင်အခံ၊ ရက်မ သို့မဟုတ် လက်ရန်းတွင် တွဲဖက်ထားသည့်ကြော်ငြာ ဆိုင်းဘုတ်။

(ဃ) လမ်းမကြီးကိုဖြတ်လျက် စိုက်ထူထားသော ကုက္ကား/ကြက်လျှာ ဆိုင်းဘုတ်။

(င) တစ်ဘက်မှတစ်ဘက်သို့ လွှဲယမ်းနေခြင်းမှ ကာကွယ်ရန် သေသေချာချာ တပ်ဆင် ထားခြင်းမရှိသော ဆိုင်းဘုတ်။

(စ) ယာယီအကာအရံ သို့မဟုတ် ခြံစည်းရိုးပေါ်ရှိ ခွင့်ပြုထားသောစက္ကူဆိုင်းဘုတ် များမှလွဲ၍ ပိတ်စ၊ စက္ကူ mache သို့မဟုတ် ယင်းကဲ့သို့သော သို့မဟုတ် ယင်းနှင့် တူသော ပစ္စည်းများဖြင့် ပြုလုပ်ထားသည့်ဆိုင်းဘုတ်။

(ဆ) ခြံစည်းရိုး သို့မဟုတ် လူနေထိုင်ရာအဝင်တံခါးပေါက် သို့မဟုတ် ဂိတ်ပေါက်တွင် တပ်ဆင်ထားသော တိုက်ခန်းဘလောက်များဖြစ်လျှင် တိုက်ခန်းနံရံ၊ အခန်းအကျယ် ဝင်ပေါက် သို့မဟုတ် တံခါးပေါက်တွင် တပ်ဆင်ထားသော (၆၀၀ မီလီမီတာ × ၄၅၀ မီလီမီတာ) အရွယ်မကျော်လွန်သည့် ကြေးဝါပြား သို့မဟုတ် ဘုတ်ပြားမှ တစ်ပါးလူနေထိုင်ရန်အတွက် အသုံးပြုသော၊ အသုံးပြုရန် ရည်ရွယ်သော မြေကွက်ပေါ်ရှိ ကြော်ငြာဆိုင်းဘုတ်။

(ဇ) သစ်ပင်များ၊ ကျောက်တုံးများ၊ တောင်စောင်းများနှင့် ယင်းတို့နှင့် အလားသဏ္ဍာန်တူ အသွင်သဏ္ဍာန်ရှိ ဆိုင်းဘုတ်။

## ၂.၄.၇.၁၄.၂ ယာယီဆိုင်းဘုတ်များအတွက် လိုအပ်ချက်များ

ယာယီဆိုင်းဘုတ်များ၊ ခရီးသွားလမ်းဆုံ ဆိုင်းဘုတ်များနှင့် ကစားပွဲဆိုင်ရာ ဆိုင်းဘုတ်များ၊ အများပြည်သူပျော်ပွဲများအတွင်း အလှတန်ဆာဆင်ခြင်းများသည် အာဏာပိုင်၏ ခွင့်ပြုချက်နှင့်အညီဖြစ်ရမည့်အပြင် မီးဘေးအန္တရာယ်လျော့ချရန်နှင့် မည်သည့် အပေါက်ကိုမဆို ပိတ်ဆို့မှုမရှိစေရန် စိုက်ထူထားရှိရမည်။ ယင်းသို့သော ဆိုင်းဘုတ်ပေါ်ရှိ ကြော်ငြာသည် ယင်းကိုစိုက်ထူထားသည့် သို့မဟုတ် ထိန်းသိမ်းထားသည့် အဆောက်အအုံ ဥပစာအတွင်း သို့မဟုတ် အဆောက်အအုံဥပစာပေါ်တွင် ပြုလုပ်သော စီးပွားရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း သို့မဟုတ် အခြားသောလုပ်ငန်းများနှင့်သာ သက်ဆိုင်ရမည် ဖြစ်သည်။ ယာယီဆိုင်းဘုတ်များကို စတင်ပြလျှင်သော်လည်းကောင်း၊ ပျက်စီးလျှင်သော်လည်းကောင်း ဖယ်ရှားပစ်ရမည်ဖြစ်ပြီး တိုးချဲ့ခွင့်ပြုခြင်းမရှိလျှင် စိုက်ထူပြီး ၁၄ ရက် အတွင်း ဖယ်ရှားပစ်ရမည်။

အများပြည်သူ အဆင်ပြေချောမွေ့မှု၊ ဘေးကင်းလုံခြုံမှုအတွက် လိုအပ်သည်ဟု ထင်မြင်လျှင် အာဏာပိုင်သည် ယာယီကြော်ငြာဆိုင်းဘုတ် သို့မဟုတ် မွမ်းမံပြင်ဆင်ခြင်းကို ချက်ချင်းဖယ်ရှားစေရန် အမိန့်ပေးပိုင်ခွင့်ရှိသည်။

### ၂.၄.၇.၁၄.၂.၁ တိုင်ဆိုင်းဘုတ်များ

တိုင်ဆိုင်းဘုတ်အားလုံးကို မီးမလောင်လွယ်သည့် ပစ္စည်းများဖြင့်သာ တည်ဆောက်ရမည်ဖြစ်ပြီး မြေပြင် သို့မဟုတ် ခေါင်မိုးဆိုင်းဘုတ်အတွက် လိုအပ်ချက်များနှင့် ညီညွတ်ရမည်။ ယင်းသို့သော ဆိုင်းဘုတ်များသည် အစွန်းထွက်နေသော ဆိုင်းဘုတ်အတွက် ပြဋ္ဌာန်းချက်များကို လိုက်နာလျှင် လမ်းမျဉ်းလိုင်းကို ကျော်လွန်တိုးချဲ့နိုင်သည်။

### ၂.၄.၇.၁၄.၂.၂ တံခွန်နှင့် ပိတ်စဆိုင်းဘုတ်များ

အဆောက်အအုံနှင့် တွဲဖက်ထားရှိသည့် သို့မဟုတ် အဆောက်အအုံမှ ဆိုင်းထားသည့် ယာယီဆိုင်းဘုတ်များနှင့်တံခွန်များ၊ ဖွဲ့စည်းတည်ဆောက်ထားသည့် ပိတ်စ သို့မဟုတ် အခြားမီးလောင်လွယ်သောပစ္စည်းများကို ခိုင်မြဲစွာ တည်ဆောက်ရမည်ဖြစ်သည့်အပြင် ယင်းတို့၏ အထောက်အပင့်များနှင့် ခိုင်မြဲစွာတွဲဖက်ထားရှိရမည်။ ယင်းတို့ကို စုတ်ပြဲလျှင်သော်လည်းကောင်း၊ ပျက်စီးလျှင်သော်လည်းကောင်း ဖယ်ရှားရမည်။ မည်သည့်ကိစ္စတွင်မဆို စိုက်ထူပြီး ၁၄ ရက်ထက် နောက်မကျဘဲ ဖယ်ရှားရမည်။ ပေါင်းမိုး သို့မဟုတ် အမိုးပါသည့်ဝင်ပေါက်မှဆိုင်းထားသော သို့မဟုတ် အမိုးပါသည့် ဝင်ပေါက်နှင့် တွဲဖက်ထားသော ယာယီဆိုင်းဘုတ်များအတွက် ခွင့်ပြုချက်များကို ၁၀ ရက်ကာလအထိ ကန့်သတ်ထားရမည်။

### ၂.၄.၇.၁၄.၂.၃ အကြီးဆုံးအရွယ်အစား

ယာယီဆိုင်းဘုတ်များသည် ဧရိယာ ၁၀၈ စတုရန်းပေ(၁၀ စတုရန်းမီတာ) ထက်မပိုရ။

### ၂.၄.၇.၁၄.၂.၄ အစွန်းထွက်ခြင်း

ပိတ်စနှင့်အလားတူ မီးလောင်လွယ်သည့် တည်ဆောက်ပုံရှိသည့် ယာယီ ဆိုင်းဘုတ်များသည် လမ်းအတွင်းသို့ သို့မဟုတ် အများပြည်သူဆိုင်ရာနေရာကို ကျော် လွန်၍ ၃၀၀ မီလီမီတာထက် ကျော်လွန်ခြင်းမရှိစေရ။ သို့ရာတွင် ယင်းဆိုင်းဘုတ်ကို ဘောင်မပါဘဲ တည်ဆောက်ထားလျှင် ပေါင်းမိုး သို့မဟုတ် အမိုးပါသည့် ဝင်ပေါက်၏ မျက်နှာပြင်ကို မိုးကပ်လျက် အပြားအချပ် (flat) ကို ထောက်ပင့်ထားနိုင်သည် သို့မဟုတ် ယင်း၏ အောက်မျက်နှာပြင်မှဆိုင်းထားနိုင်သော်လည်း လူသွားစင်္ကြံနှင့် ၈.၂ ပေ(၂.၅ မီတာ) ထက် နိမ့်ကျခြင်းမရှိစေရ။

### ၂.၄.၇.၁၄.၂.၅ ကြော်ငြာဆိုင်းဘုတ်ကြီးများ

မြို့၏ အခြားတံတိုင်းနံရံများ အလုပျက်စေခြင်းမရှိစေရန် အာဏာပိုင် အဖွဲ့အစည်းက စိုက်ထူတည်ထောင်သည့် ကြော်ငြာဆိုင်းဘုတ်ကြီးများကို ယာယီဆိုင်းဘုတ်များ၊ သင်္ကေတအမှတ်အသားများ၊ ဖျော်ဖြေတင်ဆက်မှုအတွက် သတိပေးကြော်ငြာစာများ စသည်တို့အတွက် အသုံးပြုရမည်။

ကြော်ငြာဆိုင်းဘုတ်ကြီးများမှတပါး ဖျော်ဖြေတင်ဆက်မှုအတွက် သတိပေး ကြော်ငြာစာများနှင့် အခြားလုပ်ဆောင်ချက်များအတွက် သတိပေးကြော်ငြာစာများကို

အဆောက်အအုံနံရံတွင် တပ်ဆင်ခြင်းမပြုရ။ ယင်းသို့သော ကြေ်ငြာ၊ ပိုစတာများ အတွက် တာဝန်ရှိသောအဖွဲ့အစည်းသည် အလုပျက်စေခြင်းမရှိစေရန်နှင့် ဆိုင်းဘုတ်များ ဖယ်ရှားမှုမရှိခြင်းတို့အတွက် တာဝန်ယူရမည်။

## ၂.၄.၈ ဆက်သွယ်ရေးနှင့် အသံလွှင့်တာဝါတိုင်များ

### ၂.၄.၈.၁ တည်နေရာနှင့် ချဉ်းကပ်လမ်း

တာဝါတိုင်များသည် ဆိုင်းကြိုး၊ ဝါယာကြိုးများနှင့် အခြားတွဲဖက်အသုံးအဆောင်များက လမ်း၊ အခြားအများပြည်သူဆိုင်ရာနေရာ၊ မြေပြင်အထက် လျှပ်စစ်အသုံးပြုလိုင်းတို့ကို ဖြတ်ကျော်ကျူးကျော်ခြင်းမရှိသည့် နည်းလမ်းဖြင့်တည်ရှိရမည် သို့မဟုတ် ပစ္စည်းပိုင်ရှင်၏စာဖြင့် ရေးသားသဘောတူညီချက်မရှိဘဲ ထိုသူ၏ ကိုယ်ပိုင်ပစ္စည်းနယ်ပယ် သို့မဟုတ် မြေပြင်အထက် လျှပ်စစ်အသုံးပြုလိုင်းကို ကျူးကျော်ခြင်းမရှိသည့် နည်းလမ်းဖြင့် တည်ရှိရမည်။

## ၂.၄.၉ ရေကူးကန်အဝန်းအဝိုင်းများ

### ၂.၄.၉.၁ အထွေထွေ

ရေကူးကန်များသည် ဤအပိုင်းပါ လိုအပ်ချက်များအပြင် ဤလမ်းညွှန်ချက်ပါ အခြားသက်ဆိုင်သောအပိုင်းများကို လိုက်နာရမည်။

### ၂.၄.၉.၂ အဓိပ္ပာယ်ဖွင့်ဆိုချက်

ဤအပိုင်းပါအလို့ငှာနှင့် ဤအပိုင်းတစ်နေရာရာတွင် အသုံးပြုထားသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်သည် –

ရေကူးကန်များ – ရေကူးရန်၊ အပန်းဖြေရေချိုးရန် သို့မဟုတ် ရေအနက် ၂၄ လက်မ (၆၁၀ မီလီမီတာ) ကျော်ပါဝင်သော ရေဆော့ရန် ရည်ရွယ်သည့်အဆောက်အဦ။ ဤစကားရပ်တွင် မြေပြင်အတွင်း၊ မြေပြင်အထက်နှင့် မြေပြင်ပေါ်ရှိ ရေကူးကန်များ၊ ရေပူကန်များ၊ ရေပူစိမ်ကန်များနှင့် အထိုင်ချထားသော ရေဆော့ကန်များပါဝင်သည်။

### ၂.၄.၉.၃ အများပြည်သူရေကူးကန်များ

အများပြည်သူရေကူးကန်များကို အမြင့် (၂ ပေ မှ ၄ ပေ) သို့မဟုတ် ဖောက်ထွင်းမြင်နိုင်သော ခြံစည်းရိုးဖြင့်သာ ကာရံထားရမည်။

### ၂.၄.၉.၄ နေထိုင်သူများအတွက်ဖြစ်သော ရေကူးကန်များ

နေထိုင်သူများအတွက်ဖြစ်သော ရေကူးကန်သည် အောက်ပါတို့ကို လိုက်နာရမည်-

### ၂.၄.၉.၄.၁ အတားအဆီးအမြင့်နှင့် ကြားလွတ်အကွာအဝေးများ

အတားအဆီး၏ထိပ်သည် ရေကူးကန်မှ မျက်နှာချင်းဆိုင်အကွာအဝေးရှိ အတားအဆီးဘက်မှ တိုင်းတာသော သတ်မှတ်အဆင့်ထက် အနည်းဆုံး ၄၈ လက်မ (၁၂၁၉ မီလီမီတာ) အမြင့်ရှိရမည်။ သတ်မှတ်အဆင့်နှင့် အတားအဆီးအောက်ခြေကြား ဒေါင်လိုက်ကြားလွတ် အကွာအဝေးသည် ရေကူးကန်မှ မျက်နှာချင်းဆိုင်အကွာအဝေးရှိ အတားအဆီးဘက်မှ တိုင်းတာပါက ၂ လက်မ (၅၁ မီလီမီတာ) ရှိရမည်။ ရေကူးကန်အဆောက်အအုံ/တည်ဆောက်ပုံ၏ထိပ်သည် သတ်မှတ်အဆင့်အထက်ဖြစ်လျှင် အတားအဆီးကို မြေညီပြင်အဆင့်တွင် သို့မဟုတ် ရေကူးကန်အဆောက်အအုံ/ တည်ဆောက်ပုံ၏အပေါ်တွင် ထားရှိခွင့်ပြုပြီး ရေကူးကန်အဆောက်အအုံ/ တည်ဆောက်ပုံ၏ထိပ်နှင့် အတားအဆီး၏အောက်ခြေအကြား ဒေါင်လိုက်ကြားလွတ် အကွာအဝေးသည် အများဆုံး ၄ လက်မ (၁၀၂ မီလီမီတာ) ဖြစ်ရမည်။

#### ၂.၄.၉.၄.၁.၁ အပေါက်များ

အတားအဆီးရှိ အပေါက်များသည် ၄ လက်မ (၁၀၂ မီလီမီတာ) စက်ဝိုင်းအချင်းထက် မကျယ်ရ။

#### ၂.၄.၉.၄.၁.၂ ထုပိတ်အတားအဆီးမျက်နှာပြင်များ

သာမန်ခံနိုင်ရည်ရှိပြီး အင်္ဂတေအဆက်များဆင်ထားသည့် အဆောက်အဦးအတွက်မှတပါး အပေါက်မရှိ ထုပိတ်အတားအဆီးများတွင် ချိုင့်ဝင်နေသော သို့မဟုတ် ထွက်နေသော အစွန်းများမပါရှိရ။

#### ၂.၄.၉.၄.၁.၃ နီးကပ်စွာပိုင်းခြားထားသည့် အလျားလိုက် အစိတ်အပိုင်းများ

အလျားလိုက်နှင့် ဒေါင်လိုက် အစိတ်အပိုင်းများပါဝင်သည့် အတားအဆီး တွင် အလျားလိုက်အစိတ်အပိုင်းများ၏ ထိပ်များအကြားအကွာအဝေးသည် ၄၅ လက်မ (၁၁၄၃ မီလီမီတာ) အောက်နည်းလျှင် အလျားလိုက်အစိတ်အပိုင်းများသည် ရေကူးကန်ဘေးအကာအရံ၏ အတွင်းဘက်တွင်တည်ရှိရမည်။ ဒေါင်လိုက်အကာအရံ အစိတ်အပိုင်းများအကြား ကြားကွက်လပ်နေရာသည် အကျယ် ၁ ၃/၄ လက်မ (၄၄ မီလီမီတာ) ထက်မပိုရ။ ဒေါင်လိုက်အစိတ်အပိုင်းများအတွင်း မွမ်းမံထားသော cutouts များရှိလျှင် cutouts များအတွင်း ကြားကွက်လပ်နေရာသည် အကျယ် ၁ ၃/၄ လက်မ (၄၄ မီလီမီတာ) ထက် မပိုရ။

### ၂.၄.၉.၄.၁.၄ အလျားလိုက် အစိတ်အပိုင်းများ ကျယ်ကျယ်ခြားထားခြင်း

အလျားလိုက်နှင့် ဒေါင်လိုက် အစိတ်အပိုင်းများပါဝင်သည့် အတားအဆီးတွင် အလျားလိုက်အစိတ်အပိုင်းများ၏ ထိပ်များအကြားအကွာအဝေးသည် ၄၅ လက်မ (၁၁၄၃ မီလီမီတာ) ထက်များလျှင် ဒေါင်လိုက်အစိတ်အပိုင်းများကြား အကွာအဝေးသည် ၄ လက်မထက်မပိုရ။ ဒေါင်လိုက်အစိတ်အပိုင်းများအတွင်း မွမ်းမံထားသော cutouts များ ရှိလျှင် cutouts များအတွင်း ကြားကွက်လပ်နေရာသည် အကျယ် ၁ ၃/၄ လက်မ (၄၄ မီလီမီတာ) ထက်မပိုရ။

### ၂.၄.၉.၄.၁.၅ ချိန်းကြိုးကွင်းဆက် အတိုင်းအတာများ

၁ ၃/၄ လက်မ (၄၄ မီလီမီတာ) ထက် မပိုသောအပေါက်များကို လျှော့နည်းစေသည့် ထိပ် သို့မဟုတ်အောက်ခြေတွင်ကွယ်ထားသည့် အချောင်း/ အပြား မပါသော ခြံစည်းရိုး မဟုတ်လျှင် ချိန်းကြိုးကွင်းဆက် ခြံစည်းရိုးများအတွက် ဇကာကွက် အရွယ်အစားသည် အများဆုံး ၂ ၁/၄ စတုရန်း လက်မ (၅၇ စတုရန်း မီလီမီတာ) ရှိရမည်။

### ၂.၄.၉.၄.၁.၆ ထောင့်ဖြတ်အစိတ်အပိုင်းများ

အတားအဆီးတွင် ထောင့်ဖြတ်အစိတ်အပိုင်းများပါဝင်လျှင် ထောင့်ဖြတ်အစိတ် အပိုင်းများဖြင့် ဖွဲ့စည်းထားသည့် အပေါက်သည် အများဆုံး ၁ ၃/၄ လက်မ (၄၄ မီလီမီတာ) ထက်မပိုရ။

### ၂.၄.၉.၄.၁.၇ အဝင်ပေါက်ဂိတ်တံခါးများ

အဝင်ပေါက် သို့မဟုတ် ဂိတ်တံခါးများသည် အပိုင်း ၂.၄.၉.၄.၁.၁ မှ ၂.၄.၉.၄.၁.၆ ပါ လိုအပ်ချက်များကို လိုက်နာရမည်ဖြစ်ပြီး သော့ခတ်သည့်ပစ္စည်းနှင့် လိုက်ဖက်ညီစွာ တပ်ဆင်ရမည်။ လူသွားလူလာတံခါးပေါက် သို့မဟုတ် ဂိတ်တံခါးများသည် အလို အလျောက် ဖွင့်ပိတ်နိုင်သည့် အပြင်ဖွင့်တံခါးများဖြစ်ရမည်။

### ၂.၄.၉.၄.၁.၈ အတားအဆီးတိုက်ခန်းနံရံ

တိုက်ခန်းနံရံသည် အတားအဆီးအစိတ်အပိုင်းအဖြစ်ရှိလျှင် အောက်ပါတို့ကို လိုက်နာရမည် –

ထိုနံရံမှ ရေကူးကန်သို့ တိုက်ရိုက်ဝင်နိုင်သည့် တံခါးများတွင် တံခါး သို့မဟုတ် မျက်နှာပြင် (ရှိလျှင်) ပွင့်သွားလျှင် ကြားနိုင်သည့် အချက်ပေးသံထွက်သည့် သတိပေး ခေါင်းလောင်း တပ်ဆင်ထားရမည်။ မသန်စွမ်းသူများအတွက် မလိုအပ်သည့် လူနေထိုင်ရာ

တိုက်ခန်းများတွင် ကြမ်းပြင်မှ ၅၄ လက်မ (၁၃၂၇ မီလီမီတာ) နှင့် အထက်တွင် အပိတ်ခလုတ်ရှိရမည်။ မသန်စွမ်းသူများအတွက်လိုအပ်သည့် လူနေထိုင်ရာတိုက်ခန်းများတွင် အပိတ်ခလုတ်သည် ကြမ်းပြင်မှ အများဆုံး ၅၄လက်မ (၁၃၇၂ မီလီမီတာ) နှင့် အနည်းဆုံး ၄၈ လက်မ (၁၂၁၉ မီလီမီတာ) တွင် ရှိရမည်။

### ၂.၄.၉.၄.၁.၉ အတားအဆီးရေကူးကန် အဆောက်အအုံ

မြေပြင်အထက် ရေကူးကန် အဆောက်အအုံကို အတားအဆီး အဖြစ်သုံးလျှင် သို့မဟုတ် အတားအဆီးသည် ရေကူးကန် အဆောက်အအုံထိပ်တွင် ရှိနေလျှင် ဝင်နိုင်သည့်နည်းလမ်းမှာ လှေကား သို့မဟုတ် အထစ်များဖြစ်လျှင် ဝင်ပေါက်ကို ကာကွယ်ရန် ယင်းလှေကား သို့မဟုတ် အထစ်များကိုပိတ်ထားရမည်၊ သော့ခတ်ထားရမည် သို့မဟုတ် ဖယ်ရှားရမည် သို့မဟုတ် ယင်းလှေကား သို့မဟုတ် အထစ်များကို အပိုဒ် ၂.၄.၉.၄.၁.၁ မှ ၂.၄.၉.၄.၁.၈ ထိပါ လိုအပ်ချက်များနှင့် ပြည့်စုံသော အတားအဆီးများဖြင့် ကာရံထားရမည်။ လှေကား သို့မဟုတ် အထစ်များကို ပိတ်ထား၊ သော့ခတ်ထား၊ ဖယ်ရှားထားလျှင် ဖန်တီးထားသောအပေါက်သည် စက်ဝိုင်းအချင်း ၄ လက်မ (၁၀၂ မီလီမီတာ) ထက် မကျယ်ရ။

### ၂.၄.၉.၄.၂ အမိုးအကာအောက်ရှိ ရေကူးကန်

နံရံများကာရံထားသည့် ရေကူးကန်များသည် အပိုဒ် ၂.၄.၉.၄.၁.၈ ကို လိုက်နာရန် မလိုအပ်ပါ။

### ၂.၄.၉.၄.၃ တားမြစ်ထားသည့်နေရာများ

အမြဲတမ်းအဆောက်အအုံ၊ ပစ္စည်းကိရိယာ သို့မဟုတ် ယင်းတို့နှင့် အလားတူ အရာဝတ္ထုများ အသုံးပြု၍ ကျော်တက်ခြင်းမှဟန့်တားရန် အတားအဆီးများကိုထားရှိရမည်။

## ၂.၄.၁၀ အလိုအလျောက်ရွေ့လျားသည့် ဂိတ်တံခါးများ

### ၂.၄.၁၀.၁ အထွေထွေ

အလိုအလျောက်ဖွင့်ပိတ်သည့် ဂိတ်တံခါးများသည် ဤအပိုင်းနှင့် ဤလမ်းညွှန်ချက်ပါ အခြားသက်ဆိုင်သည့် အပိုင်းများပါ လိုအပ်ချက်များကို လိုက်နာရမည်။

### ၂.၄.၁၀.၂ အဓိပ္ပာယ်ဖွင့်ဆိုချက်

ဤအပိုင်းအလို့ငှာနှင့် ဤလမ်းညွှန်ချက် တစ်နေရာရာတွင် အသုံးပြုထားသော အောက်ပါစကားရပ်သည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်သည်။

ရွှေ့လျားဂိတ်တံခါး – လိုအပ်သည့်ဝန်ဆောင်မှု၊ အဆောက်အဦ သို့မဟုတ် ယင်းတို့၏ အစိတ်အပိုင်းသို့ ယာဉ်ဝင်ထွက်ပေါက်တွင် အသုံးပြုရန် ရည်ရွယ်သော ဂိတ်တံခါးဖြစ်ပြီး လူသွားလာခြင်းအတွက် ရည်ရွယ်ထားခြင်း မဟုတ်ပါ။

## ၂.၅ အတွင်းပိုင်းပတ်ဝန်းကျင်

### ၂.၅.၁ နယ်ပယ်

ဤအပိုင်းတွင်ဖော်ပြထားသည့် ပြဋ္ဌာန်းထားချက်များသည် လေဝင်လေထွက်၊ အလင်းရောင်၊ အဆောက်အအုံအတွင်းရှိ အမိုးမပါသောနေရာလပ်၊ အခန်းအတိုင်းအတာနှင့် အဆောက်အအုံ၏ အတွင်းပိုင်းနှင့်စပ်ဆက်နေသော အရာဝတ္ထုပစ္စည်းများအပေါ်တွင် သက်ရောက်မှုရှိစေရမည်ဖြစ်သည်။ သတ်မှတ်စာရင်းတွင်ပါဝင်သော အဆောက်အဦနှင့် ရှေးဟောင်းအဆောက်အဦများကို ဤပြဋ္ဌာန်းထားချက်များမှကင်းလွတ်ခွင့်ပြုထားပါသည်။ (အခန်း ၂.၁၀ ကို ကြည့်ပါ။)

### ၂.၅.၂ အထွေထွေ

အောက်ပါစကားလုံးများနှင့် စကားရပ်ဝေါဟာရများသည် ဤအပိုင်း၏ ရည်ရွယ်ချက်နှင့် ဤလမ်းညွှန်ချက်များ၏ အခြားတစ်နေရာရာတွင် အသုံးပြုရန်အတွက် ဤနေရာ၌ ဖော်ပြထားသည့် အဓိပ္ပါယ်များအတိုင်း ရှိစေရမည်။

#### ၂.၅.၂.၁ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

**အမိုးအောက်ထပ်ခိုးနေရာ**: ခေါင်မိုးအောက်ရှိ အိမ်၏ထိပ်ဆုံး၌ တည်ရှိသော အခန်းကိုဆိုလိုပါသည်။

**အဆောက်အအုံအတွင်းရှိ အမိုးမပါသောနေရာလပ်**: အဆောက်အအုံတစ်ခုလုံး သို့မဟုတ် အဆောက်အအုံအစိတ်အပိုင်းများ ပတ်ပတ်လည် ဝန်းရံနေပြီး အမိုးမပါသည့်နေရာဖြစ်သည်။

**Grade**: သွင်ပြင်လက္ခဏာ၏ အဆင့်အတန်းအမျိုးအစား (ကုန်းစောင်း၊ ဆင်ခြေလျှော၊ လျှောစောက်၊ အစောင်း သို့မဟုတ် အမြင့်ဟုခေါ်သည်)၊ မြေမျက်နှာသွင်ပြင်သည် စောင်းနေသော မျက်နှာပြင်အတိုင်းအတာကို ရည်ညွှန်းသည်။

**အမိုးလွတ်ရာအမြင့် (Head room)**: ကြမ်းခင်း သို့မဟုတ် အခန်း၏ အနိမ့်ဆုံးအပိုင်းနှင့် မျက်နှာကြက်အောက်ပိုင်း သို့မဟုတ် အခန်း၏ ကာထားသောအနိမ့်ပိုင်းမျက်နှာပြင်အကြား အသားတင်အမြင့် ဖြစ်သည်။

**ဆင်ခြေလျော**: အနိမ့်အမြင့်မတူညီသော မျက်နှာပြင်နှစ်ခုအား လျှောစောင်းဖြင့် ဆက်စပ်ထားသောအပိုင်းဖြစ်သည်။

**နေထိုင်၍ရသောနေရာ**: တစ်ရက်လျှင် ၈နာရီထက်မနည်း လူအများနေထိုင်ရန် ရည်ရွယ်၍ ပြုလုပ်ထားသော အတွင်းပိုင်းနေရာကို ဆိုလိုပါသည်။

**လူအများအသုံးပြုရာနေရာ**: လူအများနေထိုင်ရန်နှင့် အိပ်ရန်မဟုတ်ဘဲ သိုလှောင်ရန်နှင့် ထို ကဲ့သို့လုပ်ငန်းများကို ဆောင်ရွက်ရန် လူအများအသုံးပြုသော နေရာတစ်ခုခုကို ဆိုလိုပါသည်။

## ၂.၅.၃ လေဝင်လေထွက်

### ၂.၅.၃.၁ အထွေထွေ

ကိုယ်ပိုင်လုံးချင်းအိမ်များအပြင် လူနေအိမ်အဆောက်အအုံများအားလုံးကို သဘာဝ လေဝင်လေထွက်ရရှိအောင် ဆောင်ရွက်ပေးရမည်။

အခြားအဆောက်အအုံများတွင် နေထိုင်သူများအတွက် သဘာဝ သို့မဟုတ် စက်မှု နည်းပညာဖြင့် လေဝင်လေထွက်ကောင်းအောင် ပြုလုပ်ပေးရမည်။

ခြွင်းချက်။ အောက်ဖော်ပြပါအခန်းနှင့် နေရာများအတွက် လိုက်နာရန်မလိုအပ်ပါ။

(က) ၆ စတုရန်းမီတာထက်မပိုသော စတိုခန်း

(ခ) ၆ စတုရန်းမီတာ ထက်မပိုသော ကိုယ်ပိုင်ဓါတ်လှေကားအဝင်ခန်းမ

### ၂.၅.၃.၂ သဘာဝလေဝင်လေထွက်

ပြတင်းပေါက်များ၊ တံခါးများ၊ တရုတ်ကပ်တံခါးများ သို့မဟုတ် အပြင်ဘက်သို့ ဖွင့်ထားသည့် အခြားတံခါးများမှတဆင့် လေဝင်လေထွက်ကောင်းအောင် ပြုလုပ်ထားရမည်။ အဆိုပါအပေါက်များကို ၎င်းအဆောက်အအုံ၌နေထိုင်မည့်သူများ အဆင်ပြေစွာအသုံးပြုနိုင် ရန် စီမံဆောင်ရွက်ထားရမည်။

#### ၂.၅.၃.၂.၁ လိုအပ်သောလေဝင်လေထွက်နေရာ

တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ဖွင့်နိုင်သော ပြတင်းပေါက်များ သို့မဟုတ် အခြားဖွင့်နိုင်သော လေဝင်လေထွက်ပေါက်များကို အခန်းကြမ်းခင်းဧရိယာ၏ ၅ ရာခိုင်နှုန်း ထက်မနည်းသော ဧရိယာဖြင့် သဘာဝလေဝင်လေထွက်ရရှိရန် ဆောင်ရွက်ပေးရမည်။

သဘာဝလေဝင်လေထွက်ရရှိစေရန် ဒီဇိုင်းပြုလုပ်ထားသော အခန်း၏ မည်သည့် အစိတ်အပိုင်း သို့မဟုတ် နေရာလွတ်သည် (သိုလှောင်ရုံတွင် ပါဝင်သော အခန်းမှလွဲ၍) ပြတင်းပေါက် သို့မဟုတ် လေဝင်လေထွက်ပေါက်များ မှ ၁၂ မီတာထက် မပိုစေရ။

အောက်ဖော်ပြပါအချက်များမှလွဲ၍ မည်သည့်ဖွင့်နိုင်သော ပြတင်းပေါက်များ သို့မဟုတ် လေဝင်လေထွက်ပေါက်များကိုမျှ အဟန့်အတားမဖြစ်စေရန် စဉ်းစားရမည်။

(က) ဘေးဆွဲပြတင်းပေါက် (sliding window) အား အပြည့်ဖွင့်သည့်အခါ အမှန်တကယ် ဖွင့်နိုင်သော ဧရိယာတွင် မည်သည့်အဟန့်အတားမှ မရှိရပါ။

(ခ) တရုတ်ကပ်မှန်သ တပ်ဆင်ထားသည့် မည်သည့်လေဝင်လေထွက်ပေါက်၏ အမှန် တကယ်ဖွင့်နိုင်သောဧရိယာကို လေဝင်လေထွက်ပေါက်ဧရိယာ၏ ၅၀ ရာခိုင်နှုန်း သာ ယူဆရမည်။

(ဂ) အနည်းဆုံး ၃၀ ဒီဂရီနှင့်အထက် ဖွင့်နိုင်သော မည်သည့်ပတ္တာတပ် ပြတင်းပေါက်၏ အမှန်တကယ်ဖွင့်နိုင်သောဧရိယာကို လေဝင်လေထွက်ပေါက်ဧရိယာ၏ ၅၀ ရာခိုင် နှုန်းသာ ယူဆရမည်။

ပြတင်းပေါက်များ သို့မဟုတ် အခြားလေဝင်လေထွက်ပေါက်များသည် အောက် ဖော်ပြပါ နေရာများသို့ ဖွင့်နိုင်သည့်နေရာတွင် ထားရှိရမည်။

(က) အဆောက်အဦ၏အပြင်ဘက်

(ခ) အပိုဒ် ၂.၅.၅ နှင့်ကိုက်ညီသော အဆောက်အဦအတွင်းရှိ အမိုးမပါသောနေရာလပ်

(ဂ) ၁၀ ပေ အကျယ် အနည်းဆုံးရှိသော မျက်နှာချင်းဆိုင်နံရံ နှစ်ခုကြား ချိုင့်ဝင်နေသော နေရာ

**ခြွင်းချက်**။ ။ မည်သည့်လူနေအိမ်အဆောက်အအုံများ၏ အောက်ဖော်ပြပါ မည်သည့်အခန်း သို့မဟုတ် နေရာလပ်တွင်မဆို စက်မှုနည်းပညာသုံး လေဝင်လေထွက်စနစ် အသုံးပြုနိုင် သည်။

(က) အားကစားခန်း

(ခ) စုဝေးခန်း

(ဂ) သန့်စင်ခန်း၊ရေချိုးခန်း သို့မဟုတ် ရေအိမ်နှင့်

(ဃ) မြေအောက်ခန်း

### ၂.၅.၃.၃ သဘာဝအတိုင်းမဟုတ်သော သို့မဟုတ် စက်မှုနည်းပညာဖြင့် ပြုလုပ်ထားသော လေဝင်လေထွက်စနစ်

စက်မနည်းပညာဖြင့် ပြုလုပ်ထားသော လေဝင်လေထွက်အား အဆောက်အအုံ ဝန်ဆောင်မှုများ၏ အပိုင်း ၅ (င) တွင် ပါဝင်သည့်အတိုင်း ထောက်ပံ့ပေးထားရမည်။

## ၂.၅.၄ အလင်းရောင်

### ၂.၅.၄.၁ အထွေထွေ

လူအများနေထိုင်ရန်အတွက် ရည်ရွယ်သည့်နေရာတိုင်းအား မှန်တပ်ဆင်ထားသော ပြင်ပပြတင်းပေါက်များ သို့မဟုတ် လူတို့ဖန်တီးထားသော အလင်းရောင်ဖြင့် အလင်းရောင် ရရှိစေရန် ဆောင်ရွက်ပေးရမည်။ ကိုယ်ပိုင်အသုံးပြုရန် တည်ဆောက်ထားသော တွဲဆက် အိမ်များနှင့် လူနေအိမ်အဆောက်အဦများ အားလုံးတွင် သဘာဝအလင်းရောင်ရရှိစေရန် အပိုဒ် ၂.၅.၄.၂ အတိုင်း ထောက်ပံ့ပေးထားရမည်။

**ခြွင်းချက်**။ ။ အောက်တွင်ဖော်ပြထားသော အခန်းနှင့်နေရာလွတ်များတွင် ဆောင်ရွက်ရန် မလိုအပ်ပေ။

(က) ၆ စတုရန်းမီတာထက်မပိုသော သိုလှောင်ခန်းများ

(ခ) ၆ စတုရန်းမီတာထက်မပိုသော ပုဂ္ဂလိကသုံး ဓါတ်လှေကားခန်းမများ

### ၂.၅.၄.၂ သဘာဝအလင်းရောင်

အခန်းကြမ်းခင်း သို့မဟုတ် နေရာလွတ်၏ ၁၀ ရာခိုင်နှုန်း ထက်မနည်းသော အလင်းဖြတ်သန်းသွားလာနိုင်သည့် ပြတင်းပေါက်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော သဘာဝအလင်းရောင်ရရှိစေရန် ဆောင်ရွက်ပေးရမည်။

လူနေထိုင်ရာ အခန်းများမှလွဲ၍ အောက်တွင်ဖော်ပြထားသောနေရာများတွင် သဘာဝအလင်းရောင်အစား လူတို့ဖန်တီးထားသော အလင်းရောင်ဖြင့်ပေးနိုင်သည်။

(က) သန့်စင်ခန်း၊ ရေချိုးခန်း သို့မဟုတ် ရေအိမ်

(ခ) သိုလှောင်ခန်း နှင့်

(ဂ) မြေအောက်ခန်း

#### ၂.၅.၄.၂.၁ ပြင်ပအလင်းပေါက်များ

ပြင်ပအလင်းပေါက်များအတွက် လိုအပ်သော သဘာဝအလင်းရောင်သည် လူအများ သွားရာလမ်း သို့မဟုတ် အဆောက်အအုံအတွင်းရှိ အမိုးမပါသော နေရာလပ်အတွင်းသို့ တိုက်ရိုက်ရောက်ရှိနိုင်ရန် စီမံဆောင်ရွက်ထားရမည်။

**ခြွင်းချက်**။ ။ (က) ဆင်ဝင်တည်ရှိရာ အမိုးမိုးထားသော ဆင်ဝင်တွင် လိုအပ်သော ပြင်ပအလင်းပေါက်သည် အောက်ပါအချက်များအတိုင်း ခွင့်ပြုထားရမည်။

(၁) မျက်နှာကြက်အမြင့်သည် ၇ ပေ (၂၁၃၄ မီလီမီတာ)ထက် မနည်းစေရ။

(၂) အတားအဆီးမရှိသော အနည်းဆုံး ၆၅ ရာခိုင်နှုန်းဖွင့်ထားသည့် ပို၍ရှည်လျားသော အနားရှိရမည်။

#### ၂.၅.၄.၃ လူတို့ဖန်တီးထားသော အလင်းရောင်

လူတို့ဖန်တီးထားသော အလင်းရောင်သည် အပိုင်း ၅ (က) အဆောက်အအုံ ဝန်ဆောင်မှုများ (အလင်းရောင်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အလင်းရရှိစေရန် စီမံဆောင်ရွက်ရမည်။

### ၂.၅.၅ အဆောက်အအုံအတွင်းရှိ အမိုးမပါသောနေရာလပ်

#### ၂.၅.၅.၁ အထွေထွေ

ဤအပိုင်းသည် သဘာဝအလင်းရောင်နှင့် လေဝင်လေထွက်ရရှိသော အပြင်အပေါက်နှင့် ကပ်လျက်ရှိသော အဆောက်အအုံအတွင်းရှိ အမိုးမပါသော နေရာလပ်အပေါ် သက်ရောက်မှုရှိစေရမည်။ အဆိုပါ အဆောက်အအုံအတွင်းရှိ အမိုးမပါသောနေရာလပ်သည် အဆောက်အအုံနှင့် တူညီသည့် နယ်နိမိတ်ပေါ်တွင် ရှိစေရမည်။

#### ၂.၅.၅.၂ အဆောက်အအုံအတွင်းရှိ အမိုးမပါသောနေရာလပ်

အဆောက်အအုံအတွင်းရှိ အမိုးမပါသောနေရာလပ်သည် အကျယ် ၁၀ ပေ ထက် မနည်းစေဘဲ ကောင်းကင်သို့ အပွင့်ထားရမည့် အနည်းဆုံးဧရိယာမှာ အောက်ဖော်ပြပါ ဇယားနှင့် ကိုက်ညီမှုရှိရပါမည်။

| Height | Minimum airwell size $FT^2$ ($M^2$) |
|---|---|
| ≤ 100ft (30 m) | 108 (10) |
| Subsequent 10ft (3 m) | 10.8 (+1) |

### ၂.၅.၅.၃.၁ အဆောက်အအုံအတွင်းရှိ အမိုးမပါသောနေရာလပ်သို့ ချဉ်းကပ်လမ်း

သန့်ရှင်းရေးပြုလုပ်နိုင်ရန် ရည်ရွယ်ချက်အတွက် အဆောက်အအုံအတွင်းရှိ အမိုးမပါသော နေရာလပ်၏ အောက်ခြေသို့ ချဉ်းကပ်ဝင်ရောက်နိုင်ရန် ပြုလုပ်ပေးရမည်။

### ၂.၅.၅.၃.၂ လေဝင်ပေါက်

နှစ်ထပ်အမြင့်ထက်ပိုသောအဆောက်အအုံအတွင်းရှိ အမိုးမပါသောနေရာလပ် သည် အောက်ခြေတွင် ၁၀ စတုရန်းပေ (၀.၉၃ $m^2$) ထက်မနည်း မြေပြင်ညီအတိုင်း လေဝင်ပေါက်ထားရှိရမည့်အပြင် လူအများသွားရာလမ်းနှင့် ထိစပ်မှုမရှိစေဘဲ အဆောက်အဦအပြင်ဘက်သို့ ဦးတည်ရမည်ဖြစ်သည်။

### ၂.၅.၅.၃.၃ အဆောက်အအုံအတွင်းရှိ အမိုးမပါသောနေရာလပ် ၏ ရေနုတ်မြောင်း

အဆောက်အအုံအတွင်းရှိ အမိုးမပါသော နေရာလပ်များအားလုံး၏ အောက်ခြေသည် အများသုံးရေနုတ်မြောင်း သို့မဟုတ် အခြားစွန့်ပစ်သည့်စနစ်သို့ သင့်လျော်စွာ ဖောက်လုပ်ထားရမည်။

## ၂.၅.၆ အတွင်းပိုင်းနေရာများ

### ၂.၅.၆.၁ လူနေခန်းအရွယ်အစားများနှင့် အခန်းအတိုင်းအတာများ

မြို့ပြဒေသများတွင် မိသားစုတစ်စုအတွက် လူနေထိုင်သည့် အသေးငယ်ဆုံးသော ဧရိယာသည် လှေကားမပါဘဲ ကြမ်းခင်းဧရိယာ ၅၀၀ စတုရန်းပေ သို့မဟုတ် လူတစ်ဦးလျှင် အနည်းဆုံး ၁၀၀ စတုရန်းပေ ရှိရမည်။ နေ့စဉ် ၈ နာရီထက်မနည်း လူအများ နေထိုင်နိုင်ရန် ရည်ရွယ်သည့် အသေးငယ်ဆုံးသော အခန်းအရွယ်အစားသည် ၆၀ စတုရန်းပေ ဖြစ်သည်။ လူအများနေထိုင်သည့် အဆောက်အဦရှိ နေထိုင်၍ရသော အခန်းအကျယ်သည် ၆ ပေထက် မနည်းစေရပါ။

## ၂.၅.၆.၂ အခန်းအမြင့်

### ၂.၅.၆.၂.၁ လူနေထိုင်မှုဆိုင်ရာအဆောက်အအုံများ

**၂.၅.၆.၂.၁.၁** ဈေးဆိုင်မပါသော လူနေထိုင်မှုဆိုင်ရာ အဆောက်အအုံ၏ အနည်းဆုံးသောအခန်းအမြင့် (ကင်းလွတ်အမြင့်) သည် အောက်ဖော်ပြပါအတိုင်း ဖြစ်ရမည်။

- ၈ ပေ အမြင့်ထက် မနည်းသော ဧည့်ခန်းများ၊ အိပ်ခန်းများနှင့် မီးဖိုခန်းများ
- ၆.၅ ပေ အမြင့်ထက် မနည်းသော ရေချိုးခန်းများ၊ ရေအိမ်များ၊ တွင်းအိမ်သာများ၊ ဝရန်တာများ

**၂.၅.၆.၂.၁.၂** ဈေးဆိုင်မပါသော လူနေထိုင်မှုဆိုင်ရာ အဆောက်အအုံရှိ မျက်နှာကြက် အစောင်းနှင့် လူနေထိုင်မှုဆိုင်ရာ အဆောက်အအုံ၏ အနည်းဆုံးသော အခန်းအမြင့်သည် အောက်ဖော်ပြပါအတိုင်းဖြစ်ရမည်။

- ၈ ပေ အမြင့်ထက်မနည်းသော ဧည့်ခန်းများ၊ အိပ်ခန်းများနှင့် မီးဖိုခန်းများ
- အမိုးအစွန်းမှာ အနည်းဆုံးအမြင့် ၄ ပေရှိသော အိပ်ခန်းအဖြစ် အသုံးပြုထားသည့် အမိုးအောက်ထပ်ခိုးနေရာသို့ရာတွင် အိပ်ခန်းအဖြစ်အသုံးပြုပါက ပျမ်းမျှအခန်းအမြင့်သည် ၈ ပေဖြစ်ရမည်။ အဆောက်အအုံတစ်ခုခု၏ အခြားသောအတွင်းပိုင်း လူနေထိုင်ရာအခန်း သို့မဟုတ် နေရာ၏ အနည်းဆုံးသော ကင်းလွတ်အမြင့်သည် ၇.၅ ပေဖြစ်ရမည်။ ရေချိုးခန်းများ၊ ရေအိမ်များ၊ တွင်းအိမ်သာများ၊ ဝရန်တာများအတွက် အနည်းဆုံးသော ကင်းလွတ်အမြင့်သည် ၆.၅ ပေ ထက်မနည်းစေရပါ။

### ၂.၅.၆.၂.၂ အခြားအရာများ

ဈေးဆိုင်နှင့် လက်လီအရောင်းဆိုင်များတွင် ဆိုင်အဖြစ် အသုံးပြုသောနေရာ၏ အမြင့်သည် ၉.၅ ပေ ထက်မနည်းရှိရမည့်အပြင် လူနေထိုင်ရာနေရာအဖြစ် အသုံးပြုသော နေရာ၏ အမြင့်သည်လည်း လူနေထိုင်ရာ အခန်းအမြင့်အတိုင်း ပြုလုပ်ရမည်။

ကျောင်းများတွင်စာသင်ခန်း၏ ကင်းလွတ်အမြင့်သည် ၉.၅ ပေထက် မနည်း စေရပါ။ ဆေးရုံများတွင်လည်း လူနာများနေထိုင်ရန်အတွက် ကင်းလွတ်အမြင့်သည် ၉.၅ ပေ ထက် မနည်းစေရပါ။ အဆိုပါ ဆေးရုံများတွင်လည်း ကုသခန်းနှင့် ခွဲစိတ်ခန်းအမြင့်သည် သက်ဆိုင်ရာအာဏာပိုင်များ၏ သတ်မှတ်ချက်အတိုင်းလိုက်နာရမည်။

လူအများ အလုပ်လုပ်ရာစက်ရုံရှိ အခန်း၏ ကင်းလွတ်အမြင့်သည်လည်း ၉.၅ ပေ ထက် မနည်းစေရပါ။

လူနေထိုင်ရန်မဟုတ်သော မြေအောက်ခန်းသည် အနည်းဆုံး ၇ ပေရှိရမည်။ မြေညီထပ်၏ နေရာများကို ကားရပ်နားရန်အတွက်သော်လည်းကောင်း သို့မဟုတ်ပန်းခြံအတွက်သော်လည်းကောင်း သို့မဟုတ် အလားတူကိစ္စများအတွက် သော်လည်းကောင်း အသုံးပြုနိုင်ရန် မကာရံဘဲဖွင့်ထားပါက အဆိုပါမြေညီထပ်၏ အမြင့်သည် ၈ ပေ ထက် မနည်းစေရပါ။

ကားရပ်နားရန်နေရာအတွက် ကားအမိုးလွတ်သော အမြင့် ၈ ပေထက် မနည်းစေရပါ။ လှေကားများထားရှိသည့်နေရာတွင် ကင်းလွတ်အမြင့်သည် ၇ ပေထက် မနည်းစေရမည့်အပြင် အမိုးပါသောလျှောက်လမ်းနေရာ၏ အမြင့်သည် ၈ ပေထက် မနည်းစေရပါ။ အများပြည်သူနေရာရှိအခန်း၏ အမြင့်သည် ၉.၅ ပေ ထက် မနည်းစေရပါ။ (ရေအိမ်များ၊ အိမ်သာနှင့် ဆက်နေသောနေရာများ၊ ကုတ်အင်္ကျီ၊ ဦးထုပ် စသည်ခေတ္တထားရာအခန်း၊ စင်္ကြံလမ်းနှင့် အခန်းများမပါ)

အများပြည်သူအပန်းဖြေစခန်း သို့မဟုတ် အများပြည်သူနေရာများတွင် လသာဆောင် တည်ဆောက်ထားပါကကြမ်းခင်းနှင့် မျက်နှာကြက်အမြင့်သည် ၉.၅ ပေ ထက် မနည်းစေရပါ။ ရေအိမ်များ၊ အိမ်သာနှင့် ဆက်နေသောနေရာများ၊ စင်္ကြံလမ်းကဲ့သို့သော အများပြည်သူနေရာများရှိ လူနေထိုင်ခြင်းမရှိသည့်အခန်း အမြင့်သည် ၈ ပေ ထက် မနည်းစေရပါ။

ခြွင်းချက်။ အခန်းအမြင့်ကိုစဉ်းစားရာတွင် မီးသတ်စနစ်၊ ပိုက်လိုင်းများကဲ့သို့သော လျှပ်စစ်ပိုင်းနှင့် စက်မှုပိုင်းဆိုင်ရာအတွက် လိုအပ်သောအမြင့်ကို ထည့်သွင်းသတိပြုသင့်သည်။

### ၂.၅.၆.၃ အတွင်းပိုင်းချိတ်ဆက်သည့် နေရာအကျယ်

အဆောက်အအုံရှိ အတွင်းပိုင်းချိတ်ဆက်သည့်နေရာ အကျယ်သည် အပိုဒ် ၂.၆.၈ နှင့် ကိုက်ညီမှုရှိရမည်။

### ၂.၅.၆.၄ တံခါးများနှင့်အပေါက်များ

လူနေထိုင်ရာအခန်းရှိ အဝင်တံခါးများအားလုံး၏ အကျယ်သည် အနည်းဆုံး ၆.၅ ပေ အမြင့် ရှိရမည့်အပြင် ၂.၇၅ ပေ အကျယ် ရှိရမည်ဖြစ်သည်။

(က) လူနေထိုင်ရာအထပ်ရှိ အိမ်သာနှင့်မီးဖိုခန်းသို့ အဝင်တံခါးများအားလုံးသည် အနည်းဆုံး ၆.၅ ပေ အမြင့် ရှိရမည့်အပြင် ၂.၇၅ ပေ အကျယ်ရှိရမည်ဖြစ်သည်။

(ခ) အထွက်တံခါးများသည် အပြင်ဖက်သို့ဖွင့်ထားရမည်ဖြစ်ပြီး တံခါးများအရေအတွက်၊ တံခါးအကျယ်နှင့် အပေါက်များ၏ အကျယ်သည် အခန်း ၂.၆ လွတ်မြောက်ရာ လမ်းကြောင်း (ထွက်ပေါက်)တွင် ဖော်ပြထားသည့် နည်းလမ်းအတိုင်း လိုက်နာရမည်။

(ဂ) ခေါင်မိုး၏အောက်ဖက်နေရာသည် မျက်နှာကြက်နှင့် ပိတ်နေပါက ထိုနေရာသို့ ဝင်ရောက်၍ စစ်ဆေးခြင်း၊ သန့်ရှင်းရေးနှင့် ပြင်ဆင်ခြင်းများပြုလုပ်နိုင်ရန်အတွက် မည်သည့်အရပ်ကိုမဆို အနည်းဆုံး ၂ ပေ အကျယ်ရှိသော အပေါက်များ ထားရှိပေးရမည်။

## ၂.၅.၇ လှေကားများ၊ လှေကားထစ်များ၊ ဆင်ခြေလျှောလမ်းများ၊ ဓါတ်လှေကားများ

### ၂.၅.၇.၁ လှေကားများ

ဤအပိုင်းတွင် ဖော်ပြထားသည့် လှေကားသည်အတွင်းပိုင်း လှေကားအတွက်သာ ဆိုလိုပါသည်။ ထွက်ပေါက်လှေကားကို ဤအပိုင်း၏ အခန်း ၂.၆ လွတ်မြောက်ရာ လမ်းကြောင်း (ထွက်ပေါက်)၏ နည်းလမ်းများတွင် ဖော်ပြထားပါသည်။ အရေးပေါ်လှေကား ကို ဤလမ်းညွှန်ချက်များ၏ အပိုင်း ၅ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း(မီး)တွင် ဖော်ပြထားပါသည်။

(က) လှေကားခွင်အားလုံးကို လေဝင်လေထွက်နှင့် အလင်းရောင် ကောင်းမွန်စွာရရှိရန် ဆောင်ရွက်ရမည်။

(ခ) လှေကားအားလုံးတွင် တစ်ထောက်နားရန်နေရာ တစ်ခုနှင့်တစ်ခုအကြား လှေကား ထစ် ၁၆ ထစ် ထက်မပိုရ။

(ဂ) လှေကားများအားလုံးသည် မချော်နိုင်သော မျက်နှာပြင်ရှိရမည်ဖြစ်သည်။

(ဃ) လှေကားများ သို့မဟုတ် လှေကားထစ်များသည် တံခါးများ သို့မဟုတ် အခြား အပေါက်များမှ စတင်သည့်အခြေအနေတွင် အဆိုပါအပေါက်နှင့် လှေကား သို့မဟုတ် လှေကားထစ်တို့၏ အကွာအဝေးသည် သာမန်အားဖြင့် သက်ဆိုင်ရာလှေကား အကျယ်ကဲ့သို့ တူညီမှုရှိရမည်။ သို့သော် အနည်းဆုံး ၃ပေ ရှိရန် လိုအပ်မည်ဖြစ်သည်။

#### ၂.၅.၇.၁.၁ လှေကားအကျယ်

အားလုံးသောထွက်ပေါက်လှေကားအကျယ်သည် အခန်း ၂.၆ လွတ်မြောက်ရာ လမ်းကြောင်း (ထွက်ပေါက်) အကျယ်အဝန်းတွင် ဖော်ပြထားသည့်အတိုင်းပင်ဖြစ်သည်။

### ၂.၅.၇.၁.၂ လှေကားအချိုး

(က) အဆောက်အအုံရှိ လှေကားခွင် သို့မဟုတ် အထပ်များအားလုံးရှိ လှေကားများ၏ လှေကားထစ်ခြေနင်းပြားနှင့် လှေကားထစ်အမြင့်တို့၏ အတိုင်းအတာသည် တစ်သမတ်တည်း လိုက်လျောညီထွေမှုရှိရမည်။ အထပ်အသီးသီးအတွက် လှေကား ထစ်အမြင့်များ၏ ကွာခြားချက်သည် +/- (၅ မီလီမီတာ) ၃/၁၆ လက်မ ရှိရမည်။

(ခ) လူ ၁၀ ယောက်အောက်နေထိုင်နိုင်သော အထပ် သို့မဟုတ် မိသားစုတစ်စုအတွက် အထပ်သုံးထပ်ထက်မပိုသော လုံးချင်းလူနေအဆောက်အအုံများ၊ နှစ်လုံးတွဲ အိမ်များ နှင့် အိမ်ချင်းဆက်ထားသော တိုက်တန်းများရှိ အတွင်းဘက် လှေကားများအတွက် အတိုင်းအတာအား ပေးထားသည့် ပုံသေနည်းဖြစ်သော 2R + T = ၂၃ နှင့် ၂၆ လက်မအကြားနှင့် R+T= ၁၆ နှင့် ၁၈ လက်မအကြားတို့ဖြင့် တွက်ချက်ရမည်ဖြစ်ပြီး R သည် ၈ လက်မထက် မပိုရမည့်အပြင် T သည်လည်း ၁၀ လက်မထက် မနည်းစေ ရပါ။

(R သည် လှေကားထစ်၏ အမြင့်ဖြစ်ပြီး၊ T သည် လှေကားထစ်၏ ခြေနင်းပြား ဖြစ်ကာ နှစ်ခုလုံးကို လက်မဖြင့် တိုင်းတာရမည်။)

(ဂ) လူ ၁၀ ယောက်အထက် နေထိုင်နိုင်သော ရုံးခန်းအပါအဝင် အများပြည်သူ နေထိုင် ရာအဆောက်အဦရှိ အတွင်းလှေကားများအတွက် အတိုင်းအတာအား ပေးထားသည့် ပုံသေနည်းဖြစ်သော 2 R + T = ၂၃ နှင့် ၂၆ လက်မအကြား နှင့် R+T= ၁၆ နှင့် ၁၈ လက်မအကြားတို့ဖြင့် တွက်ချက်ရမည်ဖြစ်ပြီး R သည် ၇ လက်မထက် မပိုရမည့် အပြင် T သည်လည်း ၁၀ လက်မထက် မနည်းစေရပါ။

(R သည် လှေကားထစ်၏ အမြင့်ဖြစ်ပြီး T သည် လှေကားထစ်၏ ခြေနင်းပြားဖြစ် ကာ နှစ်ခုလုံးကို လက်မဖြင့် တိုင်းတာရမည်။)

### ၂.၅.၇.၂ လှေကားထစ်များ

လှေကားထစ်များ၏ အတိုင်းအတာကို အောက်တွင်ဖော်ပြထားသည့် ပုံသေနည်း အတိုင်းလိုက်နာဆောင်ရွက်ရမည်။

(က) တစ်ချိန်တည်းတွင် လူပေါင်းများစွာအတူတကွ အသုံးပြုနိုင်သော အားကစားကွင်း၊ ရုပ်ရှင်ရုံခန်းမ၊ ပြဇာတ်ရုံနှင့် အလားတူ အဆောက်အဦများ ရှိလှေကားများကို 2R + T= ၃၆ လက်မနှင့်အထက်၊ R + T = လက်မ ၃၀ နှင့်အထက် စသည့်ပုံသေနည်းဖြင့်

တွက်ချက်ရမည်။ R သည် ၇ လက်မထက် မပိုသင့်သည့်အပြင် T သည်လည်း ၂၄ လက်မထက် မပိုသင့်ပါ။

(R သည် လှေကားထစ်၏ အမြင့်ဖြစ်ပြီး T သည် လှေကားထစ်၏ ခြေနင်းပြား ဖြစ်ကာ နှစ်ခုလုံးကိုလက်မဖြင့် တိုင်းတာရမည်။)

(ခ) ဘုရားများ၊ ပန်းခြံများနှင့် အလားတူနေရာများရှိ လှေကားများကို ပေးထားသည့် ပုံသေနည်းဖြစ်သော 2R + T = ၃၀ လက်မ နှင့်အထက်၊ R + T = ၂၄ လက်မနှင့် အထက် စသည့် ပုံသေနည်းဖြင့် တွက်ချက်ရမည်။ R သည် ၇ လက်မ ထက်မပိုသင့်ပါ။

(R သည် လှေကားထစ်၏ အမြင့်ဖြစ်ပြီး T သည် လှေကားထစ်၏ ခြေနင်းပြားဖြစ်ကာ နှစ်ခုလုံးကိုလက်မဖြင့် တိုင်းတာရမည်။)

### ၂.၅.၇.၃ လက်ရန်းများ

၃ ပေ ၆ လက်မ သို့မဟုတ် ၎င်းထက်ပိုသော ဒေါင်လိုက်အဆင့်ရှိသည့် ပြုတ်ကျနိုင်သောနေရာတွင် အမြင့်တစ်နေရာမှ လူအများပြုတ်ကျခြင်းမှ ကာကွယ်ရန် အောက်ဖော်ပြပါ သင့်လျော်သော အတိုင်းအတာများကို လိုက်နာရမည်။

(က) လှေကားထစ် ၆ ထစ်ထက်ပိုသော လှေကားများအားလုံးတွင် လက်ရန်းများအား နှစ်ဖက်စလုံးတွင် တပ်ဆင်ရမည်။ လှေကားတစ်ဖက် နံရံရှိသည့်နေရာတွင် အကျယ် ၆ ပေ ၆ လက်မရှိသော လှေကားများအတွက် လက်ရန်းအစားထိုးနိုင်ပြီး အကျယ် ၆ ပေ ၆ လက်မ ထက်ပိုသော လှေကားများတွင် လက်ရန်းကို နှစ်ဖက်စလုံးတွင် တပ်ဆင်ရမည်။

( ခ ) လက်ရန်းများအားလုံးသည် လှေကားအကျယ်ရှိရာအတွင်းဘက်သို့ ၄ လက်မထက် မပိုစေဘဲ အစွန်းထွက်ရှိရမည့်အပြင် လှေကား၏အစ သို့မဟုတ် အဆုံး၏ ၃ လက်မ ထက် မနည်းစေသောနေရာတွင် လက်ရန်းများထားရှိရမည်။

( ဂ ) လှေကားလက်ရန်း၏ အသားတင်အမြင့် (လှေကားအချောသတ်မျက်နှာပြင်မှစ၍ လက်ရန်းထိပ်သို့ တိုင်းတာထားသောအမြင့်) မှာ ၃ ပေထက် မနည်းစေရမည့်အပြင် လက်ရန်းတိုင်များအကြား သို့မဟုတ် လက်ရန်းများအောက်ရှိ အပေါက်များအားလုံးသည် ၄ လက်မထက် မများရပါ။

(ဃ) အဆောက်အအုံရှိ လသာဆောင်၊ လေသာဆောင်များ (terraces) ၊ ပြင်ညီအမိုးနှင့် အလားတူ တည်ဆောက်မှုများသည် မြေပြင်အထက် ၂၅ ပေ ထက်မြင့်လျှင် လက်ရန်း

များ၏ အသားတင်အမြင့်သည် (လှေကားအဆုံးမျက်နှာပြင်မှစ၍လက်ရန်း ထိပ်သို့ တိုင်းတာထားသောအမြင့်) ၃ ပေထက် မနည်းစေရမည့်အပြင် လက်ရန်းတိုင်များ အကြား သို့မဟုတ် လက်ရန်းများအောက်ရှိ အပေါက်များသည် ၄ လက်မထက် မများစေရပါ။

(င) အဆောက်အအုံရှိလသာဆောင်၊ လေသာဆောင်များ၊ ကြမ်းပြင် အဆင့်ထိရောက် သော ကြီးမားသောပြတင်းပေါက်များ၊ ပြင်ညီအမိုးနှင့် အလားတူတည်ဆောက်မှုများ သည် မြေပြင်အထက် ၃၅ ပေ ထက်ပိုလျှင် ကြမ်းခင်းမှစ၍ လက်ရန်းထိပ်သို့ တိုင်းတာထားသော အသားတင်အမြင့်မှာ ၃ ပေ ၆ လက်မထက် မနည်းစေရမည် အပြင် လက်ရန်းတိုင်များအကြား သို့မဟုတ် အလားတူအပေါက်သည် ၄ လက်မ ထက် မများစေရပါ။

(စ) ကျောင်းများရှိ လှေကားများ၊ လသာဆောင်၊ လေသာဆောင်များ၊ ပြင်ညီအမိုးနှင့် အလားတူများတို့၏ အသားတင်လက်ရန်းအမြင့်သည် ကြမ်းပြင်အဆုံးမှစ၍ လက်ရန်း ထိပ်သို့ တိုင်းတာထားသော အတိုင်းအတာတွင် ၃ ပေ ၆ လက်မ ထက် မနည်းစေရ မည့်အပြင်တက်နိုင်သော ခြေတိုးပေါက်ရှိလျှင် ၎င်းခြေတိုးပေါက်၏ အမြင့်သည် ကြမ်းခင်းမှ ၄ လက်မထက် မများစေရပါ။ လက်ရန်းတိုင်များအကြား သို့မဟုတ် လက်ရန်းများအောက်ရှိ အပေါက်များသည် ၄ လက်မထက် မများစေရပါ။

(ဆ) လှေကားထစ် ၁၆ ထစ်ထက်ပိုသော လှေကားများအားလုံး၏ အလယ်တွင် တစ်ထောက်နားရန်နေရာ (landing) ရှိရမည့်အပြင် ၎င်း၏အကျယ်သည် သက်ဆိုင် ရာ လှေကားအကျယ်နှင့်အညီ ထားရှိရမည်ဖြစ်ပြီး အနည်းဆုံး ၃ ပေ ရှိသင့်သည်။

### ၂.၅.၇.၄ ဆင်ခြေလျှောလမ်းများ

ဆင်ခြေလျှောလမ်း၏ဒီဇိုင်းသည် အောက်ပါအချက်များအတိုင်းကိုက်ညီမှုရှိရမည်။

(က) ဘီးတပ်ကုလားထိုင်အသုံးပြုသော မသန်စွမ်းသူများအတွက် ရည်ရွယ်သော ဆင်ခြေ လျှောလမ်းများတွင်ဆင်ခြေလျှောမှာ ၁၀% အောက်ရှိရမည်။

(အတက်: သွားလမ်းအချိုး ၁:၁၀)

(ခ) အလေးချိန် ၂ တန်အောက် ဝန်ပေါ့ပါးသော မော်တော်ကားများအတွက် ရည်ရွယ် သော ဆင်ခြေလျှောလမ်းများတွင် ဆင်ခြေလျှောမှာ ၁၆% အောက်ရှိရမည်။ (အတက်: သွားလမ်းအချိုး ၁: ၆.၂၅)

(ဂ) ၅ တန်အောက် အလယ်အလတ်လေးလံသော ကားများအတွက် ရည်ရွယ်သော ဆင်ခြေလျှောလမ်းများတွင် ဆင်ခြေလျှောမှာ ၁၄% အောက်ရှိရမည်။

(အတက်: သွားလမ်းအချိုး ၁: ၇.၂)

(ဃ) အဆောက်အအုံများအတွင်းသို့ ဝင်သောအပေါက်တွင်ရှိသည့်အလေးချိန် ၂ တန်အောက် ဝန်ပေါ့ပါးသော မော်တော်ကားများအတွက် ရည်ရွယ်သော ဆင်ခြေလျှောလမ်း၏ ယာဉ်အမိုးနှင့် ကင်းလွတ်အမြင့်သည် ၇ ပေထက် မနိမ့်စေရမည့်အပြင် ၅တန်ထက်နည်းသော အလေးချိန်ရှိသည့်ယာဉ်များ၏ ဝင်ပေါက်အတွက် ရည်ရွယ်သော ဆင်ခြေလျှောလမ်း၏ ယာဉ်အမိုးနှင့် ကင်းလွတ်အမြင့်သည် ၉ ပေ ထက် မနည်းစေရပါ။




Figure 2.5.2 Schematic figure showing gradient of ramps (rise: run ratio)

## ၂.၅.၈ အဆောက်အဦအတွင်းရှိ စက်မှုနည်းပညာဖြင့်ပြုလုပ်ထားသည့် အထက်နှင့် အောက် သယ်ယူပို့ဆောင်ရေး

### ၂.၅.၈.၁ ဓါတ်လှေကားများ၊ စက်လှေကားများ

(က) လူနေထိုင်ရာ အဆောက်အအုံများတွင် မြေညီထပ်ကြမ်းခင်းမှ လူအများသွားလာနေထိုင်သည့် အမြင့်ဆုံးသောအထပ် ကြမ်းခင်းအထိ ပေ ၅၀ ထက် ပိုမိုပါက လုံလောက်သော ဓါတ်လှေကားများ တပ်ဆင်ထားရမည်။

(ခ) ရုံးအဆောက်အအုံများအားလုံးတွင် အထပ် ၄ ထပ်ထက်ပိုသော မြေညီထပ်မှ အပေါ်ဆုံးထပ်ထိ ပေ ၄၀ အထက်မြင့်ပါက လုံလောက်သော အရေအတွက်ဖြင့် ဓါတ်လှေကားများ တပ်ဆင်ရမည်။

(ဂ) အများပြည်သူနှင့် သက်ဆိုင်သောဘဏ်များ၊ ဈေးဝယ်စင်တာများ၊ ဆေးရုံများတွင် အထပ်သုံးထပ်ထက်ပိုသော၊ မြေညီထပ်မှအပေါ်ဆုံးထပ်ထိ ပေ ၃၀ အထက်မြင့်ပါက လုံလောက်သော အရေအတွက်အတိုင်းအတာဖြင့် ဓါတ်လှေကားများ သို့မဟုတ် အလားတူလိုအပ်သော အထောက်အပံ့ပစ္စည်းများကိုတပ်ရမည်။

(ဃ) စတုရန်းပေ ၅၀၀၀ ထက် ပိုမိုသောဈေးဝယ်စင်တာများတွင် အထပ် ၃ ထပ် ထက်ပိုပါက လုံလောက်သောအရေအတွက် အတိုင်းအတာဖြင့် စက်မှုနည်းပညာဖြင့်ပြုလုပ်ထားသည့် အထက်အောက် သယ်ယူပို့ဆောင်ပေးသော ဓါတ်လှေကားများ၊ စက်လှေကားများကဲ့သို့သော စက်များကို တပ်ဆင်ရမည်။

(င) စက်မှုနည်းပညာဖြင့်ပြုလုပ်ထားသည့် အထက်နှင့်အောက် သယ်ယူပို့ဆောင်ပေးသော ဓါတ်လှေကားများ၊ စက်လှေကားများကို တပ်ဆင်ထားသည့်နေရာများတွင် စည်းမျဉ်းစည်းကမ်းများနှင့်အညီ သတ်မှတ်ထားသည့် သာမန်လှေကားများသည်လည်း လိုအပ်ပါသည်။

(စ) ဓါတ်လှေကားများ၏ အထက်နှင့်အောက် သယ်ယူပို့ဆောင်ပေးနိုင်သည့် ခံနိုင်ရည်၊ အရွယ်အစားနှင့် အရေအတွက်တို့သည် သက်ဆိုင်ရာနယ်ပယ်ရှိ အရည်အချင်းပြည့်မီသည့် အင်ဂျင်နီယာက တွက်ချက်ထားသော စံနှုန်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

## ၂.၅.၉ လူအများအသုံးချနေထိုင်ခြင်းမရှိသည့်နေရာများသို့ ဝင်ထွက်နိုင်သည့် ဝင်လမ်း

### ၂.၅.၉.၁ တွားသွားနိုင်သည့် နေရာများ

တွားသွားနိုင်သည့်နေရာများတွင် ၁၈ လက်မမှ ၂၄လက်မ ထက်မနည်းသော ဝင်ပေါက်အနည်းဆုံး တစ်ပေါက်ရှိရမည်။ (၄၅၇ မီလီမီတာ မှ ၆၁၀ မီလီမီတာ)

### ၂.၅.၉.၂ အမိုးအောက် ထပ်ခိုးနေရာများ

၃၀ လက်မ အထက်အမြင့်ရှိသော အမိုးအောက်ထပ်ခိုးနေရာတစ်ခုခုတွင် ၂၀ လက်မမှ ၃၀ လက်မ (၅၅၉ မီလီမီတာမှ ၇၆၂ မီလီမီတာ) ထက်မနည်းသော အပေါက်တစ်ပေါက် ထားရှိရမည်။

အမိုးအောက်ထပ်ခိုးနေရာရှိ ကင်းလွတ်အမြင့်သည် ဝင်ထွက်နိုင်သောအပေါက်၏ အထက် သို့မဟုတ် ယင်းအပေါက်သည် အနည်းဆုံး လက်မ ၃၀ ထားရှိရမည်။

## ၂.၅.၁၀ ပတ်ဝန်းကျင်ရှိ အရာဝတ္ထုပစ္စည်းများ

### ၂.၅.၁၀.၁ ကြမ်းပြင်

နေအိမ်များတွင် အိမ်သာနှင့်ရေချိုးခန်းတို့၏ ကြမ်းပြင်သည် နံရံပေါ်သို့ အနည်းဆုံး အမြင့် (၆)လက်မ (၁၅၂ မီလီမီတာ) အစွန်းထွက်သော ချောမွေ့ပြေပြစ်ကာမာကျော၍ ရေစုပ်ယူနိုင်ခြင်းမရှိသည့် မျက်နှာပြင်ရှိရမည်။

### ၂.၅.၁၀.၂ နံရံများ

၂ ပေ (၆၁၀ မီလီမီတာ) အမြင့်ရှိ ဆီးသွားခန်းနှင့် ရေအိမ်များတွင် နံရံများသည် ကြမ်းပြင်မှအထက်သို့ ၄ ပေ (၁၂၁၉ မီလီ မီတာ) အထိ ချောမွေ့ပြေပြစ်ကာ မာကျော၍ ရေစုပ်ယူနိုင်ခြင်းမရှိသည့် မျက်နှာပြင်ရှိရမည့်အပြင် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အစိတ်အပိုင်းများမှလွဲ၍ အဆိုပါနံရံတွင်အသုံးပြုသော ပစ္စည်းများသည် ရေအစိုဓါတ်မှ ဆိုးဆိုးရွားရွား သက်ရောက်မှုမရှိသော အမျိုးအစားဖြစ်ရမည်။

**ခြွင်းချက်**: ရေအိမ်တစ်ခုထက်မပိုသော အများပြည်သူအသုံးပြုရန်မဟုတ်သော နေအိမ်များ၊ အိပ်ခန်းနှင့် အိမ်သာအခန်းနံရံအတွင်း တပ်ဆင်ထားသော ပစ္စည်းများဖြစ်သည့် လက်ကိုင်တန်းများ၊ မျက်နှာသုတ်ပုဝါတင်သည့်တန်း၊ စက္ကူထုတ်စက်နှင့် ဆပ်ပြာခွက်တို့ကို ရေအစိုဓါတ်မှကာကွယ်၍ တပ်ဆင်ရမည်။

### ၂.၅.၁၀.၃ ရေချိုးခန်းများ

ရေပန်းတပ်ဆင်ထားသည့် ရေချိုးခန်းနှင့် ရေချိုးကန် အထက်နံရံသည် ရေဆင်းရာအထက် လက်မ ၇၀ (၁၇၇၈ မီလီမီတာ) ထက်မနည်းသောအမြင့်ရှိသည့် ချောမွေ့ပြေပြစ်ကာ ရေစုပ်ယူနိုင်ခြင်းမရှိသည့် မျက်နှာပြင်ရှိရမည်။

## ၂.၆ လွတ်မြောက်ရေးဆိုင်ရာ နည်းလမ်းများ

### ၂.၆.၁ လွတ်မြောက်ရေးဆိုင်ရာ နည်းလမ်းများစနစ် (ထွက်ပေါက်စနစ်)

အဆောက်အဦသို့မဟုတ်လူနေထိုင်ရာမည်သည့်အပိုင်းများ၌မဆို လွတ်မြောက်ရေးဆိုင်ရာနည်းလမ်းများစနစ်(ထွက်ပေါက်စနစ်) များပါဝင်ရမည်။ ထွက်ပေါက်လမ်း၊ ထွက်ပေါက်နှင့် နောက်ဆုံးထွက်ပေါက်တို့သည် ဤအခန်းပါပြဋ္ဌာန်းချက်များနှင့် အညီဖြစ်ရမည်။ ဤလမ်းညွှန်ချက်မှ ကင်းလွတ်ခွင့်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း စီမံခန့်ခွဲမှုအစီအစဉ်၏ သဘောတူညီမှုဖြင့် အခြားအသုံးပြုရန်အတွက် လိုက်လျောညီထွေပြင်ဆင်ထားသည့် မှတ်တမ်းဝင်ထိန်းသိမ်းထားသော အဆောက်အအုံများဖြစ်လျှင် ခွင့်ပြုမည်။ ဤကိစ္စတွင် စီမံကိန်းရေးဆွဲသည့်အာဏာပိုင်အဖွဲ့အစည်းတို့၏ သဘောတူညီချက်ဖြင့် အန္တရာယ်ကင်းသည့်လွတ်မြောက်ရာနည်းလမ်းအတွက် ပြဋ္ဌာန်းမှုများ ပြုလုပ်ရမည်။

ဤအခန်းပါပြဋ္ဌာန်းချက်များအပြင် အသေးစိတ်လိုအပ်ချက်များအတွက် မီးသတ်ဦးစီးဌာန၏ စည်းမျဉ်းများကို လိုက်နာရမည်။

## ၂.၆.၂ လွတ်မြောက်ရေးဆိုင်ရာလမ်းကြောင်း(ထွက်ပေါက်)အတွက်အထွေထွေလိုအပ်ချက်များ

### ၂.၆.၂.၁ မျက်နှာကြက်အမြင့်

ထွက်ပေါက်လမ်းကြောင်းများ၏ မျက်နှာကြက်အမြင့်သည် ၇ ပေ ၆ လက်မ (2286 mm) ထက် မနည်းရပါ။

### ၂.၆.၂.၂ အစွန်းထွက်နေသည့် အရာဝတ္ထုများ

မျက်နှာကြက်အောက်ဘက်သို့ အစွန်းထွက်နေသည့် အရာဝတ္ထုများသည် ထွက်ပေါက်လမ်းကြောင်းရှိ မျက်နှာကြက်ဧရိယာ၏ ၂၅ ရာခိုင်နှုန်းထက်မပိုရဘဲ အနည်းဆုံး အသားတင် အမြင့် ၈၀ လက်မ ရှိရမည်။

**ခြွင်းချက်** - အလိုအလျောက်တံခါးပိတ်သည့်ကိရိယာနှင့် အတားများသည် အမြင့် ၇၈ လက်မ ထက်နည်းသော နေရာတွင်မရှိရပါ။

အမြင့် ၂၇ လက်မမှ ၈၀ လက်မကြား မည်သည့်လျှောက်လမ်းတွင်ဖြစ်စေ ဘေးတစ်ဘက်တစ်ချက်မှ မည်သည့်အလျားလိုက် အစွန်းထွက်မှုများမဆို ၄ လက်မထက် မပိုရ။

မည်သည့်အလျားလိုက် အစွန်းထွက်မှုများမဆို ဝင်ထွက်ခွင့်ရှိသော လမ်းကြောင်းများ၏ အနည်းဆုံး အသားတင်အကျယ်အောက် မနည်းရပါ။

### ၂.၆.၂.၃ ကြမ်းခင်းမျက်နှာပြင်

လွတ်မြောက်ရေးဆိုင်ရာလမ်းကြောင်း(ထွက်ပေါက်)၏ ကြမ်းခင်းမျက်နှာပြင်သည် ချော်လဲမှုမရှိနိုင်သော မျက်နှာပြင်ဖြစ်ရမည်။

### ၂.၆.၂.၄ ကြမ်းခင်းအနိမ့်အမြင့် ပြောင်းလဲမှုများ

ကြမ်းခင်းမျက်နှာပြင် ပြောင်းလဲမှုသည် ၁၂ လက်မထက် နည်းပါက ဆင်ခြေလျှော အား ၅ ရာခိုင်နှုန်းထက်မပိုရသော ဆင်ခြေလျှောကိုသုံးရမည်။ မသန်စွမ်းများအတွက် ချဉ်းကပ်နည်းလမ်းများ အခန်း ၂.၇ အရ လိုက်နာရန် မလိုအပ်သောနေရာများတွင် အနည်းဆုံး ခြေကျော် ၂ ထစ် ရှိရမည်။

### ၂.၆.၂.၅ လွတ်မြောက်ရေးဆိုင်ရာလမ်းကြောင်း (ထွက်ပေါက်) တဆက်တည်းဖြစ်မှု

လွတ်မြောက်ရေးဆိုင်ရာလမ်းကြောင်း (ထွက်ပေါက်) တစ်လျှောက် နံရံများ၊ ပရိဘောဂများ၊ ယာဉ်များအစရှိသည့် မည်သည့်အဆောက်အအုံအစိတ်အပိုင်းနှင့်မျှ ပိတ်ဆို့တားဆီးခြင်းမရှိရပါ။

### ၂.၆.၂.၆ ဓါတ်လှေကား၊ စက်လှေကား၊ ရွေ့လျားလျှောက်လမ်း

လိုအပ်သော လွတ်မြောက်ရေးဆိုင်ရာလမ်းကြောင်းစနစ် (ထွက်ပေါက်စနစ်)တွင် ဓါတ်လှေကား၊ စက်လှေကား၊ ရွေ့လျားလျှောက်လမ်းတို့ကို အသုံးမပြုရပါ။

## ၂.၆.၃ နေထိုင်/အသုံးပြုသူဦးရေ

နေထိုင်/အသုံးပြုသူဦးရေ အရေအတွက်ကို ဇယား ၂.၆.၁ တွင် ပြဋ္ဌာန်းသတ်မှတ်ထားသကဲ့သို့ ဇယားပါ ဧရိယာယူနစ်တစ်ခုတွင် တစ်ယောက်နှုန်းအနေဖြင့် တွက်ချက်ရမည်။

**ဇယား ၂.၆.၁ နေထိုင်/အသုံးပြုသူတစ်ယောက်လျှင် အများဆုံးကြမ်းပြင်ဧရိယာခွင့်ပြုချက်များ**

| **အသုံးချနေရာ** | **တစ်စတုရန်းပေရှိ လူတစ်ယောက်စာ ကြမ်းပြင်ဧရိယာ** |
|---|---|
| အသုံးအဆောင်ပစ္စည်းသိုလှောင်ဧရိယာ၊ စက်မှုဆိုင်ရာ၊ ပစ္စည်းကိရိယာအခန်း | 300 gross |
| စိုက်ပျိုးရေးဆိုင်ရာ အဆောက်အအုံ | 300 gross |
| လေယာဉ်ရုံများ | 500 gross |
| လေဆိပ်<br>အထုပ်အပိုးရယူသောနေရာ<br>အထုပ်အပိုး သယ်ဆောင်စီမံခန့်ခွဲရာနေရာ<br>လူအများဝင်ထွက်သွားလာ စုဝေးရာနေရာ<br>စောင့်ဆိုင်းရာဧရိယာ | <br>20 gross<br>300 gross<br>100 gross<br>15 gross |
| လူအများစုဝေးခန်း၊ ကစားကွင်းကြမ်းပြင် (keno, slots, etc.) | 11 gross |

| **အသုံးချနေရာ** | **တစ်စတုရန်းပေရှိ လူတစ်ယောက်စာ ကြမ်းပြင်ဧရိယာ** |
|---|---|
| အသေတပ်ဆင်ထားသောထိုင်ခုံများပါဝင်သော လူအများစုဝေးခန်း | no. of seats + wheel chair space |
| အသေတပ်ဆင်ထားသောထိုင်ခုံများမပါဝင်သော လူအများစုဝေးခန်း ကုလားထိုင်များသာပါဝင်သောအခင်းအကျင်း (အသေတပ်ဆင်မထား)<br>မတ်တပ်ရပ်ရန် အခင်းအကျင်း<br>ကုလားထိုင်များနှင့် စားပွဲများပါဝင်သောအခင်းအကျင်း | 7 net<br>5 net<br>15 net |
| ၁၅ ပေ ပြေးလမ်းနှင့် ထပ်တိုးဧရိယာများအပါအဝင် လိုင်းတစ်ခုစီ၌ လူငါးယောက်ခွင့်ပြုသော ဘိုးလင်းစင်တာများ (Bowling centers) | 7 net |
| စီးပွားရေးလုပ်ငန်းဧရိယာများ | 100 gross |
| တရားခွင်များ - အသေတပ်ဆင်ထားသောထိုင်ခုံဧရိယာများမှလွဲ၍ | 40 net |
| နေ့ပိုင်းစောင့်ရှောက်ရေးစင်တာ | 35 net |
| အိပ်ဆောင်များ | 50 gross |
| ပညာရေးဆိုင်ရာစာသင်ခန်းများဧရိယာ<br>စျေးဆိုင်များနှင့် အခြားအသက်မွေးဝမ်းကြောင်းမှုဆိုင်ရာ အခန်းဧရိယာများ | 20 net<br>50 net |
| လေ့ကျင့်ခန်းပြုလုပ်သည့်အခန်းများ | 50 gross |
| H-5 ပစ္စည်းထုတ်လုပ်မှုဧရိယာများ | 200 gross |

| **အသုံးချနေရာ** | **တစ်စတုရန်းပေရှိ လူတစ်ယောက်စာ ကြမ်းပြင်ဧရိယာ** |
|---|---|
| စက်မှုလုပ်ငန်းဆိုင်ရာဧရိယာများ | 100 gross |
| အဖွဲ့အစည်း၊ အသင်း၊ တက္ကသိုလ်၊ ဆေးရုံစသည့် ဧရိယာများ (Institutional areas)<br>အတွင်းလူနာကုသဧရိယာများ<br>ပြင်ပလူနာဧရိယာများ<br>အိပ်ခန်းဧရိယာများ | <br><br>240 gross<br>100 gross<br>120 gross |
| စီးပွားရေးလုပ်ငန်းသုံး မီးဖိုခန်းများ | 200 gross |
| စာကြည့်တိုက် စာဖတ်ခန်းများ | 50 net |
| စာအုပ်စင်ထားရှိသည့် အခန်း/ဧရိယာ<br>ပစ္စည်းသိမ်းရန် ဘီဒို/အံဆွဲထားရှိသော အခန်းများ | 100 gross<br>50 gross |
| ကုန်သွယ်မှုဆိုင်ရာအခြားအထပ်များရှိဧရိယာများ<br>မြေအောက်ထပ်နှင့် မြေညီကြမ်းခင်းဧရိယာ | 60 gross<br>30 gross |
| သိုလှောင်ခန်း၊ ရောင်းချရန်ကုန်သိုလှောင်နေရာ၊ သင်္ဘောကုန်စည်ပို့ဆောင်ဧရိယာများ | 300 gross |
| ကားရပ်နားရန်ဂိုဒေါင်များ | 200 gross |
| လူနေထိုင်ရာနေရာ | 200 gross |
| စကိတ်ကွင်းများ၊ ရေကူးကန်များ၊ ကစားကွင်းနှင့်ရေကူးကန်<br>ဘေးဖက်အခင်းများ (Decks) | 50 gross<br>15 net |

| **အသုံးချနေရာ** | **တစ်စတုရန်းပေရှိ လူတစ်ယောက်စာ ကြမ်းပြင်ဧရိယာ** |
|---|---|
| စတိတ်စင်များနှင့် ပလက်ဖောင်းများ | 15 gross |
| ကုန်လှောင်ရုံ (ဂိုထောင်များ) | 500 gross |

မှတ်ချက်။ ။ အထက်ပါဇယားတွင်မပါဝင်သော အသုံးချနေရာများအတွက် လူတစ်ဦးလျှင် ၁၀၀ gross ဖြင့် တွက်ချက်ရမည်။

gross = အဆောက်အအုံတစ်ခု၏ စုစုပေါင်းကြမ်းခင်းဧရိယာဆိုသည်မှာ အဆောက်အဦတွင် ဒေါင်လိုက်အပေါက်(Shafts)၊ ပိုက်များ(Ducts)၊ ဓါတ်လှေကားအိမ်အစရှိသည်တို့မပါဝင်ဘဲ လှေကားများ၊ လျှောက်လမ်းစသည့် လုည့်ပတ်နေထိုင်မှု အပါအဝင် ပြင်ပနံရံအထူ၏ အလယ်ဗဟိုကို အခြေပြုတွက်ချက်ထားသည့် စုစုပေါင်းကြမ်းခင်း ဧရိယာကို ဆိုလိုသည်။

net = အခန်းတစ်ခန်း သို့မဟုတ် ယူနစ်တစ်ခု၏ အသားတင်ကြမ်းခင်းဧရိယာဆိုသည်မှာ သက်ဆိုင်ရာအခန်း သို့မဟုတ် ယူနစ်နံရံအထူ၏ အလယ်ဗဟိုကို အခြေပြုတွက်ချက်ထားသည့် ကြမ်းခင်းဧရိယာများကို ဆိုလိုသည်။

## ၂.၆.၃.၁ နေထိုင်အသုံးပြုမှု

အဆောက်အအုံကို တစ်ချိန်တည်းမှာပင် ကွဲပြားခြားနားသော လူနေထိုင်မှု အမျိုးအစား သို့မဟုတ် ရည်ရွယ်ချက်အမျိုးမျိုးအတွက် ဒီဇိုင်းထုတ်ထားသောနေရာတွင် ထွက်ပေါက် လိုအပ်ချက်များသည် အဆောက်အအုံအစိတ်အပိုင်းတစ်ခုစီနှင့် သက်ဆိုင်ရာ အပိုင်းအသီးသီး၏ လုပ်ငန်းဆောင်တာတစ်ခုစီတို့၏ ပို၍တိကျသော လိုအပ်ချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်။

## ၂.၆.၃.၂ အမျိုးမျိုးသော လူနေထိုင်မှု သို့မဟုတ်အသုံးချမှု

အဆောက်အအုံတစ်ခုကို မတူညီသောအချိန်များ၌ ဆောင်ရွက်သည့် အမျိုးမျိုးသော အသုံးပြုမှုများအတွက် ရည်ရွယ်ဒီဇိုင်းထုတ်ထားသည့်နေရာတွင် လွတ်မြောက်ရာလမ်းကြောင်း လိုအပ်ချက်များကို သတ်မှတ်ရာတွင် လိုအပ်သောအများဆုံး နေထိုင်အသုံးပြုသူအရေအတွက်ပေါ်မူတည်၍ စဉ်းစားဆုံးဖြတ်ရမည်။

### ၂.၆.၃.၃ လွတ်မြောက်ရေးဆိုင်ရာလမ်းကြောင်း (ထွက်ပေါက်) များ ဆုံတွေ့ခြင်း

ကြားအဆင့်နှင့်ကပ်လျက်ရှိသော အပေါ်ထပ်နှင့် အောက်ထပ်တို့၏ လွတ်မြောက်ရေးဆိုင်ရာ လမ်းကြောင်း (ထွက်ပေါက်)များသည် အဆိုပါကြားအဆင့် တစ်နေရာတွင် ဆုံတွေ့ခဲ့လျှင် လွတ်မြောက်ရာလမ်းကြောင်း(ထွက်ပေါက်)၏ လိုအပ်ချက်ပမာဏသည် အထပ်နှစ်ခုပေါင်းထက် မလျော့နည်းစေရပါ။

### ၂.၆.၃.၄ အသေတပ်ဆင်ထားသောထိုင်ခုံများ

အသေတပ်ဆင်ထားသောထိုင်ခုံများနှင့် အလယ်လျှောက်လမ်းရှိသော ဧရိယာများအတွက် နေထိုင်အသုံးပြုသူ အရေအတွက်ကို အသေတပ်ဆင်ထားသော ထိုင်ခုံအရေအတွက် ဖြင့်တွက်ချက်ရမည်။ ထိုင်ခုံအသေတပ်ဆင်ထားခြင်း မရှိသောနေရာများ (ဥပမာ- စောင့်ဆိုင်းရန်နေရာနှင့် ဘီးတပ်ကုလားထိုင်နေရာများ) အတွက် နေထိုင်အသုံးပြုသူအရေအတွက်ကို ဇယား ၂.၆.၁ အရတွက်ချက်ပြီး အသေတပ်ဆင်ထားသော ထိုင်ခုံအရေအတွက်ကို ထပ်ပေါင်းထည့်ရမည်။

## ၂.၆.၄ ထွက်ပေါက်လမ်း

ထွက်ပေါက်လမ်းတစ်ခုသည် ထွက်လမ်းကို အတားအဆီးဖြစ်စေမည့် သော့ခတ်နိုင်သောအခန်းကို ဖြတ်မသွားစေရ။ အိမ်တစ်လုံး သို့မဟုတ် နေအိမ် အခန်းယူနစ်တစ်ခုမှ လွတ်မြောက်ရာလမ်းကြောင်းသည် အခြားအိပ်ခန်းနေရာ သို့မဟုတ် အိမ်သာ နေရာများသို့ ဖြတ်သန်းသွားခြင်းမျိုး မဖြစ်စေရ။

## ၂.၆.၅ ထွက်ပေါက်နှင့် ထွက်ပေါက်လမ်းကြောင်းတံခါးများ

နေထိုင်အသုံးပြုသူဦးရေသည် ဇယား ၂.၆.၂ တွင် သတ်မှတ်ထားသော ဦးရေထက် ကျော်လွန်ပါက ထွက်ပေါက် သို့မဟုတ် ထွက်ပေါက်လမ်းကြောင်း တံခါးအရေအတွက် အနည်းဆုံး (၂)ခု ထားရှိပေးရမည်။

**ဇယား ၂.၆.၂ ထွက်ပေါက်တစ်ပေါက် သို့မဟုတ် ထွက်ပေါက်လမ်းကြောင်းတံခါးများတစ်ခုသာ ထားရှိရန်လိုအပ်သော နေရာများ**

| လူနေထိုင်မှုအမျိုးအစား | နေထိုင်အသုံးပြုသူဦးရေ |
|---|---|
| A, B, E(a), F, M, U | ၄၉ |
| H-l, H-2, H-3 | ၃ |
| H-4, H-5, I-1, I-3, I-4, R | ၁၀ |
| S | ၂၉ |

(က) နေ့ပိုင်းစောင့်ရှောက်ရေးနေရာအတွက် အများဆုံးနေထိုင်အသုံးပြုသူဦးရေသည် ၁၀ ဦး ဖြစ်ရမည်။ ထွက်ပေါက်အရေအတွက်သည် အောက်ပါဇယားနှင့်ကိုက်ညီရမည်။

**ဇယား ၂.၆.၃ နေထိုင်/အသုံးပြုသူဦးရေအလိုက် အနည်းဆုံးရှိရမည့်ထွက်ပေါက်**

| နေထိုင်အသုံးပြုသူဦးရေ | တံခါးအရေအတွက် (အနည်းဆုံး) | လျှောက်လမ်းအကျယ် (အနည်းဆုံး) |
|---|---|---|
| ၅၁ - ၂၀၀ | ၂ | ၁၀၀၀ မီလီမီတာ |
| ၂၀၁ - ၅၀၀ | ၂ | ၁၂၅၀ မီလီမီတာ |
| ၅၀၁ - ၁၀၀၀ | ၃ | ၁၂၅၀ မီလီမီတာ |
| ၁၀၀၀ အထက် | ၄ | ၁၂၅၀ မီလီမီတာ |

ထွက်ပေါက်တံခါးနှစ်ပေါက် သို့မဟုတ် ထွက်ပေါက်လမ်းကြောင်း တံခါးနှစ်ခုလိုအပ်သည့် အခါတိုင်းတွင် ထွက်ပေါက်နှစ်ခု၏ ကြားအကွာအဝေးသည် အဆိုပါအခန်းရှိ အဝေးဆုံးအမှတ် နှစ်ခုကြား အကွာအဝေး၏ တစ်ဝက် သို့မဟုတ် တစ်ဝက်ထက်ကျော်လွန်ရမည်။ ထို ထွက်ပေါက်နှစ်ခုမှ လက်ခံနိုင်သော လူဦးရေသည် အညီအမျှဖြစ်ရမည်။

## ၂.၆.၆ အထပ်အလိုက် ထွက်ပေါက်လှေကား သို့မဟုတ် ထွက်ပေါက် အရေအတွက်

ဤအခန်း၏ အခြားလမ်းညွှန်ချက်များ၌ အခြားနည်းဖြင့် ခွင့်ပြုမထားခဲ့လျှင် အဆောက်အအုံတစ်ခု၏ မြေအောက်ထပ်အပါအဝင် အခြားထွက်ပေါက်များအတွက် အနည်းဆုံးသီးခြားထွက်ပေါက်လှေကား (၂) ခု ထားရှိရမည်။

### ၂.၆.၆.၁ R1 and R2 မှလွဲ၍ ကျန်အဆောက်အအုံများအားလုံး

အကယ်၍ အောက်ပါဇယားနှင့် ကိုက်ညီခဲ့လျှင် ထွက်ပေါက်တစ်ပေါက်သာ လိုအပ်မည်။

**ဇယား ၂.၆.၄ ထွက်ပေါက်လှေကား သို့မဟုတ် အထပ်အလိုက်ထွက်ပေါက် အရေအတွက်များ**

| အထပ် | နေထိုင်အသုံးပြုသူ | အထပ်လိုက်အများဆုံးနေထိုင်အသုံးပြုသူနှင့် ခရီးအကွာအဝေး |
|---|---|---|
| ပထမထပ် သို့မဟုတ် မြေအောက်ထပ် | A, B(b), E(a), F(b), M, U, S(b) | နေထိုင်အသုံးပြုသူ ၄၉ ဦးနှင့် ခရီးအကွာအဝေး ၅၀ ပေ |
| | H-2, H-3 | နေထိုင်အသုံးပြုသူ ၃ ဦးနှင့် ခရီးအကွာအဝေး ၂၅ ပေ |
| | H-4, H-5, I | နေထိုင်အသုံးပြုသူ ၁၀ ဦးနှင့် ခရီးအကွာအဝေး ၅၀ ပေ |
| | S | နေထိုင်အသုံးပြုသူ ၂၉ ဦးနှင့် ခရီးအကွာအဝေး ၅၀ ပေ |
| ဒုတိယထပ် | B, F, M, | နေထိုင်အသုံးပြုသူ ၂၉ ဦးနှင့် ခရီးအကွာအဝေး ၅၀ ပေ |

(က) နေ့ပိုင်းစောင့်ရှောက်ရေး အသုံးပြုမှုများတွင် အများဆုံးနေထိုင်အသုံးပြုသူဦးရေ ၁၀ ဦး ခွင့်ပြုသည်။

( ခ ) အလိုလျှောက်ရေဖြန်းစနစ် တပ်ဆင်ထားသော အဆောက်အဦရှိ အုပ်စု B, F နှင့် S တို့အတွက် အများဆုံး ခရီးအကွာအဝေး ကို ၁၀၀ ပေ အထိထားရှိနိုင်သည်။

## ၂.၆.၆.၂ လူနေထိုင်ရာအဆောက်အအုံ အုပ်စု R1 and R2

အဆောက်အအုံတစ်ခုအတွက် လွတ်မြောက်ရေးနည်းလမ်းသည် အပိုဒ် ၂.၆.၉ ထွက်ပေါက်လှေကားများနှင့် အပိုဒ် ၂.၆.၁၀ နောက်ဆုံးလွတ်မြောက်ရာ ထွက်ပေါက်တို့၏ စည်းမျဉ်းများနှင့် ကိုက်ညီရမည်။ လူနေတိုက်ခန်းတွဲတစ်ခုတွင်ဖြစ်စေ၊ သီးခြားဝင်ပေါက်ရှိသော လူနေတိုက်ခန်းတွဲ တစ်ခုတွင်ဖြစ်စေ အခြားခွင့်ပြုမှုများမရှိပါက တစ်ခုနှင့်တစ်ခု မှီခိုမှုမရှိသော လှေကားအနည်းဆုံးနှစ်ခု သို့မဟုတ် အခြားထွက်ပေါက်နှစ်ခုကို အထပ်တိုင်းတွင် ထားရှိရမည်။

**၂.၆.၆.၂.၁** ကြမ်းပြင်အမြင့် (၇၉ပေ) ၂၄ မီတာ ထက်မပိုသော လူနေတိုက်ခန်းတွဲ တစ်ခုတွင်ဖြစ်စေ၊ သီးခြားဝင်ပေါက်ရှိသော လူနေတိုက်ခန်းတွဲတစ်ခုတွင်ဖြစ်စေ မြေပြင်မှ အထက်ရှိ အထပ်တိုင်းအတွက် ထွက်ပေါက်လှေကားတစ်ခုတည်းထားရှိခြင်းကို အောက်ပါ အချက်များနှင့် ကိုက်ညီမှသာခွင့်ပြုသည်။

(က) ထွက်ပေါက်လှေကားသည် သဘာဝလေဝင်လေထွက်ရှိပြီး မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာစံချိန်စံညွှန်းသတ်မှတ်ချက်များ (၂၀၂၀) လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီရမည်။

(ခ) လူနေတိုက်ခန်းတွဲ တစ်ခုတွင်ဖြစ်စေ၊ သီးခြားဝင်ပေါက်ရှိသော လူနေတိုက်ခန်းတွဲ တစ်ခုတွင်ဖြစ်စေ ထွက်ပေါက်များထားရှိပေးမှုသည် လူနေအိမ်ယူနစ်များအတွက် ထွက်ပေါက်သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည်။

(ဂ) ထွက်ပေါက်လှေကားသို့ သွားရောက်ရာတွင် မီးခိုးကင်းမဲ့ချဉ်းကပ်လမ်း သို့မဟုတ် အပြင်လျှောက်လမ်း သို့မဟုတ် အတားအဆီးမဲ့ လေဝင်လေထွက်ရှိသော နေရာစသည်တို့မှတဆင့် ဖြတ်သန်းရမည်။ ၎င်းလျှောက်လမ်းကို ပေးသော အတားအဆီးမဲ့ လေဝင်လေထွက်ပေါက်များသည် လျှောက်လမ်း၏ မျက်နှာချင်းဆိုင်နံရံများတွင် ရှိပြီး ရင်တားနံရံ သို့မဟုတ် လက်ရန်းမှအနည်းဆုံး အကျယ် ၂၀၀၀ မီလီမီတာ(၆ ပေ ၆ လက်မ)၊ အမြင့် ၁၂၀၀ မီလီမီတာ (၄ ပေ) ဖြင့် အတားအဆီးမရှိသော အနေအထား ရှိရမည်။ လျှောက်လမ်း၏ မျက်နှာချင်းဆိုင်နံရံများတွင် လေဝင်လေထွက်ပေါက် အများအပြားရှိလျှင် အပေါက်တစ်ခုစီ၏ အနည်းဆုံးအကျယ်နှင့် အမြင့်မှာ ၁၀၀၀ မီလီမီတာ (၃ ပေ ၄ လက်မ) နှင့် ၁၂၀၀ မီလီမီတာ (၄ ပေ) အသီးသီးအောက် မနည်းစေရ။ မျက်နှာချင်းဆိုင်တဖက်စီတွင် အပေါက်များ၏ စုစုပေါင်းအကျယ်မှာ ၂၀၀၀ မီလီမီတာ (၆ ပေ ၆ လက်မ) အောက် မနည်းစေရပါ။ လေးထပ်အဆောက်အအုံ

အတွက် ချန်လှပ်ထားရမည့် မြေကျန်သည် ၄ ပေ ရှိရမည်။ အထပ်တစ်ထပ်တိုးတိုင်း အတွက် ချန်လှပ်ထားရမည့် မြေကျန်အကွာအဝေး ၁ ပေ ဖြစ်စေ၊ ကြမ်းခင်းနှစ်ခု ကြား အထပ်အမြင့်၏ ၁၀ ပုံ ၁ပုံ ဖြစ်စေ၊ ထိုနှစ်မျိုးမှ ပိုကြီးသော ချန်လှပ်ထားရမည့် မြေကျန်အကွာအဝေးကို ထပ်တိုးထားရှိရမည်။ တစ်ထပ်တိုင်း၌ ၄ ခန်းထက် မပို သော လူနေတိုက်ခန်းတွဲတစ်ခုတွင်ဖြစ်စေ၊ သီးခြားဝင်ပေါက်ရှိသော လူနေတိုက်ခန်း တွဲ တစ်ခုတွင်ဖြစ်စေ ထွက်ပေါက်လှေကား တစ်ခုတည်းသာထားရှိနိုင်သည်။

(ဃ) အထပ်တစ်ထပ် သို့မဟုတ် သီးခြားဝင်ပေါက်ရှိသော လူနေတိုက်ခန်း၏ အဝေးဆုံး နေရာရှိထွက်ပေါက်တံခါးမှ ထွက်ပေါက်လှေကားသို့ သွားရောက်ရမည့်အကွာအဝေး သည် ၁၅ မီတာ (၅၀ ပေ) ထက်မပိုရ။

(င) ထွက်ပေါက်လှေကားများသည် အပိုဒ် ၂.၆.၉ ပါ ထွက်ပေါက်လှေကားအတွက် ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(စ) မီးသတ်သမားသုံး ဓါတ်လှေကားကို မီးသတ်ဦးစီးဌာနမှ လိုအပ်ချက်များနှင့်အညီ တပ်ဆင်ထားရမည်။

(ဆ) အမြင့်ရေတင်ပိုက် (ရေမပါ) စနစ်ကို မီးသတ်ဦးစီးဌာနမှ လိုအပ်ချက်များနှင့်အညီ တပ်ဆင်ထားရမည်။

(ဇ) မီးငြိမ်းသတ်ယာဉ်နှင့် စက်များ အဆောက်အဦသို့ ချဉ်းကပ်ခြင်းကို မီးသတ်ဦးစီး ဌာနမှ လိုအပ်ချက်များနှင့်အညီ ပြုလုပ်ထားရမည်။

### ၂.၆.၇ ထွက်ပေါက်လမ်း ခရီးအကွာအဝေး

ထွက်ပေါက်လမ်း ခရီးအကွာအဝေးများကို လူနေ/အသုံးပြုမှု အမျိုးအစားပေါ်မူတည် ဆုံးဖြတ်ပြီး အောက်ပါဇယားနှင့် ကိုက်ညီရမည်။

**ဇယား ၂.၆.၅ ထွက်ပေါက်လမ်း ခရီးအကွာအဝေး**

| အသုံးချနေထိုင်မှု အမျိုးအစား | အများဆုံးထွက်ပေါက် လမ်းခရီး အကွာအဝေး(ပေ) (လမ်းကြောင်း တစ်ခုတည်း) | | အများဆုံးထွက်ပေါက် လမ်းခရီး အကွာအဝေး(ပေ) (လမ်းကြောင်း တစ်ခုတည်း) | | အများဆုံး တဖက်ပိတ် အကွာအဝေး(ပေ) | |
|---|---|---|---|---|---|---|
| | | | | | စကြံများ | |
| | အလို လျောက် ရေဖြန်း စနစ် မတပ်ဆင် ထားသော | အလို လျောက် ရေဖြန်း စနစ် တပ်ဆင် ထားသော | အလို လျောက် ရေဖြန်း စနစ် မတပ်ဆင် ထားသော | အလို လျောက် ရေဖြန်း စနစ် တပ်ဆင် ထားသော | အလို လျောက် ရေဖြန်း စနစ် မတပ်ဆင် ထားသော | အလို လျောက် ရေဖြန်း စနစ် တပ်ဆင် ထားသော |
| ဘေးအန္တရာယ် မြင့်မားသောအသုံးပြုမှု | ၃၃ | ၆၆ | ၆၆ | ၁၁၅ | ၄၉ | ၆၆ |
| စက်မှုလက်မှု လုပ်ငန်းသုံး (စက်ရုံ၊ အလုပ်ရုံ၊ ကုန်လှောင်ရုံများ) | ၄၉ | ၈၂ | ၉၈ | ၁၉၇ | ၄၉ | ၆၆ |
| အဆောင်အခန်းများ၊ အဆောင်များ | ၄၉ | ၆၆ | ၉၈ | ၁၉၇ | ၄၉ | ၆၆ |
| ဈေးဆိုင်များ | ၄၉ | ၈၂ | ၁၄၈ | ၁၉၇ | ၄၉ | ၆၆ |
| ရုံးခန်းများ | ၄၉ | ၈၂ | ၁၄၈ | ၁၉၇ | ၄၉ | ၆၆ |
| အများ ပြည်သူအပန်းဖြေရာ နေရာ၊ ကားပါကင်နေရာ | ၄၉ | ၉၈ | ၁၄၈ | ၂၄၆ | ၄၉ | ၆၆ |

| အသုံးချနေထိုင်မှု အမျိုးအစား | အများဆုံးထွက်ပေါက် လမ်းခရီး အကွာအဝေး(ပေ) (လမ်းကြောင်း တစ်ခုတည်း) | | အများဆုံးထွက်ပေါက် လမ်းခရီး အကွာအဝေး(ပေ) (လမ်းကြောင်း တစ်ခုတည်း) | | အများဆုံး တဖက်ပိတ် အကွာအဝေး(ပေ) | |
|---|---|---|---|---|---|---|
| | | | | | စကြံများ | |
| | အလိုလျောက် ရေဖြန်းစနစ် မတပ်ဆင်ထားသော | အလိုလျောက် ရေဖြန်းစနစ် တပ်ဆင်ထားသော | အလိုလျောက် ရေဖြန်းစနစ် မတပ်ဆင်ထားသော | အလိုလျောက် ရေဖြန်းစနစ် တပ်ဆင်ထားသော | အလိုလျောက် ရေဖြန်းစနစ် မတပ်ဆင်ထားသော | အလိုလျောက် ရေဖြန်းစနစ် တပ်ဆင်ထားသော |
| စာသင်ကျောင်းများ နှင့် သင်ကြားရေး ဆိုင်ရာ အသုံးပြုမှု | ၄၉ | ၈၂ | ၁၄၈ | ၁၉၇ | ၄၉ | ၆၆ |
| ဆေးရုံ | ၄၉ | ၈၂ | ၉၈ | ၁၄၈ | ၄၉ | ၆၆ |
| ဟိုတယ်များ၊ ဘော်ဒါဆောင်များ (a) | ၄၉ | ၆၆ | ၉၈ | ၁၉၇ | ၄၉ | ၆၆ |
| လူနေအိမ်များ/လူနေ အိမ်ခန်းတွဲများ (a) | ၅၀b<br>၆၆c | ၉၈b<br>၁၃၁c | ၉၈<br>၁၄၈c | ၂၄၆ | ၄၉ | ၆၆ |
| လုံးချင်း၊ တစ်ဖက်ဆက် လုံးချင်းနှင့် မြို့တွင်းအိမ် အပါအဝင် အိမ်ချင်းဆက် တိုက်ခန်းများ | NR | NR | NR | NR | NR | NR |

(က) ပြဋ္ဌာန်းချက် အပိုဒ် ၂.၆.၇.၁ နှင့် ကိုက်ညီမှုရှိရမည်။

(ခ) လွတ်မြောက်လှေကားတစ်ခုတည်းရှိသောထွက်ပေါက်လမ်း ခရီးအကွာအဝေး အတွက်

(ဂ) ပြင်ပလျှောက်လမ်းသို့ ထွက်ပေါက်လမ်းခရီးအကွာအဝေးအတွက်

(ဃ) ထွက်ပေါက်လမ်း ခရီးအကွာအဝေး အတိုင်းအတာသည် အခန်း သို့မဟုတ် နေရာတစ်ခု၏ အဝေးဆုံးနေရာမှ ထွက်ပေါက်လှေကား၊ ထွက်ပေါက် လျှောက်လမ်း သို့မဟုတ် အပြင်ဘက်ဟင်းလင်းပြင်နေရာသို့ တိုက်ရိုက် ဖွင့်ထားသော ထွက်ပေါက်တံခါးအထိသွားရမည့် အကွာအဝေး ဖြစ်သည်။

### ၂.၆.၇.၁ လူနေအိမ်အသုံးပြုမှု

လူနေအိမ်မှ ထွက်ပေါက်များသည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်။

(က) လူနေတိုက်ခန်းများ သို့မဟုတ် သီးခြားဝင်ပေါက်ရှိသော လူနေတိုက်ခန်းများတွင် ထွက်ပေါက်လမ်းကြောင်းသို့ ရောက်ရှိနိုင်သောတံခါးများကို အဆိုပါအခန်း၏ မည်သည့် နေရာမှဖြစ်စေ တိုင်းတာလျှင် ခရီးတာအကွာအဝေး ၂၀ မီတာ (၆၅.၆ ပေ) ထက် မဝေးသောနေရာတွင် ထားရှိရမည်။

(ခ) ထို့ပြင် နှစ်ထပ်ထက်မပိုသည့် သီးခြားဝင်ပေါက်ရှိသော လူနေတိုက်ခန်းများတွင် တံခါး တစ်ခုတည်းရှိပါက -

(၁) တံခါးကို ယူနစ်၏ အပေါ်ထပ်တွင် မရှိစေရပါ။

(၂) အပေါ်ထပ်အတွက် သီးခြားလွတ်မြောက်ပေါက်မရှိပါက အပေါ်ထပ်၏ ကြမ်းခင်း ဧရိယာသည် ၆၀ စတုရန်းမီတာ (၆၄၅.၈ စတုရန်းပေ) ထက် မပိုရပါ။

(ဂ) လူနေတိုက်ခန်းများ သို့မဟုတ် သီးခြားဝင်ပေါက်ရှိသော လူနေတိုက်ခန်းများမှ ထွက်ပေါက်အားလုံးသည် ထွက်ပေါက်လှေကား၊ ထွက်ပေါက်လျှောက်လမ်း သို့မဟုတ် ပြင်ပဟင်းလင်းပြင်နေရာသို့ တိုက်ရိုက်ရောက်ရှိရမည်။

## ၂.၆.၈ လွတ်မြောက်ရာလမ်းကြောင်း (ထွက်ပေါက်) အကျယ်

လွတ်မြောက်ရာလမ်းကြောင်း (ထွက်ပေါက်)၏ စုစုပေါင်းအကျယ်သည် လွတ်မြောက် ရာလမ်းကြောင်း (ထွက်ပေါက်)ကို အသုံးပြုမည့် စုစုပေါင်း အသုံးချနေထိုင်မှုအရေအတွက်ကို အောက်ပါဇယားတွင်ဖော်ပြထားသော လူတစ်ဦးချင်းစီအတွက် လိုအပ်သော လွတ်မြောက်ရာ လမ်းကြောင်း (ထွက်ပေါက်) အကျယ်ဖြင့် မြှောက်ပြီးရလာသည့် အကျယ်ဖြစ်စေ၊ ဇယားပါ အနည်းဆုံးအကျယ်ဖြစ်စေ ပိုကြီးသောအကျယ်နှင့် ကိုက်ညီရမည်။

**ဇယား ၂.၆.၆ လွတ်မြောက်ရာလမ်းကြောင်းအကျယ်**

| အသုံးချနေထိုင်မှု အမျိုးအစား | လူတစ်ဦးချင်းစီအတွက်လိုအပ်သော လွတ်မြောက်ရာလမ်းကြောင်းအကျယ် (လက်မ) | | | | အနည်းဆုံးအကျယ် (ပေ) | |
|---|---|---|---|---|---|---|
| | မြေညီထပ်၌ ပြင်ပသို့ ရောက်ရှိသော တံခါးများ (လက်မ) | အခြား ထွက်ပေါက် နှင့် စင်္ကြံ တံခါးများ | လှေကား များ | ကုန်းလျှော၊ စင်္ကြံ၊ ထွက်ပေါက် လမ်းကြောင်း များ | လှေကား များ | စင်္ကြံ များ |
| ဘေးအန္တရာယ် မြင့်မားသောအသုံးပြုမှု | 0.4 | 0.5 | 0.65 | 0.4 | 3.5 | 3.5 |
| စက်မှုလက်မှုလုပ်ငန်းသုံး (စက်ရုံ၊ အလုပ်ရုံ၊ ကုန်လှောင်ရုံများ) | 0.2 | 0.25 | 0.35 | 0.2 | 3.5 | 3.5 |
| အဆောင်အခန်းများ၊ အဆောင်များ | 0.4 | 0.5 | 0.65 | 0.4 | 3.5 | 3.5 |
| ဈေးဆိုင်များ | 0.2 | 0.25 | 0.35 | 0.2 | 3.5 | 3.5 |
| ရုံးခန်းများ | 0.2 | 0.25 | 0.35 | 0.2 | 3.5 | 3.5 |
| အများပြည်သူအပန်းဖြေ ရာနေရာ၊ ကားပါကင်နေရာ | 0.2 | 0.25 | 0.35 | 0.2 | 3.5 | 3.5 |
| စာသင်ကျောင်းများနှင့် သင်ကြားရေးဆိုင်ရာ အသုံးပြုမှု | 0.2 | 0.25 | 0.35 | 0.2 | 3.5 | 5(a) |
| ဆေးရုံ | 0.65 | 0.65 | 1.25 | 0.65 | 3.5 | 6.5(b) |
| ဟိုတယ်များ၊ ဘော်ဒါဆောင်များ | 0.4 | 0.5 | 0.65 | 0.4 | 3.5 | 3.5 |
| လူနေအိမ်များ/ လူနေအိမ်ခန်း တွဲများ | 0.4 | 0.5 | 0.65 | 0.4 | 3.5(c) | 3.5 |
| လုံးချင်း၊ တစ်ဖက်ဆက် လုံးချင်းနှင့် မြို့တွင်း အိမ် အပါအဝင် အိမ်ချင်းဆက် တိုက်ခန်းများ | NR | NR | NR | NR | 3 | 3 |

(က) စာသင်ခန်းများအတွက် အသုံးပြုသည့် စင်္ကြံများနှင့် သက်ဆိုင်သည်။ အခြားစင်္ကြံများသည် အနည်းဆုံးအကျယ် ၃ ပေ ၆လက်မ ရှိရမည်။

(ခ) လူနာများအတွက် အသုံးပြုသည့် စင်္ကြံများနှင့် သက်ဆိုင်သည်။ အခြားစင်္ကြံများသည် အနည်းဆုံး အကျယ် ၃ ပေ ၆လက်မ ရှိရမည်။

(ဂ) သီးခြားဝင်ပေါက်ရှိသော လူနေတိုက်ခန်းများတွင် အတွင်းပိုင်းဝင်ထွက်မှုအတွက် အသုံးပြုသော လှေကားအကျယ်သည် အနည်းဆုံး ၃ ပေ ရှိရမည်။

ထွက်ပေါက်လှေကား၏ အများဆုံးအကျယ်သည် ၆ ပေ ၆ လက်မထက်မပိုရပါ။ လှေကားအကျယ် ၆ ပေ ၆ လက်မထက် ပိုသောနေရာတွင် အကျယ် ၃ ပေ ၆ လက်မထက်မနည်း သို့မဟုတ် ၆ ပေ ၆ လက်မ အကျယ်ထက်မပိုသော အကန့်များအဖြစ် လှေကားကို ပိုင်းခြားရန် လက်ရန်းများကို သုံးရမည်။

## ၂.၆.၉ ထွက်ပေါက်လှေကားများ

ထွက်ပေါက်လှေကားများအားလုံးကို မီးဒဏ်ခံနိုင်ရည် အနည်းဆုံး တစ်နာရီရှိသော အကာအရံများဖြင့် တည်ဆောက်ရမည်။

ထွက်ပေါက်လှေကားများအားလုံးတွင် (R1အမျိုးအစားအုပ်စုမှတစ်ပါး) ခြေကျော်သည် ၇လက်မ အများဆုံးနှင့် ၄ လက်မ အနည်းဆုံးရှိရမည်။ လှေကားခြေနင်းအကျယ် အနည်းဆုံး ၁၀ လက်မ ရှိရမည်။

လှေကားတစ်ထောက်နားနေရာ (Landing) တစ်ခုနှင့်တစ်ခုကြားတွင် လှေကားထစ် ၁၆ ထစ်ထက်မပိုစေရ။ လှေကားခြေကျော်နှင့် အနင်းအားလုံးသည်တူညီသောပုံစံနှင့် အရွယ်အစားရှိရမည်။ မည်သည့်လှေကားတွင်မဆို အကြီးဆုံးနှင့် အသေးဆုံးလှေကားခြေကျော်/ခြေနင်းတို့တွင် အများဆုံးကွာခြားခွင့်ပြုသည့် အတိုင်းအတာမှာ ၃/၁၆ လက်မ ဖြစ်သည်။

လှေကားတစ်ထောက်နား (Landing) အကျယ်သည် အဆိုပါလှေကား၏ အကျယ်ထက် မနည်းစေရ။

လူနေအိမ်ယူနစ်အတွင်း လှေကားကို ဝင်ရောက်နိုင်ရန်မှလွဲ၍ အဆောက်အအုံများတွင် ထွက်ပေါက်လှေကားအဖြစ် အဝိုက်လှေကားများကို ခွင့်မပြုပါ။ စက်ဝိုင်းပုံ/ ဂျီဩမေတြီဆိုင်ရာ လှေကားများကို အသုံးပြုထားလျှင် လှေကားခြေနင်း၏ ကျဉ်းသောအစွန်းဘက်သည် လူနေအဆောက်အအုံများတွင် ၄ လက်မထက် မကျဉ်းရ။ ပိုကျဉ်းသော အစွန်းမှ ၂ ပေ အကွာအဝေး၌ ၉ လက်မထက် မနည်းစေရ။

ကြောင်လိမ်လှေကားအုံများကို ထွက်ပေါက်လှေကားအဖြစ် အသုံးပြုထားလျှင် မီးမလောင်နိုင်သောပစ္စည်းများဖြင့် တည်ဆောက်ရမည်။ အနည်းဆုံးလှေကား အကျယ် ၂ ပေ ၆ လက်မ (၇၅၀ မီလီမီတာ) ဖြင့် ကြောင်လိမ်လှေကားများကို ထွက်ပေါက်လှေကားအဖြစ် အမြင့် ၃၃ ပေထက် မပိုသော လူနေထိုင်မှုဆိုင်ရာ အဆောက်အအုံ (R1 and R2) တွင် အသုံးပြုနိုင်သည်။

## ၂.၆.၉.၁ အတွင်းပိုင်းထွက်ပေါက်လှေကား

အဆောက်အအုံ၏ လိုအပ်သောထွက်ပေါက်အဖြစ် အသုံးပြုသည့် အတွင်းပိုင်း ထွက်ပေါက်လှေကားသည် ပြဋ္ဌာန်းချက်များနှင့်အညီ မီးဘေးလုံခြုံစေရန် ကာရံထားရမည်။

အတွင်းပိုင်းလှေကားသည် ပြင်ပထွက်ပေါက်လမ်းကြောင်းသို့ဖြစ်စေ၊ ပြင်ပစကြံသို့ ဖြစ်စေ တိုက်ရိုက်ချိတ်ဆက်ပါက လှေကားနှင့် ပြင်ပထွက်ပေါက်လမ်းကြောင်း ကြားနေရာ တွင်ဖြစ်စေ၊ လှေကားနှင့် ပြင်ပစကြံ ကြားနေရာတွင်ဖြစ်စေ ထိုအကာအရံများ ထားရှိရန် မလိုအပ်ပါ။

ပိုက်များ/ ပြွန်လမ်းကြောင်းများ (pipe/duct) အားလုံးသည် ကာရံထားသော ထွက် ပေါက်လှေကား အတွင်းမရှိစေရ။ မည်သည့်သန့်စင်ခန်းမျှ လှေကားခွင်အတွင်း တည်ရှိရန် ခွင့်မပြုပါ။

နေထိုင်အသုံးပြုသောနေရာတွင် အတွင်းပိုင်း ထွက်ပေါက်လှေကား၏ ပြင်ပနံရံ တွင်ရှိနေသော နောက်ဆုံးလွတ်မြောက်ရာ ထွက်ပေါက်အပါအဝင် လေဝင်ပေါက်များ၏ အလျားလိုက် ၅ ပေ အတွင်း သို့မဟုတ် ဒေါင်လိုက်အောက်ဖက် ၁၀ ပေ အတွင်း မီးခိုးနှင့် မီးလောင်မှုဒဏ် ကာကွယ်မထားသော အပေါက်များမရှိရ။ ခြွင်းချက်အနေဖြင့် ဟိုတယ်နှင့် ရုံးခန်းကဲ့သို့သော လူအများနှင့်သက်ဆိုင်သော ကုန်သွယ်စီးပွားရေး အဆောက်အအုံများ ဖြစ်ပြီး ၎င်းတို့သည် အပိုင်း ၅ (c) အဆောက်အအုံဝန်ဆောင်မှုများ (Building services chapter) အတိုင်း စက်စွမ်းအားသုံး လေဝင်လေထွက်စနစ်နှင့် အလင်းပွံ့ပိုးမှုအင်္ဂါရပ်များဖြင့် အမှန်တကယ်ပံ့ပိုးထားသော အဆောက်အအုံများတွင် ခွင့်ပြုသည်။

လေဝင်ပေါက်များ၏ အလျားလိုက် ၁၀ ပေအတွင်း သို့မဟုတ် ဒေါင်လိုက် အောက်ဖက် ၁၀ ပေ အတွင်း ဘေးချင်းကပ် သို့မဟုတ် မျက်နှာချင်းဆိုင်အတွင်း မီးခိုးနှင့် မီးလောင်မှုဒဏ်ကာကွယ်မထားသော အပေါက်များ မရှိရပါ။

လေးထပ်နှင့်အထက် လူနေအဆောက်အအုံများ R1 နှင့် R2 တို့အတွက် အသုံးပြု သော လှေကားများတွင် မီးခိုးကင်းမဲ့ ချဉ်းကပ်လမ်းကို အပိုဒ် ၂.၆.၁၄ နှင့် ကိုက်ညီရမည်။

### ၂.၆.၉.၁.၁ R1 နှင့် R2 (၈ ထပ်နှင့်အထက်)

အဆောက်အအုံ၏ အတွင်းထွက်ပေါက်လှေကား (လူနေအဆောက်အအုံများ R အုပ်စု၏ အများဆုံးအမြင့် ၂၄ မီတာ (၇၉ ပေ) အထိ)များသည် သဘာဝလေဝင် လေထွက်ရှိရမည်။ လေဝင်ပေါက်များသည် နယ်နိမိတ်မျဉ်းမှ ၈ ပေ (လူနေအသုံးပြုသည့် အထပ်အမြင့် ၂၄ မီတာအထိ) နှင့် ၁၀ ပေ (လူနေအသုံးပြုသည့် အထပ်အမြင့် ၂၄ မီတာ အထက်) ကွာဝေးရမည်။ အကယ်၍ လေဝင်လေထွက်ပေါက်များသည် နောက်ဖေးလမ်းကြား သို့မဟုတ် လမ်းဘက်သို့ မျက်နှာမူထားလျှင် အထက်ပါအကွာအဝေးကို ထည့်သွင်း စဉ်းစားရန်မလိုပါ။

### ၂.၆.၉.၂ ပြင်ပထွက်ပေါက်လှေကား

(က) ပြင်ပထွက်ပေါက်လှေကားသည် အဆောက်အအုံ၏ အပြင်ဘက်တွင်ရှိရမည် သို့မဟုတ် အနည်းဆုံးလှေကားခွင်၏ ၅၀ ရာခိုင်နှုန်းသည် အပြင်ဘက်သို့ ထိုးထွက်နေရမည် သို့မဟုတ် ပြင်ပနံရံတွင်ရှိရမည်။ ပြင်ပထွက်ပေါက် လှေကားခွင်သည် လမ်းတစ်လမ်း သို့မဟုတ် လမ်းသို့တိုက်ရိုက်ဝင်မည့် ဟင်းလင်းပြင်နေရာဆီ တိုက်ရိုက်ရောက်ရှိနိုင်ရမည်။

လိုအပ်သော ထွက်ပေါက်တစ်ခုအဖြစ်အသုံးပြုသော ထွက်ပေါက်လှေကားသည် အဆောက်အအုံအပြင်ပိုင်းတွင် ရှိနေရမည်ဖြစ်ပြီး ပြင်ပလေရရှိရန် အပွင့်ဖြစ်နေရမည်။ ရင်တားနံရံ သို့မဟုတ် လက်ရန်းများဖြင့်သာ ကာရံထားရမည်။

အတွင်းထွက်ပေါက်လှေကားအစား ပြင်ပထွက်ပေါက်လှေကားကို ထွက်ပေါက်လှေကားများ၏ လိုအပ်ချက်များနှင့်အညီ လိုအပ်သော ထွက်ပေါက်တစ်ခုအဖြစ် အတွင်းလှေကား၏ အလုံပိတ်ကာရံခြင်းမှအပ အသုံးပြုနိုင်သည်။

ပြင်ပလှေကားခွင် တစ်ခုသည် လေပေါက် (အလင်းနှင့် လေဝင်လေထွက်ကို ကောင်းစွာရရှိအောင် ပြုလုပ်ထားသော ကောင်းကင်သို့ပွင့်နေသည့်အပေါက်) အတွင်းရှိနေလျှင်သော်လည်းကောင်း၊ ထိစပ်နေလျှင်သော်လည်းကောင်း ပြင်ပထွက်ပေါက်လှေကားခွင် တစ်ခုအဖြစ်သတ်မှတ်နိုင်သည်။ ၎င်းလေပေါက်သည် ဇယား ၂.၆.၇ တွင် ဖော်ပြထားသည့် လူနေအသုံးပြုနိုင်သော အဆောက်အအုံအမြင့် ပေါ်မူတည်၍ အနည်းဆုံးအရွယ် အစားရှိရမည်။

**ဇယား ၂.၆.၇ အနည်းဆုံးလေပေါက်အရွယ်အစား**

| လူနေထိုင်အသုံးပြုနိုင်သောအဆောက်အအုံအမြင့် (အများဆုံး- ပေ) | လေပေါက်၏ အသားတင်အကျယ် (အနည်းဆုံး- ပေ) |
|---|---|
| ၆၀ | ၃၃ |
| ၇၈ | ၃၆ |
| ၁၁၈ | ၄၀ |
| ၁၅၈ | ၄၃ |
| ၁၉၆ | ၄၆ |

(ခ) လှေကားသည် အတားအဆီးမဲ့ အမြဲပွင့်နေသော သဘာဝလေဝင်လေထွက်ပေါက်များ ရှိရမည်။ ယင်းတို့သည် အထပ်တိုင်းတွင် လှေကားခွင်ကြမ်းခင်းဧရိယာ၏ ၁၀ ရာခိုင်နှုန်း (လေဝင်ပေါက် fixed opening) နှင့် ၁၅ ရာခိုင်နှုန်း (တရုတ်ကပ် louvre) နှင့် ညီရမည် သို့မဟုတ် ကြီးရမည်။

(ဂ) အလျားလိုက် ၁၀ ပေ သို့မဟုတ် အောက်ဘက်ဒေါင်လိုက် ၁၀ ပေ အတွင်း သို့မဟုတ် ဘေးချင်းကပ် သို့မဟုတ် မျက်နှာချင်းဆိုင်အတွင်း မီးခိုးနှင့် မီးလောင်မှုဒဏ်ကာကွယ် မထားသော အပေါက်များမရှိစေရ။

**ခြွင်းချက်** - အပိုဒ် ၂.၆.၈.၂ (ဂ) နှင့် မကိုက်ညီဘဲ နောက်ဖေးလမ်းကြားရှိသော CBD တွင် တည်ရှိသည့် လူနေအဆောက်အအုံ အုပ်စု R1 နှင့် R2 ( ၈ ထပ်အထိ)တွင် မီးသတ်ကား ဝင်နိုင်ရမည်ဖြစ်ပြီး တိုက်ခန်းနောက်ဘက်တွင် လှေကားတစ်စင်းရှိရမည်။

## ၂.၆.၉.၃ ကတ်ကြေးပုံလှေကား (Scissor Staircase)

(က) သီးခြားအတွင်း ထွက်ပေါက်လှေကားခွင်နှစ်ခုသည် အလုံပိတ် အကာအရံတစ်ခုထဲတွင် တည်ရှိပြီး ထွက်ပေါက်လှေကားခွင်တစ်ခုချင်းသည် အလုံပိတ်အကာအရံ၏ လိုအပ်သော မီးဒဏ်ခံနိုင်မှုနှင့်တူညီသော အနည်းဆုံးမီးဒဏ်ခံနိုင်မှုရှိသည့် မီးမလောင်နိုင်သော တည်ဆောက်မှုအားဖြင့် ပိုင်းခြားထားရမည်။

(ခ) အဆိုပါကတ်ကြေးပုံ ထွက်ပေါက်လှေကားခွင်သည် ထွက်ပေါက်လှေကားခွင်တစ်ခု၏ သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။

(ဂ) ကတ်ကြေးပုံထွက်ပေါက်လှေကားခွင်သို့ ဝင်ရောက်သည့် တံခါးပေါက်သည် လှေကား ခွင် တံခါးပေါက်များ၏ အစွန်းနှစ်ခုကြား ခရီးတာအကွာအဝေး အနည်းဆုံး (၇ မီတာ) ရှိရမည်။

(ဃ) ကတ်ကြေးပုံ ထွက်ပေါက်လှေကားခွင် တစ်စုံသာရှိပါက ကတ်ကြေးပုံ ထွက်ပေါက် လှေကားခွင်သို့ ဝင်ရောက်သည့် တံခါးပေါက်နှစ်ခုကြားအကွာအဝေးသည် အလို အလျောက်ရေဖျန်းစနစ် တပ်ဆင်ထားပါက အဆောက်အအုံဧရိယာ၏ထောင့်ဖြတ် အကွာအဝေး၏ ၃ ပုံ ၁ ပုံ အနည်းဆုံးနှင့် အလိုအလျောက် ရေဖျန်းစနစ် တပ်ဆင် မထားပါက အဆောက်အအုံဧရိယာ၏ ထောင့်ဖြတ်အကွာအဝေး၏ တစ်ဝက် အနည်းဆုံးရှိရမည်။

(င) နံရံတစ်ခုတည်းတွင် လေဝင်ပေါက်နှင့် ပြတင်းပေါက်များကို လှေကားခွင်နှစ်ခုလုံးမှ အသုံးပြုထားပါက လှေကားခွင်အသီးသီး၏ လေဝင်လေထွက်ပေါက်များကို တစ်ထပ် ခြားစီတွင် ထားရှိပေးရမည်။

### ၂.၆.၉.၄ မြေအောက်ထပ်ထွက်ပေါက်လှေကားခွင်

(က) အဆောက်အအုံတစ်ခု၏ မြေအောက်ထပ်တွင်ရှိသော ထွက်ပေါက်လှေကားခွင်တိုင်း သည် ထွက်ပေါက်လှေကားခွင်များအတွက် ချမှတ်ထားသော သတ်မှတ်ချက်များ အားလုံးနှင့် ကိုက်ညီရမည်။

(ခ) အဆိုပါထွက်ပေါက် လှေကားခွင်များသည် အဆောက်အအုံ၏ မြေအောက်ထပ် မဟုတ်သော အထပ်များအတွက် အခြားမည်သည့်ထွက်ပေါက် လှေကားခွင်များနှင့်မျှ တစ်ဆက်တည်းမဖြစ်စေရ။

(ဂ) မြေအောက်ထပ်ထွက်ပေါက် လှေကားခွင်များသည် မြေအောက်ထပ်မဟုတ်သော အထပ်များအတွက် အသုံးပြုသော ထွက်ပေါက်လှေကားခွင်များနှင့် ဒေါင်လိုက်အား ဖြင့် ဆက်စပ်နေပါက အလုံပိတ်အကာအရံ၏ လိုအပ်သော မီးဒဏ်ခံနိုင်မှုနှင့် တူညီ သော အနည်းဆုံးမီးဒဏ်ခံနိုင်မှုရှိသည့် မီးမလောင်နိုင်သော တည်ဆောက်ခြင်းဖြင့် အခြားလှေကားခွင်များနှင့် ပိုင်းခြားထားရမည်။

### ၂.၆.၉.၅ မြေအောက်ထပ်နှင့် တစ်ဆက်တည်းရှိသော အပေါ်ထပ် လှေကားခွင်များ

သဘာဝလေဝင်လေထွက်ရသည့် မြေအောက်ထပ်ရှိလှေကားခွင်များနှင့် အပေါ်ထပ် လှေကားခွင်များကို တစ်ဆက်တည်းရှိရန် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများမှ ခွင့်ပြု ထားပါက အောက်ပါအချက်များနှင့် ကိုက်ညီရမည်။

(၁) **မြေအောက်ထပ်ရှိ ဝင်ပေါက်**

မြေအောက်ထပ်ရှိ လှေကားခွင်များသို့ ဝင်ပေါက်သည် မီးခိုးနှင့် မီးဒဏ်ခံနိုင်သော ကာရံထားသည့်အဝင်ခန်း (protected lobby) မှတဆင့် သို့မဟုတ် မြေအောက်ထပ် အသုံးချဧရိယာမှ တိုက်ရိုက်ဝင်ရောက်လျှင် မြေအောက်ထပ် လှေကားခွင်သို့ ဝင်ပေါက်တံခါးသည် အနည်းဆုံး ၁ နာရီကြာ မီးဒဏ်ခံနိုင်ရမည်။

(၂) **အတားအဆီး**

အရေးပေါ်အခြေအနေတစ်ခုအတွင်း အပေါ်ထပ်များမှ မြေအောက်ထပ်သို့ တစ်ဆက် တည်း ဝင်ရောက်နိုင်မှုမရှိစေရန် တံခါး သို့မဟုတ် ဂိတ်ပုံစံ (အလိုအလျောက် ပြန်ပိတ် သည့် အမျိုးအစား)ဖြင့် တားဆီးထားရမည်။ အဆိုပါ အတားအဆီးများကို မြေအောက် ထပ်လှေကားခွင်မှ အပေါ်အထပ်များ၏ လွတ်မြောက်ရာလမ်းကြောင်းနှင့် မြေညီထပ် ရှိလှေကားခွင် ထွက်ပေါက်နေရာတွင် ပိုင်းခြားထားရန် ထားရှိပေးရမည်။

(၃) **မီးခိုးတားအဝင်ခန်း**

မြေအောက်ထပ်အပါအဝင် အထပ် ၄ ထပ်ထက်ပိုပါက မြေအောက်ထပ်နှင့် အထပ် တိုင်းရှိ လှေကားခွင်သို့ ဝင်ပေါက်အတွက် မီးခိုးတားအဝင်ခန်းကို ထားရှိပေးရမည်။

(၄) **လမ်းညွှန်အမှတ်အသားများ**

နေထိုင်အသုံးပြုသူများကို မြေညီထပ်ရှိ အဆောက်အအုံပြင်ပသို့ လမ်းညွှန်ပေးနိုင်ရန် သင့်လျော်သော လမ်းညွှန်အမှတ်အသားများကို လှေကားခွင်အကာအရံများအတွင်း ထားရှိပေးရမည်။

### ၂.၆.၁၀ နောက်ဆုံးလွတ်မြောက်ရာထွက်ပေါက်

ထွက်ပေါက်အားလုံးသည် မြေညီထပ်ရှိ ဘေးကင်းလုံခြုံသော ပြင်ပနေရာသို့တိုက်ရိုက် ရောက်ရှိရမည်။

ခြွင်းချက် - ရေဖြန်းစနစ်တပ်ဆင်ထားသော အဆောက်အအုံတွင် စုစုပေါင်းထွက်ပေါက် အရေ အတွက်၏ အများဆုံး ၅၀ ရာခိုင်နှုန်းသည် မြေညီထပ်ရှိ လှည့်ပတ်သွားလာနိုင်သောနေရာသို့ အောက်ပါတို့နှင့်အညီ တိုက်ရိုက်ထွက်ခွာနိုင်ရမည်။

(က) လွတ်မြောက်ရာထွက်ပေါက်၏အဆုံး မြေညီထပ်ရှိ လှည့်ပတ်သွားလာရာနေရာတွင် တည်ရှိရမည်ဖြစ်ပြီး ဘေးကင်းလုံခြုံသော ပြင်ပဟင်းလင်းပွင့်နေရာသို့ တိုက်ရိုက်ရောက်ရှိနိုင်ပြီး မြင်နိုင်သော အနေအထားတွင်ရှိရမည်။

(ခ) လွတ်မြောက်ရာ ထွက်ပေါက်တစ်ခု၏ အဆုံးနေရာနှင့် ပြင်ပဟင်းလင်းပြင် နေရာတို့အကြား အများဆုံးအကွာအဝေးသည် ပေ ၃၀ ထက် မပိုရ။

ရေဖြန်းစနစ်သည် မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များ (၂၀၂၀) နှင့် ကိုက်ညီရမည်။

## ၂.၆.၁၁ ထွက်ပေါက်လမ်းကြောင်း

လိုအပ်သော လွတ်မြောက်ရာလမ်းကြောင်း၏ ခရီးအကွာအဝေး၊ ထွက်ပေါက်အဆုံး၊ မီးဒဏ်ခံနိုင်မှုများနှင့် ကိုက်ညီပါက ထွက်ပေါက်လမ်းကြောင်းကို ဒေါင်လိုက်ထွက်ပေါက်လှေကား၏ အလျားလိုက်တိုးချဲ့မှုအဖြစ်လည်းကောင်း၊ အဆောက်အအုံအတွင်းရှိ အမိုးမပါသောနေရာ (Courtyard) တစ်ခုမှ ပြင်ပဟင်းလင်းပွင့်နေရာသို့ သွားရောက်ရန် လမ်းကြောင်းအဖြစ်လည်းကောင်း အသုံးပြုနိုင်သည်။

### ၂.၆.၁၁.၁ အတွင်းထွက်ပေါက်လမ်းကြောင်း

(က) လွတ်မြောက်ရာလမ်းကြောင်းအဖြစ် အသုံးပြုထားသော ထွက်ပေါက်လမ်းကြောင်း ကို တစ်နာရီမီးဒဏ်ခံနိုင်စေရန် တည်ဆောက်ထားရမည်။

(ခ) ထွက်ပေါက်လမ်းကြောင်းအား ကာရံထားသောနံရံများတွင် ၎င်းလမ်းကြောင်းအတွင်းသို့ ထွက်ပေါက်တံခါးနှစ်ခုထက် မပိုရ။

(ဂ) ထွက်ပေါက်လမ်းကြောင်းအတွင်းသို့ ပွင့်နေသော ထွက်ပေါက်တံခါးများတွင် အလိုအလျောက်ပြန်ပိတ်နိုင်သည့် ကိရိယာတပ်ဆင်ထားရမည်ဖြစ်ပြီး ထွက်ပေါက်လှေကားများအတွင်းသို့ ပွင့်သည့်တံခါးများနည်းတူ မီးဒဏ်ခံနိုင်မှုရှိသော ထွက်ပေါက်တံခါးများ တပ်ဆင်ထားရမည်။

(ဃ) ထွက်ပေါက်လမ်းကြောင်း၏ အနည်းဆုံးရှိရမည့်အကျယ်နှင့် ဝင်ဆန့်နိုင်မှုပမာဏသည် အပိုဒ် ၂.၆.၈ နှင့် ကိုက်ညီမှုရှိရမည်။

(င) ထွက်ပေါက်လမ်းကြောင်းတစ်လျှောက်တွင် ခြေကျော်အနည်းဆုံး နှစ်ထစ်ထက်နည်း၍ လိုအပ်သောနေရာများတွင် အပိုဒ် ၂.၆.၂ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော ဆင်ခြေလျှော (Ramp) ဖြစ်ရမည်။

(စ) အတွင်းထွက်ပေါက်လမ်းကြောင်းနှင့် ဆက်နေသည့် လှေကားခွင်သည် လေဖိအားပေးစနစ် တပ်ဆင်ထားပါက ထိုလမ်းကြောင်းကို သဘာဝလေဝင်လေထွက် ထားရှိရန် မလိုပဲ စက်မှုနည်းပညာသုံး လေဝင်လေထွက်စနစ် တပ်ဆင်ထားရမည်။

### ၂.၆.၁၁.၂ အပြင်ထွက်ပေါက်လမ်းကြောင်း

(က) အပြင်ထွက်ပေါက်လမ်းကြောင်းတစ်ခုကို အတွင်းထွက်ပေါက် လမ်းကြောင်းတစ်ခု အစား လိုအပ်သော ထွက်ပေါက်အဖြစ်အသုံးပြုနိုင်သည်။ ထွက်ပေါက်လမ်းကြောင်းနှင့် အခြားနေရာများအကြားရှိ ကာရံထားသောပြင်ပနံရံတွင် ကြမ်းပြင်၏ မျက်နှာပြင်မှ ၁.၈ မီတာ (၆ ပေ)အထက်တွင် မီးလောင်မလွယ်သောပစ္စည်းဖြင့် တည်ဆောက်ထားသော လေဝင်လေထွက်ပေါက်များ ထားရှိနိုင်သည်။ ထိုလေဝင်လေထွက်ပေါက်များသည် လှေကားတစ်ခု၏ အပေါက်များမှ အနည်းဆုံး ၃ မီတာ (၁၀ ပေ) ကွာဝေးရမည်။

(ခ) အပြင်ထွက်ပေါက်လမ်းကြောင်းသည် ယင်းလမ်းကြောင်းသို့ ဖွင့်ထားသောထွက်ပေါက်တံခါးအများဆုံးနှစ်ခုသာရှိရမည်ဟု သတ်မှတ်ထားချက်အပေါ် လိုက်နာရန်မလိုပါ။

(ဂ) အပြင်ထွက်ပေါက်လမ်းကြောင်းကို အမိုးမိုးထားနိုင်ပြီး မီးခိုးလှောင်ပိတ်နေခြင်း မရှိစေရန် ထိုအမိုး၏ ဇျက်အကျယ်သည် ၃မီတာ (၁၀ ပေ) ထက်မပိုရ။

(ဃ) အပြင်ထွက်ပေါက်လမ်းကြောင်း၏ အပွင့်ဘက်အခြမ်းကို ၁မီတာ(၃ ပေ ၄ လက်မ) ထက်မနိမ့်သော ၁.၁ မီတာ (၃ ပေ ၇ လက်မ) ထက်မမြင့်သော ရင်တားနံရံတစ်ခု ဖြင့် ကာရံထားနိုင်သည်။ ထိုရင်တားနံရံထိပ်မှ အပွင့်နေရာ၏ အပေါ်ဖက်စွန်း သို့မဟုတ် တံစက်မြိတ်စွန်းသို့ အတားအဆီးမရှိသော လေဝင်လေထွက်ပေါက်၏ ဒေါင်လိုက်အမြင့်သည် ၁.၂ မီတာ (၄ ပေ) ထက်မနည်းရ။

**ခြွင်းချက်** - ပြင်ပထွက်ပေါက်လမ်းကြောင်းသည် မြေညီရှိအဆောက်အအုံနှင့် ခြံစည်းရိုးကြား မြေပြင်ပေါ်တွင်ရှိပါက အမိုး သို့မဟုတ် ကြမ်းခင်း၏ အဝေးဆုံးအစွန်းသည် ခြံစည်းရိုးမှ ၃ ပေ အကွာတွင်တည်ရှိပြီး လျှောက်လမ်းသည် အနည်းဆုံးအကျယ် ၄ ပေ ရှိရမည်။

(င) အပြင်ထွက်ပေါက်လမ်းကြောင်းသို့ ဝင်ထွက်နိုင်သော ထွက်ပေါက်တံခါးသည် အနည်းဆုံး နာရီဝက် မီးဒဏ်ခံနိုင်မှုရှိပြီး အလိုအလျောက်ပြန်ပိတ်သော ကိရိယာတပ်ဆင်ထားရမည်။

### ၂.၆.၁၁.၂.၁ လူနေထိုင်မှုဆိုင်ရာ အသုံးချနေထိုင်ခြင်း

လူနေတိုက်ခန်း အဆောက်အအုံစု (block of residential apartments) သို့မဟုတ် သီးခြားဝင်ပေါက်ရှိသော လူနေတိုက်ခန်းတွဲ (maisonettes) များတွင် ထွက်ပေါက်လှေကားခွင်သို့ မီးခိုးကင်းလွတ်ချဉ်းကပ်လမ်းကို ပြင်ပလျှောက်လမ်းအဖြစ် ခွင့်ပြုပါက အောက်ပါအချက်များနှင့် ကိုက်ညီရမည်။

(က) ယင်းပြင်ပလျှောက်လမ်းများသည် အနည်းဆုံးအကျယ်၊ အသားတင်ကင်းလွတ်အမြင့်၊ ကြမ်းခင်းအနိမ့်အမြင့် ခြားနားချက်များအတွက် ပြင်ပထွက်ပေါက်လမ်းကြောင်းများ၏ လိုအပ်ချက်များနှင့်ကိုက်ညီရမည်။ လျှောက်လမ်း၏ အပြင်ဘက်တစ်လျှောက်ရှိ ရင်တားနံရံ သို့မဟုတ် လက်ရန်းအကာများ တပ်ဆင်ရာတွင် ၄ ပေ ထက်မကျော်ရ သို့မဟုတ်၁ မီတာ (၃ ပေ ၄ လက်မ) ထက်မနိမ့်စေရ။ လျှောက်လမ်းကို အမိုးတပ်ဆင်ထားပါက အမိုး၏ဗျက်အကျယ်သည် ၁၀ ပေ ထက် မပိုရ။ အတားအဆီးမဲ့ လေဝင်လေထွက်ပေါက်၏ ဒေါင်လိုက်အမြင့်ကို ရင်တားနံရံ သို့မဟုတ် လက်ရန်းအကာမှ လေဝင်လေထွက်ပေါက်၏ အပေါ်ထိပ် သို့မဟုတ် တံစက်မြိတ်အစွန်းအထိ တိုင်းတာရာတွင် ၄ ပေ ထက်မနည်းစေရပါ။

(ခ) မီးလောင်မလွယ်သောတည်ဆောက်မှုဖြင့် ၄ပေ အမြင့် သို့မဟုတ် ၄ ပေ အထက် (ပြင်ပလျှောက်လမ်း၏ ကြမ်းခင်းမျက်နှာပြင်မှ လေဝင်လေထွက်ပေါက်၏ အောက်ခြေတန်းအထိ တိုင်းတာရမည်)တွင် တပ်ဆင်ထားသော လေဝင်လေထွက်ပေါက်မှ အပ လူနေတိုက်ခန်း (residential apartments) သို့မဟုတ် သီးခြား ဝင်ပေါက်ရှိသော လူနေတိုက်ခန်းတွဲ (maisonettes) များနှင့် ပြင်ပလျှောက်လမ်းကြားတွင် အနည်းဆုံး ၁ နာရီကြာ မီးဒဏ်ခံနိုင်သောပြင်ပနံရံဖြင့် ပိုင်းခြားထားရမည်။

## ၂.၆.၁၂ ထွက်ပေါက်တံခါးများ

### ၂.၆.၁၂.၁ ထွက်ပေါက်တံခါးများ ဖွင့်ပုံဖွင့်နည်း

ထွက်ပေါက်လှေကားခွင်နှင့် ထွက်ပေါက်လမ်းကြောင်းသို့ ဖွင့်ထားသောထွက်ပေါက်တံခါး၏ တံခါးရွက်များ လွှဲဖွင့်ခြင်းကြောင့် နေထိုင်အသုံးပြုသူများ၏ ထွက်ခွာမှုကို အဟန့်အတားမဖြစ်စေရသည့်အပြင် ယင်းသို့ဖွင့်သောတံခါးများအားလုံးသည် လျှောက်လမ်းသို့ ဖွင့်ရာတွင် နေထိုင်အသုံးပြုသူများ၏ သွားလာလှုပ်ရှားမှုများကို အဟန့်အတား မဖြစ်စေရ။ တံခါးဖွင့်ထားသည့်အချိန်တွင် ကျန်လျှောက်လမ်း၏ အသားတင်အကျယ်သည် ဇယား ၂.၆.၆ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း လိုအပ်သောအကျယ်၏ အနည်းဆုံးထက်ဝက်ရှိရမည်။

ထွက်ပေါက်တံခါးများနှင့် ထွက်ပေါက်လမ်းကြောင်းသို့ ဝင်ရောက်သည့် တံခါးများကို အောက်ပါအခြေအနေများတွင် ထွက်ပေါက်သို့ သွားရာလမ်းအတိုင်း ဦးတည်ဖွင့်ရမည်။

(က) ထွက်ပေါက်လမ်းကြောင်းသို့ ဦးတည်သည့်အခါဖြစ်စေ။

(ခ) အဆောက်အဦးတစ်ခုအတွင်းရှိ မီးငြိမ်းသတ်ရန် ပြင်ဆင်ခန်းများနှင့် မီးခိုးတားခန်းများ အပါအဝင် ထွက်ပေါက်အခန်းငယ်များတွင် အသုံးပြုသည့်အခါဖြစ်စေ။ ထွက်ပေါက်အခန်းငယ်အတွင်းသို့ တိုက်ရိုက်ဖွင့်ထားသည့် လူနေအိမ်ယူနစ်တစ်ခုချင်းစီ၏ တံခါးများတွင် ကိုက်ညီမှုရှိရန်မလိုပါ။

(ဂ) ဘေးအန္တရာယ်မြင့်မားသော နေရာတစ်ခုတွင် တပ်ဆင်ထားလျှင်ဖြစ်စေ။

(ဃ) လူ ၅၀ ထက်ပိုသောအခန်း သို့မဟုတ်နေရာတွင် တပ်ဆင်ထားလျှင်ဖြစ်စေ။

### ၂.၆.၁၂.၂ လှေကားခွင်၊ မီးခိုးတားခန်းနှင့် မီးငြိမ်းသတ်ရန်ပြင်ဆင်ခန်းများ၏ သော့စနစ်

ထွက်ပေါက်လှေကားခွင်၊ မီးခိုးတားခန်းနှင့် မီးငြိမ်းသတ်ရန် ပြင်ဆင်ခန်းများတွင် တစ်ဖက်မှသာဖွင့်နိုင်သော သော့စနစ် (one-way locking device) ကို အောက်ပါအခြေအနေများတွင် တပ်ဆင်ရန်ခွင့်ပြုသည်။ ယင်းပစ္စည်းများမှာ ဥပမာ - အလွယ်တကူဖိအားဖြင့် ဖွင့်နိုင်သော မင်းတုပ် သို့မဟုတ် လက်ဖြင့် တွန်းလှည့်ဖွင့်နိုင်သောပစ္စည်း

(က) လှေကားခွင်ဒေါင်လိုက် လမ်းကြောင်းနှင့် လူနေထိုင်အသုံးပြုသော ဧရိယာကြားရှိ ထွက်ပေါက်တံခါး။

(ခ) မီးခိုးတားအခန်း/မီးငြိမ်းသတ်ရန် ပြင်ဆင်ခန်းနှင့်လူနေထိုင်အသုံးပြုသောဧရိယာကြားရှိ ထွက်ပေါက်တံခါး။

(ဂ) လှေကားခွင်လမ်းကြောင်းနှင့် မီးခိုးတားခန်းကြားရှိ ထွက်ပေါက်တံခါး။

(ဃ) လှေကားခွင်လမ်းကြောင်းနှင့်လှည့်ပတ်သွားလာရာနေရာကြားရှိ ထွက်ပေါက်တံခါးနှင့်

(င) မီးခိုးတားအခန်း/ မီးငြိမ်းသတ်ရန် ပြင်ဆင်ခန်းနှင့် လှည့်ပတ်သွားလာရာနေရာ ကြားရှိ ထွက်ပေါက်တံခါး။

### ၂.၆.၁၃ လွတ်မြောက်ရာလမ်းကြောင်း (ထွက်ပေါက်) မီးအလင်းပေးမှု

အရေးပေါ်မီးအလင်းပေးစနစ်ကို လွတ်မြောက်ရာလမ်းကြောင်း (ထွက်ပေါက်)များနှင့် ထွက်ပေါက်များ၊ နောက်ဆုံးထွက်ပေါက်များတွင် တပ်ဆင်ထားရှိရမည်။

## ၂.၆.၁၄ မသန်စွမ်းများအတွက် လွတ်မြောက်ရာလမ်းကြောင်း

အကယ်၍ “အဟန့်အတားမရှိသော” “Accessible place” နေရာတစ်ခုဖြစ်လျှင် အဟန့်အတားမရှိသော လွတ်မြောက်ရာလမ်းကြောင်းကို အခန်း ၂.၇ သတ်မှတ်ချက်နှင့်အညီ ထားရှိပေး ရမည်။

## ၂.၆.၁၅ ထွက်ပေါက်လှေကားတစ်လျှောက် မီးခိုးကင်းလွတ်ချဉ်းကပ်လမ်း

မြေပြင်အထက် ၄ ထပ်ထက်ပိုသော အဆောက်အဦး၏ အထပ်တိုင်းရှိ (မြေညီထပ် အပါအဝင်) ထွက်ပေါက်လှေကားများသို့ အဝင်သည် ပြင်ပထွက်ပေါက်လမ်းကြောင်း သို့မဟုတ် ပြင်ပလျှောက်လမ်းမှတဆင့် အပိုဒ် ၂.၆.၁၀ နှင့်အညီ ဖြစ်ပြီး သို့မဟုတ် အဝင်ခန်းမှတဆင့် အောက်ပါအချက်များနှင့်အညီ မီးခိုးကင်းလွတ်ရန် စီမံထားရှိရမည်။

(က) မီးခိုးတားခန်းသည် အဆောက်အဦး၏ ပင်မဧရိယာမှ တစ်နာရီကြာ မီးဒဏ်ခံနိုင်ရည်ရှိသောနံရံဖြင့်ပိုင်းခြားထားသည့် အခန်းဖြစ်သည်။ ထွက်ပေါက်တံခါးသည် မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာစံချိန်စံညွှန်းသတ်မှတ်ချက်များ (၂၀၂၀)၏ လိုအပ်ချက်များနှင့်သော နာရီဝက်ကြာမီးဒဏ်ခံနိုင်သည့် အလိုအလျောက်ပိတ်နိုင်သော ကိရိယာတပ်ဆင်ထားသည့်တံခါး ဖြစ်ရမည်။ မီးခိုးတားခန်း၏ ပုံစံပြုလုပ်ရာတွင် လွတ်မြောက်ရာလမ်းကြောင်းတစ်လျှောက် နေထိုင်သူများ၏ လှုပ်ရှားသွားလာမှုကို အဟန့်အတားမဖြစ်စေရ။ ယင်းဧရိယာသည် ၃၂ စတုရန်းပေထက် မနည်းစေရ။ မီးခိုးတားခန်းကို မီးသတ်ရန် ပြင်ဆင်ခန်းအဖြစ် အသုံးပြုမည်ဆိုပါက ကြမ်းခင်းဧရိယာသည် ၆၄ စတုရန်းပေထက် မနည်းစေရ။ အခန်း၏အနံသည် ၆ ပေ ၆လက်မ အနည်းဆုံး ရှိရမည်။ ဓာတ်လှေကားဝမှ ဆန့်ကျင်ဘက်သို့ ကြမ်းခင်းသည် ၁:၂၀၀ ထက်မပိုသော နိမ့်လျှောမှုဖြင့် နိမ့်လျှောသွားရမည်။

မီးခိုးတားခန်းကို အောက်ပါနည်းလမ်းများဖြင့် လေဝင်လေထွက် ရှိစေရမည်-

(၁) မီးခိုးတားခန်း၏ ပြင်ပနံရံတွင် အမြဲပွင့်နေသော လေဝင်လေထွက်ပေါက်များ ထားရှိပြီး သဘာဝလေဝင်လေထွက်ရရှိစေရန် ပြုလုပ်ထားရမည်။ အဆိုပါ လေဝင်လေထွက်ပေါက်များသည် မီးခိုးတားခန်း ကြမ်းခင်းဧရိယာ၏ ၁၅ ရာခိုင်နှုန်းအောက် မနည်းစေရ။ လေဝင်လေထွက်ပေါက်များသည် အနည်းဆုံးအကျယ် ၂၀ ပေရှိ၍ ဧရိယာ ၁၀၀၀ စတုရန်းပေထက် မနည်းသည့် လေပေါက် (air-well) သို့မဟုတ် ပြင်ပနံရံတွင်ချိုင့်ဝင်နေသောနေရာ (External Recessed Space) မှ ပေ ၃၀ ထက် ပိုမဝေးရသော နေရာတွင်ရှိရမည်။ လေပေါက် (air-well) သို့မဟုတ်

ပြင်ပနံရံတွင် ချိုင့်ဝင်နေသောနေရာ (External Recessed Space) သည် ဒေါင်လိုက်နေရာ တစ်လျှောက်တွင် အတားအဆီးမရှိစေရ။

(၂) အဆောက်အဦး (လူနေအိမ်)များမှလွဲ၍ စက်မှုနည်းပညာသုံး လေဝင်လေထွက်စနစ်သည် လိုအပ်ချက်များနှင့် ကိုက်ညီရမည်။

(၃) အတားအဆီးမဲ့ လေဝင်လေထွက်ရှိသော လျှောက်လမ်းသည် အနည်းဆုံးပြင်ပနံရံနှစ်ခုတွင် အမြဲပွင့်အနေအထားရှိသည့် လေဝင်လေထွက်ပေါက်များရှိရမည်။ ပြင်ပနံရံတစ်ခုစီတွင်ရှိသော လေဝင်လေထွက်ပေါက်များသည် ပြင်ပနံရံ မျက်နှာပြင်ဧရိယာ၏ ၅၀% အောက်မနည်းစေရ။ လျှောက်လမ်း၏ မည်သည့်နေရာမဆို လေဝင်လေထွက်ပေါက်များမှ ၄၃ ပေ ထက်မပိုသော အကွာအဝေးတွင် ရှိရမည်။

(၄) အလျားလိုက် ၅ ပေ အနည်းဆုံးနှင့် ဒေါင်လိုက် ၁၀ ပေ အနည်းဆုံး အကွာအဝေးအတွင်း လူနေထိုင်အသုံးချမှုဧရိယာများမှ ကာကွယ်မထားသည့် မည်သည့်အပေါက်များကိုမှ ထားရှိခြင်းမပြုရပါ။

## ၂.၆.၁၆ ထွက်ပေါက်သင်္ကေတ

ထွက်ပေါက်လမ်းကြောင်းကို ညွှန်ပြသော လမ်းညွှန်အမှတ်အသားများကို ပေ ၁၀၀ အကွာမှ မြင်နိုင်စေရမည်ဖြစ်ပြီး မည်သည့်အရာနှင့်မှ မဖုံးကွယ်နေစေရ။

## ၂.၆.၁၇ အရေးပေါ်လွတ်မြောက်/ ခိုလှုံဧရိယာ

နောင်ထုတ်ပြန်မည့် စည်းမျဉ်းတွင် ဤအခန်း၏အသေးစိတ်များကို ရင်းမြစ်များရလွယ်နိုင်မှုအပေါ် မူတည်၍ ဖော်ပြသွားမည်။

## ၂.၆.၁၈ အထူးလိုအပ်ချက်များ

### ၂.၆.၁၈.၁ ဆေးရုံများ

(က) ၂၄ နာရီ ဆေးရုံတက်လူနာများအား စောင့်ရှောက်မှုပေးနေသော ၄ ထပ် ထက်ပိုသော အထပ်မြင့်ဆေးရုံများတွင် လူနာများအတွက် ဒေါင်လိုက်သယ်ယူပို့ဆောင်ရေးစနစ် (လူနာတင်အရေးပေါ်ဓာတ်လှေကား) ထားရှိပေးရမည်။

(ခ) အထပ်တိုင်းတွင် ၂ နာရီကြာ မီးဒဏ်ခံနိုင်သော မီးခိုးတားခန်း သို့မဟုတ် ပြင်ပလသာဆောင်ပါရှိရမည်။

### ၂.၆.၁၈.၂ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

**မီးသတ်သမားအသုံးပြုရန်လှေကား -** မီးသတ်သမားအသုံးပြုရန် လှေကားသည် အရေးပေါ် အခြေအနေတွင် မီးသတ်သမားအသုံးပြုရန်ဖြစ်ပြီး အနည်းဆုံးပေါင် ၁၀၀၀ ခံနိုင်ရည်ရှိရမည်။

**လူနာတင်အရေးပေါ်ဓာတ်လှေကား** - လူနာတင်အရေးပေါ်ဓာတ်လှေကားသည် အရေးပေါ် အခြေအနေတွင် အိပ်ရာပေါ်မှမရွှေ့ပြောင်းနိုင်သောလူနာများ၊ ဘီးတပ်ကုလားထိုင်အသုံးပြု နေရသောလူနာများ၊ မသန်စွမ်းလူနာများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းရာတွင် အသုံးပြုရန် ဖြစ်ပြီး သာမန်အချိန်တွင်လည်း အများသုံးဓာတ်လှေကားအနေဖြင့် အသုံးပြုနိုင်သည်။

## ၂.၇ မသန်စွမ်းများအတွက် ဝင်ထွက်သွားလာရ လွယ်ကူစေရန် ချဉ်းကပ်နည်းလမ်းများ

### ၂.၇.၁ နယ်ပယ်

ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် ရုပ်ပိုင်းဆိုင်ရာမသန်စွမ်းသူများကို လွယ်လင့်တကူ ဝင်ထွက်သွားလာနိုင်ရန်အတွက် အဆောက်အအုံများ၏ပုံစံနှင့် တည်ဆောက်မှုများတွင် ထိန်းချုပ်ရန်အတွက်ဖြစ်သည်။

### ၂.၇.၂ အသုံးအနှုန်းများအတွက် အဓိပ္ပါယ်ဖွင့်ဆိုချက်များ

ဤအခန်း၏ ရည်ရွယ်ချက်အတွက် အောက်ပါအဓိပ္ပါယ်ဖွင့်ဆိုချက်များသည် ဖော်ပြပါ အတိုင်း သက်ရောက်စေရမည်။

**မသန်စွမ်းသူများ ဝင်ထွက်သွားလာ အသုံးပြုနိုင်သော-** မြေပြင်၊အဆောက်အအုံတို့ အပြန် အလှန်ဆက်သွယ်မှု သို့မဟုတ် တည်ဆောက်ထားသော ပတ်ဝန်းကျင်၏ မည်သည့်အပိုင်း နေရာကို မဆိုချဉ်းကပ်နိုင်ပြီး မသန်စွမ်းသူများ ဝင်ရောက်အသုံးပြုနိုင်ပါသည်။ အဆောက်အုံ တစ်ခု တည်ဆောက်ခြင်းတွင် ပါဝင်သည့် မူလလုပ်ငန်းဆောင်တာများကို မသန်စွမ်းသူများ အသုံးပြုနိုင်စေသည့် အင်္ဂါရပ်များအဖြစ် ရည်ညွှန်းသည်။

**ဝင်ထွက်သွားလာနိုင်သော ကြားနေရာအပြိုင်ရှိသော မင်းလမ်း-** မသန်စွမ်းသူများ ဘေးကင်းစွာ လှုပ်ရှားသွားလာနိုင်ရန်အတွက် သီးသန့်ကန့်သတ်ထားသော နေရာလမ်းကြောင်း။

**ဝင်ရောက်နိုင်သော ဝင်ပေါက်များ-** အဆောက်အအုံအဝင်ပေါက်သို့ ဦးတည်သွားနိုင်သောလမ်း ကြောင်းတစ်ခုသည် တဆင့်မြင့်နေရာတစ်ခုတွင်ရှိနေပါက တက်ရောက်နိုင်သောကန့်လန့်ဖြတ် လျှောစောက်တစ်ခု မဖြစ်မနေပါရှိရမည်။

**ဝင်ရောက်နိုင်သောလမ်းကြောင်း-** မသန်စွမ်းသူများ အတားအဆီးမရှိ ဘေးကင်းလုံခြုံအမှီအခို ကင်းမဲ့စွာဖြင့် အဆောက်အဦးထဲသို့ ဝင်ရောက်နိုင်သော လမ်းကြောင်းတစ်ခုဖြစ်သည်။

လမ်းကြောင်းတစ်လျှောက်တွင် တခြားအဟန့်အတားဖြစ်စေနိုင်သော လှေကားထစ်များ၊ အနိမ့်အမြင့်များ၊ ဖွင့်ရခက်ခဲသည့် တံခါးပုံစံများ၊ အထစ်များပါရှိသော ရွေ့လျားစက်လှေကား များ မပါရှိရပါ။ အတွင်းသို့ ဝင်ရောက်နိုင်သောလမ်းကြောင်းတွင် မသန်စွမ်းသူများအတွက် အဆင်ပြေနိုင်စေမည့် တံခါးပေါက်များ၊ စကြံ်န်လျှောက်လမ်းများ၊ ဆင်ခြေလျှောများ၊ ဓါတ်လှေကားများ၊ ကြမ်းခင်းမျက်နှာပြင်များနှင့် လုံလောက်သော အကျယ်အဝန်းပါဝင်ရမည်။ အပြင်ဘက်သို့ သွားနိုင်သော လမ်းကြောင်းတွင် ကားရပ်နားနိုင်သောနေရာများ၊ ဆင်ခြေလျှော စောက်များ၊ လူသွားလျှောက်လမ်းများ ပါဝင်ရမည်။

**ခိုနားရန်နေရာ**- ထွက်ပေါက်တစ်ခုသို့ တိုက်ရိုက်သွားရောက်နိုင်သော နေရာဖြစ်ရမည်။ မီးလောင်ဒဏ်ခံနိုင်မှုနှုန်း ရှိရမည့်အပြင် မီးသတ်သမားသုံး ဓါတ်လှေကားဖြင့် ဝန်ဆောင်မှုပေး နိုင်သော နေရာလည်းဖြစ်ရမည်။ လှေကားများကို အသုံးမပြုနိုင်သော မသန်စွမ်းသူများသည် အရေးပေါ် ဘေးကင်းရာသို့ရွှေ့ပြောင်းနေစဉ် နောက်ထပ်ညွှန်ကြားချက်များ သို့မဟုတ် အကူအညီများကို ဘေးကင်းလုံခြုံစွာဖြင့် ခေတ္တစောင့်မျှော်နေထိုင်နိုင်ရန် နယ်မြေတစ်ခုဖြစ် သည်။ ထိုနေရာသည် အနည်းဆုံး ခေတ္တခိုလှုံရန်နေရာ ၂ နေရာစာ ရှိရမည်ဖြစ်ပြီး တစ်နေရာ လျှင် အနည်းဆုံး ၉၀၀ မီလီမီတာ x ၁၂၀၀ မီလီမီတာ ရှိရမည်။

**ရှင်းလင်းသော နေရာလွတ်**- ဘီးတပ်ကုလားထိုင်အသုံးပြုသူတစ်ဦးကို နေရာချရန် အနည်းဆုံး လိုအပ်သည့် အတားအဆီးမရှိသောကြမ်းပြင် သို့မဟုတ် နေရာအလွတ်။

**စကြံ်န်လမ်း**- အခန်း သို့မဟုတ် နေရာအသီးသီးသို့ ဝင်ထွက်သွားလာနိုင်သောလမ်းကြောင်း။

**ကဗ်တုံး-** ကွန်ကရစ်၊ ကျောက်တုံး၊ သတ္တု စသည်တို့ဖြင့် ဖွဲ့စည်းထားပြီး လူသွားလမ်း၊ လျှောစောက်များ၊ ယာဉ်အသွားအလာရှိသောလမ်းများ၊ အပင်စိုက်ထားသော နေရာများကို ဘေးဘက်တွင် တားဆီးထားသည့် မျက်နှာပြင်အထိန်းအကန့်၊ လမ်းနှင့် စကြံ်လျှောက်လမ်း အနားသတ်။

**ဆင်ခြေလျှော ကဗ်တုံး**- လျှောက်လမ်း သို့မဟုတ် ယာဉ် သွားလမ်းမပေါ်တွင် မသန်စွမ်းသူများ အလွယ်တကူသွားလာနိုင်ရန် မျက်နှာပြင်ကို ကန့်လန့်ဖြတ်၍ လျှောစောက်ပုံစံ ပြုလုပ်ပေး ထားသည်။

**ဖမ်းဆုပ်နိုင်သောလက်ကိုင်တန်း**- လူတစ်ဦးတစ်ယောက် တည်ငြိမ်ခိုင်မြဲစေရန် အထောက် အကူပြုသော လက်ကိုင်တန်း ။

**ဆင်ခြေလျှော လျှောစောက်**- လျှောစောက်မျက်နှာပြင်တစ်ခု၏ အစောင်းအတိုင်းအတာ ဒီဂရီကို ရာခိုင်နှုန်း သို့မဟုတ် အချိုးဖြင့် ဖော်ပြထားသည်။

**လက်ရန်း**-စင်္ကြံလမ်း၊ လူသွားလမ်း၊ လှေကားများနှင့် ဆင်ခြေလျှောကဲ့သို့သော သွားလာရ ခက်ခဲသောနေရာများတွင် ကူညီထောက်ပံ့သောအနေဖြင့် ထောက်ကူပေးထားသောတိုင်များ၊ ဒေါက်များဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့်အရာ။

**လှေကားထစ်အစွန်း**- ခြေနင်းလှေကားထစ် အစွန်းတွင်ရှိသောထိပ်တွင် အနည်းငယ်လုံးထား သောအပိုင်း။

**အတားအဆီး**- သွားလာရာလမ်းကြောင်းတွင် ဒေါင်လိုက်အစွန်းထွက်နေသောအပိုင်း သို့မဟုတ် လွတ်လွတ်ကင်းကင်းရှိသော လူသွားစင်္ကြံလမ်းကြောင်း အကျယ်ကို လျှော့နည်းစေသည့် အရာဝတ္ထုတစ်ခု။

**လူသွားလမ်းကြောင်း သို့မဟုတ်စင်္ကြံ**- အဆောက်အအုံတစ်ခု၏ အခန်းနေရာတစ်ခုနှင့် တစ်ခု ချိတ်ဆက်ထားသော နေရာ။

**ဆင်ခြေလျှောလမ်း**- အနိမ့်အမြင့် မတူညီသော မျက်နှာပြင်နှစ်ခုကို လျှောစောက်ဖြင့် ချိတ်ဆက် ထားသော အစောင်းမျက်နှာပြင်နှင့် ၁:၂၀ ( ၅% ) ထက်ပိုများသောမည်သည့် လျှောစောက်မဆို ဆင်ခြေလျှောလမ်းဟု သတ်မှတ်နိုင်သည်။

**လှေကားထစ်အမြင့်** - လှေကားထစ်တစ်ခုမှ တစ်ခုသို့ တက်လှမ်းသည့်အပိုင်း။

**သွားလမ်း**- လှေကား သို့မဟုတ် ဆင်ခြေလျှောတစ်ခု၏ အလျားလိုက် အကွာအဝေး။

**အချက်ပြသင်္ကေတ**- သင်္ကေတအမှတ်အသားများဖြင့် သရုပ်ဖော်ခြင်း၊ ထိတွေ့သိရှိခံစား နိုင်သော စာသား၊ ရုပ်ပုံကားချပ်၊ အသံများဖြင့် သတင်းအချက်အလက်များကို ပြသထားခြင်း၊

**ခြေမချော်စေရန် ပြုလုပ်ထားခြင်း**- လျှောက်လမ်းမျက်နှာပြင်တွင် ချော်လဲမကျစေရန် အမျိုး အစားမတူသော ပစ္စည်းများဖြင့် ပြုလုပ်ထားသည်။

**လျှောစောက် အစောင်း**- ဆင်ခြေလျှောလမ်း၏ လျှောစောက်အစောင်း အလျားလိုက်ကို အမြင့် အဖြစ် ဖော်ပြထားပါသည်။ (ဥပမာ- ၁း၁၆ သည် အမြင့် ၁ မီတာတွင် အလျား ၁၆ မီတာ ရှိသည် ဟု ညွှန်ပြသည်။)

**နေရာလပ်**-သတ်မှတ်ထားသော ဧရိယာ ဥပမာ- အခန်း၊ အိမ်သာ၊ ခန်းမအစည်းအဝေးပွဲ ဧရိယာ၊ ဝင်ပေါက်၊ သိုလှောင်ခန်း၊လှိုဏ် ကဲ့သို့အခန်းငယ် ၊ ခြံဝင်း သို့မဟုတ် ဧည့်ခန်း

**သင်္ကေတအမှတ်အသား**- မသန်စွမ်းသူများ အလွယ်တကူသိမြင်နိုင်ရန် နိုင်ငံတကာသုံး သင်္ကေတ အမှတ်အသား။

**ထိတွေ့သိရှိနိုင်သော** -ထိတွေ့သိမြင်ခံစားနိုင်သော အရာဝတ္ထုတစ်ခုဖြင့် ဖော်ပြခြင်း

**အိမ်သာ**- ရေအိမ်၊ သန့်စင်ခန်း နံရံနှင့် ချိတ်ဆက်ကာရံထားသော ရေအိမ်သာအခန်းအမျိုးမျိုး အနည်းဆုံးတစ်ခန်း ပါဝင်သောအခန်း။

**ထိတွေ့သိရှိနိုင်သောသတိပေးနိုင်သည့်အရာဝတ္ထုပစ္စည်း**- အမြင်အာရုံချို့ယွင်းနေသူများကို သတိပေးရန် လမ်းမျက်နှာပြင်များ သို့မဟုတ် အခြားဒြပ်စင်များဖြင့် စံသတ်မှတ်နိုင်အောင် တည်ဆောက်ပြုလုပ်ထားသော မျက်နှာပြင်အသွင်အပြင်တစ်ခုဖြစ်သည်။

**ဘီးတပ်ကုလားထိုင်အသုံးပြုသူ**- ဘီးတပ်ကုလားထိုင်ကို မှီခိုအားထား၍ ရွေ့လျားနေရသော မသန်စွမ်းသူတစ်ဦး၊ အနိမ့်အမြင့် မညီညာသော သို့မဟုတ် နေရာအဆင့်ဆင့်များကို သင့်တင့်စွာ မလျှောက်လှမ်းနိုင်သော ကိုယ်အင်္ဂါချို့တဲ့နေသူတစ်ဦး။

**အကျယ်**- မျက်နှာပြင်တစ်ခုမှ အခြားမျက်နှာပြင်သို့ ရှင်းလင်းပြတ်သားသော အကွာအဝေး

**စကြံအကျယ်**- အတားအဆီးမရှိသော လမ်းကြောင်း၏ အနံအကျယ်။

## ၂.၇.၃ နယ်ပယ်ဆိုင်ရာလိုအပ်ချက်များ

အများပြည်သူနှင့် သက်ဆိုင်သော အဆောက်အအုံအားလုံးကို မသန်စွမ်းသူများအတွက် ဝင်ခွင့်၊ သုံးခွင့်ရရမည်ဖြစ်ပြီး ဤအခန်းကိုလိုက်နာကာ ယင်းအဆောက်အအုံများတွင် ၎င်းတို့ သုံးနိုင်သော အိမ်သာတစ်လုံး အနည်းဆုံးပါရှိရမည်။ မသန်စွမ်းသူများအတွက် အခြေခံထားသော အဆောက်အအုံပုံစံများအတွက် အနည်းဆုံးပြဋ္ဌာန်းချက်များမှာ အောက်ပါဇယားများ အတိုင်းဖြစ်ရမည်။

ဇယား ၂.၇.၁ နယ်ပယ်ဆိုင်ရာလိုအပ်ချက်များ

| အဆောက်အအုံအမျိုးအစား | အနည်းဆုံးပြဋ္ဌာန်းချက် |
|---|---|
| အများပြည်သူနှင့်သက်ဆိုင်သော သယ်ယူပို့ဆောင်ရေး အဆောက်အအုံများ | အများပြည်သူအသုံးပြုနိုင်ရန် သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် အနည်းဆုံး နေရာတစ်ခုပါရှိရ မည်။ |
| ဘဏ်နှင့်ငွေရေးကြေးရေး ဝန်ဆောင်မှု အဖွဲ့အစည်းများ၊ စာတိုက် ဘဏ်များ | ဝန်ဆောင်မှုစားပွဲ ၁၀ လုံးစီတိုင်းတွင် မသန်စွမ်းသူများ အတွက် ဝန်ဆောင်မှုစားပွဲတစ်လုံး အနည်းဆုံး ပါရှိရမည်။ |
| ဟိုတယ်များ | အခန်း ၂၅၀ တိုင်းတွင်မသန်စွမ်းသူများအတွက် အနည်းဆုံး တစ်ခန်းစီစဉ်ပေးထားရမည်။ ဘီးတပ် ကုလားထိုင် အသုံးပြုသူများအတွက် သတ်မှတ်ထား |

| အဆောက်အအုံအမျိုးအစား | အနည်းဆုံးပြဋ္ဌာန်းချက် |
|---|---|
| | သော အခန်းများသည် မြေညီထပ်တွင်ထား ရှိရမည်ဖြစ်ပြီး မီးလောင်မှုဖြစ်ပါကလည်း လွတ်မြောက်ရန် ပြေးလမ်းနှင့် အနီးဆုံး ထားရှိရမည်။ |
| တေးဂီတဖျော်ဖြေရာခန်းမများ အားကစားကွင်း၊ ရုပ်ရှင်ရုံနှင့် ပြဇာတ်ရုံ၊ အားကစားရုံ၊ အစည်းအဝေးကျင်းပရာ အခြားနေရာများ | မသန်စွမ်းသူများသည် ဝင်ပေါက်၊ ထွက်ပေါက်၊ မိန်းလမ်းနှင့် အများပြည်သူစုဝေးရာနေရာများ အားလုံး သွားလာခွင့်၊ ဝင်ခွင့်၊ သုံးခွင့်ရှိရမည်။ ၎င်းတို့သုံးနိုင်သော အိမ်သာများအားလည်း ထိုအနီးအနားတွင် ရှိရမည်။ ထိုင်ခုံ ၁၀၀ ထားသော နေရာတိုင်းတွင် မသန်စွမ်းသူများအတွက် ဘီးတပ်ကုလားထိုင် တစ်စီးစာနေရာလွတ် အနည်းဆုံး စီစဉ်ပေးထားရမည်။ |
| ဘာသာရေးဆိုင်ရာအဆောက်အအုံများ (လူအယောက် ၁၀၀၀ ထက်ပို၍ ဝင်ဆံ့လျှင်) | ဤအခန်းကဏ္ဍနှင့်အညီ မသန်စွမ်းသူများ ဝတ်ပြုဆုတောင်းသည့် အဓိကနေရာများသို့ ဝင်ထွက်သွားလာနိုင်ရမည်။ |
| တည်းခိုဆောင်များနှင့် ခန်းမများ | မသန်စွမ်းသူများအတွက်ဖြစ်နိုင်ပါက အနည်းဆုံးအနေနှင့် ၎င်းတို့ အလွယ်တကူသွားလာနိုင်သော အလွှာတစ်လွှာ ပါဝင်ရမည်။ အပိုဒ် ၂.၇.၄ ပါ နေထိုင်မှုပုံစံနှင့်အညီ ထားရှိပေးရမည်။ |
| ဈေးဆိုင်တန်း (မြေညီထပ်သည် ၁၀၀၀၀ စတုရန်းပေထက် ပိုကျယ်လျှင်) | မသန်စွမ်းသူများအတွက် အနည်းဆုံးအနေနှင့် မြေညီထပ် တစ်လွှာအား ၎င်းတို့သွားလာနိုင်စေရန် စီမံထားရှိပေးရမည်။ အပိုဒ် ၂.၇.၄ နှင့် အညီ ထားရှိပေးရမည်။ |
| စာသင်ကျောင်း/ပညာရေးနှင့်ဆိုင်သော အဆောက်အအုံ | မသန်စွမ်းသူများအတွက် အနည်းဆုံးအနေနှင့် မြေညီထပ်အား အပိုဒ် ၂.၇.၄ နှင့်အညီ ထားရှိပေးရမည်။ သင်ကြားရေး၊ အုပ်ချုပ်ရေးနှင့် အများနှင့် ဆိုင်သော နေရာတို့မှာ ဘီးတပ်ကုလားထိုင် အသုံးပြုသူများ ဝင်ထွက်သွားလာနိုင်ရမည်။ လှေကားထစ်ရှိသော စာသင်ဆောင်နှင့် ဇာတ်ရုံတွင် ပရိသတ်ထိုင်သော |

| အဆောက်အအုံအမျိုးအစား | အနည်းဆုံးပြဋ္ဌာန်းချက် |
|---|---|
| | နေရာများတွင် မသန်စွမ်းသူများအတွက် သင့်လျော်သော အစီအစဉ်များကို ပြုလုပ်ထားရမည်။ |
| ဆေးရုံများနှင့်ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ | ဝင်ပေါက်များ အားလုံးကို ဘီးတပ်ကုလားထိုင်သုံးသူများအတွက် ဝင်ထွက် သွားလာနိုင်ရမည်။ အခန်းများနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဌာနများ အားလုံးသည် လူနာများ၊ မသန်စွမ်းသည့်ဧည့်သည်များ၊ မသန်စွမ်းသည့်ဝန်ထမ်းများ အဆင်ပြေစွာ သွားလာနိုင်ရန် ဆောင်ရွက် ပေးရမည် ။ |
| စာကြည့်တိုက်များ | စာကြည့်တိုက်ရှိ အသုံးအဆောင်များ၊ နေရာထိုင် ခင်း၊ စာအုပ်ထားရာအကန့်တို့ကို မသန်စွမ်းသူများအတွက် အဆင်ပြေအောင် ထားရမည်။ စာဖတ်ရန် အကူအညီများလိုအပ်သည့် အမြင်အာရုံနှင့် အကြားအာရုံ ချို့ယွင်းသူများအတွက် အထူးအခန်းတစ်ခန်း ထားရှိရမည်။ |
| စားသောက်ဆိုင်တန်းများ၊ အဆင့် မြင့်ကော်ဖီဆိုင်များ၊ စားသောက် ဆိုင်များ | သင့်လျော်သော ဝင်ပေါက်ဖြစ်ရမည်။ ကြမ်းခင်း နှင့် တွဲလျှက်ရှိသောစားပွဲ ၁၀လုံး တိုင်းအတွက် ထိုင်ခုံမပါသော စားပွဲတစ်လုံးကို အနည်းဆုံး ထားရှိရမည်။ ခွေးခြေများနှင့် စားပွဲခုံအမြင့်များသည် ဘီးတပ်ကုလားထိုင် သုံးသူများအတွက် မသင့်လျော်သောကြောင့် စားပွဲခုံအနိမ့်များကို စီစဉ်ထားရှိရမည်။ ကိုယ်တိုင်ယူစနစ်ဖြင့် စားသောက်ရသည့် စားသောက်ဆိုင်များတွင် လင်ဗန်းထားရာနေရာနှင့် ကောင်တာတို့ကို ကြမ်းခင်းမှ ခန့်မှန်းခြေ ၀.၉၀ မီတာ အမြင့်ထားရှိရမည်။ |

## ၂.၇.၄ အနည်းဆုံးလိုအပ်ချက်များ

### ၂.၇.၄.၁ မသန်စွမ်းသူများအတွက် ကားထားရန်နေရာ

မသန်စွမ်းသူများအတွက် ကားရပ်နားရန်နေရာများသည် မူလအားဖြင့်ရှိသော ကားရပ်နားရာနေရာများနှင့် ခြားနားသည်။ မသန်စွမ်းသူများသည် သင့်အစီအစဉ်များ၊ ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများကို လွယ်ကူစွာ ဝင်ရောက်ကြည့်ရှုနိုင်ရန် သတ်မှတ်ထားသော အသွင်အပြင်များရှိသည့် နေရာများတွင် ထားရှိပေးထားရမည်။

(က) တည်နေရာ- မသန်စွမ်း ဖြစ်နေသူတစ်ဦးသည် အဆောက်အအုံတစ်ခုထဲသို့ အမြန်ဆုံး ဝင်ရောက်နိုင်ရန် ကားထားသည့်နေရာကို ၎င်းတို့ဝင်နိုင်ထွက်နိုင်သည့် ဝင်ပေါက်နှင့် အနီးဆုံးတွင် ထားရှိရမည်။

(ခ) ဝင်ထွက်နိုင်သော ကားရပ်နားနိုင်သောလမ်းကြောင်း- မသန်စွမ်းသူများအတွက် ကားရပ်နားရာနေရာများတွင် ကားရပ်သည့်နေရာအရှည် အကန့်နှင့်အပြိုင် ကြားနေရာ မင်းလမ်း ပါရှိရမည်။ ထိုနေရာသည် ဘီးတပ်ကုလားထိုင် သို့မဟုတ် အခြားရွေ့လျားနိုင်စွမ်း ကိရိယာများကို အသုံးပြုသူများအတွက် ကား သို့မဟုတ် လူနာတင်ယာဉ်ကဲ့သို့သော အလုံပိတ်မော်တော်ယာဉ်အမျိုးအစား ကားအဝင်အထွက် အဆင်းအတက်ပြုလုပ်ရန် သတ်မှတ်ထားသော ဧရိယာတစ်ခုဖြစ်သည်။ ၎င်းနေရာများသည် တခြားကားများ ရပ်နားခြင်းမပြုရန် အမှတ်အသားပြထားရမည်။ ဘေးမှကားရပ်ရန်နေရာနှင့် တူညီသော အရှည်ရှိပြီး ကြမ်းခင်းမျက်နှာပြင်၏ အနိမ့်အမြင့်တူညီနေရမည်။ မသန်စွမ်းသူများ အသုံးပြုနိုင်သည့် ကားရပ်နားရာ နေရာနှစ်ခုကြားတွင် ထောင့်ချိုးကားရပ်ရန် နေရာမှ လွဲ၍ မင်းလမ်းကို မျှဝေထားရှိနိုင်သည်။ ကားရပ်ရန် နေရာတစ်နေရာ တည်းရှိသောအခါ တွင်လည်း ထောင့်ချိုးကားရပ်ရန် နေရာမှလွဲ၍ ကားရပ်နားနေရာသည် မသန်စွမ်း ခရီးသည်များ အတက်အဆင်းပြုလုပ်နိုင်သောဘက်တွင်သာ တည်ရှိရမည်ဖြစ်သည်။



ပုံ၂.၇.၁.- ဝင်ထွက်သွားလာနိုင်သော ကားရပ်နားနေရာနှစ်ခုကြား ဆုံရာ မင်းလမ်း

(https://www.ada.gov)

(ဂ) ကားရပ်နားရန် နေရာများတွင် မသန်စွမ်းသူများအတွက် ရိုးရိုးကား အမျိုးအစား နှင့် လူနာတင်ယာဉ်ကဲ့သို့ အလုံပိတ်မော်တော်ယာဉ် အမျိုးအစားများ ရပ်နားနိုင်ရန် စီစဉ်ထားရှိရမည်။

(၁) မသန်စွမ်းသူများအတွက် ကားနေရာသည် အနည်းဆုံး ၉၆ လက်မအကျယ် ရှိရမည် ဖြစ်ပြီး အနည်းဆုံး ၆၀ လက်မအကျယ် အတက်အဆင်းသီးသန့် သုံးနိုင်သောလမ်း ပါရှိရမည်။

(၂) မသန်စွမ်းသူများအတွက် ယာဉ်အကြီးရပ်ရန်နေရာသည် အနည်းဆုံး ၁၃၂ လက်မ အကျယ်နှင့် အနည်းဆုံး ၆၀ လက်မ အတက်အဆင်း သီးသန့်ပြုလုပ်နိုင်ရမည် သို့မဟုတ် အနည်းဆုံး ၉၆ လက်မ အကျယ် နှင့် အနည်းဆုံး ၉၆ လက်မ အတက် အဆင်း သီးသန့်ပြုလုပ်နိုင်ရမည်။

(၃) ဦးတည်ရာလမ်းကြောင်းအားလုံးတွင် မြေပြင်အစောင်းသည် ၁.၅၀ (၂.၀%) ထက် မပိုရ။

(၄) ကားရပ်နားရန်နေရာများ၊ မင်းလမ်းနှင့် ကားဝင်ထွက်ရာလမ်းကြောင်းများတွင် ဗန်ကားများ ဝင်ထွက်သွားလာနိုင်ရန် ဒေါင်လိုက်အမြင့်သည် ၉၈ လက်မ အနည်း ဆုံး ရှိရမည်။

(၅) ကြမ်းခင်းမျက်နှာပြင်သည် ညီညာခိုင်ခံ့ မာကျော၍ မချော်စေရပါ။

(၆) မြေပြင်အထက် အောက်ခြေမှ အနည်းဆုံး ၆၀ လက်မ အမြင့်ရှိသော ဆိုင်းဘုတ် နှစ်ခု ရှိရမည်။ ပထမဆိုင်းဘုတ်သည် မသန်စွမ်းသူများအတွက် နိုင်ငံတကာ သင်္ကေတပြအမှတ်အသားဖြစ်ပြီး ဒုတိယဆိုင်းဘုတ်မှာ ဗန်ကားဝင်ရောက် ရပ်နား နိုင်သောနေရာ ဖြစ်ကြောင်းပြထားခြင်း ဖြစ်ရမည်။




ပုံ ၂. ၇. ၂ က-ဗန်ကားရပ်နားနိုင်သော နေရာနှင့် မင်းလမ်းနေရာတို့ ၏ ဒေါင်လိုက်အမြင့်အတိုင်း အတာပြထားခြင်း (https://adata.org/-guide-making-temporary-events-accessible-people-disabilities)




ပုံ ၂. ၇. ၂ ခ -အကူအညီလိုအပ်သည့်အတွက် ကားရပ်နားရန်နေရာ ဆိုင်းဘုတ် (https://blog.asphaltkingdom.com/ada-handicap-parking)




ပုံ ၂. ၇. ၃- မသန်စွမ်းသူများအတွက် ကားရပ်နားရန်နေရာ

**(ဃ) ယာဉ်အသွားအလာရှိသောနေရာအတွက် နိုင်ငံတကာဆိုင်ရာအမှတ်သင်္ကေတရေးဆွဲခြင်း**

အကူအညီလိုအပ်သောသူများအတွက် ကားရပ်နားရန်နေရာများတွင် အပြာရောင်နှင့် အဖြူရောင်ကို အများဆုံးအသုံးပြုပြီး အပြာရောင်အား နောက်ခံအတွက်သုံး၍ အဖြူရောင်ကို အမှတ်သင်္ကေတအတွက် အသုံးပြုသည်။ သို့သော် အနီရောင်၊ အဝါရောင်နှင့် အစိမ်းရောင်တို့ကိုလည်း အသုံးပြုနိုင်သည်။ အဓိကရည်ရွယ်ချက်မှာ လမ်းကြောင်း မျက်နှာပြင်၏အရောင်ပေါ်မှ အမှတ်အသားများကို အလွယ်တကူ သေချာစွာပေါ်လွင်စေရန်ဖြစ်သည်။ အလယ်မင်းလမ်းနေရာကိုလည်း ထောင့်ဖြတ်လိုင်း အမှတ်အသားများဖြင့် သိသာစေနိုင်သည်။ ကားမရပ်ရဆိုသည့် သင်္ကေတအတွက် အဖြူရောင်ဆေးဖြင့် အမှတ်အသားပြုလုပ်နိုင်သည်။

**(င) အသုံးပြုနိုင်သော ကားရပ်နားရာနေရာများကို တွက်ချက်ခြင်း**

၁။ အဆောက်အအုံအမျိုးမျိုးအတွက် လိုအပ်သည့်အနည်းဆုံး ကားရပ်နားရာနေရာ အရေအတွက်များဖြစ်သည်။

၂။ မသန်စွမ်းသူများအတွက် ရိုးရိုးသာမာန်ကား ၆ စီးစာနေရာများတွင် မှန်လုံယာဉ် ဗန်ကားတစ်စီးစာနေရာ ပါဝင်ရမည်။

အောက်တွင် ဖော်ပြထားသောဇယားတွင် ရပ်နားနိုင်သော ကားနေရာအရေအတွက်နှင့်ဆက်နွယ်၍ မသန်စွမ်းသူများအတွက် လိုအပ်ချက်နှင့် ကိုက်ညီသော ကားနေရာ အရေအတွက်ကို ခွဲဝေတွက်ချက်ထားပါသည်။ သို့သော် အောက်ပါခြွင်းချက်များကို မှတ်သားထားရမည်။

ဇယား ၂. ၇. ၂ မသန်စွမ်းသူများအတွက် ကားရပ်နားရန်နေရာ လိုအပ်ချက်

| **မသန်စွမ်းသူများအတွက် ကားရပ်နားရန်နေရာ လိုအပ်ချက်** | |
|---|---|
| ယာဉ်ရပ်နားရန်နေရာ အရေအတွက် စုစုပေါင်း | မသန်စွမ်းသူများအတွက် ကားရပ်နားရန်နေရာ လိုအပ်ချက် အရေအတွက် |
| ၁-၅၀ | ၁ |
| ၅၀-၁၀၀ | ၂ |
| ၁၀၁-၁၀၁ နှင့် အထက် | ၃+( အစီး ၁၀၀ လျှင် တစ်စီး) |

ဆေးရုံများကဲ့သို့သော ဆေးဘက်ဆိုင်ရာ အဆောက်အအုံများတွင် မသန်စွမ်းလူနာများ / ဧည့်သည်များအတွက် ကားရပ်နားရာနေရာ ၁၀% ပိုမိုရရှိသင့်သည်။

လှုပ်ရှားသွားလာနိုင်စွမ်းချို့တဲ့သူများ သို့မဟုတ်ရုပ်ပိုင်းဆိုင်ရာကုထုံး လိုအပ်သူများအား ကုသပေးနေသော ပြန်လည်ထူထောင်ရေးဆိုင်ရာစင်တာဌာန သို့မဟုတ် ဆေးခန်းများတွင် ပုံမှန်လိုအပ်ချက်အပြင် နောက်ထပ် ၂၀% ပိုသော ကားရပ်နားရာနေရာများ ရှိသင့်ပါသည်။

**(စ) ကားရပ်နားသည့် သီးသန့်အခြေအနေများ အကန့်အသတ်အရေအတွက်ဖြင့်သာ ထားရှိထားသော ကားရပ်နားရန်နေရာ-** ကားရပ်နားနေရာ ၄ နေရာ သို့မဟုတ် အနည်းအကျဉ်းသာ ကန့်သတ်ထားရှိထားသော နေရာများတွင် မှန်လုံယာဉ်ဗန်ကားတစ်စီး၊ လူနာတင်ယာဉ်ကဲ့သို့သော ကားနေရာတစ်နေရာ မဖြစ်မနေ ပါဝင်ရပ်နားနိုင်ရမည်။ မသန်စွမ်းသူများအတွက်သာ ဝင်ရောက်ရပ်နားနိုင်သည့်နေရာဟု ဖော်ထုတ်ထားသော ဆိုင်းဘုတ်ထားရှိရန် မလိုအပ်ပါ။




ပုံ- ၂. ၇. ၄ အကန့်အသတ် အရေအတွက် ဖြင့်သာ ထားရှိထားသော ကားရပ်နားရန် နေရာ

(https://www.ada.gov/topics/parking)

### ၂.၇.၄.၂ **ဝင်ပေါက်နှင့် တံခါးပေါက်များ**

အဝင်တံခါးများမှာ ဘေးထိုးတံခါး သို့မဟုတ် တွန်းဖွင့်နိုင်သော တံခါးပုံစံရှိရမည်။ ၃၆၀ ဒီဂရီလှည့်ပတ်နိုင်သောတံခါးများမှာ ကလေးလက်တွန်းလှည်းသုံးသူများ၊ မသန်စွမ်းသောလူများ အသုံးပြုရန်အတွက် သင့်လျော်မှုမရှိပါ။

(က)တံခါးရွက် ၂ ရွက်ပါတံခါးများအတွက် တံခါးရွက်တစ်ချပ်လျှင် ၂ ပေ ၁၀ လက်မ အသားတင်အကျယ် အနည်းဆုံးထားရှိရမည်။

(ခ)မသန်စွမ်းသူများအတွက် သီးသန့်ထားသော ကားထားရန်နေရာကို အနည်းဆုံး ဝင်ပေါက်တစ်ပေါက်၏ အနီးတွင် ထားရှိရမည်။

(ဂ)ဘီးတပ်ကုလားထိုင် အသုံးပြုသူများအတွက် တံခါးများဖွင့်ထားပါက တံခါး၏အသား တင်အကျယ်မှာ အနည်းဆုံး ၃ပေ ရှိရမည်။

(ဃ)တံခါးလက်ကိုင်များကို လွယ်ကူစွာဖွင့်နိုင်ရန် စီစဉ်ထားရမည်ဖြစ်ပြီး မောင်းတံ လက်ကိုင်များသည် တံခါးလက်ကိုင်ဘုများထက်ပို၍ သင့်လျော်သည်။

(င)တံခါးလက်ကိုင်များနှင့် အခြားဆက်စပ်ပစ္စည်းများကို ကြမ်းခင်းမှ ၃ ပေ ၆ လက်မ ထက်မပို၊ ၃ ပေ အောက် မလျော့အောင် တပ်ဆင်ထားရမည်။

(စ)တံခါးဖွင့်ရာနေရာ ပတ်လည်အကျယ်အဝန်း အနည်းဆုံး ၄ ပေ ၆ လက်မ ရှိရမည်။

### ၂.၇.၄.၃ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ

အများပြည်သူနှင့် သက်ဆိုင်သော နေရာများအားလုံးကို မသန်စွမ်းသူများအတွက် အတားအဆီးမရှိ လွယ်ကူစွာသွားလာနိုင်ရန် စီစဉ်ထားရှိရမည်။

### ၂.၇.၄.၄ နှိပ်ရန်ခလုတ်များ (buttons) နှင့် ခလုတ်များ (switches)

ခလုတ်များ၊ စက်ခလုတ်များနှင့် ဓါတ်လှေကားခလုတ်များစသည့် ဘီးတပ်ကုလားထိုင် အသုံးပြုသည့် နေရာတစ်ဝိုက်ရှိ ခလုတ်များအားလုံးသည် ၄ ပေ ၉ လက်မထက်မပို ၃ ပေ ၃ လက်မ အောက်မလျော့သည့်နေရာတွင်ရှိရမည်။ မသန်စွမ်းသူများ အသုံးပြုမည့်ဓါတ်လှေကား သည် ပုံမှန်အားဖြင့် အများပြည်သူသွားရောက်နိုင်သည့် အထပ်အားလုံးသို့ရောက်ရှိသွားလာ နိုင်ရမည်။ ဓါတ်လှေကား၏အတွင်းပိုင်းတွင် ကြမ်းပြင်မှ အမြင့် ၂ ပေ ၇ လက်မ မှ ၂ ပေ ၉ လက်မအထိ တပ်ဆင်ထားသော လက်ရန်းတန်းတစ်ခုကို ဝင်ပေါက်နေရာဖက်မှလွဲ၍ ကျန် သုံးဖက်တွင် တပ်ဆင်ထားသင့်သည်။ အထပ်များကို ရွေးချယ်ရမည့်ခလုတ်များပေါ်ရှိကိန်းဂဏာန်း များကိုလည်း ထိတွေ့ရုံဖြင့် အလွယ်တကူခွဲခြားသိမြင်နိုင်ရန် ပြုလုပ်ထားရှိ ပေးထားရမည်။




ပုံ ၂. ၇. ၅- ဓါတ်လှေကားအိမ် (https://www.un.org/esa/socdev/enable/design)

### ၂.၇.၄.၅ လှေကားလက်ရန်း

(က) လှေကားလက်ရန်း သို့မဟုတ် လက်တန်းများအားလုံး၏ လုံးပတ်သည် အချင်း ၁ လက်မအောက်မနည်း၊ ၂ လက်မ ထက်လည်းမပိုစေရပါ။ နံရံကပ်လက်တန်းများသည် နံရံ သို့မဟုတ် တံခါးမျက်နှာပြင်နှင့် အနည်းဆုံး ၁.၇၅ လက်မ ရှိရမည်။

(ခ) လှေကားလက်ရန်းများကို ဆင်ခြေလျှော၏တစ်ဖက်စီတွင် တပ်ဆင်ရမည်ဖြစ်ပြီး လူသွားလူလာလမ်းများကို အနှောင့်အယှက် မဖြစ်စေရပါ။

(ဂ) လက်ရန်းတန်းများ၏ အမြင့်ဆုံးနေရာသည် လှေကားကြမ်းခင်း သို့မဟုတ် ဆင်ခြေလျှောလမ်း၊ လျှောက်လမ်း သို့မဟုတ် လှေကားတဆင့် ရပ်နားရာနေရာများ၏ အပြီးသတ်ကြမ်းခင်းမျက်နှာပြင်၏ အထက်မှ ၂ ပေ ၁၀ လက်မ ထက်မနည်းရ သို့မဟုတ် ၃ ပေ ၇ လက်မထက် ပိုမမြင့်ရပါ။

### ၂.၇.၄.၆ စကြံလမ်းနှင့် လျှောက်လမ်း

(က) စောင့်ဆိုင်းရန်နေရာ၊ စင်္ကြံလမ်းနှင့် လျှောက်လမ်းအကျယ်ကို အနည်းဆုံး ၄ ပေ ထား ရှိရမည်။

(ခ) စင်္ကြံလမ်းတစ်လျှောက်ဝင်ထွက်နိုင်သော တံခါးပေါက်များနှင့် တစ်ဖက်ပိတ်လမ်းဆုံး ကြား အကွာအဝေး ၁၂ ပေ သို့မဟုတ် ၁၂ ပေ အတွင်း ပြန်လည်ချိုးကွေ့ရန် ၄ ပေ ၆ လက်မပတ်လည်အကျယ် အနည်းဆုံးထားရှိရမည်။







ပုံ ၂.၇.၆- လျှောက်လမ်း နှင့် ပြန်လည် ချိုးကွေ့ရန်နေရာ အတိုင်းအတာများ

(https://adata.org/guide/planning-accessible-people-disabilities)

### ၂.၇.၄.၇ ကြမ်းခင်းမျက်နှာပြင်ရှိ ပစ္စည်းများကို ညွှန်ပြခြင်း၊ သတိပေးခြင်း

ကြမ်းခင်းပစ္စည်းများကို အမြင်အာရုံချို့ယွင်းမှုများကို ညွှန်ပြရန် သို့မဟုတ် သတိပေး ရန် အရောင်ပြောင်းလဲထားခြင်း၊ သို့မဟုတ် အလွယ်တကူသိရှိ သတိပြုနိုင်ရန်အတွက်

ဘေးပတ်ဝန်းကျင်ရှိ ကြမ်းခင်းများနှင့် ခြားနားသောအတွေ့အထိများနှင့် လွယ်ကူစွာခွဲခြားနိုင်သော အရာဝတ္ထုများနှင့် ပြုလုပ်ထားခြင်းကို ကြမ်းခင်းမျက်နှာပြင်ရှိ ပစ္စည်းများကို ညွှန်ပြခြင်း၊ သတိပေးခြင်းဟုခေါ်သည်။ ဤကြမ်းခင်းမျက်နှာပြင်ပစ္စည်းများကို အောက်ပါနေရာများတွင် ထားရှိရမည်။

(က) အဆောက်အအုံနှင့် ကားရပ်နားရန်ဧရိယာသို့ သွားရာလမ်း

(ခ) ဝင်ဝင်ချင်းခန်းမဆောင်မှ သတင်းအချက်အလက်စုံစမ်းရန်နေရာ၊ ညှိကြိုနေရာ၊ ဓါတ်လှေကားနေရာ၊ လှေကားများနှင့် အိမ်သာများသို့ သွားရာလမ်း

(ဂ) ကားအသွားအလာရှိသော လူသွားလမ်းအစနှင့် အဆုံးနေရာ

(ဃ) မျက်နှာပြင်အနိမ့်အမြင့် ရုတ်တရက်ပြောင်းလဲသွားသောနေရာများ သို့မဟုတ် ဆင်ခြေလျှောတစ်ခု၏အစနှင့်အဆုံး

(င) ဝင်ပေါက်၏ရှေ့၊ ထွက်ပေါက်၏ရှေ့နှင့် လှေကားခွင်စကြံနေရာ

(စ) ထိတွေ့ခံစားနိုင်သည့် မျက်နှာပြင်လမ်းကြောင်းသည် အနည်းဆုံး ၀.၆ မီတာ ထားရှိ ရမည်။




ပုံ ၂. ၇. ၇ - အမြင်အာရုံမကောင်းသူများအတွက် လမ်းညွှန်ကြမ်းခင်း ပုံသဏ္ဌာန်အမျိုးမျိုး

## ၂.၇.၄.၈ အချက်ပြသင်္ကေတ

အချက်ပြသင်္ကေတပုံစံအားလုံးသည် ညအခါတွင် ရှင်းရှင်းလင်းလင်းမြင်နိုင်ရမည်ဖြစ်ပြီး လွယ်လွယ်ကူကူဖတ်နိုင်၊ နားလည်နိုင်ရမည်။ အချက်ပြသင်္ကေတ အမှတ်အသားများကို အလင်းပြန်နိုင်ခြင်းကြောင့် မှန်မျက်နှာပြင်၏ နောက်တွင် မထားသင့်ပါ။ ဝင်ထွက်သွား

လာရလွယ်ကူသောနေရာများနှင့် အသုံးအဆောင်များကို မသန်စွမ်းသူများအတွက် နိုင်ငံတကာသုံးသင်္ကေတဖြင့် ခွဲခြားဖော်ပြရမည်။ (ပုံတွင်ကြည့်ပါ။)




ပုံ-၂.၇.၈ အများပြည်သူသွားလာရာနေရာရှိ သတင်းအချက်အလက်များရေးထားသော ဆိုင်းဘုတ်များ

သင်္ကေတတွင် (လေးထောင့်ပုံနောက်ခံ သို့မဟုတ် လေးထောင့်ကွက်အနားသတ်ဖြင့် ဘီးတပ်ကုလားထိုင်ပုံစံပါဝင်ရမည်။ (ပုံတွင် ကြည့်ပါ။)




ပုံ ၂. ၇ .၉ မသန်စွမ်းသူများအတွက် နိုင်ငံတကာသုံးသင်္ကေတ

အချက်အလက်များရေးထားသော လမ်းညွှန်ဆိုင်းဘုတ်များကို လုံလောက်သည့် ကြီးမားသော စာလုံးအရွယ်အစားအသုံးပြုခြင်း၊ ကွဲကွဲပြားပြားနှင့် မီးအလင်းရောင်ပေးခြင်း ဖြင့် အလွယ်တကူဖတ်နိုင်ရန် ပြုလုပ်သင့်သည်။

အကြားအာရုံချို့တဲ့နေသူများအတွက် သင့်လျော်သည့် အရွယ်အစားနှင့် အမြင့်ရှိသော လျှပ်စစ်ဆိုင်းဘုတ်များကို လူသွားစင်္ကြံပေါ်ရှိ မြင်သာသောနေရာတွင် ကြော်ငြာချက်များ ပြလုပ်နိုင်ရန် ထားရှိရမည်။

အမြင်အာရုံချို့ယွင်းသူများအတွက် အကြားအာရုံနှင့်ဖြစ်စေ၊ ထိတွေ့ခံစားခြင်းဖြင့်သိနိုင်သောနည်းဖြင့်ဖြစ်စေ ပြုလုပ်ထားရမည်။

နိုင်ငံတကာသုံးသင်္ကေတအမှတ်အသားများကို ဖော်ပြခဲ့သည့်အတိုင်း ဓါတ်လှေကား၊ အိမ်သာ၊ လှေကားခွင်၊ ယာဉ်ရပ်နားရန် နေရာများတွင် မသန်စွမ်းသူများအသုံးပြုရန် နည်းလမ်းနှင့်တကွ တပ်ဆင်ရမည်။

### ၂.၇.၄.၉ ဆင်ခြေလျှောများ

(က) ဘီးတပ်ကုလားထိုင်များအတွက် ဆင်ခြေလျှောများသည် စောင်းနိုင်သောအချိုး (rise: run) ၁: ၁၀ အောက် ဆင်ခြေလျှောများဖြစ်ရမည် ဖြစ်ပြီးဆင်ခြေလျှော၏ အသားတင်အကျယ်သည် အနည်းဆုံး ၄ ပေ ဖြစ်ရမည်။

(ခ) ဆင်ခြေလျှော၏ တစ်ဆက်တည်းအရှည်သည် အများဆုံး ပေ ၃၀ ထက် မပိုရပါ။ ပေ ၃၀ တိုင်းတွင် တစ်ထောက်နားရန်အကျယ်သည် အနည်းဆုံး ၆ ပေဖြစ်ရမည်။

(ဂ) ဆင်ခြေလျှော၏အမြင့်သည် ၁ ပေအောက် ဖြစ်ပါက လျှောစောက်ကို ၁:၈ အထိ မတ်စောက်နိုင်သည်။

(ဃ) ဆင်ခြေလျှောမျက်နှာပြင်ကမာပြီး မချော်စေရပါ။

### ၂.၇.၄.၁၀ လှေကားများ

ကြောင်လိမ်လှေကားများနှင့် တစ်ဆင့်ရပ်နားနိုင်သည့်နေရာတွင် အထစ်များပါရှိခြင်းကို ရှောင်ရမည်။



ပုံ -၂. ၇. ၃. ၉ (က) ကြောင်လိမ်လှေကားများနှင့် အထစ်များပါရှိသောလှေကားများ

မျက်စိအမြင်အာရုံမကောင်းသူများ အသုံးပြုနိုင်ရန်အတွက် လှေကားထစ်အစွန်းများကို သိသာထင်ရှားသောအရောင်ဖြင့် ဆေးသုတ်ထားရမည်။




ခြေကျော်၏အမြင့်သည် ၁၅၀ မီလီမီတာထက်မကျော်စေရ၊ နင်းပြားအကျယ်သည် ၃၀၀ မီလီမီတာဖြစ်ရမည်။ အဆင့်များတွင်မပြေပြစ်သော (လေးထောင့်ပုံ) အစွန်းများ မရှိစေရ။




ပုံ - ၂. ၇. ၃. ၉ (ဃ) ခြေမချော်ရန်ပြုလုပ်ထားသည့် လှေကားထစ်အစွန်း

## ၂.၇.၄.၁၁ ကောင်တာနှင့် စားပွဲ

မသန်စွမ်းသူများအတွက်စာရေးရန် သို့မဟုတ် ဝန်ဆောင်မှုကောင်တာများသည် အမြင့် ၂ ပေ ၅ လက်မထက်မကျော်စေရ။ ကောင်တာအောက်ရှိ နေရာလွတ်သည် ထုထည်အားဖြင့် အနည်းဆုံး အကျယ် ၃ပေ၊ အနံ ၁ ပေ ၉ လက်မနှင့် အမြင့် ၂ ပေ ၅ လက်မရှိရမည်။

## ၂.၇.၄.၁၂ အများသုံးရေအိမ်များနှင့် သန့်စင်ခန်းများ

ဘီးတပ်ကုလားထိုင် အသုံးပြုသည့်ရေအိမ်အခန်း၏ အတိုင်းအတာများသည် ပုံ ၂.၇.၁၁ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်ရမည်။ အများသုံးရေအိမ်များကို အချက်ပေးခေါင်းလောင်း စနစ် တပ်ဆင်သင့်သည်။ ရေအိမ်၏ကြမ်းခင်းသည် မချော်လဲစေရဘဲ တစ်ပြေးညီဖြစ်ရမည်။ အဖုအထစ်မရှိစေရ။

ကြည့်မှန်များသည် မတ်တပ်ရပ်အနေအထားနှင့် ထိုင်လျက်အနေအထား ပုဂ္ဂိုလ်များ ၂ မျိုးလုံးအတွက် အသုံးပြုရန် သင့်လျော်ရမည်။ နိမ့်သောကြည့်မှန်များ သို့မဟုတ် အောက်ဘက်သို့ စောင်းထားသည့် ကြည့်မှန်များကို အသုံးပြုနိုင်သည်။ ကြည့်မှန်များ၏ အောက်ခြေအစွန်းသည် အချောသတ်ကြမ်းခင်းအတွက် အများဆုံး ၁.၀၀ မီတာ အမြင့်ရှိရမည်။

အိမ်သာထိုင်ခုံများ (Toilet seats)၊ ရေဇလုံအနိမ့် (bidets)၊ ရေပန်းထိုင်ခုံ (shower seats) နှင့် ရေချိုးဇလုံ (bath-tup seats) များသည် ဘီးတပ်ကုလားထိုင်၏အမြင့်နှင့် အလားတူဖြစ်ရန် လိုအပ်သည်။ ဥပမာ မြေပြင်ညီအထက် ၀.၄၅ မီတာနှင့် ၀.၅ မီတာ ရှိရမည်။

လက်ကိုင်တန်းများကို အိမ်သာ၊ ရေချိုးကန်နှင့် ရေပန်းများ၌ မသန်စွမ်းသူများ လွယ်ကူစွာနှင့် ဘေးကင်းစွာအသုံးပြုနိုင်ရန်အတွက် တပ်ဆင်ထားရမည်။ လက်ကိုင်တန်းများသည် အချင်း မီလီမီတာ ၃၀ မှ ၄၀ ထိ ရှိရမည်။ နံရံ၌ စိုက်သွင်းပြုလုပ်ထားသော လက်ကိုင်များသည် နံရံမှအပြင်သို့ ၃၅ မီလီမီတာနှင့် ၄၅ မီလီမီတာအထိ ထုတ်ထားရမည်။




**FLOOR PLAN**




**SECTION**




**FLOOR PLAN**




**SECTION**

**၂.၇.၄.၁၃ အရေးပေါ်ထွက်ပေါက်များ-**

အရေးပေါ်အခြေအနေတစ်ခုတွင် မသန်စွမ်းသူများအပါအဝင် နေထိုင်သူအားလုံး သွားလာနိုင်သည့်လမ်းကြောင်းများတဆင့် အရေးပေါ်ထွက်ပေါက်များသို့ လွတ်မြောက်စေရန် ပုံစံထုတ်ရေးဆွဲရမည်။

(က) အရေးပေါ်ထွက်ပေါက်တည်နေရာသည် အရေးပေါ် ထွက်ပြေးလွတ်မြောက်နိုင်သည့် လမ်းကြောင်းပြ ပါဝင်သောအဆောက်အဦး အတွင်းအခန်းဖွဲ့ နေရာချထားမှု ပုံစံများကို အထပ်တိုင်း၏အဓိကပင်မဧည့်ခန်းအဝင်ဝနေရာတွင်လည်းကောင်း၊ အများပြည်သူမြင်သာနိုင်သောနေရာများတွင်လည်းကောင်း ထားရှိပေးထားရမည်။ ထားရှိရာတွင် နေရာချထားမှု ပုံစံအမှတ်အသားများကို မျက်စိအမြင်အာရုံချို့တဲ့သူများ ဖတ်ရှုသိရှိနိုင်ရန်အတွက်ပါ စီမံထားရမည်။

(ခ) ခိုနားရန်နေရာသည် ဘီးတပ်ကုလားထိုင် အသုံးပြုသူတစ်ဦးအနေဖြင့် အန္တရာယ်ကျရောက်ချိန်တွင် အနီးဆုံးအန္တရာယ်ကင်းမဲ့ဇုန် သို့မဟုတ် လှေကားနှင့်အနီးဆုံးနေရာသို့ တိုက်ရိုက်အမြန်သွားရောက်၍ အရေးပေါ်ကယ်ဆယ်ရေးဝန်ထမ်းများဆီသို့ အသိပေးအကြောင်းကြားရန် စောင့်စားနေရပါမည်။ ဤစောင့်ဆိုင်းနေသော နယ်မြေသည်လည်း မီးလောင်မှုဒဏ်နှင့် မီးခိုးအန္တရာယ်မှလည်း ခုခံကာကယ်နိုင်ပြီး ဘေးကင်းစွာ စောင့်ဆိုင်းနိုင်သောနေရာဖြစ်ရမည်။ ထိုနေရာတွင် အဆောက်အဦး အတွင်း ဆက်သွယ်မှုစနစ် သို့မဟုတ် အမြင့်သို့ ဆက်သွယ်နိုင်သောစနစ်များ တပ်ဆင်ထားသင့်သည်။ ထိုသို့တပ်ဆင်ထားခြင်းဖြင့် ခိုနားရာနေရာတွင်ရှိနေသော တစ်ဦးချင်းစီမှ အကူအညီတောင်းခံနိုင်ကြောင်းနှင့် အကူအညီလိုအပ်သူများ ရှိနေကြောင်း အရေးပေါ်ကယ်ဆယ်ရေးဝန်ထမ်းများအား အသိပေးခြင်းဖြင့် အဆက်အသွယ်ရရှိစေနိုင်သည်။.

ကိုးကားစာရင်း

Emergency Evacuation Planning Guide for People with Disabilities ,November 2022

https://ncda.gov.ph/revised-2024-rules-and-regulations-

https://upsideinnovations.com/blog/area-of-refuge

https://ncda.gov.ph/revised-2024-rules-and-regulations

https://blog.asphaltkingdom.com/ada-handicap-parking

https://healthy.ucla.edu/technical-information/#parkinginfo

https://blog.asphaltkingdom.com/ada-handicap-parking

https://adata.org/guide/planning-guide-making-temporary-events-accessible-people-disabilities

ADA Standards for Accessible Design Title III Regulation 28 CFR Part 36 (1991)

## ၂.၈ အပြင်နံရံများ

### ၂.၈.၁ နယ်ပယ်

ဤအခန်းပါပြဋ္ဌာန်းချက်များသည် အပြင်နံရံများ၊ အပြင်နံရံအကာများ၊ အပြင်နံရံအပေါက်များအပြင် ပြတင်းပေါက်များနှင့်တံခါးများ၊ မိသုကာဆိုင်ရာ အနားကွပ်တပ်ဆင်မှု၊ လသာဆောင်များနှင့်အလားတူ စွန်းထွက်နေသောအပိုင်းများနှင့် ဆောင်ထုတ်ပြတင်း (oriel window) များအတွက် အနည်းဆုံးလိုအပ်ချက်များ ချမှတ်ရမည်။

### ၂.၈.၂ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

**အင်္ဂတေနှင့် ဆက်စပ်အသုံးပြုထားသော ကပ်ထားသည့်အလွှာ** - ထောက်ခံချက်ရယူပြီးသော နောက်ခံသုံးပစ္စည်းပေါ်တွင် ထောက်ခံချက်ရယူပြီးသော တွယ်ကပ်သည့်ပစ္စည်းဖြင့် ခိုင်ခံ့စွာ ချည်နှောင်ထောက်ပံ့ထားသည့်အလွှာ ။

**အင်္ဂတေနှင့်ဆက်စပ်အသုံးပြုထားသော ချိတ်တွယ်ထားသည့်အလွှာ** - ထောက်ခံချက်နောက်ခံကို တွယ်ချိတ်စရာ စက်ပစ္စည်းဖြင့် ချည်နှောင်ထားသည့်အလွှာ။

**နောက်ခံ** - အလွှာကိုတပ်ဆင်ရန် အသုံးပြုသည့်နောက်ခံနံရံ သို့မဟုတ် နောက်ခံနံရံ။

**ပြင်ပအပူဒဏ်ကာကွယ်ပေးမှုနှင့် အချောသတ်စနစ် (EIFS)** – EIFS များသည် သီးခြားခွဲထုတ်၍မရနိုင်သော အားဖြည့်အခြေခံသုတ်ဆေးအလွှာနှင့် မျက်နှာပြင်အနုအကြမ်း အကာအကွယ်ပေးသော အပြီးသတ်သုတ်ဆေးအလွှာပါရှိသည့် အောက်ခံလွှာနှင့် အပူဒဏ်ခံနိုင်သည့်အပြားကိုကပ်၍သော်လည်းကောင်း၊ စက်ပစ္စည်းဖြင့်သော်လည်းကောင်း သို့မဟုတ် နှစ်ခုလုံးဖြင့်သော်လည်းကောင်း တွဲဆက်ထားသည့် ဝန်မထမ်းနိုင်သော အပြီးသတ်အပြင်နံရံစနစ်များဖြစ်သည်။

**ရေထွက်ပေါက်စနစ် (Drainage System) ပါဝင်သော ပြင်ပအပူဒဏ်ကာကွယ်ပေးမှုနှင့် အချောသတ်စနစ်များEIFS -** ရေထွက်ပေါက်စနစ်ပါဝင်သော EIFS သည် ရေစိမ့်ဝင်ခြင်းမှ ကာကွယ်ပေးနိုင်သော အတားအဆီးထည့်ထားသည်။

**အပြင်နံရံ** - မီးဒဏ်ခံနံရံမှအပ အဆောက်အအုံတစ်ခုတွင် အပြင်နံရံအဖြစ် အသုံးပြုသော ဝန်ထမ်းနိုင်သည့်နံရံ သို့မဟုတ် ဝန်မထမ်းနိုင်သည့် နံရံများဖြစ်ပြီး ၎င်းတွင်ပြင်ညီမျက်နှာပြင်ထက် ဆင်ခြေလျှော ၆၀ ဒီဂရီ (1.05 radian) သို့မဟုတ် ထိုထက်ပို၍ မတ်စောက်သော ဆင်ခြေလျှောရှိသည်။

**အပြင်နံရံအကာ** - အလွှာများ၊ အအုပ်အကာများ၊ ပြင်ပအပူဒဏ်ကာကွယ်ပေးမှုနှင့် အချောသတ်စနစ်များ၊ ဗိသုကာဆိုင်ရာ အနားသတ်တပ်ဆင်ခြင်းနှင့် တန်ဆာဆင်ခြင်းများဖြစ်သည့် နဖူးစည်းများ၊ အပြင်မျက်နှာကြက်၊ တံစက်မြိတ်ပန်းဆွဲများ၊ ရေတံလျှောက်များနှင့် ရေဆင်းပိုက်များအပါအဝင် ရာသီဥတုဒဏ်ကာကွယ်ပေးရန် အလို့ငှာခံနိုင်ရည်ရှိသည့် အတားအဆီး၊ အပူဒဏ်ကာကွယ်ခြင်း သို့မဟုတ် အမြင်ပသာဒအလို့ငှာ အပြင်နံရံများ၏ အပြင်ဘက်ပေါ်တွင် အသုံးပြုသောပစ္စည်း သို့မဟုတ် ပစ္စည်းများတပ်ဆင်ခြင်းများပါဝင်ပြီး ယင်းတို့ကို ကန့်သတ်ထားခြင်းမရှိပါ။

**အပြင်နံရံတွင်အကာအရံအဖြစ်အသုံးပြုမည့် တပ်ဆင်ပစ္စည်း** - အပြင်နံရံ အချောသတ်ပစ္စည်းများ အပါအဝင် အပြင်နံရံအစိတ်အပိုင်းများဖွဲ့စည်းပုံ သို့မဟုတ် စနစ်။ ယင်းစနစ်သည် တိုင်၊ ရက်မများ၊ အကာပစ္စည်းများအပါအဝင် အဆောက်အအုံဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အစိတ်အပိုင်းများနှင့် အတွင်းနေရာများကို အပြင်ပတ်ဝန်းကျင် အန္တရာယ်ထိခိုက်မှုမှ အကာအကွယ်ပေးထားသည်။

**သတ္တုခါတ်ပေါင်းပစ္စည်း (Metal Composite Material) (MCM)** - ပလပ်စတစ်အတွင်းပိုင်းအလွှာ၏ မျက်နှာပြင်နှစ်ခုလုံးကို သတ္တုအလွှာ ကပ်ထားသော စက်ရုံထုတ်ပစ္စည်း။

**သတ္တုခါတ်ပေါင်းဖွဲ့စည်းမှု စနစ်** - သင့်လျော်သလို သီးခြားဒီဇိုင်းရေးဆွဲရန် စပ်ကြောင်းအဆက်များ၊ တပ်ဆင်စရာပစ္စည်းများ၊ အောက်ခံလွှာ၊ တိုင်၊ ရက်မများနှင့် အခြားအသေးစိတ်ဆောင်ရွက်ချက်များအပါအဝင် သီးခြားတပ်ဆင်ရာတွင် အသုံးပြု၍ ထုတ်လုပ်ထားသောအပြင်နံရံအကာ။

**အလွှာ** - နံရံကိုအလှဆင်ခြင်း၊ အကာအကွယ်ပေးခြင်း သို့မဟုတ် အပူဒဏ်ကာကွယ်ခြင်းပြုရန်အလို့ငှာနံရံနှင့် ပူးတွဲထားသည့် အပေါ်ယံမျက်နှာပြင်၊ သို့ရာတွင် ခံနိုင်အား ထပ်ဖြည့်ခြင်းအဖြစ် မမှတ်ယူရပါ။

**စိမ့်ဝင်ခြင်းမှကာကွယ်ပေးနိုင်သော အတားအဆီး** - အပြင်နံရံအကာ အနောက်ရှိအလွှာဖြစ်ပြီး အပြင်နံရံအကာမှ ရေစိမ့်ဝင်ခြင်းကို ကာကွယ်ရန် ဖြစ်သည်။

## ၂.၈.၃ လုပ်ငန်းဆောင်ရွက်မှုလိုအပ်ချက်များ

ဤပြဋ္ဌာန်းချက်များသည် အပြင်နံရံများ၊ နံရံအကာများနှင့် ယင်းတို့၏ အစိတ်အပိုင်းများနှင့် သက်ဆိုင်ရမည်။

### ၂.၈.၃.၁ ရာသီဥတုဒဏ်ကာကွယ်ခြင်း

အပြင်နံရံများသည် အဆောက်အအုံကို ရာသီဥတုဒဏ်ခံနိုင်ရန် လုံခြုံကာကွယ်မှု ပေးနိုင်ရမည်။ အပြင်နံရံတပ်ဆင်ရာတွင် ရေများစုပုံလာခြင်းကို ကြိုတင်ကာကွယ်ရန်အတွက် ရေတားအလွှာကို အပြင်နံရံ၏နောက်တွင်ထားရှိခြင်းဖြင့်လည်းကောင်း၊ ဝင်ရောက်လာသည့် ရေများ ပြန်ထွက်သွားစေရန် အပြင်နံရံနှင့် တွဲဆက်တည်ဆောက်မည့် ရေနုတ်မြောင်းစနစ် နည်းလမ်းဖြင့် ဒီဇိုင်းရေးဆွဲ၍ တည်ဆောက်ရမည်။ ရေတားသတ္တုပြားအား နံရံမှအစိုဓါတ်ကို ကာကွယ်ရန်နည်းလမ်း သို့မဟုတ် အပြင်နံရံသို့ လမ်းကြောင်းလွှဲရန် နည်းလမ်းဖြင့် တပ်ဆင်ရမည်။ ရေတားသတ္တုပြားအား အပြင်တံခါးနှင့် ပြတင်းပေါက်ပတ်ပတ်လည်၊ အပြင်နံရံ တပ်ဆင်ရာတွင် ထိုးဖောက်ဝင်ထားသောနေရာများနှင့် အဆုံးသတ်နေရာများ၊ အပြင်နံရံနှင့် ဆုံရာနေရာများဖြစ်သော ခေါင်မိုး၊ မီးခိုးခေါင်းတိုင်၊ ဆင်ဝင်၊ ကပြင်များ၊ လသာဆောင်နှင့် အလားတူအစွန်းများနှင့် တစ်ပါတည်းထည့်သွင်း ပြုလုပ်ထားသော ရေတံလျှောက်နှင့် နံရံအစိုဓါတ်ရှိနိုင်သည့် အလားတူနေရာများတွင် တပ်ဆင်ရမည်။ အနားစွန်းပါသော ရေတားသတ္တုပြားအား နံရံထိပ်စည်းနှစ်ဘက်လုံးနှင့် အစွန်းများ၊ ပြတင်းအောက်ခြေဘောင်နှင့် တစ်ဆက်တည်းရှိ နံရံအထွက်ကလေးများ၏ အထက်တွင် တပ်ဆင်ရမည်။

### ၂.၈.၃.၂ စိုထိုင်းမှုကိုကာကွယ်ခြင်း

မြေပြင်မှဖြစ်ပေါ်လာသည့် စိုထိုင်းမှုသည် မြေပြင်အထက် အဆောက်အအုံ (Super Structure)ရှိ အင်္ဂတေနှင့်တွဲဖက်သုံးသည့် ပစ္စည်းများပျက်စီးစေရုံသာမက သစ်နှင့်ဝါး များ ပျက်စီးစေခြင်းကို တိုးမြှင့်စေနိုင်သည်။ နံရံအောက်ခြေတွင် မြေပြင်မှ အစိုပြန်မှုကို ကာကွယ်ရန် ကြားခံထားသောအလွှာ (dpc)ကို စိုထိုင်းမှုနှင့် အစိုဓါတ်ဝင်ရောက်ခြင်းမှ ကာကွယ်ရန် ကုန်ပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီ၏လက်စွဲစာစောင် (Manual) အရတပ်ဆင်ရမည်။ ရေ၏ တွန်းအားထိတွေ့ရမည့် အဆောက်အအုံ၏ မည်သည့်နံရံအပိုင်းများကိုမဆို ယင်းနံရံ သို့မဟုတ် ကြမ်းခင်းမြေအောက် level ရှိကြမ်းပြင် သို့မဟုတ် နံရံအပိုင်းသည် ရေလုံရမည်။

### ၂.၈.၃.၃ အဆောက်အအုံတည်ဆောက်ပုံနှင့်ဆိုင်သော

အပြင်နံရံများနှင့် ဆက်စပ်သောအပေါက်များကို အပိုင်း ၃ ဖွဲ့စည်းပုံဒီဇိုင်း ထုတ်လုပ်ခြင်းအရ ထမ်းထားရသည့်ဝန်အားများကို ဘေးကင်းလုံခြုံစိတ်ချမှုရှိစေရန် ဒီဇိုင်း ပြုလုပ်၍ တည်ဆောက်ရမည်။

### ၂.၈.၃.၄ မီးဒဏ်ခံနိုင်မှု

အပြင်နံရံများသည် မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များ (၂၀၂၀) အရ လိုအပ်သည့်အတိုင်း သတ်မှတ်ထားသော မီးဘေးဒဏ်ခံနိုင်မှုရှိရမည်။

### ၂.၈.၃.၅ ရေလွှမ်းမိုးမှုဒဏ်ခံနိုင်ခြင်း

ပြင်ပနံရံများသည် ရေကြီးရေလျှံရေစိမ့်ဝင်ခြင်းမှ ကာကွယ်နိုင်ရမည်။ ထိုသို့ ရေတားဒီဇိုင်းပြုလုပ်ထားသောနံရံများပေါ်သို့ လျှပ်စစ်၊ ရေ၊ မီး၊ လေသွင်းလေထုတ်စက်ကိရိယာများသွယ်တန်းခြင်း၊ မြှပ်နှံခြင်း၊ ဖောက်ထွင်းခြင်းများ မပြုလုပ်ရပါ။

## ၂.၈.၄ လုပ်ငန်းသုံးပစ္စည်းများ

အပြင်နံရံများဆောက်လုပ်မှုအတွက် အသုံးပြုသောပစ္စည်းများသည် ဤပြဋ္ဌာန်းချက်များနှင့်ကိုက်ညီရမည်။ ၎င်းတွင်ဖော်ပြမထားသည့် ပစ္စည်းများသည် အခြားနည်းလမ်းတစ်ခုခုကို ခွင့်ပြုထားမည်ဆိုပါက အသုံးပြုနိုင်သည်။ ကြမ်းပြင်မှ ၁၀ပေအထက်ရှိ နံရံအကာအားလုံးသည် ပြုတ်ကျခြင်းမှကာကွယ်ရန် ဘေးကင်းလုံခြုံရေးအစီအမံရှိရမည်။

### ၂.၈.၄.၁ ရေစိမ့်ဝင်ခြင်းမှ အကာအကွယ်ပေးနိုင်သောအတားအဆီး

ခွင့်ပြုထားသောပစ္စည်းများ၏ အနည်ဆုံးတစ်လွှာကို အပြင်နံရံအင်္ဂတေနှင့် တွဲဆက်အသုံးပြုသည့် အနောက်ရှိ ရေဒဏ်ခံနိုင်သည့်အတားအဆီးကို ဆက်တိုက်ကာကွယ်ပေးရန်နည်းလမ်းဖြင့် အပိုဒ် ၂.၈.၃.၁ တွင် ဖော်ပြထားသည့်အတိုင်း ဆောင်ရွက်ရမည်ဖြစ်ပြီး ရေတားသတ္တုပြားနှင့်အတူ နောက်ခံဒေါက်တိုင်၊ အကာတို့နှင့်အတူ ပူးတွဲ၍ထားရမည်။ ပြုပြင်ထိန်းသိမ်းမှုကို ပုံမှန်လုပ်ဆောင်ရမည်။

### ၂.၈.၄.၂ ဝါး

အများပြည်သူအတွက် အသုံးပြုမှုတွင် အထူးအသုံးနှင့် ယာယီအမိုးအကာ အတွက်အသုံးပြုသည့်ဝါးသည် သင့်လျော်သော ရင့်ကျက်မှုရှိ၍ ကောင်းမွန်ရမည်ဖြစ်ပြီး ပျက်စီးခြင်းမှ ကင်းဝေးရမည်။ ပြုပြင်စီမံထားသောဝါးများကိုသုံးရန် ပို၍သင့်လျော်သည်။ ပြုပြင်စီမံမှုကို

ရိုးရာနည်းလမ်းဖြင့် ဆောင်ရွက်နိုင်သည်။ ရိုးရှင်းသည့်နည်းလမ်းများအနက် တစ်ခုသည် နှစ်ပတ်မှ သုံးပတ်ကြာ ဆက်တိုက်စီးဆင်းနေသော ရေထဲတွင် စိမ်ထားခြင်း ဖြစ်သည်။

### ၂.၈.၄.၃ သစ်သား

သစ်သားဖြင့်ဆောက်လုပ်ထားသည့် အပြင်နံရံများကို အပိုင်း ၃ ဖွဲ့စည်းပုံဒီဇိုင်းနှင့် အညီ ဒီဇိုင်းရေးဆွဲ၍ ဆောက်လုပ်ရမည်။ သစ်သားသည် အပိုင်း ၆ ၊ အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများပါ သစ်အခြေခံပစ္စည်းများအခန်းနှင့်အညီ အရည် အသွေးရှိရမည်။ ဒေသတွင်းရရှိနိုင်သောသစ်ကို အသုံးပြုနိုင်သည်။ ပြုပြင်ပြီးသစ်များသည် မပြုပြင်ရသေးသည့် သစ်များထက်ပို၍ သင့်လျော်သည်။ ပြုပြင်စီမံမှုကို ရိုးရာအစဉ်အလာ နည်းလမ်းအရ ပြုလုပ်နိုင်သည်။

### ၂.၈.၄.၄ ပန်းရံလုပ်ငန်း (Masonry)

ပန်းရံလုပ်ငန်းသုံး၍ ဆောက်လုပ်ထားသည့် အပြင်နံရံများကို အပိုင်း ၃ ဖွဲ့စည်းပုံ ဒီဇိုင်း၏ ပန်းရံလုပ်ငန်းအခန်းနှင့်အညီ ဒီဇိုင်းဆွဲ၍ဆောက်လုပ်ရမည်။ ချိတ်တွယ်ပြီး ကပ်ထား သောအလွှာဖြင့် အသုံးပြုသည့် ပန်းရံလုပ်ငန်းသုံး တည်ဆောက်ထားသည့် ယူနစ်များ၊ သရွတ် နှင့်သတ္တုပစ္စည်းများသည် အပိုင်း ၆ ၊ အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်း များပါ ဘလောက်တုံးများ၊ အုတ်များ၊ ကျောက်ပြား/ အုတ်ကြွပ်ပြားများနှင့် ပန်းရံလုပ်ငန်းအခန်း နှင့် ကိုက်ညီရမည်။ ချိတ်တွယ်ပြီး ကပ်ထားသောအလွှာနောက်ခံသည် အင်္ဂတေ၊ ပန်းရံ လုပ်ငန်း၊ သံမဏိဘောင်၊ သစ်သားဘောင်တို့နှင့် တပ်ဆင်ထားရမည်။

### ၂.၈.၄.၅ သတ္တု

သံမဏိအဆောက်အအုံတည်ဆောက်ခြင်း သို့မဟုတ် ပေါ့ပါးသောသတ္တုစပ်များဖြင့် တည်ဆောက်ထားသော အပြင်နံရံများကို အပိုင်း ၃၊ ဖွဲ့စည်းပုံဒီဇိုင်းနှင့်အညီ ဒီဇိုင်းဆွဲ၍ ဆောက်လုပ်ရမည်ဖြစ်သည်။ အလူမီနီယံ၊ အခြားသတ္တုပေါ့ပစ္စည်းများနှင့် သတ္တုစပ်ပစ္စည်း များသည် အပိုင်း ၆၊ အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများပါ အလူမီနီယံ နှင့် အခြားအပေါ့စားသတ္တုများနှင့် ၎င်းတို့၏ သတ္တုစပ်များအခန်းနှင့်အညီ လုပ်ဆောင်ရမည်။

### ၂.၈.၄.၆ ကွန်ကရစ်

ကွန်ကရစ်အသုံးပြု၍ ဆောက်လုပ်ထားသည့် အပြင်နံရံများကို အပိုင်း ၃ ၊ ဖွဲ့စည်း ပုံဒီဇိုင်းပါ ကွန်ကရစ်အခန်းနှင့်အညီ ဒီဇိုင်းရေးဆွဲ၍ ဆောက်လုပ်ရမည်။ ၎င်းတို့ကို အပိုင်း ၆ အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများပါ ဘိလပ်မြေနှင့် ကွန်ကရစ်အခန်း နှင့်အညီ လုပ်ဆောင်ရမည်။

### ၂.၈.၄.၇ Glass – unit masonry (မှန်ဖြင့်ဆောက်လုပ်သည့် ပန်းရံလုပ်ငန်း)

မှန်ဖြင့်ဆောက်လုပ်ထားသည့် အပြင်နံရံများကို အပိုင်း ၃ ၊ ဖွဲ့စည်းပုံဒီဇိုင်းပါ မှန်ဖြင့် ဆောက်လုပ်သည့် ပန်းရံလုပ်ငန်းအခန်းနှင့်အညီ ဒီဇိုင်းရေးဆွဲ၍ ဆောက်လုပ်ရမည်။ တပ်ဆင်သည့် ကာလတွင် ဂရုတစိုက်နှင့် ဘေးကင်းလုံခြုံမှုရှိရမည်။

### ၂.၈.၄.၈ ကျောက်တုံးကျောက်ပြားလွှာ (Stone Veneer)

ကျောက်တုံးကျောက်ပြားလွှာ (Stone Veneer) ဖြင့် ဆောက်လုပ်ထားသည့် အပြင်နံရံများကို အပိုင်း ၃ ၊ ဖွဲ့စည်းပုံဒီဇိုင်းနှင့်အညီ ဒီဇိုင်းရေးဆွဲ၍ ဆောက်လုပ်ရမည်။ ကျောက်တုံးကျောက်ပြားကို အပိုင်း ၆ ၊ အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း များပါ ကျောက်တုံးကျောက်ခဲများအခန်းနှင့်အညီ လုပ်ဆောင်ရမည်။

### ၂.၈.၄.၉ အပြင်အပူဒဏ်ကာကွယ်ခြင်းနှင့် အချောသတ်စနစ်များ (EIFS)

ရေထွက်ပေါက် (Drainage) ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အပြင်အပူဒဏ် ကာကွယ်ခြင်းနှင့် အချောသတ်စနစ်များ Exterior Insulation and Finish Systems (EIFS) သည် အပြင်နံရံအကာများအဖြစ် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပစ္စည်းများ၊ ဆောက်လုပ် ခြင်းဆိုင်ရာ အရည်အသွေးနှင့် ကိုက်ညီရမည်။

### ၂.၈.၅ အုတ်ဖြင့်ဆောက်လုပ်ထားသည့် အစွန်းများ

အုတ်ဖြင့်ဆောက်လုပ်ထားသည့် အစွန်းများအားလုံးသည် နံရံမျက်နှာပြင်မှ ၉ လက်မ ထက် မကျော်စေရ။

### ၂.၈.၆ နံရံတစ်နေရာတွင် ချိုင့်ဝင်၍ ပြုလုပ်ထားသည့်တစ်ဖက်ပွင့်နေရာ

ဝန်ဒဏ်ခံနိုင်သော အဆောက်အအုံရှိ နံရံတစ်နေရာတွင်ချိုင့်ဝင်၍ ပြုလုပ်ထားသည့် တစ်ဖက်ပွင့်နေရာကို အပြင်နံရံ သို့မဟုတ် ပိုင်းခြားထားသောနံရံ၌ ပြုလုပ်ရာတွင်

(က) နံရံတစ်နေရာတွင်ချိုင့်ဝင်၍ ပြုလုပ်ထားသည့် တစ်ဖက်ပွင့်နေရာ၏ ကျောဘက်နံရံ သည် အပြင်နံရံတွင် ၄.၅ လက်မထက် မနည်းစေရနှင့် ပိုင်းခြားထားသော နံရံတွင် ၉ လက်မထက် မနည်းစေရ။

(ခ) ပြတင်းထုပ်၊ တံခါးထုပ် သို့မဟုတ် ဝန်ဒဏ်ခံအခုံးကဲ့သို့သော မီးမလောင်လွယ်သော ခိုင်မာသည့် ပစ္စည်းများကို နံရံတစ်နေရာတွင်ချိုင့်ဝင်၍ ပြုလုပ်ထားသည့် တစ်ဖက်ပွင့် နေရာအပေါ်တွင် တည်ဆောက်ရမည်။

(ဂ) နံရံတစ်နေရာတွင်ချိုင့်ဝင်၍ ပြုလုပ်ထားသည့်တစ်ဖက်ပွင့်နေရာ သို့မဟုတ် အပေါက်ကို ပိုင်းခြားထားသောနံရံ သို့မဟုတ် အပြင်နံရံ၏ အစွန်းတွင်ပြုလုပ်ပါက ထိုအပေါက်၏ အစနှင့် နံရံတစ်ဖက်စွန်း အကြား ၁.၅ ပေထက် မနည်းသောနေရာရှိရမည်။

## ၂.၈.၇ နံရံအကာများတပ်ဆင်ခြင်း

### ၂.၈.၇.၁ အုတ်နံရံများရှိအပြင်အကာပစ္စည်းများ

အခြားလုပ်ငန်းခွင်သုံးပစ္စည်းများတွင် ၄.၅ လက်မရှိ အုတ်နံရံများ သို့မဟုတ် ဝန်ဒဏ်မခံသောနံရံများကို အားဖြည့်သံကူကွန်ကရစ်ဘောင်များ သို့မဟုတ် အခြားဝန်ဒဏ်ခံနိုင်သောအရာများဖြင့် သေချာစွာ ပူးတွဲချည်နှောင်ရမည်။

### ၂.၈.၇.၂ ဘိလပ်မြေသရွတ်

အပြင်နံရံများကိုအချောသပ်သည့် ဘိလပ်မြေသရွတ်သည် အပိုင်း ၆၊ အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများပါ ဘိလပ်မြေနှင့် ကွန်ကရစ်အခန်းတွင် သတ်မှတ်ထားသည့် လိုအပ်ချက်များနှင့် ကိုက်ညီရမည်။

### ၂.၈.၇.၃ ချည်နှောင်ခြင်း

နံဘေထပ်ကာထားသောအချပ်နှင့် နံရံအကာများကို အလူမီနီယံ၊ ကြေးနီ၊ သွပ်၊ သွပ်ဖြင့်ဖုံးအုပ်ထားသော သို့မဟုတ် အခြားထောက်ခံချက်ရ သံချေးတက်ခြင်း ဒဏ်ခံနိုင်ရည်ရှိသော ချိတ်စရာများ သို့မဟုတ် ထောက်ခံချက်ရထုတ်လုပ်သူများ၏ တပ်ဆင်ခြင်း ညွှန်ကြားချက်များအရ ခိုင်မြဲစွာချည်နှောင်ရမည်။

## ၂.၈.၈ အပြင်တံခါးများနှင့် ပြတင်းပေါက်များ

အပြင်နံရံများ၏ အပေါက်များကို ရာသီဥတုဒဏ်ကာကွယ်ရန်အတွက် နေကာအမိုးနှင့် အလားတူအစွန်းများ တပ်ဆင်ရမည်။ အပြင်တံခါးများနှင့် ပြတင်းပေါက်များကို ထောက်ခံချက်အရ ထုတ်လုပ်သူများ၏ ညွှန်ကြားချက်များနှင့်အညီ တပ်ဆင်ရမည်ဖြစ်ပြီး အပိုင်း ၆ အဆောက်အအုံ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများနှင့်အညီ လုပ်ဆောင်ရမည်။ ချည်နှောင်ရန်ပစ္စည်း၏ အရွယ်အစားနှင့် တစ်ခုနဲ့တစ်ခုကြား အကွာအဝေးကို ယင်းညွှန်ကြားချက်များတွင် သတ်မှတ်ထားပြီး အများဆုံးဝန်ဒဏ်နှင့် တစ်ခုနှင့်တစ်ခုအကြား အကွာအဝေး ပေါ်အခြေခံ၍ တွက်ချက်ရမည်ဖြစ်သည်။ အပြင်တံခါးများနှင့် ပြတင်းပေါက်များ၏ မည်သည့်အပိုင်းမဆို ရေလုံရမည်ဖြစ်သည်။ အကာအကွယ်ပေးသော လက်ရန်းတိုင်များနှင့် ဘေးကင်းလုံခြုံရေးအတွက် မှန်တပ်ဆင်ခြင်းကို ကြမ်းခင်းအချောသတ်အဆင့်အထိ အသေတပ်ဆင်ထား

သော သို့မဟုတ် ဖွင့်ပိတ်နိုင်သော အပေါက်များတွင် တပ်ဆင်ရန်လိုအပ်သည်။ အပြင်မြေပြင် အမြင့် အထက် ၃၀ လက်မထက်ပိုသော ကပ်လျက်ရှိကြမ်းခင်းတွင် အသုံးပြုနိုင်သောအပေါက်များ၏ အကာအကွယ်ပေးသော လက်ရန်းတိုင် သို့မဟုတ် ဖွင့်ပိတ်နိုင်သော ပြတင်းအောက်ခြေဘောင်အမြင့်သည် အချောသတ်ကြမ်းခင်း အဆင့်အထက် ၃ ပေ ရှိရမည်။ အပူဒဏ်အကာအကွယ်ပေးသည့်မှန်ကို ရာသီဥတုဒဏ် အကာအကွယ်ပေးရန် လိုအပ်ပါက တပ်ဆင်ရမည်။

### ၂.၈.၈.၁ ဝန်မထမ်းသော တဆက်တည်းအပြင်ကာနံရံများ (Curtain Wall)

ဝန်မထမ်းသော တစ်ဆက်တည်း အပြင်ကာနံရံများ၏အပိုင်းများ သို့မဟုတ် ပါဝင်ပစ္စည်းများသည် ရေလုံရမည်ဖြစ်ပြီး ထောက်ခံချက်အရ ထုတ်လုပ်သူ၏ ညွှန်ကြားချက်များနှင့်အညီ တပ်ဆင်ရမည်ဖြစ်သည်။ ဝန်မထမ်းသော အပြင်ကာနံရံနှင့် ကြမ်းခင်းအကြား အလိုက်သင့်ရွေ့လျားနိုင်ရန်နှင့် ကွာဟနေသော ပတ်လည်အနားတစ်လျှောက်တွင် ထောက်ခံချက်ရ ကျုံ့နိုင်ချဲ့နိုင်သော မီးဘေးတားဆီးနိုင်သည့်ပစ္စည်းနှင့် မီးခိုးလုံပစ္စည်းများကို တပ်ဆင်ပေးရမည်။

## ၂.၈.၉ လသာဆောင်များနှင့် အလားတူအစွန်းများနှင့် ဆောင်ထုတ်ပြတင်းများ

လသာဆောင်များနှင့် အလားတူအစွန်းများနှင့် ဆောင်ထုတ်ပြတင်းများသည် ပူးတွဲပါ အဆောက်အအုံအတွက် လိုအပ်သော ဆောက်လုပ်ရမည့်ပုံစံနှင့် ကိုက်ညီရမည်။ အင်္ဂတေနှင့် ပြုလုပ်ရန်လိုအပ်သော နံရံနှင့်ပူးတွဲထားသည့် နံရံကထောက်ပံ့ထားသည့် အပြင်လသာဆောင်များတွင် မီးမလောင်နိုင်သည့်ဒေါက်များ သို့မဟုတ် ရက်မများဖြင့် ဆောက်လုပ်ရမည်။ မြေပြင်အမြင့်အထက် ၃၀ လက်မ အထက်ရှိသော လသာဆောင်များ၊ လှေကားတစ်ဆင့်နားရာနေရာများ သို့မဟုတ်ဆင်ဝင်များအတွက် ၃ ပေအမြင့်ရှိ လက်ရန်းများရှိရမည်။

## ၂.၈.၁၀ သတ္တုခါတ်ပေါင်းပစ္စည်းများ (MCM)

ဤပြဋ္ဌာန်းချက်များသည် အပြင်နံရံအကာများအဖြစ် အသုံးပြုရန်အတွက် အဆောက်အအုံဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ၊ သတ္တုခါတ်ပေါင်းပစ္စည်းများ၏ ဆောက်လုပ်ခြင်းဆိုင်ရာ အရည်အသွေးနှင့် ကိုက်ညီရမည်။

### ၂.၈.၁၀.၁ အပြင်နံရံအချောသတ်ခြင်း

အပြင်နံရံအချောသတ်ခြင်း သို့မဟုတ် လသာဆောင်များနှင့် အလားတူအစွန်းများ၊ ဆောင်ထုတ်ပြတင်းများအတွက် သတ္တုခါတ်ပေါင်းပစ္စည်းများကို နံရံအကာ သို့မဟုတ် ရာသီဥတုဒဏ်ခံနိုင်ရန် အသုံးပြုသည်။

### ၂.၈.၁၀.၂ ဗိသုကာဆိုင်ရာအနားကွပ် တပ်ဆင်ခြင်းနှင့် မွမ်းမံခြင်း

ဗိသုကာဆိုင်ရာ အနားကွပ်တပ်ဆင်ခြင်းနှင့် မွမ်းမံခြင်းအဖြစ် အသုံးပြုသော သတ္တုခါတ်ပေါင်းပစ္စည်းသည် တာရှည်ခံပြီး မီးဘေးဒဏ်ခံနိုင်မှုစံနှုန်းနှင့် ကိုက်ညီရမည်။

### ၂.၈.၁၀.၃ အဆောက်အအုံတည်ဆောက်ပုံဒီဇိုင်းပုံစံထုတ်ခြင်း

သတ္တုခါတ်ပေါင်းပစ္စည်း ဖွဲ့စည်းပုံများကို ပါဝင်အစိတ်အပိုင်းများနှင့် နံရံအကာအတွက် အပိုင်း ၃ ဖွဲ့စည်းပုံဒီဇိုင်းအရ လိုအပ်သည့်အတိုင်း လေဒဏ်ခံနိုင်ရန် ဒီဇိုင်းဆွဲ၍ ဆောက်လုပ်ရမည်ဖြစ်သည်။

### ၂.၈.၁၀.၄ ရာသီဥတုဒဏ်ခံနိုင်မှု

သတ္တုခါတ်ပေါင်းပစ္စည်း ဖွဲ့စည်းပုံများသည် အပိုဒ် ၂.၈.၃ နှင့် ကိုက်ညီရမည်ဖြစ်ပြီး ဤအပိုင်းနှင့် ထုတ်လုပ်သူ၏ တပ်ဆင်ခြင်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လေနှင့်မိုးဒဏ်ခံနိုင်ရန် ဒီဇိုင်းဆွဲ၍ ဆောက်လုပ်ရမည် ဖြစ်သည်။

### ၂.၈.၁၀.၅ တာရှည်ခံနိုင်မှု

သတ္တုခါတ်ပေါင်း ပစ္စည်းဖွဲ့စည်းပုံများကို အသုံးပြုမှုကာလအတွက် အပိုဒ် ၂.၈.၃ တွင် လိုအပ်သော လုပ်ငန်းဆောင်ရွက်မှုအချက်များ ထိန်းသိမ်းထားသည့် ထောက်ခံချက်အရ ပစ္စည်းများဖြင့် ဆောက်လုပ်ရမည်။

### ၂.၈.၁၀.၆ မီးဒဏ်ခံနိုင်မှုစံနှုန်း

အပြင်နံရံများအပေါ်တွင် အသုံးပြုမည့် သတ္တုခါတ်ပေါင်း ပစ္စည်းဖွဲ့စည်းပုံများကို အခန်း ၂.၈ နှင့်အညီ မီးဒဏ်ခံနိုင်မှုစံနှုန်းရှိရန် လိုအပ်သည်။ ၎င်းအထောက်အထားကို မီးဒဏ်ခံနိုင်မှုစံနှုန်း ထိန်းသိမ်းရေး အဆောက်အအုံဆိုင်ရာ အရာရှိထံ တင်ပြရမည်။

## ၂.၉ အမိုးဆောက်လုပ်ခြင်း၊ အမိုးမိုးခြင်းနှင့် အမိုးနှင့်ဆက်စပ်နေသည့် အဆောက်အအုံများ

### ၂.၉.၁ အထွေထွေ

### ၂.၉.၁.၁ နယ်ပယ်

အမိုးဆောက်လုပ်ခြင်း၊ အမိုးမိုးခြင်းနှင့် အမိုးနှင့်ဆက်စပ်နေသည့် အဆောက်အအုံများသည် ဤလမ်းညွှန်ချက်တွင် သတ်မှတ်ထားသည့်အတိုင်းနှင့် ဤအခန်းအရအခြားနည်းလိုအပ်သည့် အတိုင်းဖြစ်ရမည်။

### ၂.၉.၁.၂ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

**အမိုးအောက်ထပ်ခိုး** - စီးပွားရေးလုပ်ငန်း၊ သိုလှောင်ခြင်း သို့မဟုတ် လူနေအိမ်အတွက် အသုံးပြုမည့်အတိုင်း ဒီဇိုင်းထုတ်ထားသော၊ စီစဉ်ထားသော သို့မဟုတ် တည်ဆောက်ထားသော အမိုးရှိတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း တည်ရှိနေသော အထပ်တစ်ခုခု။

**မီးခိုးခေါင်းတိုင် အမျိုးအစားခွဲခြားခြင်းများ**

**(က) လူနေအိမ်များတွင် အသုံးပြုသောပစ္စည်းအမျိုးအစား**

အခိုးထွက်ပေါက်တွင် တိုင်းတာသည့် ၅၃၈ ဒီဂရီစင်တီဂရိတ်ထက် မကျော်သည့် လောင်ကျွမ်းပြီး ဓါတ်ငွေ့များထုတ်သည့် လူနေအိမ်များတွင်အသုံးပြုသော လောင်စာများ သန့်စင်ရန်အတွက်သုံးသည့် အသင့်သုံးမီးခိုးခေါင်းတိုင် သို့မဟုတ် အင်္ဂတေဖြင့် ပြုလုပ်ထားသော မီးခိုးခေါင်းတိုင်

**(ခ) အပူနည်းသော အသုံးအဆောင်ပစ္စည်းအမျိုးအစား**

ပုံမှန်လည်ပတ်နေသည့် အခြေအနေအရ ၅၃၈ ဒီဂရီစင်တီဂရိတ်ထက် မပိုသည့် လောင်စာဓါတ်ငွေ့ထုတ်သော၊ သို့ရာတွင် တစ်နာရီကြာ လောင်စာထည့်သွင်းထားသည့် ကာလအတွင်း ၇၆၀ ဒီဂရီစင်တီဂရိတ် လောင်ကျွမ်းနိုင်သော ဓါတ်ငွေ့ထုတ်နိုင်သော လောင်စာလောင်ကျွမ်းသည့် အပူနည်းသောကိရိယာမှ လောင်စာထွက်ကုန်ဖယ်ရှားရန်အတွက် သင့်လျော်သော အသင့်သုံးအင်္ဂတေခေါင်းတိုင် သို့မဟုတ် သတ္တုခေါင်းတိုင်။ အပူချိန်ကို ခေါင်းတိုင်၏ အခိုးထွက်ပေါက်တွင် တိုင်းတာရမည်။

**(ဂ) အလယ်အလတ်အပူချိန်ရှိသော အသုံးအဆောင်ပစ္စည်း အမျိုးအစား**

အခိုးထွက်ပေါက်ရှိပစ္စည်းတွင် တိုင်းတာသော ၁၀၉၃ ဒီဂရီ စင်တီဂရိတ်ထက် မပိုသည့် လောင်စာဓါတ်ငွေ့ထုတ်သော လောင်စာလောင်ကျွမ်းသည့် အလယ်အလတ် အပူချိန်ရှိသော အသုံးအဆောင်ပစ္စည်းမှ လောင်စာထွက်ကုန် ဖယ်ရှားရန်အတွက် သင့်လျော်သော အသင့်သုံးအင်္ဂတေ ခေါင်းတိုင် သို့မဟုတ် သတ္တုခေါင်းတိုင်။

**ခေါင်းတိုင်ချိတ်ဆက်ပစ္စည်း** - မီးခိုးထုတ်ကိရိယာနှင့် ခေါင်းတိုင်ကို ချိတ်ဆက်ထားသည့်ပိုက်လိုင်း။

**ခေါင်းတိုင်အနားကွပ်** - မီးခံအုတ်လုပ်သည့်မြေစေးနှင့် သို့မဟုတ် အခြားခွင့်ပြုထားသော ပစ္စည်းနှင့် လုပ်သော အနားသတ်ပစ္စည်းများ။

**ခေါင်းတိုင်၊ အင်္ဂတေ** - အင်္ဂတေခဲဖြင့်ပြုလုပ်ထားသော ခေါင်းတိုင်တွင် အုတ်ခဲ၊ ကျောက်တုံး၊ သတ်မှတ်ခွင့်ပြုထားသော အခေါင်းပွယူနစ်၊ အင်္ဂတေယူနစ် သို့မဟုတ် အားဖြည့် ကွန်ကရစ် ပါဝင်သည်။

**မီးလောင်မလွယ်သောပစ္စည်း** - ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ပစ္စည်းအဖြစ် ရည်ညွှန်းပါက အုတ်၊ ကျောက်တုံး၊ မီးဖုတ်မြေနီ၊ ကွန်ကရစ်၊ သံ၊ သံမဏိ၊ သတ္တုပြား သို့မဟုတ် အုပ်ကြွပ်ကို ဆိုလိုပြီးတစ်ခုတည်း သို့မဟုတ် ပေါင်းစပ်၍ အသုံးပြုသည်။

**မီးလောင်မလွယ်သောအမိုး** - ရေစိမ့်မဝင်ရန် ခံထားသော အပြား၏ အထူ ၂ ဆထက်မနည်း သောအမိုးနှင့် ကတ္တရာသုတ်ထားသည့်အထပ်နှင့် ကျောက်စရစ် သို့မဟုတ် သံဖြူ၊ အတွန့်ပါ သွပ်ပြား သို့မဟုတ် ထပ်ထားသည့် အဆက်ပေါ်ရှိ စပ်ကြောင်းနေရာ၌ ခွင့်ပြုထားသော မီးခံပစ္စည်း

**ကြားခံဆိုသည်မှာ** - အမိုးမိုးထားသော ပစ္စည်း၏အလွှာအကြား အုပ်ကြွပ်မိုးထားသော အကျယ် ၁၈ လက်မ (၄၅၇ မီလီမီတာ) ထက်မနည်းသော ရေစိမ့်မဝင်ရန် ခံထားသောအပြား သို့မဟုတ် ကတ္တရာစေးပျော်ဝင်မှုမရှိသော ရေစိမ့်မဝင်ရန် ခံထားသော အပြားကိုဆိုသည်။

**သွပ် (Metal Sheet) အမိုးမိုးခြင်းဆိုသည်မှာ** - ခိုင်ခံ့သည့် အမိုးမျက်နှာပြင်ပေါ်တွင် မိုးထား သည့်သွပ်ပြား သို့မဟုတ် သွပ်ချပ်နှင့် ခေါင်မိုးဘောင် သို့မဟုတ် ခိုင်ခံ့သည့် အမိုး မျက်နှာပြင်ပေါ်တွင် မိုးထားသည့် အတွန့်ပါသော သို့မဟုတ် အခြားနည်းပုံဖော်ထားသော သွပ်လမ်းကြောင်းများ သို့မဟုတ်သွပ်ဖြတ်ပိုင်းများကိုဆိုသည်။

**အမိုးပေါ်ရှိလူအသုံးမပြုသောနေရာ** - ရေတိုင်ကီ၊ မျှော်စင်၊ ပြာသဒ်၊ စက်လုံးခြမ်းပုံခုံးသည့် အမိုးငယ် သို့မဟုတ် ကြားခံနံရံငယ် (bulk head) မှအပ အဆောက်အအုံခေါင်မိုး အထက်ရှိ ပူးတွဲထားသည့် အသုံးမပြုသည့် အဆောက်အအုံ

**ခိုင်ခံ့သည့်ခေါင်းမိုးရှိရေထုတ်မြောင်း** - ခေါင်မိုးထပ်တွင် လွှဲဖယ်ရန်အတွက် ထည့်သွင်း စဉ်းစားရမည့် ရေထုတ်မြောင်း အခြေအနေနှင့် အပိုဆင်ခြေလျှောကို ၄၈ နာရီကြာ ကျဆင်းမှု ခံနိုင်စေရန် ခေါင်မိုး၏ရေထုတ်မြောင်းကို သေချာအောင်ပြုလုပ်ထားရမည်။

**အမိုးမိုးခြင်း** - အမိုးမိုးခြင်းဆိုသည်မှာ ခေါင်မိုးတွင် အဆောက်အအုံအတွက် ရာသီဥတုဒဏ်ခံ နိုင်သည့်အပြင် မျက်နှာပြင်ရှိ ကြာရှည်ခံပစ္စည်းဖြင့်ပြုလုပ်ရမည်။

**အမိုးဖွဲ့စည်းမှု** - အမိုးဖွဲ့စည်းမှုတွင် ခေါင်မိုးပြင်၊ အောက်ခံ သို့မဟုတ် အပူဒဏ်ခံပစ္စည်း၊ အပူဒဏ် အကာအကွယ်ပေးသည့်ပစ္စည်း၊ ရေငွေ့တားပစ္စည်း (Vapour retarder)၊ အောက်ခံ

လွှာတပ်ဆင်ခြင်း၊ အတွင်းလွှာတပ်ဆင်ခြင်း (inter laymen)၊ အောက်ခံသစ်ပါးလွှာ၊ အမိုးသစ်ပါးလွှာနှင့် အမိုးမိုးခြင်း အမျိုးအစားသတ်မှတ်ထားသည့် အမိုးအကာပါဝင်သည်။

**ခေါင်မိုးရှိလေဝင်လေထွက်** - အမိုးတပ်ဆင်ခြင်းပြုရာတွင်ထပ်ခိုး၊ ဘုရားရှိခိုး ကျောင်းမျက်နှာကြက် သို့မဟုတ် အခြားပူးတွဲနေရာများသို့ လေရရှိရန်ဖန်တီးပေးသည့် သို့မဟုတ် ၎င်းနေရာများမှ သန့်စင်ထားသည့်သဘာဝ သို့မဟုတ် စက်မှုနည်းပညာဆိုင်ရာနည်းစနစ်။

အမိုးအစွန်းတစ်လျှောက်ရှိ **ရေမြောင်း (Scupper)** - နံရံရှိအပေါက် သို့မဟုတ် ခေါင်မိုးမှရေနုတ်မြောင်းသို့ ရေဆင်းရန် အမိုးအစွန်းတစ်လျှောက်ရှိရေမြောင်း။

**အောက်ခံလွှာတပ်ဆင်ခြင်းဆိုသည်မှာ** - ရေစိမ့်မဝင်ရန် ခံထားသောအပြား တစ်ထပ် သို့မဟုတ် နှစ်ထပ်၊ ရေငွေ့ခံနိုင်သောစက္ကူကပ်ခြင်း၊ ရေနံ၊ ကတ္တရာမပါသော ရေစိမ့်မဝင်ရန် ခံထားသောအပြား သို့မဟုတ် အမိုးမိုးခြင်းစနစ်တွင် အသုံးဝင်သည့် အခြားခွင့်ပြုထားသော ပစ္စည်းကိုဆိုသည်။

## ၂.၉.၂ အမိုးမိုးခြင်း

အဆောက်အအုံများအားလုံးအတွက် အမိုးမိုးခြင်းသည် မီးဘေးဒဏ်ခံနိုင်မှု လိုအပ်ချက်နှင့် အဆောက်အအုံတည်ဆောက်မှုပုံစံအပေါ်မူတည်၍ သာမန် သို့မဟုတ် မီးလောင်မှုကို နှောင့်နှေးစေသော အမိုးအကာဖြစ်ရမည်။ တည်ဆောက်မှုပုံစံ အမျိုးအစားများတွင် ထောက်ခံချက်ရရှိပြီးသော အမိုးမိုးခြင်းဖြစ်ပါက ယင်းအမိုးတွင် မီးလောင်လွယ်သော အပူဒဏ်ခံပစ္စည်းကို အသုံးပြုနိုင်သည်။

## ၂.၉.၃ အမိုးဒိုင်းများ

ခေါင်မိုးအားလုံးကို အဆောက်အအုံတစ်ခုလုံး၏ အတွင်းပိုင်းဖွဲ့စည်းရန် အလို့ငှာ ဘောင်များ၊ ထောက်နံရံများနှင့် ခိုင်မြဲစွာချည်နှောင်ထားရမည်။ အမိုးဒိုင်းများနှင့် သစ်သားအဆက်များကို သေချာစွာချည်နှောင်တပ်ဆင်ရမည်။ ဝန်များကို ဒိုင်းခွေပေါ်မထားမီ အမိုးဒိုင်းနှင့် အစိတ်အပိုင်းအားလုံးကို တောင့်တင်းခိုင်မာအောင် တပ်ဆင်ထားရမည်။ ထောင့်ဖြတ်နှင့် လှုပ်ယမ်းမှုထိန်းချုပ်ရန် ထောင့်ဖြတ်အမိုးဒိုင်းများကို အသုံးပြုရမည်။ ဒိုင်းခွေများရှိ လုပ်ငန်းသုံးပစ္စည်း၏ ခွင့်ပြုနိုင်သော ဝန်ဒဏ်ခံနိုင်အားသည် ဤလမ်းညွှန်ချက်ပါ အပိုင်း ၃ ဖွဲ့စည်းပုံဒီဇိုင်းနှင့် ကိုက်ညီရမည်။ အမိုးဒိုင်းများအိကျမှုကို ကာကွယ်ရန် အနည်းငယ်မြှင့်တင်ထားရမည်။

### ၂.၉.၃.၁ အမိုးအောက်ထပ်ခိုး

#### ၂.၉.၃.၁.၁ ဝင်နိုင်ထွက်နိုင်သောနေရာ

မီးလောင်လွယ်သော မျက်နှာကြက် သို့မဟုတ် ခေါင်မိုးဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံထိပ်ဆုံးထပ်၏ မျက်နှာကြက်တွင် ဝင်ထွက်နိုင်သော ထပ်ခိုးအပေါက်ကို စီစဉ်ထားရှိရမည်။ အပေါက်သည် အမြင့် ၃ထပ် သို့မဟုတ် ၃ထပ်ထက်ပိုသည့် အဆောက်အအုံများ၏ စင်္ကြံလမ်း သို့မဟုတ် စင်္ကြံတွင် တည်ရှိရမည်ဖြစ်ပြီး မည်သည့် အမြင့်ရှိ အဆောက်အအုံများတွင်မဆို အလွယ်တကူဝင်ထွက်နိုင်ရမည်။ အပေါက်သည် ၆၀၀ မီလီမီတာပတ်လည် (စတုရန်းလက်မ ၂၃.၄ လက်မ) ထက်မနည်းရ သို့မဟုတ်၆၀၀ မီလီမီတာ အချင်း (၂၃.၄လက်မ) ထက်မနည်းရ။ ၈၀၀ မီလီမီတာ (၃၁.၂ လက်မ) ရှိအနည်းဆုံး အသားတင်ကင်းလွတ်အမြင့်သည် ဝင်ထွက်နိုင်သော အပေါက်၏ အထက် တွင် ရှိရမည်။

#### ၂.၉.၃.၁.၂ နေရာပိုင်းခြားခြင်း

မီးလောင်လွယ်သော အဆောက်အအုံပါ ထပ်ခိုးနေရာများကို မျက်နှာကြက်မှ ခေါင်မိုးထိရှိသော မီးဒဏ်ခံနိုင်သည့်နံရံများဖြင့် ၂၅၀ စတုရန်းမီတာ (၂၆၉၁ စတုရန်းပေ) ထက်မပိုသောဧရိယာအဖြစ် ပိုင်းခြားရမည်။ ၎င်းမှအပ ထပ်ခိုးတစ်ခုလုံးကို ခွင့်ပြုထားသော အလိုအလျောက် မီးငြိမ်းသတ်သည့် စနစ်တပ်ဆင်ထားပါက ထပ်ခိုးနေရာကို ၇၅၀ စတုရန်း မီတာ (၈၀၇၃ စတုရန်းပေ) ထက် မကျော်သည့်ဧရိယာအဖြစ် ပိုင်းခြားနိုင်သည်။ ခန်းဆီးနံရံ များရှိ အပေါက်များကို အလိုအလျောက်ပိတ်သည့် တံခါးများဖြင့် ကာကွယ်ရမည်။

#### ၂.၉.၃.၁.၃ မီးတားပစ္စည်း (Draft stops)

မည်သည့်တည်ဆောက်ပုံ အမျိုးအစားကို မဆို ၂၀၀၀ စတုရန်းမီတာ (၂၁၅၂၈ စတုရန်းပေ) ထက်ပိုသည့် အဆောက်အအုံများအားလုံးတွင် ခေါင်မိုးနှင့် အမိုးဒိုင်း အောက်ခြေ သို့မဟုတ် ဒိုင်းခွေများအကြား အမိုးဒိုင်းအားလုံးတွင် မီးတားပစ္စည်း(draft stops)ကို တပ်ဆင်ရမည်။ မီးတားပစ္စည်း (draft stops)ကို ထပ်ခိုးနေရာ ပိုင်းခြားခြင်း အတွက် ဆောက်လုပ်ရမည်။

#### ၂.၉.၃.၁.၄ လေဝင်လေထွက်

မျက်နှာကြက်များသည် ဒိုင်းအောက်မျက်နှာပြင် သို့မဟုတ်ခေါင်မိုးရှိဒိုင်းများနှင့် တိုက်ရိုက်ချိတ်ဆက်ပါက ဖွဲ့စည်းထားသော ဒိုင်းနေရာများ အပါအဝင် ပူးတွဲထပ်ခိုးများကို မိုးရေဝင်ခြင်းမှ ကာကွယ်ပေးသည့် သင့်လျော်သော လေဝင်လေထွက် စီစဉ်ပေးရမည်။

## ၂.၉.၄ အမိုးနှင့်ဆက်စပ်သည့်ရေဆင်းမြောင်းစနစ်

### ၂.၉.၄.၁ အမိုးနှင့်ဆက်စပ်သည့်ရေဆင်းမြောင်း

အမိုးနှင့်ဆက်စပ်သည့်မြောင်းကို ခေါင်းမိုးရှိအနိမ့်ပိုင်းများတွင် တပ်ဆင်ရမည်ဖြစ်ပြီးစီးဆင်းလာသည့် ရေများအားလုံးကို စီးဆင်းရန်လုံလောက်သည့် အရွယ်အစားရှိရမည်။

### ၂.၉.၄.၂ ရေစီးရေလာကောင်းမွန်ခြင်းနှင့် အမိုးအစွန်းတစ်လျှောက်ရှိ ရေမြောင်း(scuppers)

ခေါင်မိုးနှင့်ဆက်စပ်သည့် ရေမြောင်းလိုအပ်ပါက ရေစီးရေလာကောင်းမွန်အောင် စီစဉ်ပေးရမည်။

### ၂.၉.၄.၃ ဖုံးကွယ်ထားသည့်ပိုက်

အဆောက်အအုံဆောက်လုပ်ချိန်တွင် ရေမြောင်းများကို အတွင်းပိုင်းတွင် ဝှက်ထားပါက အမိုးနှင့်ဆက်စပ်သည့် ရေမြောင်းများနှင့် ရေမြောင်းရေလျှံမှုများကို ဤလမ်းညွှန်ချက်ပါ ပြဋ္ဌာန်းချက် အပိုင်း ၅ ဃ (ရေပေးဝေခြင်း၊ မိလ္လာပိုက်ဆက်ခြင်းနှင့် သန့်ရှင်းမှု)နှင့်အညီ တပ်ဆင်ရမည်။

### ၂.၉.၄.၄ အများပြည်သူဆိုင်ရာ မြေယာအဆောက်အအုံ (Over Public Property)

အဆောက်အအုံ၏ အမိုးရေတံလျှောက် (Roof Drainage) မှ ရေများကို အများပြည်သူဆိုင်ရာ မြေယာအဆောက်အအုံအပေါ်သို့ ဖြတ်၍ စီးဆင်းခွင့်မပြုရ။

## ၂.၉.၅ အိမ်မိုးနှင့်နံရံအဆက်ကို လုံအောင်ဖုံးထားသည့်သတ္တုပြား

အိမ်မိုးနှင့်နံရံအဆက်ကို လုံအောင်ဖုံးထားသည့်သတ္တုပြားနှင့် အခြားရေတားသတ္တုပြားများ (counter flashing) ကို ခေါင်မိုးနှင့် ဒေါင်လိုက်မျက်နှာပြင်အဆုံတွင် တပ်ဆင်ရမည်။

## ၂.၉.၆ ခေါင်မိုးရှိ အလင်းဝင်ပေါက်များ

အလင်းဝင်ပေါက်များအားလုံးကို အုပ်စု "R" နှင့် "$U_1$" နေထိုင်မှုပုံစံများ အတွက်မှအပ သတ္တုဘောင်များဖြင့် ဆောက်လုပ်ရမည်။ အလင်းဝင်ပေါက်များ၏ ဘောင်များကို ခေါင်မိုးအတွက် လိုအပ်သောဝန်ထမ်းနိုင်ရန် ဒီဇိုင်းထုတ်ရမည်။ အလင်းဝင်ပေါက်များ၏ မှန်ကိုရေပြင်ညီမှ ၄၅ ဒီဂရီထက် လျော့နည်းသည့်ထောင့်ဖြင့် သတ်မှတ်ဆောက်လုပ်ရမည်။ ပထမအထပ်၏ အထက်တွင်တည်ရှိပါက ခေါင်မိုးအထက်အနည်းဆုံး ၁၀၀ မီလီမီတာ (၄လက်မ) ရှိရမည်။ အလင်း ဝင်ပေါက်ဘောင်တန်းပေါ်ရှိ အထိန်းများကို ဖွဲ့စည်းတည်ဆောက်မှု ပုံစံအမျိုးအစား ၁ သို့မဟုတ် ၂ အတွက်မှအပ မီးမလောင်လွယ်သော လုပ်ငန်းသုံးပစ္စည်းများဖြင့် ဆောက်လုပ်ရမည်။

အလင်းဝင်ပေါက်များရှိ ဝိုင်ယာမြှုပ်၍ ပုံစံသွင်းထားသောမှန်ပြားအတွက် ဦးတည်ချက်တစ်ခုရှိ ထောက်များအကြားအကွာအဝေးသည် ၆၂၅ မီလီမီတာ (၂၄ လက်မ)ထက် မကျော်စေရ။ အထပ်အလွှာပြုလုပ်ထားသောမှန်တွင် လှိုင်းတွန့်လမ်းကြောင်းအကွာသည် ၁.၅၀ မီတာ (၅ ပေ) ရှိထောက်များ ရှိရမည်။ အလင်းဝင်ပေါက်ရှိ မှန်များအားလုံးသည် အထပ်အလွှာပြုလုပ်ထားသော မှန်များဖြစ်ရမည်။ ၎င်းမှအပ နှစ်ထပ် သို့မဟုတ် နှစ်ထပ်ထက်ပိုသည့် ဒေါင်လိုက်တိုးလျှိုပေါက်များပေါ်ရှိ အလင်းဝင်ပေါက်များကို ဤလမ်းညွှန်ချက်တွင် သတ်မှတ်ထားသည့်အတိုင်း ရိုးရိုးမှန်များ တပ်ဆင်ရမည်။ ဝိုင်ယာမြှုပ်၍ ပုံစံသွင်းထားသောမှန်ကို ဒေါင်လိုက်တိုးလျှိုးပေါက်၏ ထောင့်ဖြတ် ဧရိယာ ၁/၈ ထက် မနည်းညီမျှသော အလင်းဝင်ပေါက်တွင် အသုံးပြုနိုင်မှသာလျှင် ၁.၂၀ မီတာ(၄ ပေ) ထက် မနည်းသည့် ဝိုင်ယာမြှုပ်၍ ပုံစံသွင်းထားသောမှန်ကို ယင်းဒေါင်လိုက်တိုးလျှိုပေါက်၏ ထိပ်တွင် တပ်ဆင်ရမည်။ ဝိုင်ယာမြှုပ်၍ ပုံစံသွင်းမထားသောမည်သည့်မှန်ကိုမဆို ၂၅ မီလီမီတာ (၀.၉၈လက်မ) ထက်မပိုသည့်ဇကာဖြင့် အချင်း ၂.၅ မီလီမီတာ (၀.၀၉၈ လက်မ)ထက် သေးငယ်သော ဝိုင်ယာဖြင့်ဆောက်လုပ်ထားသည့် မျက်နှာပြင်၏ အထက်နှင့်အောက်ကို ကာကွယ်ပေးရမည်။ ဇကာကို မှန်၏အောက်ခြေတွင် အခိုင်အမာဖြင့် ထောက်ထားရမည်။

ရိုးရိုးမှန်ကို မှန်လုံအိမ်များအတွက် ခေါင်မိုးနှင့် အလင်းဝင်ပေါက်များတွင် အသုံးပြုနိုင်သည်။ သို့ရာတွင် မှန်လုံအိမ်များ၏ ခေါင်ချုပ်အမြင့်သည် ပြင်ညီအထက် ၆.၁၀ မီတာ (၁၉.၆ ပေ) ထက်မကျော်ရ။ အလင်းဝင်ပေါက်၏ အမြင့်သည် ပြင်ညီအထက် ၆.၁၀ မီတာ (၁၉.၆ ပေ) ထက် မကျော်လွန်ပါကတင်းကြပ်စွာ ကန့်သတ်ထားသည့် မီးဘေးအန္တရာယ်ရှိသည့် ဇုန်များ၏ ပြင်ပရှိ ဖန်လုံအိမ်များတွင် အလင်းဝင်ပေါက်များကို သစ်သားဘောင်အသုံးပြုမှုကို ခွင့်ပြုနိုင်သည်။ သို့သော် အခြားကိစ္စရပ်များတွင် သတ္တုဘောင်များနှင့် သတ္တုကြက်ရင်တန်းများတွင် အသုံးပြုရမည်။

အလင်းရောင်ရရှိရန်အတွက် အသုံးပြုသောမှန်ကို ကြမ်းခင်း သို့မဟုတ် လူသွားစင်္ကြံတွင် တပ်ဆင်ပါက ၎င်းကိုသတ္တုဘောင် သို့မဟုတ် အားဖြည့်ကွန်ကရစ်ဘောင်များဖြင့် ထောက်ပံ့တပ်ဆင်ပေးရမည်။ ယင်းမှန်သည် အထူ ၁၂.၅ မီလီမီတာ (၀.၅လက်မ) ထက် မနည်းရှိရမည်။ ဧရိယာ ၁၀၀ စတုရန်း စင်တီမီတာ (၁၅.၅ စတုရန်း လက်မ) ထက်ပိုသည့် မှန်တွင် အလားတူ မြှုပ်ဝင်နေသော ဝိုင်ယာဇကာရှိရမည်။ သို့မဟုတ် ဤလမ်းညွှန်ချက်တွင် အလင်းဝင်ပေါက်များအတွက် သတ်မှတ်ထားသည့်အတိုင်း အခြေတွင် ဝိုင်ယာတပ်ထားသော မျက်နှာပြင်ဖြင့် စီစဉ်ထားရှိရမည်။ ကြမ်းခင်းကို အမြင့် ၁.၁၀ မီတာ (၃.၆ ပေ)ထက် မနည်းသော လက်ရန်းဖြင့် ဝန်းရံထားသည့်ကိစ္စမှအပ ကြမ်းခင်းအလင်းရောင်များ သို့မဟုတ်

လူသွားစင်္ကြံ အလင်းရောင်များ၏ အပိုင်းအားလုံးသည် အဆောက်အအုံ၏ ကြမ်းခင်း သို့မဟုတ် လူသွားစင်္ကြံတည်ဆောက်ရေးအပိုင်းတွင် လိုအပ်သည့်အတိုင်း အလားတူခိုင်ခံ့မှု ရှိရမည်။ ယင်းကိစ္စတွင် ဖွဲ့စည်းတည်ဆောက်ပုံကို ခေါင်မိုးဝန်ထက် မနည်းတွက်ချက်ရမည်။

## ၂.၉.၇ အမိုးပေါ်ရှိ လူအသုံးမပြုသောနေရာနှင့် အမိုးနှင့်ဆက်စပ်သည့် အဆောက်အအုံများ

### ၂.၉.၇.၁ အမြင့်

ရေတိုင်ကီများအတွက် သို့မဟုတ် ခေါင်မိုးအထိသွားနိုင်သော ဓါတ်လှေကားများ အတွက် နံရံများကာရံခြင်းအဖြစ် အသုံးပြုပါက မည်သည့်အမိုးပေါ်ရှိ လူအသုံးမပြုသော နေရာမှ သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံ ပုံစံအမျိုးအစား ၅ မှအပ အဆောက်အအုံများရှိ ခေါင်မိုးအထက်တွင် အခြားမည်သည့်အစွန်းမှ ခေါင်မိုး အထက် ၈.၄၀ မီတာ (၂၈ ပေ) ထက် မကျော်လွန်ရ။ အခြားကိစ္စရပ်များတွင် ခေါင်မိုး၌အမြင့် ၃.၆၀ မီတာ (၁၂ ပေ) ထက် မကျော် လွန်ရ။ အမိုးပေါ်ရှိ လူအသုံးမပြုသော နေရာကြမ်းခင်းသည် ရေလုံရမည် ဖြစ်သည်။

### ၂.၉.၇.၂ ဧရိယာ

အမိုးပေါ်ရှိလူအသုံးမပြုသော နေရာများအားလုံးနှင့် အခြားခေါင်မိုးနှင့် ဆက်စပ် သည့် အဆောက်အအုံများအားလုံး၏ စုစုပေါင်းဧရိယာသည် အထောက်အပံ့ပေးသည့် ခေါင်မိုး ဧရိယာ ၏ ၅၀% ထက် မကျော်စေရ။

### ၂.၉.၇.၃ တားမြစ်ထားသည့်အသုံးပြုမှုများ

မည်သည့်အမိုးပေါ်ရှိ လူအသုံးမပြုသောနေရာ၊ ပိုင်းကန့်ထားသည့်နံရံ သို့မဟုတ် ခေါင်မိုးအထက်ရှိ အခြားအလားတူအစွန်းများကို ခေါင်မိုးရှိ စက်ပစ္စည်းကိရိယာ၏ အမိုး အကာ သို့မဟုတ် ဒေါင်လိုက်တိုးလျှိုးပေါက်များ၏ အမိုးအကာမှအပ လိုအပ်ချက်များ အတွက် အသုံးမပြုရ။ ဤလမ်းညွှန်ချက်အရ ခွင့်ပြုသည့်အရာမှအပ လိုအပ်ချက်များအတွက် အသုံးပြုသော အမိုးပေါ်ရှိ လူအသုံးမပြုသောနေရာ သို့မဟုတ် ပိုင်းကန့်ထားသည့်နံရံသည် ထပ်ဆောင်းအထပ်အတွက် ဤလမ်းညွှန်ချက်ပါ လိုအပ်ချက်များနှင့် ကိုက်ညီရမည်။

### ၂.၉.၇.၄ ဆောက်လုပ်ရေး

အမိုးနှင့်ဆက်စပ်နေသည့် အဆောက်အအုံများကို အောက်ပါကိစ္စရပ်များမှအပ အဆောက်အအုံ၏ အဓိကအပိုင်းအတွက် လိုအပ်သည့်အတိုင်း နံရံများ၊ ကြမ်းခင်းများနှင့် ခေါင်မိုးဖြင့် ဆောက်လုပ်ရမည်။

တည်ဆောက်ပုံ ပုံစံအမျိုးအစား ၃ နှင့် ၄ များနှင့် ပတ်သက်၍ ကပ်လျက်ရှိ အဆောက်အအုံနယ်နမိတ်မှ ၁.၅၀ မီတာ (၄.၅ပေ) သို့မဟုတ် ၎င်းထက်ကျော်သည့် အမိုးပေါ်ရှိ လူအသုံးမပြုသောနေရာများ၏ အပြင်နံရံများနှင့် ခေါင်မိုးများသည် တစ်နာရီကြာ မီးဒဏ်ခံနိုင်သည့် မီးလောင်မလွယ်သော ဖွဲ့စည်းတည်ဆောက်ပုံဖြစ်ရမည်။

တည်ဆောက်ပုံ ပုံစံအမျိုးအစား ၄ ၏ အပြင်နံရံမှ ၁.၅၀မီတာ (၄.၅ ပေ)ထက် မနည်းသည့် နံရံများသည် တစ်နာရီကြာ မီးဒဏ်ခံနိုင်သည့် မီးလောင်မလွယ်သော တည်ဆောက်ပုံ ဖြစ်ရမည်။ အထက်ပါ ကန့်သတ်ချက်များသည် အဆောက်အအုံတစ်ခုခု၏ အမိုးပေါ်ရှိသစ်သား အလံတိုင်များ သို့မဟုတ် အလားတူ အဆောက်အအုံများ၏ နေရာချထားခြင်းကို မတားမြစ်ရ။

## ၂.၉.၈ မီးခိုးခေါင်းတိုင်များ

### ၂.၉.၈.၁ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာဒီဇိုင်းထုတ်ခြင်း

မီးခိုးခေါင်းတိုင်များကို ယေဘုယျအားဖြင့်လက်ခံထားသော အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ဒီဇိုင်းထုတ်ခြင်း၊ အုတ်မြစ်ချခြင်း၊ ထောက်ပံ့ခြင်း၊ အားဖြည့်တည်ဆောက်ခြင်းနှင့် တပ်ဆင်ခြင်း ပြုရမည်။ ခေါင်းတိုင်တိုင်းကို ယင်းနှင့်ဆက်စပ်သည့် ကိရိယာ ဘေးကင်းစွာလည်ပတ်နိုင်ရေးအတွက် လိုအပ်သည်ထက်မနည်းသည့် အငွေ့ထုတ်လုပ်နိုင်သည့် စွမ်းဆောင်နိုင်မှုရှိရမည်။ အထောက်အပံ့ပစ္စည်းအဖြစ်လုပ်ဆောင်ရန် ဒီဇိုင်းမထုတ်လုပ်ခဲ့ပါက မည်သည့်မီးခိုးခေါင်းတိုင်မှ ၎င်း၏ကိုယ်ပိုင်အလေးချိန်မှအပ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာဝန်ကို မထမ်းရ။ သစ်သားဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် အဆောက်အအုံရှိ မီးခိုးခေါင်းတိုင်များသည် ဘောင်အတွင်းတစ်ခုလုံးရှိခြင်း သို့မဟုတ် သီးခြားတည်ရှိရန် ဒီဇိုင်းထုတ်ထားခြင်းမှအပ ၎င်းကို ပြင်ညီအထက် ၁.၈၀ မီတာ (၆ ပေ) ထက်ပိုသည့် မျက်နှာကြက်လိုင်းနှင့် ကြမ်းခင်းအသီးသီးတွင် ဘေးတိုက်တွဲဆက် ချည်နှောင်ထားရမည်။

### ၂.၉.၈.၂ နံရံများ

အင်္ဂတေဖြင့် တည်ဆောက်ထားသည့် မီးခိုးခေါင်းတိုင်တိုင်းတွင် အင်္ဂတေယူနစ်နံရံများ၊ အုတ်ခဲများ၊ ကျောက်တုံးများ၊ အင်္ဂတေဖြင့်တည်ဆောက်ထားသည့် ထိန်းသိမ်းစောင့်ရှောက်ထားသော မီးခိုးခေါင်းတိုင်ယူနစ်များ၊ ခေါင်းပွပန်းရံလုပ်ငန်း၏ အားဖြည့်ကွန်ကရစ် သို့မဟုတ် ခိုင်ခံ့သည့်အထူရှိရမည်ဖြစ်ပြီး အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ သင့်လျော်သည့် အနားကွပ်ဖြင့် လိုင်နင်ခံရမည်။

**၂.၉.၈.၂.၁ နေထိုင်မှုဆိုင်ရာ (R) အတွက် အင်္ဂတေဖြင့် တည်ဆောက်ထားသည့် မီးခိုးခေါင်းတိုင်များ**

အင်္ဂတေဖြင့် ဆောက်လုပ်ထားသည့် မီးခိုးခေါင်းတိုင်များကို အင်္ဂတေယူနစ် သို့မဟုတ် အထူ ၁၀၀ မီလီမီတာ (၄ လက်မ) ထက်မနည်းသော အားဖြည့်ကွန်ကရစ်နံရံများ သို့မဟုတ် အထူ ၃၀၀ မီလီမီတာ (၁၂ လက်မ) ထက် မနည်းသော ကျောက်ကြမ်းစီပန်းရံဖြင့်ဆောက်လုပ်ရမည်။ မီးခိုးခေါင်းတိုင်အနားကွပ်သည် ဤလမ်းညွှန်ချက်နှင့်အညီဖြစ်ရမည်။

**၂.၉.၈.၂.၂ အပူနည်းသော အသုံးအဆောင်များအတွက် အင်္ဂတေဖြင့် ဆောက်လုပ်ထားသည့် မီးခိုးခေါင်းတိုင်များ**

အင်္ဂတေဖြင့် ဆောက်လုပ်ထားသည့် မီးခိုးခေါင်းတိုင်များကို အထူ ၃၀၀ မီလီ မီတာ (၁၂ လက်မ) ထက်မနည်းသော ကျောက်ကြမ်းစီပန်းရံမှအပ အင်္ဂတေယူနစ် သို့မဟုတ် အထူ ၂၀၀ မီလီမီတာ (၈ လက်မ) ထက် မနည်းသော အားဖြည့်ကွန်ကရစ်နံရံများဖြင့်ဆောက်လုပ်ရမည်။ မီးခိုးခေါင်းတိုင်အနားကွပ်သည် ဤလမ်းညွှန်ချက်နှင့်အညီဖြစ်ရမည်။

**၂.၉.၈.၂.၃ အလယ်အလတ်အပူချိန်ရှိသော အသုံးအဆောင်များအတွက် အင်္ဂတေဖြင့် ဆောက်လုပ်ထားသည့် မီးခိုးခေါင်းတိုင်များ**

အလယ်အလတ်အပူချိန်ရှိသော အသုံးအဆောင်များအတွက် အင်္ဂတေဖြင့် ဆောက်လုပ်ထားသည့် မီးခိုးခေါင်းတိုင်များကို အထူ ၂၀၀ မီလီမီတာ (၈ လက်မ) ထက်မနည်းသော အားဖြည့်ကွန်ကရစ်နှင့်ဆိုင်သည့် ခိုင်ခံ့သည့် အင်္ဂတေယူနစ်များဖြင့် ဆောက်လုပ်ရမည်။ ၎င်းမှအပ ကျောက်ကြမ်းစီပန်းရံသည် အထူ ၃၀၀ မီလီမီတာ (၁၂ လက်မ) ထက်မနည်း ဖြစ်ရမည်ဖြစ်ပြီး ခေါင်းတိုင်အဆက်၏ အပေါက်အောက်တွင် ၆၀၀ မီလီမီတာ (၂၄ လက်မ) ထက်မနည်းသော ခိုင်ခိုင်ခံ့ခံ့ ဖြည့်ဆည်းထားသည့် ခေါင်းပိုင်းကြမ်းခင်းနှင့် နံရံအဆက်များနှင့်အတူ မီးခံသရွတ်ဖြင့် တစ်သားတည်းကြမ်းခင်းတွင် ထားရှိသည့် ၁၀၀ မီလီမီတာ (၄ လက်မ) ထက်မနည်းသော မီးခံအုတ်ဖြင့် လိုင်နင်ခံရမည်။ ခေါင်းတိုင်အဆက်၏ အထက်ရှိ ၇.၅၀ မီတာ (၂၂.၅ ပေ) ထက်ကျော်လွန်သည့် သို့မဟုတ်နည်း သည့် မီးခိုးခေါင်းတိုင်များကို ပိုက်ခေါင်းထိ လိုင်နင်ခံရမည်။

### ၂.၉.၈.၂.၄ အပူချိန်မြင့်သည့် အသုံးအဆောင်များအတွက် အင်္ဂတေဖြင့် ဆောက်လုပ်ထားသည့် မီးခိုးခေါင်းတိုင်များ

အပူချိန်မြင့်သည့် အသုံးအဆောင်များအတွက် အင်္ဂတေဖြင့် ဆောက်လုပ်ထားသည့် မီးခိုးခေါင်းတိုင်များကို နံရံများအကြား ၅၀ မီလီမီတာ (၂ လက်မ) ထက်မနည်းသည့် လေဟာနယ်နှင့်အတူ ခိုင်ခံ့သည့် အင်္ဂတေယူနစ်နံရံနှစ်ထပ် သို့မဟုတ်အထူ ၂၀၀ မီလီမီတာ (၈ လက်မ)ထက် မနည်းသည့် အားဖြည့်ကွန်ကရစ်ဖြင့် တည်ဆောက်ရမည်။ အတွင်းနံရံများ၏ အတွင်းဘက်သည် ခိုင်ခိုင်ခံ့ခံ့ဖြည့်ဆည်းထားသော ခေါင်းပိုင်း၊ ကြမ်းခင်းနှင့် နံရံအဆက်များနှင့်အတူ မီးခံသရွတ်ဖြင့် တသားတည်း ကြမ်းခင်းတွင်ထားရှိသည့်အထူ ၁၀၀ မီလီမီတာ (၄ လက်မ) ထက် မနည်းသော မီးခံအုတ်ဖြင့် ပြုလုပ်ရမည်။

### ၂.၉.၈.၂.၅ အထပ်များစွာပါရှိသော အဆောက်အအုံများတွင် တပ်ဆင်သည့် အမှိုက်ကို မီးရှို့ဖျက်ဆီးရန် မီးပြင်းဖိုများ (တိုက်ခန်းပုံစံ မီးပြင်းဖိုများ) အတွက် အင်္ဂတေဖြင့် ဆောက်လုပ်ထားသည့် မီးခိုးခေါင်းတိုင်များ

မီးရှို့ခန်း၏ ပြင်ညီမီးခံသံဘောင်ဧရိယာသည် ၀.၈၀ စတုရန်းမီတာထက် မကျော်ပါက အမှိုက်သရိုက်များအတွက် လျှောဆင်းအဖြစ်လည်းကောင်း၊ မီးခိုးထွက်ပေါက်အတွက် အသုံးပြုသည့် အထပ်များစွာပါရှိသော အဆောက်အအုံများတွင် တပ်ဆင်သည့် မီးခိုးခေါင်းတိုင်များသည် ဤလမ်းညွှန်ချက်တွင် သတ်မှတ်ထားသည့်အတိုင်း ခေါင်းတိုင်အနားကွပ်နှင့်အတူ အထူ ၁၀၀ မီလီမီတာ ထက်မနည်းသည့်ခိုင်ခံ့သည့် အင်္ဂတေ သို့မဟုတ် အားဖြည့်ကွန်ကရစ်နံရံများရှိရမည်။ ယင်းမီးပြင်းဖို၏ မီးခံသံဘောင်ဧရိယာသည် ၀.၈၀ စတုရန်းမီတာထက် ကျော်လွန်ပါက နံရံများသည် မီးရှို့ခန်း၏ ခေါင်းမိုးအထက် ၉.၁၀ မီတာ (၂၇ ပေ) ထက် ကျော်လွန်သည်မှအပနှင့် အထူ ၂၀၀ မီလီမီတာရှိ သာမန်အုတ် တစ်မျိုးတည်းသာ အသုံးပြုနိုင်သည်မှအပ မီးခံအုတ်ဖြင့် ၁၀၀ မီလီမီတာထက်မနည်း ရှိရမည်။

### ၂.၉.၈.၂.၆ စီးပွားရေး သို့မဟုတ် စက်မှုလုပ်ငန်းဆိုင်ရာ မီးပြင်းဖိုများအတွက် အင်္ဂတေဖြင့် ဆောက်လုပ်ထားသည့် မီးခိုးခေါင်းတိုင်များ

တစ်နာရီလျှင် အမှိုက် ၁၁၀ ကီလိုဂရမ် ထက်မပိုသည့်၊ ၀.၅၀ စတုရန်းမီတာထက် မပိုသည့် ပြင်ညီမီးခံသံဘောင်ဒီဇိုင်းထုတ်ထားသော စီးပွားရေး သို့မဟုတ် စက်မှုလုပ်ငန်းဆိုင်ရာမီးပြင်းဖိုများအတွက် အင်္ဂတေဖြင့် ဆောက်လုပ်ထားသည့် မီးခိုးခေါင်းတိုင်များတွင် မီးခံအုတ် ၁၀၀ မီလီမီတာ (၄ လက်မ)ထက်မပိုသည့် အနားကွပ်ဖြင့် အထူ ၁၀၀ မီလီမီတာထက်မနည်းသောခိုင်ခံ့သည့် အင်္ဂတေ သို့မဟုတ် အားဖြည့်ကွန်ကရစ်နံရံများ ရှိရမည်။

ၚင်းအနားသတ်သည့် မီးရှို့ခန်းခေါင်မိုး အထက် ၁၂.၀၀ မီတာ (၃၆ ပေ) ထက် မနည်း ရှိရမည်။ ၎င်းမီးပြင်းဖို၏ မီးခံသံဘောင်ဧရိယာ ဒီဇိုင်းအရွယ်အစားသည် တစ်နာရီလျှင် ၁၁၀ ကီလိုဂရမ်ကျော်လွန်ပါက နှင့် ၀.၈၀ စတုရန်းမီတာ (၈၀ စတုရန်းပေ) အသီးသီး ထက် ကျော်လွန်ပါက နံရံများသည် အထူ ၂၀၀ မီလီမီတာ (၈ လက်မ) ထက် မနည်း ဖြစ်ရမည်။ ခေါင်းတိုင်၏အမြင့်ကို မီးခံအုတ် ၁၀၀ မီလီမီတာ (၄ လက်မ) ထက် မနည်းဖြင့် လိုင်နင် ခံရမည်။

### ၂.၉.၈.၃ အနားသတ်များ

မီးခံအုတ်ဖြင့် တည်ဆောက်ထားသော မီးခိုးခေါင်းတိုင်အနားသတ်သည် အထူ ၁၅ မီလီမီတာ (၁/၂ လက်မ) ထက်မနည်းဖြစ်ရမည်။ အနားသတ်သည် အနိမ့်ဆုံးဝင်ပေါက် အောက် ၂၀၀ မီလီမီတာ (၈ လက်မ) အထိရှိရမည်။ သို့မဟုတ် မီးလင်းဖိုဖြစ်ပါက မီးလင်းဖို လည်မျိုမှ အင်္ဂတေပတ်ရံထားသည့် နံရံအထက်ရှိ အမှတ်အထိရှိရမည်။ မီးခံအုတ်ဖြင့် တည် ဆောက်ထားသော မီးခိုးခေါင်းတိုင်အနားသတ်များကို အတွင်းဘက်တွင် ချောမွေ့စေရန် အံကိုက်ဖြစ်သည့် အဆက်များနှင့်အတူ မီးခံသရွတ်ဖြင့် အခြားတစ်ဘက်တွင် သုတ်လိမ်းထား သည့်အတိုင်း မီးခိုးခေါင်းတိုင်၏ရှေ့တွင် ကြိုတင်တပ်ဆင်ရမည်။ အထူ ၅၀၀ မီလီမီတာထက် မနည်းသည့် မီးခံအုတ်ကို မီးခံရွှံ့ဖြင့် တည်ဆောက်ထားသော မီးခိုးခေါင်းတိုင်အစား အသုံးပြု နိုင်သည်။

### ၂.၉.၈.၄ ဧရိယာ

မီးခိုးထွက်ပေါက်သည် လေဝင်လေထွက်အပေါက်နှင့် ပူးတွဲထားသည့် အသုံး အဆောင်ပစ္စည်းထက် အကျယ်အဝန်းပမာဏ မသေးငယ်ရ။

### ၂.၉.၈.၅ အမြင့်

အင်္ဂတေဖြင့် ပြုလုပ်ထားသည့် မီးခိုးခေါင်းတိုင်တိုင်းသည် ၎င်းဖြတ်သန်းသွားသည့် ခေါင်မိုးအပိုင်းအထက်တွင် အနည်းဆုံး ၆၀၀ မီလီမီတာ (၂၄ လက်မ) ရှိရမည်ဖြစ်ပြီး အဆောက်အအုံ၏ မည်သည့်အပိုင်းမဆို ၃.၀၀ မီတာ (၉ ပေ) အတွင်းရှိပါက မီးခိုးခေါင်းတိုင် အမြင့်သည် အမိုးအထက် အနည်းဆုံး ၆၀၀ မီလီမီတာ (၂၄ လက်မ) ရှိရမည်။

### ၂.၉.၈.၆ အစွန်းထွက်အုတ်ရိုး

အင်္ဂတေဖြင့်ပြုလုပ်ထားသာ မီးခိုးခေါင်းတိုင်သည် နံရံ၏ဘေးဘက်အသီးသီးတွင် ညီတူညီမျှ အစွန်းမထွက်လျှင်ဖြစ်စေ အထူ ၃၀၀ မီလီမီတာ (၁၂ လက်မ) ထက်လျော့နည်း သည့် နံရံမှ အစွန်းမထွက်လျှင်ဖြစ်စေ အင်္ဂတေဖြင့်ပြုလုပ်ထားသည့် မီးခိုးခေါင်းတိုင်ကို နံရံမှ

၁၅၀ မီလီမီတာထက်ပို၍ အစွန်းမထွက်စေရ။ အုပ်စု "R" နေထိုင်မှုပုံစံနှစ်ထပ် အဆောက်အအုံ၏ ဒုတိယအထပ်တွင် ပတ်ရံထားသော နံရံ၏အပြင်ဘက်ရှိ အင်္ဂတေဖြင့်ပြုလုပ်ထားသည့် မီးခိုးခေါင်းတိုင်အစွန်းသည် နံရံအထူနှင့်ညီမျှနိုင်သည်။ ကိစ္စရပ်တိုင်းတွင် အစွန်းထွက်အုတ်ရိုးသည် အုတ်ရိုးအတွက် အစွန်း ၂၅ မီလီမီတာ (၁ လက်မ) ထက်မကျော်လွန်ရ။

## ၂.၉.၈.၇ အရွယ်အစား သို့မဟုတ်ပုံစံပြောင်းလဲခြင်း

မီးခိုးခေါင်းတိုင်သည် ခေါင်မိုးကိုဖြတ်သန်းသွားပါက အင်္ဂတေဖြင့်ပြုလုပ်ထားသည့် မီးခိုးခေါင်းတိုင်၏ အရွယ်အစား သို့မဟုတ် ပုံစံပြောင်းလဲခြင်းကို ခေါင်မိုး၏ ဒိုင်းနှင့်မြားအထက် သို့မဟုတ် အောက်တွင် ၁၅၀ မီလီမီတာ (၆ လက်မ) အကွာအဝေးအတွင်း မပြုလုပ်ရ။

## ၂.၉.၈.၈ ပိုင်းခြားခြင်း

မီးခိုးခေါင်းတိုင်တစ်ခုတည်းတွင် မီးခိုးထွက်ပေါက်တစ်ခုထက် ပို၍ပါဝင်ပါက မီးခိုးခေါင်းတိုင်၏ အင်္ဂတေနံရံကို ခိုင်မြဲစွာဆက်ထားသည့် အနည်းဆုံးအထူ ၁၀၀ မီလီမီတာ (၄ လက်မ) ရှိ အင်္ဂတေဖြင့် ပိုင်းခြားခြင်းကို မီးခိုးထွက်ပေါက် သီးခြားဖြစ်စေရန် ပြုလုပ်ရမည်။

## ၂.၉.၈.၉ လေဝင်ပေါက်များ

အင်္ဂတေဖြင့် ဆောက်လုပ်ထားသည့် မီးခိုးခေါင်းတိုင်သို့ဝင်သည့် လေဝင်သည့်အပေါက်တိုင်းသည် ယင်း၏ ဘေးဘက်သို့ ဝင်ရမည်ဖြစ်ပြီး မီလီမီတာအထူရှိသောသတ္တုပြား သို့မဟုတ် ၁၆ မီလီမီတာ အလင်းယိုင်သည့်ပစ္စည်း (Reflectory material) ထက် မသေးငယ်ရ။

## ၂.၉.၈.၁၀ ကြားလွတ်နယ်

မီးခိုးခေါင်းတိုင်ကို ဖွဲ့စည်းတည်ဆောက်ပုံအတွင်း တည်ဆောက်ပါက မီးခိုးခန်း သို့မဟုတ် အင်္ဂတေဖြင့် ဆောက်လုပ်ထားသည့် မီးခိုးခေါင်းတိုင်၏ ၅၀ မီလီမီတာအတွင်း မီးလောင်လွယ်သော ပစ္စည်းများကိုမထားရ။ သို့မဟုတ် မီးခိုးခေါင်းတိုင်ကို ဖွဲ့စည်းတည်ဆောက်ပုံ၏ အပြင်ဘက်တွင် လုံးလုံးတည်ဆောက်ပါက ၂၅ မီလီမီတာ (၁ လက်မ)အတွင်း မီးလောင်လွယ်သော ပစ္စည်းများမထားရ။

## ၂.၉.၈.၁၁ အဆုံးသတ်ခြင်း

မီးပြင်းဖိုခေါင်းတိုင် အားလုံးသည် ၂၀ မီလီမီတာထက် မကျော်သည့်စနစ်ရှိပါက အဓိကအားဖြင့် မီးပွားတားသည့်ကိရိယာ (spark arrester) တည်ဆောက်ခြင်းဖြင့် အဆုံးသတ်ရမည်။

### ၂.၉.၈.၁၂ သန့်ရှင်းရေးပေါက် (Cleanout)

သန့်ရှင်းရေးပေါက် (Cleanout) အပေါက်များကို အင်္ဂတေဖြင့် ဆောက်လုပ်ထားသည့် မီးခိုးခေါင်းတိုင်၏အခြေတွင်ထားရှိရမည်။

## ၂.၁၀ ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်အဆောက်အအုံများအတွက် လမ်းညွှန်ချက်များ

**မှတ်ချက်**။ အပိုင်း ၂ ဗိသုကာနှင့် မြို့ပြပုံစံထုတ်ခြင်း၊ ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်အဆောက်အအုံအခန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရှိ ရှေးဟောင်းအမွေအနှစ်နေရာများ သို့မဟုတ် အဆောက်အအုံများ သို့မဟုတ် နေရာဒေသများအားလုံးကို လွှမ်းခြုံသည်။

### ၂.၁၀.၁ စီမံအုပ်ချုပ်ခြင်း

### ၂.၁၀.၁.၁ အမည်၊ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်

#### ၂.၁၀.၁.၁.၁ အမည်

ဤလမ်းညွှန်ချက်များကို ဗိသုကာနှင့် မြို့ပြပုံစံထုတ်ခြင်းအပိုင်းတွင်ပါရှိသော ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်အဆောက်အအုံအခန်း၊ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာစံချိန်စံညွှန်းလမ်းညွှန်ချက်များဟု ခေါ်တွင်မည်။

#### ၂.၁၀.၁.၁.၂ ရည်ရွယ်ချက်

ဤအခန်း၏ ရည်ရွယ်ချက်မှာ ရှေးဟောင်းသမိုင်းဝင်အမွေအနှစ် အဆောက်အအုံ ထိန်းသိမ်းစောင့်ရှောက်သည့် နေရာဒေသများအတွင်းရှိ အမွေအနှစ်နေရာများ သို့မဟုတ် အဆောက်အအုံများ သို့မဟုတ် အဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ နေရာရွှေ့ပြောင်းခြင်း၊ ပြန်လည်တည်ဆောက်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် လုပ်ငန်းအသစ်များ ပြုလုပ်စဉ်တွင် အမွေနှစ်နေရာများကို ထိခိုက်စေနိုင်သောလုပ်ငန်းများကို လမ်းညွှန်ရန်စည်းမျဉ်းများ ပြဋ္ဌာန်းရန်ဖြစ်သည်(အပိုဒ် ၂.၁၀.၂)။ ဤအခန်းသည် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာများ သို့မဟုတ် အဆောက်အအုံများကို နည်းစနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဖြေရှင်းနည်းများကို သတ်မှတ်ရန်၊ ရေရှည်တည်တံ့ ခိုင်မြဲမှုရှိစေရန်၊ မသန်စွမ်းသူများ ဝင်ထွက်သွားလာနိုင်စေရန်၊ ထိန်းသိမ်းစောင့်ရှောက်ရာတွင် အကျိုးရှိသော လမ်းညွှန်မှုပေးရန်နှင့် နေထိုင်သူများနှင့် အသုံးပြုသူများကို သင့်လျော်သော လုံခြုံမှုပေးရန်ဖြစ်ပါသည်။ ဤအခန်းသည် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာများ သို့မဟုတ် အဆောက်အအုံ

များကို ကိုင်တွယ်ဖြေရှင်းရာတွင် ပုံမှန်နည်းဥပဒေများနှင့် စည်းမျဉ်းများနှင့် သင့်လျော်သော (အပိုဒ် ၂.၁၀.၂ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း) ဖြေရှင်းနည်းများကို လက်ခံရန် အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများမှလက်ခံ၍ ဆောင်ရွက်ရန်ဖြစ်သည်။

### ၂.၁၀.၁.၁.၃ ရည်မှန်းချက်

ဤအခန်း၏ ရည်မှန်းချက်မှာ အဆောက်အအုံအတွင်း နေထိုင်သူများကို သင့်လျော်သော လုံခြုံမှုပေးရန်နှင့် မသန်စွမ်းသူများဝင်ထွက်သွားလာနိုင်ရန် လုပ်ဆောင်ပေးပြီး အမွေအနှစ်နေရာများနှင့် အဆောက်အအုံများကို နည်းစနစ်ကျသော ထိန်းသိမ်းစောင့်ရှောက်မှုနှင့် စဉ်ဆက်မပြတ်အသုံးပြုနိုင်ရန်အတွက် ပံ့ပိုးပေးရန်ဖြစ်သည်။

## ၂.၁၀.၁.၂ အသုံးချခြင်း

### ၂.၁၀.၁.၂.၁ အသုံးချခြင်း

ဤအခန်းသည် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာများ သို့မဟုတ် အဆောက်အအုံများနှင့် ကိုက်ညီသော စည်းမျဉ်းနှင့်စပ်လျဉ်းသော ကိစ္စအားလုံးနှင့် သက်ဆိုင်သည်။ ရှေးဟောင်းအမွေအနှစ်နေရာများနှင့် အဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ပံ့ပိုးပေးရန် ဖြေရှင်းနည်းများပေးသည့် ဤအခန်းကို ပုံမှန်နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် ပေါင်းစပ်အသုံးပြုနိုင်သည်။ ဤအခန်းကို ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာများနှင့် အဆောက်အအုံများအတွက် လိုအပ်သော စည်းမျဉ်းများနှင့် လိုက်နာဆောင်ရွက်ရမည့် အချိန်တိုင်း အာဏာပိုင်အဖွဲ့အစည်းများက အသုံးပြုရမည်။

(၁) သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရဌာန သို့မဟုတ် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရဌာနသည်အမွေအနှစ်နေရာများ သို့မဟုတ် အဆောက်အအုံများကိုထိန်းသိမ်းစောင့်ရှောက်ခြင်း၊ နဂိုအတိုင်းပြန်လည်ပြင်ဆင်မွမ်းမံခြင်း၊ ပြန်လည်တည်ဆောက်ခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ နေရာရွှေ့ပြောင်းခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ဆက်လက်အသုံးပြုခြင်းအတွက် လိုအပ်သောပြုပြင်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ကို ပုဂ္ဂလိကအဆောက်အအုံပိုင်ရှင်က ခွင့်ပြုရန်တင်ပြလာပါက ဤအခန်းပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

(၂) သက်ဆိုင်ရာအစိုးရဌာန အားလုံးသည် ဤအခန်းပါ ပြဋ္ဌာန်းချက်များကို ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်နေရာများ သို့မဟုတ် အဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ နဂိုအတိုင်း ပြန်လည်ပြင်ဆင်မွမ်းမံခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ လုံခြုံမှု၊ နေရာရွှေ့ပြောင်းခြင်း၊ ပြန်လည်တည်ဆောက်ခြင်း သို့မဟုတ် ဆက်လက်အသုံးပြု

ခြင်းအတွက် လိုအပ်သောပြုပြင်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ကို ခွင့်ပြုရာတွင် လိုက်နာရမည်။

**၂.၁၀.၁.၂.၂ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ပြုပြင်ခြင်းများ**

ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံကို အသစ်တိုးချဲ့ခြင်း သို့မဟုတ် အသစ်ဖြည့်စွက်ခြင်းသည် ပုံမှန်နည်းဥပဒေများ၊ စည်းမျဉ်းများ၏ သတ်မှတ်ချက်များနှင့်ကိုက်ညီပြီး သက်ဆိုင်ရာအမွေအနှစ်လမ်းညွှန်ချက်များ၊ သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုရန် ရည်ရွယ်ခြင်းဖြစ်သည်။

**၂.၁၀.၁.၂.၃ နေရာရွှေ့ပြောင်းခြင်း**

နေရာရွှေ့ပြောင်းမည့် ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်နေရာများ သို့မဟုတ် အဆောက်အအုံများသည် ဤလမ်းညွှန်ချက် သို့မဟုတ် ဤအခန်းတွင် ဖော်ပြထားသော ဖြေရှင်းနည်းများနှင့် ကိုက်ညီစေရန် ပြန်လည်နေရာချထားရမည်။ နေရာရွှေ့ပြောင်းခြင်းနှင့် စပ်လျဉ်းသော အသစ်တည်ဆောက်ခြင်းသည် ပုံမှန်နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် ကိုက်ညီရမည်။ နေရာရွှေ့ပြောင်းခြင်းနှင့် စပ်လျဉ်းသော ပြန်လည်တည်ဆောက်ခြင်းနှင့် ပြင်ဆင်မွမ်းမံခြင်းတို့ကို ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုရန်ဖြစ်သည်။

**၂.၁၀.၁.၂.၄ အသုံးချနေထိုင်မှုပုံစံ ပြောင်းလဲခြင်း**

အသုံးချမှု သို့မဟုတ် နေထိုင်မှုပုံစံပြောင်းလဲခြင်းကို အပိုဒ် ၂.၁၀.၃ (အသုံးချမှုနှင့်နေထိုင်မှု) တွင် ကြည့်ပါ။

**၂.၁၀.၁.၂.၅ ဆက်လက်အသုံးချမှု**

ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာများ သို့မဟုတ် အဆောက်အအုံများ အသုံးပြုမှုသည် ယင်းအဆောက်အအုံ တည်ဆောက်ချိန်တွင် စည်းမျဉ်းများ သို့မဟုတ် တည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီပြီး ဤအခန်းတွင် သတ်မှတ်ထားသည့်အတိုင်း အသက်အန္တရာယ်မဖြစ်စေပါက ယင်းတို့၏ လက်ရှိအသုံးပြုခြင်း သို့မဟုတ် နေထိုင်ခြင်းကို ဆက်လက်ပြုလုပ်နိုင်သည်။

**၂.၁၀.၁.၂.၆ အန္တရာယ်ရှိသော အဆောက်အအုံများ**

ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံများသည် ပုံမှန်နည်းဥပဒေများ၊ စည်းမျဉ်းများတွင် သတ်မှတ်ထားသည့်အတိုင်း အန္တရာယ်ရှိသည်ဟု သတ်မှတ်ခြင်းခံရပါက ဤအခန်းနှင့် သက်ဆိုင်သည်။ အန္တရာယ်ရှိအဆောက်အအုံများ

ပြင်ဆင်ရာတွင် အန္တရာယ်ရှိသောအခြေအနေများ၏ ပြင်ဆင်မှုကို ဖော်ပြရန်လိုအပ်ပြီး ရှေးဟောင်းအမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံတစ်ခုလုံးသည် ဤလမ်းညွှန်ချက်နှင့် ကိုက်ညီရန် မလိုအပ်ပါ။

### ၂.၁၀.၁.၂.၇ ဖြည့်စွက်လုပ်ငန်း

ဆောင်ရွက်သော လုပ်ငန်းပြည့်စုံစေရန် ပုံမှန်စည်းမျဉ်းများ၊ စည်းကမ်းများအရ သတ်မှတ်သည့် လုပ်ငန်းထက်ကျော်လွန်သည့် နောက်ထပ်လုပ်ငန်းကို လုပ်ဆောင်ရန်မလိုအပ်ပါ။ခြွင်းချက်အနေဖြင့် ဤအခန်းပါ သတ်မှတ်ဧရိယာအတွင်း မသန်စွမ်းသူများ ဝင်ထွက်သွားလာနိုင်ရန်အတွက်နှင့် သိသာထင်ရှားသော အန္တရာယ်ရှိနေရာများကို ပြဋ္ဌာန်းထားသောစည်းမျဉ်းများအရ တိတိကျကျ လိုက်နာဆောင်ရွက်ရန် လိုအပ်သည်။

## ၂.၁၀.၁.၃ အဖွဲ့အစည်းနှင့် စည်းမျဉ်းအရလိုက်နာစေခြင်း

### ၂.၁၀.၁.၃.၁ အခွင့်အာဏာ

သက်ဆိုင်ရာ ပြည်ထောင်စု သို့မဟုတ် ပြည်နယ်နှင့် တိုင်းဒေသကြီးဆိုင်ရာ အစိုးရဌာနသည် ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်း၊ ပြန်လည်တည်ဆောက်ခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ နေရာရွှေ့ပြောင်းခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ဆက်လက်အသုံးပြုခြင်းအတွက် လိုအပ်သော ပြုပြင်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းများကို ခွင့်ပြုရာတွင် ဤအခန်း၏ လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်ရမည်။

### ၂.၁၀.၁.၃.၂ စည်းမျဉ်းအရ လိုက်နာစေခြင်း

သက်ဆိုင်ရာအစိုးရဌာနအားလုံးသည် ၎င်းတို့စီရင်ပိုင်ခွင့်ရှိသော သက်ဆိုင်ရာ ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာများနှင့် အဆောက်အအုံများကို ဤအခန်း၏ လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်စေရန် ညွှန်ကြားရမည်။

### ၂.၁၀.၁.၃.၃ တာဝန်ရှိမှု

သက်ဆိုင်ရာအစိုးရဌာနများ၏ ပြစ်မှုကင်းလွတ်ခွင့်နှင့်သက်ဆိုင်သော တည်ဆဲဥပဒေသည် ဤအခန်း၏ အသုံးချခြင်းနှင့် ပြဋ္ဌာန်းခြင်းကို အကျိုးသက်ရောက်မှုမရှိစေရ။

### ၂.၁၀.၁.၄ ပြန်လည်သုံးသပ်ခြင်းနှင့်အယူခံဝင်ခြင်း

#### ၂.၁၀.၁.၄.၁ အယူခံဝင်မှုနှင့်သုံးသပ်ရေးအဖွဲ့

သက်ဆိုင်ရာအစိုးရအာဏာပိုင်အဖွဲ့၏ အဆောက်အအုံဌာနသည် ကနဦးအယူခံဝင်မှုကို သုံးသပ်ပြီး သက်ဆိုင်ရာအာဏာပိုင်အဖွဲ့သည် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရဌာနများ သို့မဟုတ် ထိခိုက်နစ်နာသူတစ်ဦးဦး၏ အယူခံဝင်မှုနှင့် သုံးသပ်ရေးအဖွဲ့ အဖြစ် ဆောင်ရွက်ရမည်။

#### ၂.၁၀.၁.၄.၂ ပြည်ထောင်စု၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အဖွဲ့အစည်းများ

ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာများနှင့် အဆောက်အအုံများကို ပိုင်ဆိုင်သည့် အစိုးရအဖွဲ့အစည်းများဖြစ်စေ၊ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်း၏ ကိုယ်စားလှယ် အနေနှင့်ဖြစ်စေ ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်နေရာများနှင့် အဆောက်အအုံများကို ထိခိုက်စေနိုင်သော ဆောင်ရွက်မှု သို့မဟုတ် ဆုံးဖြတ်မှု သို့မဟုတ် အယူခံမှုမပြုမီ ဆွေးနွေးသုံးသပ်ချက်ကို ရယူရမည်။

#### ၂.၁၀.၁.၄.၂.၁ ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်

အရေးပေါ်အခြေအနေ ကြေညာထားသည့်နေရာတွင် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံသည် လူ့အသက်နှင့်လုံခြုံမှုကို ခြိမ်းခြောက်လာနိုင်သည်ဟု ကြေညာထားပါက ယင်းခြိမ်းခြောက်မှုကို အကဲဖြတ်သည့် အစိုးရအဖွဲ့အစည်းသည် ယင်းအဆောက်အအုံအား ဖြိုဖျက်ခြင်းမပြုမီ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့နှင့် ဆွေးနွေးရမည်။

#### ၂.၁၀.၁.၄.၃ အစိုးရဌာနအဖွဲ့အစည်းဝန်ဆောင်ခ

အစိုးရဌာနအဖွဲ့အစည်းသည် အယူခံဝင်မှုတွင် ပါဝင်ဆောင်ရွက်ရာ၌ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့ထံမှ သုံးသပ်ချက်နှင့် အယူခံဝင်မှုကိုရရှိရန် သုံးစွဲလိုက်သည့် ကုန်ကျငွေ ထက်မပိုသော သင့်တင့်သည့်ဝန်ဆောင်ခကို သက်ဆိုင်ရာအယူခံဝင်သည့် ပုဂ္ဂိုလ်ထံမှ တောင်းခံနိုင်သည်။

### ၂.၁၀.၁.၅ ဆောက်လုပ်ရေးနည်းလမ်းနှင့် ပစ္စည်းများ

#### ၂.၁၀.၁.၅.၁ ပြုပြင်ခြင်း

ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်း တစ်ခုခုပြုပြင်ခြင်းကို ဤအခန်း၏သတ်မှတ်ချက်များအရ ရှေးဟောင်းသမိုင်းဝင်

ဆောက်လုပ်ရေးပစ္စည်း အမျိုးအစားမူရင်း သို့မဟုတ် အသုံးပြုဆဲ ရှေးဟောင်းသမိုင်းဝင် ဆောက်လုပ်ရေးနည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။(အပိုဒ် ၂.၁၀.၆ တွင် ကြည့်ပါ။)

### ၂.၁၀.၁.၅.၂ ဖြေရှင်းနည်းများ

ဤအခန်း သို့မဟုတ် အခြားလက်ခံနိုင်သောစည်းမျဉ်း သို့မဟုတ် ဒီဇိုင်း သို့မဟုတ် ဆောက်လုပ်ရေးနည်းပညာတစ်ခုခုတွင် ဖော်ပြထားသော ဖြေရှင်းနည်းများနှင့် စည်းမျဉ်း သို့မဟုတ် ပုံမှန်နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် ဤအခန်းတို့ မည်သည့်တွဲ ဖက်မှုမျိုးမဆို တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း အသုံးပြုထားသော ဖြေရှင်းနည်းများကို ခွင့်ပြု ရမည်။ ဤအခန်းသည် အဆိုပြုထားသော အခြားနည်းလမ်း သို့မဟုတ် ဒီဇိုင်းနည်းလမ်း သို့မဟုတ် ဤလမ်းညွှန်ချက်များအရ အထူးပြဋ္ဌာန်းမထားသော သို့မဟုတ် အခြားနည်း ခွင့်ပြုမထားသော တည်ဆောက်မှုများကို ပိတ်ပင်ထားခြင်း မရှိစေရ။ အခြားနည်းလမ်း တစ်ခုခုကို သုံးသပ်လက်ခံနိုင်ရန် သင့်တော်သည့် အာဏာပိုင်အဖွဲ့ အစည်းထံ အကဲဖြတ်ရန် တင်ပြနိုင်သည်။ အာဏာပိုင်အဖွဲ့အစည်းသည် အဆိုပါ ဖြေရှင်းနည်းနှင့်စပ်လျဉ်းပြီး ပြုလုပ်နိုင်သည့် တောင်းဆိုမှုတစ်ခုခုကို သက်သေပြရန် လုံလောက်သော အထောက် အထား သို့မဟုတ် သက်သေတင်ပြရန် တောင်းဆိုနိုင်သည်။ ဤအခန်းတွင် သတ်မှတ်ထား သော သို့မဟုတ် ခွင့်ပြုထားသော ဖြေရှင်းနည်းအစား အဆိုပြုတင်ပြသည့် အခြားနည်းလမ်း တစ်ခုခုသည် ဤအခန်း၏ ဖြေရှင်းနည်းနှင့် အရည်အသွေး၊ စွမ်းအား၊ ထိရောက်မှု၊ ခံနိုင်ရည်ရှိမှုနှင့် လုံခြုံမှုတို့နှင့် ကိုက်ညီရမည်။

## ၂.၁၀.၁.၆ ဆုံးဖြတ်ချက်များ

### ၂.၁၀.၁.၆.၁ အထွေထွေ

ပြည်နယ်နှင့်တိုင်းဒေသကြီးနှင့် သက်ဆိုင်သည့် ကျင့်သုံးမှုများနှင့် ပက်သတ်၍ အစိုးရအဖွဲ့အစည်း သို့မဟုတ် ကော်မတီ၏ စီရင်ဆုံးဖြတ်ချက်များ (ဥပမာ - တရားဝင် အယူခံဝင်မှုများ၊ အမှုဆုံးဖြတ်ချက်များ၊ စည်းမျဉ်းအဓိပ္ပာယ်ကောက်ယူမှုများနှင့် စီမံခန့်ခွဲ ရေး ဆုံးဖြတ်ချက်များစသည့်) ကိုပုံနှိပ်၍ မှတ်တမ်းတင်ရန်လိုအပ်ပြီး ပြည်သူများသိရှိနိုင် စေရန် ဆောင်ရွက်ရမည်။ ၎င်းစီရင်ဆုံးဖြတ်ချက်များကို အလားတူအမှုများ သို့မဟုတ် ကိစ္စများအတွက် လမ်းညွှန်ချက်အဖြစ် အသုံးပြုနိုင်သည်။

## ၂.၁၀.၂ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

### ၂.၁၀.၂.၁ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

ဤအခန်း၏ အချို့စကားရပ်များနှင့် စကားစုများ၊ စကားလုံးများနှင့် ၎င်းတို့၏ ဆင့်ပွားဝေါဟာရများကို အောက်တွင်သတ်မှတ်ထားသည့်အတိုင်း အဓိပ္ပာယ်ကောက်ယူရမည်။ နောက်ထပ်အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် သို့မဟုတ် စကားရပ်များကို ယင်းတို့နှင့် အဓိကအားဖြင့် သက်ဆိုင်သောစကားရပ်များ သို့မဟုတ် စကားစုများနှင့် စပ်လျဉ်းသော အခြားအခန်းများတွင် ဖော်ပြနိုင်ပါသည်။

**ဖြည့်စွက်ခြင်း** - တည်ရှိဆဲအဆောက်အအုံ၏ ကြမ်းခင်းဧရိယာ သို့မဟုတ် အမြင့်ကို နောက်ထပ်တိုးချဲ့ခြင်း သို့မဟုတ်တိုးမြှင့်ခြင်း။

**ပြောင်းလဲပြင်ဆင်ခြင်း** - အဆောက်အအုံ သို့မဟုတ် ၎င်း၏တစ်စိတ်တစ်ပိုင်း၏ အသုံးပြုမှုကို အကျိုးသက်ရောက်မှုရှိစေသော အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံကို ပြုပြင်မွမ်းမံခြင်း။ ပြောင်းလဲပြင်ဆင်ခြင်းတွင် ကန့်သတ်မထားသော်လည်း တည်ဆောက်မှုအပိုင်းများ သို့မဟုတ် အခြေခံသဘောတရားများကို ပုံစံသစ်ဖြင့်တည်ဆောက်ခြင်း၊ အသစ်ပြုပြင်ဆောက်လုပ်ခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ ပြန်လည်တည်ဆောက်ခြင်း၊ ရှေးမူမပျက်ပြင်ဆင်မွမ်းမံခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ပြင်ဆင်နေရာချထားခြင်းများနှင့် နံရံများနှင့် အမိုးထိ အခန်းနံရံများ၏ ဖွဲ့စည်းပုံပုံစံကို ပြောင်းလဲခြင်း သို့မဟုတ် ပြင်ဆင်နေရာချ ထားခြင်းများပါဝင်သည်။

**ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်အဆောက်အအုံ** - ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်အဆောက်အအုံဆိုသည်မှာ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်၊ ရှေးဟောင်းသုတေသနဌာနက စူးစမ်းလေ့လာမှု ပြုလုပ်သည့်နေ့မတိုင်မီ နှစ်ပေါင်း ၁၀၀ ကျော်က တည်ရှိခဲ့သော ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ထားသော အမွေအနှစ်အဆောက်အအုံဖြစ်သည်။

**အဆောက်အအုံစံနှုန်း** - ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံ အတွက် အသုံးပြုနိုင်သောလမ်းညွှန်ချက်၊ စည်းမျဉ်း သို့မဟုတ် စည်းမျဉ်းအစုတစ်ခုခု။

**ထူးခြားသောဝိသေသလက္ခဏာရှိသည့်အစိတ်အပိုင်းများ** - ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံ၏ ပုံပန်းသဏ္ဍာန်ကိုဖော်ပြသည့် ရုပ်သွင်လက္ခဏာများဖြစ်ပြီး ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံ၏ ပုံသဏ္ဍာန်တစ်ခုလုံးကိုဖြစ်စေ၊ ၎င်း၏ပစ္စည်းများ၊ လက်မှုအတတ်ပညာ၊ တန်ဆာဆင်ထားသည့် အနုလက်ရာများ၊ အတွင်းနေရာများနှင့် ၎င်းတို့၏ သွင်ပြင်လက္ခဏာ

များဖြစ်စေ၊ ၎င်း၏တည်နေရာနှင့် ပတ်ဝန်းကျင်၏ပုံပန်း အမျိုးမျိုးအပါအဝင် ၎င်း၏ သမိုင်းတန်ဖိုးအရသော်လည်းကောင်း၊ ဗိသုကာတန်ဖိုးအရသော်လည်းကောင်း၊ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးများအရသော်လည်းကောင်း ထူးခြားစေသောလက္ခဏာရပ်များကိုဆိုလိုသည်။

**ထိန်းသိမ်းစောင့်ရှောက်ခြင်း** - ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံများ၏လက်ရှိပုံစံ၊ တည်တံ့ခိုင်မြဲမှုနှင့် ရှေးဟောင်းသမိုင်းဝင်ပစ္စည်းတို့ကို တည်တံ့စေရန် လိုအပ်သောဆောင်ရွက်ချက်များ သို့မဟုတ် လုပ်ငန်းစဉ်ကိုဆိုလိုသည်။ ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံကိုကာကွယ်ပြီး တည်တန့်စေသည့် ဆောင်ရွက်ချက်များတွင်များပြားသည့် အစားထိုးမှုနှင့် အသစ်တည်ဆောက်ခြင်းထက် သမိုင်းဝင်ပစ္စည်းများနှင့် အင်္ဂါရပ်များကို ဆက်လက်ထိန်းသိမ်းခြင်းနှင့် ပြင်ဆင်ခြင်းတို့ကို ပိုမိုအလေးထားသည်။ အပြင်ပိုင်း အသစ်ဖြည့်စွက်ချက်များသည် ထိန်းသိမ်းစောင့်ရှောက်ခြင်းမဟုတ်ပါ။ သို့သော်ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများကို လက်တွေ့တွင် ဆက်လက်အသုံးပြုနိုင်ရန် စက်မှုနည်းပညာ၊ လျှပ်စစ်၊ ရေနှင့်မိလ္လာစနစ်နှင့် စပ်လျဉ်းသောအလုပ်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် အဆင့်မြှင့်တင်မှုပြုလုပ်ခြင်းသည် ထိန်းသိမ်းစောင့်ရှောက်ခြင်းဟု ခေါ်ဆိုနိုင်သည်။

**ထိန်းသိမ်းစောင့်ရှောက်မှု စီမံခန့်ခွဲခြင်းအစီအစဉ် (CMP)** - ထိန်းသိမ်းစောင့်ရှောက်မှု စီမံခန့်ခွဲခြင်း အစီအစဉ်ဆိုသည်မှာ မည်သည့်အဆောက်အအုံ သို့မဟုတ် တည်နေရာ၊ ၎င်းသည် အဘယ်ကြောင့် ယဉ်ကျေးမှုအရ ထူးခြားကြောင်း၊ ယင်းထူးခြားမှုကို ပြောင်းလဲရန် မည်သို့အားနည်းချက် သို့မဟုတ်ထိခိုက်လွယ်ကြောင်း ရှင်းလင်းထားသည့် မှတ်တမ်းဖြစ်သည်။ ၎င်းသည် အနာဂတ်အသုံးပြုမှု သို့မဟုတ် တည်ဆောက်ပြုပြင်မှု တစ်ခုခုတွင် ထူးခြားမှုကို စီမံခန့်ခွဲ၍ ကာကွယ်ရန်အတွက် မူဝါဒများထွက်လာစေသည်။ CMP တွင် အဆောက်အအုံ သို့မဟုတ် တည်နေရာ၏ အထူးခြားဆုံး လက္ခဏာနှင့်စပ်လျဉ်းသော အသေးစိတ်အချက် အလက်ပါဝင်ပြီး ၎င်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန် ဆောင်ရွက်ချက်များကို အကြံပြုထားသည်။ ၎င်းတွင်အဆောက်အအုံများနှင့် တည်နေရာများကို လိုက်လျောညီထွေ ပြန်လည်အသုံးပြုနိုင်သော ရွေးချယ်စရာများကိုလည်း အကြံပြုထားသည်။ ထို့ကြောင့် ဆက်လက်အသုံးပြုရန် ခွင့်ပြုသည့်အခါ ရှိရင်းစွဲထူးခြားမှုကို ထိမ်းထားနိုင်သောကြောင့် အဆောက်အအုံနှင့် တည်နေရာကို အနာဂတ်မျိုးဆက်များအတွက် ထိန်းသိမ်းထားနိုင်သည်။

**ထိန်းသိမ်းစောင့်ရှောက်ထားသော နေရာများ/ဇုန်များ** - သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သို့မဟုတ် ယင်းတို့ဖွဲ့စည်းထားသောကော်မတီနှင့် သို့မဟုတ် ပြည်ထောင်စု၊ ဒေသဆိုင်ရာနှင့် သို့မဟုတ် ဒေသန္တရအာဏာပိုင်များက ဖွဲ့စည်းထားသော ကော်မရှင်ကသတ်မှတ်သည့် ထူးခြားသည့် သမိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ယဉ်ကျေးမှု

ဆိုင်ရာ၊ ဗိသုကာဆိုင်ရာနှင့် သိပ္ပံဆိုင်ရာတန်ဖိုးများရှိသည့်နေရာများ။ ယင်းဒေသများတွင် စည်းကမ်းများနှင့် နယ်မြေသတ်မှတ်သည့် စည်းမျဉ်းများသည် ဒေသ၏သဘာဝနှင့် ဝိသေသ လက္ခဏာကို ကာကွယ်ရန် ကန့်သတ်မထားသော်လည်း အမြင့်၊ အရောင်၊ လက္ခဏာ၊ မြင်ကွင်း၊ ပစ္စည်းနှင့် အတိုင်းအတာအပါအဝင် အထူးလမ်းညွှန်ချက်များကို စီမံကိန်းများက လိုက်နာရန် သတ်မှတ်သည်။

**ယဉ်ကျေးမှုဆိုင်ရာ အရင်းအမြစ်**- သမိုင်းမတိုင်မီခေတ် သို့မဟုတ် သမိုင်းထူးခြားမှုရှိသည်ဟု တန်ဖိုးဖြတ်သည့် အဆောက်အအုံ၊ တည်နေရာ၊ ပစ္စည်း၊ အရာဝတ္ထု သို့မဟုတ် ယင်းတို့ တည်ရှိရာနေရာဒေသ။

**သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအစီအစဉ် (DMP)** - သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအစီ အစဉ်ဆိုသည်မှာ ဆိုးရွားသောရာသီဥတု၊ မြေငလျင်၊ ရေကြီးမှုအစရှိသည်တို့၏ ဘေး အန္တရာယ်နှင့် ထိခိုက်ဆုံးရှုံးနိုင်မှုကိုသိရှိနိုင်သည့် အထောက်အထားမှတ်တမ်းဖြစ်သည်။ အစီ အစဉ်တွင် ကာကွယ်တားဆီးရေး/ လျှော့ပါးစေရေး မဟာဗျူဟာများ၊ တုံ့ပြန်မှုနှင့် ပြန်လည် ထူထောင်ရေးမဟာဗျူဟာများ၊ မီးဘေးအန္တရာယ်ကာကွယ်တားဆီးရေးအစီအစဉ်များ၊ ဆိုင်ကလုန်းမုန်တိုင်း၊ မြေငလျင်အစရှိသည်တို့မဖြစ်မီနှင့် ဖြစ်ပြီးသည့် သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးအစီအစဉ်တို့ကို ရှင်းလင်းစွာတင်ပြရမည်။ သို့မှသာ အမွေအနှစ်နေရာ များနှင့် ပစ္စည်းများဆုံးရှုံးမှုကို လျှော့ချကာကွယ်နိုင်မည်ဖြစ်သည်။

**ထင်ရှားသောအန္တရာယ်** - နေထိုင်သူများ သို့မဟုတ် လူထုဖြတ်သန်းသွားလာခွင့် လုံခြုံမှုကို တိုက်ရိုက်အန္တရာယ်ရှိနေသော ရှင်းလင်းပေါ်လွင်သည့် အခြေအနေတစ်ခုခု။ လက်ရှိပုံမှန် စည်းမျဉ်းနှင့်အမိန့်များ၏ သတ်မှတ်ချက်များနှင့်မကိုက်ညီသော အခြေအနေများသည် ထင်ရှားသောအန္တရာယ်တွင် မပါဝင်ပါ။

**အာဏာပိုင်အဖွဲ့အစည်း** - စီရင်ပိုင်ခွင့်ရှိသော ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အကြံညာဏ်ရယူထားသော စီရင်ပိုင်ခွင့်ရှိသည့် ဌာနနှင့် သို့မဟုတ် ယင်းတို့ ဖွဲ့စည်းထား သောကော်မတီနှင့် သို့မဟုတ် ပြည်ထောင်စု၊ ဒေသဆိုင်ရာနှင့် သို့မဟုတ် ဒေသန္တရ အာဏာပိုင်များက ဖွဲ့စည်းထားသော ကော်မရှင်။ အမွေအနှစ်နေရာများနှင့် ပစ္စည်းများ အတွက် ခွင့်ပြုချက်၊ သဘောတူညီချက်၊ ဆုံးဖြတ်ချက်၊ ခြားနားချက်၊ အယူခံများရယူသည့် လုပ်ငန်းစဉ်ကို ထိန်းညှိသော၊ ပြဋ္ဌာန်းသော၊ သုံးသပ်သော သို့မဟုတ် ထိန်းချုပ်ရာတွင် သို့မဟုတ် စီမံခန့်ခွဲရာတွင် အသုံးပြုသော အခြားနည်းဖြင့် တာဝန်ရှိသောအဖွဲ့။

**ထွက်ပေါက်လှေကားကိရိယာ** - ထွက်ပေါက်လှေကားကိရိယာဆိုသည်မှာ နှစ်ထပ် သို့မဟုတ် သုံးထပ်နေရာမှ အရေးပေါ်ထွက်ခွာမှုအတွက် အသုံးပြုရန် ရည်ရွယ်ထားသော အမြဲတမ်း တပ်ဆင်ထားသော၊ အသေတပ်ထားသော၊ ခေါက်ထားသော၊ ပြန်၍ရုပ်နိုင် သွင်းနိုင်သော၊ ပတ္တာတပ်ထားသော လှေကားဖြစ်သည်။ လှေကားအရှည်ကို အထူးထောက်ခံထားခြင်း မရှိပါက လှေကားသည် ၂၅ ပေ (၇၆၂၀ မီလီမီတာ) အထိ ကန့်သတ်ထားသည်။ ထွက်ပေါက် လှေကားကို နေထိုင်သူဦးရေ ၁၀ ဦးအောက်နည်းသော နေရာများတွင် အသုံးချရန် ခွင့်ပြု သည်။

**မီးဘေးအန္တရာယ်** - စီရင်ပိုင်ခွင့်ရှိသော အာဏာပိုင်အဖွဲ့အစည်းက လုပ်ထုံးလုပ်နည်းအရ သတ်မှတ်သည့် အတိုင်းအတာထက်ပိုပြီး မီးဘေးအန္တရာယ် သို့မဟုတ် ဖြစ်နိုင်ခြေပိုရှိသော သို့မဟုတ် တိုးစေနိုင်သောအခြေအနေတစ်ခုခု သို့မဟုတ် မီးလောင်ချိန်တွင် မီးသတ်သမား များ၏လုပ်ငန်းများ သို့မဟုတ် နေထိုင်သူများ၏ ထွက်ပြေးလွတ်မြောက်ခြင်းကို ပိတ်ပင်၊ နှောင့်နှေး၊ ဟန့်တား သို့မဟုတ် နှောင့်ယှက်သောအခြေအနေ သို့မဟုတ် လုပ်ရပ်တစ်ခုခု။

**အမွေအနှစ်ထိခိုက်မှုအကဲဖြတ်ခြင်း (HIA)** - အမွေအနှစ်ထိခိုက်မှု အကဲဖြတ်ခြင်း ဆိုသည်မှာ ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်နေရာများ ကာကွယ်ထိန်းသိမ်းခြင်း ဥပဒေအရ သတ်မှတ် သော သို့မဟုတ် သင့်လျော်သည်ဟု ယူဆထားသော အမွေအနှစ်နေရာ သို့မဟုတ် အဆောက် အအုံ၏ အနီးဝန်းကျင်နှင့် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ထားသောဇုန်များ သို့မဟုတ် ရှေးဟောင်းအဆောက်အအုံများနှင့် ဒေသများတွင် အသစ်တည်ဆောက်ပြုပြင်ခြင်း၊ ပြန်လည် တည်ဆောက်ပြုပြင်ခြင်းနှင့် လိုက်လျောညီထွေရှိပြီး ပြန်လည်အသုံးပြုရန် တည်ဆောက် ပြုပြင်ခြင်းတို့၏ထိခိုက်မှုကို လေ့လာစိစစ်ထားသည့် အထောက်အထားမှတ်တမ်းဖြစ်သည်။ ၎င်း၏ စူးစမ်းလေ့လာမှုသည် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာ သို့မဟုတ် အဆောက် အအုံ၏သမိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ ပတ်ဝန်းကျင်ဆိုင်ရာနှင့် ဗိသုကာ ဆိုင်ရာ ထိခိုက်မှုတို့ကို ခြုံငုံမိစေရမည်။ ယင်းအထောက်အထားမှတ်တမ်းသည် ရှေးဟောင်း သမိုင်းဝင် အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက် ထားသော ဇုန်အပေါ်ထိခိုက်မှုများကို ရှင်းလင်းစွာဖော်ပြပြီး ရှေးဟောင်းသမိုင်းဝင် အမွေ အနှစ်နေရာ သို့မဟုတ် အဆောက်အအုံအပေါ် ဆိုးရွားသည့် အကျိုးဆက်များကို ရှောင်ရှားစေ ရန်၊ နည်းနိုင်သမျှနည်းစေရန်နှင့် လျော့ပါးသက်သာစေရန် ဆုံးဖြတ်ချက်များကို ပေးရမည်။

**ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံ** - သမိုင်း၊ ဗိသုကာ သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ မြေခင်းစီမံမှုအရ တန်ဖိုးရှိသည်ဟုယူဆပြီး သင့်လျော်သည့် နေရာဒေသ၊ ပြည်ထောင်စု သို့မဟုတ် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့စီရင်ပိုင်ခွင့်

အရ သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ ထူးခြားမှုအရ စာရင်းသွင်းထားသည့် နေထိုင်နိုင်သော အဆောက်အအုံ၊ တည်နေရာ၊ နေရာ၊ တည်ရာ၊ ခရိုင်နှင့် အဆောက်အအုံအစုအဝေးနှင့် ၎င်းတို့နှင့်ဆက်စပ်တည်နေရာများသည် ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံဖြစ်သည်။ ၎င်းတွင် သက်ဆိုင်ရာဒေသအဖွဲ့အစည်းများ၊ အစုအဖွဲ့များနှင့် ပါဝင်ရမည့် သက်ဆိုင်ရာအဖွဲ့အစည်းများက ခွဲခြားသတ်မှတ်သည့် သမိုင်းနောက်ခံ သို့မဟုတ် ဗိသုကာပိုင်းဆိုင်ရာ ထူးခြားသည့် တည်နေရာများ၊ နေရာများ သို့မဟုတ် အထိမ်းအမှတ်များရှိ နေထိုင်နိုင်သော ရှေးဟောင်းအဆောက်အအုံ သို့မဟုတ်ပစ္စည်းများ သို့မဟုတ် အထိမ်းအမှတ် များကို မြို့တော်ရှေးဟောင်း အဆောက်အအုံစာရင်းများ၊ စစ်တမ်းများ သို့မဟုတ် စာရင်း ကောက်ယူချက်များအရ သတ်မှတ်သည့် နေထိုင်နိုင်သော ရှေးဟောင်းအဆောက်အအုံ သို့မဟုတ် ပစ္စည်းများပါဝင်သည်။

**သမိုင်းဝင်အဆောက်အအုံတည်ဆောက်မှုဆိုင်ရာအစီရင်ခံစာ (HBSR)** - သမိုင်းဝင် အဆောက်အအုံတည်ဆောက်မှုဆိုင်ရာ အစီရင်ခံစာဆိုသည်မှာ တည်ဆောက်မှုဆိုင်ရာပြင် ဆင်ခြင်း လုပ်ငန်းနယ်ပယ်ကို နားလည်စေရန် ရှေးဟောင်းအဆောက်အအုံ၏ တည်ဆောက် ပုံအခြေအနေများအပေါ် အစီရင်ခံသည့် အထောက်အထားမှတ်တမ်းဖြစ်သည်။ ၎င်းသည် လိုင်စင်ရတည်ဆောက်မှုဆိုင်ရာအင်ဂျင်နီယာ သို့မဟုတ် လိုင်စင်ရ ဗိသုကာပညာရှင်၏ ပြင်ဆင်ရမည့် ဖြေရှင်းရမည့် ဖြေရှင်းနည်းများအတွက် ထောက်ခံချက်ပေးခြင်းဖြစ်သည်။ စာရင်းကောက်ယူရမည့် တည်ဆောက်မှုဆိုင်ရာ အခြေအနေများတွင် ကန့်သတ်မထားသော်လည်း တိုင်များ၊ ရက်မများ၊ နံရံများ၊ ကြမ်းပြင်များ၊ အမိုးများ၊ ပြတင်းပေါက်များ၊ တံခါးပေါက်များ၊ အဆောက်အအုံ၏ ထိုးထွက်နေသော အစိတ်အပိုင်းများ၊ နဖူးစည်း၊ မြင်းမိုရ်ပိတ် စသည်တို့အပါအဝင် ဝန်ကိုထမ်းထားရသော အဓိကတည်ဆောက်ပုံများအားလုံး ပါဝင်သည်။

**ရှေးဟောင်းအဆောက်အအုံအစိတ်အပိုင်း သို့မဟုတ် ပစ္စည်း** - စီရင်ပိုင်ခွင့်ရှိသော အာဏာပိုင်အဖွဲ့အစည်းက ဆုံးဖြတ်သည့်အတိုင်း အရည်အချင်းပြည့်မီသော ရှေးဟောင်းအဆောက် အအုံများ၏ သီးသန့်ပုံစံ သို့မဟုတ် ပုံပန်းသဏ္ဍာန်တွင်ရှိသော မူလ သို့မဟုတ် နောက်ပိုင်း ဖြည့်စွက်ထားသည့် သမိုင်းကြောင်းအရထူးခြားသည့် ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများ၊ ဗိသုကာဆိုင်ရာ အချောသတ်လုပ်ငန်းများ သို့မဟုတ် ပစ္စည်းများ။

**သမိုင်းကြောင်းထူးခြားမှု** - စီရင်ပိုင်ခွင့်ရှိသော အာဏာပိုင်အဖွဲ့အစည်းက ဆုံးဖြတ်သည့် အတိုင်း အဆောက်အအုံကို သမိုင်းကြောင်းရှိသည်ဟု တန်ဖိုးဖြတ်သတ်မှတ်သည့်အပေါ် အရေးပါမှု။

**ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်** - ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံကိုထိခိုက်စေသော အခြေအနေများကြောင့် အဆောက်အအုံ သို့မဟုတ် ပစ္စည်းသည် လူထု၏ အသက်၊ ကျန်းမာရေး၊ ပိုင်ဆိုင်မှု သို့မဟုတ် လုံခြုံမှု၊ ၎င်းအတွင်း နေထိုင်သူများ သို့မဟုတ် လိုအပ်သောပြင်ဆင်ခြင်း၊ တည်ငြိမ်စေခြင်း သို့မဟုတ် ကျားကန် ခြင်းလုပ်ငန်းကို လုပ်ဆောင်နေသောသူများအား အတိုင်းအတာတစ်ခုအထိ ချက်ချင်း အန္တရာယ်ဖြစ်စေနိုင်သည်ဟု စီရင်ပိုင်ခွင့်ရှိသော အာဏာပိုင်အဖွဲ့အစည်းက ထင်မြင်သည့် ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံအတွင်းရှိ ထိခိုက်စေ သည့်အခြေအနေ တစ်ခုခုကိုဆိုလိုသည်။ ယင်းကဲ့သို့သော အခြေအနေမျိုးတွင် ရှိနေသော အဝန်းအဝိုင်းလမ်းကြောင်းအတွင်း၌ မွမ်းမံနေသော ပုဂ္ဂိုလ်များ၏ အလားအလာ ရှိသော အန္တရာယ်ကိုကျားကန်ခြင်း၊ တည်ငြိမ်စေခြင်း၊ အတားအဆီးများ သို့မဟုတ် ယာယီ အကာအရံများဖြင့် လျှော့ချနိုင်ပါက ယင်းအကြောင်းပြချက်တစ်ခုတည်းနှင့် ကျရောက်လာ နိုင်သည့် ဘေးအန္တရာယ်ဟု မသတ်မှတ်ရ။

**တည်တံ့ခိုင်မြဲမှု** - သမိုင်းတစ်လျှောက် သို့မဟုတ် သမိုင်းမတိုင်မီကာလအတွင်း တည်ရှိသော အရေးပါသည့် ထင်ကျန်ရစ်ဆဲ ရုပ်ပိုင်းဆိုင်ရာလက္ခဏာ အထောက်အထားရှိသော ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံ၏ ရှေးဟောင်း အထောက်အထားနှင့်စပ်လျဉ်းသည့် စစ်မှန်မှုကို ဆိုလိုသည်။

**အသက်လုံခြုံရေး အကဲဖြတ်ချက်** - ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းက ချမှတ်သည့် လုပ်ထုံးလုပ်နည်းများကို အခြေခံသည့် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံတစ်ခု၏ အသက်လုံခြုံရေးအန္တရာယ်ရှိမှုအကဲဖြတ်ချက်ဖြစ်သည်။

**အသက်လုံခြုံရေးဘေးအန္တရာယ် -** ထင်ရှားသော အန္တရာယ်တွင်ကြည့်ပါ။

**အရေးပါမှုကာလ** - သတ်မှတ်ချက်ပြည့်မီသော ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံတစ်ခုသည် အရေးပါသောဖြစ်ရပ်များ၊ လုပ်ဆောင်ချက်များ၊ ပုဂ္ဂိုလ်များနှင့် ဆက်စပ်သည့် အချိန်ကာလ၊ သို့မဟုတ် အမွေအနှစ်စာရင်းသွင်းခြင်းအတွက် ထူးခြားသည့်လက္ခဏာရပ်များရှိသည့် အချိန်ကာလကို ဆိုလိုသည်။

**ပြန်လည်တည်ဆောက်ခြင်း** - သွင်ပြင်ကိုပုံဖော်ရန်အလို့ငှာ ဖွဲ့စည်းတည်ဆောက်ပုံအသစ်၊ ပုံသဏ္ဌာန်၊ သွင်ပြင်လက္ခဏာများ၊ ထင်ကျန်ရစ်ဆဲမရှိသည့်နေရာ အသေးစိတ်ဖော်ပြခြင်း၊ မြေခင်းစီမံမှု၊ အဆောက်အအုံ၊ တိကျသည့် အချိန်ကာလတွင် အဆောက်အအုံ သို့မဟုတ် ပစ္စည်းအရ ပြန်လည်သရုပ်ဖော်မှုပြုခြင်း လုပ်ငန်းစဉ်ကို ဆိုလိုသည်။

**ပုံမှန်စည်းမျဉ်း၊ စည်းကမ်းများ** - အဘောဗိုင်အဖွဲ့အစည်း၏ စီရင်ဆုံးဖြတ်ပိုင်ခွင့်အတွင်း ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာနှင့် အဆောက်အအုံ မဟုတ်သည့်အခြား အဆောက်အအုံဒီဇိုင်းနှင့် တည်ဆောက်ပုံ သို့မဟုတ် ပြောင်းလဲခြင်းအတွက်ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများကို ဆိုလိုသည်။

**ပြန်လည်ထူထောင်ခြင်း** - သတ်မှတ်ချက်ပြည့်မီသော သမိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ သို့မဟုတ် ဗိသုကာဆိုင်ရာ တန်ဖိုးများရှိသည့် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းများ၊ သွင်ပြင်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရာတွင်ပြုပြင်ခြင်း၊ ပြောင်းလဲခြင်းနှင့် ထပ်မံပြုပြင်ခြင်းများ ဆောင်ရွက်ပြီး ၎င်းနေရာ၊ အဆောက်အအုံကို တတ်နိုင်သရွေ့ လိုက်လျောညီထွေ အသုံးပြုနိုင်စေရန် ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ကို ဆိုလိုသည်။

**နေရာရွှေ့ပြောင်းခြင်း** - သတ်မှတ်ချက်ပြည့်မီသော ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံတစ်ခုခု သို့မဟုတ် အစိတ်အပိုင်းတစ်ခုခုကို နေရာအသစ် သို့မဟုတ် တည်နေရာတစ်ခုတည်းရှိ အခြားနေရာသို့ ပြောင်းရွှေ့ခြင်းလုပ်ငန်းစဉ်ကို ဆိုလိုသည်။

**ပြုပြင်ခြင်း** - ဆက်လက်အသုံးပြုရန်ရည်ရွယ်ချက်ဖြင့် လက်ရှိနေရာ သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းတစ်ခုခုကို အသစ်ပြုပြင်ဆောက်လုပ်ခြင်း၊ ပြန်လည်တည်ဆောက်ခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်းကိုဆိုလိုသည်။

**နဂိုအတိုင်းပြန်လည်ပြင်ဆင်မွမ်းမံခြင်း** - နဂိုအတိုင်းပြန်လည်ပြင်ဆင်မွမ်းမံရာတွင် အရေးပါသည့်အချိန်ကာလတစ်ခုခုမှ ပျောက်ဆုံးနေသော သွင်ပြင်လက္ခဏာများ နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်ပြည့်မီသည့် ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံ၏သမိုင်းနှင့် ပြန်လည်တည်ဆောက်မှုတွင် အခြားကာလများမှ သွင်ပြင်လက္ခဏာများ ထုတ်နုတ်ဖယ်ရှားခြင်း နည်းလမ်းများဖြင့်လည်းကောင်း၊ ပြန်လည်ထည့်သွင်းခြင်းဖြင့်လည်းကောင်း မူလသွင်ပြင်လက္ခဏာများနှင့် ထူးခြားသောလက္ခဏာများ တိကျစွာ သရုပ်ဖော်မှုပြုခြင်းလုပ်ငန်းစဉ်ကိုဆိုလိုသည်။ နဂိုအတိုင်းပြန်လည်ပြင်ဆင်မွမ်းမံရာတွင် စက်မှုနည်းပညာ၊ လျှပ်စစ်နှင့် ရေမိလ္လာစနစ်များနှင့် အခြားပုံမှန် စည်းမျဉ်းစည်းကမ်းများအရ လိုအပ်သည့် လုပ်ငန်းအချို့ကို အဆင့်မြှင့်တင်ရာတွင် သင့်လျော်သောကန့်သတ်မှုများဖြင့် စိစစ်ဆောင်ရွက်ရမည်။

**တည်ဆောက်ပုံ** - တိကျသည့်ပုံစံစနစ်ဖြင့် လူတို့ဖန်တီးတည်ဆောက်ထားသည့် အဆောက်အအုံအဖွဲ့အစည်းကို ဆိုလိုသည်။

**ပြုပြင်ခြင်းနည်းလမ်း** - ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ နဂိုအတိုင်း ပြန်လည်ပြင်ဆင်မွမ်းမံခြင်း၊ ထိန်းမတ်ပေးခြင်း၊ ပြန်လည်ထူထောင်ခြင်း သို့မဟုတ် ပြန်လည်တည်ဆောက်ခြင်း စသည်တို့ကို ဆောင်ရွက်ရန် လုပ်ငန်းစဉ်ကိုဆိုလိုသည်။

## ၂.၁၀.၃ အသုံးချနေထိုင်မှု

### ၂.၁၀.၃.၁ ရည်ရွယ်ချက်နှင့် နယ်ပယ်

**၂.၁၀.၃.၁.၁ ရည်ရွယ်ချက်** - ဤအခန်း၏ ရည်ရွယ်ချက်မှာ ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာများ သို့မဟုတ်အဆောက်အအုံများတွင် အသုံးချနေထိုင်မှု အမျိုးအစားသတ်မှတ်ခြင်းနှင့် အသုံးပြုမှုစည်းကမ်းချက်များအတွက် လမ်းညွှန်ချက်များပြဋ္ဌာန်းရန်ဖြစ်သည်။

**၂.၁၀.၃.၁.၂ နယ်ပယ်** - ခွင့်ပြုမိန့် သို့မဟုတ် သဘောတူညီချက် တောင်းခံပြီးသည့် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံတိုင်းကို ပုံမှန် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသုံးချနေထိုင်မှုလက္ခဏာနှင့် ဤအခန်းပါ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုမိန့်မထုတ်ပေးမီ ကြိုတင်၍အမျိုးအစားခွဲခြားသတ်မှတ်ရမည်။

### ၂.၁၀.၃.၂ အထွေထွေ

**၂.၁၀.၃.၂.၁ လက်ရှိအသုံးပြုမှု** - ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံသည် ဤအခန်း၏ သက်ဆိုင်ရာလိုအပ်ချက်များနှင့် ကိုက်ညီပါက ယင်း ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံအသုံးချနေထိုင်မှု လက္ခဏာ သို့မဟုတ် ယင်း၏အပိုင်းကို မည်သည့် အချိန်ကာလတွင်မဆို ဆက်လက်၍ နေထိုင်မှုမရှိပါက အခြားအသုံးပြုမှုများကို ထည့်သွင်းမစဉ်းစားဘဲ ဆက်လက်၍ အသုံးပြုရန်ခွင့်ပြုရမည်။

**၂.၁၀.၃.၂.၂ နေထိုင်မှုပုံစံပြောင်းလဲခြင်း** - ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာ သို့မဟုတ်အဆောက်အအုံသည် ဤအခန်းတွင် ပြဋ္ဌာန်းထားသည့်အတိုင်း အသစ်အသုံးချနေထိုင်မှုလက္ခဏာနှင့်သက်ဆိုင်သည့် လိုအပ်ချက်များနှင့် ကိုက်ညီပါက ယင်းကို ရှေးဟောင်း အသုံးချနေထိုင်မှုလက္ခဏာအဖြစ် ပြောင်းလဲနိုင်ပြီး နဂိုမူရင်းလက္ခဏာအတိုင်း ပြန်လည် အသုံးပြုနိုင်သည်။ နေထိုင်မှုတွင် ၎င်းသည် ပုံမှန်စည်းမျဉ်းနှင့် စည်းကမ်းများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း အသစ်ဆောက်လုပ်မှု လိုအပ်ချက်များနှင့် ကိုက်ညီရန်မလိုအပ်ပါ။

**၂.၁၀.၃.၂.၃ အလင်းရောင်နှင့်လေဝင်လေထွက်** - လက်ရှိအလင်းရောင်နှင့် လေဝင်လေထွက်ပေးထားသည့် နေရာများသည် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း၏ ယူဆ

ချက်တွင် ဘေးအန္တရာယ်လုံခြုံရေးအတွက် အထောက်အကူပြုပါက ဆက်လက်ထားရှိနိုင်သည်။

**၂.၁၀.၃.၂.၄ ထွက်ပြေးလွတ်မြောက်နိုင်မှုနည်းလမ်း** - ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်နေရာများနှင့် အဆောက်အအုံများကို သက်ဆိုင်ရာစီမံကိန်းအာဏာပိုင်အဖွဲ့နှင့် ယင်းအဖွဲ့က ဖွဲ့စည်းထားသည့် ကော်မတီနှင့် သို့မဟုတ် ပြည်ထောင်စု၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေး၍ သက်ဆိုင်ရာအခန်းနှင့် မီးဘေးလုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် သင့်လျော်သည့် ခြွင်းချက်များပေးရမည်။

**၂.၁၀.၃.၂.၅ မသန်စွမ်းသူများအတွက် ချဉ်းကပ်နည်းလမ်းများ** - ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်နေရာများနှင့် အဆောက်အအုံများကို သက်ဆိုင်ရာစီမံကိန်း အာဏာပိုင်အဖွဲ့နှင့် ယင်းအဖွဲ့ကဖွဲ့စည်းထားသည့် ကော်မတီနှင့် သို့မဟုတ် ပြည်ထောင်စု၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေး၍ သက်ဆိုင်ရာအခန်းတွင် သင့်လျော်သည့် ခြွင်းချက်များပေးရမည်။

## ၂.၁၀.၄ မီးဘေးကာကွယ်ခြင်း

### ၂.၁၀.၄.၁ ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် နယ်ပယ်

**၂.၁၀.၄.၁.၁ ရည်ရွယ်ချက်** - ဤအခန်း၏ ရည်ရွယ်ချက်သည် ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်နေရာများ သို့မဟုတ် အဆောက်အအုံများအတွက် မီးဘေးအကာအကွယ်စီစဉ်ပေးရန်ဖြစ်သည်။ ရှေးဟောင်း သမိုင်းဝင်အမွေအနှစ်နေရာများနှင့် အဆောက်အအုံများနှင့်ပတ်သက်၍ ဆောင်ရွက်သည့်အခါ ပုံမှန်စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုကိုလက်ခံရန် ဤအခန်းသည် သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများ လိုအပ်သည်။

**၂.၁၀.၄.၁.၂ ရည်မှန်းချက်** - နေထိုင်သူများနှင့် မီးသတ်ဝန်ထမ်းများ၏ အသက်အန္တရာယ်ဘေးကင်းမှုကို အဓိကအားဖြင့်အခြေခံ၍ မီးဘေးကာကွယ်ခြင်းဆိုင်ရာ သင့်လျော်သည့်အတိုင်းအတာတစ်ခုကို ထိန်းသိမ်းထားရမည်ဖြစ်ပြီး ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာများ သို့မဟုတ် အဆောက်အအုံများ၏ တည်တံ့ခိုင်မြဲမှုကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရန်ဖြစ်သည်။

**၂.၁၀.၄.၁.၃ နယ်ပယ် -** ဤအခန်းသည် အပိုဒ် ၂.၁၀.၂ ပါ ပြဋ္ဌာန်းချက်များအရ လိုအပ်ပါကလိုက်နာဆောင်ရွက်ရမည်။

### ၂.၁၀.၄.၂ မီးဒဏ်ခံနိုင်ရန် ဆောက်လုပ်ခြင်း

**၂.၁၀.၄.၂.၁မီးဒဏ်ခံနိုင်ရန်ဆောက်လုပ်ခြင်း** - ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာများနှင့်အဆောက်အအုံများကို မီးဘေးလုံခြုံရေးဆိုင်ရာလုပ်ထုံးလုပ်နည်းတွင် သက်ဆိုင်ရာစီမံကိန်းအာဏာပိုင်အဖွဲ့နှင့် ယင်းအဖွဲ့ကဖွဲ့စည်းထားသည့် ကော်မတီနှင့် သို့မဟုတ် ပြည်ထောင်စု၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေး၍ သင့်လျော်သည့် ခြွင်းချက်များ သို့မဟုတ် ကန့်သတ်ချက်များ သတ်မှတ်ပေးရမည်။

**၂.၁၀.၄.၂.၂အပြင်နံရံတည်ဆောက်ပုံ** - သိသာထင်ရှားသည့် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာများ သို့မဟုတ် အဆောက်အအုံများဖြစ်ပါက လက်ရှိအပြင်နံရံများနှင့် လက်ရှိအပေါက်ကို အကာအကွယ်ပေးရေးအတွက် မီးဒဏ်ခံနိုင်သောလိုအပ်ချက်ကို ဖြည့်ဆည်းပေးရမည်။

**၂.၁၀.၄.၂.၃ မီးဒဏ်တစ်နာရီခံနိုင်ရန် တည်ဆောက်ခြင်း** - အောက်ဖော်ပြပါအချက်များအနက် တစ်ခုခုကို ဆောင်ရွက်ထားပါက ဆောက်လုပ်ခြင်း သို့မဟုတ် နေထိုင်ခြင်းကို ထည့်သွင်းမစဉ်းစားဘဲ တစ်နာရီကြာ မီးဒဏ်ခံနိုင်သည့် အဆောက်အအုံနှင့် တစ်နာရီကြာ မီးဒဏ်ခံနိုင်သောစကြံများကို လက်ရှိသတ်မှတ်ချက်ပြည့်မီသော ရှေးဟောင်းသမိုင်းဝင်အမွေအနှစ် အဆောက်အအုံအဆင့်မြှင့်တင်မှုတွင် မလိုအပ်ပါ။

(၁) အလိုအလျောက်ရေဖြန်း၍ မီးငြိမ်းသတ်သည့်စနစ်

(၂) ထောက်ခံချက်ရရှိထားသော အသက် အန္တရာယ်ဘေးကင်းရေး အကဲဖြတ်ချက်

(၃) အာဏာပိုင်အဖွဲ့အစည်းက ထောက်ခံ ထားသည့် အခြားနည်းလမ်းများ

**၂.၁၀.၄.၂.၄ မီးဒဏ်ခံနိုင်မှုစနစ်သတ်မှတ်ထားသောအပေါက်များ -** အဖွင့်၊ အပိတ်ပြုလုပ်၍ရနိုင်သော ပြတင်းပေါက်များနှင့် တံခါးများကို သင့်လျော်သည့်မီးခိုးမဝင်စေသည့် အစီအမံများဖြင့် စီစဉ်ပေးထားပြီး မီးဘေးအန္တရာယ်ကျရောက်သည့်နေရာကို အလိုအလျောက်ရေဖြန်း၍ မီးငြိမ်းသတ်သည့်စနစ် စီစဉ်ပေးထားပါက တစ်နာရီကြာမီးဒဏ်ခံ သတ်မှတ်ခြင်းတွင်လိုအပ်သော အတွင်းနံရံများရှိ ရှေးဟောင်းမှန်ဖြင့် ပြုလုပ်ထားသောပစ္စည်းများနှင့် ထုသစ်တံခါးများကို ခွင့်ပြုနိုင်သည်။

### ၂.၁၀.၄.၃ အတွင်းပိုင်းအချောသတ်ပစ္စည်းများ

ရှေးဟောင်းမဟုတ်သော အတွင်းနံရံအသစ်နှင့် မျက်နှာကြက်အချောသပ်ခြင်း သည် ပုံမှန်စည်းမျဉ်းစည်းကမ်းများပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

### ၂.၁၀.၄.၄ ဒေါင်လိုက်အခေါင်းပေါက်များ

မီးခိုးနှင့်မီးတောက်စထွက်သည့် လမ်းကြောင်းကို ကာကွယ်ရန်အလို့ငှာ ထုသစ် ၂ လက်မ အပြည့် (၅၁ မီလီမီတာ) ထက်မနည်းတပ်ဆင်ခြင်း သို့မဟုတ် အလားတူ ဆောက်လုပ်တပ်ဆင်ခြင်းဖြင့် အထပ်တိုင်းတွင် အခေါင်းပေါက်များကိုပိတ်ထားပါက ဒေါင်လိုက်အခေါင်းပေါက်များ ပိတ်ထားရန်မလိုအပ်ပါ။ ဒေါင်လိုက်အခေါင်းပေါက်များနှင့် လှေကားခွင်များ အလုံပိတ်ထားမည့်အစားအလိုအလျောက်ရေဖြန်း၍ မီးငြိမ်းသတ်သည့်စနစ် သို့မဟုတ် အခြား ဖြေရှင်းနည်းများကို ကိစ္စရပ်တစ်ခုချင်းအလိုက် အခြေခံ၍ စဉ်းစားဆုံးဖြတ်နိုင်သည်။

### ၂.၁၀.၄.၅ အမိုး

လက်ရှိ သို့မဟုတ် မူလအမိုးပစ္စည်းများကို အောက်ဖော်ပြပါ လိုအပ်ချက်များနှင့် အညီ ပြုပြင်နိုင်သည် သို့မဟုတ် ပြန်လည် ဆောက်လုပ်နိုင်သည်။

(၁) ရှေးဟောင်းပစ္စည်းများနှင့် အမိုးပုံစံထိန်းသိမ်းရာတွင် အမိုးအကာများအဖြစ် ဆောင်ရွက်နိုင်ရန် မူလ သို့မဟုတ် ရှေးဟောင်းအမိုးစနစ်များကို လိုအပ်ပါက အသေးစိတ်ဖော်ပြရမည် သို့မဟုတ် ပြုပြင်မွမ်းမံရမည်။

(၂) သစ်သားအမိုးပစ္စည်းများကို အမိုးအကာသတ်မှတ်ချက် အဆင့် “ခ” ရောက်ရှိရန် မီးလောင်မှုကို နှောင့်နှေးစေသည့် အစီအမံများ (fire- retardant treatments) ဖြင့် ဆောင်ရွက်ထားရှိပြီး မီးဘေးအကာအကွယ်လိုအပ်ပါက ၎င်းသစ်သားအမိုးပစ္စည်းများကို အသုံးပြုနိုင်သည်။

### ၂.၁၀.၄.၆ မီးသတိပေးစနစ်များ

ပုံမှန်စည်းမျဉ်း သို့မဟုတ် အခြားခွင့်ပြုထားသည့်နည်းလမ်းအရ အသုံးချနေထိုင်မှုအတွက် လိုအပ်သော ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံတိုင်းကို မီးသတိပေးစနစ် တပ်ဆင်ပေးရမည်။

### ၂.၁၀.၄.၇ အလိုအလျောက်ရေဖျန်း၍ မီးငြိမ်းသတ်သည့်စနစ်

**၂.၁၀.၄.၇.၁** အသုံးချနေထိုင်မှုအတွက် ပုံမှန်စည်းမျဉ်းစည်းကမ်းများတွင် သတ်မှတ်ဖော်ပြထားသည့် ဆောက်လုပ်ရေးလိုအပ်ချက်များနှင့် ကိုက်ညီရန်မပြုလုပ်နိုင်သည့် ထင်ရှား သော မီးဘေးအန္တရာယ် (ထင်ရှားသည့် အန္တရာယ် အဓိပ္ပာယ်ဖွင့်ဆိုချက် အပိုဒ် ၂.၁၀.၂ တွင် ကြည့်ပါ) ပါဝင်သည့် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံတိုင်းကို အာဏာပိုင်အဖွဲ့အစည်းက ခွင့်ပြုထားသည့် အလိုအလျောက်ရေဖျန်း၍ မီးငြိမ်း

သတ်သည့်စနစ် သို့မဟုတ် အသက်အန္တရာယ် ဘေးကင်းလုံခြုံမှုစနစ် သို့မဟုတ် အခြားနည်းပညာများနှင့် ကိုက်ညီရမည်ဟု မှတ်ယူရမည်။

**၂.၁၀.၄.၇.၂** အလိုအလျောက်ရေဖျန်း၍ မီးငြိမ်းသတ်သည့်စနစ်များကို အဆောက်အအုံတစ်ခုခုမှ လိုအပ်သော ထွက်ပေါက်အရေအတွက်ကို အခြားနည်းအစားထိုးရန် သို့မဟုတ် ပြုလုပ်ရန်အသုံးမပြုရ။ (လက်ရှိလိုအပ်ချက်များ အတွက် အပိုဒ် ၂.၁၀.၅ တွင် ကြည့်ပါ။)

**၂.၁၀.၄.၇.၃** အလိုအလျောက်ရေဖျန်း၍ မီးငြိမ်းသတ်သည့်စနစ်ကို ပြစ်မှုကျူးလွန်သူများအား ထိန်းသိမ်းထားသည့် အဆောက်အအုံအားလုံးတွင် တပ်ဆင်ရမည်။

### ၂.၁၀.၄.၈ အခြားနည်းပညာများ

ကိုက်ညီမှုမရှိသည့် နယ်ပယ်များအဖြစ် သတ်မှတ်နိုင်ရန်အတွက် မီးသတိပေးစနစ်များ၊ မီးခိုးနှင့် အပူဓါတ်ရှာဖွေရေးစနစ်များ၊ နေထိုင်သူကို အကြောင်းကြားခြင်းနှင့် အများသိစေရန် တရားဝင်ကြေညာခြင်းစနစ်များ၊ မီးခိုးထိန်းချုပ်ခြင်းစနစ်များနှင့် မီးဘေးကာကွယ်ရေးနမူနာပြခြင်း၊ ထွက်ပြေးလွတ်မြောက်နိုင်မှု အချိန်စိစစ်ချက်နှင့် နမူနာပြခြင်း၊ အလားတူ အခြားဆောက်လုပ်ရေးနည်းလမ်းများနှင့် နည်းပညာများကို အာဏာပိုင်အဖွဲ့က လက်ခံနိုင်သည်။

## ၂.၁၀.၅ တည်ဆောက်မှုဆိုင်ရာစည်းမျဉ်းများ

### ၂.၁၀.၅.၁ ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် နယ်ပယ်

**၂.၁၀.၅.၁.၁ ရည်ရွယ်ချက်** - ဤအခန်း၏ ရည်ရွယ်ချက်မှာ ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာများ သို့မဟုတ် အဆောက်အအုံများအဖြစ် သတ်မှတ်ထားသည့် အဆောက်အအုံများ၏ တည်ဆောက်မှုလုံခြုံရေးဆိုင်ရာ ပုံမှန်စည်းမျဉ်းစည်းကမ်းများတွင် အခြားနည်းစည်းမျဉ်းများပေးရန်ဖြစ်သည်။ ဤအခန်းသည် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာများ သို့မဟုတ် အဆောက်အအုံများနှင့် ပက်သတ်၍ ဆောင်ရွက်သည့်အခါ ပုံမှန်စည်းမျဉ်းစည်းကမ်းများနှင့် သင့်လျော်သည့်အခြားနည်းများကို လက်ခံသတ်မှတ်နိုင်ရန်အတွက် အာဏာပိုင်အဖွဲ့အစည်းများ လိုအပ်သည်။

**၂.၁၀.၅.၁.၂ ရည်မှန်းချက်** - အဆောက်အအုံတည်ဆောက်ရာတွင် ပြိုကျမှုကြောင့် အသက်အန္တရာယ်ရှိသည့် ထိခိုက်နစ်နာမှုလျော့ကျစေရန် တည်ဆောက်မှုတစ်စိတ်တစ်ပိုင်း သို့မဟုတ် တစ်ခုလုံးပြိုကျမှုကို ကာကွယ်တားဆီးရန် ရည်ရွယ်ချက်ဖြင့် အနိမ့်ဆုံးအဆင့်အတွက် စံသတ်မှတ်ချက်များပေးရာတွင် ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်နေရာများ

သို့မဟုတ် တည်ဆောက်မှုများ ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းကို တိုက်တွန်းအားပေး ရမည် ဖြစ်သည်။

**၂.၁၀.၅.၁.၃ လက်တွေ့အသုံးချသက်ရောက်စေခြင်း** - ရှေးဟောင်းသမိုင်းဝင်အမွေအနှစ် နေရာများ သို့မဟုတ် အဆောက်အအုံများအတွက် တည်ဆောက်မှုအဆင့်မြှင့်ခြင်း သို့မဟုတ် ပြန်လည်ဆောက်လုပ်ခြင်းပြုလုပ်သည့်အခါတိုင်း အပိုဒ် ၂.၁၀.၅.၅ အရ ပြဋ္ဌာန်းထားသည့် အခြားနည်းဖြင့် တည်ဆောက်မှုဆိုင်ရာစည်းမျဉ်းများကို ပုံမှန်စည်းမျဉ်း စည်းကမ်းများနှင့်အညီ လက်တွေ့ကျင့်သုံးရမည်ဖြစ်သည်။

## ၂.၁၀.၅.၂ အထွေထွေ

**၂.၁၀.၅.၂.၁** အစိုးရနှင့်ပုဂ္ဂလိကကျောင်းများ၊ ဆေးရုံများ၊ ရဲစခန်းနှင့် မီးသတ်စခန်းများ သာမက မရှိမဖြစ်လိုအပ်သည့် အခြားဝန်ဆောင်မှု နေရာအဆောက်အအုံများစသည့် အများ ပြည်သူဘေးကင်းရေးနှင့် ကောင်းကျိုးအတွက်အရေးပါသော အသုံးချနေရာများတွင် ပုံမှန် စည်းမျဉ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပြီး ဘေးကင်းလုံခြုံမှုအဆင့်နိမ့် သော ဆောက်လုပ်မှုဆိုင်ရာ ဒီဇိုင်းပုံစံထုတ်ခြင်းနှင့် ဆောက်လုပ်ခြင်းကို အာဏာပိုင် အဖွဲ့အစည်းက သဘောတူခွင့်ပြုသည်ဟု မယူဆရ။

**၂.၁၀.၅.၂.၂** မြေငလျင်ခံနိုင်ရည်ရှိရန် မိမိဆန္ဒအလျောက်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ အဆင့်မြှင့်တင်မှုများသည် အသက်အန္တရာယ် လုံခြုံမှုရှိကြောင်း လက်တွေ့ပြသနိုင်ပြီး မြေငလျင်ခံနိုင်ရည် အပြည့်အဝအဆင့်မြှင့်တင်ခြင်း မလိုအပ်ပါက ဤလမ်းညွှန်ချက်များပါ မည်သည့်ပြဋ္ဌာန်းချက်မျှ ၎င်းအဆင့်မြှင့်တင်ခြင်းကို မပိတ်ပင်ရ။

## ၂.၁၀.၅.၃ တည်ဆောက်ပုံဆိုင်ရာကွင်းဆင်းလေ့လာချက်

**၂.၁၀.၅.၃.၁ နယ်ပယ်** - တည်ဆောက်ပုံ သို့မဟုတ် တည်ဆောက်ပုံ၏ အစိတ်အပိုင်းသည် ဤအခန်းအရ တည်ဆောက်ပုံဆိုင်ရာ ခံနိုင်ရည်ရှိမှုကို အကဲဖြတ်သောအခါ ရှေးဟောင်း တည်ဆောက်ပုံများကို နားလည်တတ်ကျွမ်းသော ဗိသုကာပညာရှင် သို့မဟုတ် အင်ဂျင်နီယာတစ်ဦးက ကွင်းဆင်းလေ့လာရမည်။ ကွင်းဆင်းလေ့လာချက်သည် ယိုယွင်း ပျက်စီးမှု သို့မဟုတ် ခံနိုင်ရည်လျော့နည်းမှုကို အကဲဖြတ်ရမည်။ ကွင်းဆင်းလေ့လာချက် သည် တည်ဆောက်ပုံဆိုင်ရာဖွဲ့စည်းပုံစနစ်အသေးစိတ်နှင့် မြေခံနိုင်ဝန်နှင့် ဘေးတိုက်ဝန် ခံနိုင်မှုအတွက် စနစ်ကိုသတ်မှတ်ရမည်။ တည်ဆောက်ပုံဆိုင်ရာဖွဲ့စည်းပုံ အသေးစိတ် ဖော်ပြချက်များ၊ ခိုင်ခန့်မှုအတွက် အားဖြည့်ခြင်းများ၊ ခိုင်မြဲစေရန် ပြုလုပ်ခြင်းများနှင့်

အပေါ်ယံအလွှာများသည် ဘေးတိုက်ဆွဲအား မြေငလျင်ဒဏ်ခံနိုင်မှုကို အထောက်အကူပြု နေပါက ၎င်းတို့အား စိစစ်မှတ်တမ်းတင်ရမည်။

**၂.၁၀.၅.၃.၂** ကွင်းဆင်းလေ့လာချက်ရလဒ်များကို တည်ဆောက်ပုံဆိုင်ရာ ခံနိုင်ရည်ရှိမှု အကဲဖြတ်ခြင်းနှင့် တည်ဆောက်ပုံဆိုင်ရာစနစ်ကို ပြုပြင်မွမ်းမံဒီဇိုင်းထုတ်ခြင်းအတွက် ဤ လမ်းညွှန်ချက်နှင့်အညီ အသုံးချရမည်။

**၂.၁၀.၅.၃.၃ သမိုင်းဆိုင်ရာမှတ်တမ်းများ** - တည်ဆောက်ပုံ သို့မဟုတ် အလားတူတည် ဆောက်ပုံများ၏ ယခင် သမိုင်းဆိုင်ရာမှတ်တမ်းများကို နောက်ဆက်တွဲ ပြောင်းလဲမှုများ၏ အကျိုးသက်ရောက်မှုများ အပါအဝင် အကဲဖြတ်ခြင်းတွင် အသုံးပြုနိုင်သည်။

### ၂.၁၀.၅.၄ ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်မဟုတ်သော တိုးချဲ့မှုများနှင့် ရှေးဟောင်း သမိုင်းဝင် အမွေအနှစ်မဟုတ်သော ပြောင်းလဲမှုများ

**၂.၁၀.၅.၄.၁** လက်ရှိရှေးဟောင်းသမိုင်းဝင် အမွေအနှစ် အဆောက်အအုံ၏ ဖွဲ့စည်းတည် ဆောက်ပုံနှင့် တည်ဆောက်ပုံအရ သီးခြားဖြစ်နေသည့် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ် မဟုတ်သော တိုးချဲ့မှုအသစ်များနှင့် ပြောင်းလဲခြင်းအသစ်များသည် ပုံမှန်စည်းမျဉ်း လိုအပ်ချက်များနှင့် ကိုက်ညီရမည်။

**၂.၁၀.၅.၄.၂** ရှေးဟောင်းသမိုင်းဝင်အမွေအနှစ် မဟုတ်သော တိုးချဲ့မှုအသစ်များ၊ ပြောင်းလဲ ခြင်းများသည် ဝန်ထမ်းထားသော တည်ဆောက်ပုံစနစ်ကို ဘေးအန္တရာယ်ကျရောက်စေ နိုင်ပါက ပုံမှန်စည်းမျဉ်းပါ လိုအပ်ချက်များနှင့် ကိုက်ညီရန် ၎င်းအား အကဲဖြတ်ခြင်းနှင့် အားဖြည့်ခြင်းမပြုလုပ်ဘဲ လက်ရှိတည်ဆောက်ပုံတွင် ဒေါင်လိုက် သို့မဟုတ် ဘေးတိုက် ဆွဲအားဝန်များ ကျရောက်နိုင်သည့် တိုးချဲ့ပြောင်းလဲခြင်း အသစ်များကို ခွင့်မပြုရ။

မှတ်ချက်။ ရှေးဟောင်းပစ္စည်းများ အသုံးပြုမှုအတွက် အပိုဒ် ၂.၁၀.၆ တွင် ကြည့်ပါ။

### ၂.၁၀.၅.၅ တည်ဆောက်ပုံဆိုင်ရာစည်းမျဉ်းများ

**၂.၁၀.၅.၅.၁ မြေခံနိုင်ဝန်** - မြေခံနိုင်ဝန်ခံနိုင်ရန် တည်ဆောက်ပုံ၏ ခံနိုင်ရည်ရှိမှုကို တွက်ချက်ရမည်ဖြစ်ပြီး လိုအပ်ပါက ယင်းတည်ဆောက်ပုံကို ခိုင်မာစေရန် အားဖြည့်ရမည်။ အကဲဖြတ်ချက်တွင် ဝန်သက်ရောက်သည့် လမ်းကြောင်းများ အားလုံးပါဝင်ရမည်။ ခံနိုင် ရည်လျော့နည်းမှု မရှိကြောင်း ထင်ရှားပြီး ဝန်သက်ရောက်သည့် လမ်းကြောင်းအပြည့် တစ်ခုရှိပါက မျှော်မှန်းထားသည့် ဝန်သေနှင့်ဝန်ရှင်များသည် သမိုင်းကြောင်းအရ ရှိခဲ့သည်ထက် မကျော်လွန်လျှင် တည်ဆောက်ပုံကို စမ်းသပ်ချိန်တွင် လုံလောက်သော ကြံ့ခိုင်မှုရှိကြောင်း ယူဆနိုင်သည်။

**၂.၁၀.၅.၅.၂ လေနှင့်လျှောင်သက်ရောက်မှုဝန်အားများ** - တည်ဆောက်ပုံ၏လေနှင့် လျှောင်သက်ရောက်မှုဝန်အားများ ခံနိုင်စွမ်းကို တွက်ချက်အကဲဖြတ်ရမည်။ လေသက်ရောက်မှုဝန်အားများကို သင့်လျော်သလို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး အဆောက်အအုံအသစ်တွင် လိုအပ်သော တည်ဆောက်ပုံဒီဇိုင်းအတွက် သတ်မှတ်ထားသည့် လေသက်ရောက်မှုဝန်အား၏ ၇၅% ထက်ကျော်လွန်ရန်မလိုပါ။ တွက်ချက်မှုကို အပိုဒ် ၂.၁၀.၅.၆ ပါ လိုအပ်ချက်များအပေါ် အခြေခံရမည်။

**၂.၁၀.၅.၅.၂.၁** ဘေးတိုက်ဝန်ခံနိုင်သောစနစ်တွင် မည်သည့်အန္တရာယ်ရှိသော အခြေအနေများကို မှန်ကန်အောင်ပြုပြင်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ခံနိုင်ရည်ရှိစေရန် ဆောင်ရွက်ကြရမည်။ ခိုင်ခန့်မှုအတွက် အားဖြည့်ခြင်းလိုအပ်ပါက နောက်ထပ်ခံနိုင်ရည်ရှိမှုကို ဤအခန်းပါ အနည်းဆုံးလိုအပ်ချက်များနှင့်အညီ ထပ်မံအားဖြည့်ရမည်။ ခိုင်ခံ့မှုအတွက် အားဖြည့်ခြင်းနည်းလမ်းများကို အပိုဒ် ၂.၁၀.၅.၁.၂ ပါ လုပ်ငန်းဆောင်ရွက်မှုရည်ရွယ်ချက်များနှင့်အညီ ရွေးချယ်ရမည်။ လျှောင်သက်ရောက်မှုဝန်အားများအတွက် တည်ဆောက်ပုံ အစိတ်အပိုင်းများနှင့် တည်ဆောက်ပုံစနစ်များ အကဲဖြတ်တွက်ချက်မှုသည် ပုံမှန်စည်းမျဉ်းစည်းကမ်းများအရသတ်မှတ်ထားသည့် လျှောင်သက်ရောက်မှုဝန်အားများတွင် တည်ဆောက်ပုံအစိတ်အပိုင်းများ၏ ကွေးညွှတ်နိုင်မှု ရှိခြင်း မရှိခြင်းနှင့် ဝန်ထမ်းနိုင်သည့် ပမာဏကို ထိန်းသိမ်းရန်၎င်းတို့၏ခံနိုင်စွမ်းကို ထည့်သွင်းစဉ်းစားရမည်။

**၂.၁၀.၅.၅.၂.၂** ဗိသုကာပညာရှင် သို့မဟုတ်အင်ဂျင်နီယာသည် ရှေးဟောင်းသမိုင်းဝင် တည်ဆောက်ပုံကို အစဉ်ထာဝရ ပိုမိုကောင်းမွန်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ အနာဂတ်တွင် လျှောင်ဒဏ်ကြောင့် ပျက်စီးမှုလျော့ချရန်၊ ပြင်ဆင်မှုများ လိုအပ်သော ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံပစ္စည်းများကို ဆုံးရှုံးမှုအနည်းဆုံးနှင့် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် အခြားနည်းလမ်းအမျိုးမျိုးကို ထည့်သွင်းစဉ်းစားရမည်။ ထိုအခြားနည်းလမ်းများကို ပြန်လည်ထူထောင်ခြင်းနှင့် နဂိုအတိုင်း ပြန်လည်ပြင်ဆင် မွမ်းမံခြင်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာပိုင်ရှင်များ စဉ်းစားဆောင်ရွက်နိုင်ရန် တင်ပြအကြံပေးရမည်။

## ၂.၁၀.၅.၆ ဘေးတိုက်ဝန်ဆိုင်ရာစည်းမျဉ်းများ

**၂.၁၀.၅.၆.၁ လျှောင်ပြင်အား** - လျှောင်သက်ရောက်မှု ဝန်အားများအတွက် တည်ဆောက်ပုံကို တွက်ချက်ရန် အသုံးပြုသည့် လျှောင်ပြင်းအားဆိုင်ရာ ခိုင်မာမှုအဆင့်ကို R-values အခြေခံ၍ ထည့်သွင်းစဉ်းစားတွက်ချက်ရမည်ဖြစ်ပြီး အလားတူဘေးတိုက်ဝန်ဒဏ် ခံနိုင်မှုစနစ်များအတွက် ပုံမှန်စည်းမျဉ်းတွင် ပြဋ္ဌာန်းထားသည့် R-values အပေါ်အခြေခံ၍ တွက်ချက်ရ

မည်။ R-values မရှိပါက သင့်လျော်သည့် R-value ကို တည်ဆောက်ပုံဆိုင်ရာ အသေးစိတ် အစိတ်အပိုင်းများအား ထည့်သွင်းစဉ်းစားခြင်းဖြင့် သတ်မှတ်ရမည်။

**ခြွင်းချက်** -

(၁) ငလျင်ပြင်းအားသည် အဆောက်အအုံအသစ်များတွင် လိုအပ်သော တည်ဆောက်ပုံ ဒီဇိုင်းအတွက် သတ်မှတ်ထားသည့် ငလျင်ပြင်းအား၏ ၀.၇၅ ဆထက် ကျော်လွန်ရန် မလိုပါ။

(၂) အဆောက်အအုံ၏ အသုံးချနေထိုင်မှု အမျိုးအစား ၁၊ ၂ သို့မဟုတ် ၃ တို့အတွက် အဆိုပါ အဆောက်အအုံ၏ သဘာဝလွှဲချိန်သည် ၀.၅ စက္ကန့်ထက် မကျော်လွန်ပါက ငလျင်ပြတ်ရွေ့ကြောနှင့် နီးကပ်မှုကြောင့် တိုးမြှင့်လာမည့် မြေပြင်လှုပ်ရှားမှု (maximum considered earthquake ground motion of 0.2 second spectral response greater than 150 percent at 5 percent damping) ကို စဉ်းစားရန် မလိုပါ။

(၃) အသုံးချနေထိုင်မှု အမျိုးအစား ၁ သို့မဟုတ် ၂ အတွက် တည်ဆောက်ပုံများတွင် ငလျင်လှျောဖြတ်အား seismic base shear သည် 0.30 W ထက် ကျော်လွန်ရန် မလိုပါ။

(၄) အသုံးချနေထိုင်မှု အမျိုးအစား ၃ သို့မဟုတ် ၄ အတွက် တည်ဆောက်ပုံများတွင် ငလျင် လှျောဖြတ်အား seismic base shear သည် 0.40 W ထက်ကျော်လွန်ရန် မလိုပါ။

**၂.၁၀.၅.၆.၁.၁** အဆောက်အအုံတစ်ခုကို ဘေးတိုက်ဝန်ခံနိုင်ရန် ထပ်မံအားဖြည့် ဆောင်ရွက်ရာတွင် ဘေးတိုက်အားခံနိုင်သည့် ဖြည့်စွက်တည်ဆောက်ပုံစနစ်အသစ်သည် relative rigidity မည်မျှပင် ဖြစ်စေအဆောက်အအုံ၏ base shear အနည်းဆုံး ၇၅ ရာခိုင်နှုန်းထိ ခံနိုင်ပါက တည်ဆောက်ပုံစနစ်အသစ် ၏ R-value ကို အသုံးပြုနိုင်သည်။

**၂.၁၀.၅.၆.၁.၂** အားဖြည့်သံချောင်းမပါသည့် ဝန်အားခံနိုင်သော အုတ်/ကျောက်နံရံများ သည် MNBC နှင့် ကိုက်ညီရမည်ဖြစ်ပြီး ဤအခန်းအရ ဖြည့်စွက်ပြင်ဆင်ထားသည့် အတိုင်းဖြစ်ရမည်။ အခြားစံသတ်မှတ်ချက်များကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း ၏ ဆုံးဖြတ်ချက်အရ ခွင့်ပြုပါက ကိစ္စတစ်ရပ်ချင်းစီအလိုက် အသုံးပြုနိုင်သည်။ စမ်းသပ်မှု အချက်အလက်နှင့် အဆောက်အအုံ တည်ဆောက်ပုံအပေါ်မူတည်၍ အာဏာပိုင်အဖွဲ့

အစည်း၏ သဘောတူခွင့်ပြုချက်နှင့်အညီ MNBC ပါ 100 psi ခံနိုင်ရည်ရှိမှု ကန့်သတ်ချက်ထက် ပိုမိုမြင့်သောတန်ဖိုးကို ခွင့်ပြုရမည်။

**၂.၁၀.၅.၆.၁.၃** ဘေးတိုက်ဝန်ခံနိုင်မှုစနစ်ပါ အသေးစိတ် ပြဋ္ဌာန်းချက်များမှ သွေဖည်ချက်များကို မျှော်မှန်းထားသည့် ကွေးညွတ်သောပုံစံ ပျက်ယွင်းမှုအတွက် တည်ငြိမ်မှုနှင့် ဝန်ခံနိုင်အားကို ထိန်းသိမ်းရန် အကဲဖြတ် တွက်ချက်ရမည်။

**၂.၁၀.၅.၆.၂ တည်ရှိဆဲအဆောက်အအုံ၏ ခံနိုင်ရည်** - ငလျင်ဒဏ်ခံနိုင်မှုသည် ductility၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သင့်လျော်သော အချက်အလက်များ၊ ဘေးတိုက်ဝန်ခံနိုင်မှုစနစ်၏ ကြံ့ခိုင်မှုစသည်တို့ကို ထည့်သွင်းစဉ်းစားခြင်းဖြင့် တည်ရှိဆဲ အဆောက်အအုံ၏ အမြင့်ဆုံးခံနိုင်ရည်အပေါ် မူတည်သည်။ ပုံမှန်စည်းမျဉ်းပါ လိုအပ်ချက်များတွင် အသိအမှတ်မပြုသော်လည်း လုပ်ငန်းသုံးပစ္စည်းများ၏ ခိုင်ခံ့မှု၊ လုပ်ငန်းဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ အဖွဲ့၏ဆုံးဖြတ်ချက်ကို ကျယ်ကျယ်ပြန့်ပြန့် ချင့်ချိန်ဆုံးဖြတ်နိုင်သည်။ (အပိုဒ် ၂.၁၀.၆ ရှေးဟောင်းလုပ်ငန်းသုံးပစ္စည်းများနှင့် ဆောက်လုပ်ရေးနည်းလမ်းများတွင် ကြည့်ပါ။)

**၂.၁၀.၅.၆.၂.၁** အဆောက်အအုံသစ်အတွက် ပုံမှန်စည်းမျဉ်းစည်းကမ်းများနှင့် ပြဋ္ဌာန်းချက်များပါ အသေးစိတ်၊ အချိုးကျလိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိသည့် တည်ဆောက်ပုံဆိုင်ရာ လုပ်ငန်းသုံးပစ္စည်းများ သို့မဟုတ်အစိတ်အပိုင်းများအားလုံးကို ငလျင်ဒဏ်ခံနိုင်မှု ရှိ မရှိ သုံးသပ်ရမည်ဖြစ်ပြီး ငလျင်ဒဏ်ခံနိုင်မှု မရှိပါက မည်သည့်အကျိုးဆက် ဖြစ်ပေါ်လာမည်ကို အကဲဖြတ်ရမည်။ ယိုယွင်းမှုအလားအလာရှိသော ပြိုကျမှုကို ဦးတည်နေသော သို့မဟုတ် အသက်အန္တရာယ်ရှိသော အစိတ်အပိုင်းများအားလုံးသည် ငလျင်ဒဏ်မခံနိုင်ပါက လက်မခံနိုင်မှုဆုံးဖြတ်၍ သင့်လျော်သည့် တည်ဆောက်ပုံဆိုင်ရာ ခိုင်ခံ့မှုအတွက် အားဖြည့်ခြင်းကို ဆောင်ရွက်ရမည်။

**၂.၁၀.၅.၆.၃ ခံနိုင်ဝန်လမ်းကြောင်း** - ပြီးပြည့်စုံ၍တစ်ဆက်တည်းရှိသော ခံနိုင်ဝန်လမ်းကြောင်းတစ်လျှောက် အချိတ်အဆက်များအပါအဝင် တည်ဆောက်ပုံစနစ်၏ အပိုင်းအားလုံးမှ မြေပြင်သို့ ရောက်ရှိသည်အထိ ဝန်ခံနိုင်အားများကို ဖော်ပြရမည်။ ငလျင်ဒဏ်ခံရလျှင် တည်ဆောက်ပုံသည် Unit တစ်ခုအနေဖြင့် လုံလုံလောက်လောက် တစ်စုတစ်စည်းတည်း ခံနိုင်ရည်ရှိကြောင်း အတည်ပြုရမည်။

**၂.၁၀.၅.၆.၄ အမိုးရင်တား (Parapets)** - အမိုးရင်တားနှင့် အပြင်မွမ်းမံမှုများ၏ ခိုင်မြဲမှုနှင့် ငလျင်ဒဏ်ခံနိုင်မှုကို ပုံမှန်စည်းမျဉ်းပါ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် စစ်ဆေးမှုပြု

ရမည်။ ခြွင်းချက်အဖြစ် ပုံမှန်စည်းမျဉ်းပါ လိုအပ်ချက်များ၏ အမိုးရင်တားနှင့် အပြင်အလှဆင်မှုသည် အသက်အန္တရာယ်ကို ထိခိုက်မှုမရှိပါက ခွင့်ပြုနိုင်သည်။

**၂.၁၀.၅.၆.၅ တည်ဆောက်ပုံနှင့်မဆိုင်သောအလှဆင်အစိတ်အပိုင်းများ** - လျှပ်စီးလျှပ်ခတ်ပါက ပြုတ်ကျနိုင်ပြီး အသက်အန္တရာယ်ကို ထိခိုက်နိုင်သည့် အင်္ဂတေ၊ ပန်းကလပ်နှင့် အလှဆင်ခြင်းကဲ့သို့သော ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်အဆောက်အအုံ၏ တည်ဆောက်ပုံနှင့် မဆိုင်သော အလှဆင်အစိတ်အပိုင်းများကို စစ်ဆေးအကဲဖြတ်ရမည်။ လျှပ်ဒဏ်ခံနိုင်စွမ်းကို စစ်ဆေးခြင်း သို့မဟုတ် အလှဆင်မှုကို စွဲမြဲခိုင်ခံ့စေရန် ပြုလုပ်ခြင်းကို ဆောင်ရွက်ရမည်။

**၂.၁၀.၅.၆.၅.၁** အဆောက်အအုံကို လျှပ်ဒဏ်ခံရလျှင် နေထိုင်သူဦးရေ ၃၀ သို့မဟုတ် ၃၀ အထက် အသုံးပြုနေသော အဆောက်အအုံ၏ အခန်းနံရံများ၊ စကြံလမ်းမျက်နှာကြက်များနှင့် လှေကားများ၏ လျှပ်ဒဏ်ခံနိုင်မှု ရှိ မရှိ သတ်မှတ်ရန် စစ်ဆေးရမည်။

### ၂.၁၀.၆ ရှေးဟောင်းလုပ်ငန်းသုံးပစ္စည်းများနှင့် တည်ဆောက်ပုံနည်းလမ်းများ

#### ၂.၁၀.၆.၁ ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် နယ်ပယ်

**၂.၁၀.၆.၁.၁ ရည်ရွယ်ချက်** - ဤအခန်း၏ရည်ရွယ်ချက်မှာ ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာများ သို့မဟုတ် အဆောက်အအုံများအဖြစ် သတ်မှတ်ထားသည့် အဆောက်အအုံများ သို့မဟုတ် တည်ဆောက်ပုံပါ ပုံမှန်စည်းမျဉ်းစည်းကမ်း သို့မဟုတ် အခြားနည်းပေါင်းစုထားခြင်းမရှိသည့် စည်းမျဉ်းလိုအပ်ချက်များနှင့် ကွဲလွဲသည့် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်အသုံးပြုမှု နည်းလမ်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်း သုံးပစ္စည်းများအတွက် စည်းမျဉ်းများ ပြဋ္ဌာန်းရန်ဖြစ်သည်။ ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာများ၊ အဆောက်အအုံများနှင့် သက်ဆိုင်ပါက အာဏာပိုင်အဖွဲ့အစည်းများက ဤအခန်းပါပုံမှန် စည်းမျဉ်း စည်းကမ်းများနှင့် ကိုက်ညီသည့် အခြားနည်းလမ်းများကို လက်ခံရန်လိုအပ်သည်။

**၂.၁၀.၆.၁.၂ ရည်မှန်းချက်** - သီးခြားသတ်မှတ်ထားသော စည်းမျဉ်းလိုအပ်ချက်များ သို့မဟုတ် အခြားစနစ်တစ်ခု ပေါင်းစုထားခြင်းမရှိသည့် စည်းမျဉ်းများနှင့်ကွဲလွဲသည့် ရှေးဟောင်းသမိုင်းဝင်အမွေအနှစ် အသုံးပြုမှုနည်းလမ်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအတွက် စည်းမျဉ်းများပြဋ္ဌာန်းရန် ဤအခန်း၏ ရည်မှန်းချက် ဖြစ်သည်။

**၂.၁၀.၆.၁.၃ နယ်ပယ်** - တည်ဆောက်ပုံတစ်ခုခု၏ ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်ဆိုင်ရာအဆောက်အအုံ၏ အစိတ်အပိုင်းဖြစ်သည့် သို့မဟုတ်ဖြစ်ခဲ့သည့် တည်ဆောက်ပုံ

ဆိုင်ရာပုံစံ သို့မဟုတ် လုပ်ငန်းသုံးပစ္စည်းတစ်ခုခုသည် ဤအခန်းတွင် အကျုံးဝင်သည်။ ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်ဆိုင်ရာတည်ဆောက်ပုံရှိ ရှေးဟောင်းလုပ်ငန်းသုံးပစ္စည်းများနှင့် တည်ဆောက်ပုံနည်းလမ်းများသည် ဆက်လက်တည်ရှိနိုင်သည်။ သို့မဟုတ် ပြန်လည်တပ်ဆင်နိုင်သည်။ သို့မဟုတ် လက်ရှိအခြေအနေနှင့်ကိုက်ညီသည့် အမျိုးအစားတူသော ပစ္စည်းအသစ်များဖြင့် တပ်ဆင်နိုင်ရမည်။

### ၂.၁၀.၆.၂ အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အထွေထွေချဉ်းကပ်နည်းလမ်းများ

ရှေးဟောင်းလုပ်ငန်းသုံးပစ္စည်းများအတွက် ခံနိုင်ရည်အားတန်ဖိုးကို အလားတူသမားရိုးကျ ပေါင်းစုထားသည့်စည်းမျဉ်းအရ အခြေခံ၍ သတ်မှတ်ရမည်။ သို့မဟုတ် ဤအခန်းတွင် ဖော်ပြထားသည့်အတိုင်း စမ်းသပ်မှုများအပေါ် အခြေခံ၍ သတ်မှတ်ရမည်။ ရှေးဟောင်းလုပ်ငန်းသုံးပစ္စည်းများနှင့် တည်ဆောက်ပုံနည်းလမ်းများကို အပိုဒ် ၂.၁၀.၅.၃ နှင့်အညီ တည်ဆောက်ပုံအသေးစိတ်အတွက် သေချာစွာစုံစမ်းစစ်ဆေးမှုပြုရမည်။ လက်ရှိအခြေအနေများကို အကဲဖြတ်ရန် စမ်းသပ်မှုကို ဆောင်ရွက်ရမည်။ စီမံကိန်းတွင် တာဝန်ခံပုဂ္ဂိုလ်များဖြစ်သည့် ဗိသုကာပညာရှင် သို့မဟုတ်တည်ဆောက်ပုံဆိုင်ရာအင်ဂျင်နီယာသည် ရှေးဟောင်းလုပ်ငန်းသုံးပစ္စည်းများ၏ ခွင့်ပြုနိုင်သောဒဏ်အား သို့မဟုတ် ခံနိုင်ရည်အားအဆင့်များကို သတ်မှတ်ရမည်။ ယင်းသတ်မှတ်ထားသည့် ခံနိုင်ရည်အားတန်ဖိုးများသည် လုံလောက်သောစမ်းသပ်မှုမရှိပါက အောက်ဖော်ပြပါအပိုင်းများတွင် ပြဋ္ဌာန်းထားသည်ထက် မကျော်လွန်ရန်နှင့် အာဏာပိုင်အဖွဲ့အစည်း၏ သဘောတူညီမှုနှင့်အညီ ဖြစ်ရမည်။

### ၂.၁၀.၆.၃ တည်ဆောက်ပုံနှင့်မဆိုင်သော ရှေးဟောင်းလုပ်ငန်းသုံးပစ္စည်းများ

တည်ဆောက်ပုံနှင့်မဆိုင်သော ရှေးဟောင်းသမိုင်းဝင်အမွေအနှစ် လုပ်ငန်းသုံးပစ္စည်းများကို ပုံမှန်စည်းမျဉ်း၊ စည်းကမ်းများပါ လိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိသော်လည်း အသုံးပြုရာတွင် ဆက်လက်အသုံးပြုမှုကို စည်းမျဉ်း စည်းကမ်းများအရ ခွင့်ပြုရမည်။ သို့ရာတွင် ပြည်သူ့ကျန်းမာရေးနှင့် အသက်အန္တရာယ်ရှိမှုကို လျှော့ပါးသက်သာစေရန် အာဏာပိုင်အဖွဲ့အစည်း၏ သဘောတူညီမှုနှင့်အညီ ဆောင်ရွက်ထားရှိရမည်။

### ၂.၁၀.၆.၄ သီးခြားသတ်မှတ်ထားသော လုပ်ငန်းသုံးပစ္စည်းများကိုခွင့်ပြုနိုင်မှု

သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်အဆောက်အအုံ သို့မဟုတ် တည်ဆောက်ပုံများရှိပြီး ဆက်လက်တည်ရှိနေသည့် ရှေးဟောင်းလုပ်ငန်းသုံးပစ္စည်းများကို ၎င်းတို့၏အခြေအနေနှင့် ဤလမ်းညွှန်ချက်အရ လိုအပ်သော ဝန်အားကို အကဲဖြတ်တွက်ချက်ရမည်။ ဤအခန်း၏ အပိုဒ် ၂.၁၀.၅.၃ အရ လိုအပ်သော

တည်ဆောက်ပုံဆိုင်ရာ တိုင်းတာချက်သည် လက်ရှိအခြေအနေ၊ အားဖြည့်ခြင်း၊ ခိုင်မြဲခြင်း၊ ယိုယွင်းပျက်စီးခြင်းနှင့် အခြားအခြားအချက်အလက်များနှင့် သက်ဆိုင်သော ခွင့်ပြုနိုင်သော ဒဏ်အား၊ ခံနိုင်ရည်အားအဆင့်နှင့် ရှေးဟောင်းလုပ်ငန်းသုံးပစ္စည်းလုံလောက်မှုကို မှတ်တမ်းတင်ရမည်။ ဤအပိုင်းပါ ကျန်ရှိနေသည့်အပိုင်းသည် အများအားဖြင့် ကြုံတွေ့နေရသော ရှေးဟောင်းလုပ်ငန်းသုံးပစ္စည်းများအတွက် အရံသီးခြားသတ်မှတ်ထားသော လိုအပ်ချက်များ အနေဖြင့် ဖော်ပြထားသည်။

### ၂.၁၀.၆.၅ ကျောက်/အုတ်

**၂.၁၀.၆.၅.၁ တည်ရှိဆဲ ကျောက်/အုတ်ထု အဆောက်အအုံ** - ဗိသုကာပညာရှင် သို့မဟုတ် အင်ဂျင်နီယာ၏ လျှောဖြတ်မှုအများဆုံးခံနိုင်ရည်အား 9 lb/in$^2$ (62.1 kPa) အရည်အချင်းပြည့်မီကြောင်း ဖော်ပြချက်ကို စစ်ဆေးမှုပြုလုပ်ပြီး ရွှံ့ဖြင့်မွမ်းမံ ဆောင်ရွက်မှုမှအပ အခြားအမျိုးအစားတစ်ခုခု၏ လက်ရှိ ကျောက်/အုတ်ထု နံရံများကို စမ်းသပ်ခြင်းမပြုဘဲ ခွင့်ပြုနိုင်သည်။ ၎င်းအင်္ဂတေအဆက်များကို ထပ်မံဖြည့်ဆည်းပြီး အုတ်နှင့်အင်္ဂတေ နှစ်မျိုးလုံးသည် သင့်တင့်ကောင်းမွန်ရမည်။ အထက်ပါလျှောဖြတ်အား (Shear stress) သည် ထောက်ကန်ထားခြင်းမရှိသော အမြင့် သို့မဟုတ်အလျားနှင့်အထု၏ အမြင့်ဆုံး အချိုး ၁၃ ထက် မကျော်လွန်လျှင် အနိမ့်ဆုံးအင်္ဂတေအရည်အသွေးကို အသုံးပြုပါက သို့မဟုတ် အနိမ့်ဆုံး အင်္ဂတေအရည်အသွေးရှိပါက အားဖြည့်ထားခြင်းမရှိသော ကျောက်/အုတ်ထုနံရံနှင့် သက်ဆိုင်သည်။ အနည်းဆုံးနှစ်ဆမာသော tributary wall ကဲ့သို့ ထောက်ကန်နိုင်သည့် သို့မဟုတ် ခုခံနိုင်သည့်အစိတ်အပိုင်းနံရံ၏အမြင့် သို့မဟုတ် အလျားကို တိုင်းတာရမည်။ မာကျောမှုသည် ဖြတ်ပိုင်းဧရိယာ အားလုံးအပေါ်တွင် အခြေခံသည်။ လျှောဖြတ်အား (Shear stress) ကို အပေါ်တည့်တည့်မှကျရောက်သော နံရံ၏အလေးချိန်ကြောင့် ဝင်ရိုးတိုက်ရိုက်ဖိအား (Axial direct stress) ၁၀ ရာခိုင်နှုန်း ထပ်တိုးနိုင်သည်။

**၂.၁၀.၆.၅.၂ ပြန်လည်ဆောက်လုပ်ထားသည့် နံရံများ** - မူလအုတ် သို့မဟုတ် မူလအင်္ဂတေကို အသုံးပြု၍ အလုံးစုံ ပြန်လည်ဆောက်လုပ်ထားသည့် နံရံများ၊ မူလအတိုင်းဆောက်လုပ်ထားသည့် နံရံများကို စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောက်လုပ်ရမည်။ ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ဆောက်လုပ်ခြင်းကို ပုံမှန် စည်းမျဉ်း စည်းကမ်းများနှင့် ကိုက်ညီမှုမရှိသော်လည်း မူလနံရံများအတိုင်း ယခင်နည်းလမ်းဖြင့် ဆောက်လုပ်နိုင်သည်။

## ၂.၁၀.၆.၆ သစ်သား

**၂.၁၀.၆.၆.၁ တည်ရှိဆဲသစ်သား diapharagms သို့မဟုတ်နံရံများ** - တစ်ဖြောင့်တည်း သို့မဟုတ် ထောင့်ဖြတ် ထည့်သွင်းထားသည့် တည်ရှိဆဲသစ်သား diapharagms နှင့် နံရံများကို ချိတ်ဆက်တပ်ဆင်သည့်ပစ္စည်းများနှင့် သင့်လျော်သည့် shear resistance တန်ဖိုးတစ်ခုအား သတ်မှတ်ရမည်။ တည်ဆောက်ပုံဆိုင်ရာ လေ့လာတိုင်းတာချက်သည် ချိတ်ဆက်တပ်ဆင်သည့်ပစ္စည်းများ၏ အသေးစိတ်ပုံစံ (fastener details) နှင့် ၎င်းတို့ကြား အကွာအဝေး (Spacing) ကို သတ်မှတ်ရမည်ဖြစ်ပြီး ကြမ်းခင်းဆောက်လုပ်မှုမှတစ်ဆင့် ဝန် လမ်းကြောင်းကို အတည်ပြု၍ စစ်ဆေးရမည်။ Shear တန်ဖိုးများဇယား ၂.၁၀.၆ (က) နှင့် ၂.၁၀.၆ (ခ)။

**၂.၁၀.၆.၆.၂ တည်ရှိဆဲ သစ်သားကိုယ်ထည်များ** - တည်ရှိဆဲ သစ်သားကိုယ်ထည် အစိတ်အပိုင်းများကို တည်ဆောက်ချိန်တွင် လက်တွေ့အားဖြင့် စည်းမျဉ်းနှင့်အညီ ခွင့်ပြု နိုင်သော ဖိအားကို သတ်မှတ်နိုင်သည်။ တည်ရှိဆဲ သို့မဟုတ် အသစ်အစားထိုးထားသည့် သစ်သား ကိုယ်ထည်များသည် သေချာစွာသုတေသနပြုလုပ်ထားပြီးဖြစ်ပါက မူလအတိုင်း အသုံးပြုခဲ့သော ရှေးဟောင်းသစ်သား နံရံ (balloon and single wall) ကဲ့သို့ ဖြစ်နိုင်သည်။ ထိပ်ကားစရွေးဆက် (Dovetail) နှင့် စရွေးပေါက်ဆက် (mortise and tendon) ကဲ့သို့ သစ်သားအဆက်များကို ကောင်းမွန်စွာ ဆောက်လုပ်ထားလျှင် ၎င်းတို့ကို တည်ဆောက်ပုံ အစိတ်အပိုင်းအဖြစ် အသုံးပြုနိုင်သည်။ အသုံးပြုရန် ရွေးချယ်ထားသော အကြမ်းထည် သစ်သားသည် ပုံစံအမျိုးအစားအဆင့်သတ်မှတ်ချက်များရှိရန်မလိုဘဲ အရည်အသွေးမြင့် သော သို့မဟုတ် နိမ့်သော ထင်းရှူးသားနှင့် ထင်းရှူးမျိုးနွယ်၊ ဒေသခံသစ်မာများ ကဲ့သို့ သစ်အမျိုးအစားများ အသုံးပြုခဲ့ပါက သို့မဟုတ် အသုံးပြုနိုင်ပါက အစားထိုးပြောင်းလဲ ခြင်းကို သီးခြားအခြေအနေအလိုက် အသုံးပြုနိုင်သည်။ လေးထောင့်သံ (square nails) သို့မဟုတ် ရိုက်သံများ (cut nails) ကို သစ်သားအစိတ်အပိုင်းများ ချိတ်ဆက်တပ်ဆင်ရာ တွင် ရိုက်သံ(wire nails) ထက် အများဆုံး ၅၀ ရာခိုင်နှုန်းတိုး၍ Shear အတွက် အသုံးပြု နိုင်သည်။

## ၂.၁၀.၆.၇ ကွန်ကရစ်

**၂.၁၀.၆.၇.၁ ကွန်ကရစ်ပစ္စည်းများ** - ကွန်ကရစ်ပစ္စည်းကို သမိုင်းကြောင်းအရ အသုံးပြု သည့်အခါ သဘာဝဘိလပ်မြေကွန်ကရစ်၊ အားဖြည့်ထားခြင်းမရှိသော ကျောက်ဖြည့် ကွန်ကရစ်နှင့် အလားတူပစ္စည်းများကို အသုံးချနိုင်သည်။ တောင့်တင်းခိုင်မာမှုနိမ့်သည့် ကွန်ကရစ်နှင့် ပုံမှန်စည်းမျဉ်းအရ လိုအပ်သည်ထက် အားနည်းသော ကွန်ကရစ်အား

ဆက်လက်ထားရှိနိုင်သည်။ ဗိသုကာပညာရှင် သို့မဟုတ် အင်ဂျင်နီယာသည် ကွန်ကရစ် နမူနာစမ်းသပ်ခြင်းကို အခြေခံ၍ သင့်လျော်သည့် တောင့်တင်းခိုင်မာမှုတန်ဖိုးကို သတ်မှတ်ရမည်။ Bond and development lengths Bond and development lengths ကို သမိုင်းဆိုင်ရာအချက်အလက် သို့မဟုတ် စမ်းသပ်မှုများအပေါ် အခြေခံ၍သတ်မှတ်နိုင်သည်။

**၂.၁၀.၆.၇.၂ အသေးစိတ်ပုံစံ** - ဗိသုကာပညာရှင် သို့မဟုတ် အင်ဂျင်နီယာသည် ductility နှင့် reserve strength ကို ထည့်သွင်းစဉ်းစားခြင်းဖြင့် ပုံမှန်စည်းမျဉ်း စည်းကမ်းနှင့် မကိုက်ညီသည့် တည်ဆောက်ပုံ၏ အသေးစိတ်ပုံစံ ပြဋ္ဌာန်းချက်အားလုံးကို ဂရုတစိုက် တွက်ချက်ပြီး တည်ဆောက်ပုံ၏ အမြင့်ဆုံးလုပ်ဆောင်ချက်အပေါ် ၎င်းတို့သည် သက်ရောက်မှု ရှိ မရှိ စဉ်းစားရမည်။

## ၂.၁၀.၆.၈ သံမဏိနှင့်သံ

လက်ဖြင့်ထုတ်လုပ်သော သံ၊ စမ်းသပ်စစ်ဆေးထားခြင်းမရှိသော သံကျွတ် သို့မဟုတ် သံထည် (Wrought or black iron)၊ သွန်းသံ (Cast iron) သို့မဟုတ် သွန်းသံပျော့ (grey iron) အသုံးပြုမှုနှင့် စည်းမျဉ်းအရ ခွင့်ပြုထားခြင်းမရှိသော သံဆက်ခြင်း နည်းလမ်းအမြောက်အမြားကို သက်တမ်းကာလအရ နှစ်ရှည်ကြာစွာ တည်တံ့နိုင်ကြောင်း ထင်ရှားပါက အရည်အသွေးအပြည့်ဝဆုံး ရှေးဟောင်းသမိုင်းဝင်အမွေအနှစ် အဆောက်အအုံ များတွင် အသုံးပြုနိုင်သည်။ လိုအပ်ပါက ဝန်မနိုင်စွမ်း (uplift capacity) ကို အကဲဖြတ် တွက်ချက်ပြီး အားဖြည့်ရမည်။ ပြိုကျပျက်စီးနိုင်သည့် အသေတပ်ဆင်ထားသော သွန်းသံ တိုင်များ သို့မဟုတ် အမြင့်အလယ်အလတ်ရှိ ဘေးတိုက်ဝန်များ (mid height lateral loads) တို့ကို ထည့်သွင်းစဉ်းစားရမည်။ တည်ရှိဆဲဝန်ခံနိုင်သည့် သံကျွတ် (wrought)၊ သံမဏိ (forged steel) သို့မဟုတ်သွန်းသံပျော့ (grey iron) ကို မူလဆောက်လုပ်ချိန်တွင် အသုံးပြုခဲ့သော အမြင့်ဆုံးလုပ်အား (working stress) ကို သတ်မှတ်နိုင်သည်။

## ၂.၁၀.၆.၉ အဆောက်အအုံမျက်နှာပြင်အလွှာ

**၂.၁၀.၆.၉.၁ မီးဖုတ်စဉ့်အုတ်ချပ်များနှင့်ကျောက်တုံး** - မီးဖုတ်စဉ့်အုတ်ချပ်များ၊ ပုံသွင်း ကျောက် (cast stone) နှင့် သဘာဝကျောက်ပြားများကို ခိုင်ခံ့စွာ တပ်ဆင်ထားခြင်း ရှိ မရှိ စစ်ဆေးရမည်။ တပ်ဆင်ထားသော သံမဏိဘောင်များ (steel anchors) ယိုယွင်းပျက်စီး ခြင်း သို့မဟုတ် သံချေးတက်ခြင်း ရှိ မရှိ စစ်ဆေးရမည်။ လိုအပ်ပါက သံမဏိဘောင်များ အသေတပ်ဆင်ခြင်း သို့မဟုတ် ထပ်မံဖြည့်စွက်ခြင်းများ ပြုလုပ်ရမည်။

### ၂.၁၀.၆.၁၀ မှန်နှင့် မှန်တပ်ဆင်ခြင်း

**၂.၁၀.၆.၁၀.၁ လူအများ ထိ/တိုက်လွယ်သော နေရာများတွင် မှန်တပ်ဆင်ခြင်း** - လူအများ ထိ/တိုက်လွယ်သောနေရာများရှိ ရှေးဟောင်းမှန်များတပ်ဆင်ရာတွင် ယင်းမှန်များကိုအခြား အကာအကွယ်ပေးနိုင်သည့် နည်းလမ်းများပေးထားပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့ အစည်း၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းနည်းလမ်းများတွင် ထပ်မံတပ်ဆင် သောမှန်ချပ်များ၊ အကာအကွယ်ပေးသည့် ဖလင်အလွှာ၊ အကာအကွယ်ပေးသည့် လုံခြုံရေး ပစ္စည်း သို့မဟုတ် စနစ်များနှင့် အများပြည်သူလုံခြုံရေးကို လုံလောက်စွာပေးနိုင်သည့် ပစ္စည်းများ သို့မဟုတ် သင်္ကေတအမှတ်အသားများ ကန့်သတ်ချက်မရှိဘဲ ပါဝင်နိုင်သည်။

**၂.၁၀.၆.၁၀.၂** မီးဘေးသတ်မှတ်သည့် စနစ်များပါရှိသည့် မှန်တပ်ဆင်ခြင်း အပိုဒ် ၂.၁၀.၄.၂.၃ တွင် ကြည့်ပါ။

**ဇယား ၂.၁၀.၆ (က)**
**တည်ရှိဆဲအဆောက်အအုံပစ္စည်းများအတွက် ခိုင်ခံ့မှုတန်ဖိုးများ**

| တည်ရှိဆဲအဆောက်အအုံပစ္စည်းများ သို့မဟုတ်အဆောက်အအုံပစ္စည်းများ[၁]ဆိုင်ရာ အစိတ်အပိုင်းများ၏ဖွဲ့စည်းပုံ | ခိုင်ခံ့မှုအရည်အသွေး × ၁၄.၅၉၄= N/m |
|---|---|
| ၁။ အလျားလိုက် diaphragm[၂] | |
| ၁.၁။ပြောင်အမိုးပြား အတည့်မိုးခြင်းနှင့် ယင်းအမိုးပြား ပေါ်တွင် တိုက်ရိုက်အမိုးမိုးခြင်း | Seismic shear အတွက် ခံနိုင်အား ၁ ပေ လျှင် ပေါင် ၃၀၀ |
| ၁.၂။ပြောင်အမိုးပြားထောင့်ဖြတ်မိုးခြင်းနှင့်ယင်းအမိုးပြား ပေါ်တွင် တိုက်ရိုက်အမိုးမိုးခြင်း | Seismic shear အတွက် ခံနိုင်အား ၁ ပေ လျှင် ပေါင် ၇၅၀ |
| ၁.၃။ လျှာထိုးကြမ်းခင်း | Seismic shear အတွက် ခံနိုင်အား ၁ ပေလျှင်ပေါင် ၃၀၀ |
| ၁.၄။ တေ့ဆက်ကြမ်းခင်းနှင့် ယင်းပေါ်တွင် အချောသတ် ကြမ်းခင်းအားလွှဲ၍ခင်းခြင်း၊ကန့်လန့်ဖြတ်ခင်းခြင်း။ | Seismic shear အတွက် ခံနိုင်အား ၁ ပေ လျှင် ပေါင် ၁၅၀၀ |
| ၁.၅။ ထောင့်ဖြတ်ကြမ်းခင်းနှင့် အချောသတ်ကြမ်းခင်းခြင်း | Seismic shear အတွက် ခံနိုင်အား ၁ ပေ လျှင် ပေါင် ၁၈၀၀ |

| **တည်ရှိဆဲအဆောက်အအုံပစ္စည်းများ သို့မဟုတ်အဆောက်အအုံပစ္စည်းများ[၁]ဆိုင်ရာ အစိတ်အပိုင်းများ၏ဖွဲ့စည်းပုံ** | **ခိုင်ခံ့မှုအရည်အသွေး × ၁၄.၅၉၄= N/m** |
|---|---|
| ၂။ crosswall [၂/၃]<br>၂.၁။ သစ်သား သို့မဟုတ် သတ္တုဇကာကွက် ပေါ် ရှိ သရွတ်<br>၂.၂.။ ဂျစ်ပဆင်ပြားပေါ်ရှိ သရွတ်<br>၂.၃။ ဂျစ်ပဆင်နံရံပြား၊ အနားမသတ်ထား သော အစွန်းများ<br>၂.၄။ ဂျစ်ပဆင်နံရံပြား၊ အနားသတ်ထားသော အစွန်းများ | တစ်ဘက်လျှင်-Seismic shearအတွက် ခံနိုင်အား ၁ ပေ လျှင် ပေါင် ၆၀၀<br>Seismic shear အတွက် ခံနိုင်အား ၁ ပေ လျှင် ပေါင် ၅၅၀<br>Seismic shear အတွက် ခံနိုင်အား ၁ ပေ လျှင် ပေါင် ၂၀၀<br>Seismic shear အတွက် ခံနိုင်အား ၁ ပေ လျှင် ပေါင် ၄၀၀ |
| ၃။ တည်ရှိဆဲအုတ်ဖိနပ်ခံခြင်း၊ သစ်သားဘောင် တပ်ဆင်ခြင်း၊ တည်ဆောက်မှုဆိုင်ရာ သံမဏိ နှင့် အားဖြည့် သံမဏိ<br>၃.၁။ ကွန်ကရစ်ဖိနပ်ခံခြင်း<br>၃.၂။ ထင်းရှူးသား<br>၃.၃။ အားဖြည့်သံမဏိ<br>၃.၄။ တည်ဆောက်မှုဆိုင်ရာ သံမဏိ | စမ်းသပ်ခြင်း[၃]ဖြင့် အခြားနည်းပြသမထားပါ က f’c = 1500 psi (10.34MPa)<br>D.F.No.1[၃] နှင့် အလားတူခွင့်ပြုနိုင်သော ဒဏ်အား<br>$f_1$=40000lbs per square inch (124.1 N/mm$^2$) maximum<br>$f_2$=33000lbs per square inch (137.9 N/mm$^2$) maximum |

[၁] အဆောက်အအုံပစ္စည်းသည် ခိုင်မာရမည်ဖြစ်ပြီး ကောင်းမွန်သည့် အခြေအနေရှိရမည်။

[၂] စုစုပေါင်းတန်းဖိုးသည် ၁ ပေ လျှင် ပေါင် ၉၀၀ (13.140 N/m) ထက်မကျော်လျှင် အဆောက်အအုံပစ္စည်းများ၏ shear values ကို ပေါင်းထည့်နိုင်သည်။

[၃] ပေးထားသည့်ဒဏ်အားများကို ပုံမှန်စည်းမျဉ်းတွင် သတ်မှတ်ထားသည့်အတိုင်း ဝန်အားများကို တိုးနိုင်သည်။

**ဇယား ၂.၁၀.၆ (ခ)**

**တည်ရှိဆဲဆောက်လုပ်ရေးနှင့် ဆက်စပ်၍အသုံးပြုသည့်**

**အဆောက်အအုံပစ္စည်းအသစ်များ၏ ခိုင်ခံ့မှုတန်ဖိုးများ**

| **အဆောက်အအုံပစ္စည်းအသစ်များ သို့မဟုတ်အဆောက်အအုံပစ္စည်းများဆိုင်ရာ အစိတ်အပိုင်းများဖွဲ့စည်းပုံ** | **ခိုင်ခံ့မှုအရည်အသွေးအဆင့်[၁]** |
|---|---|
| ၁။ အလျားလိုက် diaphragm[၂] | |
| ၁.၁။ ထည့်သွင်းထားသည့် အပြားများ၏ အလယ် ဗဟိုရှိ အထပ်သားအစွန်းနှင့် တစ်ဖြောင့်တည်း တိုက်ရိုက် ထည့်သွင်းခြင်းဖြင့် တွဲထားသည့် အထပ်သား ထည့်သွင်းခြင်းသည် အနည်းဆုံး $^{15}/_{32}$ inch နှင့် မှန်ပုံကွက်အစွန်းများတွင် ဗဟိုပြုထားသည့် ၄ လက်မ နှင့် လုပ်ငန်းခွင်တွင် လမ်းကြောင်းတစ်ခုစီကို ဗဟိုပြု ထားသည့် ၁၂ လက်မတွင် အချင်း ၀.၁၃ လက်မ အနည်းဆုံးနှင့် အလျား ၁$^{၁}/_{၄}$ လက်မ အနည်းဆုံး ရှိသည့် ဝက်အူရစ်ဖြင့်စုပ်ထားသည့် သို့မဟုတ် ရိုက်ထားသည့် သစ်သား ၈×၁$^{၁}/_{၄}$ လက်မ အနည်းဆုံးဖြင့် | ခံနိုင်အား ၁ ပေ လျှင် ပေါင် ၁၅၀၀ |
| တွဲထားသည့် အထပ်သားထည့်သွင်းခြင်း အနည်းဆုံး $^{15}/_{32}$ inch | ခံနိုင်အား ၁ ပေ လျှင် ပေါင် ၁၈၀၀ |
| ၁.၂။ လက်ရှိ ထောင့်ဖြတ် ထည့်သွင်းခြင်းဖြင့် တိုက်ရိုက် တွဲထားသည့် ၁.၁ ကဲ့သို့ အလားတူ အထပ်သားနှင့် တပ်ဆင်စရာ ပစ္စည်းများ | ခံနိုင်အား ၁ ပေ လျှင် ပေါင် ၉၀၀ |
| ၁.၃။ လုပ်ငန်းခွင်တွင် ထည့်သွင်းထားသော အပြား တစ်ခု ချင်း၏ အစွန်းမှ အလယ်သို့ တိုက်ရိုက် သို့မဟုတ် ထောင့်ဖြတ် လက်ရှိ ထည့်သွင်းထားခြင်းအပေါ် တိုက်ရိုက်ချည်နှောင်ထား သည့် $^{၃}/_{၈}$ လက်မရှိ | |

| **အဆောက်အအုံပစ္စည်းအသစ်များ သို့မဟုတ်အဆောက်အအုံပစ္စည်းများဆိုင်ရာ အစိတ်အပိုင်းများဖွဲ့စည်းပုံ** | **ခိုင်ခံ့မှုအရည်အသွေးအဆင့်[၁]** |
|---|---|
| အထပ်သား ထည့်သွင်းခြင်း နှင့် အချင်းအနည်းဆုံး ၀.၁၃ လက်မရှိ ခရုပတ် ပုံနှင်းပြား (helical threads) နှင့် သစ်သားဝက်အူ သို့မဟုတ် သံဖြင့်ချည်နှောင်ထားသောနှင့် တံခါးဆံအစွန်းရှိ အလယ် ၆လက်မ တွင် အလျား အနည်းဆုံး ၁ ၁/၄ လက်မ နှင့် လုပ်ငန်းနယ်ပယ်တွင် ၁၂ လက်မဖြင့် ချည် နှောင်ထား သော ၃/၈ လက်မ အထပ်သား ထည့်သွင်းခြင်း | |
| ၂။ shear walls<br>သစ်သားတိုင်များအပေါ် တိုက်ရိုက်ထည့်သွင်းထားသည့် အထပ်သား။ လက်ရှိသရွတ် သို့မဟုတ်အထပ်သား ထည့်သွင်းခြင်းတွင် အသုံးချသည့် အထပ်သား၏ တန်ဖိုးကို ပေးထားရန် မလိုပါ။ | shear walls အတွက် ပုံမှန်စည်းမျဉ်းတွင် သတ်မှတ်ထားသည့် တန်ဖိုး ၏ ၁၀၀ ရာခိုင်နှုန်း |
| ၃။ Crosswalls: (အထူးလုပ်ငန်းစဉ်အတွက်သာလျှင်) | |
| ၃.၁။ သစ်သားတိုင်များအပေါ် တိုက်ရိုက်ထည့်သွင်း ထားသည့် အထပ်သား။ လက်ရှိ သရွတ် plaster သို့မဟုတ် အထပ်သား ထည့်သွင်းခြင်းတွင် အသုံးချသည့် အထပ်သား၏ တန်ဖိုးကို ပေးထား ရန်မလိုပါ။ | shear wallsအတွက် ပုံမှန်စည်းမျဉ်းတွင် သတ်မှတ်ထားသည့် တန်ဖိုး၏ ၁၃၃ ရာခိုင်နှုန်း |
| ၃.၂။ သစ်သားတိုင်များအပေါ်တိုက်ရိုက်အသုံးပြုသည့် drywall သို့မဟုတ် သရွတ် plaster | ပုံမှန်စည်းမျဉ်းပါ တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်း |
| ၃.၃။ လက်ရှိသစ်သားတိုင်များအပေါ် ထည့်သွင်း အသုံးပြုသည့် drywall သို့မဟုတ်သရွတ် plaster | ပုံမှန်စည်းမျဉ်းတွင် သတ်မှတ်ထားသည့် တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း |
| ၄။ Tension bolts | |
| (က) ဧရိယာ ၄/၅ အနည်းဆုံး ၃၀ စတုရန်းလက်မ (၁၉၃၅၀ | မင်းတုပ်[၆]တစ်ခုလျှင် ပေါင် ၅၄၀၀ |

| အဆောက်အအုံပစ္စည်းအသစ်များ သို့မဟုတ်အဆောက်အအုံပစ္စည်းများဆိုင်ရာ အစိတ်အပိုင်းများဖွဲ့စည်းပုံ | ခိုင်ခံ့မှုအရည်အသွေးအဆင့်[၁] |
|---|---|
| စတုရန်းမီလီမီတာ)ဖြင့် အနည်းဆုံး three-wythe-ရှိသော နံရံအထူ ဘေးဘက်နှင့် ဝေးကွာသော bearing plates နှင့် တွဲဆက်ထားသည့် အားဖြည့်မထားသည့် အင်္ဂတေနံရံများမှ တစ်ဆင့်တိုးချဲ့ထားသည့် bolts<br>(ခ) တွဲကပ်၍ တပ်ဆင်ထားသော ဇနံရံ၏ အပြင်မျက်နှာပြင်ထိ ရှည်လျားသည့် thread rodthread rod | (24,010N)<br>two-wythe နံရံများ[၆] အတွက် bolt တစ်ခု လျှင် ပေါင် ၂၇၀၀ (12,009N)<br>bolt တစ်ခုလျှင် ပေါင် ၃၆၀၀ (၁၆၀၁၄ N) |
| ၅။ shear bolts<br>အားဖြည့်မထားသော အင်္ဂတေနံရံများ အတွင်းသို့ အနည်းဆုံး ၈ လက်မ (၂၀၃ မီလီမီတာ) မြှုပ်နှံထား သည့် bolt နှင့် dry-pack သို့မဟုတ် nonshrink grout ဖြင့် ဖြည့်ထားသော အချင်း ၂ ၁/၂ လက်မ (၆၃.၅ မီလီမီတာ) ရှိ အပေါက်ကို ဗဟိုပြုထားသော bolt ။ အထက်တွင် သတ်မှတ် ထားသည့် အတိုင်း ၈ လက်မ (၂၀၃ မီလီမီတာ) ရှိ bolt နှင့် ၄(ခ) တွင် သတ်မှတ်ထား သည့်အတိုင်း thread rod အားလုံး မြှုပ်နှံထားသည့် bolt။ [၅/၃/၉] | ½ inch(12.7mm) diameter = 1050lbs (4671 N)[6]<br>5/8 inch (15.9mm) diameter = 1500lbs (6672 N)[6]<br>3/4 inch (19mm) diameter = 2250lbs (10,008 N)[6] |
| ၆။ Infilled walls<br>လက်ရှိအားဖြည့်မထားသောအင်္ဂတေနံရံများကို ဖြည့်ဆောက်ထားသည့် သံကူအင်္ဂတေ။ အားဖြည့်ခြင်းနှင့် ကိုက်ညီရန် keys သို့မဟုတ် dowels ပံ့ပိုး ပေးထား ရမည်။ | အားဖြည့်မထားသော အင်္ဂတေနံရံများအတွက် သတ်မှတ်ထားသည့် တန်ဖိုး များအတိုင်း |
| ၇။ သံကူအင်္ဂတေ (Reinforced masonry)<br>ပုံမှန်စည်းမျဉ်းတစ်ခုလျှင် သံကူအင်္ဂတေတိုင်များ နှင့် | ပုံမှန်စည်းမျဉ်း[၈]တွင်သတ်မှတ် |

| **အဆောက်အအုံပစ္စည်းအသစ်များ သို့မဟုတ်အဆောက်အအုံပစ္စည်းများဆိုင်ရာ အစိတ်အပိုင်းများဖွဲ့စည်းပုံ** | **ခိုင်ခံ့မှုအရည်အသွေးအဆင့်[၁]** |
| --- | --- |
| နံရံများ | ထားသည့် တန်ဖိုးများအတိုင်း |
| ၈။ သံကူကွန်ကရစ် (Reinforced concrete)<br>tributary loads အတွက် ဒီဇိုင်းပြုလုပ်ရာ၌ ပုံမှန်စည်းမျဉ်းတွင် သတ်မှတ်ထားသည့်အတိုင်း အားဖြည့်ထားသော ကွန်ကရစ်ဖိနပ်ခံခြင်း၊ နံရံများနှင့် တိုင်များ | ပုံမှန်စည်းမျဉ်း[၈]တွင် သတ်မှတ်ထားသည့် တန်ဖိုးများအတိုင်း |

[၁]တန်ဖိုးများသည် ပုံမှန်စည်းမျဉ်းစံများတွင် သတ်မှတ်ထားသည့်အတိုင်း ခိုင်ခံ့မှုအဆင့်အတွက် ဖြစ်သည်။

[၂]အာဏာပိုင်အဖွဲ့အစည်းက ခွင့်ပြုပါက တန်ဖိုးများကို အခြားချည်စရာများနှင့်အလိုက်သင့် ပြုလုပ် နိုင်သည်။

[၃]လက်ရှိထည့်သွင်းထားသည့် တန်ဖိုးအပြင်

[၄]အနည်းဆုံးအချင်း ၁/၂ လက်မ (၁၂.၇ မီလီမီတာ) ရှိရမည်။ bolts

[၅]စမ်းသပ်ခြင်းအစီအစဉ်ကို ပုံမှန်စည်းမျဉ်းစံနှုန်းများနှင့်အညီ လုပ်ဆောင်ပါက အခြား bolt အရွယ်အစား၊ တန်ဖိုးများနှင့် တပ်ဆင်ခြင်း နည်းလမ်းများ

[၆]စမ်းသပ်မှုများ သို့မဟုတ် အခြားခိုင်လုံသည့် အချက်အလက်များကို အခြေခံသော အခြား အင်္ဂတေ

[၇]ပုံမှန်စည်းမျဉ်းစံနှုန်းများတွင် သတ်မှတ်ထားသည့်အတိုင်း စမ်းသပ်မှုပြုလုပ်ရမည့် စွဲခိုင်နေသော bolts

[၈]ပေးထားသောဒဏ်အားများကို ပုံမှန်စည်းမျဉ်းတွင် သတ်မှတ်ထားသည့်အတိုင်း ဝန်စည်များ ပေါင်းစပ်ခြင်းအတွက် တိုင်းနိုင်သည်။

ချိတ်ဆက်မှုများကို အာဏာပိုင်အဖွဲ့အစည်းက ခွင့်ပြုရမည်ဖြစ်ပြီး ထုတ်လုပ်သူများ၏ အကြံပြုချက်များနှင့်အညီ တပ်ဆင်ရမည်။ လွှစာမှုန့်များကို တပ်ဆင်ခြင်းမပြုမီ လွန်ဖြင့်ဖောက်ထားသည့် အပေါက်များမှ ဖယ်ရှားရမည်။

## ၂.၁၀.၇ စက်မှုဆိုင်ရာ၊ ရေမိလ္လာဆိုင်ရာနှင့် လျှပ်စစ်ဆိုင်ရာ လိုအပ်ချက်များ

### ၂.၁၀.၇.၁ ရည်ရွယ်ချက်၊ ရည်မှန်းချက် နယ်ပယ်

ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာများနှင့် အဆောက်အအုံများအတွက် သက်ဆိုင်ရာ မြို့ပြစီမံကိန်းအာဏာပိုင်နှင့်သော်လည်းကောင်း၊ ယင်းတို့ဖွဲ့စည်းထားသော ကော်မတီနှင့် သော်လည်းကောင်း၊ ပြည်ထောင်စု၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့က ဖွဲ့စည်းထားသည့် ကော်မရှင်နှင့်သော်လည်းကောင်း ဆွေးနွေးညှိနှိုင်း၍ ပုံမှန်စည်းမျဉ်းနှင့် မီးဘေးဆိုင်ရာလုပ်ထုံးလုပ်နည်းများကို သင့်လျော်သည့် ခြွင်းချက်များပေးရမည်။

## ၂.၁၀.၈ သတ်မှတ်အရည်အချင်းပြည့်မီသည့်ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်ဒေသများ၊နေရာများနှင့် အများပြည်သူသုံး ဟင်းလင်းပြင်မြေကွက်လပ်များ

### ၂.၁၀.၈.၁ ရည်ရွယ်ချက်နှင့် နယ်ပယ်

**၂.၁၀.၈.၁.၁ ရည်ရွယ်ချက်** - ဤအခန်းပါ ရည်ရွယ်ချက်သည် အရည်အချင်းပြည့်မီသော ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်နေရာများ၊ အဆောက်အအုံများ သို့မဟုတ် ဒေသများ (အပိုဒ် ၂.၁၀.၂ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း) ၏ ဆက်စပ်အမွေအနှစ်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ နဂိုအတိုင်း ပြန်လည်ပြင်ဆင်မွမ်းမံခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းများ လုပ်ဆောင်ရာတွင် အပိုဒ် ၂.၁၀.၃ မှ ၂.၁.၁၇ တို့နှင့်မသက်ဆိုင်သည့်နေရာများအတွက် စည်းမျဉ်းများ ချမှတ်ပေးရန်ဖြစ်သည်။

**၂.၁၀.၈.၁.၂ နယ်ပယ်** - ဤအပိုင်းသည် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာများ သို့မဟုတ်အဆောက်အအုံများ၏ ဆက်စပ်ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်ဆိုင်ရာ လက္ခဏာများနှင့် အမွေအနှစ်ဒေသများ၊ အဆောက်အအုံများသာမက အသုံးချမှုနှင့် တင့်တယ်လှပမှုကို ထောက်ပံ့ပေးသည့် သဘာဝ သို့မဟုတ် လူတို့ပြုလုပ်ထားသည့် ရှုခင်းပတ်ဝန်းကျင်ဖြင့် ဒီဇိုင်းရေးဆွဲထားသည့်နေရာနှင့် ရှုခင်းစီမံချက်များ အစရှိသည်တို့နှင့် သက်ဆိုင်သည်။ ၎င်းတွင် အောက်ပါတို့ပါဝင်နိုင်ပြီး ကန့်သတ်မထားပါ။

(၁) မြေနေရာချထားမှုပုံစံနှင့် ဆက်စပ်မှုများ (လူသွားစင်္ကြံ၊ ယာဉ်သွားလမ်း၊ မြေအနိမ့်အမြင့်နှင့် ရေနုတ်မြောင်းစနစ်နှင့် အခြား အသုံးပြုမှုနေရာများ)

(၂) မြေယာရှုခင်း အစိတ်အပိုင်းများ (အပင်များ ၊ အမွေအနှစ်နေရာများ ၊ တံတားများ နှင့် ဆက်စပ်ဖွဲ့စည်းတည်ဆောက်ပုံ၊ မီး၊ ရေ၊ အသေးစိတ် အလှဆင်လက်ရာများနှင့် လူသွားစင်္ကြံနှင့် ယာဉ်သွားလမ်းမျက်နှာပြင် အခြားအစိတ်အပိုင်းများ)။

(၃) အသုံးချမှုဆိုင်ရာ အစိတ်အပိုင်းများ (အသုံးအဆောင်နေရာချထားမှု၊ မြေဆီလွှာ တိုက်စားမှုထိန်းချုပ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုလျော့ပါးစေရန် ဆောင်ရွက်ချက်များ)။

## ၂.၁၀.၈.၂ လက်တွေ့အသုံးချသက်ရောက်စေခြင်း

**၂.၁၀.၈.၂.၁** HBC သည် ၂.၁၀.၁၀.၁.၂ နယ်ပယ်တွင် ဖော်ပြထားသည့်အတိုင်း ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်နေရာများ သို့မဟုတ် အရည်အသွေးပြည့်မီသည့် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်ဒေသများနှင့် ဆက်စပ်သည့်နေရာများ၊ ဒေသများနှင့် လက္ခဏာများနှင့် သက်ဆိုင်ရမည်။

**၂.၁၀.၈.၂.၂** ပုံမှန်စည်းမျဉ်းစည်းကမ်းအသုံးချခြင်းသည် ဆင့်ပွားလုပ်ဆောင်သည့် လုပ်ငန်းများတွင် ၎င်းတို့ နယ်နမိတ်ထက်ကျော်လွန်ကာ အရည်အချင်းပြည့်မီသော ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်အဆောက်အအုံများ၏ ဆက်စပ်လက္ခဏာများကို ထိခိုက်နိုင်ပါက ထိုထိခိုက်မှုများကိုလည်း HBC က အကာအကွယ် ပေးရမည်။

**၂.၁၀.၈.၂.၃** ဤအပိုင်းသည် ဤအခန်းပါရည်ရွယ်ချက်နှင့် အကျုံးဝင်သော စည်းမျဉ်း လိုက်နာမှု သို့မဟုတ် အခြားစံသတ်မှတ်ချက် သို့မဟုတ် အခြားစည်းမျဉ်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအားလုံးနှင့် သက်ဆိုင်ရမည်။

**၂.၁၀.၈.၂.၄** စည်းမျဉ်း၊ စည်းကမ်းများ သို့မဟုတ် အဆောက်အအုံဆိုင်ရာ စံသတ်မှတ်ချက်များ လက်တွေ့အသုံးချရာတွင် အပိုဒ် ၂.၁၀.၃ အရ အခြားခွင့်ပြုထားသည့် အသုံးချမှု ပုံစံများရှိလျှင် ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံ အသုံးပြုမှုကို မလိုအပ်ဘဲ ကန့်သတ်မထားရ။

## ၂.၁၀.၈.၃ မြေနေရာဆက်စပ်မှု

အဆောက်အအုံနှင့် ၎င်းတို့ကြားဆက်စပ်မှု သို့မဟုတ် ဒေသတစ်ခု၏ ဆက်စပ်လက္ခဏာများ (အရည်အသွေးပြည့်မီသည့် ရှေးဟောင်းသမိုင်းဝင်အမွေအနှစ် မြေယာရှုခင်း အပါအဝင်) မြေနေရာ၊ အရာဝတ္ထုများနှင့် ၎င်းတို့၏သွင်ပြင်လက္ခဏာများသည် အလွန်အရေးပါသောအပိုင်းများဖြစ်ပြီး ၎င်းအပိုင်းများသည် HBC အရ အရည်အသွေး ပြည့်မီရမည့် စံသတ်မှတ်ချက်များအနက်မှ တစ်ခုဖြစ်နိုင်သည်။ HBC သည် ၎င်းတို့၏ ဆက်စပ်မှု

အရေးပါခြင်းကို အသိအမှတ်ပြုထားသည်။ ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာများ၊ အဆောက်အအုံများ၊ ဒေသ သို့မဟုတ် ၎င်းတို့၏ ဆက်စပ်အမွေအနှစ် လက္ခဏာများဆိုင်ရာ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိမည့် ပြုပြင်ထိန်းသိမ်းမှုများကို ဖြေရှင်းပေးရန် သို့မဟုတ်ဆင့်ပွားလုပ်ဆောင်ရမည့်လုပ်ငန်းသည် ရှေးဟောင်း သမိုင်းဝင်အမွေအနှစ်နေရာ သို့မဟုတ်အဆောက်အအုံ၏ ဆက်စပ်အမွေအနှစ်လက္ခဏာများကို ထိခိုက်သည့်အခါ ဤအပိုင်းကို အသုံးပြုရမည်။

## ၂.၁၀.၉ ထိန်းသိမ်းစောင့်ရှောက်မှု စီမံခန့်ခွဲရေးအစီအစဉ်နှင့် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ် ထိခိုက်မှုအကဲဖြတ်ချက်

### ၂.၁၀.၉.၁ ရည်ရွယ်ချက်နှင့်နယ်ပယ်

**၂.၁၀.၉.၁.၁ ရည်ရွယ်ချက်** - ဤအပိုင်းပါ ရည်ရွယ်ချက်သည် (အပိုဒ် ၂.၁၀.၂ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း) ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာများနှင့် အဆောက်အအုံများ၏ ဆက်စပ်အမွေအနှစ်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ နဂိုအတိုင်းပြန်လည်ပြင်ဆင်မွမ်းမံခြင်းနှင့် ပြန်လည်ဆောက်လုပ်ခြင်းအတွက် မှန်ကန်သည့် စုံစမ်းစစ်ဆေးမှုများ၊ လမ်းညွှန်ချက်များနှင့် စီမံကိန်းလုပ်ငန်းစဉ်များ လိုက်နာကြောင်း သေချာစေရန်ဖြစ်သည်။

**၂.၁၀.၉.၁.၂ နယ်ပယ်** - ခွင့်ပြုမိန့် သို့မဟုတ် သဘောတူညီချက် တောင်းခံပြီးသည့် စာရင်းပြုစုထားသောရှေးဟောင်း သမိုင်းဝင်အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံကို ထိန်းသိမ်းစောင့်ရှောက်မှု စီမံခန့်ခွဲရေးအစီအစဉ်နှင့် ရှေးဟောင်းသမိုင်းဝင်အမွေအနှစ် ထိခိုက်မှုအကဲဖြတ်ချက်အရ လိုအပ်သည့်အတိုင်း ခွင့်ပြုမိန့်ထုတ်မပေးမီ အမျိုးအစားခွဲခြားရမည်။ ထို့ပြင် သက်ဆိုင်ရာစီမံကိန်းအာဏာပိုင်နှင့် သို့မဟုတ် ၎င်းတို့က ဖွဲ့စည်းထားသည့်ကော်မတီနှင့် သို့မဟုတ် ပြည်ထောင်စုအစိုးရက ဖွဲ့စည်းထားသည့် ကော်မရှင်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သို့မဟုတ် ဒေသဆိုင်ရာအာဏာပိုင်များက လိုအပ်ပါက အခြားရှေးဟောင်းသမိုင်းဝင်အမွေအနှစ်နေရာများ သို့မဟုတ် အဆောက်အအုံ၏ လုပ်ငန်းစဉ်ကို လိုက်နာရမည်။

### ၂.၁၀.၉.၂ လက်တွေ့အသုံးချသက်ရောက်စေခြင်း

**၂.၁၀.၉.၂.၁** လိုအပ်ချက်သည် အပိုဒ် ၂.၁၀.၂ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးဇုန်အားလုံးနှင့် သက်ဆိုင်ရမည်။

**၂.၁၀.၉.၂.၂** ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်အဆောက်အအုံကို လိုက်လျောညီထွေစွာ ပြန်လည်အသုံးပြုရမည်ဖြစ်သောအခါ သို့မဟုတ် လိုက်လျောညီထွေပြန်လည် အသုံးပြုမှု အစီအစဉ်ကို အဆိုပြုသည့်အခါ စီမံကိန်းမစမီ သို့မဟုတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောက်လုပ်ခွင့်မပေးမီ ထိန်းသိမ်းစောင့်ရှောက်မှု စီမံခန့်ခွဲခြင်းအစီအစဉ် (Conservation Management Plan-CMP) (အပိုဒ် ၂.၁၀.၂ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်) ကို တင်ပြရန် လိုအပ်သည်။

**၂.၁၀.၉.၂.၂.၁** ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံ တည်ဆောက်ပုံဆိုင်ရာ အစီရင်ခံစာ (Historic Building Structure Report-HBSR) သည် ရှေးဟောင်းသမိုင်းဝင်အမွေအနှစ် အဆောက်အအုံ တိုးချဲ့တည်ဆောက်ပုံဆိုင်ရာ အခြေအနေများ တိုင်းတာခြင်းအတွက် ထိန်းသိမ်းစောင့်ရှောက်မှုစီမံခန့်ခွဲခြင်းအစီအစဉ် (CMP)၏ အပိုင်းတခုအဖြစ် လိုအပ်နိုင် သည်။

**၂.၁၀.၉.၂.၂.၂** သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအစီအစဉ် (Disaster Management Plan-DMP) သည် အန္တရာယ်/ထိခိုက်နိုင်ခြေကိုသိရှိရန်၊ ရှေးဟောင်းသမိုင်းဝင် အမွေအနှစ် နေရာများနှင့် အဆောက်အအုံများပျက်စီးဆုံးရှုံးမှု လျော့ပါးသက်သာစေရန်နှင့် ကာကွယ် နိုင်စေရန် ဆိုင်ကလုန်းမုန်တိုင်း၊ မြေငလျင် စသည်တို့ မဖြစ်ပွားမီနှင့် ဖြစ်ပွားပြီးနောက် ကာကွယ်ခြင်း/ လျော့ပါးသက်သာခြင်း နည်းဗျူဟာများ၊ တုန့်ပြန်ချက်နှင့် ပြန်လည် ကောင်းမွန်ရေး နည်းဗျူဟာများ၊ မီးဘေးကာကွယ်ရေးအစီအစဉ်များ ရှင်းလင်းစွာ ချမှတ် ဆောင်ရွက်ရန် ထိန်းသိမ်းစောင့်ရှောက်မှု စီမံခန့်ခွဲခြင်းအစီအစဉ် (CMP)၏ အစိတ်အပိုင်း အဖြစ် လိုအပ်သည်။

**၂.၁၀.၉.၂.၂.၃** ထိန်းသိမ်းစောင့်ရှောက်မှု စီမံခန့်ခွဲရေးအစီအစဉ် (CMP) (အပိုဒ် ၂.၁၀.၂ တွင် အဓိပ္ပာယ်ဖွင့်ဆိုသည့်အတိုင်း) ကို တာဝန်ပေးထားသည့် ကျွမ်းကျင်ပညာရှင်များ အဖွဲ့က တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး သက်ဆိုင်ရာမြို့ပြစီမံကိန်း အာဏာပိုင်နှင့်/ သို့မဟုတ် ယင်းတို့က ဖွဲ့စည်းထားသည့်ကော်မတီ သို့မဟုတ် ကော်မရှင်ထံ တင်ပြရ မည်။

**၂.၁၀.၉.၂.၂.၄** ထိန်းသိမ်းစောင့်ရှောက်မှု စီမံခန့်ခွဲရေး အစီအစဉ် (CMP) နှင့် သက်ဆိုင် သည့် ကုန်ကျစရိတ်ကို တည်ဆောက်သူ သို့မဟုတ် စီမံကိန်းလျှောက်ထားသူက ပေးဆောင်ရမည်။

**၂.၁၀.၉.၂.၂.၅** ထိန်းသိမ်းစောင့်ရှောက်မှု စီမံခန့်ခွဲရေးအစီအစဉ် (CMP) ကို အများပြည်သူ ဆိုင်ရာမှတ်တမ်းအဖြစ် အများပြည်သူသိရှိ ရယူနိုင်စေရန် ဆောင်ရွက်ရမည်။

**၂.၁၀.၉.၂.၃** ထိန်းသိမ်းစောင့်ရှောက်ရေးဇုန်တွင် ကျရောက်နေသော သို့မဟုတ် ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်နေရာနှင့် အဆောက်အအုံနှင့်ကပ်လျက်ရှိသော သို့မဟုတ် အနီးဝန်းကျင်ရှိ စီမံကိန်းတစ်ခုခုကို မည်သည့်အဆင့်တွင်ရှိစေကာမူ စီမံကိန်းမစမီ သို့မဟုတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောက်လုပ်ခွင့်မပေးမီ ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်ထိခိုက်မှုအကဲဖြတ်ချက် (Heritage Impact Accessment-HIA) ပြုလုပ်ရန် လိုအပ်သည်။

**၂.၁၀.၉.၂.၃.၁** ရှေးဟောင်းသမိုင်းဝင် အမွေအနှစ် ထိခိုက်မှု အကဲဖြတ်ချက် (HIA) (အပိုဒ် ၂.၁၀.၂ တွင် အဓိပ္ပာယ်ဖွင့်ဆိုသည့်အတိုင်း) ကို တာဝန်ပေးထားသည့် ကျွမ်းကျင်ပညာရှင်အဖွဲ့က တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး သက်ဆိုင်ရာ မြို့ပြစီမံကိန်းအာဏာပိုင်နှင့် သို့မဟုတ်ယင်းတို့က ဖွဲ့စည်းထားသည့် ကော်မတီ သို့မဟုတ်ကော်မရှင်ထံ တင်ပြရမည်။

**၂.၁၀.၉.၂.၃.၂** ရှေးဟောင်းသမိုင်းဝင် အမွေအနှစ် ထိခိုက်မှုအကဲဖြတ်ချက် (HIA) နှင့် သက်ဆိုင်သည့် ကုန်ကျစရိတ်ကို တည်ဆောက်သူ သို့မဟုတ်စီမံကိန်းလျှောက်ထားသူ က ပေးဆောင်ရမည်။

**၂.၁၀.၉.၂.၃.၃** ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်ထိခိုက်မှုအကဲဖြတ်ချက် (HIA) ကို အများပြည်သူဆိုင်ရာ မှတ်တမ်းအဖြစ် အများပြည်သူ သိရှိရယူနိုင်စေရန် ဆောင်ရွက်ရမည်။

**၂.၁၀.၉.၂.၄** HIA နှင့် CMP သည် အဆိုပြုစီမံကိန်းတွင် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာများ သို့မဟုတ်အဆောက်အအုံနှင့်/ သို့မဟုတ်ထိန်းသိမ်းစောင့်ရှောက်ရေးဇုန်များကို ဆိုးရွားသည့်ထိခိုက်မှုများမှရှောင်ရှားရန် မည်သို့ဆောင်ရွက်ရမည်ကို အချက်အလက်များနှင့်တကွ၊ စကေးဖြင့်ရေးဆွဲထားသည့်ပုံကြမ်းများနှင့် သို့မဟုတ် အခြားနည်းလမ်းတစ်ခုခုဖြင့် ရှင်းလင်းစွာဖော်ပြရမည်။

**၂.၁၀.၉.၂.၄.၁** ဆိုးရွားစွာထိခိုက်မှုများမှ ရှောင်ရှားမှုဖြစ်နိုင်ခြေမရှိပါက HIA နှင့် CMP တို့တွင် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာ သို့မဟုတ် အဆောက်အအုံ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ရေးဇုန်ကို ဆိုးရွားစွာထိခိုက်မှုများ လျော့နည်းရန် သို့မဟုတ် လျော့ပါးသက်သာစေရန် ဖြေရှင်းချက်များကို သက်ဆိုင်ရာဒေသဆိုင်ရာနှင့် မြို့ပြစီမံကိန်းအာဏာပိုင်က ခွင့်ပြုချက်မပေးမီ ကျေနပ်မှုရှိသည်အထိ တင်ပြရမည်။

## ၂.၁၁ မြို့ပြဒီဇိုင်းနှင့် ပတ်ဝန်းကျင်

### ၂.၁၁.၁ မြို့ပြဒီဇိုင်းနှင့်အပြင်ဘက်နေရာများ

#### ၂.၁၁.၁.၁ နယ်မြေသတ်မှတ်ခြင်းစည်းမျဉ်းစည်းကမ်းများ

မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ (Myanmar National Building Code) ၏ အပိုင်း ၁ တွင် ရေးသားထားသော လမ်းညွှန်ချက်များ၊ သက်ဆိုင်ရာမြို့များနှင့် မြို့ပြဧရိယာများ၏ နယ်မြေသတ်မှတ်ခြင်း စည်းမျဉ်းစည်းကမ်းများ ရှိလျှင် ဤလမ်းညွှန်ချက်၏ "မြို့ပြဒီဇိုင်းအပိုင်း"နှင့် စပ်လျဉ်းသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရှိ နယ်ပယ်ဒေသအားလုံးနှင့် သက်ဆိုင် သည်။

#### ၂.၁၁.၁.၂ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

အခြားနည်းလမ်းဖြင့် တိတိကျကျ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိလျှင် အနက်အဓိပ္ပာယ်များကို အောက်ပါအတိုင်း အဓိပ္ပာယ်ကောက်ယူရန်ဖြစ်သည် –

**အဝင်လမ်း (Access Way)** ဆိုသည်မှာ ယာဉ်ရပ်နားရန်နေရာသို့ ရောက်ရှိစေပြီး ယင်းတို့နှင့် ကပ်လျက်တွင် ယာဉ်ရပ်နားရန် အကန့်များမရှိသော ယာဉ်သွားလမ်းကိုဆိုသည်။

**နယ်နိမိတ် သို့မဟုတ်နယ်သတ်မျဉ်း (Boundary or Boundary Line)** ဆိုသည်မှာ မြေတစ်ကွက်၏ ဧရိယာကို အခြားမြေတစ်ကွက်၏ ဧရိယာမှ ပိုင်းခြားထားသော တရားဝင်မျဉ်းလိုင်းကိုဆိုသည်။

**အဆောက်အအုံ အနားသတ်မျဉ်း (Building Line)** ဆိုသည်မှာ သက်ဆိုင်ရာဥပဒေများ သို့မဟုတ် ဤလမ်းညွှန်ချက်များအပြင် အခြားနည်းဖြင့် ခွင့်ပြုထားသည်မှတစ်ပါး အဆောက်အအုံ၏ မည်သည့်အစိတ်အပိုင်းမှ ထိုမျဉ်းကို ကျော်လွန်စွန်းထွက်ခြင်းမရှိစေရဟု အခွင့်အာဏာပိုင်က သတ်မှတ်ထားသော အဆောက်အအုံအနားသတ်မျဉ်းဖြစ်သည်။

**အဆောက်အအုံတစ်ခုနှင့် တစ်ခုကြားအကွာအဝေး (Building Spacing)** ဆိုသည်မှာ လေဝင်လေထွက်၊ အလင်းရောင် စသည်တို့ရရှိစေရန်၊ အသံနှင့် မြင်ကွင်း အနှောင့်အယှက်များကိုရှောင်ကြဉ်ရန်နှင့် အခြေခံအဆောက်အအုံဆိုင်ရာစနစ်များအတွက် နေရာထားရှိရန် အဆောက်အအုံများအကြားထားရှိသော နေရာကွက်လပ်ဖြစ်သည်။

**ဖန်တီးထားသော ပတ်ဝန်းကျင် (Built Environment)** ဆိုသည်မှာ လူသားများ၏ တိုက်ရိုက်ဝင်ရောက် နှောင့်ယှက်မှုမရှိသော သို့မဟုတ် ဝင်ရောက်နှောင့်ယှက်မှုမရှိသလောက် ဖြစ်သော

သစ်တောများ၊ တောအုပ်များ စသည်တို့ရှိသည့် သဘာဝပတ်ဝန်းကျင်နှင့် ဆန့်ကျင်ဘက်ဖြစ်သော လူသားများနေထိုင်သည့် သို့မဟုတ် ယင်းတို့ လှုပ်ရှားဆောင်ရွက်မှုများကို ဆောင်ရွက်ရန် နေရာယူထားသည့် ပတ်ဝန်းကျင်ဧရိယာကိုဆိုသည်။

**အဆောက်အအုံ တည်ဆောက်ထားသောဧရိယာ(Built-up Area)**ဆိုသည်မှာ မြေ သို့မဟုတ် ဥပစာပေါ်ရှိ အဆောက်အအုံက နေရာယူထားသော ဧရိယာကိုဆိုသည်။

**အဆောက်အအုံလွှမ်းခြုံမှုအချိုး (Building Coverage Ratio)** ဆိုသည်မှာ အဆောက်အအုံ လွှမ်းခြုံမှုဧရိယာနှင့် စုစုပေါင်း မြေဧရိယာအချိုးဖြစ်သည်။

**တောက်လျှောက်မောင်းဆင်ခြေလျှောလမ်း (Clearway Ramps)** ဆိုသည်မှာ အဆောက်အအုံတွင် တစ်ထပ်နှင့်တစ်ထပ် ဆက်သွယ်ထားသော ဆင်ခြေလျှောလမ်းဘေးတွင် ကားရပ်နားခွင့်ရှိဘဲ တောက်လျှောက်မောင်းရမည်ကိုဆိုသည်။

**တစ်ဖက်ပိတ်လမ်း (CUL-DE-SAC)** ဆိုသည်မှာ တစ်ဖက်အဆုံးတွင် ယာဉ်တစ်စီးကွေ့နိုင်သည့် အသေးဆုံးစက်ဝိုင်းရှိသည့် တစ်ဖက်ပိတ်လမ်းကိုဆိုသည်။

**CBD သို့မဟုတ်စီးပွားရေး အချက်အချာကျသော ဗဟိုလုပ်ငန်းဒေသ (CBD or Central Business District)** ဆိုသည်မှာ မြို့ကြီး သို့မဟုတ် မြို့တွင် စီးပွားရေးလုပ်ငန်းများကို စုစည်းထားရှိ သောဧရိယာ သို့မဟုတ်နယ်မြေကိုဆိုသည်။

**အနံ (Depth)** အဆောက်အအုံနှင့်စပ်လျဉ်း၍ အနံဆိုသည်မှာ အဆောက်အအုံ၏ အရှေ့မျဉ်းလိုင်းနှင့် မြေကွက်လပ် (Open Space) မှ ပင်မအဆောက်အအုံကို ခြားထားသည့် အနောက်ဘက်ပင်မနံရံ၏ နောက်ဘက်မျဉ်းလိုင်းကြားအကွာအဝေး သို့မဟုတ် အတန်းလိုက်အဆောက်အအုံများဖြစ်ပါက ပိုရှည်သောဘက်ထက် ပိုတိုသောဘက်ကြား အကွာအဝေးကို ဆိုသည်။

**လုံးချင်းအဆောက်အအုံ (Detached Building)** ဆိုသည်မှာ အခြားမည်သည့် အဆောက်အအုံနှင့်မျှ တွဲ၍ရှိမနေသည့် အဆောက်အအုံကိုဆိုသည်။ သာမာန်အားဖြင့် တစ်လုံးတည်းဖြစ်သော မိသားစုအိမ်များသည် လုံးချင်း အဆောက်အအုံများဖြစ်သည်။

**နယ်နိမိတ်ပိုင်းခြား နံရံ သို့မဟုတ်ဘုံနံရံ (Division Wall or Party Wall)** ဆိုသည်မှာ အဆောက်အအုံတစ်ခု၏ အစိတ်အပိုင်းအဖြစ် ဖွဲ့စည်းထားသောနံရံဖြစ်ပြီး မတူညီသည့် ပိုင်ရှင်များ သို့မဟုတ် နေထိုင်သူများ ပိုင်ဆိုင်သည့်ကပ်လျက်တည်ရှိသော အဆောက်အအုံများကို ခွဲခြားရန်အတွက် အသုံးပြုသော သို့မဟုတ် တည်ဆောက်ထားသောနံရံဖြစ်သည့်

သို့မဟုတ် မတူညီသည့်ပုဂ္ဂိုလ်များ နေထိုင်ရန် ထိစပ်သည့် ဘုံနယ်သတ်မျဉ်းပေါ်တွင် တည်ဆောက်ထားသော နံရံဖြစ်သည်။

**နှစ်လုံးတွဲအိမ် (Duplex House)** ဆိုသည်မှာ တစ်ခုနှင့်တစ်ခုထိစပ်လျက်ရှိပြီး နယ်နိမိတ်ပိုင်းခြားနံရံ (ဘုံနံရံ) ဖြင့် ပိုင်းခြားထားသော နေထိုင်ရန်ယူနစ်နှစ်ခုရှိသည့် အဆောက်အအုံကိုဆိုသည်။ ယူနစ်တစ်ခုစီတွင် ယင်းကိုယ်ပိုင် သီးခြားဝင်ပေါက်ရှိပြီး ယူနစ်တစ်ခုစီတွင် နေထိုင်သည့် လူများကသာအသုံးပြုသော တစ်ထပ် သို့မဟုတ် တစ်ထပ်ထက် ပိုသော အထပ်များရှိရမည်။

**အပြင်ဘက်နံရံ (External Wall)** ဆိုသည်မှာ အဆောက်အအုံတစ်ခု၏ အပြင်ဘက်ရှိနံရံဖြစ်ပြီး အခြားအဆောက်အအုံ၏နံရံနှင့် တိုက်ရိုက်ထိစပ်လျက်မရှိသော နံရံဖြစ်သည်။

**မီးတားနံရံ (Fire Wall)** ဆိုသည်မှာ မီးဒဏ်ခံနိုင်သောပစ္စည်းများပါဝင်သည့် နံရံဖြစ်ပြီး ကပ်လျက်ရှိသော အဆောက်အအုံများ သို့မဟုတ် ဥပစာများကိုခွဲခြားရန် သို့မဟုတ် အဆောက်အအုံတစ်ခုမှတစ်ခု သို့မဟုတ် အဆောက်အအုံတစ်ခု၏ အစိတ်အပိုင်းတစ်ခုမှ ယင်းအဆောက်အအုံ၏ အခြားအစိတ်အပိုင်းတစ်ခုသို့ မီးကူးခြင်းကို ကာကွယ်ရေး သို့မဟုတ် လျော့ချရေးအတွက် အဆောက်အအုံ၏အစိတ်အပိုင်းများကို ပိုင်းခြားရန် တည်ဆောက်ထားသော နံရံ ဖြစ်သည်။

**ဈေးဆိုင်ခန်းများရှိရာ အဆောက်အအုံများရှိ ကြမ်းခင်းဧရိယာ (Floor Area in Shopping Facilities)** ဆိုသည်မှာ ဆိုင်ခန်းများ၊ ဆိုင်မျိုးစုံရှိရာဈေးရုံနှင့် အခြားသောဈေးဆိုင်ခန်းများရှိရာ အဆောက်အအုံများ၏ စုစုပေါင်းကြမ်းခင်းဧရိယာကိုဆိုသည်။ ဤတွင်သိုလှောင်ဧရိယာ၊ ဝန်ထမ်းများအတွက်နေရာ (Staff Area) နှင့် လှည့်ပတ်သွားလာရန်ဧရိယာ (circulation area) တို့လည်း ပါဝင်သည်။

**ကြမ်းခင်းဧရိယာအချိုး (Floor Area Ratio) သို့မဟုတ်မြေကွက်ဧရိယာအချိုး** ဆိုသည်မှာ သီးသန့်အဆောက်အအုံက ပိုင်ဆိုင်သည့်မြေဧရိယာနှင့် မြေအောက်ခန်းများမပါ စုစုပေါင်း ကြမ်းခင်းဧရိယာတို့၏အချိုး (GFA) ကိုဆိုသည်။ ဇုန်များ၏ ကြမ်းခင်းဧရိယာသိပ်သည်းမှုကို ညွှန်ပြ သောဇုန်နယ်အလိုက် ကြမ်းခင်းဧရိယာညွှန်းကိန်း (FAI) နှင့် အိမ်ရာမြေကွက်များ၏ ကြမ်းခင်း ဧရိယာသိပ်သည်းမှုကို ညွှန်ပြသောအိမ်ရာမြေကွက်များ ကြမ်းခင်းဧရိယာညွှန်းကိန်း (FAI) ဟူ၍ရှိသည်။

မြို့ပြစီမံကိန်းအတွက် အဆင့်ဆင့်ကြမ်းခင်းများ (terraces)၊ ဝရန်တာများ၊ လသာဆောင်များ ကဲ့သို့သော နံရံများအတွင်း အကျုံးမဝင်သည့် ကြမ်းခင်းများကို ကြမ်းခင်းများ၏ ၅၀% အဖြစ် တွက်ချက်သည်။

(မှတ်ချက်။ လိုအပ်ပါက ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်း၏ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများကို ကိုးကားရမည်။)

**ပထမတန်းစားဧရိယာ (First Class Area)** ဆိုသည်မှာ သက်ဆိုင်ရာမြို့များ၊ မြို့ကြီးများ၏ သက်ဆိုင်ရာ တာဝန်ရှိသူများမှ သတ်မှတ်ထားသော ဧရိယာဖြစ်ပြီး ယင်းတွင်အခြေခံအားဖြင့် ပို၍ကြီးမားသော အိမ်ရာမြေကွက် အရွယ်အစားများနှင့် အတူလူနေထိုင်ရန် ဝိသေသ လက္ခဏာများရှိသည်။

**လျှောစောက် (Gradient) ဆိုသည်မှာ ဆင်ခြေလျှော၏အစောင်း အချိုး (အမြင့်နှင့် အလျား) ကို ဆိုလိုသည်။ ဆင်ခြေလျှော၏ လျှောစောက်ကို ဆင်ခြေလျှော၏ ဗဟိုမျဉ်းတစ်လျှောက် တိုင်းရမည်။**

**စိမ်းလန်းဧရိယာ (Green Area)** ဆိုသည်မှာ ယာဉ်အသွားအလာနှင့် ကားရပ်နားရန်နေရာ အပါအဝင် မည်သည့်အဆောက်အဦမျှမရှိဘဲ မြက် သို့မဟုတ် သစ်ပင်များဖြင့်သာ ဖုံးလွှမ်းနေသောဧရိယာကိုဆိုသည် သို့မဟုတ် သဘာဝပေါက်ပင်များဖြင့် ဖုံးလွှမ်းနေသည့်မြေကွက်လပ် (bareland) ဖြစ်သည်။

**မြေညီထပ် (Ground Storey)** ဆိုသည်မှာ အဆောက်အအုံတစ်ခု၏ မြေပြင်ညီပေါ်ရှိ အထပ်ဖြစ်ပြီး ယင်းတွင် မြေပြင်ညီပေါ်၌ သို့မဟုတ် မြေပြင်အထက်၌ အပြင်ဘက်မှ အဝင်ပေါက်ရှိသည်။

**စုစုပေါင်း ကြမ်းခင်းဧရိယာ (Gross Floor Area)** ဆိုသည်မှာ ကြမ်းခင်းဥမင်များ (Floor Shafts)၊ ပိုက်လိုင်းများ၊ ဓာတ်လှေကားအိမ်များ စသည်တို့မပါ နည်းပညာပိုင်းဆိုင်ရာ ဧရိယာများကို ထည့်မတွက်ဘဲလှေကားများ၊ စင်္ကြံများ စသည်တို့ကဲ့သို့သော လှည့်ပတ်သွားလာရန် ဧရိယာအပါအဝင် အပြင်ဘက်နံရံများ၏ ဗဟိုကိုအခြေခံပြီး တွက်ချက်ထားသော စုစုပေါင်းကြမ်းခင်းဧရိယာဖြစ်သည်။

(မှတ်ချက်။ လိုအပ်ပါက ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်း၏ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများကို ကိုးကားရမည်။)

**လူနေထိုင်ခြင်း (Human Habitation)** ဆိုသည်မှာ လူများတစ်နေ့လျှင် ၆ နာရီအထက် နေထိုင်အသုံးပြုခြင်း၊ အိပ်ခြင်း၊ စာကြည့်ခြင်း သို့မဟုတ်အခြားသောလုပ်ဆောင်မှုများ အဖြစ် လူများအသုံးပြုမှုဖြစ်သည်။

**လူအခြေချနေထိုင်ခြင်း (Human Settlement)** ဆိုသည်မှာ လူများသည် ယင်းတို့၏ လုပ်ငန်း ဆောင်တာများကို ဆောင်ရွက်ရန်နေထိုင်သည့် သို့မဟုတ်အသုံးပြုနေသည့် ဧရိယာကို ဆိုသည်။

**အခြေခံအဆောက်အအုံ (Infrastructure)** ဆိုသည်မှာ လူများအခြေချနေထိုင်ခြင်း၊ အဆောက်အအုံအစု သို့မဟုတ် သီးခြားအဆောက်အအုံများ သင့်တင့်စွာလည်ပတ်နိုင်ရေး အတွက် ပဓာနကျသောလမ်းများ၊ ရေပေးဝေရေး၊ လျှပ်စစ်ဓာတ်အား၊ အမှိုက်စွန့်ပစ်ခြင်း စသည်တို့ကဲ့သို့သော စနစ်/ဖွဲ့စည်းမှုများ သို့မဟုတ် စနစ်/ဖွဲ့စည်းမှုများ အစိတ်အပိုင်း ဖြစ်သည်။

**အတွင်းဖက်လမ်းကြော (Inside Lane) ဆိုသည်မှာ အကွေ့၏ အတွင်းဖက်လမ်းကြောသည် အကွေ့၏ ဗဟိုမှတ်နှင့် အနီးဆုံးဖြစ်သော အတွင်းဆုံးလမ်းဖြစ်သည်။**

**အတွင်းအချင်းဝက် (Inside Radius) ဆိုသည်မှာ အကွေ့ဝင်ထွက်ရာ လမ်းကြော၏ အတွင်း အချင်းဝက်သည် အကွေ့၏ အတွင်းစွန်းမှ အကွေ့ဗဟိုမှတ်သို့ တိုင်းတာသော အကွာအဝေး ဖြစ်သည်။**

**မော်တော်ဆိုင်ကယ်များအတွက် လမ်းကြောများ (Lanes For Cycles)** – ပန်းခြံများနှင့် စိမ်းလန်းဧရိယာများကဲ့သို့သော စက်တပ်ယာဉ်ကင်းမဲ့ဇုန်များ၌ ဖြစ်နိုင်ပြီး လိုအပ်လျှင် လူသွားလမ်းဘေးတွင် စီစဉ်ထားရှိပေးရမည်။

**အနှေးယာဉ်များအတွက် လမ်းကြောများ (Lanes For Slow-Moving Vehicles)** – ဖြစ်နိုင်လျှင် လမ်းမများဘေး၌ စက်ဘီးများနှင့် ဆိုက်ကားများကဲ့သို့သော ယာဉ်များအတွက် လမ်းကြော များစီစဉ်ထားရှိရမည်ဖြစ်ပြီး ယာဉ်ကြောရှုပ်ထွေးသော လမ်းများဘေးတွင်စီစဉ် ထားရှိသော မော်တော်ယာဉ်လမ်းများ၌ လိုအပ်လျှင် သို့မဟုတ် သက်ဆိုင်ရာ အခြေချ နေထိုင်ခြင်းများ၏ အသေးစိတ်စီမံကိန်းများတွင် သတ်မှတ်ထားသည့်အတိုင်း လိုအပ်လျှင် စက်ဘီးများနှင့် ဆိုက်ကားများကဲ့သို့သော ယာဉ်များအတွက် လမ်းကြောများကို စီစဉ်ထားရှိ ပေးရမည်။

**ယာဉ်များစွာအသုံးပြုနိုင်သောလမ်းကြော (Multi-Lane)** ဆိုသည်မှာ ယာဉ်ကြောများအတွင်း ပိုင်းခြားထားသော အကန့်အကာမရှိဘဲ အချိန်မရွေး ယာဉ်တစ်စီးထက်ပို၍ သွားလာနိုင်ခြင်းကိုဆိုသည်။ အကန့်အကာဆိုသည်မှာ ဘောင်၊ တန်း၊ ရင်တားနံရံနိမ့်နှင့် နံရံများကိုဆိုသည်။

**အပြင်ဖက်လမ်းကြော (Outside Lane)** ဆိုသည်မှာ အကွေ့၏ အပြင်ဖက်လမ်းကြောသည် အတွင်းဆုံးလမ်းကြော၏ အပြင်ဖက်တွင်ရှိသော လမ်းကြောကိုဆိုသည်။

**ယာဉ်ရပ်နားရန်နေရာ မင်းလမ်း (Parking Aisle)** ဆိုသည်မှာ ယာဉ်ရပ်နားရန် အကန့်များသို့ ဝင်သော လမ်းကြော သို့မဟုတ် ယာဉ်ရပ်နားရန် အကန့်များနှင့်ကပ်လျက်ရှိသော ယာဉ်သွားလမ်းဖြစ်သည်။

**ယာဉ်ရပ်နားရန်ထောင့်ချိုး (Parking Angle)** ဆိုသည်မှာ ယာဉ်ရပ်နားရန်အကန့်၏ ပိုရှည်သောအလျားနှင့် ယာဉ်သွားသော မင်းလမ်းအကြား ထောင့်ချိုးကိုဆိုသည်။

**ယာဉ်ရပ်နားရန်အကန့်များ (Parking Stall)** ဆိုသည်မှာ မော်တော်ယာဉ်၊ ကားရပ်နားရန်နေရာ သို့မဟုတ် မော်တော်ဆိုင်ကယ်ရပ်နားရန်နေရာ ဖြစ်သည်။

**မြေကွက် (Plot)** ဆိုသည်မှာ သက်ဆိုင်ရာအာဏာပိုင်က အတိုင်းအတာများဖြင့် သတ်မှတ်ထားသော မြေဧရိယာဖြစ်သည်။

**အထပ်မြင့်လုံးချင်း အဆောက်အအုံ (Point Block)** ဆိုသည်မှာ သက်ဆိုင်ရာ အဆောက်အအုံများ၏ အနံများ၏ နှစ်ဆအောက်နည်းသော အလျားများရှိသည့် အဆောက်အအုံကိုဆိုသည်။

**အတန်းလိုက် အထပ်မြင့်အဆောက်အအုံ (Row Block)** ဆိုသည်မှာ သက်ဆိုင်ရာအဆောက်အအုံများ၏ အနံ၏ နှစ်ဆထက်ပိုသော အလျားရှိသည့် အဆောက်အအုံများဖြစ်သည်။

**မြေချန်အကွာအဝေး (Setback Distance)** ဆိုသည်မှာ အဆောက်အအုံတစ်ခု သို့မဟုတ် အဆောက်အအုံတစ်ခု၏ အစိတ်အပိုင်းကို အခြားအဆောက်အအုံများ၊ နယ်နိမိတ်သတ်မှတ်မျဉ်း သို့မဟုတ်အခြားသောအရာတစ်ခုခုမှ မြေချန်ထားရမည့် အကွာအဝေးကိုဆိုသည်။

**ဈေးနေရာ (Shopping Area)** ဆိုသည်မှာ ပစ္စည်းများကို ရောင်းချရန် နေရာချထားသော သို့မဟုတ် ပြသထားသောနေရာနှင့် လူများတိုက်ရိုက် ဝင်ထွက်သွားလာနိုင်သည့် ဈေးဆိုင်များ၊ ဆိုင်မျိုးစုံရှိရာ ဈေးရုံများရှိသည့်နေရာကို ဆိုသည်။ ဝန်ထမ်းများအတွက်နေရာ (Staff Area) နှင့် သိုလှောင်ခန်းများ၊ ရုံးများ စသည်တို့ကဲ့သို့သော နေရာများမပါဝင်ပါ။

**ယာဉ်တစ်စီးသာအသုံးပြုနိုင်သောလမ်းကြော (Single Lane)** ဆိုသည်မှာ မည်သည့်အချိန်တွင်မဆို ယာဉ်တစ်စီးသာ ဖြတ်သန်းသွားလာနိုင်သော လမ်းကြောကို ဆိုသည်။

**အထပ် (Storey)** ဆိုသည်မှာ ကြမ်းခင်းတိုင်း၏ အထက်မျက်နှာပြင်နှင့် ယင်းအထက်ရှိ နောက်ထပ်ကြမ်းခင်းမျက်နှာပြင် အကြားနေရာကိုဆိုသည် သို့မဟုတ် ယင်းသို့သော နောက်ထပ်ကြမ်းခင်းမရှိခဲ့လျှင် သက်ဆိုင်ရာ ကြမ်းခင်းအထက်ရှိ မျက်နှာကြက် သို့မဟုတ် ခေါင်မိုးအောက်မျက်နှာပြင် သို့မဟုတ် အခြားသော အမိုးအကာအောက်ဘက်အကြား နေရာကိုဆိုသည်။

**တိုက်တန်း (Terrace House)** ဆိုသည်မှာ အတန်းလိုက်ဒီဇိုင်းပုံစံ ထုတ်ထားသော လူနေထိုင်ရန် ယူနစ်သုံးခုအထက်ရှိသည့် အဆောက်အအုံကိုဆိုသည်။ တစ်ယူနစ်စီတွင် ယင်း၏ ကိုယ်ပိုင်သီးခြား ဝင်ပေါက်ရှိပြီး တစ်ယူနစ်စီတွင် တစ်ထပ်ထက်ပိုရှိနိုင်သော်လည်း မိသားစုတစ်စုတည်းကသာ အသုံးပြုပြီး ယူနစ်များကို နယ်နိမိတ်ပိုင်းခြားနံရံဖြင့် ခွဲခြားထားသည်။

**ယာဉ်သွားလမ်းကြောင်း (Traffic Flow)** ဆိုသည်မှာ ယာဉ်သွားလာသည့် လမ်းကြောင်းကို ဆိုသည်။

**လမ်းချိုးအချင်းဝက် (Turning Radius)** ဆိုသည်မှာ ယာဉ်တစ်စီးလုံး ကွေ့နိုင်သည့် အသေးဆုံးစက်ဝိုင်း၏ အချင်းဝက်ကိုဆိုသည်။

### ၂.၁၁.၁.၃ လမ်းများအမျိုးအစားခွဲခြားခြင်း

မြို့ပြဒေရီယာများ၏ အပြင်ဘက်ရှိ လမ်းများအားလုံးကို အောက်ပါအတိုင်း အမျိုးအစား ခွဲခြားပါသည် –

**(က) ပြည်ထောင်စုအဝေးပြေးလမ်းများ သို့မဟုတ် ဒေသအချင်းချင်း ဆက်သွယ်သည့် လမ်းများ၊**

ဤလမ်းများသည် ဒေသတစ်ခုမှ အခြားဒေသများသို့ ဆက်သွယ်ရန်ရည်ရွယ်သည့် လမ်းများဖြစ်ပြီး ယင်းလမ်းများတွင် အင်ဂျင်မဲ့ယာဉ်များမရှိဘဲ တစ်နာရီအများဆုံး မိုင်နှုန်း ၅၀ နှုန်းဖြင့်မောင်းနှင်သည်။ ဒေသတစ်ခုမှ အခြားဒေသများသို့ ဆက်သွယ်ရန် ရည်ရွယ်သည့် ဤလမ်းများသည် လားရာတစ်ခုတွင် အရေးပေါ်ရပ်နားခြင်း သို့မဟုတ် ရဲနှင့် အသက်ကယ်ယာဉ်များအတွက် ရည်ရွယ်သော ဘေးလမ်းကြော အပြင် အနည်းဆုံး လမ်းကြောနှစ်ခုရှိရမည်။ လမ်းကြောသည် အနည်းဆုံးအကျယ် ၁၄ ပေစီ ရှိရမည်ဖြစ်ပြီး ဘေးလမ်းကြောသည် အနည်းဆုံး အကျယ် ၈ ပေ ရှိရမည်။

**(ခ) မြို့နယ်လမ်းများ**

ကျေးလက်တောရွာများအကြား ဆက်သွယ်ထားသော သို့မဟုတ် မြို့ပြငယ် (Small Urban Centres) များအကြား ဆက်သွယ်ထားသောလမ်းများဖြစ်သည်။

ယင်းလမ်းများသည် အနည်းဆုံးလမ်းကြောနှစ်ခုရှိရမည်ဖြစ်ပြီး တစ်ဘက်စီတွင် လမ်းပုခုံးများ ရှိရမည်။ လမ်းကြောတစ်ခုစီသည် အနည်းဆုံး ၁၂ ပေနှင့် လမ်းပုခုံးများသည် အနည်းဆုံး ၄ ပေရှိရမည်။ ယင်းသို့သော ကျေးလက်လမ်းများအတွက် လမ်းတစ်ဘက်တွင် အနည်းဆုံး ၆ ပေ ကျယ်သည့် လူသွားလမ်းရှိရမည်။

**(ဂ) ကျေးလက်တောရွာလမ်းများ**

ကျေးလက်တောရွာလမ်းများသည် ကျေးလက်တောရွာများအကြား သို့မဟုတ် ကျေးလက်တောရွာများနှင့် ယင်းတို့၏မြို့ပြ (Urban Centres) များအကြား ဆက်သွယ်ထားသောလမ်းများ ဖြစ်သည်။

ယင်းလမ်းများသည် အနည်းဆုံးလမ်းကြောနှစ်ခု ရှိရမည်ဖြစ်ပြီး တစ်ဖက်စီတွင် ပုခုံးများ ရှိရမည်။ လမ်းကြောတစ်ခုစီသည် အနည်းဆုံး ၁၀ ပေ နှင့် လမ်းပုခုံးများသည် အနည်းဆုံး ၃ ပေ ရှိရမည်။ ယင်းသို့သော ကျေးလက်တောနယ်လမ်းများသည် လမ်းတစ်ဖက်တွင် အနည်းဆုံး ၅ ပေ ကျယ်သည့် လူသွားလမ်း ရှိရမည်။

**(ဃ) မြို့ပြလမ်းများ**

မြို့ပြလမ်းများအားလုံးသည် အောက်ပါ အမျိုးအစား သတ်မှတ်ချက်များရှိသည် –

(၁) မြို့ပြရိပ်သာလမ်း/လမ်းမကျယ် – မြို့ပြရိပ်သာလမ်းမကြီးများသည် မြို့ပြဧရိယာရှိ ဇုန်များကို ဆက်သွယ်ထားသော လမ်းများဖြစ်ပြီး ၅ မိုင်အထက် ရှည်လျားသည်။ ယင်းလမ်းများသည် တစ်ဘက်စီတွင် ပလက်ဖောင်း ခင်းထား သည့်အပြင် လားရာတစ်ခုတွင် အနည်းဆုံး လမ်းကြောနှစ်ခု ရှိရမည်။ မြို့ပြရိပ်သာလမ်းမကြီးများသည် အလယ်တွင် စိမ်းလန်းသော လမ်းလယ်ကျွန်း ရှိရမည်ဖြစ်ပြီး လမ်းကြောတစ်ခုစီသည် အနည်း ဆုံး ၁၄ ပေ ကျယ်ရမည့်အပြင် ပလက်ဖောင်းသည် အနည်းဆုံး ၆ ပေ ကျယ်ရမည်။

(၂) မြို့ပြပင်မလမ်းမ – မြို့ပြပင်မလမ်းမများသည် မြို့ပြဧရိယာရှိ ဇုန်တစ်ခုတွင် ဆက်သွယ်ထားသော လမ်းများဖြစ်ပြီး ၅ မိုင် ထက်ပိုမရှည်ပါ။ ဤလမ်းများသည် တစ်ဖက်စီတွင် ပလက်ဖောင်းခင်းထားသည့်အပြင် လားရာတစ်ခုတွင်

အနည်းဆုံး လမ်းကြောနှစ်ခုရှိရမည်။ လမ်းကြောတစ်ခုစီသည် အနည်းဆုံး ၁၂ ပေ ကျယ်ရမည် ဖြစ်ပြီး ပလက်ဖောင်းသည် အနည်းဆုံး ၅ ပေကျယ်ရမည်။

(၃) လမ်းခွဲများ (Feeder Roads) – လမ်းခွဲများသည် Collector Roads နှင့် မြို့ပြ ရိပ်သာလမ်းများ သို့မဟုတ် Collector Roads များ ပေါင်းဆုံသည့် မြို့ပြ ပင်မလမ်းမများတို့ ဆက်သွယ်ထားသည့်လမ်းများဖြစ်သည်။ ဤလမ်းများသည် တစ်ဖက်စီတွင် ပလက်ဖောင်းခင်းထားရမည့်အပြင် အနည်းဆုံးလမ်းကြော နှစ်ခု ရှိရမည်။ လမ်းကြောတစ်ခုစီသည် အနည်းဆုံး ၁၂ ပေ ကျယ်ရမည်ဖြစ်ပြီး ပလက်ဖောင်းသည် အနည်းဆုံး ၄ ပေ ကျယ်ရမည်။

(၄) လမ်းသွယ်များ (Collector Roads) – လမ်းသွယ်များ (Collector Roads) သည် လမ်းသွယ်လမ်းခွဲများနှင့် လူနေရပ်ကွက်ဧရိယာအကြား ဆက်သွယ်ထားသော လမ်းများဖြစ်သည်။ ဤလမ်းများသည် တစ်ဖက်စီတွင် ပလက်ဖောင်း ခင်းထား ရမည့်အပြင် အနည်းဆုံးလမ်းကြော နှစ်ခုရှိရမည်။ လမ်းကြောတစ်ခုစီသည် အနည်းဆုံး ၁၂ ပေ ကျယ်ရမည်ဖြစ်ပြီး ပလက်ဖောင်းသည် အနည်းဆုံး ၄ ပေ ကျယ်ရမည်။

(၅) လူနေရပ်ကွက်လမ်းများ – လူနေရပ်ကွက်လမ်းများသည် လူနေရပ်ကွက် ဧရိယာ အတွင်းရှိ လမ်းများဖြစ်သည်။ ဤလမ်းများသည် တစ်ဘက်စီတွင် ပလက်ဖောင်း ခင်းထားရမည့်အပြင် အနည်းဆုံး လမ်းကြောနှစ်ခု ရှိရမည်။ လမ်းကြော တစ်ခုစီ သည် အနည်းဆုံး ၁၀ပေ ကျယ်ရမည်ဖြစ်ပြီး ပလက်ဖောင်းသည် အနည်းဆုံး ၄ ပေ ကျယ်ရမည်။

(၆) လူနေရပ်ကွက်လမ်းတိုများ – ၄ ယူနစ်အောက်နည်းသော အိမ်ခြေ၏ အသုံးပြု ခြင်း ခံရသောအရှည် ၃၀၀ ပေထက်မကျော်ပါက လမ်းကြောတစ်ခုဖြစ်နိုင်ပြီး ဤလမ်းများ သည် ၃၀၀ ပေထက်ရှည်ပြီး ၄ယူနစ်ထက်ပို၍ အသုံးပြုခြင်း ခံရသော လမ်းများဖြစ်ပါက လမ်းကြောနှစ်ခု ပါဝင်ရမည်။

(၇) တစ်ဖက်ပိတ်လမ်း (Cul-de-sacs) – အရှည် ၃၀၀ ပေထက်ပိုသော တစ်ဖက် ပိတ်လမ်းများသည် အနည်းဆုံးအကျယ် ၂၀ ပေရှိရမည်ဖြစ်ပြီး အဝိုင်းပတ်ငယ် ထားရှိပေးရမည်။

(၈) တစ်လမ်းသွားလမ်းများ – တစ်လမ်းသွားလမ်းများကို လမ်းကြောင်းတစ်ခုတည်း အတွက်ရည်ရွယ်သော လူနေရပ်ကွက်များတွင် စီစဉ်ထားရှိနိုင်သည်။ ဤလမ်း များတွင် အနည်းဆုံး ၁၄ ပေ ကျယ်သည့်လမ်းကြောရှိသည်။

(၉) ဝန်ဆောင်မှုပေးသောလမ်းငယ် (Service Roads) – ဝန်ဆောင်မှုပေးသော လမ်းငယ် (Service Roads) များသည် ချောစာ၊ ကုန်ပစ္စည်းများကို အိမ်တိုင်ရာရောက်ပေးပို့သည့်ယာဉ်များသာ အသုံးပြုခွင့်ရသည့် လမ်းများဖြစ်သည်။ ဤလမ်းများသည် အနည်းဆုံး အကျယ် ၁၀ ပေ ရှိရမည်။

(၁၀) ၃၀၀ ပေထက်ရှည်သော လျှောစောက်လမ်းများသည် အများဆုံး ၁၀ % လျှောစောက် ရှိရမည်။

(၁၁) ပင်မလမ်းများကို ဆက်သွယ်ထားသော လမ်းသွယ်များ၏ လျှောစောက်မှုသည် အများဆုံး ၁၂ % ရှိရမည်။

## ၂.၁၁.၂ ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ

(က) တည်ဆောက်မည့် အဆောက်အအုံတိုင်းအတွက် ယေဘုယျအားဖြင့် ပတ်ဝန်းကျင် အနှောင့်အယှက်မပေးစေရန်နှင့် မညစ်ညမ်းစေရန် ထည့်သွင်းစဉ်းစားရမည်။ ဤအတွက် ဗိသုကာပညာရှင်များက ဦးစွာထည့်သွင်းစဉ်းစားရမည့်အရာသည် ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ ဖြစ်သည်။

(ခ) အဆောက်အအုံတစ်ခုကို ရေးဆွဲစီမံကိန်းထုတ်သည့်အခါ ဗိသုကာပညာရှင်သည် ပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်မှုကို ဦးစွာပြုလုပ်သင့်သည်။ ဤအကဲဖြတ်မှုများတွင် အောက်ပါတို့ ပါဝင်သည် –

(၁) ဆောက်လုပ်မည့် အဆောက်အအုံသည် ပတ်ဝန်းကျင်ကိုအမြင်အားဖြင့် သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာအားဖြင့် အနှောင့်အယှက်ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ ပတ်ဝန်းကျင်တွင် ရေးဆွဲစီမံကိန်းထုတ်သည့် အဆောက်အအုံ၏ အခန်းကဏ္ဍ (role) နှင့် အနေအထား (position)၊

(၂) ဆောက်လုပ်မည့် အဆောက်အအုံသည် မြန်မာနိုင်ငံရှိရှေးဟောင်းသမိုင်းဝင် အမွေအနှစ်များ ထိန်းသိမ်းရေးနှင့် သက်ဆိုင်သောဥပဒေများကို ထည့်သွင်းစဉ်းစားရမည်။

(ဂ) အဆောက်အအုံဆောက်လုပ်စဉ်နှင့် ဆောက်လုပ်ပြီးစီးပြီးနောက် အဆောက်အအုံ၏ အခြေခံအဆောက်အအုံအရင်းအမြစ်များနှင့် အမှိုက်စွန့်ပစ်ခြင်းတို့၏ သက်ရောက်မှုအပေါ် စီစဉ်ဆောင်ရွက်ထားရှိမှုများ။

(ဃ) အဆောက်အအုံ ဆောက်လုပ်နေစဉ်နှင့် ဆောက်လုပ်ပြီးနောက် မျှော်မှန်းထားသော ဖြစ်ပေါ်လာမည့် ယာဉ်အသွားအလာ။

(င) အဆောက်အအုံသို့ဝင်ခြင်း၊ ယာဉ်ရပ်နားခြင်းနှင့် အဆောက်အအုံမှ ထွက်ခွာခြင်းတို့ အတွက် အဆင်ပြေချောမွေ့လွယ်ကူစေမည့် လိုအပ်သည့်အထောက်အပံ့များဆိုင်ရာ စီစဉ်ဆောင်ရွက်ထားရှိမှုများ။

(စ) စိမ်းလန်းဧရိယာများ၊ ကျောင်းများ၊ ဈေးဝယ်ခြင်း၊ လူမှုရေးဆိုင်ရာ အဆင်ပြေမှု စသည်တို့ ကဲ့သို့သော အများပြည်သူအဆင်ပြေချောမွေ့စေရေးအတွက် စီစဉ်ဆောင်ရွက် ထား ရှိမှုများ။

## ၂.၁၁.၃ မြို့ပြသိပ်သည်းမှုများ

(က) မှတ်ပုံတင်ထားသော မြို့ပြအမွေအနှစ်နေရာများနှင့်ဇုန်များ၊ မြို့ကြီးများနှင့်မြို့များ၏ CBD ဧရိယာများ သို့မဟုတ် သိပ်သည်းမှု မြင့်မားသောဇုန်အဖြစ် သတ်မှတ်ထားသော ဧရိယာများတွင် သိပ်သည်းမှုများသည် စည်းမျဉ်းစည်းကမ်းများနှင့် သက်ဆိုင်ရာမြို့များ တွင် နယ်မြေသတ်မှတ်ခြင်း စီမံချက်များရှိလျှင် ယင်းစီမံချက်များနှင့်အညီဖြစ်စေရမည်။

(ခ) မှတ်ပုံတင်ထားသော မြို့ပြအမွေအနှစ်များ၊ ဇုန်များနှင့် CBD ဧရိယာများပြင်ပတွင် သို့မဟုတ်ယင်းဧရိယာတို့နှင့် သဏ္ဍာန်တူသောဧရိယာပြင်ပတွင် အောက်ပါအိမ်ယာ မြေသိပ်သည်းမှုများအရ ထိန်းထားရမည် –

(၁) အထပ်များစွာပါသော လူနေထိုင်ရာအိမ်၊ ခြံ၊ မြေများတွင် အဆောက်အအုံ တည်ဆောက်ထားသော ဧရိယာအချိုး (အဆောက်အအုံလွှမ်းခြုံမှုအချိုး BCR) သည် သက်ဆိုင်ရာဇုန်သတ်မှတ်ခြင်း စီမံချက်နှင့် စည်ပင်သာယာရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ၀.၄ မှ ၀.၆ အတွင်း ရှိရမည်-သက်ဆိုင်ရာဧရိယာများ၏ အဆောက်အအုံ တည်ရှိရာနေရာများနှင့် လမ်းတည်ဆောက်လုပ်ခြင်း အချိုး။ (ယာဉ်အသွားအလာ ဧရိယာအပါအဝင် ဟင်းလင်းပြင်ထားရှိရမည့် (Open Space) ဧရိယာသည် ၀.၂၅ အောက်မနည်းသင့်ပါ၊ ရေစိမ့်ဝင်နိုင်သည့် စိမ်းလန်း သောဧရိယာသည် ၀.၁၅ အောက် မနည်းသင့်ပါ။) (စိမ်းလန်းသော အပိုင်း ၂.၁၂.၃.၃ ကိုလည်း ကြည့်ပါ။)

(မှတ်ချက်။ လိုအပ်ပါက ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်း၏ အဆောက်အအုံ ဆိုင်ရာ စည်းမျဉ်းများကို ကိုးကားရမည်။)

(၂) မိသားစုတစ်ခုတည်းနေသည့် ယူနစ်များ သို့မဟုတ်နှစ်လုံးတွဲအိမ်များရှိရာ ဧရိယာများတွင် တစ်ကေလျှင် ၂၀ ယူနစ်ထက် မပိုရဘဲ သက်ဆိုင်ရာ ဇုန်သတ်မှတ်ခြင်း စီမံချက်နှင့် စည်ပင်သာယာရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီဖြစ်ရမည်။

(ဂ) မှတ်ပုံတင်ထားသော မြို့ပြအမွေအနှစ်နေရာများ၊ ဇုန်များနှင့် (CBD) ဧရိယာများ ပြင်ပ သို့မဟုတ် CBD နှင့် သဏ္ဍာန်တူသော ဧရိယာများ ပြင်ပတွင် လမ်းနှင့်ထိစပ်နေသော အဆောက်အအုံများအတွက် ထားရှိရမည့် ဟင်းလင်းပြင်နေရာ (open space) သည်–

(၁) လူနေထိုင်ရန်အတွက်မဟုတ်ဘဲ အသုံးပြုသော အခြားအဆောက်အအုံများနှင့် စပ်လျဉ်း၍ အဆောက်အအုံမြေကွက်ရှိ အဆောက်အအုံ တည်ဆောက်ထားသော ဧရိယာ၏ ၁၀ ပုံ ၁ပုံ အောက် မနည်းရ။

(၂) လူနေထိုင်ခြင်းနှင့် စီးပွားရေးဆိုင်ရာအဆောက်အအုံများ ရောနှောနေသော အဆောက်အအုံနှင့် စပ်လျဉ်း၍ အဆောက်အအုံမြေကွက်ရှိ အဆောက်အအုံ တည်ဆောက်ထားသော ဧရိယာ၏ ၃ ပုံ ၁ ပုံ အောက် မနည်းရ။

(ဃ) မြို့ပြလူအခြေချနေထိုင်မှုများတွင် မြေကွက်အရွယ်အစား ပမာဏများသည် ဤလမ်းညွှန်ချက်၏ အပိုင်း ၁ တွင် သတ်မှတ်ထားပြီး ယင်းတို့ကို သင့်လျော်သလို လိုက်နာရမည်။

## ၂.၁၁.၄ ဟင်းလင်းပြင်နေရာများ (Open Spaces)

(က) ၆နှစ်အောက်ငယ်သော ကလေးများအတွက်ရည်ရွယ်သည့် ပညာရေးဆိုင်ရာ အဆောက်အအုံများအတွက် ကလေးတစ်ဦးကစားရန်နေရာသည် ၁၀ စတုရန်းပေအောက် မနည်းရ။

(ခ) အသက် ၇ နှစ်နှင့် ၁၆ နှစ်ကြားကလေးများအတွက် ရည်ရွယ်သော ပညာရေးဆိုင်ရာ အဆောက်အအုံများအတွက် ကလေးတစ်ဦးကစားရန် နေရာသည် ၁၅ စတုရန်းပေ အောက်မနည်းရ။

(ဂ) အသက် ၁၆ နှစ်အထက် ကျောင်းသားများအတွက် ရည်ရွယ်သော ပညာရေးဆိုင်ရာ အဆောက်အအုံများဖြစ်ပါက ကလေးတစ်ဦးကစားရန် နေရာသည် ၂၀ စတုရန်းပေ အောက်မနည်းရ။

(ဃ) အထပ်များစွာရှိသောယူနစ်များနှင့် လူနေထိုင်သည့်ဧရိယာများတွင် ယာဉ်ရပ်နားရန် နေရာနှင့် လမ်းဧရိယာများအပြင် မိသားစုတစ်ခုကစားရန်နှင့် အပန်းဖြေရန်ဧရိယာအဖြစ် ၂၀၀ စတုရန်းပေ အနည်းဆုံးရှိရမည်။

### ၂.၁၁.၄.၁ ဟင်းလင်းပြင်နေရာသတ်မှတ်ခြင်း

(က) အဆောက်အအုံနှင့် ထိစပ်နေသော နောက်ဘက်မျဉ်းလိုင်း (backline) အနံ (width) ၏တစ်ဝက်က ဟင်းလင်းပြင်နေရာအဖြစ် သတ်မှတ်နိုင်သည်။

(ခ) လသာဆောင်များ၊ စကြံများနှင့် နေကာများသည် ဟင်းလင်းပြင်နေရာပေါ်သို့ စွန်းထွက်နိုင်သော်လည်း ၅ ပေထက်ပို၍ စွန်းမထွက်ရမည့်အပြင် မြေပြင်ညီမှ လွတ်လွတ်ကင်းကင်းအမြင့် ၁၀ ပေ ရှိရမည်။ ယင်းစွန်းထွက်ခြင်းကို ကန့်သတ်မထားသောနေရာအဖြစ် ရေတွက်နိုင်သော်လည်း အဆောက်အအုံ တည်ဆောက်ထားသော ဧရိယာ (Built-up area) အဖြစ် မသတ်မှတ်နိုင်ပါ။

(ဂ) လမ်းနှင့်အဆောက်အအုံမျဉ်းလိုင်းကြား မြေချန်ထားရှိသည့် ဟင်းလင်းပြင်နေရာနှင့် ဆောက်လုပ်ထားသော အဆောက်အအုံတည်ရှိရာ မြေကွက်ပိုင်မဟုတ်သည့် ဟင်းလင်းပြင်နေရာအဖြစ် ထည့်သွင်းရေတွက်ခြင်းမပြုရ။

(ဃ) မိလ္လာကန်များ၊ ရေမြောင်းအဖုံးများကဲ့သို့သော တည်ဆောက်ပုံများနှင့် အဆောက်အအုံ ဝန်ဆောင်မှုများအတွက် ရည်ရွယ်သော အခြားသောအရာများကို ဟင်းလင်းပြင်နေရာများအဖြစ် သတ်မှတ်နိုင်သော်လည်း လူများသည် ထိုဧရိယာများကို အသုံးပြုရန် ရည်ရွယ်မှသာလျှင် ခြေချနိုင်သည်။ (Step on)

(င) လူနေထိုင်ရာဧရိယာများတွင် ယာဉ်ရပ်နားရန်နေရာများနှင့် လမ်းဧရိယာများကို ဟင်းလင်းပြင်နေရာများအဖြစ် သတ်မှတ်နိုင်သော်လည်း ကစားရန်နှင့် အပန်းဖြေရန် နေရာများအဖြစ် မသတ်မှတ်နိုင်။

(စ) နောက်ဘက်မျဉ်းလိုင်းနှင့် ထိစပ်မနေသော ဟင်းလင်းပြင်နေရာကို စီစဉ်ထားရှိပေးပါက ယင်းနေရာသည် ၈ ပေ အောက်မနည်းသောအကျယ် (အနံ) ရှိရမည်။

### ၂.၁၁.၄.၂ ဟင်းလင်းပြင်နေရာများကို ပြောင်းလဲခြင်း

အဆောက်အအုံနှင့် ဆက်စပ်နေသော ဟင်းလင်းပြင်နေရာကို စီစဉ်ပေးထားပြီးဖြစ်ပါက မည်သူမျှ ဒေသဆိုင်ရာအာဏာပိုင်၏ စာဖြင့်ရေးသားထားသော သဘောတူညီချက် မပါရှိဘဲ အောက်ပါအချက်များအားလိုက်နာရမည်။

(က) ယင်းဟင်းလင်းပြင်နေရာကို ပြောင်းလဲခြင်းမပြုရ သို့မဟုတ်

(ခ) ယင်းဟင်းလင်းပြင်ဧရိယာကို လျော့နည်းစေရန် ထိုနေရာ၏ အစိတ်အပိုင်းတစ်ခုခု အထက်တွင် အမိုးတည်ဆောက်ခြင်း မပြုရ။ သို့ရာတွင် ယင်းသို့ပြောင်းလဲခြင်းဖြင့်

ကောင်းမွန်သော လေဝင်လေထွက်လမ်းကြောင်းကို နှောင့်ယှက်ခြင်း သို့မဟုတ် တားဆီးခြင်းမပြုဟုလည်းကောင်း၊ ပတ်ဝန်းကျင်အရည်အသွေး လျော့ကျသွားခြင်း မရှိဟုလည်းကောင်း ဒေသဆိုင်ရာအာဏာပိုင်က သဘောတူညီမှုရှိလျှင် ခွင့်ပြုမိန့်ကို ထုတ်ပေးနိုင်သည်။

(ဂ) ဒေသဆိုင်ရာအာဏာပိုင်သည် ယင်းဟင်းလင်းပြင်နေရာများ နဂိုအတိုင်းပြန်ဖြစ်စေရန် ဤအပိုင်းကို ချိုးဖောက်သော ပိုင်ရှင် သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးဦးကို ယင်းသို့ ပြောင်းလဲမှု သို့မဟုတ် အမိုးကိုဖယ်ရှားရန် သို့မဟုတ် တစ်နည်းနည်းဖြင့် ထိုလုပ်ဆောင်ဖွယ်ရာများကို ပြုလုပ်ရန် သတိပေးစာဖြင့် ညွှန်ကြားနိုင်သည်။

### ၂.၁၁.၅ အဆောက်အအုံတစ်ခုနှင့်တစ်ခုကြားအကွာအဝေး

#### ၂.၁၁.၅.၁ အဆောက်အအုံများနှင့် နောက်သို့ခွာထားသည့် အကွာအဝေးများ ကြားကွက်လပ် (Set back)

(က) ပထမတန်းစားဧရိယာအဖြစ် သတ်မှတ်ထားသောဧရိယာ သို့မဟုတ် ယင်းဧရိယာများနှင့် သဏ္ဍာန်တူသော ဧရိယာများတွင် ၃၆ ပေ အမြင့်ထက် မပိုသော လုံးချင်းအဆောက်အအုံများသည် အဆောက်အအုံပြင်ပနံရံများနှင့် မြေကွက်နယ်နိမိတ်အကြား အနည်းဆုံးကင်းလွတ်နေရာလပ်သည် ၆ ပေရှိရမည်ဖြစ်ပြီး ခေါင်မိုးအစွန်းများ၊ ရေတံလျှောက်များ စသည်တို့ကဲ့သို့သော အဆောက်အအုံများ၏ တစ်ဘက်စွန်းများကြားတွင် ကင်းလွတ်နေရာလပ် ၃ ပေရှိရမည်။ အဆောက်အအုံများသည် အမြင့် ၃၆ ပေထက်ကျော်ပါက အဆိုပါ ဖော်ပြထားသော နေရာလပ်သည် အထပ်တစ်ထပ်တိုးတိုင်း ၁ ပေ သို့မဟုတ် ကြမ်းခင်းတစ်ခုမှ ကြမ်းခင်းတစ်ခုသို့ အမြင့်၏ ၁၀ ပုံ ၁ပုံနှုန်းဖြင့် တိုးရမည်ဖြစ်သည်။ သို့မဟုတ် ကြမ်းခင်းအမြင့်တို့အနက်မှ ပို၍မြင့်ရာ

(ခ) ပထမတန်းစားဧရိယာအဖြစ် သတ်မှတ်မထားသော မြို့ပြအမွေအနှစ်နေရာများ၊ ဇုန်များနှင့် အဓိကစီးပွားရေး လုပ်ငန်းဒေသပြင်ပရှိ ဧရိယာများတွင် ၈ ထပ်အထက်ရှိသော အဆောက်အအုံများအတွက် အဆောက်အအုံပြင်ပနံရံများ သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်း (element) တစ်ခုခုအကြား ကင်းလွတ်နေရာလပ်သည် အနည်းဆုံး ၃ ပေ ရှိရမည်ဖြစ်ပြီး မြေကွက်၏ ဘေးတစ်ဘက်သည် အနည်းဆုံး ၆ ပေ ကင်းလွတ်နေရာလပ်ရှိရမည့်အပြင် မြေကွက်၏ နယ်သတ်မျဉ်းလည်းရှိရမည်။ ၁၂ ထပ်အထက်ရှိသော အဆောက်အအုံများအတွက် အဆောက်အအုံ၏ ပြင်ပနံရံများ သို့မဟုတ် အစိတ်အပိုင်းတစ်ခုခုအကြား ကင်းလွတ်နေရာလပ်သည် ၆ ပေ ရှိရမည်

ဖြစ်ပြီး မြေကွက်၏နယ်သတ်မျဉ်းရှိရမည်။ ၁၈ထပ်အထိရှိသော အဆောက်အအုံများအတွက် အဆောက်အအုံ၏ ပြင်ပနံရံများ သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းတစ်ခုခုအကြား ကင်းလွတ်နေရာလပ်သည် ၈ ပေ ရှိရမည်ဖြစ်ပြီး မြေကွက်၏နယ်သတ်မျဉ်းရှိရမည်။ အဆောက်အအုံသည် ၁၈ ထပ်ထက်ကျော်လျှင် အဆောက်အအုံ၏ ပြင်ပနံရံများ သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းတစ်ခုခု အကြားတွင် ကင်းလွတ်နေရာလပ်သည် ၁၀ ပေရှိရမည်။

(ဂ) နှစ်လုံးတွဲအိမ်နှင့် တိုက်တန်းများအတွက် အဆောက်အအုံများ၏ တစ်ဘက်အစွန်းများ (ခေါင်မိုးစွန်းများ၊ လသာဆောင်စသည်များ) အကြားတွင် ကင်းလွတ်နေရာလပ်ကို ၃ ပေထားရှိရမည်ဖြစ်ပြီး မြေကွက်၏နယ်သတ်မျဉ်းရှိရမည်။

(ဃ) စီးပွားရေးအချက်အချာကျသော ဗဟိုလုပ်ငန်းဒေသရှိ CBD ဧရိယာများ သို့မဟုတ် ယင်းဧရိယာများနှင့် သဏ္ဌာန်တူသော ဧရိယာများ၏ ပြင်ပတွင်ရှိသော အိမ်ခြံမြေတွင် အထပ်များစွာရှိသော လူနေထိုင်ရာ အဆောက်အအုံများအတွက် အချို့သောမြို့ကြီးများ၏ သီးခြားစည်းမျဉ်းစည်းကမ်းများတွင် အခြားနည်းဖော်ပြထားခြင်းမရှိပါက အောက်ပါအချက်များကို လိုက်နာရမည်။

(၁) အပြိုင်ရှိနေပြီး မျက်နှာချင်းဆိုင်အနေအထားရှိသည့် ယူနစ်များနှင့် အထပ်များစွာရှိသည့်အတန်းလိုက် အဆောက်အအုံများအတွက် အဆောက်အအုံ၏ အမြင့်ချင်းမတူညီလျှင် နံရံတစ်ခုနှင့်တစ်ခု အကွာအဝေးသည် ပို၍မြင့်သောအဆောက်အအုံ၏ အမြင့်အောက်မနည်းရမည့်အပြင် ယာဉ်သွားလမ်း၊ ယာဉ်ရပ်နားရန်နေရာ၊ ယာဉ်အတင်အချလုပ်ရန် လှည့်ရန်အမာခံအခင်းများ (apron) နှင့် ပလက်ဖောင်းများအတွက် အနည်းဆုံး ၅၀ ပေထားရှိရမည်။

(၂) အပြိုင်ရှိနေပြီး တစ်ခုနှင့်တစ်ခုကျောချင်းကပ် အနေအထားရှိသော ယူနစ်များနှင့် အထပ်များစွာရှိသည့် အတန်းလိုက် အဆောက်အအုံများအတွက် အဆောက်အအုံအမြင့်များ မတူညီလျှင် နံရံတစ်ခုနှင့်တစ်ခု အကွာအဝေးသည် ပို၍မြင့်သောအဆောက်အအုံအမြင့်၏ တစ်ဝက်အောက် မနည်းရမည့်အပြင် မိလ္လာကန်များ၊ အခြားသောအခြေခံ အဆောက်အအုံဆိုင်ရာ လိုအပ်ချက်များနှင့် ကင်းလွတ်ရာနေရာလပ်များအတွက် ရည်ရွယ်သော နောက်ဖေးလမ်းကြား (Service back lane) အဖြစ် အနည်းဆုံး ၃၀ ပေ ထားရှိရမည်။

(၃) မြင်းမိုရ်ပိတ်ပါသောဘက်သည် အဆောက်အအုံ၏ အလျားရှည်သောဘက်နှင့် ကျောခိုင်းနံစပ်ဖြစ်နေသော အဆောက်အအုံများအတွက် အဆောက်အအုံ၏ အမြင့်များမတူညီလျှင် အဆောက်အအုံများအကြား နေရာလပ်သည် ပို၍မြင့်သော အဆောက်အအုံအမြင့်၏ တစ်ဝက်အောက် မနည်းစေရမည့်အပြင် လေဝင်လေထွက်ကောင်းစေရန်နှင့် အခြားသော အခြေခံအဆောက်အအုံဆိုင်ရာ လိုအပ်ချက်များအတွက် အနည်းဆုံး ၃၀ ပေ စီစဉ်ထားရှိပေးရမည်။ (မတူညီသော ကိစ္စရပ်များအတွက် ပုံ ၂.၁၁.၁ နှင့် ပုံ ၂.၁၁.၂ တွင် ပြသထားသည်။)

(၄) တစ်ခုနှင့်တစ်ခု မျက်နှာချင်းဆိုင်ရှိနေသော ယူနစ်များနှင့်အထပ်များစွာရှိသော အထပ်မြင့်လုံးချင်းအဆောက်အအုံများ (point blocks) အတွက် ကြားနေရာလပ်သည် ပို၍မြင့်သောအဆောက်အအုံအမြင့်၏ တစ်ဝက်အောက်မနည်းရမည့်အပြင် ထိုအကွာအဝေးသည် လူနေထိုင်ရာရပ်ကွက်လမ်းနှင့် အခြားသော အခြေခံအဆောက်အအုံဆိုင်ရာ လိုအပ်ချက်များအတွက် အနည်းဆုံး ၄၀ ပေ ရှိရမည်။ (ဤလမ်းညွှန်ချက်ပါ အထပ်များစွာပါသော အထပ်မြင့်လုံးချင်း အဆောက်အအုံများ (Multi-Storeyed point blocks)ကို အပိုင်း ၁ တွင် အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ထားပါသည်။)

(၅) စီးပွားရေးအချက်အချာကျသော ဗဟိုလုပ်ငန်းဒေသရှိ CBD ဧရိယာများ သို့မဟုတ် ယင်းဧရိယာများနှင့် သဏ္ဌာန်တူဧရိယာများရှိ အဆောက်အအုံများအတွက် အဆောက်အအုံအကွာအဝေးစည်းမျဉ်းများသည် ဒေသဆိုင်ရာစည်းမျဉ်းများရှိလျှင် ယင်းတို့ကို လိုက်နာရန်ဖြစ်သည်။




ပုံ ၂.၁၁.၁ အတန်းလိုက်အဆောက်အအုံများကြား အကွာအဝေး၊ မျက်နှာချင်းဆိုင်နှင့်ကျောချင်းကပ်အနေအထားနှင့် အကွာအဝေးများပြပုံ




ပုံ ၂.၁၁.၂ အတန်းလိုက်အဆောက်အအုံများကြား အကွာအဝေး/ မြင်းမိုရ်ပိတ်
ရှိသောဘက်နှင့်အလျားရှည်သောဘက်ကြားအကွာအဝေးပြပုံ

### ၂.၁၁.၅.၂ ခြံစည်းရိုးများ သို့မဟုတ် နံရံများ

လမ်း သို့မဟုတ် နောက်ဖက်မျဉ်းလိုင်းနှင့် ထိစပ်နေသော နယ်သတ်မျဉ်းမှလွဲ၍ လုံးချင်းအိမ်ရာ အဆောက်အအုံ၏ ခြံစည်းရိုးများ သို့မဟုတ် နံရံများကို ထုထည်အခိုင်အမာဖြစ်ပါက အများဆုံး ၆ ပေ အမြင့်တည်ဆောက်ရမည်။ အလင်းရောင်နှင့် လေဝင်လေထွက်ရှိနိုင်ရန် တည်ဆောက်ထားသော ခြံစည်းရိုးများဖြစ်ပါက အများဆုံး ၉ ပေ အမြင့် တည်ဆောက်ရမည်။

### ၂.၁၁.၅.၃ လမ်းဆုံလမ်းခွရှိ နေရာလပ်များ

(က) လမ်းနှစ်ခုဆုံရာတွင် တည်ဆောက်ထားသောအဆောက်အအုံဖြစ်ပြီး ပြုပြင်ခြင်း သို့မဟုတ် အစားထိုးခြင်းကို သက်ဆိုင်ရာစီမံကိန်းအာဏာပိုင်ကသာ ထိန်းသိမ်းထားသည့် ဖွံ့စည်းပုံစီမံချက် (Layout plan) သို့မဟုတ် ဥပဒေအရ သတ်မှတ်ထားသော မြေပုံ (Statutory map) များတွင် ပြန့်ကားမှုဒီဂရီ (degree of splay) သို့မဟုတ် အချောသတ်အနားလုံး (rounding off) ကို ဖော်ပြထားခြင်းမရှိလျှင် လမ်းမျဉ်းလိုင်းများ ဆုံရာနေရာမှ ၁၀ ပေ အကွာနေရာရှိ လမ်းမျဉ်းလိုင်းတစ်ခုစီနှင့် ဆက်နေသော အဆောက်အအုံမြေနေရာ၏ ထောင့်ချိုးကိုဖြတ်လျက် ဆွဲထားသောမျဉ်းဖြောင့်ကို ကျော်လွန်၍ ၁၅ ပေ အောက်နိမ့်သော အဆောက်အအုံ၏ မည်သည့်အစိတ်အပိုင်းမျှ စွန်းထွက်ခြင်းမရှိစေရန်အတွက် ယင်းအဆောက်အအုံ၏ ထောင့်ချိုးကိုလမ်းမျဉ်းလိုင်းများ ဆုံရာနေရာမှ လမ်းမြေပြင်ညီအထက် ၁၅ ပေ အောက် မနည်းသောအမြင့်တွင် ပြန့်ကားထားရမည် သို့မဟုတ် အချောသတ် အနားလုံးထားရမည်။

(ခ) အဆောက်အအုံများသည် လမ်းနှင့်ထိစပ်နေလျှင် သက်ဆိုင်ရာ အဆောက်အအုံများ၏ မြေနေရာသတ်မှတ်မျဉ်းလိုင်း (Property Line)ကို ကျော်လွန်တည်ဆောက်ထား

သော ဝရံတာများ၊ လသာဆောင်များ၊ နေကာများနှင့် ပေါင်းမိုးများ စသည်တို့ကဲ့သို့သော အခိုင်အမာတည်ဆောက်မှုများမရှိရ။

### ၂.၁၁.၅.၄ လျှောက်လမ်းများနှင့် အမိုးအကာရှိသောလျှောက်လမ်းများ

(က) အမိုးအကာရှိသော သို့မဟုတ် အမိုးအကာမရှိသော လျှောက်လမ်းသည် နံရံဖြင့်ကန့်သတ်ထားပါက အကျယ် ၇ ပေ အောက် မနည်းရဘဲ ဟင်းလင်းပြင်နေရာများတွင်ဖြစ်ပါက ၄ ပေ အောက်မနည်းရ။

(ခ) လျှောက်လမ်းတစ်လျှောက် အနိမ့်အမြင့် (Level) ပြောင်းလဲမှုရှိပါက လှေကားတစ်ထစ်လျှင် ဒေါင်လိုက် ၇ လက်မ ထက်မပိုသော လှေကားထစ်များနှင့် ၁၆ လက်မအောက်မနည်းသော လှေကားဆံ (လှေကားထစ်အပေါ်မျက်နှာပြင်) များ ရှိရမည်သို့မဟုတ် လျှောစောက်မှု ၁၀% ထက်မပိုသော သို့မဟုတ် မမြင့်တက်သောဆင်ခြေလျော လူသွားလမ်းရှိရမည်– run ratio of 1:10 (ဤလမ်းညွှန်ချက်၏ အပိုင်း ၂.၅ ကိုလည်း ကြည့်ပါ)

(ဂ) လူနေရပ်ကွက်ဧရိယာများတွင် လမ်းမနှင့်အပြိုင်ရှိသော ဝန်ဆောင်မှုပေးသော လမ်းငယ် (Service road) ကို လမ်းတစ်လျှောက်တွင် လျှောက်လမ်းကို စီစဉ်ထားရှိပေးရန်လိုအပ်ပါသည်။

### ၂.၁၁.၆ လမ်းမများနှင့် ယာဉ်ရပ်နားရန်နေရာများ

(က) လူနေရပ်ကွက်ဧရိယာများတွင် မော်တော်ယာဉ်များအတွက် ယာဉ်ကြောတစ်ခု၏အကျယ်သည် အနည်းဆုံး ၁၂ ပေ ဖြစ်သည်။ ယာဉ်ကြောနှစ်ခုအတွက်လမ်းဧရိယာသည် အနည်းဆုံး ၁၆ ပေ အကျယ်နှင့် လမ်း၏တစ်ဖက်စီတွင် လမ်းပုခုံး ၂ ပေစီရှိရမည်။

(ခ) လူနေရပ်ကွက်ဧရိယာများတွင် လမ်းများ၏အတွင်းဘက် ပတ်လမ်းအကွေ့သည်အချင်းဝက် အနည်းဆုံး ၁၂ ပေရှိရမည်ဖြစ်ပြီး ယာဉ်ရပ်နားရန်သို့ သွားသောလမ်း၏အတွင်းဘက် ပတ်လမ်းအကွေ့သည် အချင်းဝက် အနည်းဆုံး ၁၀ ပေ ရှိရမည်။

(ဂ) ယာဉ်ရပ်နားရန်နေရာ (ယာဉ်ရပ်နားရန်အကန့်ဆိုသည်မှာ မော်တော်ကားရပ်ရန်နားရန် နေရာဖြစ်ပြီး ယာဉ်ရပ်နားရန် နေရာအတန်းများကြားရှိ မင်းလမ်း (parking aisle) ဆိုသည်မှာ ယာဉ်ရပ်နားရန် အကန့်များနှင့် ကပ်လျက်ရှိသောအဝင်လမ်းသို့မဟုတ် ကားလမ်းတို့ (driveway) ဖြစ်သည်) ကားများအတွက် ယာဉ်ရပ်နားရန်နေရာများအတွက် ယေဘုယျလိုအပ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ယာဉ်ရပ်နားရန်အကန့်များသည် ယာဉ်ရပ်နားရန်နေရာ အတန်းများကြားရှိ မင်းလမ်းများ (parking aisle) နှင့် ထောင့်မှန်ကျနေလျှင် သို့မဟုတ် ထောင့်ချိုးရှိနေလျှင် ယာဉ်ရပ်နားရန်အကန့်များ၏ အနည်းဆုံးအလျား×အနံ အတိုင်းအတာသည် ၈ ပေ ကျယ်ပြီး ၁၆ ပေ ရှည်ရမည်။

(၂) ယာဉ်ရပ်နားရန်အကန့်များသည် ယာဉ်ရပ်နားရန်နေရာ အတန်းများကြားရှိ မင်းလမ်းများ( parking aisle) နှင့်အပြိုင်ရှိနေလျှင် ယာဉ်ရပ်နားရန်အကန့်များ၏ အနည်းဆုံးအလျား×အနံ အတိုင်းအတာသည် ၈ ပေ ကျယ်ပြီး ၁၈ ပေ ရှည်ရမည်။




ပုံ၂.၁၁.၃ ယာဉ်ရပ်နားရန်အကန့်များ၏ အနေအထားနှင့် လိုအပ်သော အလျား×အနံ အတိုင်းအတာ (အထက်ပုံ)

(၃) ကပ်လျက်အတားအဆီးရှိသော ယာဉ်ရပ်နားရန်အကန့်များ ယာဉ်ရပ်နားရန်အကန့်အလျား၏ အလယ် ၉ပေ အတွင်းတွင် (၇ လက်မအထက်) အတားအဆီးများရှိပါက ယာဉ်ရပ်နားရန်အကန့်ကို ကျယ်စေရမည်။ တစ်ဖက်တွင် အတားအဆီးဖြစ်နေပါက အနည်းဆုံးအကျယ်သည် ၉ ပေဖြစ်ရမည်။ နှစ်ဖက်စလုံးတွင် အတားအဆီး ဖြစ်နေပါက အနည်းဆုံးအကျယ်သည် ၁၀ ပေရှိရမည်။ (ပုံ၂.၁၁.၄ )

အပြိုင်ယာဉ်ရပ်နားရန်အတွက် အကန့်အဆုံးတွင် အတားအဆီးများရှိနေပါက အနည်းဆုံးအလျား သည် ၂၄ ပေ ဖြစ်ရမည်။ (ပုံ-၂.၁၁.၅)




ပုံ- ၂.၁၁.၄ အတားအဆီး ကင်းလွတ်နယ်မြေများ ထားရှိရန်နေရာများနှင့် အတားအဆီးများနှင့် ကပ်လျက်ရှိသော ယာဉ်ရပ်နားရန် အကန့်များ

ပုံ - ၂.၁၁.၅ ကားနောက်ပြန်မရပ်ရသော ယာဉ်ရပ်နားရန်အကန့်များ (ကားနောက်ပြန်မရပ်ရသော မျဉ်းပြိုင်တည်ရှိသော ယာဉ်ရပ်နားရန်နေရာအတွက် အကန့်များ၏ အရှည် (အလျား) သည် ၂၄ ပေ ရှိရမည်။)




**၂.၁၁.၆.၁ ယာဉ်ရပ်နားရန်အကန့်များကြားရှိ မင်းလမ်း (parking aisle) ၏အနည်းဆုံး အကျယ်**

ယာဉ်ရပ်နားရန်အကန့်များကြားရှိမင်းလမ်း၏အနည်းဆုံးအကျယ်သည် အောက်ပါအတိုင်းဖြစ်သည်–

**ဇယား၊ ၂.၁၁.၁ ယာဉ်ရပ်နားရန်အကန့်များကြားရှိ မင်းလမ်းများ၏အနည်းဆုံးအကျယ်**

| ယာဉ်ရန်နားရန် ထောင့်ချိုး | တစ်လမ်းမောင်းယာဉ်ကြော | | နှစ်လမ်းမောင်းယာဉ်ကြော |
|---|---|---|---|
| | တစ်ဘက်ရပ် | နှစ်ဘက်ရပ် | တစ်ဘက်သို့မဟုတ်နှစ်ဘက်ရပ် |
| မျဉ်းပြိုင် | ၁၂ ပေ | ၁၂ ပေ | ၂၀ ပေ |
| ၃၀ | ၁၂ ပေ | ၁၄ ပေ | ၂၁ ပေ |
| ၄၅ | ၁၄ ပေ | ၁၆ ပေ | ၂၁ ပေ |
| ၆၀ | ၁၆ ပေ | ၁၆ ပေ | ၂၂ ပေ |
| ၉၀ | ၂၀ ပေ | ၂၀ ပေ | ၂၀ ပေ |




Fig: Parallel Parking Aisle

ပုံ - ယာဉ်ရပ်နားရန်နေရာနှင့် မျဉ်းပြိုင်အတိုင်းရှိသည့် မင်းလမ်း




Fig: 45° Angled Parking Aisle

ပုံ - ယာဉ်ရပ်နားရန်အကန့်များနှင့် ထောင့်ချိုး ၄၅ ဒီဂရီ စောင်းလျက်ရှိသည့်




Fig: 60° Angled Parking Aisle

ပုံ - ယာဉ်ရပ်နားရန်အကန့်များနှင့် ထောင့်ချိုး ၆၀ ဒီဂရီ စောင်းလျက်ရှိသည့် မင်းလမ်း




Fig: 90° Angled Parking Aisle

ပုံ - ယာဉ်ရပ်နားရန်အကန့်များနှင့် ထောင့်ချိုး ၉၀ ဒီဂရီ စောင်းလျက်ရှိသည့် မင်းလမ်း

### ၂.၁၁.၆.၂ တောက်လျှောက်မောင်းဆင်ခြေလျှောလမ်းများ (Clearway Ramps) နှင့် အဝင်လမ်း (Access-Ways)

တောက်လျှောက်မောင်း ဆင်ခြေလျှောလမ်းများနှင့် အဝင်လမ်းများ၏ ဒီဇိုင်းနှင့် အတိုင်းအတာတို့သည် အောက်ဖော်ပြပါ၏ ဇယား ၂.၁၁.၂ နှင့် ကိုက်ညီရမည်။ (တောက်လျှောက်မောင်း ဆင်ခြေလျှောလမ်းများသည် မြေပြင်ညီနှစ်ခုအကြား ဆက်သွယ်ပေးသော လျှောစောက်ကြမ်းပြင်များဖြစ်သည်။ ယင်းတို့တွင် ကပ်လျက်ယာဉ်ရပ်နားရန် အကန့်များ မရှိပါ။ အဝင်လမ်းများသည် ယာဉ်ရပ်နားရန်အကန့်များသို့ ဝင်ရောက်နိုင်သော ယာဉ်လမ်းများ (driveway) ဖြစ်သည်။)

(က) ကွေ့ကောက်နေသော ဆင်ခြေ လျှောလမ်း၏ ကုန်းစောင်းလမ်းသည် ယင်းဆင်ခြေ လျှောလမ်း၏ ဗဟိုမျဉ်းလိုင်း ဖြစ်ရမည်။



Fig: Example of Clearway ramp and Accessway

ပုံ - တောက်လျှောက်မောင်းဆင်ခြေလျှောလမ်းနှင့် အဝင်လမ်း၏

**ဇယား၂.၁၁.၂ ဆင်ခြေလျှောလမ်းနှင့်အဝင်လမ်းများ၏အကျယ်များ**

| ဆင်ခြေလျှောလမ်းများနှင့်အဝင်လမ်းအမျိုးအစား | အနည်းဆုံးအကျယ် |
|---|---|
| အဖြောင့်တောက်လျှောက်မောင်းလမ်းနှင့်အဝင်လမ်း၏ အကျယ် | လမ်းကြောတစ်ခုတည်းအတွက် ၁၂ ပေ တစ်ခုထက်ပိုသော လမ်းကြောများ အတွက် လမ်းကြောတစ်ခုလျှင် ၁၀ပေ |
| ကွေ့ကောက်သော တောက်လျှောက်မောင်းလမ်းနှင့် အဝင်လမ်းတို့၏ အတွင်းပိုင်းအကျဆုံး လမ်းကြောအကျယ် | လမ်းကြောတစ်ခုတည်းအတွက် ၁၄ ပေ တစ်ခုထက်ပိုသော လမ်းကြောများ အတွက် လမ်းကြောတစ်ခုလျှင် ၁၂ ပေ |
| ကွေ့ကောက်သောတောက်လျှောက်မောင်းလမ်းနှင့် အဝင် လမ်းတို့၏ အပြင်လမ်းကြောအကျယ် | လမ်းကြောတစ်ခုတည်းအတွက် ၁၄ ပေ တစ်ခုထက်ပိုသော လမ်းကြောများ အတွက် လမ်းကြောတစ်ခုလျှင် ၁၁ ပေ |
| ကွေ့ကောက်သောတောက်လျှောက်မောင်းလမ်းနှင့် အဝင်လမ်း၏ အတွင်းအချင်းဝက် | ၁၅ ပေ |
| အဖြောင့်ဆင်ခြင်လျှောအတွက် တောက်လျှောက် မောင်းလမ်းနှင့် အဝင်လမ်းများ၏လျှောစောက် | ၂ တန်အောက်နည်းသော ပေါ့ပါး သည့် ယာဉ်များအတွက် ၁:၆.၂၅ (၁၆%)<br>၅ တန်အောက် နည်းသော အလယ် အလတ် ယာဉ်များအတွက် ၁:၇.၂(၁၄%) |
| ကွေ့ကောက်သောဆင်ခြင်လျှောအတွက် တောက်လျှောက် မောင်းလမ်းနှင့် အဝင်လမ်းများ၏လျှောစောက် | သင့်လျော်သောလျှောစောက်၁:၁၀ (၁၀%) အများဆုံးလျှောစောက် ၁:၈.၃ (၁၂%) |




1) More than one lane is considered Multi-lane.
2) Number of Lane does not depend on the direction of traffic flow and has no physical divider.

Fig: Example of straight, single and Multi-lane

**ပုံ - ဖြောင့်တန်းသောလမ်းကြောတစ်ခုတည်းနှင့် တစ်ခုထက်ပိုသောလမ်းကြောများအတွက်**




Fig: Example of Curved, single-lane separated by physical divider and Multi-lane

ပုံ - လမ်းလယ်ပိုင်းခြားသည့်အရာဖြင့် ပိုင်းခြားထားသည့်
ကွေ့ကောက်သောလမ်းကြော
တစ်ခုတည်းနှင့် ကွေ့ကောက်သော တစ်ခုထက်ပိုသောလမ်းကြောများအတွက်
နမူနာပုံစံ




Fig: Example of Curved, Multi-lanes separated by Divider

ပုံ - <u>လမ်းလယ်ပိုင်းခြားသည့်အရာဖြင့် ပိုင်းခြားထားသည့်ကွေ့ကောက်သော</u>
<u>တစ်ခုထက်ပိုသော</u> လမ်းကြောများအတွက်နမူနာပုံစံ

(ခ) ကြမ်းပြင် မြေပြင်ညီများရှိ ဆင်ခြေလျှောအဆင့်များ၏ လုံလောက်သော ပြေပြစ်မှုရှိခြင်းကို စီစဉ်ထားရှိရမည်။ ယင်းသို့ပြေပြစ်မှုရှိရန် ဆင်ခြေလျှောလမ်းများ၏ လမ်းတစ်ဝက်၌ ၉ ပေ မှ ၁၂ ပေ ရှည်သောအဖြောင့် ဆင်ခြေလျှောကို စီစဉ်ပေးခြင်းဖြင့် ဖြစ်နိုင်ပါသည်။

(ဂ) မြေပြင်ညီတစ်ခုအတွက် နှစ်လမ်းသွားဖြစ်သော တောက်လျှောက်မောင်း ဆင်ခြေလျှောလမ်းများနှင့် အဝင်လမ်းများတွင် လမ်းလယ်ပိုင်းခြားထားသည့်အရာများ (မြှင့်တင်ထားသည့် စီထားသောအုတ်များ၊ ကွန်ကရစ်တုံးများစသည်တို့ကို) အသုံးပြုမည်ဆိုပါက အထက်ဖော်ပြပါပုံများအရ ယာဉ်မောင်းလမ်းအထက် အနည်းဆုံး ၉ လက်မ အမြင့်နှင့် မြင်သာစွာ ခွဲခြားထားရှိရမည်။

(ဃ) အောက်တွင်ဖော်ပြထားသော အလျှောအစောက်များနှင့် ၁၆၀ ပေ ရှိသော ဆင်ခြေလျှော လမ်းပြီးနောက် အနည်းဆုံး ၃၀ ပေ ရှည်သော မြေပြင်ညီဧရိယာ (Straight Landing) ရှိရမည်။




Fig: Transition at the start & end of curved ramp

**ပုံ - ကွေ့ကောက်သောဆင်ခြေလျှော၏ အစနှင့်အဆုံး၌အကူးအပြောင်း**

### ၂.၁၁.၆.၃ ယာဉ်အမိုးနှင့်လွတ်သည့် အနည်းဆုံးအမြင့်

ယာဉ်ရပ်နားရန်နေရာအတွက် ယာဉ်အမိုးအလွတ်အမြင့်သည် ၇ ပေ ၃ လက်မ အောက် မနည်းရ။ အဆောက်အအုံများသို့ဝင်သည့်နေရာ (Entering point) ရှိ ဆင်ခြေလျှော လမ်း များ၏ ယာဉ်အမိုးနှင့် လွတ်သည့် အမြင့်သည် ၇ ပေ ၆ လက်မ အောက် မနည်းရ။




Fig: Minimum headroom clearance

**ပုံ ယာဉ်အမိုးနှင့်လွတ်သည့်အနည်းဆုံးအမြင့်အတိုင်းအတာ**

**၂.၁၁.၆.၄ ယာဉ်ကြီး (heavy vehicle) အတွက်ယာဉ်ရပ်နားရန်နေရာများ**

ယာဉ်ကြီးများတွင် ကုန်တင်ကား၊ နောက်တွဲယာဉ်များ၊ ကုန်သေတ္တာများ၊ အဝေးပြေးဘတ်စ်ကားများနှင့် အခြားသောအလားတူ ကုန်သွယ်မှုဆိုင်ရာ ယာဉ်များပါဝင်သည်။ ယင်းတို့ကို အမျိုးအစား ၃မျိုး ခွဲခြားထားသည်–

(က) အရှည် ၂၅’–၀” အောက်ရှိ အောက်ခံဘောင် ခိုင်မာသောယာဉ်များ၊

(ခ) အရှည် ၂၅’–၀” နှင့် အထက်ရှိ အောက်ခံဘောင် ခိုင်မာသောယာဉ်များ၊

(ဂ) ၂၀’၊ ၄၀’ နှင့် ၄၅’ ရှိ prime movers ကဲ့သို့သော ယာဉ်တွဲများ။

**ဇယား၂.၁၁.၃ ယာဉ်ကြီးများရပ်နားရန်အတွက် လိုအပ်သောအနည်းဆုံးအတိုင်းအတာများ**

<table>
<tr><th>အမျိုးအစားများ<br>(Item)</th><th colspan="2">အရှည်၂၅’<br>အောက်ရှိအောက်ခံဘောင်ခိုင်မာသည့်ယာဉ်များ</th><th colspan="2">အရှည်၂၅’ နှင့်<br>အထက်ရှိအောက်ခံဘောင်ခိုင်မာသည့်ယာဉ်များ</th><th colspan="2">၂၀’ ၄၀’ နှင့် ၄၅’ ရှိ prime movers ကဲ့သို့သော ယာဉ်များ</th></tr>
<tr><td>ယာဉ်ရပ်နားရန်အကန့်၏ အတိုင်းအတာ<br>မျဉ်းပြိုင်ယာဉ်ရပ်နားရန် နေရာ<br>တစ်စောင်းယာဉ်ရပ်နား ရန် နေရာ</td><td colspan="2">၃၀’–၆”×၁၀’–၀”<br>၂၅’–၀”×၁၀’–၀”</td><td colspan="2">၄၆’–၀”×၁၁’–၀”<br>၄၀’–၀”×၁၁’–၀”</td><td colspan="2">၆၃’–၀”×၁၁’–၀”<br>၄၆’–၀”×၁၁’–၀”</td></tr>
<tr><td>ယာဉ်ရပ်နားရန်အကန့် များအကြားရှိ မင်းလမ်း၏</td><td>၁လမ်း သွား</td><td>၂လမ်း သွား</td><td>၁လမ်း သွား</td><td>၂လမ်း သွား</td><td>၁လမ်း သွား</td><td>၂လမ်း သွား</td></tr>
</table>

| **အမျိုးအစားများ (Item)** | **အရှည်၂၅' အောက်ရှိအောက်ခံ ဘောင်နိုင်မာသည့် ယာဉ်များ** | | **အရှည်၂၅' နှင့် အထက်ရှိအောက်ခံ ဘောင်နိုင်မာသည့် ယာဉ်များ** | | **၂၀' ၄၀' နှင့် ၄၅' ရှိ prime movers ကဲ့သို့သော ယာဉ်များ** | |
|---|---|---|---|---|---|---|
| အကျယ် | | | | | | ၂၄'-၀" |
| မျဉ်းပြိုင်ယာဉ်ရပ်နားရန် | ၁၂'-၀" | ၂၄'-၀" | ၁၅'-၀" | ၂၄'-၀" | ၁၅'-၀" | ၂၄'-၀" |
| ၃၀ဒီဂရီယာဉ်ရပ်နားရန်နေရာ | ၁၂'-၀" | ၂၄'-၀" | ၁၅'-၀" | ၂၄'-၀" | ၂၂'-၀" | ၃၂'-၀" |
| ၄၅ဒီဂရီယာဉ်ရပ်နားရန်နေရာ | ၁၆'-၀" | ၂၄'-၀" | ၁၈'-၀" | ၂၄'-၀" | ၃၂'-၀" | ၃၆'-၀" |
| ၆၀ဒီဂရီယာဉ်ရပ်နားရန်နေရာ | ၂၀'-၀" | ၂၄'-၀" | ၂၂'-၀" | ၂၄'-၀" | ၃၆'-၀" | ၄၀'-၀" |
| ၉၀ဒီဂရီယာဉ်ရပ်နားရန်နေရာ | ၃၀'-၀" | ၃၀'-၀" | ၃၆'-၀" | ၃၆'-၀" | ၄၀'-၀" | |
| လမ်းကြောတစ်ခုအတွက်တောက်လျှောက်မောင်းအဝင်လမ်းအကျယ် | ၁လမ်းသွား | ၂လမ်းသွား | ၁လမ်းသွား | ၂လမ်းသွား | ၁လမ်းသွား | ၂လမ်း သွား |
| – အဖြောင့်ဆင်ခြေလျှော | ၁၅'-၀" | ၂၄'-၀" | ၁၅'-၀" | ၂၄'-၀" | ၁၅'-၀" | ၂၄'-၀" |
| – အကွေ့အကောက်ဆင်ခြေလျှော | ၁၅'-၀" | ၂၅'-၀" | ၁၅'-၀" | ၂၅'-၀" | ၁၅'-၀" | ၃၀'-၀" ၂၀ပေ အတွက်၆မီတာ |
| အကွေ့အကောက်လမ်း၏ အတွင်းပတ်လမ်း အချင်းဝက် | ၂၀'-၀" | | ၂၀'-၀" | | ၂၀'-၀" | |
| ဆင်ခြေလျှောလမ်း၏ အများဆုံးလျှောစောက် – အဖြောင့်ဆင်ခြေလျှော – အကွေ့အကောက် | ၁:၁၂သို့မဟုတ် ၈.၃% | | ၁:၁၂ သို့မဟုတ် ၈.၃% | | ၁:၁၅ သို့မဟုတ် ၆.၇% ၁:၂၀ သို့မဟုတ် ၅% | |

| အမျိုးအစားများ (Item) | အရှည်၂၅' အောက်ရှိအောက်ခံ ဘောင်နိုင်မာသည့် ယာဉ်များ | အရှည်၂၅' နှင့် အထက်ရှိအောက်ခံ ဘောင်နိုင်မာသည့် ယာဉ်များ | ၂၀' ၄၀' နှင့် ၄၅' ရှိ prime movers ကဲ့သို့သော ယာဉ်များ |
|---|---|---|---|
| ဆင်ခြေလျှော | ၁:၁၅သို့မဟုတ် ၆.၇% | ၁:၁၅ သို့မဟုတ် ၆.၇% | |
| ယာဉ်အမိုးနှင့်လွတ်နိုင်သည့် အမြင့် | ၁၄'-၀" | ၁၄'-၀" Exclude double decker(နှစ်ထပ်ယာဉ် မပါဝင်ပါ) | ၁၅'-၀"၊၁၆'-၀" At ramp (ဆင်ခြေလျှောနေရာ တွင်) |

**၂.၁၁.၆.၅ မော်တော်ဆိုင်ကယ်ရပ်နားရန်နေရာ**

ယာဉ်ရပ်နားရန် နေရာအတွင်း အသုံးပြုနိုင်သောမည်သည့် နေရာတွင်မဆို မော်တော်ဆိုင်ကယ်ရပ်နားရန် အကန့်ကို စီစဉ်ထားရှိပေးနိုင်ပြီး ယာဉ်ရပ်နားရန် အကန့်များသည် အခြားယာဉ်များနှင့် လမ်းသွားလမ်းလာများ၏ သွားလာမှုကိုအဟန့်အတား မဖြစ်စေသင့်ပါ။ မော်တော်ဆိုင်ကယ်ရပ်နားရန် အကန့်၏ အနည်းဆုံးအတိုင်းအတာသည် ၃ပေ× ၈ပေ ဖြစ်ရမည်။



Fig: Example of motor-cycle stalls

**ပုံ - မော်တော်ဆိုင်ကယ်ရပ်နားရန် နေရာအကန့်များနမူနာပုံစံ**

### ၂.၁၁.၆.၆ ယာဉ်ရပ်နားရန် ဆင်ခြေလျှော

ယာဉ်ရပ်နားရန်ဆင်ခြေလျှောဆိုသည်မှာ ဆင်ခြေလျှောတွင် ယာဉ်ရပ်နားရန် အကန့်များ ပါဝင်သော လမ်းကြောင်းဖြစ်ပြီး ယင်းတို့၏ လျှောစောက်များသည် ၁:၂၅ (၄ ရာခိုင်နှုန်း) (ပို၍သင့်လျော်) နှင့် ၁:၂၀ (၅ ရာခိုင်နှုန်း) (အများဆုံး) ဖြစ်သည်။




Fig: Example of parking ramp

**ပုံ - ယာဉ်ရပ်နားရန်ဆင်ခြေလျှော နမူနာပုံစံ**

### ၂.၁၁.၆.၇ ကောင်းမွန်သောလက်တွေ့လုပ်ဆောင်ချက်

လုံလောက်သော အမြင်အကွာအဝေးထားရှိခြင်း လက်ရှိယာဉ်လမ်းကြောင်းများ အတွက် ယာဉ်မောင်းများ၏ မြင်ကွင်းလုံလောက်စွာရရှိရန်၊ အခြားယာဉ်လမ်းကြောင်း သို့မဟုတ်လမ်းဖြတ်ကူးလာသော ခြေကျင်သွားသူများကို မြင်သာရန် လုံလောက်သော အမြင်အကွာအဝေး သို့မဟုတ်စောင်းသတ်ထားသော ထောင့် ချိုးများကို ထားရှိရမည်။

မြင်ကွင်းတြိဂံအတွင်း မည်သည့်ဆိုင်းဘုတ်၊ နံရံနှင့်အခြားမြင်ကွင်းကိုပိတ်ဆို့သော အတားအဆီးများ မထားရှိရ။

မမြင်ကွယ်ရာနေရာများနှင့် အဆောက်အဦထောင့်စွန်းများ၌ ယာဉ်ကြည့်မှန်အခုံး များကို သင့်လျော်စွာ ထားရှိရမည်။




Fig: Improve visibility at car-park exit

**ပုံ - ယာဉ်ရပ်နားရာမှပြန်လည်ထွက်ခွာသည့် ထွက်ပေါက်တွင်မြင်ကွင်းပိုမိုရှင်းလင်းစေသည့်ပုံစံ**




Fig: Improve visibility where there are walls

**ပုံ - နံရံများရှိသောနေရာများတွင် မြင်ကွင်းပိုမိုရှင်းလင်းစေသည့်ပုံစံ**

**၂.၁၁.၆.၈ အဆောက်အအုံအမျိုးအစား**

မြို့ကြီး သို့မဟုတ် မြို့များတွင် ယာဉ်ရပ်နားရန်အတွက် သတ်မှတ်နေရာချထားမှုကို သက်ဆိုင်ရာမြို့များ၏ အာဏာပိုင်အဖွဲ့မှ သတ်မှတ်ထားရှိရမည်။ ထိုယာဉ်ရပ်နားရန် သတ်မှတ်နေရာချထားမှုသည် မြို့အသီးသီး၏ အများပြည်သူပို့ဆောင်ဆက်သွယ်ရေးစနစ်နှင့် စီမံထိန်းချုပ်မှုတို့အပေါ် မူတည်၍ အမျိုးမျိုးကွဲပြားနိုင်သည်။

မှတ်ချက်။ ။ အောက်ဖော်ပြပါ ယာဉ်ရပ်နားရန် သတ်မှတ်နေရာချထားမှုသည် ၂၀၁၂ ခုနှစ် ရန်ကုန်မြို့ အခြေအနေအရ ထောက်ခံထားခြင်းဖြစ်သည်။

(က) အထပ်များစွာရှိသော လူနေထိုင်သည့် တိုက်ခန်းများနှင့် မြို့ပြလူနေထိုင်ရာ ဧရိယာများတွင် လူနေထိုင်သည့် ယူနစ်တစ်ခု (R 1)အတွက် အနည်းဆုံးယာဉ်ရပ်နားရန်နေရာတစ်ခုရှိသင့်ပြီး ဝန်ဆောင်မှုပေးသည့် တိုက်ခန်းများ (Service apartment – R 6) အတွက်မူ ယူနစ်နှစ်ခုအတွက် ကားရပ်နားရန်နေရာတစ်ခု ထားရှိသင့်သည်။ ထို့ပြင်ယာဉ်ရပ်နားရန် ကွက်လပ်များအဖြစ် သို့မဟုတ် ကားဂိုဒေါင်ရုံများနှင့် သီးခြား စီစဉ်ထားရှိသင့်သည့် သို့မဟုတ် ဒေသဆိုင်ရာအစိုးရများ၊ သက်ဆိုင်ရာမြို့များနှင့် ဒေသများ၏ သက်ဆိုင်ရာအာဏာပိုင်များက သတ်မှတ်ထားသည့်အတိုင်း စီစဉ်ထားသင့်သည်။ လမ်းမနှင့် ယာဉ်ရပ်နားရန်ဧရိယာများကို ဤလမ်းညွှန်ချက်၏ အပိုဒ်၂.၁၁.၆ တွင် သတ်မှတ်ထားသည့်အတိုင်း ပြုလုပ်ရမည်ဖြစ်ပြီး ကစားရန်နှင့် စိမ်းလန်းဧရိယာများအဖြစ် ရေတွက်ခြင်းမပြုရပါ။

(ခ) ဆိုင်မျိုးစုံရှိရာဈေးရုံ (Shopping Center) များအတွက် ရောင်းချခြင်း ကြမ်းခင်းဧရိယာ (Sale Floor Area) ၁၀၀၀ စတုရန်းပေအတွက် ယာဉ်ရပ်နားရန် ကွက်လပ်များအဖြစ် သို့မဟုတ် နေရာများအဖြစ် သီးခြားစီစဉ်ထားရှိသည့် ယာဉ်ရပ်နားရန်နေရာ အနည်းဆုံးတစ်ခုရှိရမည် သို့မဟုတ် ဒေသဆိုင်ရာအစိုးရများ၊ သက်ဆိုင်ရာမြို့များနှင့် ဒေသများ၏ သက်ဆိုင်ရာအာဏာပိုင်များက သတ်မှတ်ထားသည့်အတိုင်း စီစဉ်ထားသင့်သည်။

(ဂ) မြို့ပြဧရိယာများရှိရုံးများတွင် အလုပ်သမား ၁၀ ဦးအတွက် ယာဉ်ရပ်နားရန် ကွက်လပ်များအဖြစ် သို့မဟုတ် ယာဉ်ရပ်နားရန်နေရာများအဖြစ် သီးခြားစီစဉ်ထားရှိသည့် ယာဉ်ရပ်နားရန်နေရာ အနည်းဆုံးတစ်ခုရှိသင့်သည်၊ သို့မဟုတ် ဒေသဆိုင်ရာအစိုးရများနှင့် သက်ဆိုင်ရာမြို့များနှင့်ဒေသများ၏ သက်ဆိုင်ရာအာဏာပိုင်များက သတ်မှတ်ထားသည့်အတိုင်း စီစဉ်ထားသင့်သည်။

(ဃ) ဘဏ်များ၊ စားသောက်ဆိုင်များ၊ ကလပ်များ (Club)၊ ဟိုတယ်များ စသည်တို့ကဲ့သို့သော အခြားသော ကုန်သွယ်မှုဆိုင်ရာ အဆောက်အအုံများအတွက် စီမံကိန်းနှင့် အဆောက်အအုံ ခွင့်ပြုချက်နှင့်အတူ ယာဉ်ရပ်နားရန် နေရာလိုအပ်ချက်များအတွက် ဖြည့်စွက်တွက်ချက်မှုကို တင်ပြရမည်။

### ၂.၁၁.၇ အပန်းဖြေနားနေရန်ဧရိယာ

ဤအပိုဒ်ခွဲကို နောင်တွင် ဖြည့်စွက်ဖော်ပြမည်ဖြစ်သည်။

## ၂.၁၂ စိမ်းလန်းမှုဆိုင်ရာအဆောက်အအုံ

### ၂.၁၂.၁ နိဒါန်း

စိမ်းလန်းမှုနှင့် ရေရှည်တည်တံ့မှုကို ရှေးရှုသည့် အဆောက်အအုံများသည် ပတ်ဝန်းကျင်ကို ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ဒီဇိုင်းပုံစံထုတ်လုပ်၍ တည်ဆောက်ခြင်းကို ရည်ညွှန်းခြင်းဖြစ်ပါ သည်။

အခန်း ၂.၁၂ ၏ ရည်ရွယ်ချက်မှာ အဆောက်အအုံများတွင် စွမ်းအင်ကို ထိရောက်အကျိုးရှိစွာ အသုံးချခြင်းနှင့် စိမ်းလန်းမှုဆိုင်ရာ အဆောက်အအုံများနှင့် သက်ဆိုင်သော စံသတ်မှတ်ချက်များကို မြှင့်တင်ပေးသည့် အနည်းဆုံးဒီဇိုင်း လိုအပ်ချက်များကို ပြဋ္ဌာန်းရန်ဖြစ်သည်။ လုံလောက်သော အပူဒဏ်ခံနိုင်မှု (thermal resistance)နှင့် လေယိုစိမ့်မှုနည်းသော အဆောက်အအုံ အပြင်ပိုင်း အကာအရံများအတွက် ရည်ရွယ်ခြင်းဖြစ်ပြီး စက်မှုနည်းပညာနှင့်ဆိုင်သော ရေအပူပေးခြင်း၊ ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှင့် မြေအောက်ရေတူးဖော်ရေးအစီအစဉ်များ၊ လျှပ်စစ်စွမ်းအင်၊ ရေနှင့်စွမ်းအင် အရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုခြင်း၊ သဘာဝအလင်းရောင်ရရှိရေးနှင့် လေဝင်လေထွက်ကောင်းမွန်ရေးတို့အတွက် ဒီဇိုင်းရေးဆွဲခြင်းနှင့် အဆောက်အအုံပစ္စည်းများ မှန်ကန်စွာ ရွေးချယ်ရွေးချယ်နိုင်ရေး စသည်တို့ကို ရည်ရွယ်ထားခြင်းဖြစ်သည်။

ဤအခန်းတွင် မြန်မာနိုင်ငံရှိ ရာသီဥတုဥတုအတွက် တည်ဆောက်မှု ပတ်ဝန်းကျင်ကြောင့် လူသားများ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို အလုံးစုံထိခိုက်စေမှုကို လျော့ချရန် လိုက်နာရသည့် စိမ်းလန်းမှုဆိုင်ရာ အဆောက်အအုံဒီဇိုင်းနှင့် တည်ဆောက်ပုံနည်းစနစ်တို့တွင် အောက်ဖော်ပြပါ စံသတ်မှတ်ချက်များပါဝင်မည် ဖြစ်ပါသည်။

## ၂.၁၂.၂ မြန်မာနိုင်ငံ စိမ်းလန်းမှုဆိုင်ရာ အဆောက်အအုံများအတွက် စံသတ်မှတ်ချက်များ

ယေဘုယျအားဖြင့် လူ့အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ လူတစ်ဦးတစ်ယောက်အတွက်သော်လည်းကောင်း နေထိုင်မှုဘဝပတ်ဝန်းကျင်ကို ပုံဖော်ဖန်တီးသည့် ဗိသုကာပညာရပ်အပေါ်တွင် မြို့ပြထွန်းကားမှု၊ စက်မှုလုပ်ငန်းများ တိုးတက်ထွန်းကားမှု၊ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှု စသည်တို့က များစွာလွှမ်းမိုးမှုရှိသည်။

ဤအခန်း၌ လူအများအတွက် ရေရှည်တည်တံ့သည့် တည်ဆောက်မှု ပတ်ဝန်းကျင်ကိုဒီဇိုင်းပုံစံထုတ်လုပ်ရာတွင် လူ့အဖွဲ့အစည်းများနှင့် အထူးသဖြင့် ဗိသုကာအင်ဂျင်နီယာများအနေဖြင့်အနာဂတ်ဖွံ့ဖြိုးမှုတွင်ပါဝင်သည့် စိမ်းလန်းမှုဆိုင်ရာအဆောက်အအုံများနှင့် အကောင်အထည်ဖော်မှုလုပ်ငန်းစဉ် ဆောင်ရွက်မှုအနေဖြင့် စိမ်းလန်းမှုဆိုင်ရာ အဆောက်အအုံများအတွက် စံသတ်မှတ်ချက်များကို ပြဋ္ဌာန်းခြင်း ဖြစ်သည်။

### ၂.၁၂.၂.၁ ရည်ရွယ်ချက်

**၂.၁၂.၂.၁.၁** မြန်မာနိုင်ငံစိမ်းလန်းမှုဆိုင်ရာ အဆောက်အအုံများအတွက် စံသတ်မှတ်ချက်များသည် ရေရှည်တည်တံ့သည့် တည်ဆောက်မှုပတ်ဝန်းကျင်နှင့် မြေခင်းစီမံမှုကို ပုံဖော်မြှင့်တင်ရန်အတွက်လည်းကောင်း၊ အခန်းတွင်းပတ်ဝန်းကျင်အခြေအနေ အရည်အသွေးပိုမိုကောင်းမွန်စေရန်အတွက်လည်းကောင်း၊ စွမ်းအင်နှင့် သဘာဝအရင်းအမြစ်များထိရောက်စွာ အသုံးချခြင်းဖြင့် လူ့အဖွဲ့အစည်းအတွက် ခေတ်သစ်ဗိသုကာပညာရပ်ကိုအခြေခံသည့် အနာဂတ်အမြင်ကို ဖော်ဆောင်သော အသွင်လက္ခဏာများ ပါဝင်ရန်ဖြစ်သည်။

**၂.၁၂.၂.၁.၂** ဤစံသတ်မှတ်ချက်များကို အောက်ပါရည်ရွယ်ချက်များအရ ပြဋ္ဌာန်းထားပါသည်။

- သုတေသန၊ ဖွံ့ဖြိုးရေးနှင့် ဒီဇိုင်းလုပ်ငန်းများကို စိမ်းလန်းမှုဆိုင်ရာ အဆောက်အအုံအခြေခံသဘောတရားများအရ ဆောင်ရွက်ရန်။
- ဗိသုကာများ၊ အင်ဂျင်နီယာများ၊ လူ့အဖွဲ့အစည်းများကို စိမ်းလန်းမှုဆိုင်ရာ အဆောက်အအုံနှင့် သက်ဆိုင်သော သင်တန်းများပို့ချရန်။
- စိမ်းလန်းမှုဆိုင်ရာ အဆောက်အအုံများ ပေါ်ပေါက်ရေးအတွက် မိတ်ဆက်ခြင်းနှင့် မြှင့်တင်ခြင်း။
- စိမ်းလန်းမှုဆိုင်ရာ အဆောက်အအုံအခြေခံသဘောတရားများအတွက် အတိုင်ပင်ခံလုပ်ငန်းများနှင့် လူမှုရေးဆိုင်ရာရှုထောင့်မှ ဝေဖန်မှုများကို ဖိတ်ခေါ်ခြင်း။

- စိမ်းလန်းမှုဆိုင်ရာ အဆောက်အအုံများ ဒီဇိုင်းပုံစံထုတ်လုပ်မှုအပေါ် အကဲဖြတ်ခြင်းနှင့် ယင်းပုံစံ အကဲဖြတ်မှုတွင်ပါဝင်သည့် ဗိသုကာများ၊ အင်ဂျင်နီယာများနှင့် လုပ်ငန်းရှင်များကို အားပေးဂုဏ်ပြုခြင်း။

**၂.၁၂.၂.၂ အသုံးချမှုဆိုင်ရာ ရည်ရွယ်ချက်၊ နယ်ပယ်နှင့် လိုအပ်ချက်များ**

**၂.၁၂.၂.၂.၁** စိမ်းလန်းမှုဆိုင်ရာ အဆောက်အအုံစံသတ်မှတ်ချက်များသည် အောက်ဖော်ပြပါများတွင် အသုံးပြုရန် ဖြစ်သည်။

- အဆောက်အအုံများနှင့် မြို့ပြဧရိယာများ ဆောက်လုပ်ရန်၊ ပြန်လည်ပြုပြင်ရန်၊ အဆင့်မြှင့်တင်ရန် သို့မဟုတ် ပြန်လည်ထူထောင်ရန်။

- အရည်အချင်းပြည့်ဝသော အဖွဲ့အစည်းများမှ အတည်ပြုချက်ရရှိပြီး တည်ဆောက်ပြီး သို့မဟုတ် တည်ဆောက်ဆဲလုပ်ငန်းများ၏ ဗိသုကာဒီဇိုင်းနှင့် မြို့ပြနှင့်ကျေးလက် စီမံကိန်းများရေးဆွဲခြင်း။

- အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်ချက်အဆင့်ကို သတ်မှတ်ရာတွင် လိုက်လျောညီထွေဖြစ်သည့် နည်းလမ်းများကို ဤလမ်းညွှန်ချက်တွင် ထည့်သွင်းရန်။

**၂.၁၂.၂.၃ စံသတ်မှတ်ချက် (၅) ရပ်**

(၁) ရေရှည်တည်တံ့နိုင်မည့် ဆောက်လုပ်မည့်နေရာ

(၂) စွမ်းအင်၊ ရေနှင့်သဘာဝအရင်းအမြစ်များကို ထိရောက်စွာသုံးစွဲခြင်းအတွက်စီမံခန့်ခွဲခြင်း

(၃) အခန်းတွင်းပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေနှင့် အသုံးပြုသောပစ္စည်းများ

(၄) ဆန်းသစ်တီထွင်မှုရှိသည့် ဗိသုကာပညာနှင့် အသွင်လက္ခဏာ

(၅) လူ့အဖွဲ့အစည်းများအတွက် လူမှုရေးဆိုင်ရာ ရေရှည်တည်တံ့မှုနှင့် လူသားချင်းစာနာမှု

**၂.၁၂.၂.၃.၁ စံသတ်မှတ်ချက် (၁) ရေရှည်တည်တံ့နိုင်မည့် ဆောက်လုပ်မည့်နေရာ**

ရည်ရွယ်ချက်။ ရေရှည်တည်တံ့သည့် မြေခင်းစီမံမှုနှင့် လိုက်လျောညီထွေ ရှိစေမည့် ပုံသဏ္ဌာန်ဖော်ဆောင်ရန်၊ လူသားများနေထိုင်သည့် ပတ်ဝန်းကျင်အတွက် အဆောက်အအုံ ပတ်ဝန်းကျင်တွင် ဆိုးကျိုးသက်ရောက်မှု အနည်းဆုံးဖြစ်စေပြီး သဘာဝမှပေးသော ကောင်းမွန် သည့် အခြေအနေများကို အပြည့်အဝ အသုံးချနိုင်ရန်။

### ၂.၁၂.၂.၃.၁.၁ တည်ဆောက်မည့် နေရာသည် လက်ရှိ စီမံကိန်းနှင့်အညီဖြစ်ရမည်

- တည်ဆောက်မည့်နေရာသည် နေရာဒေသနှင့်ဆိုင်သော စီမံကိန်း (spatial planning) အရ အတည်ပြုထားသည့်နေရာတွင် တည်ရှိရမည်။ နေရာ အကျယ်အဝန်းသည် အသုံးပြုမည့် အဆောက်အအုံ၏ အသုံးပြုမှုနှင့် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ဖွံ့ဖြိုးတိုးတက်မှု စသည်တို့အတွက် လျာထားသည့် အဆောက်အအုံ၏ ရည်ရွယ်ချက်များနှင့် ကိုက်ညီရန်လိုအပ်သည်။
- ဆောက်လုပ်မည့်နေရာသည် လွယ်ကူစွာ သွားလာနိုင်ရေး၊ စွမ်းအင်၊ ရေရရှိမှု၊ ဆက်သွယ်ရေးကောင်းမွန်မှုများ စသည်တို့ အဆင်ပြေချောမွေ့မှုရှိရမည်။
- ဆောက်လုပ်မည့်နေရာသည် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာစည်းမျဉ်းများနှင့် အခြားဆက်နွယ်သည့် စီမံခန့်ခွဲရေးမူဝါဒများအရ ချမှတ်ထားသော စီမံကိန်း၊ စီမံခန့်ခွဲမှု၊ ထိန်းသိမ်းရေးဇုန်နှင့် ကြားခံနယ်မြေများ ထားရှိရန် လိုအပ်ချက်များနှင့် ကိုက်ညီရမည်။

### ၂.၁၂.၂.၃.၁.၂ ပတ်ဝန်းကျင် ထိန်းသိမ်းခြင်းနှင့် သဘာဝ မြေခင်းစီမံမှု

- ဂေဟစနစ်များနှင့် သဘာဝမြေခင်းစီမံမှုများကို ထိန်းသိမ်းကာကွယ် စောင့်ရှောက် ခြင်း

  (က) အဆောက်အအုံများသည် ပတ်ဝန်းကျင်နှင့် အနီးပတ်ဝန်းကျင်ရှိ အဆောက်အအုံများကို ညစ်ညမ်းမှု မဖြစ်စေရ။

  (ခ) အဆောက်အအုံများသည် ဆောက်လုပ်မည့်နေရာ၏ မြေမျက်နှာပြင်၊ မြေအနေအထား အနိမ့်အမြင့်၊ ဂေဟစနစ်များ၊ သဘာဝမြေခင်း စီမံမှုများကို အလွန်အကျွံ ပြောင်းလဲမှု မဖြစ်စေရ။
- အဆောက်အအုံများ တည်ဆောက်ဆဲကာလတွင် အနီးပတ်ဝန်းကျင်နေရာများသို့ ဆောက်လုပ်ရေးလုပ်ငန်းကြောင့် ဖြစ်ပေါ်လာသော ညစ်ညမ်းခြင်း သို့မဟုတ် ညစ်ညမ်းမှု အစုအပုံများကို စောင့်ကြည့်ထိန်းချုပ်ခြင်းပြုရန် လေးနက်စွာ အကြံပြုထောက်ခံပါသည်။

### ၂.၁၂.၂.၃.၁.၃ ရာသီဥတု ပြောင်းလဲမှုဒဏ်ခံနိုင်မှုနှင့် သဘာဝဘေးအန္တရာယ်များကို ကာကွယ်ခြင်းနှင့် လျှော့ချခြင်း

ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များ (ရေကြီးခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်း၊ ငလျင်၊ လေပြင်းတိုက်ခတ်မှုစသည်ဖြင့်) ကြောင့် ပျက်စီးဆုံးရှုံးမှုကို အနည်းဆုံး

ဖြစ်စေရန်အတွက် အဖြေရှာရာတွင် စီမံကိန်းဆိုင်ရာ၊ ဗိသုကာဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာတို့ဖြင့် တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။

**၂.၁၂.၂.၃.၁.၄ သဘာဝမြေခင်းစီမံမှုနှင့် လိုက်လျောညီထွေဖြစ်မှု**

နေရာဒေသနှင့်ဆိုင်သော စီမံကိန်းနှင့် ဗိသုကာဆိုင်ရာ ပုံစံထုတ်လုပ်ရန် အဖြေရှာရာတွင် သဘာဝမြေခင်းစီမံမှုနှင့် လိုက်လျောညီထွေဖြစ်သည်သာမက အရည်အသွေးပိုမိုကောင်းမွန်စေရန် မြှင့်တင်သင့်သည်။

**၂.၁၂.၂.၃.၁.၅ ပတ်ဝန်းကျင်နှင့်မြေခင်းစီမံမှုကိုပြန်လည်ထိန်းသိမ်းခြင်းနှင့်တိုးတက်စေခြင်း**

စိမ်းလန်းဧရိယာ၊ ရေထု၊ ဗိသုကာ၊ ဆောက်လုပ်ခြင်းနည်းပညာတို့နှင့် သက်ဆိုင်သော မြေခင်းစီမံမှုဒီဇိုင်းပုံစံကို အဖြေရှာခြင်းအားဖြင့် သတ်မှတ်ထားသည့်နေရာ၏ ရာသီဥတုအခြေအနေကို ပိုမိုကောင်းမွန်၍ ပြန်လည်ထိန်းသိမ်းရာ ရောက်သည့်အပြင် ဒေသဆိုင်ရာသဘာဝမြေခင်းစီမံမှုကိုလည်း ပိုမိုသာယာလှပစေသည်။

**၂.၁၂.၂.၃.၁.၆ လျှပ်စစ်ယာဉ် အားသွင်းရန် နေရာများ**

အသုံးပြုမှု အုပ်စု A,B,E,F,I,M နှင့် S အဆောက်အအုံများအတွက် **၂၀** စီး သို့မဟုတ် ထက်ပိုသော ကားရပ်နားရန်နေရာများထားရှိပါက စုစုပေါင်းကားရပ်နားရန် နေရာအရေအတွက်၏ ၁ ရာခိုင်နှုန်းအောက် မနည်းသည့် လျှပ်စစ်ယာဉ်များ အားသွင်းရန် အဆင်သင့်ဖြစ်စေရမည်။ အသုံးပြုမှုအုပ်စု R-1,R-2နှင့် R-4 အဆောက်အအုံများအတွက် ၁၀ စီး သို့မဟုတ် ထက်ပိုသော ကားရပ်နားရန်နေရာများထားရှိပါက စုစုပေါင်း ကားရပ်နားရန် နေရာအရေအတွက်၏ ၅ ရာခိုင်နှုန်း အောက်မနည်းသည့် လျှပ်စစ်ယာဉ် အားသွင်းရန် အဆင်သင့် ဖြစ်စေရမည်။ လျှပ်စစ်ယာဉ် အားသွင်းရန် အဆင်သင့်ဖြစ်စေရမည့် နေရာလိုအပ်ချက် တွက်ချက်ရာတွင် ကိန်းပြည့် မဟုတ်သော အစွန်းထွက်တန်ဖိုးများ ရလာပါက ပိုမြင့်သော အနီးစပ်ဆုံးကိန်းပြည့်ကို ယူ၍ တွက်ချက်ရမည်။

ခြွင်းချက်။ စုစုပေါင်း ကားရပ်နားရန်နေရာအရေအတွက်တွက်ချက်ရာတွင် ခရီးသည်တင်ယာဉ်မဟုတ်သော ယာဉ်များအတွက် ထားရှိသော ရပ်နားရန်နေရာများကို ချန်လှပ်ထားနိုင်သည်။

ကိုးကားစာရင်း

- IBC-2024 Chapter 4

- MNBC 2025 Part 5B.10.10

- International Green Construction Code (IGCC- 2024)

**၂.၁၂.၂.၃.၂ စံသတ်မှတ်ချက် (၂) စွမ်းအင်၊ ရေနှင့် သဘာဝ အရင်းအမြစ်များကို ထိရောက်စွာ သုံးစွဲခြင်းအတွက် စီမံခန့်ခွဲခြင်း**

ရည်ရွယ်ချက်။ စိမ်းလန်းမှုဆိုင်ရာ အဆောက်အအုံများအတွက် သဘာဝ အရင်းအမြစ်များနှင့်စွမ်းအင်များကို ထိန်းသိမ်းရန်နှင့် ပိုမိုအကျိုးရှိစေရန်၊ သဘာဝ ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချစေရန်နှင့် ရေ၊ မြေ၊ စွမ်းအင်၊ ပစ္စည်းများ စသည်တို့ကဲ့သို့သော သဘာဝအရင်းအမြစ်များကို အသုံးပြုပြီး ဖန်လုံအိမ်အာနိသင် အကျိုးသက်ရောက်မှုကိုလျှော့ချရန်။

**၂.၁၂.၂.၃.၂.၁ တည်ဆောက်မှုလုပ်ငန်းတွင် မြေအသုံး ချမှုချွေတာခြင်း**

- အဆောက်အအုံသိပ်သည်းမှုနှင့် မြေအသုံးချမှုအချိုးအစားကို တည်ဆောက်မည့် အဆောက်အအုံ၏ အသုံးချမှုရည်ရွယ်ချက်အတိုင်း မြေနယ်နမိတ်နှင့် ညီသည့်အပြင် နေရာ၏မြေခင်းစီမံမှု လိုအပ်ချက်နှင့်အညီ ဖြစ်စေရမည်။
- ဂေဟစနစ်ကို ထိန်းသိမ်းရန် အဆောက်အအုံတည်ဆောက်ရာတွင် စိုက်ပျိုးမြေ မဟုတ်သော မြေလွတ်မြေရိုင်းများကို အသုံးပြုရမည်။
- အဆောက်အအုံတည်ဆောက်ရာတွင် စိမ်းလန်းဧရိယာနှင့် မြေအောက်နေရာများကို ဖန်တီးရန်နှင့် မြေအသုံးချမှု ချွေတာရန်တို့အတွက် ပိုမိုကောင်းမွန်သော ဖြေရှင်းမှုများ ရှိစေရန်။

**၂.၁၂.၂.၃.၂.၂ စွမ်းအင်ချွေတာခြင်းနှင့် စွမ်းအင် အကျိုးရှိစွာ အသုံးချခြင်း**

- စီမံကိန်းများ၊ ဗိသုကာ၊ တည်ဆောက်ရေးပစ္စည်းများ အသုံးပြုမှု၊ နည်းပညာများ အသုံးချမှုနှင့် ပစ္စည်းကိရိယာများ တပ်ဆင်အသုံးပြုရာတွင် စွမ်းအင်အကျိုးရှိစွာ အသုံးချနိုင်ရေး၊ စွမ်းအင်ကို ချွေတာခြင်းဖြင့် အဖြေရှာရမည်။ အထူးသဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို လက်ရှိအသုံးပြုလျှက်ရှိသော သက်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ ဒေသတွင်းမှ ထုတ်ယူသုံးစွဲရမည်။
- အဆောက်အအုံ ဝန်ဆောင်မှုစနစ်များ၏ စွမ်းအင်သုံးစွဲမှုကို လျှော့ချရာတွင် ထိန်းချုပ်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို စနစ်တကျ ပြုလုပ်ရမည်။

**၂.၁၂.၂.၃.၂.၃ အလင်းရောင်နှင့် လေဝင်လေထွက် ကောင်းမွန်လုံလောက်မှုနှင့် အကျိုးရှိစွာ အသုံးချမှု**

အလင်းရောင်နှင့်လေဝင်လေထွက် လုံလောက်ကောင်းမွန်ခြင်းနှင့် အကျိုးရှိစွာ အသုံးချခြင်းသည် အဆောက်အအုံအတွင်းရှိ နေထိုင်သူများ၏ ကျန်းမာရေးအတွက် ကောင်းမွန်စေနိုင်မည်ဖြစ်ရာ ယင်းကိစ္စရပ်တို့ကို အဆောက်အအုံစီမံကိန်းရေးဆွဲခြင်းမှ အစပြု၍ ဗိသုကာဒီဇိုင်း၊ ဆောက်လုပ်ရေးပစ္စည်းများသုံးစွဲမှုနှင့် နည်းပညာရပ်များ သုံးစွဲခြင်းနှင့် ပစ္စည်းများစနစ်တကျတပ်ဆင်ခြင်းစသည်တို့ဖြင့် အဖြေရှာဆောင်ရွက်ရမည် ဖြစ်သည်။ ထိုသို့ဆောင်ရွက်ပါက လေအေးပေးစက်နှင့် လျှပ်စစ်မီးအလင်းရောင်သုံးစွဲမှုကို လျှော့ချနိုင်စေမည် ဖြစ်သည်။

**၂.၁၂.၂.၃.၂.၄ ရေအကျိုးရှိစွာ အသုံးချမှု**

- သန့်ရှင်းသောရေသည် တန်ဖိုးရှိသော သဘာဝအရင်းအမြစ်ဖြစ်သည့် အားလျော်စွာ ယင်းကို လက်ရှိသင့်လျော်သော စံသတ်မှတ်ချက်များနှင့်အညီ ထိန်းသိမ်းထားရှိရမည်။
- ရေကို ထိန်းသိမ်းသိုလှောင်ခြင်းအတွက် အဖြေရှာခြင်းနှင့်ရေဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရန်ဆောင်ရွက်ခြင်း စသည်တို့ကို ပိုမိုတိုးတက်စေသင့်သည်။
- မိုးရေနှင့် စွန့်ပစ်ရေတို့ကို စုဆောင်းခြင်း၊ သန့်စင်ခြင်း၊ ပြန်လည်အသုံးပြုခြင်းများ ပြုလုပ်သင့်သည်။
- ရေအရင်းအမြစ်များသည် လူသားများ၏ ကျန်းမာရေးနှင့် သက်ရှိပတ်ဝန်းကျင်တို့အပေါ် ဆိုးကျိုးသက်ရောက်မှု မရှိစေဘဲ ဘေးကင်းလုံခြုံစေရမည်။

**၂.၁၂.၂.၃.၂.၅ ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသည့် အဆောက်အအုံပစ္စည်းများ သုံးစွဲမှု**

- အဆောက်အအုံသုံး ပစ္စည်းများသည် အန္တရာယ်ကင်းသော ပါဝင်ပစ္စည်းများနှင့် ဓါတ်ပစ္စည်းများထုတ်လွှတ်မှု (ရေဒီယိုသတ္တိကြွပစ္စည်းများ၊ ဓါတုပစ္စည်းများ၊ အငွေ့ပြန်လွယ်သော ဒြပ်ပေါင်းများ စသည်ဖြင့်) တို့ ကင်းရှင်းရမည်။
- ဒေသထွက်ပစ္စည်းများ အသုံးပြုခြင်းကို အားပေးခြင်းဖြင့် သဘာဝအရင်းအမြစ်များ ကုန်ခမ်းမှုကို လျော့နည်းစေသည့်အပြင် ယင်းတို့ကို ပြန်လည်အသုံးပြုနိုင်သည်။

### ၂.၁၂.၂.၃.၂.၆ စိမ်းလန်းမှုဆိုင်ရာ နည်းပညာများ အသုံးချခြင်း

အဆောက်အအုံ တည်ဆောက်မှုနှင့် အဆောက်အအုံတစ်ခု သို့မဟုတ် ကြီးမားသော မြို့ပြဖွံ့စည်းတည်ဆောက်မှုများကို ဒီဇိုင်းပုံစံထုတ်လုပ်ရာတွင်သော်လည်းကောင်း၊ တည်ဆောက်ရာတွင်လည်းကောင်း အင်ဂျင်နီယာနည်းပညာများ၊ ပစ္စည်းကိရိယာများ တီထွင်ဆန်းသစ်မှုနှင့် အသိဉာဏ်နှင့်ယှဉ်၍ ဖြေရှင်းအသုံးချနိုင်မှု စသည်တို့သည် စွမ်းအင်ဆုံးရှုံးမှု၊ ကုန်ကျစရိတ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုတို့ကို အနည်းဆုံး ဖြစ်စေမည်ဖြစ်သည်။

### ၂.၁၂.၂.၃.၂.၇ အဆောက်အအုံနှင့် မြို့ပြဧရိယာများ အသုံးပြုပုံ အမျိုးအစားအလိုက် အကျိုးရှိစွာ စီမံခန့်ခွဲခြင်း

- ညစ်ညမ်းမှုကို မဖြစ်စေဘဲ စွန့်ပစ်ပစ္စည်းများကို အမျိုးအစားခွဲ၍ ပြန်လည်သန့်စင် အသုံးချခြင်း။
- အဆောက်အအုံမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများနှင့် ယင်းတို့ကို စွန့်ပစ်သည့်နေရာများသို့ သယ်ဆောင်မှုအကြိမ်၊ ကုန်ကျစရိတ်နှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု နည်းနိုင်သမျှ နည်းစေခြင်း။
- လျှပ်စစ်၊ ရေနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ အသုံးပြုမှုများကို ကျွမ်းကျင်သော အဖွဲ့အစည်းများ၏ စံသတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်းအားဖြင့် ယင်းတို့ကို ချွေတာ နိုင်ပြီး အကျိုးရှိစွာအသုံးပြုနိုင်မည်။
- အဆောက်အအုံများနှင့် မြို့ပြဧရိယာများကို စီမံခန့်ခွဲမှုနှင့် စီမံကိန်းများ လည်ပတ်ဆောင်ရွက်ရာတွင် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုနှင့် စွန့်ပစ်ပစ္စည်းများသည် လိုအပ်သော စံသတ်မှတ်ချက်ထက် မပိုစေရ။

### ၂.၁၂.၂.၃.၃ စံသတ်မှတ်ချက် (၃) အခန်းတွင်းပတ်ဝန်းကျင်နှင့် အသုံးပြုပစ္စည်းများ

ရည်ရွယ်ချက်။ ။ အဆောက်အအုံများကို အကျိုးရှိစွာ အသုံးချနိုင်မည့်အပြင် အဆောက်အအုံအတွင်းနေထိုင်သူများ၏ ကျန်းမာရေးနှင့်ညီညွတ်၍ သက်တောင့်သက်သာရှိပြီး လုံခြုံမှုရှိသော ပတ်ဝန်းကျင်ကို ဖန်တီးရန်။

### ၂.၁၂.၂.၃.၃.၁ အခန်းဒီဇိုင်းပုံစံ

- အဆောက်အအုံအတွင်းရှိ နေထိုင်သူများ၏ အဓိကကျသော အသုံးပြုမှု ရည်ရွယ်ချက်နှင့် လိုအပ်ချက်များအရသော်လည်းကောင်း၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း လိုက်လျောညီထွေဖြစ်သည့် အခန်းဒီဇိုင်းပုံစံကို စဉ်းစား၍ ပြုလုပ်ရမည်။
- မသန်စွမ်းသူများ အသုံးပြုမည့် အခန်းပုံစံနှင့် ဆက်စပ်သော အထူးလိုအပ်ချက်များကိုပါ ထည့်သွင်းစဉ်းစားပေးရမည်။
- အဆောက်အအုံတွင်း နေထိုင်သူများအချင်းချင်း လူမှုဆက်သွယ်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းရန်နှင့် ကောင်းမွန်စွာနေထိုင် အသုံးပြုနိုင်စေရန် အခန်းဒီဇိုင်းပုံစံ ပြုလုပ်ရမည်။

### ၂.၁၂.၂.၃.၃.၂ အဆောက်အအုံတစ်ခုလုံး၏ အပြင်ပိုင်းအကာအရံ

- အဆောက်အအုံတစ်ခုလုံး၏ လွှမ်းခြုံကာရံထားသော မျက်နှာပြင်အားလုံး အတွက် ဒီဇိုင်းပုံစံရွေးချယ်မှု၊ အခန်းဖွဲ့စည်းပုံ၊ တည်ဆောက်မှုပိုင်းဆိုင်ရာ ဒီဇိုင်းပုံစံအပါအဝင် အဆောက်အအုံဒီဇိုင်းသည် နေရောင်ခြည်၊ အလင်းရောင်နှင့် အလင်းပေးမှု၊ လေဒဏ်၊ မိုးဒဏ်စသည့် သဘာဝနှင့် လူတို့ဖန်တီးမှုကြောင့် ဖြစ်လာသောဆိုးကျိုးများမှ ကာကွယ်ရန်နှင့် လျှော့ချရန်အတွက် လိုအပ်ချက်များနှင့် ကိုက်ညီစေရမည်။ အခြားလိုအပ်ချက်များတွင် အပူကာပစ္စည်း၊ နေကာ၊ လေဝင်လေထွက်၊ အလင်းပြန်မှု၊ အလင်းရောင်ပေးမှု၊ ဆူညံမှုထိန်းချုပ်ခြင်း၊ စိုထိုင်းဆကြောင့် ဖြစ်ပေါ်လာသော ငွေ့ရည်ဖွဲ့မှုအပြင် အဆိပ်ပြန့်နှံ့ ခြင်းတို့ကို တားဆီးဖယ်ရှားခြင်း စသည်တို့ပါဝင်သည်။
- အဆောက်အအုံတစ်ခုလုံး၏ လွှမ်းခြုံကာရံထားသော မျက်နှာပြင်အားလုံးအတွက် ဆောက်လုပ်ရေးသုံးပစ္စည်းများကို ရွေးချယ်အသုံးပြုရာတွင် စွမ်းအင်အသုံးပြုမှု လျှော့ချရေးနှင့် အကျိုးရှိစွာအသုံးချနိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်မှရရှိသော အကျိုးကျေးဇူးများကို အကောင်းဆုံးဖြစ်အောင် ရယူအသုံးချရမည်။

### ၂.၁၂.၂.၃.၃.၃ အဆောက်အအုံအတွင်းပိုင်း ဒီဇိုင်းပုံစံအတွက် ဆောက်လုပ်ရေးသုံးပစ္စည်းများ

သုတ်ဆေး၊ ဂျစ်ပဆင်ပြား (Gypsum)၊ သစ်သားနှင့် ပလပ်စတစ်များ အပါအဝင် အဆောက်အအုံအတွင်းပိုင်း ဒီဇိုင်းပုံစံအတွက် ဆောက်လုပ်ရေးသုံးပစ္စည်းများ အသုံးပြု

ရာတွင် အဆောက်အအုံအတွင်းနေထိုင်သူများ၏ ကျန်းမာရေးနှင့် စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာတို့အပေါ် ဆိုးကျိုးသက်ရောက်စေသည့် ဖန်လုံအိမ်ဓါတ်ငွေ့များ သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသော ဒြပ်ပစ္စည်းများ ထုတ်လွှတ်ခြင်းမှ ကင်းဝေးစေရမည်။

## ၂.၁၂.၂.၃.၃.၄ အခန်းတွင်းရှိ လေထုအရည်အသွေး

- အခန်းတွင်းရှိ လေထုသည် အဆောက်အအုံအတွင်း နေထိုင်သူများအတွက် ကျန်းမာရေး ကောင်းမွန်စေရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်သော အခြေအနေရှိရမည်။ လေထုအရည်အသွေးသည် သက်ဆိုင်ရာကျွမ်းကျင်သော အဖွဲ့အစည်းများ၏ စံသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။
- သဘာဝလေဝင်လေထွက် အဆောက်အအုံအတွင်း နေထိုင်သူများအတွက် လတ်ဆတ်သော လေပေးခြင်းအားဖြင့် အေးမြသောသဘာဝလေအား ပြည့်ဝစွာအသုံးချရမည်။ လူတို့၏ ကျန်းမာရေးအတွက် ဆိုးကျိုးဖြစ်စေသော လေပူလေအေးများအား အတတ်နိုင်ဆုံး လျှော့ချ၊ ရှောင်ကြဉ်ရမည်။
- စက်မှုနည်းပညာသုံး လေဝင် လေထွက်
  - (က) လေထုအရည်အသွေး၊ အခန်း အပူချိန်၊ စိုထိုင်းဆ၊ အခန်းတွင်းလေရွေ့လျားမှုနှုန်း စသည်တို့သည် အဆောက်အအုံအတွင်း နေထိုင်သူများ၏ သက်တောင့်သက်သာရှိမှုနှင့် ကောင်းမွန်စွာ နေထိုင်နိုင်မှုတို့အတွက် လိုအပ်ချက်များနှင့် ကိုက်ညီလုံလောက်မှုရှိရမည်။
  - (ခ) လူနေအဆောက်အအုံများ အပူအအေးပေးရန်အတွက် စွမ်းအင်အများအပြားအသုံးပြုသော ကိရိယာပစ္စည်းများ နှင့် အသုံးအဆောင်များအား လျှော့ချရမည်။
- လေထုညစ်ညမ်းမှုကို ခွင့်ပြုထားသော အများဆုံးစံသတ်မှတ်ချက် ထက် မကျော်လွန်စေရန် ထိန်းချုပ်ရမည်။

## ၂.၁၂.၂.၃.၃.၅ အသံဆူညံမှု

အသံဆူညံမှုကို ခွင့်ပြုထားသော အများဆုံးစံသတ်မှတ်ချက်ထက် မကျော်လွန်စေရန် ထိန်းချုပ်ရမည်။

### ၂.၁၂.၂.၃.၃.၆ အလင်းရောင်ပေးမှု

အလင်းပြင်းအား၊ အချက်ပြမီး၊ မြင်ကွင်းထိရောက်မှု၊ စွမ်းအင်သုံးစွဲမှု လျှော့ချခြင်းစသည့် အချက်အလက်များနှင့် အခြေအနေများ ကိုက်ညီမှုရှိရမည်။ စွမ်းအင်လျှော့ချခြင်းနှင့် အကျိုးရှိစွာ အသုံးချခြင်းတို့ကိုဦးတည်၍ အလင်းပေးမှုအပေါ် ထိန်းချုပ်စီမံရန်နည်းလမ်းများကို အသုံးချကာ လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်ရမည်။

### ၂.၁၂.၂.၃.၄ စံသတ်မှတ်ချက် (၄) ဆန်းသစ်တီထွင်မှုရှိသည့် ဗိသုကာပညာနှင့် အသွင်လက္ခဏာ

ရည်ရွယ်ချက်။ ။ ရိုးရာဆိုင်ရာ တစ်ဆက်တည်းရှိမှုနှင့် တန်ဖိုးထားမှုအပေါ် အခြေခံ၍ နေရာဒေသဆိုင်ရာ ဗိသုကာလက်ရာများအပေါ်တွင် အလေးအနက်ပြုခြင်းဖြင့် ဆန်းသစ်တီထွင်မှုရှိသည့် ဗိသုကာပညာ ဖွံ့ဖြိုးစေရန်။

### ၂.၁၂.၂.၃.၄.၁ စီမံကိန်းရေးဆွဲခြင်းနှင့် ဗိသုကာပညာ

ခေတ်နှင့်လျော်ညီသောလူတို့၏ နေထိုင်မှုနှင့် အလုပ်အကိုင်အတွက် လိုအပ်ချက်များနှင့် ကိုက်ညီသင့်လျော်သည့် နည်းလမ်းဖြစ်ရမည်။ လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုဆိုင်ရာတန်ဖိုးကို လေးစားတန်ဖိုးထားကာ ပိုမိုနားလည်လာစေရန် ကူညီနိုင်ရမည်။

**၂.၁၂.၂.၃.၄.၂** ယဉ်ကျေးမှုဆိုင်ရာတန်ဖိုးနှင့် ရိုးရာဗိသုကာလက်ရာများကို ထိန်းသိမ်းခြင်း၊ စဉ်ဆက်မပြတ် ရှိစေခြင်းနှင့်မြှင့်တင်ခြင်းတို့သည် နိုင်ငံ၊ ဒေသနှင့် လူမျိုးစုတို့အတွက် မြင့်မားသော သွင်ပြင်လက္ခဏာဖြစ်ရမည်။

**၂.၁၂.၂.၃.၄.၃** အဆင့်မြင့်သိပ္ပံနှင့် ဆန်းသစ်မှု ရာသီဥတုအပေါ်တုန့်ပြန်သည့် နည်းပညာ အသုံးချရာတွင် လူ့အဖွဲ့အစည်း၏ လူမှုစီးပွားကောင်းကျိုးကို ရရှိရမည်။

### ၂.၁၂.၂.၃.၅ စံသတ်မှတ်ချက် (၅) လူ့အဖွဲ့အစည်းများအတွက် လူမှုရေးဆိုင်ရာ ရေရှည်တည်တံ့မှုနှင့် လူသားချင်းစာနာမှု

ရည်ရွယ်ချက်။ ။ ရေရှည်တည်တံ့ခိုင်မြဲမှုကို ဦးတည်၍ လူမှုဝန်းကျင်နှင့် လူသားချင်းစာနာမှုကို တည်ထောင်ခြင်း၊ ကာကွယ်ခြင်းနှင့် ပြုစုပျိုးထောင်ခြင်း စသည့် ရည်မှန်းချက်များဖြင့် ဗိသုကာဆိုင်ရာဖွံ့ဖြိုးမှုကို ချိတ်ဆက်ရန်။

**၂.၁၂.၂.၃.၅.၁ လူ့အဖွဲ့အစည်းများအတွက် လူမှုဝန်းကျင်၊ လူသားချင်းစာနာမှုများနှင့် လိုက်လျောညီထွေ ရှိစေခြင်း**

လူ့အဖွဲ့အစည်းများအတွက် လူသားချင်းစာနာမှုများနှင့် လိုက်လျောညီထွေရှိစေခြင်းဆိုရာတွင် ယဉ်ကျေးမှုဆိုင်ရာ ရိုးရာ၊ သမိုင်း၊ ကိုးကွယ်မှု၊ လူနေမှုပုံစံ စသည်တို့ကို အလေးထားဖော်ပြခြင်းဖြစ်သည်။

**၂.၁၂.၂.၃.၅.၂ လူမျိုး၊ လူ့အဖွဲ့အစည်းနှင့် တစ်ဦးတစ်ယောက်ချင်းစီ၏ ယဉ်ကျေးမှု၊ ယုံကြည်မှုဆိုင်ရာအယူဝါဒနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ စသည့်လိုအပ်ချက်များ နှင့် ကိုက်ညီမှုရှိခြင်း**

အကျိုးစီးပွားဆိုင်ရာ သဘောထားကွဲလွဲမှုကို ရှောင်ရှားရန် လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များနှင့် ရပိုင်ခွင့်များကို လေးစားရန် အရေးကြီးသည်။ လူ့အဖွဲ့အစည်းမှ လျစ်လျူရှုခြင်း ခံထားရသောသူများ (ဝင်ငွေနည်းပါးသူများ) အပါအဝင် မသန်စွမ်းသူများအတွက်ပါ လူ့အဖွဲ့အစည်းများတွင် ထည့်သွင်းစဉ်းစား ဆောင်ရွက်ရမည်။

**၂.၁၂.၂.၃.၅.၃ ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးများကို အလေးထားခြင်း၊ ထိန်းသိမ်းခြင်းနှင့် မြှင့်တင်ခြင်း**

- ဒြပ်ရှိနှင့်ဒြပ်မဲ့ယဉ်ကျေးမှုအမွေ အနှစ်တန်ဖိုးနှစ်မျိုးစလုံးအတွက် အလေးထားခြင်း၊ ထိန်းသိမ်းခြင်းနှင့် မြှင့်တင်ခြင်း။
- ယဉ်ကျေးမှု အမွေအနှစ်အသစ်များကို ရှာဖွေဖော်ထုတ်ခြင်း၊ ယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းရန် နည်းလမ်းများကို အဆိုပြုခြင်း၊ ဒေသဆိုင်ရာ လူမှုစီးပွား လုပ်ဆောင်ချက်များနှင့် နီးစပ်စွာ ဆက်နွယ်ပေါင်းစပ်ပေးခြင်း။

**၂.၁၂.၂.၃.၅.၄ တည်ငြိမ်သော လူမှုစီးပွားရေး တစ်ရပ် ဖြစ်ထွန်းရေး**

- အမျိုးမျိုးသော ဒေသဆိုင်ရာလူ့အဖွဲ့အစည်းများအတွင်း ဆိုးကျိုးတစ်စုံတစ်ရာ မဖြစ်ပေါ်စေဘဲ အကျိုးစီးပွားများ သဟဇာတဖြစ်စေခြင်း၊ သို့မှသာ တည်ငြိမ်ပြီး ရေရှည်တည်တံ့သော လူမှုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို တည်ထောင် ကာကွယ်ပေးနိုင်မည် ဖြစ်သည်။
- ဒီဇိုင်းပုံစံထုတ်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံခြင်း၊ မြို့ပြ ဧရိယာ အပါအဝင် အဆောက်အအုံအသုံးချခြင်းနှင့် လည်ပတ်ခြင်း စသည့် လုပ်ငန်းစဉ်

တစ်ခုလုံးတွင် လူထုပါဝင်ခြင်းကို အားပေးခြင်းနှင့် အလေးထားဆောင်ရွက်ခြင်း အားဖြင့် အကျိုးရှိသော စီမံခန့်ခွဲမှုဆိုင်ရာခံယူချက် ဖြစ်ပေါ်စေခြင်း။

## ၂.၁၂.၃ ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ရေး စံချိန်စံညွှန်း

### ၂.၁၂.၃.၁ စွမ်းအင်အကျိုးရှိစွာအသုံးချခြင်းနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်

- **အဆောက်အအုံတစ်ခုလုံး၏အပြင်ပိုင်းအကာအရံ**

အဆောက်အအုံအတွင်းရှိ အပူချိန်ဆုံးရှုံးမှုနှင့် ရရှိမှုတို့သည် နံရံ၊ ခေါင်မိုး၊ မျက်နှာကြက်၊ ကြမ်းခင်း၊ မှန်အစရှိသည့် အဆောက်အအုံတစ်ခုလုံး၏ အပြင်ပိုင်း အကာအရံများမှတဆင့် ဖြတ်သန်းလာသော အပူစီးကူးမှုကြောင့်ဖြစ်သည်။ ထိုကဲ့သို့သော အပူစီးကူးမှုပမာဏသည် အဆောက်အအုံအတွင်းရှိ အပူချိန်ဆုံးရှုံးမှုနှင့် ရရှိမှုတို့အပေါ်တွင် မူတည်သည်။ ယင်းဆက်နွယ်မှုတွင် နံရံ သို့မဟုတ် ခေါင်မိုးတို့သည် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့မှု ရှိ မရှိကို ထည့်သွင်းစဉ်းစားရမည်။ နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ သောနံရံ၊ ခေါင်မိုးတို့နှင့်ပတ်သက်၍ အရိပ်ရ နံရံ၊ ခေါင်မိုးတို့နှင့် နှိုင်းယှဉ်ရာတွင် အခန်းတွင်း အပူချိန်ပိုများကြောင်းတွေ့ရှိရသည်။ အကြောင်းမှာ နေရောင်ခြည် တိုက်ရိုက်ထိတွေ့သော အပြင်နံရံ သို့မဟုတ်ခေါင်မိုးတို့၏ ပြင်ပမျက်နှာပြင် အပူချိန်သည် ပြင်ပလေထု အပူချိန်ထက် ပိုမြင့်နေသောကြောင့်ဖြစ်သည်။ (ရည်ညွှန်းကိုးကား - shodhganga.inflibnet.ac.in)

အဆောက်အအုံတစ်ခုလုံး၏ အပြင်ပိုင်းအကာအရံ၏ စုစုပေါင်းအပူချိန် ထိန်းချုပ်မှုသည် အဆောက်အအုံတစ်ခုလုံး၏ စုစုပေါင်း အအေးပမာဏလိုအပ်ချက် လျှော့ချခြင်းနှင့်ပတ်သက်၍ အပူရရှိမှုကိုအနည်းဆုံးဖြစ်စေရန်ပံ့ပိုးနိုင်လိမ့်မည် ဖြစ်သည်။

- **လူအများ စုဝေးရာနေရာ၏ သဘာဝလေဝင်လေထွက်**

အဆောက်အဦတစ်ခု၏ သဘာဝလေဝင်လေထွက်သည် အမျိုးမျိုးသော လေဝင်လေထွက်ဆိုင်ရာ စည်းမျဉ်းများပေါ်တွင် အခြေခံနိုင်သည်။ လေဝင်လေထွက်ဆိုင်ရာ စည်းမျဉ်းများကို ဖော်ပြရာ၌ သဘာဝလေဝင်လေထွက်များ မည်ကဲ့သို့အလုပ်လုပ်သည် ဆိုသည်မှာ အဆောက်အဦဒီဇိုင်းပုံစံ၊ အဆောက်အဦအတွင်းရှိ အပူချိန်ပမာဏနှင့်ပြတင်း၊ တံခါးများနေရာချထားမှု (ယေဘုယျအားဖြင့် ပြတင်းများ) အပေါ်တွင် မူတည်သည်။

သဘာဝလေဝင်လေထွက်ဆိုင်ရာ စည်းမျဉ်းများအားလုံးသည် စွမ်းအင်သုံးစွဲမှု အနည်းဆုံးနှင့် ကုန်ကျစရိတ်သက်သာဆုံးဖြစ်စေသည့် ကျန်းမာရေးနှင့် ညီညွတ်၍

သက်တောင့်သက်သာရှိသော အခန်းတွင်း အပူအအေးအခြေအနေအပေါ် မူတည်သည်။ (ရည်ညွှန်းကိုးကား - https.// www. Windowmaster .com)

လေ့ကား၊ သန့်စင်ခန်း၊ ဓါတ်လှေကား၊ ခန်းမ၊ စင်္ကြံလမ်း၊ လျှောက်လမ်းစသည့် လူအများစုဝေးရာ နေရာများတွင် လေအေးပေးစက်များသုံးခြင်းထက် ဖြစ်နိုင်သမျှ သဘာဝ လေဝင်လေထွက် ကောင်းမွန်ရမည်။

- **အလင်းရောင်ရရှိမှု**

နေ့အလင်းရောင်ဆိုသည်မှာ နေ့အချိန်အတွင်း နေရောင်ခြည်တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ရရှိသော စုပေါင်းထားသော အလင်းအားလုံးကို ဆိုလိုသည်။ ယင်းတို့တွင် နေရောင်ခြည် တိုက်ရိုက်ရရှိမှု၊ ကောင်းကင်မှအလင်းဖြာထွက်မှုနှင့် ကမ္ဘာမြေပေါ်တွင်ရှိသည့် အရာများဖြစ်သော မြေမျက်နှာပြင်အသွင်အပြင်နှင့် အဆောက်အအုံများပေါ်သို့ ကျရောက်သော အလင်းပြန်ခြင်းတို့ ပါဝင်သည်။ ကမ္ဘာ့လေထုလွှာအပြင်ဘက် ဟင်းလင်းပြင် အတွင်းရှိ အရာဝတ္ထုများမှ ဖြန့်ကျက် သို့မဟုတ် အလင်းပြန်လာသော နေရောင်ခြည်ကို နေ့အလင်း ရောင်အဖြစ် မယူဆပါ။ ထို့ကြောင့် နေ့အလင်းရောင်ဆိုသည်မှာ လရောင်ကဲ့သို့ တဆင့်ခံ အလင်းများ မပါဝင်ပါ။ နေ့အချိန်ဆိုသည်မှာ တစ်နေ့တာအတွင်း နေ့အလင်းရောင် ရရှိသော အချိန်ကာလကို ဆိုလိုသည်။ ကမ္ဘာလည်ပတ်မှုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာသည့် ကမ္ဘာ့ တစ်ဖက်ခြမ်းမှ နေအလင်းရောင်ကြောင့်ရရှိသည့် အာရုဏ်နှင့် ဆည်းဆာကဲ့သို့ အလင်းရောင် များသည် နေ့အလင်းရောင်တွင် အကျုံးဝင်သည်။ (ရည်ညွှန်းကိုးကား - _)

အဆောက်အဦလုပ်ငန်းများတွင် လျှပ်စစ်စွမ်းအင်လိုအပ်ချက်ကို လျှော့နိုင်သမျှ လျှော့ချ၍ သဘာဝအလင်းရောင် ပိုမိုရရှိအောင် ဒီဇိုင်းပုံစံထုတ်ရမည်။

- **စွမ်းအင်ထိရောက်အကျိုးရှိစွာ အသုံးချနိုင်သည့် သွင်ပြင်လက္ခဏာများ**

စွမ်းအင်ထိရောက်အကျိုးရှိစွာ အသုံးချခြင်းသည်မကြာမီ အနာဂတ်တွင် ဆောက်လုပ်ရေးကဏ္ဍမှ ဖန်လုံအိမ်ဓါတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချနိုင်ရေးအတွက် အရေးကြီးဆုံးနှင့် ငွေကြေးထိရောက်စွာအသုံးချနိုင်မည့် အလားအလာရှိသော နည်းလမ်း တစ်ခုဖြစ်သည်။ (ရည်ညွှန်းကိုးကား - https://link. springer.com)

အဆောက်အအုံစီမံကိန်းများတွင် စွမ်းအင်သုံးစွဲသည့် သမားရိုးကျ တပ်ဆင်နေ လေ့ရှိသော ပစ္စည်းများအစား စွမ်းအင်ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်သည့်ပစ္စည်းများကို အသုံးပြုသင့်သည်။

- **ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်**

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုသည်မှာ – နေရောင်၊ လေ၊ မိုး၊ ဒီရေ၊ လှိုင်းနှင့် ဘူမိအပူစွမ်းအင်ကဲ့သို့သော လူ့သက်တမ်းအတွင်း သဘာဝအတိုင်း ပုံမှန်ပြန်လည်ပြည့်ဖြိုးနိုင်စွမ်းရှိသည့် အရင်းအမြစ်များမှ ထုတ်လုပ်နိုင်သော စွမ်းအင်ဖြစ်သည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည် အရေးကြီးသော ကဏ္ဍလေးခုအတွက် စွမ်းအင်များကို ဖြည့်ဆည်းပေးသည်။ ၎င်းတို့မှာလျှပ်စစ်ဓါတ်အားထုတ်လုပ်ခြင်း၊ လေပူလေအေးပေးခြင်း၊ ရေပူရေအေးပြုလုပ်ခြင်း၊ သယ်ယူပို့ဆောင်ရေးနှင့် မဟာဓါတ်လိုင်း ပြင်ပတွင်ရှိသော ကျေးလက်ဒေသများအတွက် စွမ်းအင်ဝန်ဆောင်မှုစနစ်။ (ရည်ညွှန်းကိုးကား - https://en. wikipedia .org) ဥပမာအချို့မှာ နေစွမ်းအင်၊ လေစွမ်းအင်၊ ဇီဝဒြပ်ထုနှင့် ဇီဝ လောင်စာတို့ဖြစ်သည်။

### ၂.၁၂.၃.၁.၁ On-site တည်နေရာတွင်တပ်ဆင်သည့်ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စနစ်များ။

အဆောက်အဦးစီမံကိန်းများရှိ On-site တည်နေရာတွင်ရှိသော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စနစ်များ တပ်ဆင်အသုံးပြုရာတွင် လုံလောက်သောအကျယ် အဝန်းနေရာ (spaces)နှင့် ခိုင်ခန့်မှုအတွက် တပ်ဆင်နိုင်မည့် နည်းစံနစ်များ (framing systems) ကို အဆင်ပြေအသုံးပြုနိုင်ရန် ထားရှိရမည်။

### ၂.၁၂.၃.၂ ရေအရင်းအမြစ် ထိန်းသိမ်းကာကွယ်ခြင်း၊ ရေထိရောက်အကျိုးရှိစွာ အသုံးပြုခြင်းနှင့် ရေထုညစ်ညမ်းမှု ထိန်းချုပ်ခြင်း

ရေထိရောက်အကျိုးရှိစွာ အသုံးပြုခြင်းဆိုသည်မှာ ရည်ရွယ်ချက်တစ်ခုခုဖြင့် အသုံးပြုထားသော သို့မဟုတ် ဖြန့်ဝေထားသော ရေပမာဏကို တိုင်းတာမှတ်သားခြင်းအားဖြင့် မလိုအပ်ဘဲ ရေဆုံးရှုံးမှုပမာဏကို လျှော့ချနိုင်ခြင်းဖြစ်သည်။ ရေထိရောက်အကျိုးရှိစွာ အသုံးချခြင်းသည် အလေအလွင့်ဆုံးရှုံးမှုကို လျှော့ချခြင်းဖြစ်ပြီး ရေအသုံးချခြင်းကို တားမြစ်ခြင်း မဟုတ်သည့်အတွက် ရေအရင်းအမြစ်ထိန်းသိမ်းခြင်းနှင့် ကွဲပြားမှုရှိသည်။ (ရည်ညွှန်းကိုးကား- https:// en.wikipedia.org)

ရေအရင်းအမြစ် ထိန်းသိမ်းကာကွယ်ခြင်းအတွက် ထည့်သွင်းစဉ်းစားရမည့် အရေးကြီးသော အချက်အလက်များမှာ -

- ရေထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်သော ရေနှင့်ဆက်စပ်သည့် တပ်ဆင်ပစ္စည်းများ
- ရေအသုံးပြုမှုအား စောင့်ကြည့်စစ်ဆေးခြင်း
- သုံးစွဲရေ စွန့်ထုတ်သည့်စနစ်

- မိုးရေသိုလှောင်အသုံးပြုမှုစနစ်
- သစ်ပင်ပန်းမန် ရေပေးဝေရေးစနစ်

## ၂.၁၂.၃.၃ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်း

- **စိမ်းလန်းစိုပြေမှု**

စိမ်းလန်းသော နေရာများရှိခြင်းသည် ကျွန်ုပ်တို့၏ပတ်ဝန်းကျင်အား အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေသည်။ ၎င်းတို့သည် လေထုထဲမှ အညစ်အကြေးနှင့် ဖုန်မှုန့်များကို စစ်ထုတ်ပေးနိုင်သည်။ ၎င်းတို့သည် အရိပ်ရစေပြီး မြို့ပြဝန်းကျင်ကို အပူချိန်လျှော့ချပေးနိုင်သည်။ ရေကြောင်းတစ်လျှောက် မြေဆီလွှာတိုက်စားမှုကိုလည်း လျှော့ချပေးနိုင်သည်။ (ရည်ညွှန်းကိုးကား - http://projectevergreen.org)

စိမ်းလန်းသောနေရာဆိုသည်မှာ မြက်၊ သစ်ပင်၊ ခြုံနွယ်များ၊ အခြားသီးပင်စားပင်များဖြင့် တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ အပြည့်အဝသော်လည်းကောင်း ဖုံးလွှမ်းနေသောမြေနေရာဖြစ်သည်။ မြို့ပြဝန်းကျင်တွင် ပေးရန်လိုအပ်သည့် ဟင်းလင်းပြင်နေရာများ သို့မဟုတ် စိမ်းလန်းနေရာများနှင့် ရေစိမ့်ဝင်နိုင်သောနေရာများနှင့် ပတ်သက်၍ ဤလမ်းညွှန်ချက်ပါ “အပိုဒ် ၂.၁၁.၃ မြို့ပြသိပ်သည်းမှုများ” နှင့်အညီ ထည့်သွင်းဆောင်ရွက်ရမည်။

**<u>ရည်ရွယ်ချက်များ</u>**

မြို့ပြအပူအောင်း အာနိသင်ဖြစ်စဉ် (Heat island effect) ကို လျှော့ချနိုင်ရန်အတွက် စိမ်းလန်းနေရာများကို ပိုမိုဖန်တီး အသုံးပြုရန် အားပေးခြင်း၊ လက်ရှိသစ်ပင်များကို ပြန်လည်ထိန်းသိမ်းခြင်း။

**<u>အသုံးပြုရန် သက်ဆိုင်မှု</u>**

မြေယာရှူခင်း အလှရှိသော အဆောက်အအုံများအတွက် အသုံးပြုရန် သက်ဆိုင်သည်။ စိမ်းလန်းမှုပမာဏလိုအပ်ချက် (GnP) ကို တွက်ချက်ရာတွင် သစ်ပင်ပန်းမန်များ၏ သုံးဖက်မြင်ထုထည်ကို ထည့်သွင်းစဉ်းစား၍ အောက်ပါစိမ်းလန်းမြေ ဧရိယာအညွှန်းကိန်း (GAI) ကို အသုံးပြု ရမည်။

မြက်ခင်းဧရိယာအညွှန်းကိန်း = ၁

ခြုံနွယ်ဧရိယာအညွှန်းကိန်း = ၃

အုန်း၊ ထန်းမျိုးနွယ်အပင်များ ဧရိယာအညွှန်းကိန်း = ၄

သစ်ပင် ဧရိယာအညွှန်းကိန်း = ၆

စိမ်းလန်းမှုပမာဏလိုအပ်ချက် (GnP) = စိမ်းလန်းဧရိယာ စုစုပေါင်း/ မြေကွက်ဧရိယာ

(ရည်ညွှန်းကိုးကား - https://www.farminguk.com...)

- **အမှိုက်စွန့်ပစ်ခြင်းစီမံခန့်ခွဲမှုစနစ်**

အမှိုက်စွန့်ပစ်ခြင်း စီမံခန့်ခွဲမှုစနစ်ဆိုသည်မှာ အမှိုက်များကို စုဆောင်းခြင်းနှင့် ပြုပြင်ခြင်း စသည့် လုပ်ငန်းစဉ်ကိုဆိုသည်။ အမှိုက်အဖြစ် စွန့်ပစ်ရန်သာမက ပြန်လည်အသုံးပြုနိုင်သော နည်းလမ်းများကိုပါ ရည်ညွှန်းသည်။ လူအများအခြေတကျနေထိုင်သည့် လူနေအိမ်ဧရိယာများ ရှိနေသမျှ စွန့်ပစ်အမှိုက်များသည် ပြဿနာတစ်ရပ်အဖြစ် အမြဲရှိနေမည်ဖြစ်သည်။ အမှိုက်စွန့်ပစ်မှု စီမံခန့်ခွဲခြင်းသည် စွန့်ပစ်အမှိုက်များကို တန်ဖိုးရှိသော အရင်းအမြစ်များအဖြစ်ပြောင်းလဲအသုံး ပြုခြင်းကိုလည်း ခေါ်ဆိုခြင်းဖြစ်သည်။ အိမ်ထောင်စုတစ်ခုချင်းစီသာမက ကမ္ဘာတစ်ဝှမ်းရှိ စီးပွားရေးလုပ်ငန်းရှင်များကပါ အမှိုက်စွန့်ပစ်ခြင်း စီမံခန့်ခွဲမှုကို ပူးပေါင်းပါဝင်ကျင့်သုံးသင့်သည်။ စက်မှုထွန်းကားလာမှုဖြစ်စဉ်သည် အဆိုးအကောင်းနှစ်မျိုးစလုံး ဒွန်တွဲနေသည်။ စက်မှုထွန်းကားလာမှု၏ ဆိုးကျိုးသက်ရောက်မှု များမှ တစ်ခုသောသက်ရောက်မှုသည် စွန့်ပစ်အမှိုက်များစွာ ထွက်ပေါ်လာခြင်းဖြစ်သည်။

(ရည်ညွှန်းကိုးကား - https://www.conserve-energy-future.com)

- **သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်**

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ဆိုသည်မှာ အလုံးစုံခြုံငုံမိသော၊ စနစ်တကျစီမံထားသော၊ မှတ်တမ်းပြုစုထားသော နည်းလမ်းများကိုကျင့်သုံးသော အဖွဲ့အစည်းများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီအမံများကိုဆိုလိုသည်။ ယင်းတွင် ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းကာကွယ်ရေးမူဝါဒများကို တည်ဆောက်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများ ပြုလုပ်နိုင်ရန်အတွက် ဖွဲ့စည်းပုံ၊ စီမံကိန်းနှင့် အရင်းအမြစ်များ ပါဝင်သည်။

- **လုပ်ငန်းလည်ပတ်မှုထိန်းချုပ်ခြင်း၊ လုပ်ငန်းစဉ်များနှင့် လုပ်ထုံး လုပ်နည်းများ**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုစနစ်ကို အကောင်အထည်ဖော်ရန် အဖွဲ့အစည်းတစ်ခုသည် လုပ်ငန်းလည်ပတ်မှုနှင့် လှုပ်ရှားဆောင်ရွက်မှုများကို သတ်မှတ်ပေးရမည်။

၎င်းတို့သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအချက်များနှင့် ဆက်စပ်မှုရှိသော သတ်မှတ်ထားသည့် မူဝါဒများ၊ ရည်ရွယ်ချက်များ၊ ရည်မှန်းချက်များနှင့် ကိုက်ညီရမည်။

## ၂.၁၂.၃.၄ အခန်းတွင်းဝန်းကျင်အရည်အသွေး

အခန်းတွင်းဝန်းကျင် အရည်အသွေး (IEQ) ဆိုသည်မှာ နေထိုင်အသုံးပြုသူများ၏ ကျန်းမာရေးသုခနှင့် ပြည့်စုံပြီး ပျော်ရွှင်စွာနေထိုင်မှုတို့နှင့် ဆက်နွယ်သော အဆောက်အဦ၏ အရည်အသွေးကို ရည်ညွှန်းသည်။

အခန်းတွင်းဝန်းကျင်အရည်အသွေး (IEQ) ကို အလင်းရောင်၊ လေထုအရည်အသွေး နှင့် စိုစွတ်မှုအခြေအနေ စသည့်အချက်များဖြင့် သတ်မှတ်နိုင်သည်။

(ရည်ညွှန်းကိုးကား - www.cdc.gov/niosh/topics/indoorenv/default.html)

- **အပူအအေး သက်တောင့်သက်သာရှိမှု**

အပူအအေး သက်တောင့်သက်သာရှိမှုဆိုသည်မှာ ပတ်ဝန်းကျင်ရှိ အပူအအေး အခြေအနေအပေါ်တွင် စိတ်ကျေနပ်မှုရှိကြောင်းဖော်ပြသည့် စိတ်ခံစားမှုအခြေအနေ ဖြစ်သည်။ အပူချိန်ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်၏ ဖော်ညွှန်းချက်ဖြစ်သည်။ ကောင်းမွန်သည့် အခန်းတွင်း အပူအအေး သက်တောင့်သက်သာရှိမှုသည် လုပ်ငန်းခွင်အတွင်း လုပ်နိုင်စွမ်းအားကို မြင့်မား စေသည်။

အပူအအေး သက်တောင့်သက်သာရှိမှုသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအချက်များနှင့် ပုဂ္ဂလိကဆိုင်ရာ အချက်အလက်များကို ပေါင်းစပ်ထားခြင်းမှ ရရှိသည့်ရလဒ် ဖြစ်သည်။ အပူအအေး သက်တောင့်သက်သာရှိမှုအပေါ် သက်ရောက်မှုရှိသည့် ပတ်ဝန်းကျင် ဆိုင်ရာ အချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

- **လေထု၏အပူချိန်**

လေထု၏ အပူချိန်ဆိုသည်မှာ လူတစ်ယောက်နှင့်ဆက်စပ်သည့် လေထု၏ အပူချိန်ဖြစ်၍ ယင်းကို လေထုအပူချိန်တိုင်းကိရိယာ (DBT) ဖြင့် တိုင်းတာသည်။

- **လေတိုက်နှုန်း**

လေတိုက်နှုန်းဆိုသည်မှာ လူတစ်ယောက်နှင့်ဆက်စပ်သည့် လေထု၏အလျင်ဖြစ်၍ ယင်းကို တစ်စက္ကန့်အတွင်း ရောက်နိုင်သည့်မီတာ (m/s) ဖြင့် တိုင်းတာသည်။ လေတိုက်နှုန်း ပိုမြန်လေလေ လူနှင့်လေထုအကြားရှိ အပူချိန်ပြောင်းလဲမှု ပိုမိုမြင့်မားလေလေ ဖြစ်သည်။ (ဥပမာအားဖြင့် - လေစိမ်းတိုက်ခတ်ခြင်း သည် လူတို့ကို ပိုမိုအေးမြစေသည်။)

- **အပူချိန်ပြန့်နှံ့မှု (Radiant temperature)**

အပူချိန်ပြန့်နှံ့မှုဆိုသည်မှာ လူတစ်ဦး၏ပတ်ဝန်းကျင်ရှိ အပူချိန်ဖြစ်သည်။ (၎င်းတွင် မျက်နှာပြင် ဧရိယာများ၊ အပူထုတ်လွှတ်ကိရိယာများ၊ နေနှင့် ကောင်းကင် စသည်တို့ ပါဝင်သည်။) ၎င်းအပူချိန်ကို Mean Radiant Temperature (MRT) ဖြင့် ဖော်ပြလေ့ရှိသည်။ (MRTဆိုသည်မှာ လူတစ်ဦး၏ ပတ်ဝန်းကျင်ရှိ မျက်နှာပြင်ဧရိယာများပေါ် သက်ရောက်သည့် ပျမ်းမျှအပူချိန် ဖြစ်၍ ယင်းကို globe thermometer ဖြင့် ခန့်မှန်းတိုင်းတာနိုင်သည်။)

- **စိုထိုင်းဆ**

လေထုအတွင်းရှိ ပကတိရေငွေ့ပမာဏနှင့် ထိုလေထုမှ ထိန်းထားနိုင်သည့် အမြင့်ဆုံးရေငွေ့ပမာဏအချိုးကို ရာခိုင်နှုန်းဖြင့်ဖော်ပြသည်။ စိုထိုင်းဆ မြင့်မားလေလေ အပူဆုံးရှုံးမှု ဖြစ်ပေါ်ရန် ခက်ခဲလေလေဖြစ်သည်။ (ရည်ညွှန်း ကိုးကား - https:// www. designingbuildings.com)

- **အနှောင့်အယှက်ဖြစ်စေသော ဆူညံသံ ထိန်းချုပ်ခြင်း**

ပတ်ဝန်းကျင်အသံများ၏ အနေအထားနှင့် ဆူညံမှုပမာဏအဆင့်သည် ယေဘုယျအားဖြင့် အခြားသူများအပေါ် သက်ရောက်မှု သို့မဟုတ် အနှောင့်အယှက် ဖြစ်စေသည့် အချက်များကို ထည့်သွင်းစဉ်းစားလေ့ရှိသည်။ လူနေအိမ်ခြေများနှင့် နီးသည့်နေရာတွင် တည်ရှိသည့် စီးပွားဖြစ် စက်ရုံများသည် ကုန်ထုတ်လုပ်ရာမှ ထွက်ပေါ်လာသည့် ဆူညံသံများကြောင့် နေထိုင်သူများအား အနှောင့်အယှက်မဖြစ်စေရန် လေးစားလိုက်နာမှု ရှိရမည်။ (ရည်ညွှန်းကိုးကား - https://www. merriam-webster.com) အနှောင့်အယှက် ဖြစ်စေသော ဆူညံသံဆိုသည်မှာ မလိုလားအပ်သော၊ လွန်ကဲသော၊ သဘာဝမဟုတ်သော၊ စိတ်အနှောင့်အယှက် ဖြစ်စေသော၊ လေးတွဲ့သော၊ ကျယ်လောင်သော မည်သည့်အသံကိုမဆို ဆိုလိုခြင်း ဖြစ်သည်။

- **အခန်းတွင်းရှိလေထုအရည်အသွေး**

အခန်းတွင်းရှိ လေထုအရည်အသွေးသည် သတ်မှတ်ဧရိယာရှိ လေထု၏သန့်စင်မှု ဖြစ်သည်။ ၎င်းကို ဖုန်မှုန့်၊ အမှုန်အမွှားနှင့် ညစ်ညမ်းမှုများ ပါဝင်သည့်ပမာဏဖြင့် တိုင်းတာသည်။ အခန်းတွင်းရှိ လေထု၏ အရည်အသွေးသည် ၎င်းလေကို ရှူရှိုက်သည့်

သူများ၏ ကျန်းမာရေးသုခ နှင့် ပြည့်စုံပြီး ပျော်ရွှင်စွာ နေထိုင်မှုအပေါ် သက်ရောက်မှုရှိသည်။ (ရည်ညွှန်းကိုးကား - www. safeopedia.com)

- **လေထုပြောင်းလဲမှုနှုန်း**

တစ်နာရီအတွင်း ပြောင်းလဲသည့်လေထု သို့မဟုတ် လေထုပြောင်းလဲမှုနှုန်းသည် သာမန်အားဖြင့် အခန်းတစ်ခန်း သို့မဟုတ် အိမ်တစ်အိမ်အတွင်းရှိ လေဟာနယ်သို့ ဖြည့်သွင်းမည့် သို့မဟုတ် နှုတ်ပယ်မည့် လေထုထည်ကို ၎င်းအခန်း သို့မဟုတ် အိမ်၏ထုထည်ဖြင့် စား၍ရသည့် အတိုင်းအတာဖြစ်သည်။ တစ်နာရီအတွင်း ပြောင်းလဲသည့် လေထုပြောင်းလဲမှုသည် သတ်မှတ်ထားသည့် လေဟာနယ်ဧရိယာအတွင်းရှိ လေထုကို အကြိမ်မည်မျှ ဖလှယ်နိုင်သည်ကို ဖော်ပြသည့် အတိုင်းအတာတစ်ခုဖြစ်သည်။ (ရည်ညွှန်း ကိုးကား - https://en.wikipedia.org)

## ၂.၁၂.၄ စိမ်းလန်းမှုဆိုင်ရာအဆောက်အအုံများအတွက် အဆင့်သတ်မှတ်မှုစနစ်

ဆောက်လုပ်ရေးစီမံကိန်း အသစ်များနှင့် အဓိကထပ်တိုးအားဖြည့် (Retrofitted) သည့် အဆောက်အဦများအတွက် စိမ်းလန်းမှုဆိုင်ရာ အဆောက်အအုံများ အဆင့်သတ်မှတ်မှုစနစ်ကို မြန်မာစိမ်းလန်းမှုဆိုင်ရာ အဆောက်အအုံအသင်း (Myanmar Green Building Society: JADE – Myanmar) မှ သတ်မှတ်ပေးမည်။

JADE ဆိုသည်မှာ မြန်မာစိမ်းလန်းမှုဆိုင်ရာ အဆောက်အအုံအသင်း (MGBS)မှ မြန်မာ့တည်ဆောက်ရေးပတ်ဝန်းကျင်အတွက် စိမ်းလန်းမှုဆိုင်ရာအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ထားခြင်းဖြစ်သည်။ JADE အမှတ်ပေးစည်းမျဉ်းများမှာ အမျိုးမျိုးသော အပြည်ပြည်ဆိုင်ရာ စိမ်းလန်းမှုအဆောက်အအုံ အဆင့်သတ်မှတ်မှုစနစ်များ (International Green Building Rating System) (ဥပမာ - LEED, Green Star, BREEAM, GBI, Green Mark) အပေါ် အခြေခံထား၍ အောက်ပါရည်မှန်းချက်များရရှိစေရန် ရည်ရွယ်သည်။

- မြန်မာနိုင်ငံနှင့်သင့်လျော်သော စံသတ်မှတ်ချက်များနှင့် စံချိန်စံညွှန်းများ ပေါ်ထွက်လာစေရန်။
- သဘာဝအရင်းအမြစ်များအား အကျိုးရှိစွာအသုံးချရန်အတွက် ပြည်တွင်း ဆောက်လုပ်ရေးလုပ်ငန်းအား လမ်းညွှန်မှုပေးရန်။

- တည်ရှိဆဲ မြန်မာ့စံချိန်စံညွှန်းများ၊ မူဝါဒများနှင့် မြန်မာ့ယဉ်ကျေးမှု၊ သဘာဝသွင်ပြင် လက္ခဏာများကို ပညာရှင်များက ထည့်သွင်းစဉ်းစားကာ ကာလရှည်သုတေသနအဖြစ် ဖော်ထုတ်ထားသော JADE တိုင်းတာသတ်မှတ်ချက်များနှင့်အညီ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော လက်တွေ့လုပ်ဆောင်ချက်များကို မိတ်ဆက်ပေးရန်နှင့် မြှင့်တင် ပေးရန်။

- လူနေအဆောက်အဦများနှင့် အခြားလုပ်ငန်းသုံး အဆောက်အဦများအား စိမ်းလန်းမှု ဆိုင်ရာအဆောက်အအုံအသိအမှတ်ပြုလက်မှတ်များချီးမြှင့်ပေးရန်။

## ၂.၁၂.၅ အကဲဖြတ်ပုံနည်းလမ်း

**၂.၁၂.၅.၁** အဆောက်အဦတစ်ခုအား စိမ်းလန်းမှုဆိုင်ရာအဆောက်အအုံအဖြစ် သတ်မှတ်ရန် အတွက် မြန်မာစိမ်းလန်းမှုဆိုင်ရာ အဆောက်အအုံအသင်း (MGBS)မှ သတ်မှတ်ထားသည့် စိမ်းလန်းမှုဆိုင်ရာ အဆောက်အအုံများ စံသတ်မှတ်ချက် ငါးခုအပေါ်အခြေခံ၍ အကဲဖြတ်ရမည်။

**၂.၁၂.၅.၁.၁** စံသတ်မှတ်ချက်ပြည့်မီ ကောင်းမွန်မှုကို အောက်ပါအဆင့်များဖြင့် ခွဲခြား သတ်မှတ်မည်။

- အဆင့် “က” (အထူးကောင်း - Excellent) အဆောက်အဦတစ်ခု၏ လုပ်ငန်းဆောင်တာ သည် စိမ်းလန်းမှုဆိုင်ရာ အဆောက်အအုံ၏ သတ်မှတ်ချက်များထက် ကျော်လွန် ကောင်းမွန်လျှင် “အထူးကောင်း” (Excellent) အဖြစ် သတ်မှတ်မည်။

- အဆင့် “ခ” (ကောင်း - Good) အဆောက်အဦတစ်ခု၏ လုပ်ငန်းဆောင်တာသည် စိမ်းလန်းမှုဆိုင်ရာ အဆောက်အအုံ၏ သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် “ကောင်း” (Good) အဖြစ် သတ်မှတ်မည်။

- အဆင့် “ဂ” (သင့် - Satisfactory)

### ၂.၁၂.၅.၁.၂ ရမှတ်ရာခိုင်နှုန်း

- အဆောက်အအုံတစ်ခုသည်ရမှတ် ၈၀ ရာခိုင်နှုန်း အထက်ရရှိလျှင် အဆင့် “က” (Grade A)အဖြစ် စိမ်းလန်းမှုဆိုင်ရာအဆောက်အအုံ JADE – Myanmar မှ သတ်မှတ်မည် ဖြစ်သည်။

- အဆောက်အအုံတစ်ခုသည်ရမှတ် ၆၀ ရာခိုင်နှုန်း နှင့် ၈၀ ရာခိုင်နှုန်းအတွင်း ရရှိလျှင် အဆင့် “ခ” (Grade B) အဖြစ် စိမ်းလန်းမှုဆိုင်ရာ အဆောက်အအုံ JADE – Myanmar မှ သတ်မှတ်မည် ဖြစ်သည်။
- အဆောက်အအုံတစ်ခုသည်ရမှတ် ၄၀ ရာခိုင်နှုန်း နှင့် ၆၀ ရာခိုင်နှုန်းအတွင်း ရရှိလျှင် အဆင့် “ဂ” (Grade C) အဖြစ် စိမ်းလန်းမှုဆိုင်ရာ အဆောက်အအုံ JADE – Myanmar မှ သတ်မှတ်မည် ဖြစ်သည်။

### ၂.၁၂.၆ အကောင်အထည်ဖော်ရန် သီးခြားဖော်ပြချက် (Clauses of implementation)

**၂.၁၂.၆.၁** မြန်မာနိုင်ငံအတွက် စိမ်းလန်းမှုဆိုင်ရာအဆောက်အအုံ စံသတ်မှတ်ချက်များကို မြန်မာစိမ်းလန်းမှုဆိုင်ရာအသင်းမှ အဆိုပြု၍ထုတ်ပြန်ထားသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတို့၏ လိုအပ်ချက်များနှင့်အညီ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် စံသတ်မှတ်ချက်များကို အချိန်တိုအတွင်း လျှင်မြန်စွာ အကောင် အထည်ဖော်ရမည်။

**၂.၁၂.၆.၂** မြန်မာနိုင်ငံအတွက် စိမ်းလန်းမှုဆိုင်ရာအဆောက်အအုံ စံသတ်မှတ်ချက်များနှင့် ပတ်သက်၍ အခြားသက်ဆိုင်ရာ ကျွမ်းကျင်အဖွဲ့အစည်းများမှ ထုတ်ပြန်ထားသော စည်းမျဉ်း များ၊ စံသတ်မှတ်ချက်များ (norms and standards) နှင့် အညီ လိုက်နာဆောင်ရွက်ရမည်။

**၂.၁၂.၆.၃** မြန်မာနိုင်ငံအတွက် စိမ်းလန်းမှုဆိုင်ရာအဆောက်အအုံ စံသတ်မှတ်ချက်များနှင့် ပတ်သက်သော စည်းမျဉ်းများ၊ ရည်ရွယ်ချက်များနှင့် ပါဝင်သည့် အကြောင်းအရာများကို ကာလ၊ ဒေသနှင့် နည်းပညာတိုးတက်မှုများအပေါ်မူတည်၍ သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်းများ စဉ်ဆက်မပြတ် ပြုလုပ်ရမည်။

**ဇယား ၂.၁၂.၆.၁ - မြန်မာစိမ်းလန်းမှုဆိုင်ရာအဆောက်အအုံများ ကျယ်ပြန့်စေရေး စီမံချက်**

| **အကျိုးဖြစ်ထွန်းမှု** | **အဆောက်အဦပိုင်ရှင်/ တည်ထောင်သူ** |
|---|---|
| ဆွဲဆောင်မှုပေးခြင်း (Incentives) | စိမ်းလန်းမှုဆိုင်ရာ အဆောက်အအုံအသိအမှတ်ပြုလက်မှတ် အဆင့်များ၏ မှတ်တမ်းများကို MGBS တွင် စာရင်းပြုစုထားခြင်း။ |
| | မှတ်ပုံတင်ထားသောပိုင်ဆိုင်မှုအခွန်အခများလျှော့ချနိုင်ခြင်း။ |
| | ပိုင်ဆိုင်မှုအခွန်အခများ လျှော့ချနိုင်ခြင်း။ |
| | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအခွန်များ လျှော့ချနိုင်ခြင်း။ |
| | အတိုးနှုန်းသက်သာသော ချေးငွေများရရှိနိုင်ခြင်း။ |
| | အဆောက်အဦစည်းမျဉ်းစည်းကမ်းများ လျှော့ပေါ့ပေးနိုင်ခြင်း။ |
| | အများပြည်သူနှင့်ဆိုင်သော ပစ္စည်းများဝယ်ယူရာတွင် (Public Procurement ) စီမံကိန်းအရည်အသွေး တိုးတက်နိုင်ခြင်း။ |

# မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ -၂၀၂၅
## အပိုင်း (၂) တွင် ပါဝင်ဆောင်ရွက်ကြသူများ

| | | |
|---|---|---|
| ၁။ | ဒေါက်တာဆွေဆွေအေး | အဖွဲ့ခေါင်းဆောင် |
| ၂။ | ဦးထက်နိုင်ဦး | ဒုတိယအဖွဲ့ခေါင်းဆောင် |
| ၃။ | ဒေါ်မေသူဝင်း | အတွင်းရေးမှူး |
| ၄။ | ဦးခင်မောင်သန်း | အဖွဲ့ဝင် |
| ၅။ | ဦးခင်မောင်မောင် | အဖွဲ့ဝင် |
| ၆။ | ဒေါက်တာစန်းအေးခိုင် | အဖွဲ့ဝင် |
| ၇။ | ဒေါက်တာကေခိုင်ရဲမြင့် | အဖွဲ့ဝင် |
| ၈။ | ဒေါက်တာအောင်ဆည်းဆာ | အဖွဲ့ဝင် |
| ၉။ | ဒေါ်သရဖီကျော်သူ | အဖွဲ့ဝင် |
| ၁၀။ | ဦးမင်းမော်သန်း | အဖွဲ့ဝင် |
| ၁၁။ | ဦးခန့်သူဇော် | အဖွဲ့ဝင် |
| ၁၂။ | ဒေါက်တာအေးမြနန္ဒာအောင် | အဖွဲ့ဝင် |
| ၁၃။ | ဦးအောင်သက်ပိုင် | အဖွဲ့ဝင် |

# မြန်မာနိုင်ငံ

# အဆောက်အအုံဆိုင်ရာ

# စံချိန်စံညွှန်း အပိုင်း ၂

# လမ်းညွှန်ချက်များ

၂၀၂၅

